www.burmeseclassic.com

ဖူးပွင့်စာပေ

MINDBEND by ROBIN COOK

# ယောင်ပေါ်ထွန်း

# စိတ်ပြောင်းစိတ်လွှဲ

ဒုတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# စိတ်ပြောင်းစိတ်လွဲ

မောင်ပေါ်ထွန်း

Mindbend by Robin Cook

[ဇူလိုင် ၊ ၂၀၀၄]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၇၆၃ / ၂၀၀၃ (၆)]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၄၃၆ / ၂၀၀၄ (၅)]

■

ပုံနှိပ်ခြင်း

ပထမအကြိမ် - ဘ၀တက္ကသိုလ်စာအုပ်တိုက် (၁၉၈၇)

ဒုတိယအကြိမ် - ဖူးပွင့်ဝေဝေစာအုပ်တိုက် (၂၀၀၄)

■

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ

ဒေါ်ခင်အေးမြင့်[၀၅၁၃၀၁]၊ ရာပြည့်အော့ဖ်စက်

၁၉၉၊ လမ်း၅၀ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်[၀၃၈၀၁]၊ ရာပြည့်စာပေ

အမှတ် ၃၈၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

■

အတွင်းပလင်

အဇေက်

■

စာအုပ်ချုပ်

ကိုမြင့်နှင့် ညီ ဝင်းမြင့်

■

မျက်နှာဖုံးပန်းချီ

လင်းဝဏ္ဏ

■

တန်ဖိုး

၂၀၀၀ ကျပ်

# ဘာသာပြန်သူ၏အမှာ

## (၁)

မှုရင်းစာရေးဆရာ ရော်ဘင်ကွတ်မှာ မြန်မာစာဖတ်ပရိသတ်အတွက် မျက်နှာစိမ်းစာရေးဆရာ မဟုတ်ပါ။ ယခင်က သူရေးသားခဲ့ပြီးသော Coma, Brain, Fever, Sphinx နှင့် Godplayer ဝတ္ထုငါးပုဒ်အနက် Coma နှင့် Fever တို့ကို ဆရာနတ်နွယ်က 'တစ်ဖန်ပြန်၍ မနိုးသော ဝေဒနာ'နှင့် 'အများနှင့် တစ်ယောက်'ဟူ၍လည်းကောင်း၊ ဆရာ မောင်ကိုဝင်းက Sphinx ကို 'လရိပ်ကိုဖမ်းနေကိုလှမ်း၍'ဟူ၍ လည်းကောင်း ဘာသာပြန်ဆိုခဲ့ကြပြီး ဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် ရော်ဘင်ကွတ်ဝတ္ထုများ ဘယ်လောက်ကောင်းကြောင်း အထွေအထူး မောင်းခတ် ချီးကျူးစရာအကြောင်း မရှိတော့ပါ။ သူ၏ မြန်မာဘာသာပြန် အဆိုပါဝတ္ထုများက သက်သေခံနေပြီ ဖြစ်သည်။

ရော်ဘင်ကွတ်သည် ဆရာဝန်တစ်ယောက် ဖြစ်သည်။ ကိုလံဘီယာတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ကို ရရှိခဲ့သည်။ ဟားဗက်တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်း ပြီးဆုံးခဲ့သည်။

သူသည် ဝါသနာအလျောက် စာလည်း ရေးသည်။ ရေလည်း ငုပ်သည်။ ပင်လယ်ပြင်ဓာတ်ခွဲခန်းတွင် ရေငုပ်သုတေသနပညာရှင်အဖြစ် လည်းကောင်း၊ ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ အဏ္ဏဝါဗေဒသိပ္ပံတွင် အလုပ်သင် သုတေသနလက်ထောက်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

ယခုအခါ ရော်ဘင်ကွတ်သည် အောင်မြင်သော စာရေးဆရာတစ်ယောက်ဖြစ်နေပြီ။ သူ့ဝတ္ထုများကို အုပ်ရေ သိန်းသန်းချီ၍ ထုတ်ဝေနေရသဖြင့် 'ရိုက်မလောက် ရောင်းတိုင်းစွံ' စာရင်းဝင် ကမ္ဘာကျော် စာရေးဆရာဖြစ်နေပြီ။

## (၂)

ကြုံကြိုက်တုန်း ဤဝတ္ထုကို ဘယ်ပုံဘယ်နည်း ကျွန်တော်ဘာသာပြန်ဖြစ်ပုံကို ပြောပြလိုပါသည်။

လွန်ခဲ့သော ဇွန်လလယ်အတွင်းက ဖြစ်သည်။ တစ်နေ့တွင် ဆရာနတ်နွယ်၊ ဘ၀တက္ကသိုလ် ကိုနေဝင်းနှင့် ကျွန်တော်တို့သုံးယောက်သား ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်စရာ စာအုပ်အရှာထွက်ကြရင်း ရွှေဘုံသာလမ်း စာအုပ်ဆိုင်တစ်ဆိုင်ကို ဝင်ကြည့်ကြသည်။

ဝင်ဝင်ချင်း ဆရာနတ်က စာအုပ်စင်ပေါ်မှ အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ဆွဲယူလိုက်သည်။

'ဒီဝတ္ထု ဆရာ မဖတ်ရသေးဘူးလား'

ကျွန်တော်က မေးလိုက်သည်။

'ဟုတ်တယ်၊ မဖတ်ဖြစ်သေးဘူး၊ ဖတ်ကြည့်လိုက်ဦးမယ်'

'ဒီရောက်နေတာတော့ အတော်ကြာပါပြီ၊ နှစ်နှစ်လောက် ရှိရော့မယ်'

ကိုနေဝင်းက ဝင်ပြောသည်။

'ဘယ်သူမှ မပြန်ကြသေးဘူးလား'

'ပြန်သံတော့ မကြားသေးဘူး'

'ဘာဖြစ်လို့ မပြန်ကြတာလည်း မသိဘူး၊ ရောက်နေတာ ဒီလောက်တောင် ကြာမှပဲ'

'မဖတ်ဖြစ်ကြသေးလို့ ဖြစ်မှာပေါ့၊ တချို့လည်း ပြန်လက်စတွေ ရှိနေလို့ ဖြစ်နိုင်တယ်'

'စာအုပ်က အထူကြီးပဲ၊ နှစ်အုပ်တွဲထုတ်မှဖြစ်မှာ၊ ကုန်သွယ်ရေး ဇကစက္ကူမပေးလို့ မပြန်ဖြစ်တာလည်း ဖြစ်ချင် ဖြစ်နိုင်တယ်'

'ဟုတ်တယ်၊ အဲဒါလည်း ဖြစ်တော့ ဖြစ်နိုင်တယ်'

ထိုနေ့က ကျွန်တော်တို့ ထိုစာအုပ်အပါအဝင် အခြားဖတ်စရာ စာအုပ်များပါ ငှားပြီး ပြန်ခဲ့ကြသည်။

(၃)

နောက်နှစ်ရက်ကြာတော့ ၃၇ လမ်း ဘဝတက္ကသိုလ်စာအုပ်တိုက်သို့ ကျွန်တော် ရောက်သွားသည်။

ဆရာနတ်လည်း ရောက်နှင့်နေသည်။

'ဟိုနေ့က ကျွန်တော်ငှားခဲ့တဲ့ စာအုပ်တွေကတော့ တစ်အုပ်မှ အလုပ်မဖြစ်ဘူးဗျာ'

ကျွန်တော်က ရောက်ရောက်ချင်း ကိုနေဝင်းကို ပြောလိုက်သည်။

'ဒါဆို ဒီစာအုပ် ဖတ်ကြည့်ပါလား'

ကိုနေဝင်းက စားပွဲပေါ်တင်ထားသော ဝတ္ထုစာအုပ်တစ်အုပ်ကို ကမ်းပေးသည်။





'ဟာင်... ဒီစာအုပ်က ဟိုနေ့က ဆရာနတ် ငှားလာတာ မဟုတ်လား၊ ဘာလဲ၊ ဆရာ မပြန်ဘူးလား၊ မကောင်းလို့လား ဆရာ'

ဆရာနတ်က သူ့ထုံးစံအတိုင်း ညင်သာစွာပြုံးရင်း–

'ကောင်းတယ်၊ တော်တော့်ကို ကောင်းတယ်၊ သိပ်ပြန်ချင်တယ်၊ ဒါပေမဲ့ အချိန်မရဘူး၊ ပြန်လက်စစာအုပ်ကို အပြီးရေးရဦးမယ်၊ ကိုပေါ်ထွန်း ဖတ်ကြည့်ပါ၊ ကြိုက်ရင် ပြန်ပါ'

ဟုတ်ပါသည်။ ဆရာနတ်မှာ ပြန်လက်စ 'ကာရာမာဇော့ ညီအစ်ကိုများ' ဂန္ထဝင်ဝတ္ထုကြီးက တန်းလန်းရှိနေသည်။ ပြီးတော့ ဘဝတက္ကသိုလ်စာပေမှ လစဉ်ထုတ် "သည်းထိတ်ဖို" စာအုပ်ကိုလည်း တာဝန်ယူ စီစဉ်နေရသည်။

ဤသို့ဖြင့် ထိုဝတ္ထုကို ကျွန်တော်ဖတ်ဖြစ်သည်။ တစ်ထိုင်တည်းနှင့် နောက်ဆုံးစာမျက်နှာ၊ နောက်ဆုံးစာလုံးအထိ ဖတ်ပစ်လိုက်တော့သည်။

ဖတ်ပြီးသည်နှင့် ထိုဝတ္ထုကို အစအဆုံး ကျွန်တော် ဘာသာပြန်ဖြစ်သွားပါသည်။

ထိုစာအုပ်မှာ ယခု စာဖတ်သူ လက်ထဲရောက်နေပြီဖြစ်သော စာအုပ်ပင် ဖြစ်ပါသည်။

ဆရာနတ်နှယ်အား ကျေးဇူးအထူးတင်ပါသည်။ ။

မောင်ပေါ်ထွန်း

(၁၈၊၈၊၈၇)

www.burmeseclassic.com

## မှုရင်းစာရေးဆရာ၏ အမှာ

၁၉၆၆ ခုနှစ်တွင် ကျွန်တော် ဆေးပညာဘွဲ့ကို ရရှိခဲ့သည့် အချိန်မှစ၍ "ဆေးပညာလောက၏ ပြဿနာ" အကြောင်းကို မကြာခဏ ကြားသိနေခဲ့ရသည်။ ယင်းပြဿနာမှာ အခြားမဟုတ်။ ဆေးပညာလောကတွင် ဆရာဝန်တွေ အလွန်နည်းနေသည်၊ အလွန်များနေသည်၊ ဆေးရုံများတွင် ခုတင်တွေ အလွန်နည်းနေသည်၊ အလွန်များနေသည်ဟူသော နှစ်ဖက်ခွ ဆန့်ကျင်ဘက်ပြဿနာပင် ဖြစ်သည်။ ဤပြဿနာအကြောင်းကို နားလျှံအောင် ကြားနေရ၍ နောက်ဆုံးတွင် စိတ်ဝင်စားသူ မရှိသလောက် ဖြစ်လာခဲ့သည်အထိ ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာလည်း ကျားမလာဘဲနှင့် 'ကျား၊ ကျား' ဟု ခဏခဏ အော်လေ့ရှိသော နွားကျောင်းသားအော်သံကို ဘယ်သူကမျှ မယုံတော့သလို ဖြစ်ခဲ့ရသောကြောင့် ဖြစ်သည်။

သို့သော် ဆေးပညာလောကတွင် "ပြဿနာ" ရှိနေသည်ကတော့ အမှန်ပင်။ ယနေ့ ကျွန်တော်တို့ ရင်ဆိုင်နေသော "အဓိကပြဿနာ"မှာ ဆေးပညာလောကသို့ စီးပွားရေးသမားများ အလုံးအရင်းနှင့် ဝင်ရောက်လာခြင်းပင် ဖြစ်သည်။

ဆေးပညာသည် အစဉ်အလာအားဖြင့် အလွန်မွန်မြတ်သော၊ အလွန်မြင့်မြတ်သော "စေတနာလုပ်ငန်း"ဖြစ်သည်။ သို့သော် ယနေ့ဆေးပညာလောက၌ စေတနာထက် အသပြာက ပို၍ အားကြီးနေသည်။ ဆေးဝါးထုတ်လုပ်ခြင်းသည် အရင်းအနှီးနည်းပြီး အမြတ်အစွန်းများသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဤအချက်ကို အခွင့်ကောင်းယူကာ ဆေးပညာလောကကို လက်ဝါးကြီးအုပ်လာကြသည်။ အမြတ်အစွန်းရရှိရေးသည်သာ အဓိကဟူသော ဦးတည်ချက်ဖြင့် ဆေးဝါးမျိုးစုံကို ထုတ်လုပ်ရောင်းချလာကြသည်။

ဤသို့ဖြင့် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများ၊ ဆေးရုံများ၊ ဆေးသိပ္ပံ သုတေသနဌာနများ၊ ပြည်သူ့ကျန်းမာရေးဌာနများနှင့် ဆေးခန်းများ မှိုလိုပေါက်လာကြသည်။ ဤအကျိုးဆက်ကြောင့် ဆရာဝန်များနှင့် သူနာပြုလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အများစုကလည်း စေတနာထက် အသပြာကိုသာ အဓိကထားလာကြသည်။

ထိုအခါ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်များနှင့် ပုဂ္ဂလိက ဆေးရုံ





ဆေးခန်းပိုင်ရှင်များက ဆရာဝန်များနှင့် သူနာပြုများ အား နည်းအမျိုးမျိုးဖြင့် မြားယောင်းမြှူဆွယ်ကာ သူတို့၏ခါးပိုက်ထဲသို့ ထည့်လာကြသည်။ သူတို့က ဆေးသိပ္ပံလောကသားများအား မက်လောက်အောင် လာဘ်ထိုးကြသည်။ မက်လောက်အောင် လခပေးကြသည်။ ထို့ကြောင့် ဆရာဝန်များနှင့် သူနာပြုများသည် ဆေးပညာကို တိုးတက်ရေးနှင့် အများပြည်သူ ကျန်းမာရေးထက် ပိုက်ဆံများများ ရနိုင်ရေးနှင့် မိမိတို့လုပ်ငန်းရှင်များ ကျေနပ်မှုရရှိရေးတို့ကိုသာ ဦးစားပေး လုပ်ဆောင်လာကြတော့သည်။

ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် မိမိတို့ ထုတ်လုပ်သော ဆေးဝါးများ ဈေးကွက်တွင် အရောင်းသွက်ရေးအတွက် နည်းမျိုးစုံဖြင့် အပြိုင်အဆိုင် ကြော်ငြာနေကြသည်။ အမေရိကန်ပြည်ထောင်စုတွင် ဆေးကျောင်းသားများအတွက် သုံးစွဲသော ပညာရေးစရိတ်ထက် ဆေးကြော်ငြာစရိတ်က အဆပေါင်းများစွာ ပို၍ များနေသည်မှာ အထင်ရှားဆုံးသာဓက ဖြစ်သည်။

ထို့ထက် ဆိုးရွားသည်ကား ဆေးကုမ္ပဏီကြီးများသည် အမြတ်ရရေးအတွက်သာ အဓိကထားပြီး ပြည်သူများအတွက် အန္တရာယ်မကင်းသော ဆေးဝါးများကိုလည်း အများအပြား ထုတ်လုပ်နေကြခြင်းပင် ဖြစ်သည်။ ထို့ပြင် အချို့သော ဆေးပညာသုတေသနဌာနများကလည်း ဆေးသိပ္ပံပညာ တိုးတက်ရေးအတွက်ဟူ၍ အသံကောင်းဟစ်ကာ လူ့သိက္ခာ၊ လူ့ကျင့်ဝတ်နှင့် ဆန့်ကျင်သောနည်းလမ်းများကို စမ်းသပ်တီထွင်နေကြသည်။

ယင်းသို့သော လုပ်ရပ်များသည် မွန်မြတ်သော၊ မြင့်မြတ်သော ဆေးပညာကို ဖျက်ဆီးခြင်းဖြစ်သည်။ ကမ္ဘာ့ပြည်သူတို့၏ ပျက်စီးရာ ပျက်စီးကြောင်းကို ဖြစ်စေသော ကြောက်စရာအကောင်းဆုံး ဒုစရိုက်လုပ်ရပ်ကြီးလည်း ဖြစ်သည်။

ဤအချက်ကို အများပြည်သူ စာဖတ်ပရိသတ်များ သတိပြုစေလိုသော စေတနာရည်ရွယ်ချက်ဖြင့် ဤဝတ္ထုကို ကျွန်တော်ရေးသားခြင်း ဖြစ်ပါသည်။ ။

ရော်ဘင်ကွတ်

www.burmeseclassic.com

## သန္ဓေသားသုတေသနလုပ်ငန်း ပိတ်ပင်

## ဆေးသုတေသနလုပ်ငန်းအတွက်

## ဥပဒေသစ် ထုတ်ပြန်

ရေးသူ၊ ဟာရီးဘားလို:

(နယူးယော်က်တိုင်းသတင်းစာ၊ အထူးသတင်းဆောင်းပါး)

ဝါရှင်တန်မြို့ (၁၂၊ ၇၊ ၇၄)၊ သမ္မတ ရစ်ချတ်၊ အမ်၊ နစ်ကဆင်က "အမျိုးသား သုတေသန ဥပဒေ" (ပြည်သူ့ဥပဒေ၊ ၉၃၊ ၃၄၈) တစ်ရပ်ကို ယနေ့လက်မှတ် ရေးထိုး ပြဋ္ဌာန်းလိုက်ပြီ ဖြစ်သည်။ "ဇီဝဓာတုဗေဒနှင့် ဗီဇရိုက် သုတေသန လုပ်ငန်းများတွင် လူသားတို့အား စမ်းသပ်ခြင်းကို တားမြစ်ရေးအတွက် အမျိုးသား ကော်မရှင်" တစ်ရပ် ဖွဲ့စည်းရန် ဥပဒေသစ် တောင်းဆိုထားသည်။

ယခုအခါ ဆေးသိပ္ပံသုတေသနလုပ်ငန်းများတွင် ကလေးသူငယ်များ၊ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းသူများ၊ အကျဉ်းသားများ၊ ဆေးခါးစိုးဝေဒနာရှင်များနှင့် အထူးသဖြင့် သန္ဓေသားများအား အစမ်းသပ်ခံပစ္စည်းအဖြစ် အမြောက်အမြား အသုံးပြုနေကြခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လျက် ရှိသည်။

ဤသို့ သင့်လျော်သော လမ်းညွှန်ထိန်းချုပ်မှုများ ပြုလုပ်ခြင်းအားဖြင့် ဆေးပညာသုတေသနလုပ်ငန်းများတွင် ကြောက်မက်ဖွယ်ရာ လွဲမှားစွာ လုပ်ကိုင် နေခြင်းများကို အချိန်မီ ကြိုတင် တားဆီးနိုင်မည် ဖြစ်သည်။ ရောဂါသဘာဝကို လေ့လာရန် အလို့ငှာ အသည်းရောင်ရောဂါရှိသော ကိုယ်အင်္ဂါမစုံသည့် ကလေး ငယ်များအား အရေအတွက် မြောက်မြားစွာ စမ်းသပ်ခံပစ္စည်းအဖြစ် တမင်အသုံးပြု နေကြခြင်းနှင့် မကြာမီက ဘော့စတန်မြို့မှ ဆေးရုံတစ်ရုံတွင် သန္ဓေသားတစ်ဒါဇင် ခန့် ဖျက်ချထားသည်ကို စစ်ဆေးတွေ့ရှိရခြင်းတို့သည် မြင့်မြတ်သော ဆေးသိပ္ပံ ပညာရပ်ကို လွဲမှားစွာ အသုံးချခြင်း လုပ်ရပ်များပင် ဖြစ်သည်။

ယခု ပြဋ္ဌာန်းလိုက်သော ဥပဒေသစ်၏ ပထမအဆင့်တွင် "အမေရိကန် ပြည်ထောင်စုတစ်ဝန်းလုံး၌ သန္ဓေသား အသက်ရှင်ရေး ရည်ရွယ်ချက်အတွက် မဟုတ်မူဘဲ ကိုယ်ဝန်ဖျက်ချပြီးမှသော်လည်းကောင်း၊ ကိုယ်ဝန်မပျက်ကျမီသော် လည်းကောင်း အသက်ရှိသော သန္ဓေသားအား အစမ်းသပ်ခံပစ္စည်းအဖြစ် အသုံးချ နေခြင်း"ကို ကြိုတင် တားမြစ်ချက်တစ်ရပ် ပါဝင်သည်။

အဆိုပါ ဥပဒေသစ်နှင့် ပတ်သက်၍ ဆေးသိပ္ပံလောက အသိုင်းအဝိုင်း တွင် ကွဲလွဲသော အယူအဆများ ပေါ်ပေါက်နေသည်။





ကော်နဲတက္ကသိုလ် ဆေးသိပ္ပံဌာနမှ ဒေါက်တာဂျော့၊ စီ၊ မာစတန်က ဥပဒေသစ်ကို လိုက်လျောဝမ်းသာ ကြိုဆိုထောက်ခံလိုက်သည်။ ဒေါက်တာ မာစတန် က 'လူသားများအား အစမ်းသပ်ခံပစ္စည်းအဖြစ် လွဲမှားစွာ အသုံးချနေကြခြင်းကို တားမြစ်သင့်သည်မှာ အချိန်ပင် လွန်လာခဲ့ပြီ။ ဆေးသိပ္ပံသုတေသနလုပ်ငန်းများ တိုးတက်ရေးဟူသော ကြွေးကြော်သံဖြင့် ဆေးဝါးသုတေသနလုပ်ငန်းများကို စီးပွားရေးအရ သူ့ထက်ငါ အပြိုင်အဆိုင် လုပ်ကိုင်နေကြခြင်းကြောင့် ယခုကဲ့သို့ များယွင်းစွာ လုပ်ဆောင်မှုများ မလွှဲမသွေ ပေါ်ပေါက်လာရခြင်းဖြစ်သည်'ဟု ဆိုသည်။

သို့သော် "အေရိုလင်" ဆေးဝါးထုတ်လုပ်ရေးကော်ပိုရေးရှင်းမှ ဒေါက်တာ ကလိုက်ဟာရစ်ဆန်ကမူ ဒေါက်တာ မာစတန်၏ အယူအဆကို သဘောမတူချေ။

'သန္ဓေသား ဖျက်ချခြင်းကို ဆန့်ကျင်သော အစွဲအလမ်းများကြောင့် သိပ္ပံပညာတိုးတက်မှုကို အကြီးအကျယ် ဆုတ်ယုတ်စေသည်။ ပြည်သူတို့ အတွက် တကယ်လိုအပ်သော ကျန်းမာရေးပညာ သုတေသနလုပ်ငန်းများကို တားဆီးထား သကဲ့သို့ ဖြစ်နေသည်'ဟု ဒေါက်တာ ဟာရစ်ဆန်က ပြန်လည်ချေပသည်။

ဒေါက်တာ ဟာရစ်ဆန်က ဆက်လက်ရှင်းပြရာတွင် သန္ဓေသားသုတေ သနလုပ်ငန်းသည် ဆေးပညာတိုးတက်ရေးအတွက် ထူးခြားစွာ အကျိုးပြုသည်။ အရေးအပါဆုံး သာဓကကိုပြရလျှင် ဆီးချိုရောဂါကုသရေးတွင် အားထားလောက် သည့်အချက်ပင် ဖြစ်သည်။ သန္ဓေသားတစ်ရှူးများကို ပန်ကရိယထဲသို့ ထိုးသွင်း ပေးခြင်းဖြင့် ဆီးချိုရောဂါ ပျောက်ကင်းစေနိုင်သော ဆဲလ်ငယ်များကို တိုးပွားစေနိုင် သည်။ အလားတူပင် ကျောက်ရိုးဒဏ်ရာရခြင်းကြောင့် တစ်ကိုယ်လုံး သေသွားသော သွက်ချာပါဒရောဂါကို ယခင်က လုံးဝ မကုသနိုင်ခဲ့သော်လည်း သန္ဓေသား တစ်ရှူးဖြင့် ကုသနိုင်သည့် အလားအလာကောင်းများ တွေ့ရှိနေရပြီ ဖြစ်သည်။ သန္ဓေသားတစ်ရှူးများကို အနာများ၊ ဒဏ်ရာများတွင် ထိုးသွင်းပေးလျှင် ကျန်းမာ သန်စွမ်းသော ဆဲလ်အသစ်များ တိုးပွားလာခြင်းဖြင့် ရောဂါကို ပျောက်ကင်း စေနိုင်သည်ဟု ဆိုသည်။

သို့သော် ဥပဒေသစ်၏ အကျိုးဆက်ရောက်မှုကို ဆုံးဖြတ်ရန်မှာ အချိန် အလွန် စောနေသေးသည်။ အဆိုပါဥပဒေသစ်အရ ဖွဲ့စည်းတာဝန်ပေးလိုက်သည့် ကော်မရှင်အဖွဲ့ အသီးသီးတို့က ဝန်ကြီး **ကတ်စပါဝိုင်ဘာဂါ*** ထံသို့ တင်သွင်း သည့် အစီရင်ခံစာများအပေါ်တွင် တည်နေသည်။

---

* သမ္မတ နစ်ကဆင်လက်ထက်တွင် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဝန်ထမ်းဌာနဝန်ကြီး (၁၉၇၃– ၇၅)ဖြစ်ခဲ့သည်။ ယခု သမ္မတရေဂင်လက်ထက်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ၊ ဤဥပဒေသစ် ပြဋ္ဌာန်းလိုက်ခြင်းကြောင့် သုတေသန လုပ်ငန်းများအတွက် သန္ဓေသားတစ်ရှူးများ အကြီးအကျယ် ရှားပါးသွားမည်ကား သေချာသည်။

ဘမင်ဖျက်ချသော ကိုယ်ဝန်များသည် အဆိုပါ သန္ဓေသားတစ်ရှူးများ ရရှိရေးအတွက် ပင်ရင်းဌာနများပင် ဖြစ်သည်မှာ ထင်ရှားသည်။

သို့သော် ယင်းလိုအပ်ချက်သည် ဆရာဝန်များက ကိုယ်ဝန်ဖျက်ချရန် ဆုံးဖြတ်ရာတွင် အဓိကအကြောင်းရင်း ဖြစ်သည်၊ မဖြစ်သည်ဟူသော အချက်ကိုကား ကာယကံရှင်များမှတစ်ပါး မည်သူမှ သိနိုင်လိမ့်မည် မဟုတ်ချေ။

❖

BURMESE CLASSIC .com

၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊
ဂျူလီယံဆေးရုံ၊ နယူးယောက်မြို့။

ကင်ဒီဟာလီသည် သူ၏ နောက်ကျောအောက်ပိုင်းသို့ အပ်စူးဝင်ခြင်းကို စစ်ခနဲ ခံစားလိုက်ရသည်။ ပြင်းပြင်းရှရှ ပူလောင်သွားသလိုလည်း ခံစားရသည်။ ပျားတုပ်ခံလိုက်ရသလိုပင် ဖြစ်သည်။ နာကျင်မှုကတော့ လျှင်မြန်စွာ ပြယ်ပျောက်သွားသည်။

'ထုံဆေး နည်းနည်း စမ်းကြည့်တာပါ ကင်ဒီ'

အသားမည်းသော်လည်း ရုပ်ချောသော ဒေါက်တာစတီဖင်ဘန်းဟပ်က ပြောသည်။ သူက ဘယ်လိုမှ မနာပါဘူးဟု ပြောခဲ့သည်။ ကင်ဒီကတော့ နာသလို ခံစားရသည်။ မခံမရပ်နိုင်အောင်ကား မဟုတ်။ သို့သော်လည်း ဆရာဝန်အပေါ်တွင် ယုံကြည်အားကိုးမှုကတော့ နည်းနည်းပျော့သွားသည်။ ကင်ဒီက သူ့အား ခုဆေးပေးပြီး အိပ်ပျော်သွားအောင် လုပ်ပေးစေချင်သည်။ သို့ပေမဲ့ ထုံဆေးကပြီး စိတ်ချရသည်။ ကိုယ်ဝန်ဖျက်ချပြီး သားကြောဖြတ်ပြီး နောက်ပိုင်းတွင်လည်း နေသာထိုင်သာရှိမည်ဟု ဒေါက်တာဘန်းဟပ်က ပြောခဲ့သည်။

ကင်ဒီသည် အောက်နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်သည်။ နောက်ထပ် စစ်ခနဲ တစ်ချက်နာသွားသောကြောင့် ဖြစ်သည်။ ပြင်းပြင်းထန်ထန်ကြီးတော့ကား မဟုတ်။ သို့သော် သူကတော့ နာသလို ခံစားရသည်။ နာကို နာမှာပဲဟုလည်း စိတ်ထဲက တွေးကြောက်နေသည်။ သူက ဆေးရုံ အတွေ့အကြုံမရှိ၊ အသက် ၃၆ နှစ် ရှိပြီဖြစ်သော်လည်း တစ်ခါမှ ဆေးရုံ မတက်ဖူး၊ ခွဲစိတ်ကုသခြင်းလည်း လုံးဝ မခံဘူး။

နောက်ကျောမှ ထုံပူသွားသလို ခံစားလိုက်ရပြန်သည်။ ဆတ်ခနဲ ကျော တစ်ချက် ဆန့်လိုက်သည်။

'အို... လှုပ်လှုပ်၊ လှုပ်လှုပ် မလုပ်နဲ့လေ'

ဒေါက်တာဘန်းဟပ်က သတိပေးလိုက်သည်။

'ခွင့်လွှတ်ပါ ဒေါက်တာ၊ ကျွန်မ သတိမေ့သွားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်စကားကို မလိုက်နာလျှင် ဂရုမစိုက်ဘဲ နေမည်စိုးသောကြော င်း ကင်ဒီက တောင်းပန်လိုက်သည်။

ကင်ဒီသည် ခွဲစိတ်ခန်းနှင့် ဆက်နေသော အခန်းကျဉ်းကလေးထဲ လက်တွန်းခုတင်ပေါ်တွင် ထိုင်နေသည်။ သူနာပြုဆရာမတစ်ယောက် သူ့ရှေ့တွင် ရပ်နေသည်။ လက်ယာဘက်တွင် ခန်းဆီးကန့်လန့်ကာတစ်ခု ဆွဲချထားသည်။ ခွဲစိတ်ခန်းနှင့် အခန်းကျဉ်းလေးတို့ကို ခွဲခြားထားခြင်း ဖြစ်သည်။ ကန့်လန့်ကာ နောက်ဘက်မှ တိုးတိုးသာသာ စကားပြောသံများ ကြားရသည်။ ရေပိုက်ခေါင်း ရေကျသံများလည်း ကြားရသည်။ ရှေ့တည့်တည့်တွင် တံခါးတစ်ပေါက် ရှိသည်။ တံခါးရွက်တွင် ပြတင်းပေါက်သေးသေးကလေး ဖောက်ထားသည်။ ခွဲစိတ်ခန်းကို ထိုပြတင်းပေါက်ကလေးမှ လှမ်းမြင်နေရသည်။

ကင်ဒီ၏ကိုယ်ပေါ်တွင် ကျောဘက်မှ ဖွင့်ထားသော ဆေးရုံအင်္ကျီ ပွပွကြီး ကိုသာ ဝတ်ထားသည်။ ခွဲစိတ်နေစဉ်အတွင်း ဘယ်သို့ဘယ်ပုံ ခံစားရမည်ဆိုသည် ကို ဒေါက်တာဘန်းဟပ်က အသေးစိတ် ရှင်းပြခဲ့ပြီ ဖြစ်သည်။ သို့သော် ကင်ဒီက ဆရာဝန်၏ပြောပြချက်ကို နားမဝင်။ ပတ်ဝန်းကျင် အပြောင်းအလဲကြောင့် သူ့စိတ် တွေ လှုပ်ရှားနေသည်။ မြင်နေရသောအရာများသည် သူ့အဖို့ စိမ်းနေသည်။ ကြောက်စရာလို ဖြစ်နေသည်။

'တိုဟီအပ် ပေးစမ်း'

ဒေါက်တာ ဘန်းဟပ်က သူနာပြုဆရာမအား ပြောလိုက်သည်။ တိုဟီအပ် ဆိုတာ ဘယ်လိုအပ်မျိုးပါလိမ့်ဟု ကင်ဒီ တွေးမိသည်။ နားဝင်ပီယံ မရှိပါဘူးဟု လည်း ထင်မိသည်။ လဲျေးစက္ကူပတ်ထားသောဘူးကို ဖွင့်ဖောက်သံများ ကြားရ သည်။

ဒေါက်တာဘန်းဟပ်သည် လက်အိတ်စွပ်ထားသော လက်ထဲမှ သုံ့လက်မ အရွယ် အပ်ကလေးကို သေသေချာချာ စစ်ဆေးကြည့်ရှုသည်။ ထို့နောက် လက်ဝဲ ဘက်သို့ တိုးလာပြီး ကင်ဒီ၏ခါးကို ဖြောင့်ဖြောင့်ထား၍ ထိုင်အောင် ပြုပြင်တည့်မတ် ပေးသည်။ ပြီးတော့ စောစောက ထုံဆေးထိုးခဲ့သော နေရာပေါ်တွင် အပ်ကို တင်လိုက်သည်။

လက်နှစ်ဖက်ကို အသုံးပြုကာ ကင်ဒီ၏နောက်ကျောထဲသို့ အပ်ကို ထိုးသွင်းလိုက်သည်။ အရေပြားကို အပ်ဖောက်ဝင်သွားကြောင်း အတွေ့အကြုံ များသော လက်ချောင်းများက သိလိုက်သည်။ ထုံဆေးက တော်တော် ပရိယာယ် များသည်။ ထို့ကြောင့်လည်း သူက ထုံဆေးကို တမင်အသုံးပြုခြင်း ဖြစ်သည်။ ထုံဆေးပညာကို သူက သူများတွေထက် ကျွမ်းကျင်သည်။ ဤအတွက်လည်း သူ့ကိုယ်သူ တော်တော် ကျေနပ်မိသည်။





သူက ဆေးထိုးအပ်ကို ဟန်ပါပါနှင့် ပြန်နုတ်လိုက်သည်။ ထို့နောက် အက်ထရာကိန်းတစ်လုံး ထိုးပေးသည်။

'ကျွန်မ ခြေသလုံးသားတွေ တစ်မျိုးကြီး ဖြစ်လာသလိုပဲ ဒေါက်တာ' ကင်ဒီက စိုးရိမ်သံဖြင့် ပြောသည်။

'အဲဒါ ဆေးအစွမ်း ပြလာတာပေါ့'

ဒေါက်တာက အပ်ကို ပြန်နုတ်လိုက်သည်။ ထို့နောက် အပ်သွင်းသော နေရာတွင် စက္ကူတိတ်ကလေးတစ်စ ကပ်ပေးလိုက်သည်။

'ကဲ၊ ဒါပဲပေါ့' ဒေါက်တာက လက်အိတ်ကို ပြန်ချွတ်ပြီး ကင်ဒီအား လှဲအိပ်ရန် ပခုံးကို လက်ဖြင့် အသာတွန်းရင်း ပြောသည်။ 'ဘယ့်နှယ်နေသေး သလဲ၊ ခုတော့ ဘာမှမနာတော့ဘူး မဟုတ်လား'

'ဒါပေမဲ့ ထုံဆေးကလည်း အစွမ်းမပြသေးပါလား ဒေါက်တာ'

ကင်ဒီက ထုံဆေးတန်ခိုး မပြသေးဘဲနှင့် ခွဲစိတ်မည်ကို ကြောက်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

'ဒါက ကျုပ်က နောက်ထပ် ဆေးတစ်လုံး ထိုးမပေးရသေးလို့ပါ'

ကင်ဒီသည် သူ့ကိုယ်သူ ညှာညှာတာတာဖြင့် ကျောဆန့်လှဲအိပ်လိုက် သည်။ သူနာပြုဆရာမက ခြေထောက်များကို ခုတင်ပေါ်သို့ အသာမတင်ပေး သည်။ ထို့နောက် စောင်ပါးပါးကလေးကို လွှမ်းခြုံပေးသည်။ ကင်ဒီက စောင်ကို သူ့ရင်ဘတ်အထိ ဆွဲခြုံလိုက်သည်။

ဒေါက်တာ ဘန်းဟပ်မှာ ကင်ဒီ၏ကျောအောက်မှ ဖြုတ်ယူလိုက်သော ပလတ်စတစ်ပြွန်ကလေးနှင့် အလုပ်ရှုပ်လျက် ရှိသည်။

'စိတ်လှုပ်ရှားနေတုန်းပဲလား ကင်ဒီ'

'ပိုတောင် ဆိုးလာသလိုပဲ ဒေါက်တာ'

'ဒါဆို စိတ်ငြိမ်ဆေး နည်းနည်းပေးမယ် ဟုတ်လား'

ဒေါက်တာက ကင်ဒီ၏ပခုံးကို ရွရွကလေး ညှစ်ကိုင်ရင်း ပြောသည်။ ကင်ဒီကြည့်နေစဉ်မှာပင် ဒေါက်တာက အကြောဆေးသွင်းသော ပြွန်ထဲသို့ ဆေးထိုးအပ်ဖြင့် တစ်စုံတစ်ရာ ထိုးသွင်းလိုက်သည်။

'ကဲ...ဟုတ်ပြီ၊ သွားကြစို့'

ကင်ဒီ ပက်လက်လှဲ၍ ပါလာသော လက်တွန်းခုတင်သည် ခွဲစိတ်ခန်း ထဲသို့ ဖြည်းဖြည်းညင်သာ ဘီးလှိမ့်ဝင်လာသည်။ ခွဲစိတ်ခန်းထဲတွင် မရပ်မနား အလုပ်များနေကြသည်။ ကင်ဒီက အခန်းကို မျက်လုံးကစားကြည့်လိုက်သည်။ တစ်ခန်းလုံး ဖြူဖွေး ပြောင်လက်နေသည်။ နံရံတွေလည်း အဖြူ ကြမ်းပြင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အဖြူ၊ မျက်နှာကြက်လည်း အဖြူ။ နံရံတစ်ဖက်တွင်မူ ခေတ်မီဆန်းသစ်သော အီလက်ထရွန်နစ် မော်နီတာစက် တပ်ဆင်ထား သည်။

'ကဲ... ကင်ဒီ၊ ဒီဘက်ကို ပြောင်းကြရအောင်'

ဒေါက်တာ ဘန်းဟပ်၏ အကူသူနာပြုဆရာမက ခွဲစိတ်စားပွဲကို လက်နှင့် အသာပုတ်ရင်း ပြောလိုက်သည်။ အမိန့်ပေးခံရသလို ထင်မှတ်၍ ကင်ဒီက စိတ်တို ချင်သလို ခံစားမိသည်။ သို့သော် ချက်ချင်းလိုပင် စိတ်ပြေသွားသည်။ တကယ် တော့ သူ့အဖို့ အခြားရွေးစရာလမ်း မရှိတော့။ သူ့ဗိုက်ထဲမှ "သန္ဓေသွေးခဲ"က လေးလခွဲတောင် ရှိသွားပြီ။ သူက သူ့ဗိုက်ထဲက ပစ္စည်းကို "သန္ဓေသား"သို့မဟုတ် "ကလေး"ဟု မခေါ်ချင်။ "သန္ဓေသွေးခဲ" ဟု ခေါ်ရတာက ပိုပြီး စိတ်ဖြေသာသလို ခံစားမိသောကြောင့် ဖြစ်သည်။

ကင်ဒီသည် ကျိုးနွံစွာဖြင့်ပင် ခွဲစိတ်စားပွဲပေါ်သို့ ပြောင်းရွှေ့လိုက်သည်။

နောက် သူနာပြုဆရာမတစ်ယောက်က ကင်ဒီ၏ ဝတ်ရုံကြီးကို ဆွဲချွာ လိုက်ပြီးနောက် ရင်ဘတ်ပေါ်တွင် အီလက်ထရုတ် လျှပ်ခေါင်းကလေးများ ဆက်ပေးလိုက်သည်။ ပျားမြည်သံလို တဝီဝီအသံများ ပေါ်ထွက်လာသည်။ ထိုအသံများသည် သူ၏နှလုံးခုန်သံနှင့် ဆက်စပ်သွားသည်ဟု ကင်ဒီက တွေးလိုက် မိသည်။

'ကဲ၊ စားပွဲကို နည်းနည်း စောင်းလိုက်မယ်နော်'

ဒေါက်တာဘန်းဟပ်က ပြောသည်။ ကင်ဒီက သူ့စားပွဲသည် ခေါင်းပိုင်း မြင့်ပြီး ခြေရင်းပိုင်း နိမ့်သွားကြောင်း သတိပြုမိသည်။ ထိုအနေအထားကြောင့် သန္ဓေသားသည် မိန်းမကိုယ်အပေါ်တွင် ပို၍ ဖိအားပေးလာသလို ထင်ရသည်။ တစ်ချိန်တည်းတွင် ဗိုက်ထဲမှ သန္ဓေသား လှုပ်ရှားလာသလိုလည်း ခံစားရသည်။

ထိုအခိုက် ခွဲစိတ်ခန်းတံခါး ရုတ်တရက် ပွင့်သွားသည်။ ဒေါက်တာ လောရင့်ဖော်လီသည် ရပ်ရှင်ကားထဲက ဆရာဝန်များကဲ့သို့ ရေစိုနေသော လက်ကို ဟန်ပါပါမြှောက်ရင်း အခန်းထဲသို့ ဝင်လာသည်။ သူက လူနာတိုင်းကို မေးနေကျ ဟန် မေးနေကျ လေသံမျိုးဖြင့် မေးလိုက်သည်။

'ဟုတ်ပြီ၊ ဒီက အမျိုးသမီးကလေး ဘယ်လိုနေသေးသလဲ'

'ထုံဆေးက မလာသေးသလိုပဲ ဒေါက်တာ'

ကင်ဒီက စိုးရိမ်သံဖြင့် ပြောသည်။

ကင်ဒီသည် ဒေါက်တာဖော်လီကို မြင်လိုက်ရသည်နှင့် တော်တော် စိတ်ချမ်းသာသွားသည်။ ဒေါက်တာက အရပ်ရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်။ ခွဲစိတ် ခန်းခေါင်းစွပ်ပေါ်မှ ရှည်မျောမျော သူ့နှာခေါင်းကို ထင်ရှားစွာ မြင်နေရသည်။





မျက်လုံးကတော့ စိမ်းပြာရောင်။ ငွေရောင်ဆံပင်များကိုတော့ ခေါင်းစွပ်နှင့် ဖုံးထားသည်။

ကင်ဒီသည် ပုံမှန်ဓမ္မတာကိစ္စအတွက် ဒေါက်တာဖော်လီနှင့် မှန်မှန် ဆေးသပ် စစ်ဆေးခဲ့ဖူးသည်။ သူက ဒေါက်တာ၏ ဆက်ဆံပုံကို သဘောကျသည်။ ပညာစွမ်းကိုလည်း ယုံကြည်စိတ်ချသည်။ သို့သော် ကိုယ်ဝန်ရပြီးချိန်မှစ၍ လေးလခွဲအတွင်း ဒေါက်တာ့ထံသို့ လုံးဝမသွားဖြစ်ခဲ့။ လွန်ခဲ့သော ရက်သတ္တ နှစ်ပတ်အတွင်းကမှ ဒေါက်တာနှင့် သွားတွေ့တော့ ကင်ဒီ အံ့အား သင့်သွားမိ သည်။ ဒေါက်တာဖော်လီသည် သူ ယခင်တွေ့ဖူးသော ဒေါက်တာဖော်လီ မဟုတ် သော့။ ယခင် ဒေါက်တာဖော်လီက ပွင့်လင်းသည်၊ ဟာသ ရှိသည်။ သည်အကြိမ် သူ တွေ့ရသော ဒေါက်တာဖော်လီက တည်လွန်းလှသည်။ သူ ဘာကြောင့်များ ပြောင်းလဲသွားတာပါလိမ့်။ ဧကန္တ တော့ ငါ့မှာ အိမ်ထောင်မပြုဘဲနဲ့ ကိုယ်ဝန်ရ တာကို သူ သဘောမကျတာကြောင့် ဖြစ်ရမယ်ဟု ကင်ဒီက တွေးမိသည်။

ဒေါက်တာဖော်လီက ဒေါက်တာဘန်းဟပ်ဘက်သို့ လှည့်ကြည့်လိုက် သည်။ ဒေါက်တာဘန်းဟပ်က လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး–

'ကျွန်တော် တက်ထရာကိန်း နှစ်မီလီဂရမ် ထိုးပေးထားတယ် ဒေါက်တာ၊ ထုံဆေးလည်း အဆက်မပြတ် ထိုးပေးနေပါတယ်'

ဒေါက်တာဘန်းဟပ်က စားပွဲနားသို့ ကပ်လာပြီး ခြုံစောင်ကို ဆွဲလှပ် လိုက်သည်။ ခေတ်မှန်ကြည့်စက်မှ ပေါ်ထွက်နေသည့် စူးပြင်းသော အလင်းရောင်အောက်တွင် သူ့ခြေထောက်များ သွေးမရှိသလို ထူးထူးခြားခြား ဖြူရော်နေသည်ကို ကင်ဒီ မြင်နေရသည်။ ဒေါက်တာဘန်းဟပ်က သူ့ကို လက်နှင့် ကိုင်ကြည့်သည်ကို လည်း မြင်နေရသည်။ သို့သော် သူ့အနေဖြင့် ခံစားမှုမရှိတော့။ ထို့နောက် အပ်စူး ဝင်သလို စစ်ခနဲ ခံစားလိုက်ရသည်။ သူက ဒေါက်တာ့ကို ပြောပြသည်။ ဒေါက်တာ က ပြုံးသည်။ ပြီးတော့ 'အားလုံး ပြည့်စုံပြီ'ဟု ပြောလိုက်သည်။

ဒေါက်တာဖော်လီသည် အခန်းအလယ်တွင် ရပ်နေသည်။ မည်သူမျှ စကားမပြောကြ။ အားလုံးက ဒေါက်တာဖော်လီ၏ အခြေအနေကိုသာ စောင့် ကြည့်နေကြသည်။ ဒေါက်တာ ဘာတွေများ စဉ်းစားနေပါလိမ့်ဟု ကင်ဒီက တွေးမိသည်။ သူက ကင်ဒီကို စိုက်ကြည့်နေသောကြောင့် ဖြစ်သည်။ ကင်ဒီ သူ့ ဆေးခန်းသို့ သွားခဲ့တုန်းကလည်း ယခုကဲ့သို့ပင် ကင်ဒီကို သူ စကားမပြောဘဲ အကြာကြီး စိုက်ကြည့်နေခဲ့သည်။

နောက်ဆုံး သူက ပြောလိုက်သည်။

'မင်းကို ထုံဆေးပေးတဲ့ပုဂ္ဂိုလ်ကတော့ ဒီဆေးရုံမှာ အတော်နာမည်ရပါရဂူပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ၊ ဒီတော့ စိတ်နဲ့ကိုယ်ကို သက်သောင့်သက်သာ လျှော့ထား၊ မင်း ဘာမှမသိလိုက်ခင် တို့အလုပ်က ပြီးသွားမှာပါ'

ကင်ဒီသည် သူ့နောက်ဘက်မှ လှုပ်လှုပ်ရှားရှားအသံများ ကြားနေရသည်။ ထို့နောက် ဒေါက်တာဘန်းဟပ်က လက်အိတ်စွပ်ထားသော လက်များဖြင့် ကင်ဒီ၏ ဦးခေါင်းတွင် ဝါယာကွင်းတစ်ခုကို တပ်ဆင်သည်။ သူနာပြုဆရာမတစ်ယောက်က ကင်ဒီ၏ လက်ဝဲလက်မောင်းကို ဘေးသို့ ဆွဲလှန်ကာ ခွဲစိတ်စားပွဲတွင် အဝတ်စနှင့် ချည်လိုက်သည်။ ဒေါက်တာဘန်းဟပ်က လက်ယာလက်မောင်းကို စားပွဲအစွန်တွင် ချည်ပေးသည်။ ထိုလက်မောင်းတွင် အားဆေးသွင်းပြွန်တပ်ထားသည်။ ကင်ဒီ၏ မြင်ကွင်းထဲသို့ ဒေါက်တာ ဖော်လီ ပြန်ဝင်လာသည်။ ခွဲစိတ်ခန်းဝတ်ရုံကြီးဝတ်ပြီး လက်အိတ်များ စွပ်ထားသည်။ သူက သူနာပြုဆရာမတစ်ယောက်နှင့်အတူ ကင်ဒီ၏ကိုယ်ပေါ်သို့ အဝတ်ထူကြီးကို ကူညီခြုံလွှမ်းပေးသည်။ အဝတ်ထူကြီးသည် ကင်ဒီ၏ခန္ဓာကိုယ်ကို ဆယ်ပုံကိုးပုံလောက် ဖုံးသွားသည်။ သူ့တည့်တည့်မှ အားဆေးသွင်းပုလင်းများကိုသာ မြင်နေရတော့သည်။ သူ့ ဦးခေါင်းနောက်ကွယ်မှာတော့ ဒေါက်တာဘန်းဟပ် ရပ်လျက် ရှိသည်။

'အားလုံး အသင့်ဖြစ်ပြီနော်' ဒေါက်တာဖော်လီက မေးလိုက်သည်။

'ဟုတ်ကဲ့၊ စနိုင်ပြီ ဒေါက်တာ' ဒေါက်တာဘန်းဟပ်က ပြန်ပြော သည်။ သူက ကင်ဒီ မျက်နှာကို ငုံ့ကြည့်လျက် 'အားလုံး အဆင်ပြေမှာပါ၊ ဖိထားသလိုလို ဆွဲထားသလိုလိုတော့ နည်းနည်း ခံစားရလိမ့်မယ်၊ ဒါပေမဲ့ နာတော့ မနာပါဘူး'

'ဟုတ်ပါ့မလား ဒေါက်တာရယ်'

'ဟုတ်ပါတယ်၊ တကယ်ပြောတာပါ'

ကင်ဒီသည် ဒေါက်တာဖော်လီကို မမြင်ရတော့။ သို့သော် 'ဓားပေး' ဟု ခွဲစိတ်ဓားတောင်းသော အခါတိုင်းတွင်တော့ သူ့အသံကို ကြားနေရသည်။ ထို့နောက် ရာဘာလက်အိတ်နှင့် ခွဲစိတ်ဓား ထိရိုက်သံများ ကြားရသည်။

မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ နာများ နာလာမှာလားဟု တွေးပြီး ကြောက်နေမိသည်။ သို့သော် ဘုရားသခင် ကျေးဇူးတော်ပါပဲ။ နာကျင်မှု လုံးဝ ပေါ်မလာ။

လူတွေ သူ့ကိုယ်ပေါ်သို့ ဖိမိထားကြသည်ဟူသော အသိကို ခံစားနေရသည်။ ငါ့ကို ခြောက်အိပ်မက်ကြီးလို ခြောက်လှန့်နေခဲ့တဲ့ ဒီပြဿနာကြီးတော့ ချောချောမွေ့မွေ့ ပြေလည်သွားတော့မှာပါဟု တွေးရင်း ကင်ဒီသည် ပထမဆုံး အကြိမ် ဝမ်းအသာကြီး သာမိလေသည်။

ယင်းခြောက်အိပ်မက်သည် ပဋိသန္ဓေတားဆေး မှန်မှန်စားခြင်းကို ဖြတ်





ထားလိုက်သည့် လွန်ခဲ့သော ကိုးလခန့်မှ စတင်ခဲ့သည်။ ကင်ဒီသည် ဒေးဗစ် ကတ်ပက်ထရစ်နှင့်အတူ နေလာခဲ့သည်မှာ ငါးနှစ်ရှိပြီ။ ဒေးဗစ်က စာရေးဆရာ။ ကင်ဒီက ကချေသည်။ သူတို့နှစ်ယောက်စလုံးပင် မိမိတို့အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ကိုင်လိုကြသည်။ ထို့ကြောင့်လည်း သားသမီးမယူဘဲ သည်အတိုင်း နေလာခဲ့ကြခြင်း ဖြစ်သည်။ သို့သော် သူ၏ ၃၄ နှစ်မြောက် မွေးနေ့လွန်ပြီးသော အချိန်ကျတော့ ကင်ဒီက တရားဝင်လက်ထပ်ပြီး အိမ်ထောင်ရှင်ဘဝကို စတင်ကြရန် ဒေးဗစ်အား ပူဆာသည်။ ဒေးဗစ်က လုံးဝငြင်းဆန်သည်။ ကင်ဒီက သူ ကိုယ်ဝန်ရှိလာလျှင် ဒေးဗစ် စိတ်ပြောင်းလာပြီး သူ့ကို မလွဲမသွေ တရားဝင် လက်ထပ်လိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် တားဆေးစားခြင်းကို လုံးဝ ရပ်ထားလိုက်သည်။ မကြာမီတွင်ပင် သူ ကိုယ်ဝန်ရှိလာခဲ့သည်။ ကင်ဒီက သူ့ အခြေအနေကို ဒေးဗစ်အား ပြောပြသည်။ သို့သော်လည်း ဘယ်လိုမှ ထူးခြားမလာ။ ဒေးဗစ်က ကိုယ်ဝန်ကို ဆက်ထားလျှင် သူ ကင်ဒီနှင့် မပေါင်းတော့ဟု အကျပ်ကိုင်သည်။ ကင်ဒီသည် ဆယ်ရက်တိုင်တိုင် မျက်ရည်နှင့် မျက်ခွက် ငိုနေခဲ့ရပြီးနောက် ယခုကဲ့သို့ ကိုယ်ဝန်ဖျက်ချရန် သဘောတူလိုက်ရခြင်း ဖြစ်သည်။

'အို...'

သားအိမ်ထဲမှ နာကျင်မှုတစ်ချက် ဆောင့်ထိုးလိုက်သောကြောင့် ကင်ဒီက တွန့်ခနဲ အော်လိုက်မိသည်။ သွားဆရာဝန်က သွားရင်း အသားနုတစ်နေရာကို ညှပ်နှင့်ထိုးလိုက်သကဲ့သို့ပင် ဖြစ်သည်။ သို့သော် တော်ပါသေးသည်။ နာကျင်မှုသည် မကြာခင်ပင် ပြယ်ပျောက်သွားသည်။

ဒေါက်တာဘန်းဟပ်သည် ထုံဆေးမှတ်တမ်းကို ငုံ့ကြည့်နေရာမှ ခေါင်းထောင်လာသည်။ ထို့နောက် မတ်တတ်ထရပ်ကာ အိသာစကရင်ပြင်ကို လှမ်းကြည့်လိုက်ပြီး–

'အူသိမ်ကို သွားဆွဲမိပြီထင်တယ်'

'မလိုအပ်တဲ့နေရာက အသားကလေး ဖယ်ထုတ်တာပါဗျ'

ဒေါက်တာဖော်လီက ပြန်ပြောလိုက်သည်။

ဒေါက်တာဘန်းဟပ်သည် သူ့နေရာတွင် ပြန်ထိုင်သည်။ ပြီးတော့ ကင်ဒီ၏ မျက်လုံးများကို စိုက်ကြည့်ပြီး–

'ဘာမှ မစိုးရိမ်ပါနဲ့၊ အူသိမ်ကလေးတွေကို သွားထိတော့ ဒီလိုပဲ နည်းနည်းတော့ နာတတ်တာပဲ၊ ဒါပေမဲ့ ခဏလေးပါ၊ ဘယ်လိုနေသေးသလဲ၊ မနာတော့ဘူး မဟုတ်လား'

'ဟုတ်ကဲ့'



www.burmeseclassic.com

ယခုအချိန်အထိ အားလုံး ချောချောမောမော ဖြစ်နေသောကြောင့် ကင်ဒီ စိတ်ချမ်းသာနေသည်။ ဒေါက်တာ ဖော်လီ၏ အမူအရာ ပြောင်းလဲသွားသော်လည်း ကင်ဒီက စိတ်ဓာတ်မကျ။ သမားတော်တစ်ယောက်အနေဖြင့်တော့ ယခင်ကလိုပင် အားကိုးယုံကြည်နေဆဲ ဖြစ်သည်။ သည်ပုဂ္ဂိုလ်ကြီးက အလွန်တော်သည်။ ကင်ဒီ၏အခြေအနေကို နားလည်သည်။ စိတ်ချမ်းသာအောင်လည်း ကူညီသည်။ ဤကိုယ်ဝန်ကို ဖျက်ချသင့် မသင့် ကင်ဒီအနေဖြင့် မဆုံးဖြတ်နိုင်ဘဲ ရှိနေစဉ်တွင် ဒေါက်တာဖော်လီက ဖျက်ချသင့်ကြောင်း အလေးအနက် တိုက်တွန်းပြောဆိုခဲ့သည်။ ကင်ဒီတစ်ယောက်တည်းအနေဖြင့် ကလေးကို ပြုစုစောင့်ရှောက်ရန် ဘယ်လိုမှ မဖြစ်နိုင်ကြောင်း၊ ကိုယ်ဝန်က လေးလရှိနေပြီ ဖြစ်သော်လည်း ဖျက်ချရာတွင် အခက်အခဲ လုံးဝမရှိနိုင်ကြောင်းတို့ကို ကင်ဒီ ယုံကြည်လက်ခံလာသည်အထိ စိတ်ရှည်ရှည်ဖြင့် အေးအေးဆေးဆေး ပြောပြခဲ့သည်။

သူ့အား ကိုယ်ဝန်ဖျက်ချရန် အဓိကတိုက်တွန်းခဲ့သူများမှာ ဒေါက်တာဖော်လီနှင့် ဂျူလီယံဆေးရုံမှ သက်ဆိုင်ရာပုဂ္ဂိုလ်များပင် ဖြစ်သည်။ တစ်ဆက်တည်းတွင် သားကြောပါ ဖြတ်ပေးရန် ကင်ဒီက တောင်းဆိုသည်။ ဒေါက်တာဖော်လီက တားသည်။ ကင်ဒီ၏ အသက်မှာ ၃၆ နှစ်ရှိနေပြီ။ ထို့ပြင် တော်တော်နှင့် အိမ်ထောင်ပြုမည်လည်း မဟုတ်သေးသဖြင့် သားကြောဖြတ်စရာ မလိုဟု ပြောသည်။ သို့သော် ကင်ဒီက အကျောက်အကန် တိုက်တွန်းသောအခါ ဒေါက်တာဖော်လီက အလျှော့ပေးလိုက်ရသည်။

'ကစ်ဒနေ ခွက်ပေး'

ဒေါက်တာဖော်လီ၏အသံ ကြားရတော့မှ ကင်ဒီ၏ စိတ်အာရုံသည် ပစ္စုပ္ပန်တည့်တည့်သို့ ပြန်ရောက်လာပြီး သံပစ္စည်းကိရိယာချင်း ပွတ်တိုက်သံများ ကြားလာရသည်။

'ဘက်ကော့ ညှပ်'

ဒေါက်တာဖော်လီက ထပ်တောင်းပြန်သည်။

ကင်ဒီက မျက်လုံးကို နောက်လှန်ပြီး ဒေါက်တာဘန်းဟပ်ကို ပင့်ကြည့်သည်။ မျက်လုံးများကိုသာ မြင်ရသည်။ တခြား မျက်နှာတစ်ပြင်လုံးကို ခွဲစိတ်ခန်းခေါင်းစွပ်ဖြင့် ဖုံးအုပ်ထားသည်။ သို့သော် ဒေါက်တာဘန်းဟပ်က သူ့ကို ပြုံးပြနေသည်ဟုတော့ ကင်ဒီ သေချာပေါက် ပြောနိုင်သည်။ သူသည် မျက်လုံးကို စုံမှိတ်ပြီး ကိုယ်ရောစိတ်ရော ပေါ့ပေါ့ကလေး လွှင့်မျှောထားလိုက်သည်။ နောက်ထပ် သူ ကြားရသောအသံက ဒေါက်တာဘန်းဟပ်၏ အသံ။

'ကိုင်း... အားလုံး ပြီးသွားပြီ ကင်ဒီ'





မျက်လုံးများကို ခဲခဲယဉ်းယဉ်း ပြန်ဖွင့်ကာ မှုန်ဝါးဝါး မြင်ကွင်းကို စူးစိုက်၍ ကြည့်နေသည်။ ရုပ်မြင်သံကြားမှန်ပြင်ကို ကြည့်နေရသလိုပင် ဖြစ်သည်။ ပထမတွင် တရှဲရှဲ တဝူးဝူးအသံတွေ၊ စကားပြောသံတွေ ကြားရသည်။ နောက်တော့မှ တဖြည်းဖြည်းနှင့် ရုပ်ပုံတွေ ပေါ်လာသည်။

အခန်းတံခါး ပွင့်သွားသည်။ ဆေးရုံလုပ်သားတစ်ယောက်က လက်တွန်းခုတင်ကို တွန်းဝင်လာသည်။

'ဒေါက်တာ ဖော်လီ ဘယ်မှာလဲ' ကင်ဒီက မေးလိုက်သည်။

'နာလန်ထအခန်းရောက်တော့မှ သူလာကြည့်လိမ့်မယ်' ဒေါက်တာဘန်းဟပ်က ပြောသည်။ 'အခြေအနေ အားလုံးကောင်းပါတယ်၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး'

ဒေါက်တာက အားဆေးသွင်းပုလင်းကို လက်တွန်းခုတင်သို့ ပြောင်းဆွဲလိုက်သည်။

ကင်ဒီက ခေါင်းတစ်ချက် ညိတ်ပြသည်။ ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက် စီးဆင်းလာသည်။ သူ့တစ်သက်လုံး ကလေးမရနိုင်တော့ဟူသော အတွေးကို သေသေနက်နက် မတွေးမိသေးမီတွင် သူနာပြုဆရာတစ်ယောက်က သူ့လက်ကို လာကိုင်သည်။

'ကင်ဒီ၊ လက်တွန်းခုတင်ပေါ် ထပ်ပြောင်းပေးမယ်နော်'

ဆေးချင်းကပ် အကူခန်းတွင်တော့ ဒေါက်တာဖော်လီသည် အဖြူရောင် မျက်နှာသုတ်ပဝါနှင့် ဖုံးထားသော သံချေးမတက်နိုင်သည့် သံမဏိဇလုံကို အာရုံစူးစိုက်လျက် ရှိသည်။ သူသည် ဇလုံထဲမှပစ္စည်း ကောင်းမွန်စွာ ရှိမရှိကို သိရန် မျက်နှာသုတ်ပဝါကို အသာလှပ်ကြည့်သည်။ သူ ကျေနပ်သွားသည်။ ဇလုံကို ကောက်ယူပြီး စင်္ကြံလမ်းအတိုင်း လျှောက်လာသည်။ ထို့နောက် ရောဂါရှာဖွေရေးဌာနသို့ သွားရန် လှေကားမှ ဆင်းလာသည်။

လုပ်ဖော်ကိုင်ဖက်များနှင့် ဆေးရုံအမှုထမ်းများက သူ့ကို လှမ်း၍ နှုတ်ဆက်ကြသည်။ သို့သော် သူက ၎င်းတို့အား အလျဉ်းဂရုမစိုက်ဘဲ ပင်မ ခွဲစိတ်ခန်းကြီးရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။ စင်္ကြံလမ်းရှည်ကြီးသို့ ရောက်လာသည်။ အဆုံးရောက်တော့ အမှတ်အသား ဘာမှမရှိသော တံခါးပေါက်တစ်ခုရှေ့မှာ ရပ်လိုက်သည်။ နမူနာပစ္စည်းဇလုံကို လက်တစ်ဖက်ဖြင့် သေချာစွာ ထိန်းကိုင်ထားပြီး အင်္ကျီအိတ်ထဲမှ သော့ကို ထုတ်ယူလိုက်သည်။ တံခါးသော့ခလောက်ကို ဖွင့်သည်။ ထိုအခန်းမှာ ပြတင်းပေါက်မရှိသော ဓာတ်ခွဲခန်းကျဉ်းကျဉ်းကလေးသာ ဖြစ်သည်။ ဒေါက်တာဖော်လီသည် အခန်းထဲသို့ ဟန်ပါပါဖြင့် ဖြည်းဖြည်းဝင်သည်။ တံခါး

www.burmeseclassic.com



ရှက်ကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ ဇလုံကို ကောင်တာပေါ်တွင် တင်ထားလိုက်သည်၊ သူသည် နေရာတွင် တုံ့ခနဲရပ်နေလိုက်သည်။ နားထင်နှစ်ဖက်မှ ရှတ်တရက် အကျင်မှု ထိုးတက်လာပြီး နောက်သို့ ယိုင်သွားသလို ခံစားလိုက်ရသောကြောင့် ဖြစ်သည်။ ကောင်တာပေါ်တွင် လက်ထောက်ပြီး ကိုယ်ကို ထိန်းထားသည်၊ နံရံပေါ်မှ နာရီကြီးကို မော့်ကြည့်လိုက်သည်။ မိနစ်လက်တံက ငါးမိနစ်အတွင်းသို့ ဆတ်ခနဲ ခုန်ကူးသွားသောကြောင့် ရင်ထဲထိတ်ခနဲ ဖြစ်သွားမိသည်။

ဒေါက်တာဖော်လီသည် အချိန်တိုကလေးအတွင်း လျင်မြန်စွာ ငြိမ်သက်စွာဖြင့် အလုပ်တွေ အများကြီးပြီးအောင် လုပ်ပစ်လိုက်သည်။ ထို့နောက် အခန်းအလယ်မှ သစ်သားသေတ္တာကြီးပေါ်သို့တက်ပြီး အဖုံးကို ဖွင့်သည်။ သေတ္တာကြီးထဲတွင် နောက်ထပ် သေတ္တာတစ်လုံး ရှိသေးသည်။ ကလန့်ကိုဖြုတ်ပြီး အဖုံးကို ဖွင့်လိုက်သည်။ သေတ္တာထဲတွင် ရေခဲအောက်ခံဖြင့် တခြားသန္ဓေသား မြောက်မြားစွာ ပုံပန်းမပျက် ရှိနေကြသည်။ ဒေါက်တာဖော်လီသည် သန္ဓေသားအသစ်ကို ရေခဲပေါ်တွင် ဂရုတစိုက် နေရာချထားလိုက်ပြီးနောက် သေတ္တာအဖုံးကို ပြန်ပိတ်လိုက်လေသည်။

နောက်မိနစ် ၂၀ ခန့်အကြာတွင် အကျီအဖြူ၊ ဆောင်းဘီအပြာဝတ်ထားသော ဆေးရုံလုပ်သားတစ်ယောက်သည် ဆိုင်းဘုတ်မရှိသော ဓာတ်ခွဲခန်းကလေးထဲသို့ လက်တွန်းလှည်းတစ်ခုကို တွန်းဝင်လာသည်။ ရေခဲသေတ္တာကို မယူပြီး သစ်သားသေတ္တာထဲတွင် ထည့်သည်။ ထို့နောက် ပစ္စည်းသယ် ဓာတ်လှေကားကို အသုံးပြုကာ သစ်သားသေတ္တာကို ကုန်တင်ဌာနသို့ သယ်ချလာသည်။ ပြီးတော့ ကားပေါ်သို့ တင်ပေးလိုက်သည်။

ထိုမှ နောက်မိနစ်၄၀ ခန့် ကြာသောအခါတွင်ကား သစ်သားသေတ္တာကြီးကို ကားဖြင့် တင်ယူသွားပြီး နယူးဂျာစီပြည်နယ်၊ တီတာဘိုရိုလေဆိပ်မှ ပင်လယ်ကူးသွား ဂျက်လေယာဉ်ကြီးတစ်စင်း၏ ကုန်တင်ခန်းထဲသို့ ထိုးတင်ပေးလိုက်လေတော့သည်။

*

အဒမ်ရှန်းဘတ်သည် မျက်တောင်များ တဖျတ်ဖျတ်ခတ်ကာ အိပ်ရာမှ နိုးလာသည်။ အိပ်ခန်းထဲတွင် မှောင်မည်းနေသည်။ အရေးပေါ် အချက်ပေး ဥဩဆွဲသံများ ကြားနေရသည်။ ရဲကားလား၊ ဆေးရုံလူနာတင် ကားလား၊ မီးသတ်ကားလားတော့ သူမသိ။ မကြာခင်မှာပင် ဥဩဆွဲသံများ တဖြည်းဖြည်းနှင့် ဝေးသွားသည်။

အချိန်ကား နယူးယောက်မြို့၏ နံနက်ခင်း။

အဒမ်သည် နွေးထွေးသောစောင်အောက်မှ လက်တစ်ဖက်ထုတ်ပြီး သူ့





မျက်မှန်ကို စမ်း၍ ရှာသည်။ ထို့နောက် သူ့ဘက်သို့ မျက်နှာလှည့်ထားသော နာရီရေဒီယိုကို လှမ်းကြည့်လိုက်သည်။ ၄နာရီ ၄၇ မိနစ်။

မှုလ်တုန်းက နှိုးစက်ခလုတ်ကို ငါးနာရီတွင် ချထားခဲ့သည်။ ခလုတ်ကို သူ ပြန်ပိတ်ထားခဲ့ခြင်းအတွက် ဝမ်းသာမိသည်။ လက်ကို စောင်အောက်မှ ဆုတ်ကာ ဆက်ပြီး မှိန်းနေသည်။ ၁၅ မိနစ်လောက်တော့ အချိန်ရသေးသည်။ ပြီးတော့မှ အိပ်ရာမှထပြီး ရေချိုးခန်းဝင်မည်။

ဘယ်ဘက်သို့ တစောင်းလှည့်လိုက်သည်။ အိပ်ပျော်နေသော ဂျင်နီဖာ၏ ကိုယ်နှင့် ထိမိသည်။ ဂျင်နီဖာက အဒမ်၏ ချစ်ဇနီးကလေး။ အသက်က ၂၃ နှစ်။ သူတို့၏ အိမ်ထောင်သက်မှာ တစ်နှစ်ခွဲသာ ရှိသေးသည်။

ဂျင်နီဖာသည် စည်းချက်မှန်မှန် အသက်ရှူရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ ဂျင်နီဖာမှာ အမြဲတမ်း ခုန်ပျံလှုပ်ရှားနေရသော ကချေ သည်မကလေးတစ်ယောက်ဖြစ်သော်လည်း သူ့အသားအရေက အလွန်နူးညံ့သည်။ အစက်အပြောက်ကလေးများ အလျဉ်းကင်းစင်ကာ ကြည်လင်ချောမွတ်နေသည်။ အသားအရောင်က သံလွင်ရောင် ရေးရေးကလေး ပြေးနေသည်။ တောင်ပိုင်း ဥရောပသွေးစပ်သောအရောင် ဖြစ်သည်။ သို့သော် ဒါက အဓိကအချက်မဟုတ်။ ဂျင်နီဖာကတော့ သူ့မျိုးဆက်သွေးသည် ဖခင်ဘက်မှ အင်္ဂလိပ်နှင့် အိုင်းရစ်သွေးပါပြီး မိခင်ဘက်မှ ဂျာမန်နှင့် ပိုလန်သွေးပါသည်ဟု ဂုဏ်ယူပြောပြလေ့ ရှိသည်။

ဂျင်နီဖာသည် ခြေနှစ်ဖက်ကို ဆန့်တန်းကာ သက်မချလိုက်သည်။ တစောင်းပြန်၍ ပက်လက်အနေအထားသို့ ပြောင်းလိုက်သည်။ အဒမ်၏ ကိုယ်ကို တွန်းမိလျက်သား ဖြစ်သွားသည်။ အဒမ်က ပြုံးလိုက်သည်။ သူ့ဇနီးကလေးမှာ အိပ်ပျော်နေတာတောင်မှ ရှုမဝအောင် ကျက်သရေရှိလှသည် ဟု ထင်မိသည်။ ဂျင်နီဖာက စိတ်ဓာတ်လည်း ပြင်းထန်သည်။ တစ်ခါတစ်ခါ ခေါင်းမာလွန်းသည်ဟုပင် အဒမ်က ထင်သည်။ သို့သော် ဒါကိုပင် အဒမ်က ချစ်မဝအောင် ဖြစ်နေမိသည်။

အဒမ်သည် နာရီကို ထပ်ကြည့်လိုက်သည်။ ၄နာရီ ၅၈ မိနစ် ရှိသွားပြီ။ အိပ်ရာမှ မထချင် ထချင်နှင့် ထသည်။ အိပ်ခန်းကိုဖြတ်ပြီး ရေချိုးခန်းသို့ အလာတွင် သံသေတ္တာဟောင်းကြီးကို ခြေဖျားနှင့် ဝင်တိုက်မိသည်။ နာလွန်းသဖြင့် စုတ်တသပ်သပ်ဖြင့် ရေချိုးခန်းထဲသို့ တရွတ်ဆွဲ ဝင်လာခဲ့သည်။ ရေချိုးကန်စောင်းတွင်ထိုင်လျက် ခြေထောက်အနာကို ကြည့်သည်။ တကယ်တော့ သူသည် နာကျင်မှုကို ထူးထူးခြားခြား မခံနိုင်သူတစ်ယောက် ဖြစ်သည်။ နာကျင်မှုဒဏ်ကို သည်းမခံနိုင်သောကြောင့်လည်း အထက်တန်းကျောင်းသားဘဝတုန်းက ဘောလုံးသမားကောင်းတစ်ယောက် မဖြစ်ခဲ့ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အရုပ်အမောင်းလည်း ကောင်းတော့ လူတိုင်က ပင် သူ့အား အသင်းခေါင်းဆောင် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ကွယ်လွန်သူ သူ့အစ်ကို ဒေးဗစ်လည်း တစ်မြို့လုံးတွင် အတော်ဆုံး ဘောလုံးသမားတစ်ယောက် ဖြစ်ခဲ့သည်။ သို့သော် တကယ့်ပွဲကျတော့ သူ့မှာ ခြေထောက်တွင် ဒဏ်ရာရသွားပြီး ဘောလုံးကို ရာသက်ပန် စွန့်လွှတ်လိုက်ရတော့သည်။

အဒမ်သည် အတိတ်သို့ ရောက်သွားသော စိတ်အာရုံကို ပြန်သိမ်းကာ ကမန်းကတန်း ရေချိုးသည်။ ရေချိုးပြီးတော့ မုတ်ဆိတ်ရိတ်သည်။ ခေါင်းဖြီးသည်။ အဝတ်လဲသည်။ ပြီးတော့ သူ့ရုပ်ကို မှန်ထဲတွင် လျှပ်တစ်ပြက်ကြည့်ပြီး မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ ကော်ဖီအိုးတည်ရင်း မီးဖိုခန်းကို အကဲခတ်လိုက်သည်။

တစ်ခန်းလုံး အဖိုးမတန်သော အိုးခွက်ပန်းကန်များဖြင့် ပြန့်ကျဲနေသည်။ သူ ဆေးကျောင်းမှ ဆင်းပြီးလျှင် သူ့ဇနီးကလေးအား အိမ်ကောင်းကောင်းနှင့် ထားနိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ စာရေးစားပွဲပေါ်တွင် ညတုန်းက ကျက်မှတ် လေ့လာထားသော စာရွက်စာတမ်းများ စုပုံနေသည်။

ရုတ်တရက် စိုးရိမ်စိတ် ဝင်လာမိသည်။ နောက်လေးနာရီဆိုလျှင် ဆေးကျောင်းမှ ဌာနမှူး ဒေါက်တာသယ်ယာနော်တန်နှင့် သွားတွေ့ရမည်။ သူ လေ့လာထားသော သင်ခန်းစာများကို ဒေါက်တာနော်တန်ရှေ့တွင် ပြန်လည် ရှင်းလင်းတင်ပြရမည်။ သူ့ဖခင်က စကားပြောကောင်းသလောက် သူက လူရှေ့သူရှေ့ စကားမပြောတတ်၍ အဒမ် စိတ်ဓာတ်ကျမိသည်။

ယခု ရှင်းလင်းပွဲမှာ တော်တော် အရေးကြီးသည်။ ခက်လည်း တော်တော် ခက်သည်။ ဒေါက်တာ နော်တန်က အလွန်စေ့စပ်သေချာသူ ဖြစ်သည်။ ထို့ကြောင့်လည်း အဒမ်သည် သင်ခန်းစာများကို အလွတ်ကျက်ရန် နေမထွက်ခင်ကပင် အိပ်ရာမှ ထခဲ့ခြင်း ဖြစ်သည်။

သူက လည်ချောင်းကို ရှင်းလိုက်သည်။ ထို့နောက် နယူးယောက်မြို့ နံနက်ခင်း၏ ဆူညံနေသော အသံဗလံများကို မေ့ပျောက်ပစ်လိုက်ပြီး လေ့ကျင့်ခန်းများကို သရုပ်ပါပါဖြင့် ပြန်လည်လေ့ကျင့်တော့သည်။ သူ့ကိုယ်သူ ဒေါက်တာနော်တန်ရှေ့၌ ရပ်ကာ ရှင်းပြနေသည့်ဟန်ဖြင့် အသံထွက်၍ လေ့ကျင့်နေတော့သည်။

အကြောင်းနှစ်ချက်ကြောင့်သာ မဟုတ်ခဲ့လျှင် ဂျင်နီဖာသည် ၁၀ နာရီအထိ အိပ်ရာမှထမည် မဟုတ်။ တစ်ကြောင်းက ကိုးနာရီတွင် ဆရာဝန်နှင့် သွားတွေ့ရန် ချိန်းထားသောကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းက မနက်





၇ နာရီ ၁၅ မိနစ်လောက်တွင် အပူရှိန်က အိပ်ရာထဲတွင် မနေနိုင်လောက်အောင် ပြင်းလွန်းသောကြောင့် ဖြစ်သည်။

ချွေးပြန်လာသောကြောင့် စောင်ကို ခွာပစ်လိုက်သည်။ အိပ်ရာမှ ချက်ချင်း မထသေးဘဲ မနေ့က သွေးလန့်စရာဖြစ်ရပ်ကို ပြန်တွေးနေမိသည်။

သူ့ကိုယ်သူ ဘယ်လိုမှ ကိုယ်ဝန်မရှိနိုင်ပါဘူးဟု ထင်နေခဲ့ရာမှ မနေ့ကကျတော့ သံသယစိတ်က ပိုပြီးကြီးထွားလာခဲ့သည်။ သို့ဖြင့် ကုန်တိုက်သို့ပြေးကာ အိမ်သုံးကိုယ်ဝန်စစ် ကိရိယာတစ်ခု ဝယ်ယူလာခဲ့သည်။ ပုံမှန်လာနေကျ ဓမ္မတာလာသည်မှာ နှစ်ပတ်ပင် ကျော်သွားပြီ။ မနက်အိပ်ရာမှ ထတော့လည်း အော့ချင်သလို၊ အန်ချင်သလို ခံစားရသည်။ ထို့ကြောင့်လည်း သူ့ကိုယ်သူ မသင်္ကာဖြစ်သာပြီး ကိုယ်ဝန်စစ်ကိရိယာ သွားဝယ်မိခဲ့ခြင်း ဖြစ်သည်။ သူက အဒမ့်ကို ဒုက္ခမပေးချင်။ အဒမ်သည် ဘာကြောင့်မှန်းမသိ၊ ယခုတလော တော်တော် စိတ်တိုနေသည်။ ထို့ကြောင့် မိမိဘက်မှ သေချာမှသာ အဒမ်ကို အသိပေးချင်သည်။

ကိုယ်ဝန်စစ်ကိရိယာနှင့် စမ်းသပ်ကြည့်တော့ ကိုယ်ဝန်ရှိသည်ဟု သိရသည်။ ထို့ကြောင့် မီးယပ်ဆရာဝန်နှင့် ယနေ့သွားပြရမည်။

မှတင်ပေါ်မှ ဖြည်းဖြည်းကလေး ဆင်းသည်။ ကချေသည်တွေက ဓာတ်ခုံပေါ်တွင် အရှိုးမရှိသလို ပျော့ပျောင်း ညွှတ်ကွေးနေကြသော်လည်း အိပ်ရာထကျတော့ တစ်ကိုယ်လုံး မာတောင့် နာကျင်နေတတ်ကြသည်။ ခြေထောက်ကြွက်သားများကို ကွေးဆန့်လိုက်သည်။ ရင်ထဲမှ အော်ဂလီဆန်ပြီး ပျို့တက်လာသည်။

'အို... ဘုရား၊ ဘုရား'

အသံထွက်၍ပင် ညည်းတွားလိုက်မိသည်။ တကယ်လို့များ ကိုယ်ဝန်ရှိနေပြီဆိုလျှင် ဘယ်လိုလုပ်ရပါ့။ သူတို့လင်မယားတွင် ဝင်ငွေဆို၍ ဂျက်ဆင်ကွန်ရက်ဓာတ်အဖွဲ့တွင် သူ ကပြ၍ရသော ဝင်ငွေတစ်ခုသာ ရှိသည်။ ဖေဖေနှင့် အဒမ်တို့ မသိအောင် မေမေက တိတ်တိတ်ကလေး ပေးနေသော ပိုက်ဆံကလည်း ဆိုသလောက်ကလေးမျှသာ။ သည်ကြားထဲ နောက်ထပ် ကလေးတစ်ယောက် တိုးလာလျှင် ဘယ်ကပိုက်ဆံနှင့် ပြုစုစောင့်ရှောက်မှာလဲ။ အေးလေ၊ အတိအကျ သိရသေးဘဲနှင့် တွေးပူနေလို့ မဖြစ်သေးပါဘူး။ ကိုယ်ဝန်စစ်ကိရိယာကလည်း မှားချင် မှားဦးမှာပဲ။ ပြီးတော့ သားအိမ်ထဲ သံကွင်းလည်း ထည့်ထားတာပဲဟာ။ သံကွင်းထည့်တာက တားဆေးပြီးရင် စိတ်အချရဆုံးလို့ ပြောတာပဲ။ ဘာပဲပြောပြော ဒေါက်တာဗန်းဒါမားနှင့် တွေ့ရတော့မှပဲ အဖြေပေါ်တော့မှာပါ။ ဒေါက်တာဗန်းဒါမားနှင့် တွေ့ဖို့ ကလည်း လွယ်တာမဟုတ်ဘူး။ သူ့ဆေးခန်းမှာ ကိုယ့်လိုလူတွေက ရာနှင့်ချီပြီး တန်းစီနေကြရာ။ အဒမ်က ဆေးကျောင်းသားတစ်ယောက်မို့ သူက လက်ခံတာကိုပဲ ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဖာသည် သူ့မေမေ ပေးထားသော ဆိုနီနာရီ ရေဒီယိုကလေးကို လှည့်ကြည့်လိုက်သည်။ သို့သော် သည်အကြောင်း အဒမ့်ကိုတော့ လုံးဝ မပြောပြ။ အဒမ်က တော်တော် ကချီကချောင်နိုင်သည်။ ဂျင်နီဖာ့မိဘများ၏ အကူအညီကို နည်းနည်းကလေးမှ မလိုချင်။ သူက 'အကူအညီ'လို့တောင် မခေါ်။ 'အနှောင့်အယှက်'ဟုသာ ခေါ်သည်။ ဒါကြောင့်မို့လည်း အဒမ်သည် ဖခင် ဒေါက်တာ အေးဗစ်ရှုန်းဘတ်နှင့် အကြောမတည့်တာ ဖြစ်ရမည်ဟု ဂျင်နီဖာ ထင်သည်။ သူ့ဖခင်က အဒမ် ဂျင်နီဖာနှင့် လက်ထပ်တာကိုလည်း လုံးဝ သဘောမတူခဲ့။ သို့သော် အဒမ်ကတော့ ခေါင်းမာလှသည်။ ကိုယ် ကြိုက်တဲ့မိန်းမ ကိုယ်ရွေးယူမည်။ မိဘအမွေအနှစ် ခြူးတစ်ပြားမှ မရလျှင်လည်း နေပါစေဟုပြောပြီး ဂျင်နီဖာကို ဇွတ်လက်ထပ်ယူခဲ့သည်။

သို့ပေမဲ့ သူသဘောမတူသော ချွေးမကလေးမှာ ကလေးရတော့မည်ဆိုတာ သိရလျှင် ဒေါက်တာအိုကြီး ဘယ်လိုများနေလိမ့်မည်နည်းဟု ဂျင်နီဖာက တွေးမိသည်။

ဂျင်နီဖာသည် တောင့်တင်းနေသော ခြေထောက်များကို ဖြည်းဖြည်းလှမ်းကာ မှန်ရှေ့ကို လာခဲ့သည်။ ရှည်လျားညိုမောင်း စိုပြည်သော ဆံပင် များကို ဖြီးသင်သည်။ ဝိုင်းဝန်းသွယ်လျသော သူ့မျက်နှာက ဆွဲဆောင်မှု အပြည့်ရှိသည်။ ကြည်စင်တောက်ပနေသော မျက်လုံးပြာများတွင် စိုးရိမ်ရိပ်များသန်းနေသည်။ အေးလေ၊ ကိုယ့်ဘက်က သေချာတော့မှ အဒမ့်ကို ပြောပြတာ ပိုကောင်းပါတယ်။

ယဲ့ယဲ့ကလေး ပြုံးလိုက်ပြီးနောက် ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

အဒမ်က သူ့မိန့်ခွန်းကို ဆယ်ကြိမ်မြောက် ထပ်မံ လေ့ကျင့်နေဆဲ။

'တစ်ယောက်တည်း စကားပြောနေတာဟာ ရူးသွပ်ခြင်းရဲ့ ပထမဆုံး လက္ခဏာပဲ မဟုတ်လား'

ဂျင်နီဖာက နောက်လိုက်သည်။

'အံမယ် ကိုယ့်ဇနီးကလေး တယ်တော်ပါလား၊ ကိုယ်က "အိပ်ပျော်နေတဲ့ မင်းသမီးကလေး"တော့ မွန်းမတည့်တဲ့ ဒီလောက် တွေးခေါ်ဉာဏ်ကောင်းလိမ့်မယ်လို့ လုံးဝ မထင်မိလို့ပါပဲ'

'ဒါနဲ့ မောင့်သင်ခန်းစာတွေ တော်တော် ကျေသွားပြီလား ဟင်'

ဂျင်နီဖာက လင်တော်မောင်၏ ပခုံးကို သိုင်းဖက်ရင်း မျက်နှာကို မော့ကြည့်လိုက်သည်။

'ကိုယ့်မှာ နောက်ထပ် အချိန်၁၅ မိနစ်ပဲ ကျန်တော့တယ်၊ ကိုယ် ပြောနိုင်





ဘာကတော့ အဲဒါလောက်ပဲ'သူက ကိုယ်ကို ကိုင်းကာ ဂျင်နီဖာအား နမ်းလိုက်သည်။

'အို... မစိုးရိမ်ပါနဲ့ မောင်ရယ်၊ မောင်က တော်ပြီးသားပါ၊ ဒါတော့ ကျွန်မ အတပ်ပြောနိုင်ပါတယ်၊ ဒါနဲ့ ကျွန်မရှေ့မှာ အစမ်းလေ့ကျင့်ကြည့်ပါလား မောင်'သူက ပန်းကန်ထဲသို့ ကော်ဖီငှဲ့ထည့်ပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ 'လူနာက ဘာရောဂါတဲ့လဲ မောင်'

'လောလောဆယ် စမ်းသပ်ချက်အရတော့ ကိုယ်လက်လှုပ်ရှားလို့ မရတဲ့ ရောဂါပဲ'

'ဘယ်လိုရောဂါမျိုးပါလိမ့်နော်'

'အာရုံကြောနဲ့ဆိုင်တဲ့ ရောဂါပေါ့၊ ဒီရောဂါမျိုးက တစ်ကိုယ်လုံး အကြောတွေ သေပြီး မလှုပ်မရှားနိုင်အောင် ဖြစ်သွားနိုင်တယ်၊ စိတ်ရောဂါအတွက်ပေးတဲ့ တချို့ဆေးတွေကြောင့် ဘေးထွက်အကျိုးဖြစ်ပေါ်လာတာ'

ဂျင်နီဖာက ဘာမှနားမလည်သော်လည်း စိတ်ဝင်စားဟန် နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သို့သော် အဒမ့်အဖို့ အချိန်တစ်မိနစ်သာ ကျန်တော့သောအချိန်တွင် ဂျင်နီဖာ၏ စိတ်အာရုံက သူ့ဗိုက်ထဲမှ ကိုယ်ဝန်ကိုသာ ပြန်လည်တွေးနေမိတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## [၂]

ဒေါက်တာ ကလပ်ဗန်ဒါမား၏ ရုံးခန်းသည် ၃၆ လမ်းတွင် ရှိသည်။ ပတ်ရိုပ်သာလမ်းနှင့် ကပ်နေသည်။ ဂျင်နီဖာသည် လက်ဇင်တန်ရိုပ်သာလမ်းမှ မြေအောက်ရထားစီး၍ ၃၆ လမ်းသို့ လာခဲ့သည်။ အဆောက်အအုံက တိုက်ခန်းပေါင်းများစွာရှိသော အဆောက်အအုံကြီး။ တံခါးဝတွင် ဝတ်စုံဝတ်ထားသော ဒရဝမ်ကစောင့်နေသည်။ ပါရဂူရုံးခန်းများသို့သွားသော အဝင်ဝမှာ ပင်မတံခါးမကြီး၏လက်ယာဘက်တွင် ရှိသည်။

ဂျင်နီဖာသည် ဝင်းတံခါးကို ဖွင့်လိုက်သည်။ ဆေးဝါးမျိုးစုံအနံ့များက သူ့နှာခေါင်းဝကို လာတိုးသည်။ သူက သားဖွားနှင့် မီးယပ်ဆရာဝန်ထံ သွားရမည်ကို အလွန်ကြောက်သည်။ သွားချင်စိတ်လည်း လုံးဝမရှိ။ ယခု မလာမဖြစ်၍လာခဲ့ရတော့ သူ့စိတ်ထဲတွင် မကြည်မသာ ဖြစ်မိသည်။

ခန်းလုံးပြည့် ကော်ဇောခင်းထားသော ခန်းမကြီးထဲသို့ လျှောက်ဝင်လာခဲ့သည်။ အခန်းတံခါးဝတွင် ရွှေစာလုံးနှင့် ရေးထားသော ဆိုင်းဘုတ်များကိုလျှောက်ဖတ်လာသည်။ သွားရောဂါ ဆရာဝန်နှစ်ယောက်နှင့် သူငယ်နာကု ပါရဂူတစ်ယောက်တို့၏ ရုံးခန်းများကို ဖြတ်လာခဲ့ပြီးနောက် "သားဖွားနှင့် မီးယပ်ပါရဂူများ"ဟူသော ဆိုင်းဘုတ်တပ်ထားသည် အခန်းသို့ ရောက်လာသည်။ ယင်းဆိုင်းဘုတ်အောက်တွင် ပါရဂူများ၏ နာမည်များကို တန်းစီရေးသားထားသည်။ ဒုတိယနာမည်က ကလပ်ဗန်ဒါမား။

ဂျင်နီဖာသည် အပေါ်ကုတ်အင်္ကျီကိုချွတ်ပြီး လက်မောင်းပေါ်မှာ တင်လိုက်သည်။ ရုံးခန်းတံခါးကို ဖွင့်လိုက်သည်။ ယခင်က လာဖူး၍ ကောင်းကောင်းမှတ်မိနေသည်။

အဝင်ဝနှင့် မျက်နှာချင်းဆိုင်တွင် ရွှေ့ပြောင်း၍ရသော မှန်ခန်းဆီးကာထားသည်။ ခန်းဆီးနောက်တွင် ဆေးခန်းစာရေးမ ထိုင်နေသည်။

အခန်းထဲတွင် တခြားအမျိုးသမီးများလည်း ရောက်နေကြသည်။ ဂျင်နီဖာက တစ်ယောက်ချင်း ရေတွက်လို့တော့ မကြည့်မိ။ သို့သော် ခန့်မှန်းခြေ တစ်ဒါဇင်တော့ ကျော်လိမ့်မည်ဟု ထင်သည်။ အားလုံးပင် အဖိုးတန်ဝတ်ကောင်းစားလှများ





ဝတ်စားထားကြသည်။ အများစုမှာ စာဖတ်နေကြသည်။ တချို့ကတော့ ဇာထိုးပန်းထိုးနေကြသည်။

ဂျင်နီဖာက စာရေးမထံတွင် မှတ်ပုံတင် စာရင်းပေးသည်။ ဘယ်လောက်ကြာဦးမှာလဲဟု မေးကြည့်တော့ စာရေးမက ခန့်မှန်းလို့ မရဘူး ဟု ပြောသည်။ သို့နှင့် ပြတင်းပေါက်နားမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်သည်။ ကော်ဖီစားပွဲပေါ်မှ "နယူးယောက်ကား" ဂျာနယ်ကို ကောက်ယူပြီး ကြိုးစားဖတ်ကြည့်သည်။ သို့သော် စိတ်က စာထဲမှာ မရှိ။ အဒမ်ဆီသို့သာ ပြန်ရောက်နေသည်။ ကိုယ်ဝန်ကိစ္စအဒမ်သိလျှင် ဘယ်လိုများ ပြောလိမ့်မလဲဟု တွေးပူ နေမိသည်။

နှစ်နာရီနှင့် ဆယ့်ငါးမိနစ်တိတိ ထိုင်စောင့်ရပြီး နောက်မှ ဂျင်နီဖာအလှည့်သို့ ရောက်သည်။ သူနာပြုဆရာမနောက်မှ စမ်းသပ်ခန်းထဲသို့ လိုက်လာခဲ့သည်။

'ဝတ်ထားတဲ့ အဝတ်တွေချွတ်ပြီး ဒါကို ပြန်ဝတ်ပါ'ဆရာမက စက္ကူဝတ်စုံကို ကမ်းပေးသည်။ 'ကျွန်မ မကြာခင်ပြန်လာခဲ့မယ်။ ပြီးတော့ ဆရာဝန် စမ်းသပ်လိမ့်မယ်'

ဂျင်နီဖာက ပြန်မေးရန် ပါးစပ်ပြင်နေတုန်းမှာပင် အခန်းတံခါး ပြန်ပိတ်သွားသည်။

စမ်းသပ်ခန်းက ဆယ်ပေပတ်လည်ခန့် ကျယ်သည်။ တစ်ဖက်အစွန်တွင် လိုက်ကာတပ်ထားသော ပြတင်းပေါက်တစ်ပေါက် ရှိသည်။ လက်ယာဘက်တွင် ဒုတိယတံခါးတစ်ပေါက် ရှိသည်။ အခန်းနံရံများကတော့ ပြောင်ချောများဖြစ်သည်။ အခန်းထဲတွင် ပေါင်ချိန်စက်တစ်ခု၊ ပြည့်လျှံနေသော စက္ကူစုတ် ခြင်းတစ်လုံး၊ ခြေနင်းကွင်းပါသော စမ်းသပ်စားပွဲတစ်လုံး၊ အဖုံးဖွင့်ထားသော သံသေတ္တာတစ်လုံးနှင့် ရေစင်တစ်ခု ရှိသည်။

ဒေါက်တာ ဗန်ဒါမားသည် အကောင်းဆုံး သမားတော်ကြီး ဖြစ်သည်ဟု ဆိုကာ အဒမ်က ညွှန်း၍ ပို့ပေးခဲ့သည်။ သို့သော် သူ့ဆေးခန်းကတော့ သူ့ဂုဏ်ဒြပ်နှင့် မလိုက်ဖက်လှဟု ဂျင်နီဖာ ထင်မိသည်။

သူနာပြုဆရာမ မြန်မြန်ပြန်ဝင်မည်ထင်၍ မြန်မြန်ပင် အဝတ်လဲသည်။ သူ၏ကုတ်အင်္ကျီကြီးနှင့် လက်ကိုင်အိတ်တို့ကို ကြမ်းပြင်ပေါ်တွင် ချထားလိုက်သည်။ တခြား အတွင်းခံအဝတ်အစားများကိုတော့ အဖုံးပွင့်နေသော သံသေတ္တာထဲထည့်ထားလိုက်သည်။ တစ်ကိုယ်လုံးမှ အဝတ်များကို ချွတ်လိုက်ပြီးသောအခါစက္ကူဝတ်ရုံကြီးကို ကောက်ဝတ်သည်။ ပြီးတော့ စမ်းသပ်စားပွဲပေါ်တွင်လှဲနေရမှာလား၊ အောက်မှာပင် ရပ်နေရမှာလား သူ မသိ။ ကျောက်ပြားခင်းကြမ်းပြင်တွင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေ၍ သူ့ခြေထောက်တွေ အေးစက်နေပြီ။ သို့နှင့် စားပွဲပေါ်တက်ပြီး အစွန်တွင် ထိုင်နေလိုက်သည်။

သူနာပြုဆရာမ အလောကလေး ဝင်လာသည်။

'စောင့်နေရတာ တောင်းပန်ပါတယ်' ဆရာမက အသံသာသာနှင့် ခပ်ဆတ်ဆတ်ပြောသည်။ 'ကျွန်မတို့က တစ်နေ့ထက်တစ်နေ့ အလုပ်ပိုများလာတယ်၊ ကိုယ်ဝန်ဆောင်တွေကလည်း တစ်ယောက်ပြီးတစ်ယောက် မွေးလိုက်ကြတာ မပြောပါနဲ့တော့'

ဆရာမက ဂျင်နီဖာအား ကိုယ်အလေးချိန်နှင့် သွေးတိုးနှုန်းတို့ကို ခပ်မြန်မြန်ကလေး စစ်ဆေးသည်။ ပြီးနောက် ဆီးနမူနာယူရန် ရေချိုးခန်းသို့ လွှတ်လိုက်သည်။ ဂျင်နီဖာ ပြန်ထွက်လာသောအခါ ဒေါက်တာဖန်ဒါမား ရောက်နေပြီ။

ဒေါက်တာဖန်ဒါမားမှာ ဆရာဝန်ထက် ဓာတ်လိုက်နှင့် ပိုတူနေ သည်။ အရပ်ရှည်သည်။ ဆံပင်နက်သည်။ နားထင်တစ်ဖက်တစ်ချက်တွင်တော့ အဖြူရောင်သန်းစပြုနေကြပြီ။ မျက်နှာက လေးထောင့်စပ်စပ်။ နှုတ်ခမ်းများက ဖြောင့်တန်းနေသည်။ နှာခေါင်းဖျားပေါ်တွင် စာကြည့်မျက်မှန် တပ်ထားသည်။ သူက မျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း နှုတ်ဆက်သည်။

'မင်္ဂလာ နံနက်ခင်းပါ'

သူ့လေသံက ဆက်လက် စကားပြောလိုဟန်မရှိ။ ဂျင်နီဖာအား မျက်လုံးပြာကြီးများနှင့် တစ်ချက်ဝင့်ကြည့်လိုက်သည်။ ပြီးနောက် မှတ်တမ်းကတ်ပြားကို ကြည့်သည်။ သူနာပြုဆရာမက တံခါးကို ပြန်ပိတ်လိုက်ပြီးနောက် သံမဏိဗီရိုထဲမှ ပစ္စည်းများကို ရေစင်တွင် ဆေးကြောရင်း အလုပ်များနေသည်။

'အား . . . ဟုတ်ပြီ၊ မစ္စက် ရွှန်းဘတ်နော်၊ တတိယနှစ် ဆေးကျောင်းသားအဒမ်ရွှန်းဘတ်ရဲ့ မိန်းမ'ဟု ဒေါက်တာဖန်ဒါမားက ပြောသည်။

သူ့စကားက ရိုးရိုးဝါကျလား၊ မေးခွန်းဝါကျလား ဂျင်နီဖာ မပြောတတ်။ သို့သော် သူ အဒမ်၏ဇနီးဖြစ်ကြောင်းကိုတော့ ခေါင်းညိတ်ပြလိုက်သည်။

'အမှန်ပြောရရင် မင်းတို့အတွက် ဒီအချိန်မှာ ကလေးယူသင့်တယ်လို့ ကျုပ် မထင်ဘူး မစ္စက်ရွှန်းဘတ်'

ဂျင်နီဖာ စိတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။

'ကျွန်မကတော့ ကျွန်မမှာ ကိုယ်ဝန်ရှိပြီလို့ မထင်ဘူး ဒေါက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါက်တာ သိမှာပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကွင်းထည့်ခဲ့တာကြောင့်ပါ'

'သံကွင်းက အခု ဘယ်လိုနေသလဲ'





'အခုထိ ရှိနေသေးတယ်လို့ ထင်ပါတယ်'

'အဲဒီလို ဘယ်လိုလုပ်ပြီး ထင်တာလဲ၊ မင်း မသိနိုင်ပါဘူး'

'ကျွန်မ ဒီနေ့မနက်ပဲ စစ်ဆေးကြည့်ခဲ့တယ်၊ ကွင်းတွေက ရှိနေတုန်းပဲ'

ဒေါက်တာက ခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက် ကိုယ်ကို ရှေ့သို့ကိုင်းပြီး မှတ်တမ်းထဲတွင် ခပ်မြန်မြန်ကလေး ရေးမှတ်သည်။ ပြီးတော့ ခေါင်းမော့ပြီး မျက်မှန်ကို ပြန်ချွတ်လိုက်သည်။

'လွန်ခဲ့တဲ့ တစ်နှစ်လောက်က မင်းပေးခဲ့တဲ့ ဆေးမှတ်တမ်းအရ မင်းမှာ ရက်ပိုင်းလောက်သာ အသက်ရှင်ခဲ့တဲ့ မောင်တစ်ယောက် ရှိခဲ့ဖူးတယ်လို့ သိရတယ်'

'အဲဒါဟုတ်ပါတယ် ဒေါက်တာ၊ သူက အင်္ဂါချွတ်ယွင်းပြီး မွေးလာတာပါ'

'အဲဒီတုန်းက မင်းအမေ အသက် ဘယ်လောက်ရှိပြီလဲ'

'၃၆ နှစ်လောက် ရှိမယ်ထင်ပါတယ်'

'ဒီအချက်ကို မင်း သိထားသင့်တယ်၊ ပိုပြီး တိကျသေချာအောင် မေးကြည့်ပါဦး၊ ဒီမှတ်တမ်းမှာ ပြည့်ပြည့်စုံစုံ ရှိစေချင်တယ်'

ဒေါက်တာက ကလောင်တံကို ပြန်ချပြီး နားကြပ်ကို ထုတ်လိုက် သည်။ ပြီးတော့ ဂျင်နီဖာအား ခပ်သွက်သွက်ကလေး စမ်းသပ်စစ်ဆေးသည်။ သို့သော် စေ့စပ်သည်။ သေချာသည်။ မျက်လုံးနှင့် နားတို့ကိုလည်း စမ်းသပ်သည်။ ရင်ဘတ်နှင့် နှလုံးကိုလည်း နားထောင်ကြည့်သည်။ ပြီးတော့ ဒူးဆစ်နှင့် ခြေမျက်စိတို့ကို ခေါက်ကြည့်သည်။ ခြေဖဝါးကို ကုတ်ခြစ်ကြည့်သည်။ တစ်ကိုယ်လုံး အနှံ့အပြားစစ်ဆေးကြည့်သည်။ သူက စကားတစ်ခွန်းမှ မပြော။ ဂျင်နီဖာမှာ ကျွမ်းကျင်သောသားသတ်သမား၏ လက်ထဲမှ အမဲသားတုံးလို ဖြစ်နေသည်။

စမ်းသပ်ပြီးသောအခါ ဒေါက်တာသည် ကုလားထိုင်တွင် ပြန်ထိုင်သည်။ တွေ့ရှိချက်များကို မှတ်တမ်းတွင် ခပ်မြန်မြန် ဖြည့်သွင်းသည်။

ထို့နောက် ဓမ္မတာကိစ္စကို မေးသည်။ နောက်ဆုံး ဘယ်အချိန်က လာခဲ့သလဲဟု မေးသည်။ နောက်ပြီး ထပ်မံ စမ်းသပ်ပြန်သည်။

ဒေါက်တာနှင့် သူနာပြုဆရာမတို့ စကားပြောနေသံကို ကြားရသည်။ အခန်းတံခါးပွင့်သွားပြီး ဆရာမ ပြန်ထွက်သွားသည်ကို မြင်လိုက်ရသည်။

ဒေါက်တာ ကိုယ်ကို မတ်မတ်ပြန်ရပ်လိုက်သည်။

'ဟုတ်ပါတယ်၊ သံကွင်းက သူ့နေရာမှာ ရှိနေတုန်းပဲ၊ ဒါပေမဲ့ ကြည့်ရတာ အောက်ကို နိမ့်ဆင်းနေသလိုပဲ၊ အဲဒါကို ပြန်ထုတ်မှ ဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အခက်အခဲရှိနိုင်သလား ဒေါက်တာ'

'မခက်ပါဘူး၊ သိပ်လွယ်ပါတယ်၊ နန်းစီ ဆွဲထုတ်တဲ့ကိရိယာ သွားယူနေတယ်၊ တစ်စက္ကန့်လောက်ပဲ ကြာမှာပါ'

ဆရာမနန်းစီ ပြန်ဝင်လာသည်။ ဂျင်နီဖာက မမြင်ရ၍ ဆရာမ ဘာပစ္စည်းယူလာမှန်း မသိ။ သို့သော် စိတ်ထဲကတော့ တွန့်ခနဲ တစ်ချက် ခံစားလိုက်မိသည်။

ဒေါက်တာ ဗန်ဒါမားသည် လက်အိတ်စွပ်ထားသော လက်ထဲတွင် ပလတ်စတစ်ကွိုင်တစ်ခုကို ကိုင်ထားသည်။

'မင်းမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ ဟုတ်ပါတယ်' ဒေါက်တာသည် ပြောပြီး ပြန်ထိုင်သည်။ မှတ်တမ်းတွင် တစ်စုံတစ်ရာ ရေးသွင်းပြန်သည်။

ကိုယ်ဝန်စစ် ကိရိယာဖြင့် စစ်ဆေးခဲ့တုန်းက ကိုယ်ဝန်ရှိနေပြီဆိုတာ သိလိုက်ရတော့ ဂျင်နီဖာ ရုတ်တရက် လန့်ဖျပ်သွားမိခဲ့သည်။ ယခုလည်း ယင်းခံစားချက်မျိုး ထပ်မံ ခံစားရပြန်သည်။

'သေချာပါရဲ့လား ဒေါက်တာရယ်'

အသံတုန်တုန်ဖြင့် မေးလိုက်သည်။

ဒေါက်တာက သူ့ကို မော့မကြည့်ဘဲ

'ဓာတ်ခွဲခန်း စစ်ဆေးချက်ရတော့မှ အတိအကျ ပြောနိုင်မယ်၊ ဒါပေမဲ့ ကျုပ်ထင်တာ မမှားနိုင်ပါဘူး'

ဆရာမ နန်းစီသည် နမူနာပုလင်းများတွင် တံဆိပ်စာရွက်များရေးပြီး သွားသည်။ ထို့နောက် ဂျင်နီဖာ၏ခြေထောက်မှ ကြိုးကွင်းများ ဖြုတ်ပေးသည်။ ဂျင်နီဖာက စားပွဲပေါ်တွင် ပြန်ထိုင်သည်။

'အခြေအနေ ကောင်းပါရဲ့လား ဒေါက်တာ'

'အခြေအနေတွေအားလုံး ပုံမှန်အနေအထားမှာ ရှိပါတယ်'

ဒေါက်တာ မှတ်တမ်းကတ် ရေးပြီးသွားသည်။ ထို့နောက် ဂျင်နီဖာဘက်သို့ ပြန်လှည့်လိုက်သည်။ သူ့အမူအရာက ဝင်လာတုန်းကလိုပင် ခပ်တည်တည်။

'ဘယ်လိုဖြစ်လာမယ်ဆိုတာများ ကြိုပြီး ပြောနိုင်ပါသလား ဒေါက်တာ'

ဂျင်နီဖာက အရဲစွန့်ပြီး မေးလိုက်သည်။ တုန်ယင်နေသော လက်ချောင်းများကို ယှက်ပြီး ပေါင်ပေါ်တွင် တင်ထားလိုက်သည်။

'ရှိပါတယ်၊ နန်းစီဗွင်သားက မင်းရဲ့တာဝန်ခံ သူနာပြုဆရာမပဲ' ဒေါက်တာက ဆရာမနန်းစီအား ခေါင်းညိတ်ပြရင်း ပြောသည်။ 'အဲဒါတွေကို သူက အားလုံး ပြောပြလိမ့်မယ်၊ ကျုပ်ကတော့ မင်းကို ပထမခြောက်လအတွင်းမှာ လနှစ်ကြိမ်မှန်မှန် ကြည့်သွားမယ်၊ နောက်ပိုင်းကျတော့ နှစ်ပတ်မှာ တစ်ကြိမ်စီ အဆုံးအထိ ကြည့်





သွားမယ်၊ အဲဒီနောက်ပိုင်း ဘာမှပြဿနာမပေါ်ရင်တော့ တစ်ပတ်တစ်ကြိမ်ကျ စစ်ဆေးသွားမယ်'

ဒေါက်တာ ထိုင်ရာမှထပြီး အခန်းထဲမှ ပြန်ထွက်ရန် ခြေလှမ်းပြင် သည်။

'ကျွန်မလာတဲ့အကြိမ်တိုင်း ဒေါက်တာနဲ့ တွေ့နိုင်မှာလားဟင်'

'အများအားဖြင့်တော့ တွေ့နိုင်ပါတယ်၊ တစ်ခါတလေကျတော့ ကျုပ်က သားဖွားပေးနေရတာနဲ့ ကြုံတတ်တယ်၊ အဲဒီအခါကျတော့ ကျုပ် လက်ထောက် တစ်ယောက်ယောက်က ဒါမှမဟုတ် နန်းစီက စမ်းသပ်ပေးပါလိမ့်မယ်၊ ဘယ်သူပဲ စမ်းသပ် စမ်းသပ် သူတို့က ကျုပ်ဆီကို တိုက်ရိုက်တင် ပြကြမှာပါ၊ ကဲ၊ ဘာမေးစရာရှိသေးလဲ'

ဂျင်နီဖာမှာ မေးစရာတွေကတော့ တစ်ပုံကြီး ရှိသေးသည်။ သို့သော် ဘယ်က စမေးရမှန်း သူမသိ။ ဂျင်နီဖာက သူ့ကိုယ်သူ နိုကိုးရာမယ့်သူလိုလည်း ထင်မိသည်။ ဒေါက်တာက စစ်ဆေးပြီး၍ စိတ်မရှည်တော့ဟုလည်း ထင်မိသည်။ သို့သော် သူက သိချင်လှသဖြင့် အရဲစွန့်၍ ထပ်မေးလိုက်သည်။

'ကျွန်မမိုးဖွားတဲ့အခါ ဘယ်လိုနေမှာလဲ ဒေါက်တာ၊ အခုလို ပုံမှန် လာပြီး စစ်ဆေးခံတဲ့အခါမှာတော့ ဘယ်သူပဲစစ်စစ်ပါ၊ ဒါပေမဲ့ ကလေးမွေးတဲ့အခါကျ တော့ ဒေါက်တာနဲ့ပဲ မွေးချင်ပါတယ်၊ အဲဒီအချိန်မှာ ဒေါက်တာ အပန်းဖြေခရီးတွေ ဘာတွေများ ထွက်နေဦးမှာလားဟင်'

'ကျုပ် ဘယ်အပန်းဖြေခရီးမှ မထွက်ခဲ့တာ ငါးနှစ်တိတိ ရှိပါပြီ မစ္စက်ရွှန်း ဘတ်၊ တစ်ခါတလေ ဆေးပညာအစည်းအဝေး တက်ရတာတော့ ရှိတယ်။ အဲ၊ နောက်တစ်ခုကတော့ သင်္ဘောနဲ့ခရီးထွက်ပြီး သင်တန်းပို့ချဖို့ ရှိတယ်၊ တစ်လ၊ နှစ်လလောက် ကြာလိမ့်မယ်၊ ဒါပေမဲ့ မင်းမွေးမယ့်အချိန်နဲ့ မတိုက်ဆိုင်ပါဘူး၊ ကိုင်း၊ နောက်ထပ် မေးစရာမရှိတော့ရင် နန်းစီနဲ့ပဲ လွှဲထားခဲ့တော့မယ် ဟုတ်လား'

'တစ်ခုမေးပါရစေဦး ဒေါက်တာ၊ ဒေါက်တာက ကျွန်မ မောင်လေးကိုစွ မေးလို့ပါ၊ ကျွန်မမေမေမှာ အင်္ဂါချွတ်ယွင်းတဲ့ကလေး မွေးဖွားတာ ထူးခြားမှု ရှိပါသလား၊ ကျွန်မလည်း အဲဒီလို မွေးလာနိုင်လို့လား'

'အမှန်အတိုင်းပြောရရင် ကျုပ်က အဲဒီအတိုင်း သံသယရှိလို့ပါပဲ' ဒေါက်တာ တံခါးဝသို့ ခြေလှမ်းရင်းမှ 'အဲဒီတော့ မင်းအမေကို မွေးဖွားပေးတဲ့ ဆရာဝန်နာမည်ကို နန်းစီကို ပေးထားခဲ့ပါ၊ ပြီးတော့ မင်းအမေဆီမှာလည်း အသေးစိတ် ထပ်မေးကြည့်ဦး၊ ဒီကြားထဲမှာ မင်းကို မျိုးရိုးဗီဇစစ်ဆေးမှု လုပ်ကြည့် ချင်လို့ပါ၊ ဒါပေမဲ့ စိုးရိမ်စရာရှိမယ်လို့ ကျုပ် မထင်ပါဘူး'

'ဒါနဲ့ ရေမြွှာအိတ်ပေါက်ရင် ဘယ်လိုလုပ်မလဲ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



'လောလောဆယ် ဒီပြဿနာ မပေါ်နိုင်ပါဘူး၊ တကယ်လို့ ပေါ်လာရင်လည်း လေးလမတိုင်မီမှ ဖြစ်မှာပါ၊ ကဲ၊ ကျုပ်ကို ခွင့်ပြုပါဦး၊ နောက် တစ်လကြာမှ တွေ့ကြတာပေါ့'

'တကယ်လို့ ကိုယ်ဝန်ဖျက်ချရင်ကော ဘယ်လိုဖြစ်မှာလဲ ဒေါက်တာ' သူက သူ သိချင်တာတွေကိုသာ အားမနာတမ်း လျှောက်မေးနေသည်။ 'ကျွန်မတို့က ကလေးမလိုချင်ရင် ပြောတာပါ၊ အဲဒါဆိုရင် အခက်အခဲရှိမှာလားဟင်'

ဒေါက်တာဗန်ဒါမားက တံခါးပေါင်ကို လက်တစ်ဖက်ဖြင့် လှမ်းကိုင်ထားပြီးမှ ဂျင်နီဖာရှေ့သို့ ပြန်ဆုတ်လာပြီး–

'မင်း ကိုယ်ဝန်ဖျက်ချဖို့ ကိစ္စကို စိတ်ဝင်စားရင် ကျုပ်နဲ့လာတွေ့တာ လူမှားတာပဲ'

'အို... အဲဒီလိုမဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်မက ဖျက်ချချင်လို့ ပြောတာမဟုတ်ပါဘူး၊ ဒီအချိန်ဟာ ကျွန်မတို့အတွက် ကလေးယူသင့်တယ်လို့ ကျုပ်မထင်ဘူးလို့ ဒေါက်တာကပဲ ပြောခဲ့သေးတယ် မဟုတ်လား၊ ပြီးတော့ ကျွန်မကလည်း ဒီကိစ္စကို ကျွန်မ ခင်ပွန်းကို လုံးဝအသိမပေးရသေးဘူး၊ တကယ်လို့ သူသိသွားရင် ဘယ်လိုအခြေအနေ ဖြစ်လာမယ်ဆိုတာ ကျွန်မ မပြောတတ်သေးဘူး ဒေါက်တာ၊ ကျွန်မတို့က ကျွန်မ ဝင်ငွေတစ်ခုတည်းနဲ့ ရပ်တည်နေကြရလို့ပါ'

'ဘယ်လိုပဲဖြစ်ဖြစ် မိခင်လောင်းရဲ့ ကျန်းမာရေးကိစ္စကြောင့် မဟုတ်ရင် ကျုပ်က ဘယ်တော့မှ ကိုယ်ဝန်ဖျက်မချဘူး'

ဂျင်နီဖာက ခေါင်းညိတ်လိုက်သည်။ ဒေါက်တာက သူ့ခံယူချက်ကို အခိုင်အမာပြောနေကြောင်း ဂျင်နီဖာ အကဲခတ်မိသည်။ ထို့ကြောင့် သူက စကားခေါင်းစဉ်ပြောင်းပြီး 'ဒါနဲ့ ကျွန်မ အလုပ်နဲ့ရော ဘယ်လိုနေမှာလဲ ဒေါက်တာ၊ ကျွန်မအလုပ်က ကချေသည်ပါ၊ ကျွန်မ ဘယ်လောက်ကြာကြာ ဆက်လုပ်နိုင်ပါ့မလဲ'

'ဒီကိစ္စတွေကို နန်စီက ဆက်ပြီး ရှင်းပြလိမ့်မယ်' ဒေါက်တာက နာရီကို ကြည့်လိုက်သည်။ 'ဒီကိစ္စတွေကို သူက ကျုပ်ထက် ပိုသိတယ်၊ ကိုင်း... ဒါဆိုရင်'

ဒေါက်တာက စားပွဲနားမှ ထွက်သွားရန် ခြေလှမ်းလိုက်သည်။

'နောက်တစ်ခု မေးပါရစေဦး ဒေါက်တာ' ဂျင်နီဖာက အတင်း လိုက်မေးနေပြန်သည်။ 'ကျွန်မ မနက်တိုင်း အော်ဂလီဆန်နေပါတယ်၊ အဲဒါ ပုံမှန်ဟုတ်ပါရဲ့လား'

'ဟုတ်ပါတယ်' ဒေါက်တာ အခန်းတံခါးကို ဖွင့်ရင်း ပြောသည်။ 'ဒီလို အော်ဂလီဆန်တာက ကိုယ်ဝန်ဆောင် ငါးဆယ်ရာခိုင်နှုန်းလောက် ဖြစ်လေ့ဖြစ်ထရှိပါတယ်၊ ဒါက အစားအသောက်ရွေးစားရင် ပျောက်သွားပါလိမ့်မယ်၊ ကဲ၊ ဘာတွေ စားရမယ်ဆိုတာ နန်စီကပဲ'





'ဆေးစားလို့ မရဘူးလား ဒေါက်တာ'

'ကိုယ်ဝန်ဆောင်ရဲ့ အာဟာရဓာတ်ကို မထိခိုက်ရင် အော်ဂလီဆန်တာအတွက်တော့ ဆေးပေးစရာ မလိုပါဘူး၊ ကိုင်း၊ ကျုပ်သွားဦးမယ်၊ နောက်တစ်လမှ ထပ်ဆုံကြတာပေါ့'

ဂျင်နီဖာက နောက်ထပ် ဘာမှ မမေးလိုက်နိုင်ခင်မှာပင် ဒေါက်တာဗန်ဒါမားက တံခါးအပြင်ဘက်သို့ ရောက်သွားခဲ့ပြီ။

အခန်းတံခါး ပြန်ပိတ်သွားသည်။

ဂျင်နီဖာနှင့် ဆရာမနန်စီတို့သာ ကျန်ရစ်တော့သည်။

'ကိုယ်ဝန်ဆောင် မိခင်လောင်းအတွက် အစားအသောက်ဟာ သိပ်ပြီး အရေးကြီးတယ်'

ဆရာမနန်စီက ဂျင်နီဖာအား အစားအသောက် လမ်းညွှန်စာရွက်စာတမ်းတွေ တစ်ထပ်ကြီး ထုတ်ပေးသည်။

ဂျင်နီဖာက သက်မတစ်ချက် ချလိုက်သည်။ ပြီးတော့ ပိတ်ထားသော တံခါးရွက်မှ မျက်နှာလွှဲကာ သူ့လက်ထဲမှ စာရွက်များကို ကြည့်လိုက်သည်။

သူ့စိတ်အာရုံသည် အတွေးမျိုးစုံ၊ ခံစားမှုမျိုးစုံကြားတွင် ဝဲဂယက်ပုံမှာ ချာလည်လည်နေသည်။

❖

www.burmeseclassic.com

www.burmeseclassic.com

# [၃]

အဒမ်သည် ၁၂ လမ်းပေါ်တွင် လျှောက်နေရင်းမှ အနောက်ဘက်သို့ လှည့်လိုက်သည်။ လေနှင့် မိုးနှင့် ရှေ့ဆိုင်လျက်သား ဖြစ်သွားသည်။ အချိန်က ခုနစ်နာရီခွဲသာ ရှိသေးသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသည်။

သွားရမည့်ခရီးက တစ်ပြဝက်လောက်သာ ရှိတော့သည်။ သူ့မှာ ထီးလည်း ပါလာသည်။ သို့သော် သူ့ထီးက လေဒဏ်ကို မခံနိုင်။ လေတစ်ချက်ဇောင့်လိုက်တိုင်း နောက်သို့ လန်လန်သွားသည်။ လူတစ်ကိုယ်လုံးလည်း စိုရွှဲပြီး ခိုက်ခိုက်တုန်နေပြီ။ သည်ထက် ပိုဆိုးသည်က သူ အလွန်မောပန်းနေခြင်းဖြစ်သည်။ စိတ်လည်း မောနေသည်။ လူလည်း ပန်းနေသည်။ ဒေါက်တာနော်တန်ရှေ့တွင် အရေးကြီးသော တင်ပြချက်တွေအားလုံး မအောင်မြင်ခဲ့။ သူ့သဒ္ဒါအသုံးအနှုန်းများသွားသဖြင့် ဒေါက်တာနော်တန်က နှစ်ကြိမ်တိတိ သတိပေးသည်။ ဤတွင် သူ့အတွေးများ ပြန့်ကျဲကုန်သည်။ ထို့ပြင်လည်း လူနာ၏ ရောဂါရာဇဝင်တစ်ခုကို တင်ပြရာတွင် အဓိကအချက်တွေကို မေ့ကျန်ရစ်ခဲ့သေးသည်။ နောက်ဆုံးတွင် ဒေါက်တာနော်တန်က သူ၏လက်ထောက်ဆရာဝန်ကို ခေါင်းညိတ်ပြပြီး နောက်တစ်ယောက်ကို ခေါ်လိုက်တော့သည်။

ထို့နောက်တွင်တော့ တစ်နေ့လည်း ကုန်စေရန်၊ လူနည်းသောဌာနအတွက်လည်း အကူအညီရစေရန် အဒမ်အား အရေးပေါ်လူနာခန်းသို့ ပို့လိုက်သည်။ ပြီးတော့ ကိုယ့်ကိုယ်ကို သတ်သေရန် ကြံစည်သော မိန်းကလေးတစ်ယောက်၏ အစာအိမ်ကို ပိုက်နှင့် စုပ်ထုတ်ခိုင်းသည်။ ဤလုပ်ငန်းတွင် အတွေ့အကြုံမရှိ၍ သူလုပ်ပုံမဟုတ်သောကြောင့် မိန်းကလေးပါးစပ်မှ အန်ဖတ်တွေ ထွက်လာသည်။ ထို့နောက် တာဝန်ပြီးဆုံးရန် ၁၅ မိနစ်အလိုတွင်မှ ပန်ကရိရောင်နေသော ၅၂ နှစ်အရွယ် လူတစ်ယောက်ကို စစ်ဆေးစမ်းသပ်ခိုင်းပြန်သည်။ ထို့ကြောင့် သူ အိမ်ပြန်နောက်ကျရခြင်း ဖြစ်သည်။

သူတို့ တိုက်ခန်းအပြင်မှ လမ်းကျဉ်းကလေးကို ဖြတ်လာတော့ မြူနီစီပယ်က တစ်ပတ်သုံးကြိမ်စီ လာပုံထားသော ဘူးခွံ၊ ပုလင်းခွံ အစုတ်ပုံကြီးကို တွေ့ရသည်။ ဘူးခွံ၊ ပုလင်းခွံတွေက ယနေ့မှ ပိုများနေသလို ထင်ရသည်။ အရိုး





ပြိုင်းပြိုင်းထနေသော ကြောင်နှစ်ကောင်က မိုးကို အန်တုကာ ဘူးခွံပုလင်းခွံတွေကြားတွင် မွှေနှောက် ကျက်စားနေကြသည်။

အဒမ်သည် သူတို့တိုက်ခန်း တံခါးရှေ့သို့ ဝင်ကပ်ပြီး အသုံးမကျသော သူ့ထီးကို ပြန်ပိတ်လိုက်သည်။ ရှေးဟောင်း ဆင်ဝင်ခန်းမကြီးထဲတွင် ခေတ္တရပ်ပြီး မောစစ်နေသည်။ ထို့နောက် အတွင်းတံခါးကိုဖွင့်ပြီး သူတို့အခန်းသို့ လှေကားသုံးထစ်လှမ်း၍ တက်လာခဲ့သည်။

သော့ခလောက်တွေ တစ်ပြုံကြီးတပ်ထားသော တံခါးကိုဖွင့်ရင်းမှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ သူတို့ နေထိုင်ခဲ့ပြီးသော တစ်နှစ်ခွဲကာလအတွင်း နှစ်ကြိမ်တိတိ သော့ခလောက်ကို ရိုက်ချိုးခံခဲ့ရသည်။ သို့သော် တစ်စုံတစ်ရာ အပျောက်အရှတော့ မရှိ။ ဂေန္တတော့ ဖောက်ထွင်းဝင်မှုသည် သူတို့အခန်းထဲမှ ကျိုးပဲ့ဟောင်းနွမ်းနေသော အိမ်ထောင်ပရိဘောဂတွေကိုမြင်ပြီး စိတ်ပျက်လက်ပျက်နှင့် ပြန်ထွက်သွားကြဟန်တူသည်။

'ဂျင် … ဂျင်ရေ'

အဒမ်က တံခါးကိုဖွင့်ရင်း အတွင်းသို့ လှမ်းခေါ်လိုက်သည်။

'ကျွန်မ မီးဖိုထဲမှာ မောင်၊ ကျွန်မ အခုချက်ချင်း လာခဲ့မယ်'

အဒမ်က မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်သည်။ သူ ဆေးရုံတွင် လက်တွေ့ဆင်းနေ၍ အိမ်ပြန်ချိန်က မမှန်။ ဂျင်နီဖာက သူနှင့်အတူ ညစာစားရန် အမြဲတမ်းစောင့်နေရသည်ချည်းပင်။

မီးဖိုခန်းမှ ထွက်လာသော ဟင်းနံ့ကလေးမွှေးမွှေးကို ရှူရှိုက်ရင်း အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ဂျက်ကက်အင်္ကျီကို ချွတ်လိုက်သည်။ ပြီးတော့ ဧည့်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ ဂျင်နီဖာက လင်တော်မောင်အား အဆင်သင့် စောင့်နေသည်။

အဒမ် ရုတ်တရက် အံ့အားသင့်သွားမိသည်။

ဂျင်နီဖာသည် မီးဖိုချောင်ဝတ် ရှေ့ဖုံးခါးစည်းအင်္ကျီကို ဝတ်ထားသည်။ နောက်မြင့် ရှေ့ထိုးဖိနပ်ကို စီးထားသည်။ ဆံပင်ကို တည့်တည့် ဖြီးချထားပြီး မျက်နှာကိုတော့ ဖော်ထားသည်။ သူ့မျက်နှာကတော့ မှိုင်ရသောမျက်နှာကို မြူးရွှင်လန်းဆန်းနေသည်။

သူသည် ဂန္ထဝင် ဘဲလေးကချေသည်တစ်ယောက်ပမာ လက်နှစ်ဖက်ကို ရှေ့သို့မြှောက်ကာ ဖြည်းဖြည်းညင်သာစွာ ဝဲ၍ ကလိုက်သည်။ သူ့ကိုယ်ကို အလှည့်တွင် ခါးစည်းအင်္ကျီနောက်ဘက်မှ အတွင်းခံ ဇာသားအင်္ကျီစ ထွက်နေသည်ကို အဒမ်က မြင်သည်။

အဒမ်က ပြုံးကြည့်နေသည်။ ပြီးတော့ ဂျင်နီဖာအား နောက်ပြောင်သည့်သဖြင့် ရှေ့မှ ခါးစည်းအင်္ကျီစကို ဆွဲလှန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို… အို… မလုပ်ပါနဲ့၊ သိပ်မဆွဲပါနဲ့'

ဂျင်နီဖာက ပြောင်စပ်စပ်နှင့် ပြောသည်။

'ဒါက ဘာလုပ်တာလဲဟင်' အဒမ်က ရယ်ပြီးမေးသည်။

'ကျွန်မက အလှဘုရင်မဖြစ်အောင် လေ့ကျင့်နေတာလေ'

'ဒါနဲ့ အဲဒီအင်္ကျီက အဆန်းပါလား၊ ဘယ်က ရလာတာလဲ'

ဂျင်နီဖာက ခါးစည်းအင်္ကျီကို ဆွဲလှန်ပြီး ဘဲလေးကချေသည်လို တစ်ပတ်ဝင့်ကရင်း–

'ဒီညနေ ဘွန်ဝစ်ကုန်တိုက်က ဝယ်ခဲ့တာ'

'အမယ်လေး ဘာလုပ်ဖို့လဲ ဂျင်ရယ်'

အဒမ်က ဘယ်လောက်များ ပေးရပါလိမ့်ဟု တွေးပြီး ရင်ဖိုနေသည်။ သူက ဂျင်နီဖာကြိုက်တာ ဝယ်တတ်တာကိုတော့ မတားလို။ သို့သော် သူတို့ဝင်ငွေကိုတော့ ကြည့်ရမည် မဟုတ်လား။

ဂျင်နီဖာက အကရပ်လိုက်သည်။

'ကျွန်မကို မောင်က အမြဲတမ်း စွဲချစ်နေအောင်လို့ ဝယ်ဝတ်တာပါ မောင်ရယ်'

'မင်းက ဒီထက်ပိုပြီး စွဲမက်စရာကောင်းနေရင် ကိုယ်တော့ ဆေးကျောင်းတောင် ဆက်တက်လို့ ရတော့မှာမဟုတ်ဘူး။ ကိုယ်ချစ်အောင်ဆိုပြီး အထူးအဆန်းတွေ ဝတ်နေစရာ မလိုတော့ပါဘူး၊ မင်းက ပင်ကိုအတိုင်းပဲ လှပြီးသားပါ'

'ကျွန်မက ပင်ကိုအတိုင်း မကြိုက်ဘူး'

ဂျင်နီဖာက နှုတ်ခမ်းစူကလေးနှင့် ပြောသည်။

'ကိုယ်တော့ ကြိုက်တယ်၊ မင်းက ထပ်ပြီး အလှဆင်ဖို့ မလိုတဲ့လှပါ'

'မောင်က တကယ်ကြိုက်လို့ ပြောတာလား'

'တကယ်ကြိုက်လို့ ပြောတာပေါ့'

ဂျင်နီဖာ၏ မျက်နှာ ဝင်းလက်သွားသည်။

'ကျွန်မက ခေတ်ဆန်တာနဲ့ ခေတ်မဆန်တာကြားမှာပဲ နေချင်တာ၊ ကဲ– မောင်၊ ရေချိုးခန်းထဲ ချီတက်ပြီး ရေမိုးချိုးတော့၊ ပြီးတော့ မောင့်ကိုယ် မောင် ဘုရင်တစ်ပါးလို ထင်ရအောင် ကျွန်မက နတ်သုဒ္ဓါတွေနဲ့ ညစာကျွေးမယ်၊ ကဲ– သွားတော့'

ဂျင်နီဖာက လင်တော်မောင်အား အိပ်ခန်းထဲသို့ တွန်းပို့လိုက်သည်။ အဒမ်က ဘာမှပြန်မပြောနိုင်မီမှာပင် အခန်းတံခါး ဂျိန်းခနဲ ပြန်ပိတ်သွားတော့သည်။





အဒမ် ရေချိုးပြီး၍ ပြန်ထွက်လာတော့ ဧည့်ခန်း အဆင်အပြင် အပြောင်းအလဲကြီး ပြောင်းလဲနေသည်ကို တွေ့ရသည်။ မီးဖိုခန်းထဲမှ စားပွဲကို ယူပြီး ညစာပြင်ဆင်ထားသည်။ စားပွဲပေါ်တွင် ဝိုင်အရက်ပုလင်းနှစ်ပုလင်း တင်ထားသည်။ ပုလင်းပေါ်တွင် ဖယောင်းတိုင်နှစ်တိုင် ထွန်းထားသည်။ လျှပ်စစ်မီးရောင် လုံးဝမထွန်း။ ဖယောင်းတိုင်မီးရောင်အောက်တွင် ငွေထည် ပန်းကန်ပြားများ ဘလက်လက် တောက်နေကြသည်။ သူတို့တွင် ငွေထည်ပန်းကန်ပြားသည် နှစ်ချပ်သာ ရှိသည်။ နှစ်ချပ်စလုံး ဂျင်နီဖာ၏ မိဘများထံမှ ပေးသော လက်ဆောင်ပစ္စည်းများချည်း ဖြစ်သည်။ တစ်ချပ်က မင်္ဂလာလက်ဆောင်။ နောက်တစ်ချပ်က အိမ်ထောင်သက် တစ်နှစ်မြောက်လက်ဆောင်။

ယင်းပစ္စည်းများကို သူတို့က သုံးခဲ့သည်။ ငွေရောင်စက္ကူနှင့် သေသေသပ်သပ်ထုတ်ပြီး ရေခဲသေတ္တာထဲ သိမ်းထားသည်။

အဒမ်က မီးဖိုခန်းသို့ လာခဲ့ပြီး တံခါးဝတွင် မှီ၍ ရပ်ကြည့်နေသည်။ ဂျင်နီဖာက ခေါက်မြင့်ဖိနပ်ကြီး တဝွပ်ဝွပ်နှင့် ပျာယာခတ်မျှ အလုပ်များနေသည်။ အဒမ်က ဇနီးသည်ကိုကြည့်ပြီး ပြုံးမိသည်။

ယခု သည်မီးဖိုခန်းထဲမှာ မကြုံစဖူး အမွှေးမြူးနှင့် အလုပ်ရှုပ်နေသော မိန်းကလေးသည် သူ့ဇနီး ဂျင်နီဖာမှ ဟုတ်ပါသေးရဲ့လား။

ဂျင်နီဖာက တံခါးဝတွင် အဒမ် ရောက်နေသည်ကို သတိပြုမိသည်။ သို့သော် သူက လုံးဝဂရုမစိုက်။

အဒမ်က လည်ချောင်းတစ်ချက်ရှင်းပြီး မေးလိုက်သည်။

'ဂျင်နီဖာ မင်း ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်ကို ကျေးဇူးပြုပြီး လင်းစမ်းပါဦး'

ဂျင်နီဖာက တုတ်တုတ်ပင် မလှုပ်။ သူက ခွင်ပေါ်မှ အိုးကိုဖွင့်ပြီး ဇွန်းနှင့် မွှေနေသည်။ ပြီးတော့ အိုးကို စင်ပေါ်တင်လိုက်သည်။ အဒမ်က ဇွန်းကို လှမ်းကြည့်လိုက်တော့ ဆန်ပြုတ်ထမင်း ဖြစ်နေသည်။ 'ဟာ ပိုက်ဆံတော့ တော်တော် ကုန်တော့မှာပဲ' ဟု အဒမ်က တွေးလိုက်မိသည်။ ထို့နောက် စင်းတီတုံးပေါ်မှ ဘဲကင်ကို တွေ့လိုက်ပြန်တော့ အဒမ် မျက်လုံးပြူးသွားသည်။

'ဂျင်နီဖာ…'

အဒမ်က စိတ်တိုသံဖြင့် ခေါ်လိုက်သည်။

ဂျင်နီဖာက တစ်ပတ်လှည့်ပြီး ဝိုင်ပုလင်းနှင့် ဖောက်တံကို အဒမ့် လက်ထဲ အတင်းထိုးပေးသည်။ အဒမ်က နှစ်ခုလုံး ကြမ်းပြင်ပေါ် လွတ်မကျအောင် မနည်း ဆိန်းထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ညစာချက်နေတာလေ၊ မောင်လည်း ဝင်ကူပါဦး၊ ဝိုင်ပုလင်းကို ဖောက်လိုက်စမ်းပါ'

အဒမ်က တအံ့တဩဖြင့် ဝိုင်ပုလင်းကို ဧည့်ခန်းထဲသို့ ယူသွားပြီး အဖုံးကို ဖောက်ဖွင့်လိုက်သည်။ ပြီးတော့ ဖန်ခွက်ထဲ နည်းနည်းထည့်၍ မီးရောင်တွင် မြှောက်ကြည့်သည်။

အားပါး တကယ့်ကို အကောင်းစား ပတ္တမြားအရောင်ပါလား။

အဒမ်က မြည်းကြည့်မလို့ လုပ်နေတုန်း မီးဖိုထဲမှ လှမ်းခေါ်သောကြောင့် ပြေးလာခဲ့ရပြန်သည်။

'လောလောဆယ် ခွဲစိတ်ဆရာဝန်တစ်ယောက် လိုတယ်'

ဂျင်နီဖာက သားလှီးဓားကြီးကို ကမ်းပေးရင်း ပြောသည်။

'ကိုယ်က ဒါကြီးနဲ့ ဘာလုပ်ရမှာလဲ'

'ဘဲကင်ကို နှစ်ခြမ်းစိတ်'

အဒမ်က ပထမတွင် ဘဲကင်ကို အသာအယာ လှီးနေသည်။ သိပ်ပြီး ဟန်မကျ။ နောက်ဆုံးတော့ အားနှင့်ခုတ်ပိုင်းပြီး နှစ်ခြမ်းစိတ်လိုက်သည်။

'ကဲ၊ ပြောစမ်းပါဦး မယ်မင်းကြီးမရဲ့၊ ဒါတွေက ဘယ်လို ဘယ်လိုဖြစ်လာတာလဲလို့'

'ကျွန်မက မောင့်ကို ဇိမ်ကျကျနဲ့ ညစာကောင်းကောင်း ကျွေးချင်လို့ပေါ့'

'ဒီတော့ ပြောစမ်းပါဦး၊ ထုတ်ဖော်ဝန်မခံနိုင်တဲ့ အထွေအထူး ရည်ရွယ်ချက်များ ရှိလို့လား'

'ဒါပေါ့၊ ရှိတာပေါ့၊ မောင့်ကို ပြောစရာ အထူးရှိတယ်၊ ဒါပေမဲ့ ခုတော့ မပြောနိုင်သေးဘူး၊ အားရပါးရ ပွဲတော်တည်ပြီးမှ ပြောပြမယ်'

သည်ည ညစာကတော့ သူတို့အဖို့ တကယ့်ပွဲတော်အစစ်ပါပဲ။ သို့သော် ပဲဟင်းကတော့ နည်းနည်း အကျက်လွန်သည်။ ထမင်းကလည်း နည်းနည်းမာသည်။ သို့သော်လည်း ဘဲကင်နှင့် ဝိုင်အရက်ကတော့ ဂျင်နီဖာ ပြောသည့်အတိုင်း တကယ့်ကို နတ်သဒ္ဒါလို အရသာရှိလှသည်။

ထမင်းဟင်းတွေက အရသာရှိလှတော့ အဒမ်မှာ စားရင်း သောက်ရင်းပင် အိပ်ချင်ငိုက်မျဉ်း ဖြစ်လာသည်။ တစ်ချက်တစ်ချက် ငိုက်ခနဲဖြစ်ဖြစ် သွား၍ သူ့ ကိုယ်သူ မနည်းထိန်းနေရသည်။ နောက်ဆုံး အိပ်ချင်ပြေအောင် အာရုံပြောင်းပြီး ဂျင်နီဖာကိုသာ စိတ်ဝင်စားစွာ စိုက်ကြည့်နေတော့သည်။

ဂျင်နီဖာမှာ ဖယောင်းတိုင်မီးရောင်ဖြင့် ရှုမငြီးနိုင်အောင် ထူးထူးခြားခြား အလှတွေ တိုးနေသည်။





သူ့ကိုယ်ပေါ်တွင် ရှေ့ဖုံးခါးစည်းအကျႌ မရှိတော့။ ရေမွှေးပန်းရောင် ပါးပါးအိအိ ဘလောက်အကျႌကိုသာ ဝတ်ထားသည်။

အဒမ်၏မျက်စိထဲတွင် ဂျင်နီဖာ၏ ရုပ်သွင်သည် ရုတ်တရက် မှုန်ဝါးသွားသည်။ သူ ထိုင်နေလျက်သား ခေတ္တမျှ ငိုက်မျဉ်းသွားသောကြောင့် ဖြစ်သည်။

'မောင် ဘယ်လိုဖြစ်တာလဲ၊ နေလို့မှ ကောင်းရဲ့လားဟင်'

ဂျင်နီဖာက သူ့ကိုယ်ဝန်ကိစ္စ စတင်ပြောတော့မည် လုပ်နေတုန်း အဒမ် အခြေအနေကိုကြည့်၍ မေးလိုက်သည်။

'ဩော်... အင်း... နေကောင်းပါတယ်၊ ဘယ်လိုမှ မဖြစ်ပါဘူး'

အဒမ်က သူအိပ်ငိုက်နေပြီဖြစ်ကြောင်း ဝန်မခံချင်၍ ပြန်ပြောလိုက် သည်။

'အဲဒါဆိုရင် ကျွန်မ စပြောတော့မယ်၊ နားထောင် ညွှန်ကြားချက်အတိုင်း ကျွန်မ သွားလုပ်တယ်၊ ဘာလုပ်တာလဲ သိလား၊ မှန်းကြည့်စမ်းပါ'

'ဘာလုပ်တာလဲ'

'တကယ်ရှိနေပြီ၊ သိလား'

'ဘာရှိတာလဲ'

'ဟင်... မောင်ကလည်း ကျွန်မပြောတာ နားထောင်နေတာမှ ဟုတ်ပါရဲ့လား'

'ကိုယ် နားထောင်နေပါတယ်၊ စိတ်က တခြား နည်းနည်း ရောက်သွားလို့ပါ၊ ခွင့်လွှတ်ပါ၊ ကိုယ် တောင်းပန်ပါတယ်၊ ကဲ... အစက ပြန်ပြော'

'တခြားမဟုတ်ဘူး မောင်၊ ကျွန်မ ဗိုက်ထဲမှာ မောင့်ရင်သွေးကလေး ရှိနေပြီဆိုတာ ပြောမလို့ပါ၊ ကျွန်မ မနေ့က ကိုယ့်ဘာသာကိုယ် ကိုယ်ဝန်စစ်ကိရိယာနဲ့လည်း စမ်းကြည့်တယ်၊ ဒီနေ့မနက်ကလည်း ဒေါက်တာဗန်ဒါမားဆီ သွားခဲ့တယ် မောင်'

အဒမ်သည် ရုတ်တရက် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ပြီးတော့မှ–

'မင်း အလကား နောက်ပြောနေတာလားဟင်'

'အို၊ မောင်ကလည်း နောက်ရမှာလား၊ ကျွန်မ အဟုတ် တကယ်ပြောနေတာပါ'

ဂျင်နီဖာက အဒမ်၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ ရင်ထဲကလည်း တဒိတ်ဒိတ်နှင့် ခုန်နေသည်။ သူက အမှတ်မထင် လက်သီးနှစ်ဖက်ကို ဆုပ်ထားလိုက်သည်။

'မင်း တကယ်မနောက်ပါဘူးနော်' အဒမ်မှာ ရယ်ရမှာလား၊ ငိုရမှာလား မသိအောင်ဖြစ်နေသည်။ 'မင်း တကယ်ပြောနေတာနော်'



www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်ပါတယ်၊ တကယ်ပြောနေတာပါ၊ ယုံစမ်းပါ မောင်၊ ကျွန်မ တကယ်ပြောနေတာပါ’

သူ့အသံတွေ တုန်နေသည်။ သည်စကားကြားရတော့ အဒမ်တစ်ယောက် ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာလုံးဆို့နေလိမ့်မည်ဟု သူက မျှော်လင့်ထားခဲ့သည်။

သို့သော် လက်တွေ့အခြေအနေက မျှော်လင့်သလို ဖြစ်မလာ။

ဂျင်နီဖာ ထိုင်ရာမှထပြီး အဒမ့်ဆီးတွင် လာရပ်သည်။ ပြီးတော့ အဒမ့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက်

‘မောင် ... မောင့်ကိုလေ ကျွန်မ သိပ်ကိုချစ်တာပဲ မောင်ရယ်’

‘ကိုယ်ကလည်း ချစ်ပါတယ် ဂျင်နီဖာ၊ ဒါပေမဲ့ ဒါက အဓိကအကြောင်း မဟုတ်သေးဘူး’

ဂျင်နီဖာ၏ လက်နှစ်ဖက်ကို ဖယ်ချပြီး သူ ထရပ်လိုက်သည်။

‘ကျွန်မကတော့ အဓိကအကြောင်းလို့ပဲ ထင်တယ် မောင်’

အဒမ် ထသွားတာကို ဂျင်နီဖာ ကြည့်နေသည်။ သူ့စိတ်ထဲကတော့ သူ့ကို အဒမ်က ပွေ့ဖက်ပြီး ဝမ်းသာလိုက်တာ အချစ်ရယ်ဟု ပြောတာကို ကြားချင်သည်။ သို့သော် အဒမ်ကတော့

‘အဲဒီတော့ ဟိုပလက်စတစ်ကွင်း ထည့်ထားတာက ဘယ်လိုဖြစ်တာလဲ’

‘အဲဒါမအောင်မြင်လို့ပေါ့၊ တကယ်တော့ အခုလိုဖြစ်လာတာ ဘုရားသခင် ဖန်ဆင်းပေးတာလို့ပဲ လက်ခံသင့်ပါတယ် မောင်ရယ်၊ မဟုတ်ဘူးလားနော်’

သူက မဝံ့မရဲ ပြုံးလိုက်သည်။

အဒမ်က အခန်းထဲ ဟိုလျှောက် သည်လျှောက်လုပ်ရင်း တွေးနေမိသည်။

ကလေးမွေးတော့မယ်၊ ဘယ်လိုလုပ် ကျွေးမွေးနိုင်ပါ့မလဲ၊ လင်ကိုယ် မယားကိုယ် နှစ်ယောက်တည့်တောင်မှ အနိုင်နိုင် ရုန်းနေကြရတာ၊ အကြွေးကလည်း နှစ်သောင်းလောက်တောင် တင်နေပြီ။

ဂျင်နီဖာက အဒမ့်ကို မလှုပ်မယှက် အကဲခတ်နေသည်။

ဒေါက်တာ ဗန်ဒါမားထံမှ ပြန်ထွက်လာကတည်းကပင် သူက စိုးရိမ် စိတ်ဝင်နေခဲ့သည်။

ထို့ကြောင့်လည်း သူက ထူးထူးခြားခြား ညစာစားပွဲ ကျင်းပ၍ လင်တော် မောင်ကို အေးအေးဆေးဆေး ပြောပြမည်ဟု ရည်ရွယ်ပြီး ဟင်းကောင်းကျွေးမွန်တွေ ဝယ်ယူလာခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုအချိန်တွင် ညစာစားပွဲ ပြီးဆုံးသွားခဲ့ပြီ။

ရလဒ်ကတော့ သူ့မှာ ကိုယ်ဝန်ရှိနေပြီ။ သို့သော် အဒမ့်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ မရှိ ဟူသော အသိသာ အဖတ်တင် ကျန်ရစ်သည်။





နောက်ဆုံး သူက ပြန်လည်ထုချေသံဖြင့် ပြောလိုက်သည်။

‘ဒါနဲ့ မောင်ကလည်း ကလေးလိုချင်လှတယ်လို့ အမြဲတမ်း ပြောခဲ့တယ် မဟုတ်လား’

အဒမ်က ဖျင်ကြမ်းကော်ဇောအလယ်မှာ ရပ်နေရင်းမှ ဇနီးသည်အား လှည့်ကြည့်သည်။

‘ကိုယ်က လိုချင်လှပါတယ်လို့ ပြောတာလည်း အဓိကအကြောင်း မဟုတ်ဘူး၊ ကိုယ်ကလေးလိုချင်တာ မှန်ပါတယ်၊ ဒါပေမဲ့ ခု မလိုချင်သေးဘူး၊ အခု ကိုယ်ဝန်ရှိလာပြီဆိုတော့ ကိုယ်တို့ ဘယ်လိုလုပ်ကြမှာလဲ၊ ဘယ်လိုနေကြရတော့မှာလဲ၊ လောလောဆယ် မင်းအနေနဲ့ အလုပ်က ထွက်ရတော့မှာကတော့ သေချာတယ်၊ ဟုတ်တယ် မဟုတ်လား’

‘ဟုတ်ပါတယ်၊ မကြာခင် ထွက်ရမှာပဲ’

‘ကဲ...အဲဒီတော့ ဘယ်လိုလုပ်ကြမှာလဲ၊ ပိုက်ဆံ ဘယ်ကရမှာလဲ၊ ကိုယ်က ကျောင်းကထွက်ပြီး ချက်ချင်း သတောင်းစာလိုက်ပို့လို့လည်း ရနိုင်တာ မဟုတ်ဘူး၊ ဘုရား၊ ဘုရား တကယ်လည်း မလွယ်ပါလား၊ ကိုယ်တော့ ဒီလိုအခြေအနေမျိုး ရောက်လာလိမ့်မယ်လို့ လုံးဝမထင်ခဲ့တာ အမှန်ပဲ ဂျင်နီဖာ’

‘မောင်ထင်သလောက်လည်း စိုးရိမ်နေစရာ မလိုပါဘူး၊ ကျွန်မ မိဘတွေ ရှိနေတာပဲ’ သူက မျက်ရည်ကိုထိန်းပြီး ပြောသည်။

အဒမ်က မော့်ကြည့်သည်။ သူ့နှုတ်ခမ်းတွေ တင်းမာနေသည်။

ဂျင်နီဖာက အမြန်ထပ်ပြောလိုက်သည်။

‘ကျွန်မ မိဘတွေဆီက အထောက်အပံ့ယူတာကို မောင်မကြိုက်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မတို့မှာ ကလေးရလာတဲ့အခါတော့ တစ်မျိုးပေါ့၊ သူတို့ကလည်း လိုလိုချင်ချင် ထောက်ပံ့မှာ သေချာပါတယ်’

‘ဩော်... ဟုတ်လား၊ သိပ်သေချာတယ် ဟုတ်လား’

အဒမ်က သရော်သံဖြင့် ပြန်မေးလိုက်သည်။

‘ဟုတ်ပါတယ်၊ တကယ်သေချာပါတယ်၊ ဒီနေ့ ကျွန်မ သူတို့ဆီဝင်ပြီး အကျိုးအကြောင်း ပြောပြခဲ့ပြီးပြီ။ ဖေဖေက ကျွန်မတို့ကို သူတို့နဲ့ အတူလာနေဖို့ ပြောတယ်၊ အိန်ဂျယ်ဝုမှာပဲ သူတို့နဲ့အတူ လာနေပါတဲ့၊ မောင်သိတဲ့အတိုင်း အိမ်က အကျယ်ကြီးပါ၊ အဲဒီတော့ သူတို့နဲ့ သွားနေပြီး ကျွန်မ အလုပ်ပြန်လုပ်နိုင်တော့မှ၊ ဒါမှမဟုတ် မောင် အလုပ်ဝင်တော့မှ ပြန်ပြောင်းရင် ဖြစ်တာပဲ’

အဒမ်က မျက်လုံးကို စုံမှိတ်ပြီး နဖူးကို လက်သီးနှင့်ထုရင်း–

‘ဒီလိုဖြစ်လာလိမ့်မယ်လို့ ကိုယ် လုံးဝမထင်ခဲ့ဘူး၊ လုံးဝမထင်ခဲ့ဘူး’



www.burmeseclassic.com

www.burmeseclassic.com



'အခုအကောလည်း ကျွန်မတို့ကို သိပ်ပြီး လာနေစေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက သွေးနုသားနုနဲ့ ကလေးဆုံးဖူးတော့ သူက ကျွန်မအတွက် သိပ်ပြီး စိုးရိမ်တယ်'

'အဲဒါ ဘာမှမဆိုင်ဘူး' အဒမ်က ပြန်အော်သည်။ 'သူက အသက် ၃၀ ကျော်မှ ကိုယ်ဝန်ရှိလို့ အင်္ဂါချို့တဲ့ကလေး မွေးတာ'

'အဲဒါ သူလည်း သိပါတယ်၊ ဒါကြောင့်မို့လို့ သူ စိတ်မချမ်းသာ ဖြစ်နေတာပေါ့၊ အို ဘယ်လိုပဲဖြစ်ဖြစ်၊ အခြေအနေတော့ မဆိုးနိုင်ပါဘူး မောင်၊ မေမေတို့အိမ်က အများကြီး နေသာပါတယ်၊ ထပ်ခိုးခန်းကို မောင့် စာကျက်ခန်းလုပ်ရင် ကောင်းကောင်း ရပါတယ်'

'မရဘူး' အဒမ်က ထပ်အော်သည်။ 'အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မင်းမိဘတွေဆီက သဒ္ဒါကြေး ထောက်ပံ့တာကိုတော့ တစ်စက်ကလေးမှ လက်မခံနိုင်ဘူး၊ သူတို့က တို့ဘဝကို အမြဲတမ်း အနှောင့်အယှက် ပေးနေတာ၊ အခု ဒီကြွက်သိုက်ထဲမှာရှိနေတဲ့ ပစ္စည်းတွေအားလုံး သူတို့ဆီကဟာတွေချည်းပဲ မဟုတ်လား' သူက တစ်ခန်းလုံးကို လက်နှစ်ဖက်ဖြင့် ဇေ့ပြရင်း ပြောသည်။

ဂျင်နီဖာမှာ စိတ်ညစ်နေရသည့်အထဲမှ ဒေါသစိတ်တွေ ဝင်လာသည်။ အဒမ်က တစ်ခါတစ်ခါ သည်လိုပဲ သိပ်ပြီးခေါင်းမာသည်။ ဂျင်နီဖာ၏ မိဘများအပေါ် ကျေးဇူးကန်းစကားတွေလည်း ပြောသည်။ မိဘတွေက မေတ္တာစေတနာနှင့်ထောက်ပံ့တာကို သူက လုံးဝသဘောမတူ။ ထို့ကြောင့်လည်း သူတို့ အိမ်ထောင်ကျကတည်းကပင် သူနှင့် ဂျင်နီဖာ၏မိဘများ ဆက်ဆံရေး မပြေလည်ခဲ့ခြင်းဖြစ်သည်။ ဒါကို ဂျင်နီဖာက လုံးဝ မကျေနပ်။ သို့သော် သူက တတ်နိုင်သမျှသည်းခံအောင့်အည်း နေလာခဲ့ သည်။ အဒမ် စိတ်ဆတ်တတ်ပုံ၊ ခေါင်းမာတတ်ပုံတို့ကို နားလည်ပြီး အတတ်နိုင်ဆုံး ခွင့်လွှတ်နေလာခဲ့သည်။ သို့သော် ယခုတော့ ဂျင်နီဖာမှာ ယခင်ကလို လွှတ်လွှတ်လပ်လပ် မဟုတ်တော့။ သူ တော်တော့်ကို မခံချင်စိတ်ဖြစ်လာပြီ။ စိတ်တိုလာပြီ။

'ကျွန်မ မိဘတွေက အနှောင့်အယှက်ပေးနေတာ မဟုတ်ပါဘူး၊ ကျွန်မ မိဘတွေက အကူအညီပေးတိုင်း မောင်က အမြဲတမ်း ဒေါကန်နေတာပဲ၊ မောင့်အနေနဲ့ ဘဝကို မြင့်လွန်းပါတယ်၊ ကိုယ့်ကိုယ်ကိုတော့ ပြန်ထိန်းဖို့ ကောင်းပါတယ်၊ ကျွန်မတို့ အကူအညီလိုနေလို့ မိဘတွေက အကူအညီပေးတာပါ၊ အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး'

'အေးပါ၊ မင်း ထင်ချင်သလို ထင်ပါ၊ ကိုယ်ကတော့ နှောင့်ယှက်တာလို့ပဲ ထင်တာပဲ၊ ကိုယ်တော့ မင်းပြောတဲ့ သူတို့အကူအညီကို ဒီနေ့လည်း မလိုချင်ဘူး၊





မနက်ဖြန်လည်း မလိုချင်ဘူး၊ ဘယ်တော့မှလည်း မလိုချင်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ ရပ်တည်ချင်တယ်၊ ကိုယ့်ဟာကိုယ်ပဲ ရပ်တည်မယ်'

'ကောင်းပါပြီ၊ ကောင်းပါပြီ၊ မောင့်သဘောအတိုင်းပဲ၊ လုပ်ချင်သလိုသာ လုပ်ပါတော့၊ ဒါနဲ့ ကျွန်မမိဘတွေဆီက အကူအညီ မလိုချင်ရင်လည်း မောင့်မိဘတွေဆီက အကူအညီတောင်းပါလား၊ အဲဒီအချိန်မှာ သူတို့အနေနဲ့ တစ်ခုခုတော့ ကူညီသင့်ပြီ'

အဒမ်က လမ်းလျှောက်နေရာမှ တုံ့ခနဲရပ်လိုက်သည်။ ထို့နောက် ဂျင်နီဖာ၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။

'မလိုဘူး၊ ဘယ်သူ့ဆီကမှ အကူအညီမလိုဘူး၊ ကိုယ် အလုပ်ရအောင် ရှာမယ်'

'ဟင်... မောင် အလုပ်လုပ်မယ် ဟုတ်လား၊ ဘယ်လိုလုပ်ပြီး လုပ်မှာလဲ၊ မောင့်မှာက နိုးနေတဲ့အချိန်တိုင်း စာကျက်ရင် ကျက်၊ မကျက်ရင် ဆေးရုံမှာပဲ အချိန်ကုန်နေရတဲ့ဟာပဲ'

'ရပါတယ်၊ ကိုယ် ကျောင်းက ခွင့်ရက်ရှည်ရအောင် တောင်းမယ်'

ဂျင်နီဖာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

'ဟင်...မောင်က အဲဒီလိုလုပ်မယ် ဟုတ်လား၊ မလုပ်ရဘူး၊ မောင် ကျောင်းက ခွင့်မယူရဘူး၊ ကျွန်မ အလုပ်တစ်ခုခု ဝင်လုပ်မယ်'

'တကယ်လား၊ ဘာအလုပ်လုပ်မှာလဲ၊ ဟိုတယ်မယ်လုပ်မှာကို ပြောတာလား၊ ဒီမှာ ဂျင်နီဖာ၊ လေးလေးနက်နက် စဉ်းစားပါ၊ ဒီအချိန်မှာ မင်း ဘာအလုပ်မှ မလုပ်သင့်ပါဘူး၊ ကိုယ် လုံးဝ ခွင့်မပြုနိုင်ဘူး'

'ဒါဆို ကျွန်မ ကိုယ်ဝန်ဖျက်ချမယ်'

ဂျင်နီဖာက စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်သည်။

အဒမ်က ကိုယ်ကို ချာခနဲတစ်ပတ်လှည့်ပြီး ဂျင်နီဖာရှေ့တွင် ရပ်လိုက်သည်။ ပြီးတော့ ဂျင်နီဖာ၏မျက်နှာကို လက်ညှိုးတငေါက်ငေါက် ထိုးရင်းပြောသည်။

'မင်း ကိုယ်ဝန်မဖျက်ရဘူး၊ လုံးဝမဖျက်ရဘူး၊ ဒီစကားကို ကိုယ်နောက်ထပ် မကြားချင်ဘူး၊ ဒါပဲ ကိုယ် ပြောမယ်'

'ဒါဖြင့်လည်း မောင့် ဖေဖေဆီသွားပေါ့'

အဒမ်က အံကို တင်းတင်းကြိတ်လိုက်ပြီး-

'မင်းမှာ အခုလို ကိုယ်ဝန်ရှိမလာရင် ကိုယ်တို့ ဘယ်သူ့ဆီမှ သွားနေစရာ မလိုဘူး သိလား'



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်လုံး အောင့်ထားသော မျက်ရည်တွေအားလုံး ဂျင်နီဖာ မျက်နှာပေါ်သို့ သွန်ကျလာသည်။

'မောင် ဒီလိုမပြောပါနဲ့၊ ဒီပြဿနာက နှစ်ယောက်စလုံးကြောင့် ဖြစ်လာတာပါ၊ ကျွန်မတစ်ယောက်တည်းကြောင့် ဖြစ်လာတာ မဟုတ်ဘူး'

သူက ပြောရင်း တရှုံ့ရှုံ့ရှိုက်၍ ငိုနေသည်။

'ဒါနဲ့ မင်းကပြောတော့ ကလေးရမှာ မပူပါနဲ့ဆို၊ ဒီကိစ္စ ကျွန်မ တာဝန်ပါဆို၊ ကျွန်မဗိုက် ကျွန်မ ပိုင်ပါတယ်ဆို၊ ခုတော့ မင်းက သိပ်ပိုင်နေပြီပေါ့လေ၊ သိပ်ပြီး တာဝန်ကျေတဲ့ အိမ်ထောင်ရှင်မကြီး ဖြစ်နေပြီပေါ့လေ၊ ဟုတ်လား'

ဂျင်နီဖာက ဆက်ပြီး နားထောင်မနေတော့ဘဲ ငိုကြီးချက်မဖြင့် အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ အခန်းတံခါး ဂျိန်းခနဲပြန်ပိတ်သွားသည်။

အဒမ်သည် နေရာတွင် မလှုပ်မယှက်ရပ်ကာ ပိတ်သွားသော တံခါးရွက်ကို စိုက်ကြည့်နေသည်။ သူ အကြီးအကျယ် စိတ်ညစ်သွားသည်။ ဝိုင်အရက်တန်ခိုးကြောင့် နှုတ်ခမ်းတွေ ခြောက်ကပ်နေသည်။

သူ့ရှေ့မှ စားပွဲကို ပြန်ကြည့်လိုက်သည်။ ပန်းကန်ခွက်ယောက်များ၊ စားကြွင်းစားကျန်များဖြင့် မြင်မကောင်းအောင် ပြန့်ကျဲရှုပ်ပွနေသည်။ သူသည် မီးဖိုခန်းကိုပင် ကြည့်ချင်စိတ်မရှိတော့။ ဘယ်လိုပုံသဏ္ဌာန်တွေ၊ ဘယ်လိုအခြေအနေတွေ မြင်ရမည်ဆိုတာ သူ အလိုလိုသိနေပြီး ဖြစ်သည်။

တကယ်တော့ တိုက်ခန်းတစ်ခန်းလုံးသည် ဘယ်လိုမှ စိတ်ချမ်းသာစရာ မရှိအောင် ဟောင်းနွမ်းနေသည်။ ရှုပ်ပွေပြန့်ကျဲနေသည်။ အကျိုးပေးမလှတဲ့ ကြောက်စရာဘဝပါကလား။

❖

[၄]

ဒေါက်တာလောရင့် (လာရီ)ဖော်လီသည် လေတဟူးဟူး တိုက်နေသော ခြံဝင်းလမ်းရှည်ကြီးအတိုင်း ကားမောင်းဝင်လာသည်။ ကားရှေ့တံခါးကို သူ ခလုတ်နှိပ်၍ ဖွင့်လိုက်ချိန်အထိ ကျောက်သားစံအိမ်ကြီးကို မမြင်ရသေး။ နောက်ဆုံး အယ်လင်းပင်တန်းကို တစ်ပတ်ကွေ့လိုက်သောအခါတွင်မှ ညအလင်းရောင်နောက်ခံဖြင့် စံအိမ်ကြီး၏ စုလစ်မွမ်းချွန် အရိပ်သဏ္ဌာန်များကို မြင်ရသည်။

စံအိမ်ကြီးမှာ ၁၉၂၉ ခုနှစ် စီးပွားရေးကပ်ကြီးတွင် ကုန်ကောက်စရာမကျန်အောင် ဆင်းရဲသွားသောကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားရှာသူ ခပ်ကြောင်ကြောင် သန်းကြွယ်သူဌေးကြီးတစ်ယောက်က အလယ်ခေတ် ဗိသုကာပုံစံကိုယူကာ ရဲတိုက်ကြီးသဖွယ် ၁၉၂၀ ပြည့်ဝန်းကျင်က ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဖော်လီ၏ဇနီး လော်ရာဖော်လီသည် အပေါ်ထပ်ဧည့်ခန်းတွင် စာထိုင်ဖတ်နေစဉ် ကားရုံထဲသို့ ကားသွင်းနေသံကို ကြားရသည်။ အမွေးဖွားခွေးပုကလေး ဂျင်ဂျာက လော်ရာ၏ခြေရင်းတွင် ဝပ်နေရာမှ ခေါင်းထောင်ကာ တစ်ချက်ဟောင်လိုက်သည်။ လော်ရာက လက်ထဲမှ ဝတ္ထုစာအုပ်ကို ဘေးသို့ ပစ်ချကာ နာရီကို လှမ်းကြည့်လိုက်သည်။

၁၀ နာရီထိုးရန် ၁၅ မိနစ်။

လော်ရာ ဒေါပွသွားသည်။ သူသည် ရှစ်နာရီတွင် ညစာစားရန် အဆင့်သင့်စောင့်နေခဲ့သည်။ သို့သော် လင်တော်မောင် ဆရာဝန်ကြီးက ပေါ်မလာ။ အချိန်မီ မလာနိုင်လျှင်လည်း ဖုန်းလှမ်းဆက်လိုက်ဖို့တော့ ကောင်းသည်။ ယခုလို သူ့နောက်ကျ ဖျက်ကွက်ခဲ့သည်မှာ သည်လထဲတွင် ခြောက်ကြိမ်တိတိ ရှိခဲ့ပြီ။ အလုပ်များလို့ မလာနိုင်သေးရင်လည်း ဖုန်းကလေးတော့ ဆက်ဖြစ်အောင် ဆက်လိုက်ပါဟု လော်ရာက တစ်ကြိမ်လည်းမက နှစ်ကြိမ်လည်းမက အကြိမ်ကြိမ် အလီလီ ပြောခဲ့ဖူးသည်။ သို့သော် ပြောလည်း ပြောရုံပဲ ရှိသည်။ သူ့လင်တော်မောင်ကြီးက လုံးဝ ဂရုမစိုက်ခဲ့။

တကယ်တော့ ဆရာဝန်ဆိုတာ အရေးပေါ်ကိစ္စနှင့် မကင်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လော်ရာ ကောင်းကောင်းကြီး သိပါသည်။ သို့ပေမဲ့ ဖုန်းကလေးကောက် ဆက်တာ ဘယ်လောက်များကြာမှာမို့လဲ။ ဒါကြောင့်လည်း သင်းကို ဒေါကန်မိတာပေါ့။

ဆိုဖာပုံရှည်ပေါ်မှာ ထိုင်နေရင်း ဘယ်လိုလုပ်ရကောင်းမလဲဟု စဉ်းစား ကြည့်သည်။ ဒီအတိုင်းထိုင်နေတာပဲ ကောင်းမယ်၊ သူ့ဘာသာသူ ခူးခပ်စားပါ စေဟု ဆုံးဖြတ်လိုက်သည်။

ဒေါက်တာဖော်လီသည် ခုတလော တော်တော် ပြောင်းလဲလာသည်။ နေ့သည်နှင့် ပြောဆိုဆက်ဆံရာတွင်လည်း ဟက်ဟက်ပက်ပက် မရှိတော့။ အထူးသဖြင့် လွန်ခဲ့သော လေးလခန့်က ဆေးပညာဆွေးနွေးပွဲ ခရီးထွက်ခဲ့ပြီးသည့် နောက်ပိုင်းကာလမှစ၍ သူ့အပြောအဆို အပြုအမူများမှာ အေးစက်စက်နှင့် မထုံ တတ်သေး ဖြစ်လာခဲ့သည်ကို လော်ရာ အကဲခတ်မိသည်။

အိမ်နောက်ဖေး မီးဖိုခန်းထဲမှ ဇွန်းသံ၊ ပန်းကန်သံများ ကြားရသည်။ ဒေါက်တာဖော်လီတစ်ယောက် ညစာကို ကိုယ်တိုင်ခူးစားဖို့ ပြင်နေပြီမှာ သေချာ သည်။

သူ့ဆီလာပြီး နှုတ်ကလေး ဘာကလေးပင် ဆက်ဖော်မရသောကြောင့် လော်ရာက ပို၍ ဒေါသထွက်မိသည်။

ထိုင်ရာမှထကာ ရွှေဆောင်ကွပ် ကိုယ်လုံးပေါ် မှန်ကြီးရှေ့သို့ လျှောက်လာ ပြီး သူ့ကိုယ်သူ မှန်ထဲကြည့်လိုက်သည်။ ၃၆ နှစ်အရွယ်ဟု လုံးဝမထင်ရ။ လှသွေး ကြွယ်၍ နုပျိုနေဆဲ ရှိသေးသည်။ သို့သော် သူ့ယောကျ်ားက သူ့အပေါ် လင်စိတ် မယားစိတ် မပြသည်မှာ နှစ်လပင် ကျော်ခဲ့ပြီ။ လုပ်ငန်းသစ်တွင် အားတက်သရော မြှုပ်နှံလုပ်ကိုင်နေရလို့များ သည်လိုဖြစ်ရတာလား။

ဒေါက်တာလောရင့်ဖော်လီနှင့် ဒေါက်တာကလပ်ဖန်ဒါမားတို့သည် ကိုယ်ပိုင်ဖက်စပ်ဆေးတိုက် ဖွင့်၍ ကုသခဲ့ကြသည်မှာ နှစ်ပေါင်း ၂၀ ရှိခဲ့ပြီ။ သူတို့က သားဖွားပေးခြင်းထက် မီးယပ်ဝေဒနာရှင်များကိုသာ အဓိကထား၍ ကုသပေးခဲ့ကြသည်။ နောက်ပိုင်းတွင် ဒေါက်တာဖော်လီက လက်ငုတ်လုပ်ငန်းကို လုံးဝ စွန့်လွှတ်လိုက်သည်။ ဆေးပညာဆွေးနွေးပွဲ ခရီးထွက်ရာမှ ပြန်လာပြီး နောက်တွင် ဒေါက်တာဗန်ဒါမားနှင့် ဖက်စပ်လုပ် ကိုင်နေသော "မီးယပ်ရောဂါ အထူးကုသမားတော်ကြီးများ ဆေးတိုက်"မှ နှုတ်ထွက်ကြောင်း၊ ဂျူလီယံဆေးရုံ တွင် လခစားဝင်လုပ်တော့မည်ဖြစ်ကြောင်း သူက သွေးအေးအေးဖြင့် ကြေညာ လိုက်သည်။ သူ့လုပ်ရပ်ကြောင့် လော်ရာအဖို့ ဘာပြန်ပြောရမှန်းမသိအောင် အံ့အားကြီး သင့်သွားခဲ့မိသည်။

သို့ဖြင့် ဂျူလီယံဆေးရုံသို့ ဝင်ရောက်လုပ်ကိုင်သည့်အချိန်မှစ၍ ဒေါက်တာ





ဖော်လီသည် သားဖွားပေးခြင်းလုပ်ငန်း တစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင် လာခဲ့တော့သည်။ နေ့မအား ညမအား၊ စားချိန်မမှန် အိပ်ချိန်မမှန် လုပ်နေရ သော်လည်း လခကျတော့ တစ်ပြားမှ တိုးမလာ။ သည်အတိုင်း သည်အတိုင်း။

မီးဖိုခန်းမှ ဝွမ်းခနဲမြည်သံကြောင့် လော်ရာ စိတ်ကူး အလျဉ်ပြတ်သွား သည်။

ဒါကလည်း တစ်ဒုက္ခ။ ဖော်လီသည် ခုတလော ထုံထုံထိုင်းထိုင်း နိုင်လှ သည်။ ဟိုဟာလွှတ်ကျ သည်ဟာလွှတ်ကျဖြင့် အယောင်အယောင် အကန်းကန်း သည်း ဖြစ်လာသည်။ သည်အတိုင်းဆို သူ တစ်နေ့မဟုတ်တစ်နေ့ အရုပ်ကြိုးပြတ် ဖြစ်ပြီး အိပ်ရာထဲ ဘုံးဘုံးလဲသွားနိုင်တယ်ဟု လော်ရာက စိုးရိမ်မိသည်။

ဒီလောက်ဆိုတော့ သူ့နဲ့သွားပြီး ရင်ဆိုင်ဖို့ အချိန်တန်ပြီ။

လော်ရာသည် ဝတ်စုံကို ပွတ်သပ်ပြုပြင်လိုက်ပြီးနောက် လှေကားမှ ဆင်းလာခဲ့သည်။ ခွေးကလေး ဂျင်ဂျာလည်း သူ့နောက်မှ ကပ်လိုက်လာသည်။

ဖော်လီသည် မီးဖိုခန်းကောင်တာတွင် ထိုင်ကာ အသားညှပ်ပေါင် မုန့်စား ရင်း ဆေးပညာဂျာနယ်တစ်စောင်ကို ဖတ်နေသည်။ ဂျက်ကက်အင်္ကျီကို ကုလား ထိုင်နောက်မှာ ပစ်တင်ထားသည်။

လော်ရာ့ခြေသံကို သူ ကြားသည်။ ဆတ်ခနဲ ခေါင်းမော့ကြည့်သည်။ သူ့မျက်နှာအမူအရာက ခါတိုင်းလို အားမာန်မရှိ၊ ပျင်းတိပျင်းတွဲနိုင်လှသည်။ သူ ဤအတိုင်း ဖြစ်နေသည်မှာ အတော်ကြာပြီ။

'အို . . . လော်ရာ'

သူက မျက်နှာသေကြီးနှင့် နှုတ်ဆက်သည်။

လော်ရာက လှေကားရင်းတွင် ရပ်လျက်။ ဖော်လီက ခေါင်းပြန်ငုံ့ကာ စာဆက်ဖတ်နေသည်။

'ဘာလို့ ဖုန်းမဆက်တာလဲ'

လော်ရာက ခင်ပွန်းသည် မသိကျိုးကျွံလုပ်နေပုံကို မကျေနပ်စိတ်ဖြင့် ဒေါက်သံနှင့် မေးလိုက်သည်။

ဖော်လီက ဖြည်းဖြည်းကလေး ခေါင်းမော့၍ လော်ရာကို ကြည့်နေသည်။ စကား လုံးဝမပြော။

'ကျွန်မ မေးနေတယ်လေ၊ အမေးရှိရင် အဖြေရှိရမှာပေါ့၊ ရှင် အခုလို မျက်ကွက်ပေါင်းများလို့ ကျွန်မလည်း မေးခဲ့ပေါင်းများပြီ'

ဖော်လီက တုတ်တုတ်မျှ မလှုပ်။

'ကျွန်မပြောနေတာ ကြားကော ကြားရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



လော်ရာက အနီးသို့ ကပ်လာသည်။ ခင်ပွန်းသည်၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ခင်ပွန်းသည်က မျက်လုံးကြီးပြူးပြီး လော်ရာကို ကြောင်ကြောင်ကြီး ကြည့်နေသည်။

'ဒီမှာ… ဒီမှာ… ကျွန်မကို မှတ်မိရဲ့လား၊ ရှင့်မိန်းမလေ'

လော်ရာက ဖော်လီ၏မျက်နှာကို လက်ညှိုးငေါက်ငေါက် ထိုးကာ ပြောလိုက်သည်။

ဖော်လီ၏ မျက်ဆန်ပြန်ကျဉ်းသွားသည်။ မျက်တောင် ပုတ်ခတ် ပုတ်ခတ်နှင့် စိုက်ကြည့်သည်။ ပြီးတော့မှ–

'ငါ ဖုန်းမဆက်မိတာ ခွင့်လွှတ်ပါ၊ ဂျူလီယံဆေးရုံနားမှာ နောက်ထပ် ညပိုင်းဆေးခန်းတစ်ခန်း ထပ်ဖွင့်တယ်၊ မျှော်လင့်တာထက် အောင်မြင်တယ်'

'လာရီ၊ ရှင်ဘယ်လိုဖြစ်နေတာလဲ၊ နေလို့မကောင်းရဲ့လားဟင်၊ အခုမှဲ့ ဆေးခန်းမှာ ရှင်က ညကိုးနာရီအထိ စောင့်နေရမယ့်အကြောင်း ကျွန်မကို ပြောနေတာလား'

'ငါ ဘာမှမဖြစ်ပါဘူး၊ ငါ နေကောင်းပါတယ်၊ ကာလသားရောဂါ ဝေဒနာရှင် သုံးယောက်ကို စမ်းသပ်နေခဲ့ရလို့ နောက်ကျသွားတာပါ'

'အံ့စရာပါပဲတော်' လော်ရာက လက်နှစ်ဖက်အပေါ်မြှောက်၍ ပြောသည်။ ပြီးတော့ ကုလားထိုင်တွင် ဝင်ထိုင်ရင်း 'ကဲ…မထူးဘူး၊ ကျွန်မတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှ ဖြစ်တော့မယ်၊ တစ်ခုခုတော့ မှားနေကြပြီ၊ ရှင်သော်လည်း ကောင်း၊ ကျွန်မသော်လည်းကောင်း တစ်ခုခုတော့ ချို့ယွင်းနေပြီ'

'ငါ ဘာမှမဖြစ်ပါဘူး နေကောင်းပါတယ်'

'ရှင်ကသာ နေကောင်းတယ်လို့ ပြောနေတာ၊ ရှင်လုပ်နေပုံတွေက အရင်နဲ့ လုံးဝမတူတော့ဘူး၊ ရှင့်ကြည့်ရတာ ခြေကုန်လက်ပန်းကျနေတဲ့ ပုံပဲ၊ ရက်ပေါင်း များစွာ အိပ်ပျက်နေတဲ့လူလိုပဲ၊ ရှင့်လက်ငုပ်အလုပ်က ထွက်ပစ်တာလည်း သိပ်မှား တယ်၊ စိတ်တော့ မဆိုးနဲ့၊ ကျွန်မက အမှန်ကို ပြောနေတာ၊ တစ်သက်လုံး လူတစ်လုံး သူတစ်လုံး နေသွားရမယ့် အလုပ်ကို ဖြုတ်ပစ်တာ သိပ်ဆိုးတာပဲ'

'ငါက ပုဂ္ဂလိက ဆေးခန်းဖွင့်ပြီး ပိုက်ဆံရှာတာ စိတ်ကုန်နေပြီ၊ ဂျူလီယံ ဆေးရုံက ပိုပြီး ကြီးကျယ်တယ်၊ ပိုပြီး စိတ်ဝင်စားစရာ ကောင်းတယ်၊ လူအများကို ကူညီနိုင်တယ်'

'ရှင်ပြောတာ ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ မမှန်ဘူး၊ ရှင့်မှာ မိသားစုတာဝန်တွေ အများကြီးရှိတယ်၊ ကောလိပ်မှာ သားနှစ်ယောက်၊ ဆေး ကျောင်းမှာ သမီးတစ်ယောက်၊ သူတို့အတွက် ကုန်တာ မပြောတော့ဘူး၊ ဒီအိမ်ကြီး





ကို ထိန်းသိမ်းရတဲ့စရိတ်ပဲ နည်းတာမဟုတ်ဘူး၊ ရှင်က ငမ်းငမ်းတက် လိုချင် လွန်းလို့ ဝယ်ခဲ့တာပဲ မဟုတ်လား၊ ကျွန်မ နည်းနည်းမှ သဘောကျတာ မဟုတ် ဘူး၊ ကျွန်မတို့မိသားစုအနေနဲ့ အခန်း ၃၀ ရှိတဲ့အိမ် မလိုပါဘူး၊ ခုဆို ကလေး တွေက တက္ကသိုလ်သွားနေကြတော့ အိမ်ကြီးက လူမရှိလို့ သရဲခြောက်မှာတောင် ကြောက်နေရသေးတယ်၊ ဂျူလီယံဆေးရုံကရတဲ့ ရှင့်လခကလည်း စားစရိတ် အတွက်တောင် အနိုင်နိုင်ပဲ'

'ဒါဆို ဒီအိမ် ပြန်ရောင်းလိုက်ပေါ့'

'ဟုတ်တယ်၊ ရောင်းကို ရောင်းရမယ်၊ ဒါပေမဲ့ ကလေးတွေက ပညာသင် နေတုန်းပဲ ရှိသေးတယ်၊ ခု ရောင်းလို့မဖြစ်သေးဘူး၊ ပြီးတော့ ကျွန်မတို့မှာ ငွေလည်း မရှိဘူး၊ အဲဒီတော့ မူလလက်ငုတ် အလုပ်ကိုပဲ ပြန်လုပ်ပါ လာရီရယ်၊ ကျွန်မ တောင်းပန်ပါတယ်'

'ငါက အစုစပ်က ထွက်လိုက်ပြီပဲ'

'ပြန်ဝင်ရန် ကလပ်ဇန်ဒါးမားက ခွင့်ပြုမှာပါ၊ မိတ်ဆွေရင်းတွေပဲ၊ ရှင် စိတ်ကူးမှားသွားကြောင်း တောင်းပန်လိုက်ပါ၊ ရှင် တခြားပြောင်းလုပ်ချင်ရင် ကလေးတွေ ဘွဲ့ရပြီးမှ လုပ်ပါ'

လော်ရာက စကားကိုရပ်ပြီး ခင်ပွန်းသည်၏ မျက်နှာကို တအံ့တသြ ကြည့်လိုက်သည်။ ဒေါက်တာဖော်လီမှာ ဘာမှပြန်မပြောဘဲ ကျောက်ရုပ်ကြီးလို ဖြစ်နေသည်။

'လာရီ'

လော်ရာက ခေါ်လိုက်သည်။

ဖော်လီက အဲမလှုပ် အင်းမလှုပ်၊ ငုတ်တုတ်။

လော်ရာ ထိုင်ရာမှထရပ်ပြီး ဖော်လီ၏ မျက်နှာရှေ့တွင် လက်ကို ဝှေ့ယမ်း ပြသည်။ ဖော်လီက ငြိမ်သက်မြဲ ငြိမ်သက်လျက်၊ မှင်သက်မိသူလို ဖြစ်နေသည်။

'လာရီ'

လော်ရီက ပခုံးကို ကိုင်လှုပ်ပြီး ခေါ်ကြည့်ပြန်သည်။ သို့သော် ဘယ်လို မှ စကားပြန်မရ။

သူ့တစ်ကိုယ်လုံး မာတောင့်နေသည်။ လော်ရာကိုသာ မျက်တောင်ပုတ် ခတ် ပုတ်ခတ်နှင့် ကြောင်ကြည့်နေသည်။

လော်ရာက ဖော်လီ၏ပခုံးနှစ်ဖက်ကို ကိုင်ထားရင်း မျက်နှာကို စေ့စေ့ စပ်စပ် ကြည့်ပြီး ပြောသည်။

'လာရီ၊ ရှင့်မျက်လုံးတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ သတိပြုမိရဲ့လား ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ ဘာမှမဖြစ်ပါဘူး'

'ဟင့်အင်း၊ ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ ရှင့်ကြည့်ရတာ တစ်မျိုးကြီးပဲ ထွန်းမ ကလပ်ဖန်ဒါမားကို ခေါ်လိုက်မယ်၊ သုံးအိမ်ကျော်ပဲ ရှိတာ၊ သူ ချက်ချင်း လာကြည့်မှာပါ၊ အဲဒီတော့မှ တစ်ခါတည်း သူနဲ့ပြန်ပြီး ပေါင်းလုပ်မယ့်ကိစ္စလည်း ပြောပြကြရအောင် ဟုတ်လား'

သို့သော် ဖော်လီက ဘာမှပြန်မပြော။ မပြောရုံသာ မဟုတ်၊ မျက်လုံးများ လည်း ပြူးကျယ်လာကြသည်။ လော်ရာက ခဏရပ်ကြည့်နေသေးသည်။ ပြီးတော့ မီးဖိုခန်း တယ်လီဖုန်းနားသို့ အလောကလေး လာခဲ့သည်။ သူသည် စိတ်ပေါက် နေရာမှ စိတ်ပူလာသည်။ နံရံတွင် ချိတ်ထားသော လိပ်စာလမ်းညွှန်စာအုပ်ကို ယူပြီး ဒေါက်တာဗန်ဒါမား၏ ဖုန်းနံပါတ်ကို ရှာသည်။ ဖုန်းနံပါတ်ကို လှည့်နေ တုန်း ဖော်လီက လော်ရာ၏လက်ကို ဖမ်းကိုင်လိုက်သည်။ သူ့မျက်နှာကြီးကိုလည်း ကြောက်စရာ ရှုံ့မဲ့ထားသည်။

လော်ရာက လန့်ပြီး အော်လိုက်မိသည်။ မရည်ရွယ်ဘဲနှင့် အလိုလို ထွက် သွားခြင်း ဖြစ်သည်။ သူက နောက်ကို ပြန်ဆုတ်လိုက်တော့ ကုလားထိုင် ခြေနှင့် သွားတိုက်မိသည်။ ဂျင်ဂျာက လိုက်ဟောင်သည်။

လော်ရာ အော်လိုက်တာကို ဖော်လီက လုံးဝဂရုမစိုက်ဘဲ တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး လှည့်ထွက်သွားသည်။ ထို့နောက် နားထင်နှစ်ဖက်ကို လက် နှင့်ဖိပြီး ခပ်သဲ့သဲ့ အော်ညည်းလိုက်သည်။

လော်ရာက မျက်ကလူးဆန်ပျာဖြင့် အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ အိပ်ခန်းထဲ ပြေးဝင်လာသည်။ အခန်းတံခါးကို အတွင်းမှ သော့ခတ်လိုက်သည်။ ပြီးတော့ ခုတင်စွန်းတွင် ဝင်ထိုင်ကာ ဒေါက်တာဗန်ဒါမား၏ ဖုန်းနံပါတ်ကို အလောသုံးဆယ်လှည့်သည်။ သို့သော် ဒေါက်တာဗန်ဒါမား၏အသံကို မကြား ရဘဲ ဖော်လီ၏အသံကိုသာ ကြားရသည်။

'လော်ရာ' သူ့အသံက အေးတိအေးစက်ကြီး။ 'အောက်ကို ပြန်ဆင်း ခဲ့ပါ၊ ဘယ်သူ့ဆီမှ ဖုန်းမဆက်ပါနဲ့'

ဖော်လီက အောက်ထပ် တယ်လီဖုန်းမှ ဖြတ်ဆက်လိုက်ခြင်း ဖြစ်သည်။

လော်ရာ ကြက်သီးဖြန်းခနဲ ထသွားသည်။ လည်ချောင်းတွေလည်း ခြောက် သွားသလို ထင်ရသည်။

ထိုအခိုက် ဒေါက်တာဗန်ဒါမားအိမ်မှ ဖုန်းမြည်သံကြားရသည်။ တစ် ယောက်ယောက်က ဖုန်းကို ကောက်ကိုင်သည်။ သို့သော် ချက်ချင်း ပြန်ပြတ် သွားသည်။ လော်ရာက စကားပြောခွက်ကို ကြောင်ကြည့်နေသည်။ ဖော်လီ ပင်မတယ်လီဖုန်းကြိုးကို ဖြတ်ပစ်လိုက်တာ ဖြစ်ရမည်။





'ဘုရားရေ...'

လော်ရာက တိုးတိုး ရေရွတ်လိုက်သည်။ ဖုန်းကို ဖြည်းဖြည်း ပြန်ချထား လိုက်သည်။ သူ့စိတ်တွေ ဝေဝါးနေသည်။ ဝေဝါးနေလို့ ပြဿနာ မအေးနိုင်။ ခေါင်းအေးအေးထားပြီး အကြံထုတ်ရမည်။ တစ်ယောက်ယောက်ထံမှ အကူ အညီတောင်းမှ ဖြစ်တော့မယ်။ ဘယ်လိုတောင်းမှာလဲ။ မှန်ပြတင်းဘက်သို့ လှည့် ကြည့်လိုက်သည်။ ဆေးချင်းကပ်အိမ်မှ မီးရောင်လင်းနေသည်။ ပြတင်းပေါက် ဖွင့်ပြီး လှမ်းအော်လိုက်ရ ကောင်းမည်လား၊ အော်တော့ကော သူတို့လာကြပါ့ မလား။

အကြောက်လွန်ပြီး မလိုအပ်ဘဲ အပိုလုပ်သလို ဖြစ်နေမှာလား။ အောက် ပြန်ဆင်းပြီး သူ့ကို အေးအေးဆေးဆေး ဖျောင်းဖျ ပြောရကောင်းမည်လား။

ရုတ်တရက် တံခါးလာပုတ်သံကြောင့် လော်ရာ လန့်သွားသည်။ နားစွင့် နေလိုက်သည်။ ခွေးဟောင်သံကြားရတော့မှ ဟင်းခနဲ သက်မချမိသည်။

တံခါးနားသို့လာပြီး ဘံခါးရွက်ကို နားနှင့်ကပ်၍ နားထောင်နေသည်။ ဂျင်ဂျာ၏ဟောင်သံကိုသာ ကြားနေရသည်။ ခွေးကလေး ဝင်လာနိုင်အောင် တံခါး သော့ကို ဖွင့်လိုက်သည်။

ဝုန်းခနဲ တံခါးပွင့်သွားသည်။ လက်ကို တံခါးရွက် ထိမိပြီး နာသွားသည်။ လူက နံရံနှင့် သွားဟိုက်မိသည်။

တံခါးဝတွင် ဖော်လီ ရပ်နေသည်။

လော်ရာ အလွန်လန့်သွားသည်။ သူ့ခြေရင်းသို့ ဂျင်ဂျာ ပြေးဝင်လာသည်။ မြောက်ဆွမြောက်ဆွနှင့် လော်ရာပေါင်ပေါ် တွယ်တက်နေသည်။

လော်ရာ ထပ်ပြီး အော်လိုက်မိသည်။ ဖော်လီမျက်နှာက တွန့်ရှုံ့ပြီး ကြောက်စရာကြီး။ လက်ထဲတွင်လည်း ရှိမင်တာန် ၁၂ လက်မ ပြောင်းတို သေနတ် ကြီးနှင့်။

လော်ရာ ကြောက်အားလန့်အားနှင့် ရေချိုးခန်းထဲ ဝင်ပြေးသည်။ ဂျင်ဂျာ လည်း ပြေးဝင်လာသည်။ တံခါးမင်းတုပ် ထိုးထားလိုက်သည်။

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသော ခွေးကလေးကို ကောက်ချီလိုက် သည်။ ပြီးတော့ တံခါးရွက်ကို စိုက်ကြည့်နေသည်။ သိပ်ပြီး စိတ်ချရတဲ့ အကာ အကွယ်တော့ မဟုတ်။

သေနတ်သံ ဒိုင်းခနဲ ပေါ်ထွက်လာသည်။ တံခါးရွက်များ ကျိုးပဲ့ပွင့်စဉ် သွားသည်။ လွင့်ထွက်လာသော သစ်သားစအချို့ လော်ရာမျက်နှာကို လာမှန် သည်။ ခွေးကလေးက လန့်ပြီး ဟောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိုးခန်းတွင် နောက်ထပ် တံခါးတစ်ပေါက် ရှိသေးသည်။ လော်ရာက ခွေးကလေးကို ပြန်ချထားလိုက်ပြီး ကလန့်ကို တအားဆွဲဖွင့်သည်။ တံခါးပွင့်သွားသည်။ အဝတ်လဲခန်းသို့ ပြေးဝင်လာသည်။ အဝတ်လဲခန်းက အိပ်ခန်းနှင့် ဆက်နေသည်။ အိပ်ခန်းထဲ ဆက်ပြေးလာသည်။ ရေချိုးခန်းထဲမှ ဖော်လီ၏ ခြေသံများ ကြားရသည်။

ခန်းမဆောင်သို့ ဆက်ပြေးလာသည်။ ထို့နောက် ပြေးတစ်ဝက် လဲတစ်ဝက်ဖြင့် လှေကားမှ ဆင်းပြေးလာပြန်သည်။ ခွေးကလေးလည်း ထက်ကြပ်မကွာ လိုက်ပါလာသည်။

အိမ်ရှေ့တံခါးကို အတင်းတွန်းဖွင့်သည်။ မရ။ ဤအိမ်ကြီးကို ပထမဆောက်ခဲ့သော လူကြောင်ကြီးက တံခါးတိုင်းကို အတွင်းအပြင် သော့ခလောက် တပ်ထားခဲ့သည်။ ယင်းသော့တွေအားလုံး ဆင်ဝင်ခန်းထဲမှ ဗီရိုထဲမှာ။ သွားယူနေဖို့ အချိန်မရှိတော့။ သူ သိမ်းထားသော သော့တွေကလည်း မီးဖိုခန်းထဲက သူ့ပိုက်ဆံအိတ်ထဲမှာ။

ဖော်လီ လှေကားမှ ဆင်းလာသံ ကြားရသည်။

လော်ရာသည် ခွေးကလေးကို ကောက်ချီပြီး မြေတိုက်ခန်းသို့ သွေးရူးသွေးတန်း ပြေးလာခဲ့သည်။ တံခါးကို တွန်းဖွင့်သည်။ မီးကိုဖွင့်သည်။ ပြီးတော့ တံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ လှေကားမှ ပြေးဆင်းလာခဲ့သည်။ မြေတိုက်ခန်းမှ အပြင်ထွက်သော တံခါးပေါက်ရှိသည်။ တံခါးရွက်ကို ဝက်သစ်ချသားဒေါက်ဖြင့် ကလန့်ပြီး ပိတ်ထားသည်။

သူတို့သည် မြေတိုက်ခန်းကို လုံးဝအသုံးမပြုဘဲ ထားသည်။ အပေါ်ထပ်များမှာပင် အခန်းတွေက များလွန်းနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြေတိုက်ခန်းသည် မှိုတက်နေပြီ၊ ယခင်ပိုင်ရှင်များ အသုံးပြုခဲ့သော သောင်းပြောင်းထွေလာ ပစ္စည်းဟောင်းများဖြင့် ပြည့်သိပ်လျက် ရှိသည်။ မြေတိုက်ခန်းထဲတွင် အကန့်အကန့် ခွဲထားသော အခန်းကလေးတွေ ရှိကြသည်။ မီးလုံးတွေက မှုန်ဝါးဝါးသာ လင်းကြသည်။ ထို့ကြောင့် သူသည် ခွေးကလေးကို ရင်ခွင်ပိုက်ကာ စမ်းပြီး လာခဲ့ရသည်။ အပြင်ထွက်သောတံခါးသို့ ရောက်လာချိန်တွင် တစ်ခန်းလုံး ရုတ်တရက် မှောင်ကျသွားတော့သည်။

သူ ဘာကိုမှ မမြင်ရတော့။ ကြောက်စိတ်က တစ်ကိုယ်လုံး ခြုံလွှမ်းသွားသည်။ ညာလက်ဖြင့် ဂျင်ဂျာကို ပိုက်ထားပြီး ဘယ်လက်ဖြင့် နံရံကို လိုက်စမ်းသည်။

နံရံနှင့်ကပ်ပြီး ဖြည်းဖြည်း လျှောက်လာသည်။ နောက်ဆုံးတံခါးသို့





ရောက်လာသည်။ မြေတိုက်လှေကားမှ ဖော်လီ၏ခြေသံများ ကြားရသည်။ ခြေသံက ဝေးတော့ ဝေးသေးသည်။ အမှောင်ထုဲတွင် စမ်းပြီး ဖြည်းဖြည်း လျှောက်နေရဟန် တူသည်။ အလင်းရောင်တစ်ချက် ပွင့်သွားသည်။ သူ့မှာ လက်နှိပ်ဓာတ်မီး ပါလာသည်။

လော်ရာအနေဖြင့် ထွက်ပေါက်ကို ဘယ်တော့မှ ပြန်ရောက်နိုင်စရာ မရှိတော့။ လုံခြုံရာတွင် ပုန်းနေရန်သာ ရှိတော့သည်။ ထို့ကြောင့် မှောင်ထဲတွင် ဖြည်းဖြည်းလျှောက်၍ ဆက်လက် စမ်းရသည်။ ကံအားလျော်စွာပင် လှဲထားသော သစ်သားစည်ပိုင်းကြီးတစ်လုံးကို ခြေနှင့် သွားတိုက်မိသည်။ စည်ပိုင်းထဲတွင် ဘာမှမရှိ။ သူသည် ဒူးထောက်ထိုင်ချလိုက်သည်။ စည်ပိုင်းထဲသို့ ကျောပေးပြီး နောက်ပြန်ဝင်သည်။ ဂျင်ဂျာကိုလည်း ဆွဲသွင်းလိုက်သည်။ ပြီးတော့ ငြိမ်ပြီး နားစွင့်နေသည်။

မကြာမီတွင် ဖော်လီ၏ခြေသံများ နီးကပ်လာသည်။ လက်နှိပ်ဓာတ်မီးရောင်ကိုလည်း မြင်ရသည်။ လော်ရာသည် အသက်ပင် မရှူမိအောင် ငြိမ်သက်နေသည်။

လက်နှိပ်ဓာတ်မီးရောင် ရုတ်တရက် လင်းသွားသည်။ လော်ရာ ပင့်သက်ရှိုက်လိုက်သည်။ ဂျင်ဂျာက ဖောက်ပြီး ရုတ်တရက် ဟောင်ပါလေတော့သည်။

ပင့်ကန်လိုက်သောကြောင့် စည်ပိုင်းကြီး ကြမ်းပြင်ပေါ် လိမ့်သွားသည်။ ဂျင်ဂျာက တစ်ချက်ဟောင်လိုက်ပြီး စည်ပိုင်းထဲမှ ထွက်ပြေးသွားသည်။

လော်ရာတစ်ယောက်တည်းသာ အသက်ကို ဖက်ရွက်နှင့်ထုပ်ကာ ကျန်နေရစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

[၅]

အဒမ်သည် ဝါရှင်တန်မြို့သို့ ပျံသန်းနေသော အရှေ့ပိုင်းလွန်းပျံလေယာဉ် ပေါ်တွင် ရောက်ရှိနေသည်။ ယမန်နေ့ညက စိတ်ဆင်းရဲခဲ့ရပြီးနောက် ပထမဆုံးအကြိမ် စိတ်အေးလက်အေးခံစားရခြင်း ဖြစ်သည်။

ယမန်နေ့ညက ဂျင်နီဖာ အိပ်ခန်းထဲပြေးဝင်သွားပြီး တံခါးကို ပြန်ပိတ်လိုက်ပြီးနောက် အဒမ်သည် ဆိုဖာပုံရှည်ပေါ်တွင်ထိုင်ကာ စာဖတ်ရန် ကြိုးစားသည်။ သို့သော် သူ့စိတ်က မငြိမ်။

ဂျင်နီဖာ အလုပ်မှ ထွက်လိုက်လျှင် အဒမ့်အနေဖြင့် ဆေးကျောင်းဆက်တက်၍ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့။

တစ်နာရီ နှစ်နာရီမျှ မှေးခနဲ အိပ်ပျော်သွားပြီးနောက် ပြန်နိုးလာခဲ့သည်။ အရုဏ်တက်လာပြီ။

အလုပ်သင်ဆင်းနေရသော တက္ကသိုလ်ဆေးရုံသို့ ဖုန်းဆက်ပြီး ခွင့်ယူလိုက်သည်။ လောလောဆယ် ရင်ဆိုင်နေရသော ပြဿနာအတွက် အဖြေတော့ တစ်နည်းနည်းဖြင့် တွေ့ကောင်းပါ၏ဟု မျှော်လင့်မိသည်။

လေယာဉ်ပြတင်းမှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ နယူးဂျာစီပြည်နယ် တောင်ဒေသကား ငြိမ်းချမ်းသာယာလှပါဘိ။

လေယာဉ်သည် ဒီလာဝဲယားမြစ်ကို ဖြတ်ကျော်နေပြီဖြစ်ကြောင်း အသံလွှင့်စက်မှ ကြေညာသံ ပေါ်ထွက်လာသည်။ နောက်ထပ် မိနစ် ၂၀ ဆိုလျှင် ဝါရှင်တန်သို့ ရောက်တော့မည်။ သို့ဆိုလျှင် ရှစ်နာရီခွဲတွင် လေယာဉ်ဆိုက်မည်။ ကိုးနာရီတွင် "အစားအသောက်နှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့" ရှိ သူ့ဖခင်၏ ရုံးခန်းသို့ ရောက်ရှိနိုင်သည်။

အဒမ်က လက်ရှိအခြေအနေအရ သူ့ဖခင်ကြီးနှင့် လုံးဝမတွေ့ချင်။ မတွေ့ မဖြစ်တော့၍သာ တွေ့ရန် ထွက်လာခဲ့ရသည်။ နောက်ဆံကတော့ တင်းနေသည်။

အဒမ်သည် ဆေးကျောင်းသားဘဝ ပထမနှစ်ဝက်ကာလတွင် ဖခင်ကြီးနှင့် နောက်ဆုံးအကြိမ် တွေ့ခဲ့သည်။ ယင်းတွေ့ဆုံခြင်းသည် သူတို့ သားအဖ နှစ်ယောက်အတွက် နာကြည်းမှု အပြင်းထန်ဆုံး တွေ့ဆုံခြင်းပင် ဖြစ်သည်။





အဒမ်က သူသည် ဂျင်နီဖာအား ဖြစ်သည့်နည်းဖြင့် လက်ထပ်တော့မည်ဟု ဖခင် ကြီးအား အပြတ်ပြောခဲ့သည်။

ယခု သူ ဖခင်ကြီးနှင့် ပြန်တွေ့ရန် လာခဲ့ပြီ။ ဖခင်ကြီးနှင့် တွေ့လျှင် ဘာစကား စပြောမည်နည်း။ ဆုံလည်မှန်တံခါးကြီးများကို တွန်းဖွင့်လျှောက်လာ ရင်း အဒမ် တွေးလာသည်။ အဒမ်သည် ကလေးဘဝကတည်းကပင် သူ့ဖခင်ကြီး ၏ ရုံးသို့ မကြာခဏ သွားလေ့ မရှိခဲ့။ သို့သော် သွားသည့်အခါတိုင်းလည်း ဘဝင်မကျသလို အမြဲတမ်း ခံစားရသည်။ သူ့ဖခင်ကြီးကလည်း သူလာလည် သည်ကို သဘောမကျသလို အမြဲတမ်း ဆက်ဆံတတ်သည်။

အဒမ်တို့မှာ ညီအစ်ကို မောင်နှမသုံးယောက်သာ ရှိသည်။ အစ်ကို အကြီး ဆုံးက ဒေးဗစ်၊ အထွေးဆုံးက ညီမငယ် အယ်လင်း။ အဒမ်က သူတို့နှစ်ဦးကြားမှ အလယ်လူ။ ထုံးစံအတိုင်း အစ်ကိုကြီး ဒေးဗစ်နှင့် ညီမထွေး အယ်လင်းကိုကိုသာ မိဘများက တဖူးဖူး မှုတ်ထားကြသည်။ အလယ်လူ အဒမ်မှာတော့ အမြဲတမ်း ကြားချောင်နေရသည်။ ဒေးဗစ်မှာ မိဘများ မျက်နှာသာ အပေးခံရဆုံးဖြစ်၍ သူ့ဖခင်ကြီးကဲ့သို့ပင် ဆရာဝန်လုပ်မည်ဟု ကလေးဘဝကတည်းက အမြဲတမ်း ကြုံးဝါးခဲ့သည်။ အဒမ်ကတော့ ကြီးလာလျှင် ဘာလုပ်မည်ဆိုသည်ကို မဆုံးဖြတ် နိုင်။ တစ်ခါတလေတော့ စိုက်ပျိုးရေးသမားလုပ်ချင်စိတ် ဖြစ်ပေါ်မိတတ်သည်။

အဒမ်သည် ဓာတ်လှေကားပေါ်တက်ပြီး ရှစ်ထပ်ခလုတ်ကို နှိပ်လိုက် သည်။ အစ်ကိုကြီးဒေးဗစ် ဆေးကျောင်းသားဘဝတုန်းက ဒေးဗစ်နှင့်အတူ ဓာတ်လှေကားစီးခဲ့ပုံကို သတိရမိသည်။ ဒေးဗစ်က အဒမ်ထက် ၁၀ နှစ်ကြီးသည်။ အဒမ်ကတော့ ဒေးဗစ်ကို အစ်ကိုကြီးတစ်ယောက်ထက် လူကြီးတစ်ယောက်လိုသာ သဘောထားသည်။ ဖခင်ကြီးသည် အဒမ့်ကို သူ့ရုံးခန်းရှိ ဧည့်ခန်းထဲတွင် ထားပစ် ခဲ့ပြီး ဒေးဗစ်ကို သူ၏ တခြားလုပ် ဖော်ကိုင်ဖက် ဒေါက်တာများနှင့် မိတ်ဆက်ပေး ရန် ခေါ်သွားလေ့ ရှိသည်။

အဒမ်သည် ရှစ်ထပ်တွင် ဆင်းပြီး လက်ယာဘက်သို့ လျှောက်လာခဲ့ သည်။ ရုံးခန်းတွေက ကျယ်ဝန်းပြီး လုပသလောက် အတွင်းရေးမှူး စာရေးမလေး တွေကတော့ သာမန်ရုပ်ကြမ်းရေကျိုများသာ ဖြစ်ကြသည်။ ဤအချက်ကို သူ့အား အစ်ကိုကြီး ဒေးဗစ်က ပြောပြခဲ့သည်ကို ပြန်လည်သတိရမိပြန်သည်။

အဒမ်သည် အမှုဆောင်အရာရှိများ၏ ရုံးခန်းရှေ့တွင် တွန့်ဆုတ် တွန့် ဆုတ်လုပ်ရင်း သူ့အတွေးက ဒေးဗစ်ဆီသို့သာ ရောက်နေသည်။ အကယ်၍ ဒေးဗစ်သာ ဗီယက်နမ်စစ်ပွဲတွင် မသေခဲ့လျှင် မိမိနှင့် ဖခင်ကြီးတို့၏ ဆက်ဆံရေး သည် ဘယ်လိုနေပါမလဲဟု တွေးကြည့်သည်။ ဗီယက်နမ်စစ်ပွဲတွင် ဆရာဝန်ဆော



www.burmeseclassic.com

www.burmeseclassic.com



များများစားစားတော့ မသေဆုံးခဲ့။ သို့သော် သေဆုံး သူများအထဲတွင် ဒေးဗစ်လည်း ပါဝင်ခဲ့သည်။ ဒေးဗစ်က ဘာအတွက်မဆို စေတနာ့ဝန်ထမ်း ပါဝင်ဖို့ အဆင်သင့်ပြင်ထားသူ ဖြစ်သည်။ စစ်ပွဲနောက်ဆုံးနှစ်တွင် ဒေးဗစ်သေတော့ အဒမ်က ၁၅ နှစ်သား ရှိနေပြီ ဖြစ်သည်။

ဒေးဗစ် သေဆုံးသွားတော့ မိဘနှစ်ပါးမှာ အပူလုံးကြွပြီး ယူကျုံးမရ ဖြစ်ကြရသည်။ အထူးသဖြင့် မိခင်ကြီးက ပိုဆိုးသည်။ သားကြီး၏ ပရိဒေဝ သောကကြောင့် စိတ်ကျရောဂါ အပြင်းအထန်ဖြစ်ပြီး စိတ်ရောဂါကုဆေးရုံသို့ပင် တက်ရောက်ကုသခဲ့ရသည်။ ယင်းဝေဒနာဒဏ်ကြောင့် အသွားကြီးသည် ယခု အထိ သူ၏ မူလကိုယ်ရည်ကိုယ်သွေးကို ပြန်မရနိုင်ဘဲ ရှိနေရသည်။ မိခင်ကြီးသာ မဟုတ်၊ ဖခင်ကြီးကိုယ်တိုင်လည်း အတော်ကလေး အလူးအလိမ့် ခံလိုက်ရသည်။ သူသည် သားကြီး သေဆုံးကြောင်း သိရသည့်အချိန်မှစ၍ လပေါင်းများစွာ စကား မပြောဘဲ နေခဲ့သည်။ အဒမ်က ဖခင်ကြီး၏အဖြစ်ကို မကြည့်ရက်နိုင်၍ သူ ကြီးလာလျှင် ဆရာဝန်ဖြစ်အောင် ကြိုးစားမည်ဟု ပြောသည်။ သို့သော် ဖခင်ကြီး က ဝမ်းမသာသည့်အပြင် ငိုယိုပြီး နေရာမှ ထ၍သာ ပြေးတော့သည်။

အဒမ်သည် ဖခင်ကြီး၏ရုံးခန်းရှေ့တွင် ရပ်လိုက်သည်။ ထို့နောက် သူ့ ကိုယ်သူ အားတင်းကာ မစ္စက်မာဂရက်ဝိန်းထရော့၏ စားပွဲသို့ လာခဲ့သည်။ မစ္စက်ဝိန်းထရော့က သူ၏ ဇရာမအတ္တဘောကြီးဖြင့် ဆုံလည်ကုလားထိုင် ပြည့် အောင် ထိုင်နေသည်။ သူသည် မြင်မကောင်း ရှုမကောင်း ဝသော်လည်း အဝတ် အစားကိုတော့ အချိုးကျကျ ဝတ်စားတတ်သည်။

အဒမ်ကိုမြင်တော့ သူက ပြုံး၍ နှုတ်ဆက်သည်။ ထိုင်ရာမှ မထဘဲ လက် ကို ကမ်းပေးသည်။ အဒမ်က လက်ဆွဲနှုတ်ဆက်ပြီး ပြန်ပြုံးလိုက်သည်။ သူတို့ နှစ်ယောက်က အမြဲတမ်း အဆင်ပြေသည်။ မစ္စက်ဝိန်းထရော့သည် အဒမ် မှတ်မိ သည့်အချိန်မှစ၍ သူ့ ဖခင်ကြီး၏ အတွင်းရေးမှူးစာရေးမ လုပ်လာခဲ့သည်။ သူ သည် ရှက်တတ်သော အဒမ်၏သဘာဝကို အမြဲတမ်း နားလည်စွာ ဆက်ဆံတတ် သည်။

'ဘယ့်နှယ်၊ ပျောက်ချက်သား ကောင်းလှချည်လား၊ ဘယ်ကမ္ဘာများ သွားနေလို့လဲ' မစ္စက်ဝိန်းထရော့က အပြစ်တင်သောလေသံဖြင့် ပြောလိုက် သည်။

'ဆေးကျောင်းသားဆိုတော့ အားလပ်ချိန်မရသလောက် ဖြစ်နေလို့ပါ အန်တီ'

သူ့ဖခင်ကြီးက မစ္စက်ဝိန်းထရော့အား ဘယ်အရာမဆို ဖွင့်ပြောတတ် သည်သာ ဖြစ်သည်။ ဖခင်ကြီးရုံးခန်းသို့ သူ ဘာကြောင့်မလာချင်သည်ကိုလည်း မစ္စက်ဝိန်းထရော့ သိကို သိရမည်ဟု အဒမ်က ကျိန်းသေပေါက် တွက်မိသည်။





'ထုံးစံအတိုင်း မင်းဖေဖေ တယ်လီဖုန်းပြောနေတယ်၊ ခဏဆိုရင် အား မှာပါ၊ ကော်ဖီလား၊ လက်ဖက်ရည်လား'

အဒမ်က ခေါင်းခါပြပြီး ကုတ်အင်္ကျီကို ကြေးချိတ်တွင် ချိတ်ထားလိုက် သည်။ ထို့နောက် ပလတ်စတစ် ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူ့ဖခင်ကြီးက အစိုးရဌာနများတွင် ကုလားထိုင်မှစ၍ တခမ်းတနား ဓိမ်ခံပစ္စည်းတွေထားပြီး ပြည်သူ့ဘဏ္ဍာငွေကို အချည်းနှီး သုံးဖြုန်းနေခြင်းကို လုံးဝမနှစ်သက်။ ထို့ကြောင့် လည်း သူ့ရုံးခန်းမှာ သာမန်ရုံးခန်းတစ်ခန်းမျှသာ ဖြစ်နေသည်။ ဤကား ဒေါက်တာ ရှန်းဘတ်(အကြီး)၏ သံမဏိစည်းကမ်းပင် ဖြစ်သည်။ ထို့ကြောင့် လည်း သူ့အား ရုံးကကားနှင့် ဒရိုင်ဘာ ပေးသော်လည်း သူက မယူခဲ့ခြင်းဖြစ် သည်။

အဒမ်သည် ဖခင်ကြီးနှင့် ပြောမည့်စကားများကို စဉ်းစားနေသည်။ သို့သော် မျှော်လင့်ချက်ကတော့ သိပ်မရှိလှ။ ယနေ့နံနက်က ဖခင်ကြီးထံ ဖုန်း ဆက်ပြီး တွေ့ခွင့်တောင်းခဲ့သည်။ ဖခင်ကြီးက လှိုက်လှိုက်လှဲလှဲ မရှိလှ။ သူက အဒမ့်ကို ပိုက်ဆံတောင်းချင်လို့ဟု ထင်နေပုံရသည်။

စားပွဲပေါ်မှ ဖုန်းမြည်သံ ပေါ်လာသည်။ မစ္စက်ဝိန်းထရော့က ပြုံးလိုက်ပြီး–

'ကဲ၊ ဖေဖေကြီး အဆင်သင့် စောင့်နေပြီ'

အဒမ် ထိုင်ရာမှထတော့ မစ္စက်ဝိန်းထရော့က ပခုံးပေါ် လက်တင်ပြီးပြော သည်။

'ဒေးဗစ် သောကကြောင့် သူ ခံစားနေရတုန်းပဲကွယ်၊ သူ့ဘဝကို နားလည် စမ်းပါ၊ သားကို သူ အများကြီး ချစ်ပါတယ်'

'ဒေးဗစ်သေတာ ခုနစ်နှစ်တောင် ရှိသွားပြီပဲ'

မစ္စက်ဝိန်းထရော့က ခေါင်းညိတ်သည်။ ပြီးတော့ အဒမ်၏ လက်မောင်း ကို ပုတ်လျက်–

'အေးကွယ် ဘယ်လိုပဲဖြစ်ဖြစ် အန်တီကတော့ ဖေဖေကြီးရဲ့ စိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို သားအနေနဲ့ သဘောပေါက်စေချင်တာပဲ'

အဒမ်သည် တံခါးကိုဖွင့်ပြီး ဖခင်ကြီး ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ ရည်မျောမျော ပြတင်းပေါက်ကြီးများနှင့် လေးထောင့်ရုံးခန်းကျယ်ကြီး ဖြစ်သည်။ အပြင်ဘက်သို့ ကြည့်လိုက်လျှင် သာယာလှပသော ခြံဝင်းပန်းဥယျာဉ်ကို မြင်နေ ရသည်။ အခန်းအလယ်တွင် ဝက်သစ်ချစားပွဲကြီး ရှိသည်။ စားပွဲကြီး၏ တစ်ဖက် တစ်ချက်တွင် အရွယ်တော် စားပွဲတစ်လုံးစီကို ပဆောက်ပုံချထားသည်။ အလယ် စားပွဲကြီးနောက်တွင် ဒေါက်တာရှန်းဘတ် ထိုင်နေသည်။

လူတွေက အဒမ်တို့သားအဖ တော်တော်တူသည်ဟု ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရွှန်းဘတ်၏ ဆံပင်ကလည်း တွန့်လိပ်ပြီး အုပ်ကောင်းသည်။ သို့သော် နားသယ်နှစ်ဖက်ကတော့ ဖြူနေကြပြီ။ သူတို့သားအဖ၏ အကြီးမားဆုံး ကွာခြားချက်ကား ဖအေက သားထက် ငါးလက်မ အရပ်နိမ့်ခြင်းပင် ဖြစ်သည်။

အဒမ်သည် တံခါးကို ပြန်ပိတ်လိုက်သည်။ ဒေါက်တာရွှန်းဘတ်၏ လက်ထဲတွင် မင်တံကိုင်ထားသည်။ မင်တံကို စားပွဲပေါ်မှ အစွပ်ထဲသို့ စနစ်တကျ ပြန်စွပ်ထားလိုက်သည်။

'ဟဲလို ...ဖေဖေ' အဒမ်က စတင်ခေါ်လိုက်သည်။

ဖခင်ကြီး တော်တော် အိုစာသွားပြီးဟု သတိပြုမိသည်။ နဖူးပြင်တွင် အရေးအကြောင်းတွေ တော်တော်များနေပြီ။

ဒေါက်တာရွှန်းဘတ်က ခေါင်းညိတ်ပြီး ပြန်လည် နှုတ်ဆက်သည်။ သို့သော် ထိုင်ရာကတော့ မထ။

အဒမ်သည် စားပွဲနားသို့ ကပ်လာသည်။ ဖခင်ကြီး၏မျက်ဝန်းတွေ ညိုမှောင်နေသည်ကို သတိပြုမိသည်။ သို့သော် ပျော့ပျောင်းသော အရိပ်အယောင်ကိုတော့ လုံးဝမမြင်ရ။

'ကဲ၊ အခုလို မမျှော်လင့်ဘဲ ရောက်လာတော့ တို့က ဘာလုပ်ပေးရမှာလဲ' ဒေါက်တာရွှန်းဘတ်က မေးလိုက်သည်။

'မေမေ နေကောင်းရဲ့လား'

သူ့စိုးရိမ်မှုမှန်ကြောင်း တွေးမိရင်း အဒမ်က မေးလိုက်သည်။ သားနှင့် အဖေ တွေ့ဆုံပွဲကတော့ စကတည်းက အခြေအနေဆိုးနေပြီ။

'အေး၊ မင်းမေးတာ ကောင်းတယ်၊ တကယ့်အခြေအနေကတော့ သိပ်မကောင်းဘူး၊ နောက်ထပ် လျှပ်စစ်ကုထုံး ယူနေရတယ်၊ ဒါပေမဲ့ ဒီကိစ္စကြောင့် မင်းကို စိတ်အနှောင့်အယှက် မပေးချင်ဘူး၊ တကယ်ကတော့ သူ့အခြေအနေ ဒီလောက်ဆိုးနေတာ ဟိုကလေးမကို မင်း လက်ထပ်တဲ့အတွက်ပဲ'

'သူ့နာမည်က ဂျင်နီဖာပါ ဖေဖေ၊ တစ်နှစ်ခွဲတောင်ကြာမှတော့ သူ့နာမည်ကို ဖေဖေ မှတ်မိသင့်တယ်လို့ ထင်ပါတယ်၊ မေမေ့အခြေအနေက ဒေးဗစ်သေလို့ ဖြစ်တာပါ၊ ဂျင်နီဖာကို ကျွန်တော်ယူလို့ မဟုတ်ပါဘူး'

'သူ နာလန်ထခါစမှာ မင်းက အဲဒီကလေးမ ယူလိုက်လို့ လဲရာ ဖိထောင်းသလို ဖြစ်သွားတာ'

'သူ့နာမည် ဂျင်နီဖာပါ၊ အဲဒီအချိန်က ဒေးဗစ်သေပြီးတာ ခုနစ်နှစ်တောင် ရှိနေပါပြီ'

'ခုနစ်နှစ်ပဲဖြစ်ဖြစ်၊ ၁၀ နှစ်ပဲဖြစ်ဖြစ် ဘာမှမထူးဘူး၊ အတူတူပဲ၊ ဘာသာမတူတဲ့ မိန်းမနဲ့ လက်ထပ်တာ မင်းအမေ ဘယ်လိုဖြစ်သွားမယ်ဆိုတာ မင်း





သိပါတယ်၊ ဒါပေမဲ့ မင်းက ကိုယ့်အမေကို လုံးဝဂရုမစိုက်ဘူး၊ ငါ့ကိုလည်း အတူတူပဲ၊ စာသင်နေတုန်း မိန်းမ မယူပါနဲ့ဦးလို့ ငါပြောတယ်၊ မင်းက နားမထောင်ဘူး၊ မင်းက ဒီအတိုင်းပဲ၊ မိဘကို ဘယ်တော့မှ ထည့်မတွက်ဘူး၊ အမြဲတမ်း ကိုယ်ထင်တာ ကိုယ်လုပ်တာပဲ၊ အခုတော့ မင်းလုပ်ချင်တာ လုပ်ရပြီ မဟုတ်လား'

အဒမ်က ဖခင်ကြီး မျက်နှာကို ငေးကြည့်နေသည်။ သည်လို အခြေအနေမျိုးတွင် အချေအတင် ဆက်ပြောချင်စိတ် မရှိတော့။ လွန်ခဲ့သော တစ်နှစ်ခွဲကလည်း သည်လိုပဲ သူ့ဖခင်ကြီးနှင့် အချေအတင် ပြောခဲ့ကြပြီးပြီ။ နောက်ဆုံး သူပဲ လက်လျှော့လှည့်ပြန်ခဲ့ရသည်။

'ဒါဆို ဖေဖေက ကျွန်တော့်ကို လုံးဝ မကြည့်တော့ဘူးလား၊ ကျွန်တော့် ပညာရေးအတွက် အကူအညီ မပေးနိုင်တော့ဘူးလား'

'လောလောဆယ် အခြေအနေအရတော့ ဘယ်လိုမှမပေးနိုင်ဘူး'

'ကောင်းပါပြီ၊ ကျွန်တော်လာမိတာ သိပ်မှားသွားပြီ၊ တကယ်တော့ ကျွန်တော့်တို့မှာ ငွေရေးကြေးရေး သိပ်ပြီး အခက်အခဲရှိနေလို့ လာခဲ့ရတာပါ၊ ဒီအတိုင်းဆို ဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေနဲ့ ဆက်ပြောနေစရာ မရှိတော့ဘူးပေါ့'

'အို... မင်းက အခု ငါနဲ့ ငွေရေးကြေးရေး ဆွေးနွေးဖို့ လာတယ်ပေါ့လေ၊ ဒီမှာ အဒမ်၊ မင်း အဲဒီကလေးမကိုယူရင် ငါနဲ့ မင်းနဲ့ လုံးဝပြတ်ပြီလို့သာမှတ်ဆိုပြီး မင်းကို ငါပြောခဲ့ပြီးပြီပဲ၊ မင်းက ငါ ရယ်စရာပြောတယ်လို့များ ထင်လို့လား၊ တစ်နှစ်၊ နှစ်နှစ်ဆိုရင် ငါစိတ်ပြေသွားမယ်လို့များ မင်းက ထင်လို့လား'

'အဲဒီတော့ ကျွန်တော့်အခြေအနေကို ဖေဖေ့အနေနဲ့ ဘယ်လိုမှ ပြန်ပြီး စဉ်းစားနိုင်တော့ဘူး ဆိုပါတော့'

အဒမ်က တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

သူက မမေးခင်ကပင် အဖြေကို သိထားပြီးဖြစ်သည်။ ထို့ကြောင့် ဂျင်နီဖာမှာ ကိုယ်ဝန်ရှိနေပြီ ဆိုသည်ကိုလည်း ပြောပြချင်စိတ်မရှိတော့။

'အဒမ်၊ မင်းအနေနဲ့ ကိုယ့်ဆုံးဖြတ်ချက်အတိုင်း ကိုယ်လုပ်ရဲရင် တာဝန်လည်း ယူရဲရမယ်၊ တစ်ခုခု ဆုံးဖြတ်ရင် ဆုံးဖြတ်တဲ့အတိုင်း လုပ်ရမယ်၊ ဆေးပညာကိုဖြတ်လမ်းက လိုက်လို့မရဘူး၊ အဆင်ပြေအောင် ညှိယူလို့ မရဘူး၊ ကိုယ်လုပ်မှ ကိုယ်ကြိုးစားမှ ရတာ၊ ငါပြောတာ သဘောပေါက်တယ် မဟုတ်လား'

အဒမ်က ထိုင်ရာမှ ပြန်ထကာ တံခါးဝသို့ ခြေလှမ်းပြင်သည်။

'အခုလို တရားဟောတာ ကျေးဇူးတင်ပါတယ် ဖေဖေ၊ အများကြီး တန်ဖိုးရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ရွှန်းဘတ်က စားပွဲကိုပတ်ပြီး အဒမ်အနားသို့ ကပ်လာသည်။

'အဒမ် မင်းက ဒီလိုပဲ အမြဲတမ်း စကားနာထိုးတတ်တာပဲ၊ ဒါပေမဲ့ မင်းဆုံးဖြတ်ချက်အတွက် မင်းပဲ တာဝန်ယူရမယ်ဆိုတာတော့ ကောင်းကောင်း မှတ်သွားစေချင်တယ်၊ ငါ ဒီဌာနကို အုပ်ချုပ်နေတာလည်း အဲဒီအတိုင်းပဲကွ'

အဒမ်က ခေါင်းညိတ်ပြပြီး တံခါးကို ဖွင့်သည်။ ပြီးတော့ ကုတ်အင်္ကျီကို ပြန်ယူသည်။

ဒေါက်တာ ရွှန်းဘတ်က ဧည့်ခန်းအထိ ထွက်လိုက်လာသည်။

'ပြီးတော့ ငါ့ဘဝကိုလည်း ဒီအတိုင်းပဲ ငါ စခန်းသွားနေတယ်၊ ငါ့ အဖေ လည်း ဒီအတိုင်းပဲ စခန်းသွားခဲ့တယ်၊ အဲဒီတော့ မင်းလည်း ဒီအတိုင်းပဲ လုပ်ပေါ့'

'ကောင်းပါပြီ၊ ကျွန်တော် မှတ်ထားပါ့မယ် ဖေဖေ၊ မေမေ့ကို နှုတ်ဆက် သွားတယ်လို့ ပြောပြလိုက်ပါ၊ ကဲ၊ ကျွန်တော် သွားတော့မယ် ဖေဖေ၊ ကျေးဇူး တင်ပါတယ်'

အဒမ်သည် စင်္ကြံလမ်းအတိုင်း ဓာတ်လှေကားသို့ လျှောက်လာခဲ့သည်။ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ မစ္စက်ဝိန်းထရောက လက်ယမ်းပြသည်။ သူက ပြန်ယမ်းပြလိုက်သည်။

နောက်ဆိုလျှင် ဤနေရာသို့ သူ ဘယ်တော့မှ လာတော့မည်မဟုတ်။ သူ့ဖခင်ကြီးထံမှ ပိုက်ဆံလည်း ဘယ်တော့မှ ရနိုင်တော့မည်မဟုတ်။

*

ဂျင်နီဖာ သူတို့တိုက်ခန်းမှ အထွက်တွင် မိုးမရွာပါ။ သို့သော် ကောင်းကင် တစ်ပြင်လုံး မည်းမှောင်နေသည်။ နယူးယောက်မြို့တွင် မတ်လသည် ရာသီဥတု အဆိုးရွားဆုံးလဟု ထင်မိသည်။ နွေဦးပေါက်ရာသီဝင်စပြုပြီ ဖြစ်သော်လည်း ဆောင်းရာသီကတော့ မြို့တော်တစ်ခွင်ကို စိုးမိုးနေဆဲ ဖြစ်သည်။

ဂျင်နီဖာသည် ကုတ်အင်္ကျီကို တင်းတင်းဆွဲပတ်ကာ သတ္တမရိပ်သာလမ်း ဘက်သို့ ထွက်ခွာလာခဲ့သည်။ သူသည် ဓာတ်အဖွဲ့မှထွက်ဖို့ ကိစ္စကို ဓာတ်ဆရာ အား မပြောရသေး။ ဆုံးဖြတ်ချက်လည်း အတိအကျ မချရသေး။ သူကိုယ်ဝန် ရှိနေသည့်တိုင်အောင် ဓာတ်ဆရာက တစ်လနှစ်လတော့ ကခွင့်ပြုဦးမည်ဟု မျှော်လင့်သည်။ သူတို့မှာက ပိုက်ဆံအရေးတကြီး လိုအပ်နေသည်။ အဒမ် ဆေး ကျောင်းမှထွက်မည့်ကိစ္စ တွေးမိတိုင်း သူ အလွန်စိတ်မချမ်းမသာ ဖြစ်မိသည်။ ဂျင်နီဖာ၏ မိဘများထံမှ အကူအညီယူရမှာကိုလည်း အဒမ်က ခါးခါးသီးသီး ငြင်းဆန်နေတော့ သိပ်ခက်သည်။

သတ္တမရိပ်သာလမ်းရောက်တော့ တောင်ဘက်သို့ လှည့်လျှောက်လာ သည်။ ဓာတ်တိုင်အောက်တွင်ရပ်ကာ တွေးနေမိပြန်သည်။ အဒမ် သူ့ ဖေဖေဆီက





ဘာအကူအညီများ ရပါ့မလဲ။ ဂျင်နီဖာ အိပ်ရာမှထတော့ အဒမ် မရှိတော့။ သူ ဓါရှင်တန်သို့ ထွက်သွားကြောင်း စာကလေးတစ်စောင်သာ ရေးထားခဲ့သည်။ အဘိုးကြီးဆီက အကူအညီရရင်တော့ အားလုံး ပြေလည်သွားမှာပဲဟု တွေးမိသည်။ သူ့ဖေဖေဆီက အကူအညီလက်ခံလျှင် ဂျင်နီဖာ၏ မိဘများဆီက အကူအညီကို လည်း အဒမ် လက်ခံလာနိုင်သည်ဟု တွေးပြီး ဝမ်းသာမိသည်။

ဂျင်နီဖာသည် သတ္တမရိပ်သာလမ်းကိုဖြတ်ပြီး ဂရင်းနစ်မြို့လယ်သို့ ဝင်လာ ခဲ့သည်။ မိနစ်အနည်းငယ်ခန့်အကြာတွင် ဇေဆန်းကဖေးဆိုင်သို့ ရောက်လာသည်။ လှေကားသုံးထစ်တက်ပြီး မှန်တံခါးကို တွန်းဖွင့်လိုက်သည်။ အခန်းထဲတွင် ဆေးလိပ်မီးခိုးနှင့်ကော်ဖီနံ့များ မွှန်ထူနေသည်။ ထုံးစံအတိုင်းပင် အခန်းထဲတွင် လူတွေ ပြည့်ကျပ်လျက် ရှိသည်။

ဂျင်နီဖာက ခြေဖျားထောက်ရင်း အသိတစ်ယောက်ယောက်များ တွေ့မည် လားဟု လူအုပ်ထဲ မျှော်ကြည့်လိုက်သည်။ တစ်နေရာမှ အမျိုးသမီးတစ်ယောက် လက်ယပ်ခေါ်သည်။ ကင်ဒီဟာလီ ဖြစ်နေသည်။ ကင်ဒီလည်း ဂျက်ဆင်ကွန်ရတ် ဓာတ်အဖွဲ့မှပင် ဖြစ်သည်။ သို့သော် သူက ကချေသည်တော့ မဟုတ်။ အုပ်ချုပ်ရေး အမှုထမ်းတစ်ယောက်သာ ဖြစ်သည်။ သူ့ဘေးတွင် ချယ်ရီတက်ဒီစကို ထိုင်နေ သည်။ ချယ်ရီက ဓာတ်အဖွဲ့အတွင်းရေးမှူး စာရေးမ။ သူက အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။ သူ့မျက်နှာက ခါတိုင်းထက် ဖြူရော်နေသည်။ သူတို့သုံးယောက် သည် အစမ်းလေ့ကျင့်ခန်း မပြုလုပ်မီ ကော်ဖီအတူသောက်လေ့ ရှိကြသည်။

ဂျင်နီဖာသည် စားပွဲမှာ ဝင်ထိုင်လိုက်သည်။ စားပွဲထိုးရောက်လာသည်။ စားနေကျ အစားအစာကိုပင် မှာလိုက်သည်။

ထို့နောက် ကင်ဒီက ရှေ့သို့ကိုင်းပြီး ပြောသည်။

'ကျွန်မတို့ သတင်းကောင်းနဲ့ သတင်းဆိုး ရထားတယ်၊ ဘာသတင်း အရင် ကြားချင်သလဲ'

ဂျင်နီဖာက သူငယ်ချင်းမနှစ်ယောက်၏ မျက်နှာကို တစ်လှည့်စီ ကြည့် လိုက်သည်။ သူက ပြောင်ချင် နောက်ချင်စိတ် လုံးဝမရှိ။ ချယ်ရီမှာလည်း မျက်နှာ သိုးညိုးဖြင့် ကော်ဖီခွက်ကိုသာ စိုက်ကြည့်နေသည်။

'သတင်းကောင်းပဲ အရင်ပြောပါ' ဂျင်နီဖာက စိတ်မပါ့တပါဖြင့် ပြော လိုက်သည်။

'ကျွန်မတို့ကို စီဘီအက်စ် ရုပ်မြင်သံကြားကုမ္ပဏီက အထူးပွဲငှားတယ်၊ အဲဒါ ကျွန်မတို့ ဂျက်ဆင်ကွန်ရတ်ဓာတ်အဖွဲ့တော့ ပွဲပေါက်တိုးတာပဲ' ကင်ဒီက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဖာ စိတ်ဝင်စားဟန်ပြသည်။ သို့သော် သူ့ကိုယ်ဝန်ကြီးနှင့် ဘယ်လို လုပ်ပြီး ရုပ်မြင်သံကြားရိုက်လို့ ရပါမလဲ။ သို့သော်လည်း သူ့ကိုယ်သူ အားတင်းပြီး ပြန်ပြောသည်။

'ဟာ... သိပ်ကောင်းတာပေါ့၊ ဒါနဲ့ ဘယ်တော့ စရိုက်မှာလဲ'

'နေ့ရက် အတိအကျတော့ မသိသေးဘူး၊ ဒါပေမဲ့ ဒီတစ်လ နှစ်လအတွင်း မှာပဲ ဖြစ်လိမ့်မယ်ထင်တာပဲ'

'ဒါဖြင့် သတင်းဆိုးက ဘာသတင်းလဲ'

'သတင်းဆိုးကတော့ ချယ်ရီမှာ ကိုယ်ဝန်ရှိနေတာ လေးလရှိသွားပြီ၊ အဲဒါ သူ့ မနက်ဖြန် ကိုယ်ဝန်သွားဖျက်ချမလို့'

ဂျင်နီဖာက ချယ်ရီမျက်နှာကို ကြည့်လိုက်သည်။ ချယ်ရီက ကော်ဖီခွက် ကိုသာ စိုက်ကြည့်မြဲ စိုက်ကြည့်နေသည်။ မငိုမိအောင် မနည်းထိန်းထားရသည့် ပုံမျိုး။

ကင်ဒီက ဆက်ပြောသည်။

'သူက ဘယ်သူ့မှ မပြောဘူး၊ ကျွန်မ သားဖျက်ချတာ သိတော့မှ ပြောပြ တာ၊ ဒါနဲ့ကျွန်မက သူ့ကို ဆရာဝန်ဆီ ခေါ်သွားတာ၊ သူက ကိုယ်ဝန်နှစ်လ လောက်ကတည်းက ဆေးတွေ ကျိတ်သုံးနေတာ၊ အဲဒါကြောင့် မဖျက်ချလို့ မဖြစ်တော့ဘူး'

ဂျင်နီဖာက ချယ်ရီဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ ချယ်ရီကတော့ ခေါင်းမဖော်။ ကော်ဖီခွက်ကိုသာ ငုံ့ကြည့်ပြီး သူ့ကိုယ်သူ မငိုမိအောင် အနိုင်နိုင် ထိန်းနေရသည်။

'ဒါဆို ကလေးအဖေက ဘာမှမပြောဘူးလား'

ဂျင်နီဖာက မေးသည်။ မေးပြီးတော့မှ စိတ်မကောင်းဖြစ်သွားမိ သည်။ အကြောင်းကတော့ ချယ်ရီက မျက်နှာကို လက်နှင့်အုပ်ပြီး ရှိုက်ကြီးတငင် ငိုနေ သောကြောင့် ဖြစ်သည်။ ကင်ဒီက ချယ်ရီ၏ပခုံးကို ဖက်ထားလိုက်သည်။ ဂျင်နီဖာ က ပတ်ဝန်းကျင်စားပွဲများသို့ စောင်းကြည့်လိုက်သည်။ သူတို့ကို ဘယ်သူမှလှည့် ၍ပင်မကြည့်။ နယူးယောက် တစ်မြို့တည်းမှသာ သည်လို အခြေအနေမျိုးကို ကြုံတွေ့နိုင်သည်။ ချယ်ရီက ပိုက်ဆံအိတ်ထဲ မှ စက္ကူတစ်စယူပြီး နှာရည်တွေကို သုတ်နေသည်။

'ကလေးအဖေ နာမည်က ပေါ်တဲ့'

သူက ဆို့ဆို့နင့်နင့် လေသံဖြင့် ပြောသည်။

'ကိုယ်ဝန်ဖျက်ချတာကို သူက ဘယ်လိုခံစားရသလဲ'





ဂျင်နီဖာက မေးသည်။

'အဲဒါတော့ မသိဘူး၊ ကျွန်မက ပြောပြတော့ သူက ထိုင်ရာကထပြီး ပြန်သွားတော့တာပဲ'

'အဲဒါပေါ့၊ သူ့စိတ်ထဲ ဘယ်လိုသဘောထားတယ်ဆိုတာ ရှင်းနေပြီပဲ၊ အလကား ခွေးတိရစ္ဆာန်၊ ကျွန်မတို့ မိန်းမတွေလိုပဲ သူတို့ယောက်ျားတွေလည်း ကိုယ်ဝန်ဆောင်ရရင် သိပ်ကောင်းမှာပဲ၊ တတ်နိုင်ရင် တစ်နှစ်တစ်ခါတောင် ဆောင် ဆချင်တယ်၊ ဒါမှ သင်းတို့မှာ ကိုယ်ချင်းစာစိတ်၊ ကြင်နာစိတ် ဝင်လာမယ်'

ချယ်ရီက ဘာမှပြန်မပြောဘဲ မျက်လုံးအပြူးသားနှင့်သာ ကြည့်နေသည်။ သူ့အသက်က ၂၀သာ ရှိသေးသည်။

အတန်ကြာတော့မှ သူက ငိုသံပါပါဖြင့် ပြောသည်။

'ကျွန်မ သိပ်ကြောက်တာပဲ မမ၊ ဒါကြောင့်မို့လည်း ဘယ်သူ့မှ မပြောဘဲ ကျိတ်ပြီးနေခဲ့တာ၊ မေမေသာ သိသွားရင်တော့ ကျွန်မကို အသေသတ်တော့မှာပဲ'

'အေးလေ၊ ဖြစ်လာပြီးမှတော့ မထူးတော့ပါဘူး ညီမရယ်၊ စိတ်အေးအေး ထားပြီး လုပ်သင့်တာ လုပ်ရတော့မှာပေါ့၊ ဒါပေမဲ့ ဆေးရုံသွားရင် ညီမတစ်ယောက် တည်းတော့ မသွားစေချင်ဘူး'

ဂျင်နီဖာက စိုးရိမ်သံဖြင့် ပြောသည်။

ဤတွင် ကင်ဒီက အပေါ်စီးလေသံဖြင့်–

'ဒီလောက်လည်း မဟုတ်ပါဘူးလေ၊ ကျွန်မတုန်းကလည်း ဖျက်မချခင် ကတော့ သိပ်ပြီး ကြောက်မိတာပေါ့၊ ဒါပေမဲ့ တကယ်လုပ်တော့လည်း လွယ်လွယ် ကလေးပါ၊ ဂျူလီယံဆေးရုံက လူတွေက သိပ်တော်တာ၊ စေတနာလည်း အပြည့် ရှိတယ်၊ ပြီးတော့ ချယ်ရီက ကမ္ဘာမှာ အတော်ဆုံးသမားတော်ကြီးနဲ့ လုပ်ရမှာဆို တော့ ဘာမှ စိုးရိမ်စရာမရှိပါဘူး'

'သမားတော်ကြီး နာမည်က ဘယ်သူလဲ' ဂျင်နီဖာက မေးသည်။

'ဒေါက်တာလောရင့်ဖော်လီလေ' ကင်ဒီက ပြောသည်။ 'ကိုယ်ဝန်ဖျက် ချင်တဲ့ နောက်တစ်ယောက်တောင် ကိုယ် ညွှန်လိုက်သေးတယ်'

'ဒီသမားတော်ကြီးက ဒါမျိုးတွေပဲ အကြီးအကျယ် လုပ်နေတာပဲနော်'

'ဒါပေါ့၊ မြို့က အကျယ်ကြီးကို'

ဂျင်နီဖာက သူ့အဖြစ်ကို ဘယ်လိုပြောရမှာပါလိမ့်ဟု တွေးရင်း ကော်ဖီကို ငုံ့သောက်နေသည်။ လောလောဆယ် မပြောချင်သေးသဖြင့် ချယ်ရီဘက်လှည့်ကာ

'ဒါဆို မနက် ညီမနဲ့ မမလိုက်ခဲ့မယ်လေ၊ အဖော်ရတာပေါ့ ဟုတ်လား၊ တစ်ယောက်တည်း သွားတာတော့ မကောင်းပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ခက်ျးဇူးပါပဲ မမရယ်'

ချယ်ရီ၏ မျက်နှာ လန်းဆန်းလာသည်။

'ကဲ၊ မြန်မြန်ကလေးလည်း လုပ်ပါ၊ မစွက်ရှုန်းဘတ်' ကင်ဒီက ပြောလိုက်သည်။ 'ကျွန်မတို့ အစမ်းလေ့ကျင့်ပွဲ လုပ်ရဦးမယ်'

ဂျင်နီဖာက မျက်ခုံးချီပြီး ပြုံးလိုက်သည်။

'ဒါနဲ့ ကိုယ်လည်း တစ်ခုပြောစရာရှိတယ်၊ ကိုယ့်မှာလည်း ကိုယ်ဝန်ရှိနေပြီ၊ မနက်ကပဲ သိရတာ၊ နှစ်လခွဲတောင် ရှိသွားပြီ'

'အို ... မဖြစ်နိုင်တာပဲ' ကင်ဒီက ပြောသည်။

'တကယ်ပါ၊ ညာမပြောပါဘူး၊ ဓာတ်ဆရာကိုတော့ မပြောရသေးဘူး။ သူ သိရင်တော့ သူက ဓာတ်တိုက်ချင်လည်းတိုက် မတိုက်ချင်လည်းနေလို့ ပြောမှာ သေချာပါတယ်'

ကင်ဒီနှင့် ချယ်ရီတို့ နှစ်ယောက် အံ့အားကြီးသင့်နေကြသည်။

ထို့နောက် ကော်ဖီလက်ကျန်ကို သောက်လိုက်ကြပြီးနောက် ပိုက်ဆံရှင်းကာ စတူဒီယိုသို့ ထွက်လာခဲ့ကြသည်။

သူတို့ရောက်သွားတော့ ဓာတ်ဆရာ ဂျက်ဆင် မရောက်သေး။ ဂျင်နီဖာ ဝမ်းလည်း သာမိသည်။ ဝမ်းနည်း နည်းမိသည်။ အပြင်ဝတ်ရုံကို ချွတ်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ပြီးနောက် ဆွယ်တာအင်္ကျီကို လှန်ကာ သူ့ဗိုက်ကို သူကြည့်လိုက်သည်။

သူ့ဗိုက်ကလေးက သပြုဗတ်နနကလေး စူထွက်နေပါရောလား။

*

အဒမ်သည် ဆေးတက္ကသိုလ်ဆေးရုံ ပထမထပ်ရှိ ရေချိုးခန်းသို့ ဝင်ကာ မျက်နှာသစ်ပစ်လိုက်သည်။ ပြီးနောက် သူ့မျက်နှာကို မှန်ထဲတွင် ကြည့်လိုက်သည်။ မျက်တွင်းတွေကျပြီး ပင်ပန်းနွမ်းနယ်နေသည့်ပုံမျိုး ပေါက်နေသည်။ သည်ပုံအတိုင်းသာဆိုလျှင် ဌာနမှူးက သူ့ကို သနားမိမည်မှာ သေချာသည်။

သူသည် ဖခင်ကြီးနှင့် တွေ့ဆုံရာမှ အရေးနိမ့်စွာ ပြန်လည်ဆုတ်ခွာလာခဲ့ပြီးနောက် သူ၏နောက်ထပ် တစ်ခုတည်းသော အားကိုးရာဖြစ်သည့် ဆေးသိပ္ပံကျောင်းသား ငွေချေးရန်ပုံငွေမှ ရလိုရငြား ငွေချေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

တွန့်ကြေနေသော အင်္ကျီကို ပွတ်သပ်ပြုပြင်လိုက်သည်။ သူ့ရုပ်က ဆင်းရဲချို့တဲ့သည့်ရုပ်မျိုး ပေါက်နေသည်။ ထောက်ပံ့ကြေးရနိုင်ရန် အများကြီး အလားအလာရှိသည်ဟု သူ့ကိုယ်သူ ယုံကြည်မိသည်။

သို့ဖြင့် စိတ်ဓာတ်ပြန်ကျမသွားခင် စာရေးမ၏အခန်းသို့ ခပ်မြန်မြန်





ဝင်လာခဲ့ပြီး ဌာနမှူးနှင့် တွေ့ခွင့်တောင်းလိုက်သည်။ စာရေးမက ရုံးခန်းထဲ ဝင်ကြည့်ပြီး ပြန်ထွက်လာသည်။

'ဝင်နိုင်ပါပြီ'

အဒမ် ဝင်လာသောအခါ ဌာနမှူး ဒေါက်တာမာကိုဝစ်သည် စားပွဲနောက်တွင် ရပ်နေသည်။ အဒမ်အား လက်ကမ်း၍ နှုတ်ဆက်သည်။

'ကဲ၊ ထိုင်ပါ'

ဌာနမှူးက စားပွဲရှေ့မှ ကုလားထိုင်ကို ညွှန်ပြသည်။

ဌာနမှူး၏ စားပွဲပေါ်တွင် အဒမ်၏နာမည် ရေးထားသော ဖိုင်တွဲတစ်ခု တင်ထားသည်။ အဒမ်သည် ဌာနမှူးနှင့်အချိန်ကြာကြာ မတွေ့ဆုံဘူး။ သို့သော် တွေ့တိုင်းမှာတော့ ဌာနမှူးက အဒမ်၏ အခြေအနေမှန်ကို နားလည်သည့်ပုံစံမျိုးဖြင့် ဆက်ဆံခဲ့သည်ချည်း ဖြစ်သည်။ ဌာနမှူးက ဖိုင်တွဲကို လှန်ကြည့်နေသည်။ အဒမ်က ရင်တဖိုဖိုနှင့် ထိုင်စောင့်နေသည်။

အဒမ်က လည်ချောင်းတစ်ချက်ရှင်းပြီး ပြောသည်။

'ဆရာကြီး၊ အခုလို ကျွန်တော်လာပြီး အနှောင့်အယှက်ပေးတာ ခွင့်လွှတ်ပါခင်ဗျား၊ ကျွန်တော့်မှာ ကိုယ်ရေးကိုယ်တာပြဿနာကလေးတစ်ခု ရှိနေလို့ပါ ဆရာကြီး'

'ကောင်းတယ်၊ မင်း ငါ့ဆီလာတာ နေရာမှန်ကို လာတာပဲ'

ဌာနမှူးက ပြုံး၍ ပြောသည်။ သူက ဆရာဝန်ထက် နိုင်ငံရေးသမားနှင့် ပိုတူနေသည်ဟု အဒမ်က တွေးလိုက်မိသည်။ တစ်ချိန်တည်းတွင် သူ့ဖခင်ကြီးနှင့် တွေ့ဆုံပွဲလိုပဲ ဖြစ်နေဦးမှာ ထင်ပါရဲ့ဟုလည်း တွေးပြီး စိုးရိမ်မိသည်။ ဒူးနှစ်လုံးကို သပ်လျက် တုန်နေသော လက်နှစ်ဖက်နှင့် ခပ်တင်းတင်း ဖိထားလိုက်သည်။

'ပြဿနာက တခြားမဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော့်မိန်းမ ကိုယ်ဝန်ရှိနေလို့ပါ'

အဒမ်က ဌာနမှူး၏ မျက်နှာကို အကဲခတ်လိုက်သည်။ ပထမဦးစွာ ဌာနမှူး၏အပြုံး ပျောက်ကွယ်သွားသည်။ ထို့နောက် လက်နှစ်ဖက်ကို ပိုက်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ အဒမ်က အားတင်းပြီး ဆက်ပြောသည်။

'ဒီအတိုင်းသာဆိုရင် ကျွန်တော်တို့ လင်မယားမှာ ငွေရေးကြေးရေး အခက်အခဲကြုံရမှာ သေချာနေပါတယ် ဆရာကြီး၊ လောလောဆယ် ကျွန်တော့်ကျောင်းစရိတ်ကစပြီး မိန်းမဝင်ငွေတစ်ခုတည်းနဲ့ ရပ်တည်နေရပါတယ်၊ ဒီကြားထဲ ကလေးမွေးလာဦးမယ်ဆိုရင်တော့ ...'

အဒမ် စကားပြတ်သွားသည်။ သူ ဘာဆက်ပြောမည်ဆိုသည်ကို မေးခွင့်မမေးဘဲ သိသာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ၊ ဒါဆိုရင်တော့ မင်း ငါ့ဆီလာတာ၊ သိပ်မှားနေပြီ' ဌာနမှူးက ရယ်ပြီး ပြောသည်။ 'ငါက သားဖွားဆရာဝန်မှ မဟုတ်တာ၊ ရိုးရိုးဆရာဝန် တစ်ယောက်ပါ၊ ငါက ကလေးမွေးပေးတဲ့ ပညာမှာတော့ မကျွမ်းဘူးကွ'

အင်း... တော်တော်လုတဲ့ ဟာသပဲ ဟု အဒမ်က တွေးလိုက်သည်။

'ကျွန်တော့်မိန်းမက ဒေါက်တာဇန်ဒါမားဆီ သွားနေပါတယ် ဆရာကြီး'

'သိပ်ကောင်းတာပေါ့၊ သူက အတော်ဆုံးပုဂ္ဂိုလ်ပဲ၊ သားဖွားပညာမှာတော့ ဒေါက်တာဇန်ဒါမားကို မီတဲ့ဆရာဝန် ရှားပါတယ်၊ ငါ့သားသမီး နှစ်ယောက်ကို လည်း သူပဲ မွေးပေးတာပဲ'

ခေတ္တငြိမ်သက်သွားသည်။ အဒမ်၏ လက်ဝဲဘက်နံရံမှ နာရီတီးသံ ထွက်ပေါ်လာသည်။ ဒေါက်တာမာကိုဝစ်က ကိုယ်ကို ရှေ့သို့ကိုင်းလျက် ဖိုင်တွဲကို လှန်ဖတ်ကြည့်နေသည်။ ထို့နောက် အဒမ့်ကို မော့ကြည့်လျက်–

'အဒမ် ဒီအချိန်မှာ မင်းတို့လင်မယားအနေနဲ့ သားသမီးယူဖို့ မသင့်တော် သေးဘူးဆိုတာ မင်း မတွေးမိဘူးလား'

'မထင်မှတ်ဘဲ ဖြစ်လာတာပါ ဆရာကြီး၊ တားထားတဲ့အထဲက ဖြစ်သွား တာပါ၊ ဒါပေမဲ့ ဖြစ်လာပြီးမှတော့ ဒီကလေးကို မွေးဖြစ်အောင် မွေးရတော့မှာပဲ ဆရာကြီး၊ အဲဒါကြောင့် ကျွန်တော်တို့မှာ ငွေရေးကြေးရေး ပြဿနာပေါ်လာ ပါတယ်၊ ဘယ်ကမှ အကူအညီမရရင်တော့ ကျွန်တော် ကျောင်းထွက်ရတော့မှာပဲ၊ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် ဆိုပါတော့၊ အခြေအနေအရတော့ ဒီလမ်းပဲ ရှိပါတော့တယ်'

'ကိုယ်ဝန်ဖျက်ချဖို့ စိတ်မကူးဘူးလား'

'ဒီကိစ္စ ကျွန်တော်တို့ လင်မယားနှစ်ယောက် အများကြီး စဉ်းစားခဲ့ကြ ပါတယ်၊ နောက်ဆုံးတော့ ကလေးကို ရအောင်ယူမယ်ဆိုပြီး နှစ်ယောက်စလုံး သဘောတူ ဆုံးဖြတ်ကြပါတယ်'

'အဲဒီတော့ ငွေရေးကြေးရေးပြဿနာကို ဘယ်လိုဖြေရှင်းမလဲ၊ ကျောင်း ထွက်တာကို ကောင်းတဲ့လုပ်ရပ်လို့ ငါ မယူဆဘူး၊ ဒီအဆင့်အထိ ရောက်လာ အောင် မင်းမှာ အရင်းအနှီးတွေ အများကြီးမြှုပ်နှံခဲ့ရတယ်၊ ဒီလို အခက်အခဲ ကြုံလာတာ ငါ့အနေနဲ့ မဖိုလားပါဘူး'

'ငွေရေးကြေးရေး ပြဿနာကတော့ ပြေလည်နိုင်စရာ မရှိပါဘူး၊ မိဘ တွေဆီက ရဖို့လမ်းလည်း သိပ်မရှိပါဘူး၊ ကျွန်တော် စိတ်ကူးတာကတော့ ကျောင်းသား ထောက်ပံ့ကြေး ချေးငွေထဲက ချေးချင်ပါတယ်၊ အဲဒါမှမရရင်တော့ ကျောင်းက ရက်ရှည်ခွင့်ယူဖို့လမ်းပဲ ရှိပါတော့တယ်'





'လော‌လောဆယ် မင်းချေးတာပဲ နောက်ဆုံးအဆင့် ရောက်နေပြီ အဒမ်၊ ဘို့မှာက တကယ်လိုအပ်တဲ့ ကျောင်းသူ ကျောင်းသားတွေကို ထုတ် ချေးနိုင်ဖို့ အတွက် အကန့်အသတ်နဲ့ ဘောင်ခတ်ထားရတာ၊ မင်းကို မကူညီနိုင်တာ ငါ စိတ်မကောင်းပါဘူး'

အဒမ် ထိုင်ရာမှ ထရပ်လိုက်သည်။

'အခုလို အချိန်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး'

ဒေါက်တာမာကိုဝစ်လည်း ထရပ်လိုက်သည်။ သူ့မျက်နှာတွင် အပြုံး ပြန်ပေါ်လာသည်။

'ငါ့အနေနဲ့ ကူညီချင်ပါတယ် အဒမ်၊ မင်း ကျောင်းက ထွက်သွားတာကို ငါ ဘယ်လိုမှ သဘောမတူနိုင်ဘူး၊ မင်းက အခုအထိ အဆင့်ကောင်းကောင်း ရထားတဲ့ ကျောင်းသားတစ်ယောက်၊ အဲဒီတော့ ငါအကြံပေးချင်တာကတော့ မင်းတို့လင်မယားအနေနဲ့ ကိုယ်ဝန်ကိစ္စ ပြန်ပြီး စဉ်းစားစေချင်တယ်'

'ကျွန်တော်တို့ကတော့ ကလေးကို မွေးဖြစ်အောင် မွေးမယ်လို့ ယတိပြတ် ဆုံးဖြတ်ထားပြီးပါပြီ ဆရာကြီး'

'အဲဒီတော့ မင်း ဘယ်တော့ ကျောင်းက ထွက်မှာလဲ'

'နောက်တစ်ရက် နှစ်ရက်ဆိုရင် ဆေးရုံက လက်တွေ့သင်တန်းပြီးတော့ မှာပါ၊ အဲဒါပြီးတာနဲ့ ချက်ချင်းထွက်ပြီး အလုပ်တစ်ခုရှာဖို့ စိတ်ကူးထားပါတယ်'

'ထွက်ရင်တော့ ဘယ်အချိန်ထွက်ထွက် ရပါတယ်၊ ဒါနဲ့ ဘာလုပ်မယ် စိတ်ကူးထားသလဲ'

အဒမ်က ပခုံးနှစ်ဖက် တွန့်လိုက်သည်။

'ဘာရယ်လို့ အတိအကျ မဆုံးဖြတ်ရသေးပါဘူး'

'မင်း လုပ်ချင်ရင် ဆေးသိပ္ပံမှာ သုတေသနလက်ထောက်အလုပ်တော့ ရအောင် ငါ လုပ်ပေးနိုင်တယ်'

'ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဒါပေမဲ့ သုတေသနအလုပ်က ကျွန်တော် လိုချင်သလောက် ပိုက်ဆံကို ပေးနိုင်မှာ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ မိသား စုရပ်တည်နိုင်လောက်တဲ့ လခရမှဖြစ်မှာ၊ လောလောဆယ်တော့ နယူးဂျာစီ ပြည်နယ်က ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုခုမှာ အလုပ်ရအောင်ရှာမယ်လို့ စိတ်ကူးထားပါတယ်၊ အေရီလင်ကုမ္ပဏီက ကျွန်တော်တို့ ဆေးကျောင်းသား တွေကို ဆရာဝန်ကိုင် သားရေလက်ဆွဲအိတ်တွေ လက်ဆောင်ပေးခဲ့ပါတယ်၊ အဲဒီကုမ္ပဏီကို သွားကြည့်မယ် စိတ်ကူးပါတယ်'

ဒေါက်တာ မာကိုဝစ်သည် အရိုက်ခံလိုက်ရသူလို တွန့်ခနဲ ဖြစ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း၊ အဲဒါတော့ တကယ့်ပိုက်ဆံရမယ့် နေရာပဲကွယ့်၊ ဒါပေမဲ့ အဲဒီမှာ သွားလုပ်ရင် မင်းက ရန်သူဘက် ဝင်သွားတာနဲ့ တူလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေက ဆေးသုတေသနလုပ်ငန်းကို ထစ်နေ့သက်ဘစ်နေ့ လက်ဝါးကြီးအုပ်လာကြပြီ၊ ငါက အဲဒီအတွက် သိပ်ပြီး စိုးရိမ်နေတာ'

'ကျွန်တော်တော့ အဲဒီကိစ္စကို သိပ်ပြီး ဂရုမစိုက်နိုင်သေးဘူး ဆရာကြီး၊ ဒါပေမဲ့ သူတို့က တတိယနှစ်ဆေးကျောင်းသားတွေကို တကယ် စိတ်ဝင်စားတာတော့ အမှန်ပဲ၊ တကယ်လို့ သူတို့ဆီမှာ အလုပ်မရရင်တော့ ဆရာကြီးပြောတဲ့ ဆေးသုတေသန အလုပ်ကိုပဲ ဝင်လုပ်ပါရစေ ဆရာကြီး'

ဒေါက်တာမာကိုဝစ်က တံခါးကို ဖွင့်သည်။

'မင်းလိုတဲ့ ငွေရေးကြေးရေးကိစ္စ မကူညီနိုင်တာ ဝမ်းနည်းပါတယ် အဒမ်၊ ကဲ... ကံကောင်းပါစေကွယ်၊ ကျောင်းပြန်ဝင်မယ်ဆိုရင်တော့ ငါ့ကို အကြောင်းကြားဖို့ မမေ့ပါနဲ့'

အဒမ် ပြန်ထွက်ခွာလာခဲ့သည်။ ယနေ့ညနေတွင်ပင် အေရိုလင်ကုမ္ပဏီသို့ သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

*

'ဘာ... ဘာ... မင်း ဘာပြောလိုက်တယ်'

ဇာတ်ဆရာ ဂျက်ဆင်က သွေးရူးသွေးတန်း ပြန်မေးလိုက်သည်။

ဂျင်နီဖာသည် ဂျက်ဆင်ဇာတ်အဖွဲ့တွင် လုပ်လာခဲ့သည်မှာ လေးနှစ်ရှိခဲ့ပြီ။ ဂျက်ဆင်က ဇာတ်အဖွဲ့သားများနှင့် ဆက်ဆံရာတွင် အမြဲတမ်း သည်းခံ အတိုင်းချည်း ချိုးတတ်သည်။ ထို့ကြောင့် ဂျင်နီဖာအဖို့ အဆန်းမဟုတ်တော့။ ဂျက်ဆင်က ဆက်ပြောသည်။

'ဘာတဲ့၊ မင်းမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား၊ မင်း အဲဒီလို ပြောလိုက်တယ် မဟုတ်လား၊ လုပ်စမ်းပါဦး၊ ငါ နားကြားလွဲသွားတာများလား ဟင်၊ လုပ်ပါဦး၊ ငါ့ကို ကျေးဇူးပြုပြီး ပြန်ပြောပါဦး ဂျင်နီရယ်'

ဂျက်ဆင်က တောင်းပန်တိုးလျှိုး အမူအရာဖြင့် ပြောသည်။ သူက အရပ်ရှည်သည်။ ခြောက်ပေ သုံးလက်မ။ အသက်က ၃၃ နှစ်။ သို့သော် အသက်ထက် နုပျိုသည်။ သူသည် မိန်းမလျာလား၊ ယောကျ်ားစစ်လား ဆိုသည်ကို ဘယ်သူမှ မပြောနိုင်။ သို့သော် သဘင်ပညာသည် ဂျက်ဆင်၏ဘဝဆိုသည်ကိုတော့ လူတိုင်း သိသည်။ သူက တော်လည်း တကယ်တော်သည်။

'ဟုတ်ပါတယ်၊ ကျွန်မမှာ ကလေးရတော့မယ်'





ဂျင်နီဖာက ထပ်မံ အတည်ပြုလိုက်သည်။

'ဟင်... ဘုရားရေ၊ ဘုရား... ဘုရား'

ဂျက်ဆင်က သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့်အုပ်ပြီး ညည်းတွားလိုက်သည်။

ဂျင်နီဖာက ခပ်လှမ်းလှမ်းတွင် ထိုင်နေသော ကင်ဒီကို စောင်းကြည့်လိုက်သည်။

'ဒီအချိန်မှာမှ ဒီလိုဖြစ်လာတာ ငါ သိပ်ကံဆိုးတယ်၊ တကယ့် ပွဲကြီးပွဲကောင်းနဲ့ခါနီးမှ ခေါင်းဆောင်မင်းသမီးတစ်ယောက် ကိုယ်ဝန်ရှိလာရသတဲ့၊ ဘုရား...ဘုရား... ငါ ဘယ်လိုလုပ်ရပါ့'

ဂျက်ဆင်သည် အခန်းထဲတွင် ဂနာမငြိမ် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ရပ်လိုက်သည်။ ပြီးတော့ ဂျင်နီဖာဘက်သို့လှည့်ကာ လက်ညှိုးထောင်လိုက်ပြီး–

'ဒါနဲ့ ကိုယ်ဝန်ဖျက်ချလို့ မရဘူးလား၊ ဒီကိုယ်ဝန်က တမင် လိုချင်လို့ ရလာတဲ့ကိုယ်ဝန် မဟုတ်ဘူး မဟုတ်လား'

'ဝမ်းနည်းပါတယ်ရှင်' ဂျင်နီဖာက ပြောသည်။

'မင်းတို့က ဘယ်အချိန်ပဲဖြစ်ဖြစ် ကလေးရနိုင်သေးတာပဲ'

ဂျင်နီဖာက ခေါင်းခါပြလိုက်သည်။

'မင်းက အကျိုးအကြောင်းနဲ့ ပြောပြလည်း နားထောင်မှာ မဟုတ်ဘူး' သူက လက်တစ်ဖက်ကို ဟန်ပါပါနှင့် ရင်ဘတ်ပေါ် ဖိထားလိုက်သည်။ ပြီးတော့ အသက်ကို ပြင်းပြင်းရှူနေသည်။ 'အင်း၊ ငါ့ကို ဒီလိုပဲ ဒုက္ခပေးကြတာပေါ့ ဟုတ်လား၊ အမယ်လေး နာလိုက်တာ၊ ဘုရား... ဘုရား'

သူတို့ဇာတ်အဖွဲ့ကြီး အောင်ပွဲခံတော့မည့်ဆဲဆဲတွင်မှ သူ့မှာ ကိုယ်ဝန်ရှိလာသည်ကို ဂျင်နီဖာက အပြစ်တစ်ခုလို ယူဆမိသည်။ သူက အဖွဲ့သားအားလုံး တစ်ယောက်မှ မပျက်မကွက် ပါဝင်ဆင်နွှဲနိုင်စေချင်သည်။ သို့သော် ယခုကိစ္စမှာတော့ ဇာတ်ဆရာဂျက်ဆင်က တစ်ကိုယ်ကောင်းဆန်လွန်းသည်။ သူ့ဇာတ်သဘင်အကျိုးအတွက် ဂျင်နီဖာအား ကလေးဖျက်ချခိုင်းခြင်းကို ဘယ်နည်းနှင့်မျှ ခွင့်လွှတ်နိုင်စရာ မရှိ။

ကင်ဒီက ဂျက်ဆင်၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

'ဒီမှာ မစ္စတာဂျက်ဆင်၊ ရင်ဘတ်နာသလို ဘာနာသလို အလကား ဟန်ဆောင်မနေစမ်းပါနဲ့'

'ဟင်... ကျုပ် ဟန်ဆောင်နေတယ် ဟုတ်လား၊ ကျုပ် ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်ဘူး၊ တကယ်ပြောနေတာသိလား၊ တကယ်ပြောနေတာ၊ မင်းက ဘာသိလို့ ပြောနေတာလဲ၊ ဒီမိန်းမလုပ်ပုံကြောင့် ကျုပ် သချိုင်းအစောကြီး ရောက်တော့မယ်၊ သိရဲ့လား၊ သိရဲ့လား'

'ကျွန်မ တစ်လ နှစ်လလောက်တော့ ကနိုင်ပါသေးတယ်'

ဂျင်နီဖာက ဝင်ပြောလိုက်သည်။

'အို... မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီလိုလုပ်လို့ မရဘူး' ဂျက်ဆင်သည် ရင်ဘတ်နာ ချက်ချင်းပျောက်သွားသည့်အလား အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေပြန်သည်။ 'ဒီမှာ ဂျင်နီဖာ၊ မင်း တကယ်ထွက်ချင်ရင် တို့က အမြန်ဆုံး စီစဉ်ရလိမ့်မယ်' သူက ရပ်လိုက်ပြီး ကင်ဒီအား လက်ညှိုးထိုးလျက် 'ဒါနဲ့ ဘယ့်နယ်လဲ၊ သူ့နေရာ မင်း အစားဝင်နိုင်မလား'

'ကျွန်မ မသိဘူး' ကင်ဒီက ပြန်ပြောလိုက်သည်။

ဂျက်ဆင်က ဂျင်နီဖာအား မျက်စောင်းခဲ၍ ကြည့်နေသည်။ ဂျင်နီဖာနှင့် ကင်ဒီတို့မှာ ခွဲမရအောင် ခင်မင်သော သူငယ်ချင်းများဖြစ်ကြောင်း သူသိသည်။ ဂျင်နီဖာ့နေရာတွင် ကင်ဒီအစားဝင်လျှင် မိတ်ဆွေချင်း ဆက်ဆံရေး ပျက်သွားနိုင်သည်။ ထို့ကြောင့် ဖြစ်နိုင်လျှင် ဤပွဲပြီးသည်အထိ ဂျင်နီဖာကိုပဲ သူက လိုချင်သည်။ သို့သော် ဂျင်နီဖာက အဲမလုပ် အင်းမလုပ်ဘဲ ငြိမ်၍ သာနေသည်။ ဤတွင် ကင်ဒီက ပြောလိုက်သည်။

'ကျွန်မကိုယ် ကျွန်မလည်း သိပ်မဆိုးဘူး ထင်တာပဲ၊ ကြိုးစားရင် ဖြစ်နိုင်ပါလိမ့်မယ်'

'ဟာ...ဒီစကားမျိုး ကြားရတာ ဝမ်းသာလိုက်တာ၊ ဒီလိုမှပေါ့၊ ဒီလို ကိုယ်ကျိုးစွန့်တဲ့ လူမျိုးကိုမှ ကျုပ်က သဘောကျတာ' ထို့နောက် သူက ဂျင်နီဖာဘက်သို့လှည့်လျက် 'ကဲ၊ မင်းက ရုံးခန်းထဲကိုသွား၊ ချယ်ရီကို လစာစာရင်းယူခိုင်း၊ ဒါပေမဲ့ ကျုပ်တို့ ဇာတ်အဖွဲ့က အလှူလုပ်နေတဲ့အဖွဲ့ မဟုတ်ဘူးဆိုတာတော့ သတိရပါ'

ဤတွင် ကင်ဒီက ကြားဝင်ပြီး–

'သူ့အနေနဲ့ နှစ်ပတ်စာတော့ ရသင့်ပါတယ်၊ အဲဒါဆိုရင် မဆိုးပါဘူး'

ဂျက်ဆင်က ဂရုမစိုက်သလို လက်ကို ဝှေ့ယမ်းပြလိုက်ပြီးနောက် ဇာတ်တိုက်ခန်းဘက်သို့ လှည့်ထွက်သွားသည်။

'ပြီးတော့ ကျန်သေးတယ် မစ္စတာဂျက်ဆင်'

ကင်ဒီက နောက်မှ လှမ်းပြောလိုက်သည်။ 'ပြီးတော့ ကျွန်မတို့ ဇာတ်အဖွဲ့ စည်းကမ်းအရ သူ့ကို သားဖွားခွင့်လည်း ပေးရဦးမယ်လေ'





'လုပ်... လုပ်၊ မင်းတို့ ကြိုက်သလိုသာ လုပ်တော့၊ ကဲ...ကင်ဒီ၊ ...ကား အချိန်ဖြုန်းမနေနဲ့၊ လာတော့၊ လုပ်ငန်းစကြမယ်'

ဂျက်ဆင် ဇာတ်ခုံပေါ်သို့ တက်သွားသည်။ ဂျင်နီဖာနှင့် ကင်ဒီတို့နှစ်...က် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ နှစ်ယောက်စလုံး ...ကြောင်အမ်းအမ်း ဖြစ်နေသည်။ ကင်ဒီက ပခုံးတွန့်လိုက်ပြီး–

'သူက ကျွန်မကို ကနိုင်းလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့တာ အမှန်ပဲ ...'

'ဒါပေမဲ့ ဖြစ်ပါတယ်၊ ကိုယ်ဝမ်းသာပါတယ် ကင်ဒီ၊ တကယ်ပြော...ပါ'

ထို့နောက် နှစ်ယောက်သား ဇာတ်တိုက်ခန်းသို့ လာခဲ့ကြသည်။

ဇာတ်တိုက်ခန်းထဲတွင် ဂျက်ဆင်၏အသံက ဟိန်းနေသည်။ သူသည် ...ဟစ်ညွှန်ကြားလိုက်၊ လက်ခုပ်တီးလိုက်ဖြင့် ပျာယာခတ်နေသည်။

'ဩော်...ဟုတ်ပြီ၊ လာ၊ လာ၊ ကင်ဒီ'

သူက ဂျင်နီဖာနှင့်အတူ ဝင်လာသော ကင်ဒီအား လှမ်းခေါ်လိုက်သည်။

ဂျင်နီဖာသည် သူတို့ ဇာတ်တိုက်နေကြသည်ကို ထိုင်ကြည့်နေသည်။ ...ထဲကတော့ သိပ်မကောင်း။ သို့ဖြင့် ခဏကြာတော့ ချယ်ရီထံသို့ ထလာ...သည်။

ချယ်ရီသည် ကုလားထိုင်တွင် နောက်လှန်ထိုင်ရင်း အချစ်ဝတ္ထုဖတ်နေ...သည်။

'ကဲ၊ မမကို သားဖွားခွင့်ပေးဖို့ လုပ်ပေးပါဦး ချယ်ရီ'

'ဒါနဲ့ ဇာတ်ဆရာက ခွင့်ပြုပြီးပြီလား'

ချယ်ရီက ဝတ္ထုစာအုပ်ကို စားပွဲပေါ် ပြန်ချထားလိုက်ပြီး မေးသည်။ ...နာမည်က "ဝေဒနာမီးလျှံ"။

'အခုပဲ ခွင့်ပြုလိုက်တယ်၊ ရှားရှားပါးပါး ခွင့်ပြုချက်ပါပဲ၊ ဒါပေမဲ့ သူ...ကြောင့် ဒီလိုခွင့်ပြုတယ်ဆိုတာ သိသာပါတယ်လေ' ကုလားထိုင်တွင် ...ထိုင်လိုက်သည်။ 'ပြီးတော့ လုပ်ခ နှစ်ပတ်စာလည်း ထုတ်ယူဖို့ ခွင့်ပြုလိုက် ...ယ်၊ တကယ်ဆိုရင် မမက ပြီးခဲ့တဲ့ပွဲတွေအတွက် ကော်မရှင်တောင် ရစရာ ...သေးတယ်'

'မမ ဘာလုပ်မယ် စိတ်ကူးသလဲဟင်'

'မပြောတတ်သေးဘူး၊ ယာယီအလုပ်တစ်ခုခုတော့ ရှာရမှာပေါ့၊ ...မှာ



www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ကလေး ဘာလေးများ မရှိဘူးလား၊ ဒီအလုပ်ဝင်တုန်း
ဘယ်လိုဝင်လာတာလဲ'

'ကျွန်မက ကျော်ကြာဌာနသွားတာ၊ မမအနေနဲ့ အချိန်ပိုင်း အလုပ်လိုရ
ရင် လက်နှိပ်စက်စာရေးမ ရာထူးလျှောက်ပါလား၊ အဲဒီအလုပ်က အမြဲတမ်း
လိုတတ်ပါတယ်'

'လက်နှိပ်စက်တော့ မရိုက်ချင်ဘူးကွယ်၊ သိပ်ပြီး အညောင်းကြီး
အလုပ်ပဲ'

'ဒါဆိုလည်း ကုန်ပဒေသာတိုက် တစ်တိုက်တိုက်မှာ ကြိုးစားကြည့်ပါ
လား၊ ကျွန်မ သူငယ်ချင်းတွေ အဲဒီလိုပဲ လုပ်နေကြတာပဲ'

'ကောင်းသားပဲ၊ ကြည့်သေးတာပေါ့'

'မနက်ဖြန်ကျတော့ မမ ကျွန်မနဲ့ တကယ်လိုက်မယ်နော်'

'တကယ်လိုက်မှာပေါ့၊ ညီမတစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်ပါမလဲ
ဒါနဲ့ ရေမြွှာပေါက်တော့ အိမ်မှာ ညီမတစ်ယောက်တည်း ရှိသလား'

'ဟုတ်ကဲ့ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး၊ နာလည်း လုံးဝမနာပါဘူး'

'ညည်းက မမထက် သတ္တိရှိသားပဲ'

ဂျင်နီဖာက သူ၏ အင်္ဂါချွတ်ယွင်းသော မောင်ကလေးအကြောင်း တွေး
ပြီး သူလည်း စမ်းသပ်ကြည့်ရ ကောင်းမည်လားဟု တွေးမိသည်။

ချယ်ရီက ကိုယ်ကို ရှေ့သို့ကိုင်းလျက်–

'ကင်ဒီ ပြောသလိုပဲ ကျွန်မက ဟိုဆေးတွေ သိပ်ပြီး သုံးခဲ့တာ မမ
ဒါကြောင့် ဒေါက်တာဖော်လီက ကျွန်မကို မျိုးရိုးဗီဇ စစ်ဆေးကြည့်ရမယ်
ဒါပေမဲ့ သူက သိပ်တော်တာ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး'

ဂျင်နီဖာက ချယ်ရီကို စိုက်ကြည့်နေသည်။ ဒေါက်တာဗန်ဒါမား
ကိန်းကြီးခန်းကြီးနိုင်ပုံကို သတိရမိသည်။

'ညည်းက အဲဒီဒေါက်တာဖော်လီကို သိပ်သဘောကျနေတယ် ဟုတ်လား'

'ဟုတ်တယ်၊ သူက ကျွန်မ တွေ့ဖူးသမျှထဲမှာ အတော်ဆုံးပဲ မမ၊ သူနဲ့
မဟုတ်ရင် ကျွန်မ ဘာမှလုပ်မှာ မဟုတ်ဘူး၊ ပြီးတော့ သူ့နာပြုဆရာမတွေ
လည်း သိပ်ပြီးကောင်းကြတာပဲ၊ တကယ်တော့ ဂျူလီယံဆေးရုံ တစ်ခု
သိပ်ကောင်းတာပဲ၊ မမလည်း အဲဒီမှာ ပြကြည့်ချင်ရင် ကင်ဒီ လုပ်ပေးလို့
တယ်'

ဂျင်နီက ပြုံးလိုက်ပြီး–

'ကျေးဇူးတင်ပါတယ် ချယ်ရီ၊ ဒါပေမဲ့ မမယောက်ျားက သူတို့







...ဆိုလ်ဆေးရုံက ဆရာဝန်ဆီကိုပဲ ပို့ပေးတာ၊ ကဲ၊ စကားကောင်းနေ
...ကြတာ၊ အလုပ်ကိစ္စ ပြန်စကြရအောင်၊ အဲဒီတော့ မမ သားဖွားခွင့်ရဖို့
...အတွက် ဘာလုပ်ရဦးမှာလဲ'

ချယ်ရီက နှာခေါင်းရှုံ့ပြလိုက်သည်။

'ကျွန်မလည်း ဘာလုပ်ပေးရမှန်း မသိသေးဘူး၊ ကင်ဒီကို မေးရဦး မယ်
...ရဲ့'

'အေးလေ၊ ဒါဖြင့်လည်း နောက်မှ ကြည့်လုပ်ကြတာပေါ့'

မနက်ဖြန် ချယ်ရီနှင့်အတူ ဆေးရုံသို့သွားရန် ချိန်းကြပြီးနောက် ဂျင်နီဖာ
...ထွက်လာခဲ့သည်။

မြေအောက်ရထားဘူတာသို့ လျှောက်လာရင်း သူ တော်တော် စိတ်
...ကျနေသည်။ ကိုယ်ဝန်ရှိလာလျှင် သိပ်ပြီး ပျော်စရာကောင်းလိမ့်မည်ဟု
...က ထင်နေခဲ့သည်။ ယခုတော့ မပျော်ရသည့်အပြင် ငိုချင်စိတ်ပင် ပေါက်
...မိတော့သည်။ အဆိုးဆုံးကတော့ သူ့ခံစားချက်ကို မျှဝေခံစားမည့်သူ
...ယောက်မျှ မရှိခြင်းပင် ဖြစ်သည်။

ဂျင်နီဖာသည် နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်မိသည်။ ထို့နောက်
...လုပ်အတွက် မေစီကုန်ပဒေသာတိုက်တွင် ပထမဆုံး ကြိုးစားကြည့်ရန်
...ဖြတ်လိုက်သည်။

*

...နီဖာသည် ညနေခြောက်နာရီခန့်တွင် တိုက်ခန်းလှေကားမှ လေးလံစွာ
...တက်လာခဲ့သည်။

တံခါးကို ဖွင့်လိုက်သောအခါ ဆိုဖာပုံရှည်ပေါ်တွင် အဒမ် ထိုင်နေ သည်ကို
...သြစွာ တွေ့ရသည်။ အဒမ်သည် ဤမျှ စောစောပြန်ရောက်လေ့ မရှိ။
...ပခင်ကြီးနှင့် တွေ့ဆုံပြီးနောက် ကျောင်းသို့ ဆက်မသွားတော့ဘဲ
...ယူလိုက်ခြင်း ဖြစ်နိုင်သည်။

'ဘယ်လိုလဲမောင်၊ သားအဖနှစ်ယောက် တွေ့ဆုံပွဲ အောင်မြင်ခဲ့ရဲ့ လား'

...နီဖာက ခပ်မြူးမြူးကလေး မေးလိုက်သည်။ "အကူအညီ ရခဲ့ ရဲ့လား"

'မဆိုးပါဘူး၊ သူက ကိုယ့်ကို တရားဟောလွှတ်လိုက်တယ်၊ ဆုံးဖြတ်
...ချရရင် တာဝန်လည်း ယူရဲရမယ်တဲ့'

ဂျင်နီဖာက ကုတ်အင်္ကျီကို ချိတ်တွင် ချိတ်ထားလိုက်ပြီးနောက်
...မ်၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ အဒမ်၏ မျက်လုံးတွေက နီရဲနေ သည်။

'အခြေအနေ မကောင်းဘူးဆိုပါတော့



www.burmeseclassic.com

www.burmeseclassic.com



'မကောင်းရုံတင် မကဘူး၊ ပိုဆိုးလာသေးတယ်၊ မေမေ စိတ်မချမ်းသ
ဖြစ်နေရတာ ကိုယ့်ကြောင့်တဲ့၊ သူက ပြောလိုက်သေးတယ်'

'ဟင် ... မောင့်မေမေက သူ့သားကြီး သောကကြောင့် စိတ်ဆင်းရဲ
ရတာ မဟုတ်လား'

'အဲဒါကို မေမေက မေ့နေပြီလေ'

'ဒါနဲ့ ကျွန်မတို့မှာ ကလေးရတော့မယ်ဆိုတော့ သူက ဘာပြန်ပြေ
သလဲဟင်'

'ကိုယ်က အဲဒီကိစ္စ မပြောခဲ့ဘူး၊ ပြောဖို့အခွင့်အရေးလည်း မရခဲ့ဘူ
ကိုယ်က ဘာမှမပြောခင် ကိုယ့်ခြေထောက်နဲ့ကိုယ် ရပ်ရဲရမယ်ဆိုတာကိုပဲ သူ
ဖိပြောနေတယ်'

'အင်း ... ကျွန်မ စိတ်မကောင်းပါဘူး မောင်'

ဂျင်နီဖာက အဒမ်၏မျက်နှာကို ကြည့်လိုက်သည်။ သူ့ယောက်ျား အ
အရာကို သူ သဘောမကျ။ အဒမ့်ကြည့်ရတာ တစ်မျိုးကြီးပဲ၊ အေးစက်
မှိုင်တွေတွေကြီး။

ဂျင်နီဖာက ဒေါက်တာ လောရင့်ဖော်လီအကြောင်းကိုလည်း အဒမ်အ
ပြောပြချင်သည်။ သို့သော် အခြေအနေမဟန်သဖြင့် သူက စကားလွှဲပြီး
သည်။

'ကဲ ... ကျွန်မ ရေချိုးလိုက်ဦးမယ်'

သူက သက်မတစ်ချက်ချပြီး ထရပ်လိုက်သည်။ ပြီးနောက် ရေချိုးခန်
လျှောက်သွားသည်။

အဒမ်က ဆိုဖာပေါ်တွင် ငူငူကြီး ထိုင်ကျန်ရစ်သည်။ နောက်တော
ငါ့အဖြစ်က ကလေးဆန်နေပါရောလားဟု သူ့ကိုယ်သူ သတိရမိသည်။ သို့
ထိုင်ရာမှထကာ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ အဝတ်အစားလဲသည်။ ထို့နော
ရေချိုးခန်းသို့ လာခဲ့ပြီး တံခါးဖွင့်လိုက်သည်။

'ရေပိုက်ဖွင့်ထားခဲ့ပါ ဂျင်'

က ရေကျသံများကို လွှမ်းပြီး အော်ပြောလိုက်သည်။ သူ သွားထို
ဘက်လာသည်။ မျက်နှာသုတ်ပဝါယူပြီး အိပ်ခန်

ဓလေးကြီးထဲ ဆင်းလိုက်သည်။ သူတို့လင်မယား ယ
စာသွားစားလျှင် ကောင်းမည်ဟု စိတ်ကူးမိသည်။ အ
ပိုင်း ရေနှစ်ပိုင်း' စားတော်ဆက် ရှိသည်။ လမ်းလျှောက်





လျှင် ဖြစ်သည်။ ယင်းစားတော်ဆက်တွင် သူတို့တစ်ကြိမ်မျှ မစားဖူးသေး။ အစားအသောက်တွေ ဈေးကြီးသော်လည်း လက်ရာ အလွန်ကောင်းသည်ဟု ကြားကြသည်။ ကြီးကြီးပေါ့။ ငါ မကြာခင် အလုပ်ရတော့မှာပဲ၊ တို့လင်မယား အောင်ပွဲကလေးတော့ လုပ်ရမှာပေါ့။

ရေချိုးပြီးသောအခါ အဒမ် အိပ်ခန်းထဲ ဝင်လာခဲ့သည်။

'ကိုယ် စိတ်ကူးတစ်ခုရတယ် ဂျင်၊ ကိုယ်တို့ ဒီည အပြင်ထွက်ပြီး စားကြရအောင်နော်'

ဂျင်နီဖာက ရုပ်မြင်သံကြား ထိုင်ကြည့်နေရာမှ ခေါင်းကို ခါယမ်းပြသည်။

'ဘာ ... မသွားချင်ဘူး ဟုတ်လား၊ မလုပ်ပါနဲ့ သွားကြရအောင်၊ တို့အတွက် လောလောဆယ် လိုအပ်လို့ပါ၊ ဒါမှ ပျော်စရာ အပြောင်းအလဲကလေး ရမှာပေါ့'

'ပိုက်ဆံကုန်ပါတယ် မောင်'

ဂျင်နီဖာက ရုပ်မြင်သံကြားဘက်သို့ မျက်နှာပြန်လှည့်သွားသည်။

အဒမ်က ဆံပင်ကို ရေစိုမျက်နှာသုတ်ပဝါနှင့်သုတ်ရင်း ဂျင်နီဖာ၏ ငြင်းဆိုချက်ကို စဉ်းစားနေသည်။ ယခင်ကဆိုလျှင် သူခေါ်လျှင် ဘယ်နေရာဖြစ်ဖြစ် ဂျင်နီဖာက လိုက်ရန်အဆင်သင့်။ ယခု သူ ဘာကြောင့် မလိုက်ချင်ရတာလဲ။

အဒမ်သည် ဂျင်နီဖာ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဂျင်နီဖာ၏ မျက်နှာကို သူ့ဘက်သို့ အသာဆွဲလှည့်ရင်း–

'ဒီမှာဗျို့၊ ဒီမှာ ကျွန်တော် စကားပြောချင်လို့ပါ'

ဂျင်နီဖာ၏မျက်နှာသည် သူ့မျက်နှာလိုပင် နွမ်းနယ်ရိပ် ပေါ်လွင်နေသည်ကို အဒမ် သတိပြုမိသည်။

'ကြားပါတယ်ရှင်၊ ကြားပါတယ်၊ ဒါပေမဲ့ ကျွန်မ ဟင်းချက်စရာတွေ ဝယ်လာခဲ့ပြီးပါပြီ၊ ဒီသတင်းပြီးရင် ကျွန်မ ကောင်းကောင်း ချက်ကျွေးပါ့မယ်'

'အိမ်ကဥစ္စာ ထားလိုက်စမ်းပါ၊ ဘယ်တော့·စားစား ရပါတယ်၊ အပြင်ပဲ သွားစားကြရအောင်၊ စိတ်ပြေလက်ပျောက် သဘောပေါ့၊ ကိုယ် ဒီနေ့ညနေက ဗွာနမ္မူးနဲ့ သွားတွေ့တယ်၊ ကိုယ်တို့ကို ပိုက်ဆံထပ်မချေးနိုင်တော့ဘူးတဲ့၊ ဒါဆို ကျွန်တော် ခွင့်ရက်ရှည်ယူရမယ်လို့ ပြောပြီး ပြန်လာခဲ့တယ်'

'အို ... မောင် ကျောင်းက ခွင့်မယူရဘူး၊ ကျွန်မလည်း အလုပ်ရနေပြီပဲ ဟာ'

'ဘာအလုပ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'မေစီကုန်တိုက်မှာလေ၊ ဖိနပ်ရောင်းခန်းမှာ၊ ရက်ဆက်မဟုတ်ဘဲ ကြားသတ္တပတ်ခြားပြီး လုပ်ရမှာတဲ့၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကျွန်မရမယ့် လစာက ဈာတ်အဖွဲ့မှာရတဲ့ လစာအတိုင်းပဲ၊ အဲဒါဆိုရင် မောင့်အနေနဲ့ ကျောင်းက ထွက်ရော မလိုတော့ပါဘူး'

အဒမ်က ထိုင်ရာမှ ထရပ်လိုက်သည်။

'မင်း မေစီကုန်တိုက်မှာ မလုပ်ရဘူး၊ ဒါ ကိုယ့်အမိန့်ပဲ'

'ဘုရားရေ၊ ဒီဘုရင်ကြီးကလည်း အမိန့်ပြင်းထန်လိုက်တာတော်' ဂျင်နီဖာ မျက်လုံးများ ပြူးကျယ်ကာ ပြောင်ပျက်ပျက်ဟန်ဖြင့် ပြောလိုက်သည်။

'ဂျင်နီဖာ၊ ဒါဟာ ပြောင်ချော်ချော်ပြောရမယ့် အချိန်မဟုတ်ဘူး သိလား'

'ကောင်းပန်ပါတယ် မောင်၊ ဒါပေမဲ့ မောင် သွားချင်သွားပါ၊ ကျွန်မ ကတော့ မလိုက်ချင်ဘူး'

'ကိုယ် အငြင်းအခုံစကား မပြောချင်ဘူး ဂျင်နီဖာ' သူက စွပ်ကျယ်အင်္ကျီ ယူရန် ဗီရိုဆီသို့ လျှောက်သွားရင်း 'ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ အလုပ်တော့ လုံးဝမလုပ်ရဘူး၊ ကိုယ်ဝန်ကြီးတန်းလန်းနဲ့ အကြာကြီး မတ်တတ် ရပ်နေရတာကို ကိုယ် ဘယ်လိုမှ သဘောမတူနိုင်ဘူး ကဲ၊ တော်ပြီ...ဒီ အကြောင်း နောက်ထပ် မပြောနဲ့တော့'

'ကျွန်မ ခန္ဓာကိုယ်ကို ကျွန်မ ပိုင်တယ်ဆိုတာ မောင် မေ့နေပြီနဲ့တူတယ်'

'မင်းပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ မင်း ခန္ဓာကိုယ်ထဲကကလေးကို ကိုယ်လည်း ပိုင်ပါသေးတယ်'

ဂျင်နီဖာ မျက်နှာတွင် သွေးရောင်လွှမ်းသွားသည်။

'ဘယ်လိုပဲဖြစ်ဖြစ်၊ ကိုယ် အပြီးအပိုင် ဆုံးဖြတ်ချက်ချပြီးပြီ၊ ကျောင်း ကခွင့်ယူပြီး အလုပ်လုပ်မယ်၊ မင်းအလုပ်က ကလေးနဲ့ ကိုယ့်ကိုယ်ကို ကျန်းမာ အောင် ဂရုစိုက်ဖို့ပဲ၊ ကုန်တိုက်ထဲမှာ တစ်နေကုန် ရပ်နေဖို့ မဟုတ်ဘူး'

သည်လောက်ဆို သည်ကိစ္စပြတ်ပြီအထင်ဖြင့် အဲဒမ် ညေ့ခန်းထဲသို့ လျှောက်လာခဲ့သည်။ အိပ်ခန်းထဲမှ အဝတ်ဗီရိုက သေးနေ၍ အဝတ်အစား တချို့ ကို ဧည့်ခန်းထဲမှ ဗီရိုတွင် ခွဲထားရသည်။

'ပြောစရာရှိတာ ဒီမှာပဲ ပြောပါလား၊ ဘယ်ထွက်သွားရတာလဲ' ဂျင်နီဖာ က လှမ်းပြောလိုက်သည်။

အိပ်ခန်းထဲသို့ အဒမ် ပြန်ဝင်လာသည်။

'တော်ပြီ၊ ဘာမှပြောစရာ မရှိတော့ဘူး'

ဂျင်နီဖာက ဒေါသထွက်လာပြီး–





'ကျွန်မတော့ ပြောစရာရှိသေးတယ်၊ မောင် ကျောင်းကထွက်မယ့်ကိစ္စကို ဘယ်သူမှသဘောမတူဘူး၊ အကြောင်းကတော့ ရှင်းနေတယ်၊ မောင် မထွက် သင့်လို့ပဲ၊ ကျွန်မအနေနဲ့ နောက်ဆုံးလအထိသာမက နောက်ဆုံးအပတ်အထိ တောင် အလုပ်လုပ်နိုင်ပါတယ်၊ မလိုအပ်ဘဲနဲ့ ဘာဖြစ်လို့ နှစ်ယောက်စလုံး အနစ်နာခံရမှာလဲ၊ ကျွန်မတစ်ယောက်တည်း လုပ်တာနဲ့ ရပ်တည်လို့ ရပါတယ်၊ မောင့်အနေနဲ့ ကျောင်းဆက်တက်တာဟာ ရေရှည်မှာ အများကြီးအကျိုးရှိမှာပါ၊ ပြီးတော့လည်း ကျွန်မ အလုပ်ကရဖို့ သေချာနေပြီ၊ မောင့်မှာက စိတ်ကူးတုန်း ရှိသေးတာ'

'ကိုယ်လည်း ရှာထားပြီးပါပြီ၊ ကိုယ် နယူးဂျာစီပြည်နယ်က အေရိုလင် ဆေးဝါးကုမ္ပဏီကို သွားမယ်၊ ဒီနေ့ညနေကပဲ ဖုန်းဆက်ထားပြီးပြီ၊ သူတို့က ကိုယ့်ကို သိပ်ပြီး တွေ့ချင်နေကြတယ်၊ မနက်ဖြန် လူကိုယ်တိုင် သွားတွေ့ရမယ်'

'ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းမာရတာလဲ မောင်ရယ်၊ မောင် ကျောင်းထွက်စရာ မလိုပါဘူး၊ ကျွန်မ အလုပ်လုပ်ရင် ရပါတယ်'

'ကိုယ်က မင်း ကျန်းကျန်းမာမာ ရှိစေချင်တယ်၊ ပြီးတော့ မင်း မိဘတွေရဲ့ အကူအညီကို မလိုချင်ဘူး၊ အဲဒါကို မင်းက ခေါင်းမာတယ်ထင်ရင် ထင်ချင်သလို ထင်ပါ၊ ကိုယ်ကတော့ ပြောပြီးတဲ့အတိုင်း ဖြစ်အောင်လုပ်မှာပဲ၊ အဲဒီတော့ ဒီတွင်ပဲ ဒီကိစ္စပြတ်ပြီ၊ နောက်ထပ် ဘာမှပြောစရာ မရှိတော့ဘူး၊ ငါ ကျောင်းထွက်မယ်၊ မင်း အလုပ်မလုပ်ရဘူး၊ ကဲ...နောက် ဘာများမေးချင်သေးလဲ'

အဒမ်က သူ လုပ်နေပုံမှာ ဂျင်နီဖာကို စိတ်ဆိုးအောင် တမင်ဆွပေး နေသလို ဖြစ်နေပြီဟု တွေးမိသည်။ သို့သော် မတတ်နိုင်တော့။ အခြေအနေ အရ သည်နည်းမှတစ်ပါး တခြားနည်းလမ်း မရှိတော့။

'မေးချင်တာတွေကတော့ အများကြီးပေါ့' ဂျင်နီဖာက မာဆတ်ဆတ် နှင့်ပြောသည်။ 'ဒါပေမဲ့ မေးနေလို့လည်း အလကားပါပဲ၊ အင်း မောင်လည်းပဲ မောင့်ဖအေအတိုင်းပါပဲလားနော်'

'ကိုယ့်အဖေအကြောင်း ဘာမှမပြောပါနဲ့' အဒမ်က ပိတ်အော်လိုက်သည်။ 'ဖေဖေ့ကို ဝေဖန်စရာရှိရင် ကိုယ်ပဲ ဝေဖန်မယ်၊ ပြီးတော့ ကိုယ်ဟာ ကိုယ့်အဖေနဲ့ နည်းနည်းကလေးမှ မတူဘူးဆိုတာလည်း မှတ်ထားစမ်းပါ'

သူက အိပ်ခန်းတံခါးကို ဝုန်းခနဲ တအားပိတ်ကန်ပစ်လိုက်သည်။ ပြီးတော့ ညေ့ခန်းအလယ်တွင်ရပ်ကာ နောက်ထပ် ဘာကို ပိတ်ကန်ရဦးမှာလဲဟု စဉ်းစား ကြည့်သည်။ သို့သော် သူ့လုပ်ရပ်မမှန်သေးကြောင်း ချက်ချင်း သဘောရမိပြီး ရေစိုနေသောဆံပင်ကို ထပ်သုတ်နေသည်။ ခဏကြာတော့ ဒေါသပြေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဖာနှင့် ပြန်လည် ငြိမ်းချမ်းရေးလုပ်ရမည်ဟု တွေးမိသည်။ အိပ်ခန်းသို့ ပြန်လျှောက်လာပြီး တံခါးကို ဆွဲဖွင့်သည်။ ဖွင့်၍ မရ။ အတွင်းမှ ဂျက်ထိုးထားသည်။

အိပ်ခန်းထဲမှ ရုပ်မြင်သံကြားဖွင့်သံ ကြားနေရသည်။

'ဂျင်နီဖာ' သူက လှမ်းခေါ်သည်။ 'ကိုယ် အပြင်သွားမယ်၊ တစ်ခုခု သွားစားမယ်၊ ကဲပါ...လိုက်ခဲ့စမ်းပါ'

'မောင်ပဲ သွားပါ' ဂျင်နီဖာ အော်ပြီး ပြန်ပြောသည်။ 'ကျွန်မတစ်ယောက်တည်း ခဏနေချင်လို့ပါ'

ဂျင်နီဖာ ငိုနေပြီဆိုတာ အဒမ် သိလိုက်သည်။ သူ့ကိုယ်သူ အပြစ်ကျူးလွန်မိသူတစ်ယောက်ပမာ ခံစားမိသည်။

'ဂျင်နီ တံခါးခဏ ဖွင့်စမ်းပါ၊ လုပ်ပါ ခဏလေး ဖွင့်စမ်းပါ'

ရုပ်မြင်သံကြားဖွင့်သံ ကြားနေရဆဲ။

အိပ်ခန်းထဲမှ လုံးဝ စကားပြန်မရ။ အဒမ် ဒေါသထွက်လာပြန်သည်။

နောက်သို့ ပြန်ဆုတ်ပြီး တံခါးကိုကြည့်သည်။ ထို့နောက် ဘာမှစဉ်းစားမနေတော့ဘဲ ညာဘက်ခြေထောက်ဖြင့် တအားပိတ်ကန်လိုက်ပြန်သည်။

မင်းတုပ်ပြုတ်ပြီး ဝုန်းခနဲ တံခါးပွင့်ကာ နံရံနှင့် သွားတိုက်မိသည်။ ဂျင်နီဖာသည် အကြောက်လွန်ကာ ခုတင်ခေါင်းရင်းတွင် ပုနေအောင် ကွေးနေသည်။

အဒမ် တော်တော် စိတ်မကောင်းဖြစ်သွားမိသည်။

'ဒီတံခါးကလည်း ညံ့လိုက်တာ'

သူက အဓိပ္ပာယ်မရှိပြောပြီး သူ့ဘာသာသူ ရယ်နေသည်။ ဂျင်နီဖာကတော့ တစ်ခွန်းမှ ပြန်မပြော။

အဒမ်က နံရံတွင် ကပ်နေသော တံခါးရွက်ကို ပြန်ဆွဲလိုက်သည်။ တံခါးလက်ကိုင်ဘုနှင့် တိုက်မိ၍ ပလာစတာနံရံတွင် အပေါက်တစ်ပေါက် ပေါက်သွားသည်။

'အင်း...ဂါလည်း တော်တော်မိုက်သေးတာပဲ' သူက ရယ်ပြီး ပြောသည်။

'လာစမ်းပါ ဂျင်နီရယ်၊ အပြင်သွားကြရအောင်၊ တစ်ခုခု သွားကြမယ်လေ'

ဂျင်နီဖာက ခေါင်းကိုသာ ခါပြလိုက်သည်။

'ကဲ ...ဒါဖြင့်လည်းပြီးရော၊ ကိုယ် နောက်မှပြန်လာခဲ့မယ်'

အဒမ်က လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။

ဂျင်နီဖာက ခေါင်းညိတ်ပြလိုက်သည်။ စကားတော့ မပြော။

အဒမ် ထွက်သွားသည်။ အိမ်ရှေ့တံခါးကို ပြန်စေ့ပြီး သော့ခတ်သံ ကြားရသည်။





တို့လင်မယား ဘာကြောင့် ဒီလိုဖြစ်ရတာပါလိမ့်ဟု ဂျင်နီဖာ တွေးကြည့်သည်။

အဒမ်သည် ယခင်နှင့် လုံးဝမတူတော့။ သူ ယခုလို ဘယ်တုန်းကမှ မကြမ်းခဲ့စဖူး။ ဂျင်နီဖာကိုလည်း တစ်ခါမှ စိတ်ညစ်အောင် မလုပ်ခဲ့စဖူး။

သည်အတိုင်းဆိုလျှင် ဤကိုယ်ဝန်သည် သူတို့လင်မယား၏ဘဝကို ဖြိုဖျက်မွေမည့် ကိုယ်ဝန်များ ဖြစ်လေရောသလား။

*

ချယ်ရီ၏တိုက်ခန်းမှ နောက်ဆုံး လှေကားထစ်ကို ခြေလှမ်းလိုက်တော့ ဂျင်နီဖာ အံ့အားကြီးသင့်သွားသည်။ သူတို့တိုက်ခန်းကို ဂျင်နီဖာက အညံ့ဆုံး ဟု ထင်နေခဲ့သည်။ ချယ်ရီ့တိုက်ခန်းနှင့်စာလျှင် သူတို့တိုက်ခန်းက အများကြီးကောင်းသေးသည်။

ဂျင်နီဖာသည် အခန်းနံပါတ်ကို လိုက်ရှာပြီးနောက် တံခါးမခေါက်သေးဘဲ အခန်းရှေ့တွင် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေမိသည်။

အတော်ကလေးကြာတော့မှ တံခါးခေါက်လိုက်သည်။ တံခါးလာ မဖွင့်သေး။ အထဲမှ သံကြိုးချင်းထိသံ၊ သော့ခတ်သံလိုလို အသံများ ကြားရသည်။

တံခါးပွင့်လာသည်။

'ဩော်... မမကို၊ လာ ဝင်ပါ မမ၊ ကျွန်မ နည်းနည်း ကြာသွားတာ ခွင့်လွှတ်ပါ၊ ဘယ်သွားသွား အခန်းတွေ အကုန်လုံး သော့ခတ်ပြီးမှ သွားပါလို့ ဖေဖေက ပြောဖူးတာ သတိရလို့ မမရေ'

'မဆိုးဘူး၊ တော်တော်ကောင်းတဲ့ စိတ်ကူးပဲ'

ဂျင်နီဖာ ယင်းသို့ပြောရင်း အခန်းထဲဝင်လိုက်သည်။

'ခဏလေးနော် မမ၊ ကျွန်မ နည်းနည်း ဖြီးလိမ်းလိုက်ဦးမယ်'

ချယ်ရီ အလှပြင်ခန်းထဲ ဝင်သွားသည်။

ဂျင်နီဖာက တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။ အသုံးအဆောင်ပစ္စည်းတွေ အဝတ်အစားတွေ ရှုပ်ပွပြီး မြင်မကောင်းအောင် ဖြစ်နေကြသည်။

'ဒါနဲ့ ချယ်ရီ အိပ်ရာထ ဘာမှမစားသေးပါဘူးနော်'

ချယ်ရီအား အိပ်ရာထတွင် ရေနည်းနည်းသောက်ရုံမှတစ်ပါး တခြားဘာအစာမှ မစားမသောက်ရန် ဆရာဝန်က မှာထားသည်ကို ဂျင်နီဖာသည် လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်တယ် မမ၊ ဘာမှ မစားသေးပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



တင်ခန်းလုံးမှာ ရှုပ်ပွနေရုံသာမက ညစ်ပတ်ပေရေနေတာကြောင့် ဂျင်နီဖာက မဆိုင်ဘဲ ရပ်နေသည်။ သူက ချယ်ရီနှင့်အတူ ဆေးရုံသို့ လိုက်သွားရမည်ကိုပင် စိတ်ပျက်မိသည်။ သို့သော် သူက ချယ်ရီ့ကို တစ်ယောက်တည်း မသွားစေချင်။ ပြီးတော့ နာမည်ကြီးလှသော သားဖွားပါရဂူသမားတော်ကြီး ဒေါက်တာ ဖော်လီကိုလည်း မြင်ချင်သည်။ သူက သူ့ကိုယ်ဝန်ကို ဒေါက်တာ ဖော်လီနှင့်သာ ပြချင်သော်လည်း အဒမ့်ကို ဆန့်ကျင်မနေချင်တော့၍ လက်လျှော့ခဲ့ရသည်။ ယမန်နေ့ညက သူတို့လင်မယား အခြေအနေ တင်းမာနေရာမှ နောက်ဆုံး တစ်ဝက်ခန့် ပြေလည်သွားခဲ့ကြသည်။ သို့သော် အဒမ် ဆေးကျောင်းက ထွက်ဖို့ ကိစ္စကိုတော့ ဂျင်နီဖာအနေဖြင့် ဘယ်လိုမှ သဘောမတူနိုင်။ ယနေ့နံနက် အရိုလင်ဆေးဝါးကုမ္ပဏီသို့ အဒမ် သွားရောက်၍ လူတွေ့စစ်မေးခံရမည်။ ဘုရားသိကြားမလို့ မအောင်မြင်ပါစေနဲ့ဟု ဂျင်နီဖာ ကျိတ်ပြီး ဆုတောင်းမိသည်။

'ကဲ ...ပြီးပါပြီ မမ၊ သွားစို့'

ချယ်ရီသည် ကြိုးတပ်ပိုက်ဆံအိတ်ကို လွယ်ပြီး ပြန်ထွက်လာသည်။

သူတို့သည် မတ်စောက်ပြီး ပြိုပျက်နေသော လှေကားကို ခက်ခက်ခဲခဲ ဆင်းလာခဲ့ကြသည်။ ထို့နောက် လက်ဇင်တန်ရိပ်သာလမ်း မြေအောက်ဘူတာသို့ လျှောက်လာပြီး လမ်း ၁၁၀ သို့ နံပါတ် ၆ ရထားကို စီးလာခဲ့ကြသည်။ ပထမတွင် ပတ်ဝန်းကျင်ရပ်ကွက်များမှာ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်လှ။ သို့သော် ဆေးရုံနှင့် နီးလာတော့မှ ရပ်ကွက်က ပို၍စည်ကား တိုးတက်လာသည်။ ဆေးရုံ အဆောက်အအုံများက ရပ်ကွက်တစ်ခုလုံး နီးပါး နေရာယူထားသည်။ ပင်မဆေးရုံ အဆောက်အအုံမှာ ၁၅ ထပ်ရှိသော မှန်တိုက်ကြီးဖြစ်သည်။ ပတ်ဝန်းကျင်ရှိ အသစ်အဟောင်း အဆောက်အအုံ ဟူသမျှကို ပြုပြင်မွမ်းမံပြီး ဆေးသုတ်ထားသဖြင့် ပြောင်လက် သန့်ရှင်းနေကြ သည်။

ဆေးရုံကြီးမှာ ဆင်ဝင်ဆောင်လည်းရှိရာ ဂျင်နီဖာက ဇိမ်ခံဟိုတယ် ကြီးလို ထင်မိသည်။ ပရိဘောဂများမှစ၍ မြင်ရသမျှ အရာအားလုံးမှာလည်း အသစ်ကျပ်ချွတ်ချည်း ဖြစ်သည်။ ပြောင်လက်သန့်ရှင်းနေသည်။

ဧည့်ခန်းကြီးကလည်း အကျယ်ကြီး။ အမှုထမ်းကလည်း အလုံအလောက် ရှိသည်။

ဂျင်နီဖာနှင့် ချယ်ရီတို့ ကြာကြာ ထိုင်စောင့်မနေကြရ။

'ကျွန်မ ဘာကူညီရမှာလဲရှင်'

ရပ်ရည်သန့်သန့်ချောချော နီဂရိုးစာရေးမတစ်ယောက်က မေးသည်။ သူသည် ဘလောက်စ်အင်္ကျီဖြူနှင့် အပြာရောင်ဝါဂန်ကို ဝတ်ထားသည်။ ရင်ဘတ်တံဆိပ်တွင် 'ကျွန်မနာမည် လူစီပါရှင်'ဟု ရေးထားသည်။





'ကျွန်မ ဒေါက်တာဖော်လီနဲ့ တွေ့ချင်လို့ပါ၊ ကိုယ်ဝန်ဖျက်ဖို့ ကိစ္စပါ'

ချယ်ရီက ကြားရရုံမျှ တိုးတိုးကလေး ပြောလိုက်သည်။

လူစီက စိုးရိမ်သွားဟန်ဖြင့်–

'နေလို့ရော ကောင်းပါရဲ့လား မစ္စ'

'မစ္စ တီဒက်စကို၊ မစ္စချယ်ရီ တီဒက်စကိုပါ'

ဂျင်နီဖာက ကြားမှဝင်ပြောလိုက်သည်။

ချယ်ရီကလည်း ထပ်ပြီး–

'ကျွန်မ နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး'

'ကျွန်မတို့ ဆေးရုံမှာ စိတ်ကုဆရာဝန်တွေလည်း အဆင်သင့်ရှိပါတယ်ရှင်၊ တွေ့ချင်ရင် အချိန်မရွေး တွေ့လို့ရပါတယ်၊ ကျွန်မတို့က ဝေဒနာရှင် စိတ်ချမ်းသာအောင် အမြဲပြုစုပေးနေပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ' ချယ်ရီက ပြောသည်။ 'ဒါပေမဲ့ ဒီမှာ ကျွန်မ မိတ်ဆွေ ပါလာပါတယ်' သူက ဂျင်နီဖာအား လက်ညှိုးထိုးပြသည်။ 'ဒါနဲ့ သူ့ကိုပါ အပေါ်ထပ်ကို ခေါ်သွားလို့ ရပါ့မလားရှင်'

'ဟုတ်ကဲ့ ရပါတယ်၊ ရပါတယ်၊ ကျွန်မတို့ကလည်း လူနာတွေကို အဖော်ခေါ်လာဖို့ အမြဲတမ်း ပြောပါတယ်၊ ကျွန်မ ကွန်ပျူတာမှတ်တမ်း ကြည့်ပြီး လူနာလက်ခံဌာနကို သတင်းပို့လိုက်ပါ့မယ်၊ ဧည့်ခန်းမှာ အေးအေး ဆေးဆေး သွားထိုင်နေကြပါဦး၊ သိပ်မကြာပါဘူး'

ဧည့်ခန်းသို့ လျှောက်လာကြရင်း ဂျင်နီဖာက ပြောသည်။

'ညည်းနဲ့ ကင်ဒီတို့ ဒီဆေးရုံကို သိပ်ကြိုက်တာ ခုမှ မမ သဘောပေါက်မိတယ်၊ လူစီလိုပဲ အားလုံး ဆက်ဆံကြတယ်ဆိုရင်တော့ မမလည်း ကြိုက်သွားပြီ ချယ်ရီ'

'ဒါပေါ့ မမရဲ့'

သူတို့နှစ်ယောက် ဧည့်ခန်းမှာ ဝင်ထိုင်ပြီး အပေါ်အင်္ကျီများ ချွတ်မလို့ လုပ်နေတုန်းမှာပင် ရပ်ရည်သန့်သန့်နှင့် လူကြီးလူကောင်းတစ်ယောက် ကော်ဖီလှည်းကိုတွန်း၍ ရောက်လာသည်။ သူသည် စေတနာ့ဝန်ထမ်း အမှုထမ်းများ ဝတ်သော ပန်းရောင်ဂျက်ကက်အင်္ကျီကို ဝတ်ထားသည်။

'သူနာပြုဆရာမတွေအားလုံး ဒီလိုပဲ ဆက်ဆံရေးကောင်းကြသလား'

ဂျင်နီဖာက မေးသည်။

'ဒီဆေးရုံမှာ အမှုထမ်းတိုင်း ဆက်ဆံရေးကောင်းတယ် မမရဲ့'

ချယ်ရီက ပြန်ပြောသည်။ သူက ပြုံးပြီးပြောသော်လည်း သူ့မျက်နှာက ညှိုးနေသလို ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညီမ နေလို့မှကောင်းရဲ့လားကွယ်'

ဂျင်နီဖာက ချယ်ရီ၏လက်ကို ဆုပ်စမ်းကြည့်ရင်း မေးသည်။

'ကောင်းပါတယ် မမ'

ချယ်ရီက ခေါင်းညိတ်ပြီး ပြောသည်။

'ခွင့်လွှတ်ပါရှင်၊ မစ္စချယ်ရီ ဆိုတာပါလား'

တခြား ရုပ်ချောချောအမျိုးသမီးကလေးတစ်ယောက် လာ၍ မေးသည်။ သူသည် အကျီဖြူနှင့် ဂါဝန်အပြာ ဝတ်ထားသည်။ ရင်ထိုးတံဆိပ်တွင် 'ကျွန်မ နာမည် ကရင်ပါရှင်'ဟု ရေးထားသည်။

'ကျွန်မ နာမည် ကရင်ကရီနစ်ပါ' သူက ချယ်ရီဆီသို့ လက်ကမ်းပေးရင်း ပြောသည်။ 'ရှင့်ကိစ္စကို အစစ အဆင်ပြေအောင် ကျွန်မကို တာဝန်ပေးထားတယ်၊ ပြဿနာရှိရင် ကျွန်မကို ပြောပါ၊ ကျွန်မတို့က ဝေဒနာရှင်တွေ စိတ်ချမ်းသာအောင် အဖက်ဖက်က အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါတယ်'

'လူနာတိုင်းကို အခုလိုပဲ သူနာပြုဆရာမတစ်ယောက်စီ တာဝန်ချပေးထားသလား' ဂျင်နီဖာက မေးလိုက်သည်။

'ဟုတ်ပါတယ်၊ တာဝန်ပေးထားပါတယ်' ကရင်က ပြောသည်။ 'သဘောကတော့ ဝေဒနာရှင်ဆိုတာ ပစ္စနဆိုတဲ့ သဘောပါပဲ၊ ဝေဒနာရှင်တစ်ယောက်စီကို ဂရုစိုက်နိုင်အောင်လို့ပါပဲ၊ အခုလို ဆေးကုသမှုပညာတိုးတက်ပြီး စက်မှုသဘော ဆန်လာတဲ့အချိန်မှာ ဝေဒနာရှင်တွေကို ရောဂါအခြေအနေအလျောက် လိုအပ်တဲ့ ကုသပြုစုမှု လုပ်နိုင်ဖို့အတွက် ကျွန်မတို့က အမြဲတမ်း စောင့်ကြပ်ကြည့်ရှုရပါတယ်၊ ဆရာဝန်တွေက သိပ်ပြီး အလုပ်များတော့ လူနာတိုင်းကို မမှတ်မိနိုင်ပါဘူး'

သူက နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။ သူ ပြောသွားသော စကားကို ဂျင်နီဖာက သိပ်ပြီး သဘောမကျချင်သလို ခံစားမိသည်။ သို့သော် ဘာကို သဘောမကျမှန်းတော့ အတိအကျ မပြောတတ်။

'သူပြောသွားတာတွေက နားထဲမှာ တစ်မျိုးကြီးလို မနေဘူးလား ချယ်ရီ' ဂျင်နီဖာက မေးလိုက်သည်။

'ကျွန်မတော့ ဘာမှနားမလည်ဘူး မမ၊ မမက အဲဒါကို ဆိုလိုတာ မဟုတ်လား'

'မဟုတ်ပါဘူး၊ ငါက သူ ပြောပုံဆိုပုံကို ပြောတာပါ၊ သူ ပြောနေပုံက ငါ့ကို စည်းရုံးနေသလိုသလိုပဲ ငါ ထင်မိလို့ပါ'

'ဘာပဲပြောပြော ရင်းရင်းနှီးနှီးတော့ ရှိပါတယ်၊ ဒေါက်တာဖော်လီနဲ့ တွေ့ရရင် မမ ပိုပြီး သဘောကျသွားဦးမယ်၊ မယုံရင် ကြည့်နေ'





မိနစ်အနည်းငယ်ခန့်အကြာတွင် လူတစ်ယောက် ရောက်လာသည်။ သူ့ကိုယ်သူ 'ရီဒနေမာရေးပါ'ဟု မိတ်ဆက်သည်။ သူသည် အပြာရောင်ဂျက်ကက်နှင့် ချည်ကြမ်းအကျီပွကြီး ဝတ်ထားသည်။ ရင်ထိုးတံဆိပ်တွင် သူ့နာမည် ရေးထားသည်။ သူကလည်း သူနာပြုဆရာမ ကရင်လိုပင် အသက်မပါသော လေသံထွားထွားဖြင့် ပြောသည်။ ဂျင်နီဖာက သူ့ကို စိုက်ကြည့်နေသည်။ သူ့မျက်လုံးတွေက မျက်တောင်မခတ်။

'အားလုံး အသင့်ဖြစ်နေပါပြီ မစ္စတက်ဒီစကို' သူက ပလတ်စတစ် မှတ်ပုံတင်ကွင်းကို ချယ်ရီ၏လက်တွင် ချည်ပေးသည်။ 'ခင်ဗျားကို ကျွန်တော် အပေါ်ဆပ် ခေါ်သွားမယ်၊ ဒါပေမဲ့ ပထမဆုံး သွေးသွင်းဖို့နဲ့ တခြားစစ်ဆေးမှုတွေ လုပ်ဖို့အတွက် ဓာတ်ခွဲခန်းကို အရင်သွားရဦးမယ်'

'ဂျင်နီဖာရော လိုက်လို့ဖြစ်မလား' ချယ်ရီက မေးသည်။

'ဖြစ်ပါတယ်၊ ဖြစ်ပါတယ်'

ထိုသူက ချယ်ရီအား အလွန်ဂရုစိုက်နေသည်။

ဓာတ်ခွဲခန်းတွင် အဆင်သင့် ပြင်ထားကြသည်။ အကြာကြီးထိုင်ပြီး စောင့်နေလိုက်ရ။ ဂျင်နီဖာက သည်အချက်ကိုလည်း အလွန်ကြိုက်သွားပြန်သည်။ ယခုလို ဂရုတစိုက်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်သော ဆေးခန်းနှင့် ဆေးရုံမျိုးကို ဂျင်နီဖာ သည်တစ်ကြိမ်ပဲ ကြုံဖူးသေးသည်။ ချယ်ရီ့ကိစ္စမှာ မိနစ်ပိုင်းအတွင်း ပြီးစီးသွားသည်။

ထို့နောက် ဓာတ်လှေကားဖြင့် တက်လာခဲ့ကြသည်။ 'ကိုယ်ဝန်ရပ်စဲခြင်း' ပြုလုပ်ရန် အထူးသီးသန့်တစ်နေရာသို့ သွားရမည်ဟု ရီဒနေက ပြောပြသည်။ ဂျူလီယံဆေးရုံမှ အမှုထမ်းတိုင်းပင် 'ကိုယ်ဝန်ဖျက်ချခြင်း' ဟူသော စကားကို လုံးဝမသုံးဘဲ 'ကိုယ်ဝန်ရပ်စဲခြင်း'ဟူ၍သာ ပြောဆိုသုံးစွဲကြသည်။ ဂျင်နီဖာ တော်တော် သဘောကျသွားသည်။ 'ကိုယ်ဝန်ဖျက်ချခြင်း'ဟူသော အသုံးအနှုန်းက ရိုင်းလွန်းလှသည်ဟု တွေးမိသည်။

သူတို့သည် ခြောက်ထပ်တွင် ဆင်းလိုက်ကြသည်။ ဤတွင်လည်း တခြား ဆေးရုံများနှင့် မတူသည်ကို သတိပြုမိပြန်သည်။ ကြမ်းပြင်တစ်ခုလုံးကို ခန်းလုံးပြည့် ကော်ဇောခင်းထားသည်။ နံရံများကို အဖြူရောင်ဆေးသုတ်ထားပြီး စိတ်ကြည်နူးဖွယ် မှန်ပေါင်တပ်ရှုခင်းပုံများ ချိတ်ဆွဲထားသည်။

ရီဒနေက ချယ်ရီနှင့် ဂျင်နီဖာတို့အား အထူးတလည် ပြင်ဆင်ထားသော အလယ်ခန်းမသို့ ခေါ်လာခဲ့သည်။ ခန်းမအလယ်မှ သီးသန့်ခန်းထဲတွင် ဖြူဖွေးသော ဆေးရုံအဝတ်အစားများ ဝတ်ဆင်ထားသော အမှုထမ်းငါးယောက် အသင့်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ သုံးယောက်မှာ ခွဲစိတ်ခန်း လက်ထောက်သူနာပြုဆရာမများ ဖြစ်ကြသည်။

'ကဲ ... မစ္စတာက်ဒီစကို၊ ရှင့်အခန်းက ဒီဘက်မှာ'

သူ့ကိုယ်သူ မာလင်ပိုလာစကီးဟူ၍ မိတ်ဆက်သော သူနာပြုဆရာမက ပြောသည်။ သူက ချယ်ရီ၏အခန်းကို စေ့စေ့စပ်စပ် စစ်ဆေးသည်။ ရေချိုးခန်းနှင့် အိမ်သာခန်းများကိုလည်း ဂရုတစိုက်သွားကြည့်ပြီး တံခါးပြန် ပိတ်ထားလိုက်သည်။ ထို့နောက် ချယ်ရီအား အပေါ်အင်္ကျီများချွတ်၍ ခုတင်ပေါ်တွင် သက်တောင့်သက်သာ လှဲနေရန် ပြောကာ ပြန်ထွက်သွားသည်။

အခန်းမှာ ဟိုတယ်ခန်းကဲ့သို့ သန့်ရှင်းလှပသည်။ ရုပ်မြင်သံကြားစက်ကို မျက်နှာကြက်ပေါ်တွင် ခပ်စောင်းစောင်း တပ်ဆင်ထားသည်။ လူနာသည် ခုတင်ပေါ်မှသော်လည်းကောင်း၊ ကုလားထိုင်ဖြင့်သော်လည်းကောင်း ကြည့်ရှုနိုင်သည်။ အခန်းနံရံများက အစိမ်းနုရောင်၊ နံရံဆေးတွင် ရွှေပြောင်း၍ရသော ဘီးတပ်ဗီရိုများ စီတန်းချထားသည်။ အခန်းကြမ်းပြင်ကို အစိမ်းရောင် ကော်ဇောခင်းထားသည်။

ချယ်ရီသည် အပေါ်အင်္ကျီကိုချွတ်ပြီး ခုတင်ပေါ်တွင် တက်ထိုင်လိုက်သည်။

သွေးသွင်း လက်တွန်းလှည်းကိုတွန်း၍ သူနာပြုဆရာမမာလင် ပြန်ဝင်လာသည်။ ပို၍ စိတ်ချရအောင် သွေးသွင်းရမည်ဟု သူက ပြောသည်။ သူက ချယ်ရီ၏ ဘယ်ဘက်လက်မောင်းထဲသို့ သွေးသွင်းအပ်ကို ကျွမ်းကျင်စွာ ထိုးသွင်းလိုက်သည်။ ပုလင်းထဲမှ သွေးများ ပလတ်စတစ်ပြွန်အတိုင်း တစ်စက်ပြီး တစ်စက် ဆင်းလာကြသည်။ သည်အချိန်မှစ၍ အခန်းသည် ဟိုတယ်ခန်းနှင့် မတူတော့။

မာလင်က အပ်သွင်းရာတွင် ပလာစတာ တိတ်ကလေးတစ်စ ကပ်ပေးသည်။

'ကဲ ...မကြာခင်မှာ ခွဲစိတ်ခန်းထဲ သွားရတော့မယ်' ဂျင်နီဖာဘက်သို့ လှည့်ကာ 'ရှင်လည်း လိုက်လို့ရပါတယ်၊ ဒါပေမဲ့ ဒီက မစ္စတာက်ဒီစကို သဘောတူဖို့ လိုပါတယ်၊ သူက အဓိကပဲ'ဟု မာလင်ကပြောသည်။ ချယ်ရီ မျက်နှာ လန်းရွှင်သွားပြီး–

'အို ...ဟုတ်ကဲ့၊ လိုက်ခဲ့ပါနော် မမ၊ လိုက်မယ် မဟုတ်ဘူးလားဟင်'

တစ်ခန်းလုံး ချာချာလည်သွားသလို ထင်လိုက်ရသည်။ ဂျင်နီဖာက ရောဂါမိလောက်သာ ကူးရန် ရည်ရွယ်ခဲ့သော်လည်း ယခုတော့ သူသည် ရေနက်ထဲ ရောက်နေပါရောလားဟု တွေးလိုက်မိသည်။ မာလင်နှင့် ချယ်ရီတို့နှစ်ယောက် စလုံးက သူ့မျက်နှာကိုသာ ကြည့်နေကြသည်။





'ကောင်းပြီ၊ ကျွန်မ လိုက်မယ်'

နောက်ဆုံး သူက ယတိပြတ်ပြောလိုက်သည်။

နောက်ထပ် သူနာပြုဆရာမတစ်ယောက် ဆေးထိုးပိုက်ကိုင်၍ ဝင်လာသည်။

'စိတ်ငြိမ်ဆေးလေး နည်းနည်း ထိုးပေးမယ်နော်'

ဆရာမက ချယ်ရီ၏ကိုယ်ပေါ်မှ စောင်ကို ခပ်သွက်သွက်ကလေး ဆွဲခါလိုက်သည်။

ဂျင်နီဖာသည် ပြတင်းပေါက်ဘက်သို့ မျက်နှာမူလိုက်သည်။ တရုတ်ကတ်ကြားမှ ဝိုးတဝါး မြင်နေရသော ခေါင်မိုးရှခင်းကို ကြည့်နေသည်။ သူ နောက်သို့ ပြန်လှည့်ကြည့်လိုက်တော့အခါ ဆရာမ မရှိတော့။

'ကဲ...သွားမယ်၊ သွားမယ်' နောက်တစ်ယောက်က လှမ်းအော်လိုက်သည်။

ခွဲစိတ်ခန်း အင်္ကျီကြီးနှင့် ခေါင်းစွပ်စွပ်ထားသော သူနာပြုဆရာမတစ်ယောက် လက်တွန်းခုတင် တွန်းဝင်လာပြီး ချယ်ရီ၏ ခုတင်ဆေးတွင် ထိုးရပ်လိုက်သည်။

'ကျွန်မနာမည် ဂေးလ်ရီလင်းပါ' ဆရာမက ပြောသည်။ 'တကယ်တော့ ရှင်က ခွဲစိတ်ခန်းကို လမ်းလျှောက်သွားလို့ ဖြစ်ပါတယ်၊ ဒါပေမဲ့ ဆေးရုံစည်းကမ်းအရ ဒါနဲ့ပဲ သွားရပါတယ်'

ထို့နောက် သူက ချယ်ရီအား လက်တွန်းခုတင်ပေါ်သို့ ဖေးမတင်ပေးပြီး နောက် အခန်းထဲမှ တွန်းယူလာခဲ့သည်။

'ခွဲစိတ်ခန်းက ခန်းမဆောင်အဆုံးမှာ' ဆရာမက ပြောသည်။

ခွဲစိတ်ခန်းရှေ့တွင် ရပ်လိုက်ကြသည်။ ဆေးရုံလုပ်သားများက လက်တွန်းခုတင်ကို အခန်းထဲသို့ တွန်းယူသွားကြသည်။ အခန်းတံခါး ပြန်ပိတ်သွားသည်။

သူနာပြုဆရာမ ဂေးလ်က ဂျင်နီဖာ၏ လက်ကိုကိုင်ပြီး ပြောသည်။

'ရှင်က ဒီဘက်က ဝင်ရမှာ၊ ရော့ ဒါကိုဝတ်၊ ဒီခေါင်းစွပ် စွပ်၊ ဆံပင်တွေ အပြင်မထွက်စေနဲ့' သူက ဂျင်နီဖာအား ဆေးရုံအင်္ကျီကြီးနှင့် ခေါင်းစွပ် ကမ်းပေးသည်။ 'ပြီးတော့ ဝင်လာခဲ့'

ဆရာမ ဂေးလ်သည် ကပ်လျက် အခန်းထဲသို့ ဝင်သွားသည်။ ဂျင်နီဖာသည် အဝတ်အစားများနှင့် ဘိုင်လာကဲ့သို့သော သံမဏိစက်ကြီးတစ်လုံးရှိသော ဘိုခန်းထဲသို့ ရောက်နေသည်။ ပိုးသတ်စက်ဖြစ်မည်ဟု ဂျင်နီဖာက တွေးမိသည်။ သူက ဆရာမ ညွှန်ကြားသွားသည့်အတိုင်း ခေါင်းစွပ်ကို စွပ်သည်။ ဆေးရုံအင်္ကျီကြီးကိုဝတ်ပြီး ခါးကို ကြိုးစည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောချင်းကပ် အခန်းတံခါးပွင့်လာပြီး ဆရာမဓားလ် ပြန်ထွက်လာသည်။ ဝိုးသတ်စက် လက်ကိုင်ကို လှည့်ဖွင့်ရင်း ပြောသည်။

'ခဆိုးဘူး၊ ဒီအထဲဝင်ပြီး ဘယ်ဘက်မှာ ရပ်နေ၊ မှုးမှုးဝေဝေဖြစ်ရင် ဒီအထဲ ပြန်လာပါ'

ပိုးသတ်စက်မှ တရှဲရှဲ အသံမြည်လာပြီး ရေနွေးငွေ့များ ထွက်လာကြသည်။

ဂျင်နီဖာသည် ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီးနောက် ခွဲစိတ်ခန်းထဲ ဝင်လာခဲ့သည်။

ခွဲစိတ်ခန်းမှာ နံရံများရော၊ ကြမ်းပြင်ပါ ဖြူဖွေးသန့်ရှင်းနေသည်။ နံရံတစ်နေရာတွင် အဖြူရောင် ကြွေရေစင်တစ်ခု ရှိသည်။ အခြားတစ်နေရာတွင် ဆေးပစ္စည်းများ ထည့်ထားသော မှန်တပ်သံဗီရိုများ ရှိသည်။

ချယ်ရီအား အခန်းအလယ်ရှိ ခွဲစိတ်ခန်း စားပွဲပေါ်သို့ ပြောင်းရွှေ့ကြသည်။ စားပွဲဘေးတွင် စင်တစ်ခု ရှိသည်။ စင်ပေါ်မှ ဇလားထဲတွင် ပြောင်လက်နေသော သံမဏိခွက်များနှင့် ပလတ်စတစ်ပြွန်များ ထည့်ထားသည်။ ခပ်လှမ်းလှမ်းမှ နံရံနားတွင် ဓာတ်ငွေ့ဆလင်ဒါများ တပ်ထားသော လေအေးပေးစက် ရှိသည်။

ခွဲစိတ်ခန်းထဲတွင် သူနာပြုဆရာမနှစ်ယောက် ရှိသည်။ တစ်ယောက်က ချယ်ရီ၏ဝမ်းဗိုက်ကို ဆေးကြောပေးနေသည်။ နောက်တစ်ယောက်က ကတ်ထူဘူးများကို ဖွင့်ဖောက်ပြီး ခွဲစိတ်ကိရိယာမျိုးစုံကို ဇလားထဲသို့ထည့်ရင်း အလုပ်များနေသည်။

ခွဲစိတ်ခန်းတံခါး ပွင့်သွားသည်။ ခွဲစိတ်ခန်းအင်္ကျီကြီးဝတ်ပြီး လက်အိတ်စွပ်ထားသော ဆရာဝန်တစ်ယောက် ဝင်လာသည်။ သူက ခွဲစိတ်ကိရိယာများ ထည့်ထားသော ဇလားနားသို့ သွားကာ ခွဲစိတ်ကိရိယာများကို သူ့စိတ်ကြိုက် ပြန်၍ စီစဉ်နေသည်။

ချယ်ရီသည် တံတောင်တစ်ဖက်ကို ထောက်ပြီး ခုတင်ပေါ်မှ ထလိုက်သည်။

'အို... မစ္စတက်ဒီစကို အဲဒီလို မထရဘူးလေ၊ လှဲနေမှပေါ့' သူနာပြုဆရာတစ်ယောက်က ပြောလိုက်သည်။

'ဒါနဲ့ ဒေါက်တာဖော်လီလည်း မဟုတ်ပါလား၊ ဒေါက်တာဖော်လီ ဘယ်မှာလဲ ဟင်' ချယ်ရီက မေးလိုက်သည်။

ခေတ္တငြိမ်သက်သွားသည်။ ဆရာဝန်နှင့် သူနာပြုဆရာမများ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။





'ဒေါက်တာဖော်လီနဲ့ မဟုတ်ရင်တော့ ကျွန်မ ဒီအလုပ် မလုပ်ချင်ဘူး' ချယ်ရီက အက်ကွဲသံဖြင့် ပြောသည်။

'ကျွန်တော်က ဒေါက်တာစတီဖင်ပါ' ဆရာဝန်က ပြောသည်။ 'ဒေါက်တာဖော်လီ မလာနိုင်တာနဲ့ ဂျူလီယဲဆေးရုံက ကျွန်တော့်ကို သူ့ကိုယ်စား တာဝန်ပေးလို့ပါ၊ ဘာမှ မခက်ပါဘူး၊ သိပ်လွယ်ပါတယ်'

'အဲဒါတော့ ကျွန်မ မသိဘူး၊ ဒါပေမဲ့ ဒေါက်တာဖော်လီနဲ့ မဟုတ်ရင်တော့ ကျွန်မ မလုပ်နိုင်ဘူး' ချယ်ရီက အပြတ်ငြင်းလိုက်သည်။

'ဒေါက်တာစတီဖင်လည်း သိပ်တော်တဲ့ ဆရာဝန်တစ်ယောက်ပါ' ဆရာမတစ်ယောက်က ဝင်ပြောသည်။ 'ကဲ... ကဲ... ပြန်လှဲလိုက်ပါ၊ ပြန်လှဲလိုက်ပါ' သူက ချယ်ရီ၏ပခုံးကို အသာဖိတွန်းပေးသည်။

'နေပါဦး၊ ခဏနေပါဦး' ဂျင်နီဖာက ရုတ်တရက် ပြောလိုက်သည်။ 'ချယ်ရီက ဒေါက်တာဖော်လီနဲ့မှ လုပ်မယ်လို့ ပြောနေတာပဲ၊ အဲဒါ သူ့ သဘော မတူသူနဲ့ အတင်းလုပ်လို့ ဘယ်လိုဖြစ်နိုင်ပါ့မလဲ'

အခုမှ လူတိုင်းက ဂျင်နီဖာရှိနေမှန်း သတိရမိကြသည်။ ဒေါက်တာစတီဖင်က ဂျင်နီဖာအား အပြင်သို့ ခေါ်ထုတ်မည် လုပ်သည်။

'ခဏနေပါဦး၊ ကျွန်မ ဒီနေရာက ဘယ်မှထွက်သွားလို့ မဖြစ်ဘူး၊ ချယ်ရီက ဒေါက်တာဖော်လီကလွဲပြီး ဘယ်သူနဲ့မှ မလုပ်နိုင်ဘူးလို့ ပြောနေတယ်လေ'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ သဘောပေါက်ပါတယ်' ဒေါက်တာစတီဖင်က ပြောသည်။ 'မစ္စတက်ဒီစကိုရဲ့ ဆန္ဒကို ကျွန်တော်တို့က လေးစားရမှာပါ၊ ဂျူလီယဲဆေးရုံမှာက လူနာရဲ့ ကျေနပ်မှုကို အဓိကထားပါတယ်၊ ဒါပေမဲ့ ဒီအလုပ်က ဘာမှမခက်ပါဘူး၊ ခဏလေးနဲ့ ပြီးသွားမှာပါ'

ဂျင်နီဖာက ချယ်ရီဘက်သို့ လှည့်ကြည့်လိုက်သည်။ ချယ်ရီသည် ခွဲစိတ်စားပွဲပေါ်တွင် ထထိုင်နေရာမှ-

'ကိစ္စမရှိဘူး မမ၊ ကျွန်မက ဒေါက်တာဖော်လီနဲ့မှ လုပ်မှာပါ'

ဂျင်နီဖာသည် ကြောင်အမ်းအမ်းဖြင့် ခွဲစိတ်ခန်းအပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။ စောစောက ချယ်ရီအား ခွဲစိတ်ခန်းထဲသို့ တင်ယူလာခဲ့သော လက်တွန်းခုတင်ကို ပြန်သွင်းလာကြသည်။ ဂျင်နီဖာ ဝမ်းသာသွားသည်။ ဆေးရုံအင်္ကျီကြီးနှင့် ခေါင်းစွပ်တို့ကို ပြန်ချွတ်ကာ စကြိုလမ်းရှိ ခြင်းတောင်းကြီးထဲသို့ ထည့်ထားလိုက်သည်။

ထိုအခိုက် သူနာပြုဆရာမ မာလင်ပိုလာစကီး ရုတ်တရက် ရောက်လာပြီး 'ဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်မ ခုပဲသိရတယ်၊ အလို ဖြစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အမှားကြီး စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဒီလိုကြီးကျယ်တဲ့ ဆေးရုံကြီးတွေမှာလည်း တစ်ခါတစ်ခါ ဒီလိုပဲ မမျှော်လင့်တဲ့ ပြဿနာကလေးတွေ ပေါ်တတ်ပါတယ်၊ ဒါမျိုးတွေက ၂၄ နာရီအတွင်း တစ်မျိုးပြီးတစ်မျိုး ကြုံရတတ်ပါတယ်၊ ဒါနဲ့ ဒေါက်တာဖော့်လီအကြောင်း ရှင်တို့ တကယ်မသိသေးဘူးလားဟင်'

'ရှင် ဘာပြောလိုက်တာလဲဟင်' ဂျင်နီဖာက ပြန်မေးလိုက်သည်။

'ဒေါက်တာဖော့်လီ သေသွားပြီလေ၊ မနေ့ညက သူ့ကိုယ်သူ သတ်သေသွားပြီ၊ သူက သူ့မိန်းမကို အရင်ပစ်သတ်လိုက်တယ်၊ ပြီးတော့ သူ့ကိုယ်သူလည်း ပစ်သတ်လိုက်တယ်၊ ဒီသတင်း သတင်းစာတိုင်းမှာ ပါတယ်၊ ကျွန်မက ရှင်တို့ သိပြီးပြီလို့ ထင်တာ'

ဂျင်နီဖာက 'ဘုရားရေ' ဟုသာ တစ်ချက်ရေရွတ်လိုက်နိုင်သည်။

တစ်ချိန်တည်းတွင် သူ့ကိုယ့်ဝန်ကို ဒေါက်တာဗန်ဒါမားနှင့် အပ်ခဲ့မိခြင်းအတွက် ကျိတ်ပြီး ဝမ်းသာလိုက်မိလေသည်။

အဒမ်သည် နယူးဂျာစီပြည်နယ်၊ မွန်ကလဲယားမြို့တွင် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်သည်။ သူ့အား ခပ်ကြောင်ကြောင် လူတစ်ယောက်ဟု ထင်ပုံရသော ကားဒရိုင်ဘာကို ကျေးဇူးပင်တင်မိသည်။

တကယ်တော့လည်း အဒမ်သည် လောလောဆယ်တွင် အခြေအနေအရ ခပ်ကြောင်ကြောင်ရုပ် ပေါက်နေသည်ပင်။ သူသည် ယခု သွားတွေ့ရမည့်အလုပ်အင်တာဗျူးအတွက်လည်း စိုးရိမ်နေသည်။ ယမန်နေ့ညက ဇနီးသည်နှင့် ရန်းရင်းဆန်ခတ် ဖြစ်ခဲ့ရခြင်းအတွက်လည်း စိတ်မချမ်းသာ ဖြစ်နေမိသည်။

သို့သော် သူက အိပ်ခန်းတံခါးကို ဖျက်ဆီးမိခြင်းအတွက်သာ ဂျင်နီဖာအား တောင်းပန်စကား ပြောနိုင်သည်။ ဂျင်နီဖာက ကုန်တိုက်တွင် ဖိနပ်ရောင်းရင်း လုပ်ကျွေးမည်ဆိုခြင်းကိုတော့ နည်းနည်းကလေးမှ လက်မခံနိုင်ခဲ့။

အဒမ်သည် မွန်ကလဲယား အမျိုးသားဘဏ်တိုက်ရှေ့တွင် ရပ်ထားသော အေရိုလင်ကုမ္ပဏီ၏ ကားတစ်စီးကို သတိပြုမိသည်။ ကားသွားကားလာများသော လမ်းမကို ဖြတ်ကူးကာ ဒရိုင်ဘာဘေးမှ ကားပြတင်းကို အသာပုတ်လိုက်သည်။

ဒရိုင်ဘာသည် နယူးယောက်မြို့ထုတ် 'နေ့စဉ်သတင်း' သတင်းစာကို ဖတ်နေသည်။ သူက အဒမ်အား လှည့်ကြည့်ပြီး နောက်ဘက်တံခါးကို ဖွင့်ပေးလိုက်သည်။

အဒမ်သည် ဘာစကားမှမပြောဘဲ လက်နှစ်ဖက်ကို ဒူးနှစ်လုံးကြားတွင် ညှပ်ရင်း လိုက်ပါလာသည်။

မိနစ်ပိုင်းအတွင်းမှာပင် အေရိုလင်ဌာနချုပ်သို့ ရောက်လာကြသည်။ အဆောက်အအုံကြီးမှာ ဆောက်ပြီးခါစဖြစ်၍ ပြောင်လက်နေသည်။





ကားကို လုံခြုံရေးဂိတ်ဝတွင် ရပ်လိုက်သည်။ လက်ထဲတွင် တရုတ်ကတ်ပြားတစ်ခု ကိုင်ထားသော ယူနီဖောင်းဝတ် လုံခြုံရေးဝန်ထမ်းက အဒမ်ကို အောက်မှ လှမ်းကြည့်သည်။

ဒရိုင်ဘာက 'ရှင်းဘတ်' ဟု ပြောလိုက်ရာ လုံခြုံရေးအမှုထမ်းက ခေါင်းညိတ်လိုက်သည်။ ထို့နောက် အဖြူနှင့် အနက်စင်းအရောင် သုတ်ထားသော ဂိတ်တံခါးကြီးကို ဖွင့်ပေးသည်။

ကားသည် ဆင်ခြေလျှော ခြံဝင်းကားလမ်းအတိုင်း ဖြည်းဖြည်း မောင်းဝင်လာသည်။ မြင်ရသော မြင်ကွင်းကြောင့် အဒမ် မှင်တက်မိသလို ဖြစ်နေမိသည်။ သစ်ပင်တွေ ပတ်ပတ်လည် ဝိုင်းရံထားသော ရေကန်ထဲတွင် ရေတွေက မှန်သားပမာ ကြည်လင်နေသည်။ ပင်မအဆောက်အအုံကြီး၏ မြေသားမျက်နှာပြင်ချောမွတ်ပြောင်လက်ကာ ဖိတ်ဖိတ်တောက်နေသည်။ အဆောက်အအုံကြီး၏ ဘေးနံရံနှစ်ဖက်သည် အဖျားရှူး၍ မြင့်တက်သွား ပြီး မိုးကို ထိုးနေကြသည်။ တစ်ဖက်တစ်ချက်တွင် ခပ်ငယ်ငယ် အဆောက်အအုံတစ်ခုစီရှိပြီး မှန်သားပေါင်းကူးတံတားဖြင့် ပင်မ အဆောက်အအုံကြီးနှင့် ဆက်သွယ်ထားသည်။

ဒရိုင်ဘာသည် ရေကန်ကို ပတ်မောင်းပြီး ပင်မအဆောက်အအုံကြီး တံခါးဝတွင် ထိုးရပ်လိုက်သည်။

အဒမ်က ဒရိုင်ဘာအား ကျေးဇူးတင်စကားပြောပြီး တံခါးဝသို့ လျှောက်လာသည်။

တံခါးဝတွင်ရပ်ကာ မှန်သားမျက်နှာပြင်တွင် သူ့ရုပ်ကို သူ ပြန်ကြည့်လိုက်သည်။ သူသည် အတတ်နိုင်ဆုံး အကောင်းစားဝတ်စုံကို ဝတ်လာခဲ့သည်။ ဘလေဇာအပြာရောင်၊ ရှပ်အင်္ကျီအဖြူ၊ အစင်းတန်းလည်စီးနှင့် ဘောင်းဘီခနီညိုရောင်။ အားလုံး စမတ်ကျနေသည်။ ဂျက်ကက်အင်္ကျီ ဘယ်ဘက်လက်တွင် ကြယ်သီးနှစ်လုံး ပြုတ်နေတာတစ်ခုသာ ပြောစရာရှိသည်။

အထဲသို့ ရောက်သွားသောအခါ သူ့ကို အထူးရင်ဘတ်တံဆိပ်တစ်ခု ပေးသည်။ ဓာတ်လှေကားဖြင့် ၁၂ ထပ်သို့ တက်သွားရန်ပြောသည်။ သူသည် တစ်ယောက်တည်း တက်လာခဲ့သည်။ တယ်လီဗီးရှင်းကင်မရာက ဘယ်ညာလှုပ်ရှားနေသည်။ သူ့ကို အလိုအလျောက် တယ်လီဗီးရှင်းဖြင့် ရိုက်ကူးနေကြတာလားဟု တွေးမိသည်။

ဓာတ်လှေကားတံခါး ပွင့်သွားသည်။ သူနှင့် သက်တူရွယ်တူလောက် ထင်ရသည့် လူတစ်ယောက်က ဆီးကြိုနေသည်။

'မစ္စတာ မက်ဂူးယား ဆိုတာပါလား' အဒမ်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကျွန်တော်က တက်ပါ၊ မစ္စတာမက်ဂူးယားရဲ့ အတွင်းရေးမှူးပါ၊ ကျွန်တော့်နောက် လိုက်ခဲ့ပါခင်ဗျာ'

ဆိုသူက အဒမ်အား ရုံးခန်းတစ်ခုသို့ ခေါ်လာခဲ့သည်။ အပြင်တွင် ခေတ္တဆောင့်ရန် ပြောပြီး ရုံးခန်းထဲသို့ ဝင်သွားသည်။

ရုံးခန်းဝတွင် 'အရှေ့မြောက်ပိုင်းခရိုင် အရောင်းမန်နေဂျာ'ဟု ဆိုင်းဘုတ်ချိတ်ထားသည်။

အဒမ်က ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ မြင်ရသမျှ ပရိဘောဂများမှာ ခေတ်မီအကောင်းစားတွေချည်းဖြစ်သည်။ ကော်ဇောတွေကိုလည်း နေရာမလပ် ဖြန့်ခင်းထားသည်။ သူ မကြာခင်က သွားရောက်ခဲ့သော ဆေးသိပ္ပံအဆောက်အအုံနှင့်ယှဉ်လျှင် ဤနေရာက နန်းတော်တမျှ ခမ်းနားလှသည်။ သူ ထွက်လာခါနီး ဌာနမှူးပြောလိုက်သော စကားကို ပြန်လည် သတိရမိသည်။

ထိုအခိုက် တံခါးပွင့်လာပြီး မန်နေဂျာ ကလဲရင့်မက်ဂူးယား ထွက်လာသည်။ အထဲသို့ဝင်ရန် ဖိတ်ခေါ်သည်။ အဒမ် ဝင်လိုက်သွားပြီး ဆိုဖာဖုံရှည်ပေါ်တွင် ထိုင်သည်။

မက်ဂူးယားက တက်အား စကားတစ်ခွန်းနှစ်ခွန်း ပြောသည်။ တက် ပြန်ထွက်သွားသည်။

မက်ဂူးယားသည် အရွယ်တင်သည်။ ကိုယ်ခန္ဓာက ဝဝဖိုင့်ဖိုင့်။ အဒမ့် အရပ်ထက် တစ်လက်မခန့်နိမ့်သည်။ သူ့ကိုယ်သူ ကျေနပ်နေသော မျက်နှာမျိုး။ ပြုံးလိုက်လျှင် မျက်လုံးတွေ ပိတ်သွားသည်။

'ကဲ...တစ်ခုခု သောက်လိုက်ပါလား'

အဒမ်က ခေါင်းခါပြလိုက်သည်။

'ဒါဖြင့်လည်း လုပ်ငန်း စကြတာပေါ့၊ အေရိုလင်ကုမ္ပဏီကို ဘာကြောင့် စိတ်ဝင်စားတာလဲ'

အဒမ်က စိတ်လှုပ်ရှားစွာဖြင့် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး-

'ကျွန်တော် ဆေးကျောင်းကထွက်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ကျွန်တော် သင်ထားတဲ့ပညာဟာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှာ အသုံးဝင်မယ်ထင်လို့ပါ၊ ကျွန်တော်တို့ ဆေးကျောင်းသားတွေကို အေရိုလင်ကုမ္ပဏီက သားရေလက်ဆွဲအိတ်တွေ လက်ဆောင်ပေးခဲ့ပါတယ်၊ အဲဒါနဲ့ အေရိုလင်ကုမ္ပဏီကို ကျွန်တော့် စိတ်ထဲမှာ စွဲနေခဲ့ပါတယ်'

မစ္စတာမက်ဂူးယားက ပြုံးလိုက်သည်။

'အခုလို ပွင့်ပွင့်လင်းလင်းပြောတာ ကြိုက်ပါတယ်၊ ဒီတော့ ဆေးဝါးထုတ်လုပ်ရေးကို ဘာကြောင့် စိတ်ဝင်စားရတာလဲ'





အဒမ် ခေတ္တတုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ မိန်းမကိုယ်ဝန်ရှိနေ၍ ငွေလိုနေကြောင်း အမှန်အတိုင်း ပြောလိုက်ရမည်လားဟု တွေးနေသည်။ သို့သော်ကားပေါ်တွင် စိတ်ကူးလာခဲ့သော စကားကိုသာ ပြောလိုက်သည်။

'ဆေးကုသခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော် သံသယဖြစ်နေတာကြောင့် ဆေးဝါးလုပ်ငန်းကို စိတ်ဝင်စားလာတာ ဖြစ်ပါတယ်၊ ဆရာဝန်တွေဟာ လူနာတွေကို ဂရုစိုက်မှု နည်းလာတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ အခုအချိန်မှာ စက်မှုနည်းပညာနဲ့ သုတေသနလုပ်ငန်းတွေ ပညာရပ်အနေနဲ့ရော၊ စီးပွားရေးအရရော သိပ်ပြီး တိုးတက်လာပါတယ်၊ အကျိုးစီးပွား ဖြစ်ထွန်းလာပါတယ်၊ ဆေးပညာဟာလည်း သက်မွေးမှုပညာရပ်ထက် ကျော်လွန်ပြီး စီးပွားရေးပိုဆန်လာပါတယ်'

အဒမ်သည် သူ့ကိုယ်သူ ဘာစကားပြောလိုက်မှန်းပင် မသိ။ သို့သော် မစ္စတာမက်ဂူးယားက သူ့စကားကို သဘောကျပုံရသည်။ အဒမ်က ဆက်ပြောသည်။

'ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတွေဟာ ဆရာဝန်တွေ တစ်ဦးချင်းစီထက် လူနာအတွက် ပိုပြီးဆောင်ရွက်ပေးနိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဆေးကျောင်းဆက်တက်နေတာထက် အေရိုလင်ကုမ္ပဏီမှာ ဝင်လုပ်တာက ပြည်သူတွေကို ပိုပြီး အကျိုးပြုနိုင်မယ်လို့ ထင်ပါတယ်'

'စိတ်ဝင်စားဖို့ ကောင်းပါတယ်' မက်ဂူးယားက ပြောသည်။ 'ဒီကိစ္စကို အများကြီး စိတ်ကူးထားတယ်ဆိုတာ ထင်ရှားတယ်၊ ဒါပေမဲ့ ကျုပ်တို့ ကုမ္ပဏီမှာ အလုပ်စဝင်တဲ့ လူတွေကို အရောင်းလုပ်ငန်းကစပြီး ခန့်ထားလေ့ရှိတယ်၊ ဒီတော့ ခင်ဗျားလိုချင်တဲ့အလုပ်နဲ့ ကျုပ်တို့ ပေးနိုင်တဲ့အလုပ် တခြားစီများ ဖြစ်နေမလား မသိဘူး'

အဒမ်က ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး-

'ရပါတယ် ခင်ဗျား၊ အရောင်းလုပ်ငန်းကစပြီး ကျွန်တော် လုပ်နိုင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ကုမ္ပဏီအတွက် ထိုက်ထိုက်တန်တန် အကျိုးမပြုနိုင်သေးခင်မှာ ဒီလိုပဲ အောက်ခြေကစပြီး အခြေခံယူရဦးမှာပဲလို့ ကျွန်တော် ယုံကြည်ပါတယ်'

မစ္စတာမက်ဂူးယား၏ မျက်နှာတွင် အပြုံးရိပ်သန်းနေသည်။

'ဒါထက် ကျုပ် အထူးမေးချင်တာ တစ်ခုတော့...' သူက ခေတ္တ ရပ်နေပြီးမှ 'ခင်ဗျားအဖေက အစားအသောက်နှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့မှာ လုပ်နေတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



အဒမ်၏ လည်ပင်းကြောများ ထောင်တက်သွားသည်။

'ဟုတ်ပါတယ်၊ ကျွန်တော့်ဖေဖေက အဲဒီအဖွဲ့က ညွှန်ကြားရေးမှူးချုပ်ပါ၊ ဒါပေမဲ့ ကျွန်တော် အခုလို အေရီလင်ကုမ္ပဏီမှာ အလုပ်လာလျှောက်တာဟာ ကျွန်တော့်ဖေဖေနဲ့ ဘယ်လိုမှမပတ်သက်ပါဘူး၊ အမှန်အတိုင်းပြောရရင် ကျွန်တော်နဲ့ ဖေဖေတို့ဟာ တစ်ယောက်နဲ့တစ်ယောက် စကားတောင် မပြောကြတဲ့ အခြေအနေမျိုးမှာ ရှိနေပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စမှာ သူ့အနေနဲ့ ဘယ်လိုမှ ဝင်စွက်ပိုင်ခွင့် မရှိပါဘူး'

'ဟုတ်ပါပြီ၊ ကျုပ်တို့ကလည်း ခင်ဗျားအဖေကိုထက် ခင်ဗျားကိုသာ ပိုပြီး စိတ်ဝင်စားပါတယ်၊ ကဲ...ဒီတော့ ခင်ဗျားရဲ့ ပညာရေးနောက်ခံနဲ့ လုပ်ငန်းအတွေ့အကြုံတွေ သိပါရစေ'

အဒမ်က ခြေထောက်နှစ်ချောင်းကို တင်ပျဉ်ချိတ်လိုက်သည်။ ပြီးနောက် မူလတန်းကျောင်းသားဘဝမှစ၍ ဆေးတက္ကသိုလ် ကျောင်းသားဘဝအထိ ပညာသင်ကြားလာခဲ့ပုံများကို အသေးစိတ် ပြောပြသည်။ ထို့နောက် နွေရသီရက်အားတွင် လုပ်ကိုင်ခဲ့သော အလုပ်များကို ဆက်လက်ပြောပြသည်။ စုစုပေါင်း ၁၅ မိနစ်ကြာသည်။

'သိပ်ကောင်းတယ်' မစ္စတာ မက်ဂူးယားက မှတ်ချက်ချလိုက်သည်။ 'ကဲ...ဒီတော့ အပြင်ဘက်က ခဏစောင့်နေပါ၊ ကျုပ် မကြာခင် လာခဲ့မယ်'

အဒမ် ထွက်သွားပြီးနောက် အခန်းတံခါး ပြန်ပိတ်သွားသည်။

မက်ဂူးယားက ချက်ချင်းပင် တယ်လီဖုန်းကို ကောက်ကိုင်ပြီး သူ၏ အထက်အရာရှိ ဝီလျံရှယ်လီထံသို့ ဆက်သည်။ ရှယ်လီ၏အတွင်းရေးမှူး စာရေးမလေးက တယ်လီဖုန်းကို ကိုင်သည်။ မက်ဂူးယားက ဒုတိယဥက္ကဋ္ဌထံ ဆက်ပေးရန် လှမ်းပြောသည်။

'ကိုင်း... ဆိုပါဦး'

ရှယ်လီက အထက်စီးလေသံဖြင့် မေးသည်။

'ကျွန်တော် အခုပဲ အဒမ်ရွှန်းဘတ်ကို လူတွေ့စစ်ဆေးပြီးပြီ ဆရာ၊ ဆရာပြောတာ မှန်ပါတယ်၊ သူက ဒေးဗစ်ရွှန်းဘတ်ရဲ့သားပဲ၊ အမှန်အတိုင်းပြောရရင် ငါးနှစ်အတွင်း ကျွန်တော်တို့ဆီကို အလုပ်လာလျှောက်တဲ့ လူငယ်တွေထဲမှာ ဒီမောင် အတော်ဆုံးပဲ ဆရာ၊ သူ့အရည်အချင်း၊ သူ့ကိုယ်ရည်ကိုယ်သွေးနဲ့တော့ ကျွန်တော်တို့ကုမ္ပဏီနဲ့ အကိုက်ပါပဲ၊ ဆေးဝါးသုတေသနလုပ်ငန်းနဲ့ ပတ်သက်လို့လည်း သဘောတရားတွေ ဘာတွေ တော်တော့်ကို နိုင်ထားတဲ့ မောင်ပဲ'

'ဒါဆို ဟန်ကျတာပေါ့၊ သူ့ကို အလုပ်ခန့်ရင် ခင်ဗျားလည်း ဆောက်ဆူးကောင်းကောင်း ရမှာပေါ့' ရှယ်လီက ပြောသည်။





'သူ့ကို ကျွန်တော်က သွားခေါ်တာ မဟုတ်ပါဘူး ဆရာ၊ သူ့ဘာသာသူ ကျွန်တော်တို့ဆီလာပြီး အလုပ်လျှောက်တာပါ'

'မထူးပါဘူးဗျာ၊ အတူတူပါပဲ၊ ကဲ ... ဒီတော့ သူ့ကို နေ့လယ်စာ ကျွေးလိုက်ပါ၊ ပြီးတော့ ကျုပ်ရုံးခန်း ခေါ်လာခဲ့၊ နည်းနည်းပါးပါး တောက်စမ်းကြည့်ရတာပေါ့'

မက်ဂူးယားက ဖုန်းကို ပြန်ချလိုက်သည်။ ထို့နောက် ရုံးခန်းအပြင်ဘက်မှ ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

'ရောင်းဝယ်ရေးဌာနတာဝန်ခံ ဒုတိယဥက္ကဋ္ဌနဲ့ ကျုပ် အခုပဲ စကားပြောပြီးပြီ၊ နေ့လယ်စာ စားပြီးရင် သူ့ဆီ ခေါ်လာခဲ့ပါတဲ့၊ အဲဒီတော့ ဘာများပြောချင်တာ ရှိသေးသလဲ'

'ဘာမှမရှိတော့ပါဘူး၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ'

*

ဂျင်နီဖာသည် ပြတင်းပေါက်မှ မျက်နှာခွာကာ ချယ်ရီကို လှည့်ကြည့်လိုက်သည်။

ချယ်ရီသည် ရွှေရောင်ဆံပင်၊ ဖြူဖွေးသော အသားအရေဖြင့် ကြွေရုပ်ကလေးလို ချစ်စရာကောင်းနေသည်။ သူ့ကို ထိုးပေးထားသော စိတ်ငြိမ်ဆေးက အစွမ်းပြနေပြီ။ ချယ်ရီ အိပ်ပျော်သွားပြီ။

ဂျင်နီဖာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ချယ်ရီအား ခွဲစိတ်ခန်းထဲမှ ပြန်ထုတ်လာပြီး ဒေါက်တာဖော်လီ သေဆုံးသွားပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ ဒေါက်တာစတီဖင်သည် ဒေါက်တာဖော်လီကဲ့သို့ပင် တော်ကြောင်း၊ ထို့ကြောင့် လုပ်စရာရှိတာကို စိတ်ချယုံကြည်စွာ ဆက်လုပ်သင့်ကြောင်း ဆရာမမာလင်ပိုလာစကီးက ဖျောင်းဖျပြောပြသည်။ ထို့ပြင် ကိုယ်ဝန်ဖျက်ချခြင်းဟူသည် ကန့်လန့်ကောင်းလေဖြစ်ကြောင်း၊ တစ်ရက် ပိုကြာသွားလေ၊ ပို၍အန္တရာယ်များလေဖြစ်ကြောင်းကိုလည်း ပြောပြသည်။

ဂျင်နီဖာကလည်း ဆရာမမာလင်နှင့် တစ်သဘောတည်း ဖြစ်သည်။ ထို့ကြောင့် ချယ်ရီအား လက်ခံရန် တိုက်တွန်းသည်။ သို့သော် ချယ်ရီက တင်းခံနေသည်။ ဒေါက်တာဖော်လီမှတစ်ပါး မည်သူနှင့်မျှ မလုပ်နိုင်ဟု အကျောက်အကန် ငြင်းဆန်နေသည်။ ဒေါက်တာဖော်လီ သူ့ကိုယ်သူ သတ်သေသွားပြီဆိုသည်ကို သူက ယုံကြည်ဟန်မတူ။

ချယ်ရီသည် အိပ်ရာပေါ်တွင် ငြိမ်သက်စွာ လှဲနေရာမှ မျက်လုံးတွေဖြည်းဖြည်း ပွင့်လာသည်။

'နေကောင်းရဲ့လားချယ်ရီ' ဂျင်နီဖာက မေးသည်။

'ကောင်းပါတယ်' ချယ်ရီက အိပ်ချင်မူးတူးသံဖြင့် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကိုယ်ပြန်မှထင်တယ် ချယ်ရီ၊ အဒမ်မပြန်ခင် ညစာချက်ရဦးမယ်၊ ကိုယ် နောက်တော့မှ ညည်းဆီ ဖုန်းလှမ်းဆက်လိုက်မယ်၊ မနက်ဖြန်ကျ လာကြည့်ဦးမယ်၊ ဒါနဲ့ ဒေါက်တာစတီဖင်နဲ့ တကယ်ပဲ မလုပ်ချင်ဘူးလားဟင်'

ချယ်ရီက ခေါင်းကို အားယူပြီး လှုပ်ခါပြသည်။ ပြီးတော့ အသံဝါးဝါးဖြင့် ပြောသည်။

'မမ ဘာပြောတာလဲ၊ ကျွန်မ သိပ်မကြားရဘူး'

ဂျင်နီဖာက ပြုံးလိုက်ပြီး–

'သြော်... ကိုယ်ပြန်လိုက်ဦးမယ်လို့ ပြောတာပါ၊ ဒီကိုယူမလာခင် ညည်းကို သူတို့က ရှန်ပိန်အရက် တိုက်သေးသလား၊ ညည်းကြည့်ရတာ အရက်မူးနေသလိုပဲ'

'အရက်မတိုက်ပါဘူး' ချယ်ရီက စောင်ကို လက်နှင့် ဟိုစမ်းသည်စမ်းလုပ်ရင်း လေသံဖြင့် ပြောသည်။ 'မမကို ကျွန်မ ဓာတ်လှေကားအထိ လိုက်ပို့မယ်'

သူက စောင်ကို ဆွဲခွာလိုက်သည်။ သွေးသွင်းထားသော ပြွန်များ လှုပ်ရှားသွားသည်။

'အို... မလိုက်ပါနဲ့ညီမရယ်၊ ညီမက ဒီလိုပဲ ငြိမ်ငြိမ်ကလေး လှဲနေပေါ့ ဟုတ်လား'

ဂျင်နီဖာ၏မျက်နှာမှ ပြုံးရိပ်များ ပျောက်ကွယ်သွားသည်။ သူ စိုးရိမ်မကင်းဖြစ်လာသည်။ အိပ်ရာပေါ်မှ ထရန် ပြင်နေသော ချယ်ရီအား လက်နှင့် တားထားလိုက်သည်။

သို့သော် ချယ်ရီက ခြေထောက်နှစ်ဖက်ကို ခုတင်ဘေးသို့ ချနေပြီ။ သွေးသွင်းပြွန်က တင်းနေသဖြင့် လက်မောင်းကို ထိုးသွင်းထားသောအပ်ကို နုတ်လိုက်စဉ်တွင် အားလွန်ပြီး ခုတင်ပေါ်မှ လိမ့်ကျသွားတော့သည်။

ဂျင်နီဖာမှာ လျှပ်တစ်ပြက်မို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ အကူအညီ လှမ်းခေါ်ရမှာလား၊ ချယ်ရီကိုပဲ ထူမပေးရမှာလား။ ဘာကို လုပ်ရမှန်းမသိ ဖြစ်နေသည်။

နောက်ဆုံး ချယ်ရီအား ခုတင်ပေါ် ပြန်တင်ပေးပြီးတော့မှ သူနာပြုဆရာမ သွားခေါ်ရန် ဆုံးဖြတ်လိုက်သည်။

သူက ချယ်ရီ လက်မောင်းကို မကိုင်လိုက်သည်။

'အို... ဘုရားရေ'

ချယ်ရီ၏ ပါးစပ်နှင့်နှာခေါင်းတို့မှ သွေးတွေ စီးကျနေသည်ကို မြင်လိုက်ရ၍ ဂျင်နီဖာ လန့်အော်လိုက်မိသည်။





ဂျင်နီဖာက ချယ်ရီအား ပက်လက်လှန်လိုက်သည်။ ချယ်ရီ၏မျက်ကွင်း ညိုမည်းနေသည်။ ဆေးရုံအကျႌကြီးအောက် ခြေနှစ်ဖက်ကြားမှ သွေးတွေ ထွက်လာကြသည်။

ဂျင်နီဖာသည် အခိုက်အတန့် ကြက်သေသေနေမိသည်။ ထို့နောက်မှ တိဝင်လာပြီး လူခေါ်ခေါင်းလောင်းကို ထပ်ကာထပ်ကာ နှိပ်လိုက်သည်။

ချယ်ရီကား ငြိမ်သက်နေဆဲ။

ဂျင်နီဖာက အကူအညီခေါ်ရန် အပြင်သို့ ပြေးထွက်လာခဲ့သည်။ အပြင် ခါးဝတွင် ဆရာမမာလင်နှင့် ပက်ပင်းတိုးမိသည်။ ဆရာမက ဂျင်နီဖာအား ယ်စောင်းတိုက်ပြီး အတင်းဝင်သွားရာ ဂျင်နီဖာမှာ ယိုင်သွားကာ စကြံန်ရုံနှင့် ား၍ တိုက်မိသည်။ တခြားသူနာပြုဆရာမတွေ တစ်ယောက်ပြီး တစ်ယောက် ပြေးလာကြသည်။

တစ်စုံတစ်ယောက်က ဂျင်နီဖာ၏လက်မောင်းကို လာ၍ ဆုပ်ကိုင်သည်။

'မစ္စက်ရှွန်းဘတ်၊ ဘယ်လိုဖြစ်တာလဲ ဟင်၊ ပြောပြစမ်းပါဦး'

လှည့်ကြည့်လိုက်တော့ ဆရာမမာလင် ဖြစ်နေသည်။ ဆရာမ၏ပါးတွင် သွေးတွေ စွန်းပေနေသည်။ ဂျင်နီဖာက အခန်းထဲသို့ ချောင်းကြည့်လိုက်သည်။ ရာမများက ချယ်ရီအား ပါးစပ်မှ စုပ်ကာ အသက်ပြန်သွင်းနေကြသည်။

'ကျွန်မနဲ့ စကားပြောနေတုန်းကတော့ သူ အကောင်းကြီးပဲ' ဂျင်နီဖာ န်လည်ပြောပြသည်။ 'နေထိုင်မကောင်းဘူးလို့လည်း မပြောဘူး၊ ဒါပေမဲ့ သူ့ ကြည့်ရတာတော့ အရက်မူးနေတဲ့ လူလိုပဲ၊ဒါနဲ့ သူ ခုတင်ပေါ်က ဆင်းမလို့ ပ်တော့ ဖြုန်းခနဲလိမ့်ကျသွားတော့တာပဲ၊ အဲဒီမှာ တစ်ကိုယ်လုံး သွေးတွေနဲ့ နေတော့တယ်'

ဒေါက်တာစတီဖင်အပါအဝင် ဆရာဝန်တွေ ကမန်းကတန်း ပြေးဝင် ကြသည်။ မကြာမီတွင် မေ့ဆေးစက်ကြီးကိုင်၍ နောက်ထပ် ဆရာဝန် စ်ယောက် ရောက်လာသည်။ ဆရာမမာလင်က မေ့ဆေးစက်ကို ကူညီတပ်ဆင် သည်။ ဂျင်နီဖာမှာ နံရံတွင် မှီကာ ရပ်နေသည်။ ခေါင်းထဲမှာလည်း မူးဝေဝေ ားနေရသည်။ တခြားလူနာများ သူတို့အခန်းဝမှ ပြူတစ် ပြူတစ် ထွက်ကြည့် ကြသည်ကို ဂျင်နီဖာ ခပ်ဝါးဝါးသာ မြင်ရသည်။

ဆေးရုံလုပ်သားနှစ်ယောက် လက်တွန်းခုတင်ကို တွန်းယူလာကြသည်။ ကြာမီတွင် ချယ်ရီအား ခွဲစိတ်ခန်းသို့ ပြန်လည် တွန်းယူသွားကြသည်။ သူ့ က်နှာပေါ်တွင် ခွဲစိတ်ခန်းခေါင်းစွပ် အမည်းကြီးကို စွပ်ထားသည်။ သူနှင့်အတူ ပေါင်းတစ်ဒါဇင်လောက် ဝိုင်းအုံလိုက်ပါသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မစ္စကက်ရှန်းဘတ်၊ နေကောင်းပါတယ်နော်'

ဆရာမမာလင် ပြန်ရောက်လာသည်။

'ဟုတ်ကဲ့၊ ကောင်းပါတယ်ရှင့်၊ ဒါနဲ့ ချယ်ရီ ဘယ်လိုဖြစ်သွားတာလဲ ဆရာမရယ်'

'လောလောဆယ်တော့ ဘယ်လိုမှ မသိရသေးဘူး'

'စိုးရိမ်စရာတော့ မရှိပါဘူးနော်'

'ဒေါက်တာစတီဖင်က ကျွန်မတို့ဆေးရုံမှာ အတော်ဆုံးဆရာဝန်တစ်ယောက်ပါ၊ ဒါနဲ့ ရှင် ဟောဟိုက ဧည့်ခန်းထဲသွားပြီး နားနားနေနေ ထိုင်စောင့်နေပါလား'

'ကျွန်မ လက်ကိုင်အိတ် ချယ်ရီ့အခန်းထဲမှာ ကျန်ရစ်သေးတယ်'

'ဒါဆို ဒီကစောင့်နေ၊ ကျွန်မ သွားယူလိုက်မယ်'

လက်ကိုင်အိတ်ကို သွားယူပြီးနောက် ဆရာမမာလင်က ဂျင်နီဖာအား ဧည့်ခန်းသို့ ခေါ်လာသည်။ 'တစ်ခုခု သောက်လိုက်ပါလား'ဟု ပြောသည်။ သို့သော် ဂျင်နီဖာက 'နေပါစေ ဆရာမ၊ ကျွန်မ ဘာမှမဖြစ်ပါဘူး'ဟု ပြန်ပြောလိုက်သည်။

ထို့နောက် သူက–

'ချယ်ရီကို အခု သူတို့ ဘယ်လိုလုပ်ကြရမှာလဲဟင် ဆရာမ'

'ဒါတော့ ဆရာဝန်တွေ သဘောပဲ၊ ကျွန်မအထင်တော့ သန္ဓေသားကို ထုတ်ပစ်လိုက်မယ် ထင်တာပဲ၊ နောက်ထပ် ဘာလုပ်ဦးမယ်ဆိုတာတော့ ကျွန်မလည်း မသိရသေးဘူး'

'သွေးလွန်တာက ဒီကလေးကြောင့်လားဟင်'

'အများဆုံးတော့ ဟုတ်နိုင်ပါတယ်၊ သူက သွေးလွန်တာရော၊ လန့်သွားတာရော နှစ်မျိုးခံစားနေရတာ၊ ဒါကြောင့်မို့ သန္ဓေသားကို ထုတ်ပစ်ဖို့ လုပ်နေတယ်'

အကြောင်းရှိလျှင် လှမ်းခေါ်ရန်ပြောပြီး ဆရာမမာလင် ပြန်ထွက်သွားသည်။ ဆရာမသည် မကြာခဏ ဖြတ်သွားဖြတ်လာလုပ်ရင်း ဂျင်နီဖာအား လက်ကို ဝှေ့ယမ်းပြသွားသည်။ ဂျင်နီဖာကလည်း ဝှေ့ယမ်းပြသည်။

ဂျင်နီဖာသည် ဆေးရုံကို အလွန်ကြောက်သည်။ ဖြစ်နိုင်လျှင် ဘယ်တော့မှ မသွားချင်။ ယခု ချယ်ရီ့ကိစ္စကြောင့် သူ၏ ဆေးရုံကြောက်စိတ်မှာ ပို၍ ကြီးထွားလာသည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ သုံးနာရီခွဲပြီ။

နောက်ထပ် တစ်နာရီခန့် အချိန်ကုန်လွန်သွားသည်။





ဂျင်နီဖာထံသို့ ဒေါက်တာစတီဖင် ရောက်လာသည်။ သူ့ဆံပင်များ နဖူးပေါ် ပြန့်ကြဲကျနေသည်။ သူ့မျက်နှာက မသာမယာ။ ဂျင်နီဖာ၏ ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။

'ကျွန်တော်တို့လည်း အစွမ်းကုန်တော့ ကြိုးစားပါတယ်'

ဒေါက်တာစတီဖင်က ဂျင်နီဖာနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း ပြောသည်။

'ဒါနဲ့ . . . သူ . . . သူ'

ဂျင်နီဖာ၏အသံတွေ တုန်ပြီး ဆက်မမေးနိုင်အောင် ဖြစ်နေသည်။

ဒေါက်တာစတီဖင်က ခေါင်းညိတ်လိုက်ပြီး–

'သူ သေသွားပြီ၊ ကျွန်တော်တို့ ဘယ်လိုမှ မကယ်လိုက်နိုင်တော့ဘူး၊ သူက အတွင်းသွေးခဲသွားတာ၊ အဲဒါကြောင့် ကျွန်တော်တို့ နားမလည်နိုင်အောင် ဖြစ်ရတာပဲ၊ ဒါပေမဲ့ ကိုယ်ဝန်ပျက်ကျရင်တော့ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ ကျွန်တော်တို့ဆေးရုံမှာ ဒီလိုဖြစ်ရပ်မျိုး တစ်ခါကြုံဖူးခဲ့ပါတယ်၊ ဒါပေမဲ့ အားလျော့စွာပဲ လူနာအခြေအနေ ကောင်းလာခဲ့တယ်။အခု ချယ်ရီ့အခြေအနေက တော်တော်ခက်ခဲတယ်၊ သွေးလွန်တာကလည်း အလွန်အကျွံပဲ၊ ကျွန်တော်တို့က တတ်နိုင်သလောက် အသက်ကယ်လုပ်ငန်းတွေကို လုပ်ပေမယ့် မရနိုင်တော့ဘူး၊ သူ့ကျောက်ကပ်က လုံးဝ အလုပ်မလုပ်တော့ဘူး'

ဂျင်နီဖာ ခေါင်းညိတ်လိုက်သည်။ ဒေါက်တာစတီဖင် ပြောတာကို ဘာမှတော့ နားမလည်။ သို့သော် ချယ်ရီ သေဆုံးသွားပြီဆိုတာကိုတော့ သူမယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

'သူ့မိဘတွေ ဘယ်မှာနေကြသလဲ'

ဒေါက်တာ စတီဖင်က မေးသည်။

'ကျွန်မလည်း မသိဘူး'

ဂျင်နီဖာက ပြန်ပြောသည်။

'အဲဒါမှ ဒုက္ခပဲ၊ ချယ်ရီလည်း လိပ်စာမပေးဘူး၊ ဖုန်းနံပါတ်လည်း မပေးဘူး၊ ဒီအတိုင်းဆို ဘယ်လိုမှ လုပ်လို့ရမှာ မဟုတ်ဘူး'

သူနာပြုဆရာမမာလင်နှင့် ဇေးလ်တို့ ရောက်လာကြသည်။ သူတို့နှစ်ယောက်စလုံး ငိုနေကြသည်။ ဂျင်နီဖာ အံ့အားကြီးသင့်သွားသည်။ လူနာသေ၍ သူနာပြုဆရာမတွေ ငိုသည်ကို သူ သည်တစ်ခါပဲ မြင်ဖူးသေးသည်။

'အခုဖြစ်ရတာ ကျွန်တော်တို့အားလုံး အထူးပဲ စိတ်မကောင်းဖြစ်ကြရတယ်' ဒေါက်တာ စတီဖင်က ပြောသည်။ 'ဆေးကုစားရတာ ဒါဟာ အဆိုးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ ကိုယ်က အစွမ်းကုန် ကြိုးစားပြီး လုပ်ပေးတယ်၊ ဒါပေမဲ့ အကျိုးမဖြစ်ဘူး အဆိုးပဲ ဖြစ်လာတယ်၊ ချယ်ရီလို အရွယ်ကောင်းတုန်း မိန်းကလေးတစ်ယော စိတ်စဉ်သွားတာ အင်မတန်နှမြောဖို့ကောင်းတယ်၊ ကျွန်တော်တို့ဆေးရုံမှာ ဒီအဖြ ချိုကြုံရတာကို ကိုယ့်သားချင်းတစ်ယောက် ဆုံးရှုံးရသလိုပဲ စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်’

နောက် ၁၅ မိနစ်ခန့်အကြာတွင် ဂျင်နီဖာသည် လွန်ခဲ့သော နာရီပိုင် အတွင်းက ချယ်ရီနှင့် သူ ဝင်လာခဲ့သော တံခါးမှပင် ပြန်ထွက်လာခဲ့သည်။

ချယ်ရီ သေသွားပြီဆိုသည်ကို သူက လုံးဝမယုံနိုင်အောင် ဖြစ်နေမိသည် ဆေးရုံမျက်နှာစာကို ပြန်ကြည့်လိုက်သည်။ မျက်နှာစာတစ်ခုလုံးသစ်လွင် ပြောင်လက်နေသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဆေးရုံကြီးကတော့ မြင်ရသည်နှင့်ပင် စိတ်ချမ်းသာ စရာ ကောင်းလှသည်။ ဒါကြောင့်လည်း လူတွေက သည်ဆေးရုံကို အထူးတလည် အားကိုးကြတာ ဖြစ်မှာပေါ့။

*

အဒမ်သည် ၁၉ ထပ်တွင် ဓာတ်လှေကားမှဆင်းကာ မက်ဂူးယားနောက်မှ လိုက် လာခဲ့သည်။ ခမ်းနားလှပသော ရုံးခန်းကျယ်ကြီးနှင့် ပရိဘောဂများကို မြင်ရသော အခါ အဒမ်မှာ ရင်သပ်ရှုမော အံ့သြရပြန်သည်။ သူ့တစ်သက်တာတွင် မြင်ဖူးသ ရုံးခန်းများအနက် အလှဆုံးရုံးခန်းထဲသို့ ဝင်လာခဲ့ရသည်ဟုလည်း တွေးလိုက် မိသည်။ တစ်ဖက်နံရံတစ်ခုလုံးမှာ မှန်သားအတိဖြစ်ပြီး အပြင်သို့ ကြည့်လိုက်လျှ နယူးဂျာစီကျေးလက်ဒေသ၏ သာယာခန့်ညားသော ဆောင်းရာသီအလှကို တပြန့်တပြူး မြင်နေရသည်။

‘ရှုခင်းကို တော်တော် သဘောကျနေပြီထင်တယ်’ အသံကြား၍ အဒမ်က လှည့်ကြည့်လိုက်သည်။ ‘ကျုပ် ဝီလျံရှယ်လီပါ’ အသံရှင်က ထပ်ပြောသည် သူသည် စားပွဲကို ပတ်လျှောက်လာပြီး ‘အခုလို ကျုပ်တို့ဆီကို လာတွေ့တာ ဝမ်းသာပါတယ်’

‘ကျွန်တော်လည်း အများကြီး ဝမ်းသာပါတယ်’ဟု အဒမ်က ပြန်ပြော လိုက်သည်။ မစ္စတာရှယ်လီမှာ အထက်တန်းအရာရှိကြီးဖြစ်၍ အနည်းဆုံး အသ ၅၀လောက်တော့ ရှိရောမည်ဟု သူက ထင်ခဲ့သည်။ သို့သော် ယခုတွေ့ရသော အခါ ၃၀ ကျော်လောက်သာ ထင်မှတ်ရသည်။ အဒမ်နှင့် အရပ်ချင်း အတူ လောက် ရှိသည်။ ရွှေရောင်ဆံပင်ကို ခပ်တိုတိုညှပ်၍ ပိပြားနေအောင် ဖြီးထ သည်။ သူ့မျက်လုံးများက တောက်ပသော အပြာရောင်။ ရုပ်အကျီက အဖြ





လက်နှစ်ဖက်ကို ခေါက်တင်ထားသည်။ လည်စည်းက ပန်းရောင်။ ဆောင်းဘီက ဝါညိုရောင်။

သူက ပြတင်းပေါက်ဘက်သို့ လက်ညှိုးထိုးပြပြီး–

‘ဟိုအဝေးမှာ မြင်နေရတဲ့ အဆောက်အအုံတွေက နယူးယောက်မြို့ပေါ့၊ နယူးယောက်မြို့က အဝေးမြင်ရတာတောင်မှ တော်တော်လှတယ်’

အဒမ်က ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ မင်ဟက်တန် နယ်မြေအောက်ပိုင်းကိုပေါ့ည်း လှမ်းမြင်ရသည်။ ကောင်းကင်တွင် တိမ်တိုက်များ နှင့် နေခြည်တန်းများ ရောယှက်နေသည်။ နယူးယောက်မြို့တော်၏ မိုးထိ အဆောက်အအုံအချို့က နေရောင်အောက်တွင် ပြောင်လက်တောက်ပနေပြီး အချို့ မှာ တိမ်ရိပ်ကြောင့် ပြာမှောင်နေကြသည်။

‘လန်းသွားအောင် တစ်ခုခု သောက်ပါလား’ မစ္စတာရှယ်လီက ငွေလင် ပန်းနှင့် ငွေကရားများ တင်ထားသော ကော်ဖီစားပွဲနားသို့ လျှောက်သွားရင်း ပြောသည်။ ‘ကော်ဖီ၊ လက်ဖက်ရည်၊ တခြားသောက်ချင်တာ အကုန်ရှိပါတယ်’

သုံးယောက်သား ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ အဒမ်က ‘ကော်ဖီပဲ သောက်မည်’ဟု ပြောသည်။ မစ္စတာရှယ်လီကတော့ သူ့အတွက် လက်ဖက်ရည် ငှဲ့ထည့်သည်။

‘မစ္စတာမက်ဂူးယား ပြောပြလို့ မင် အကြောင်း နည်းနည်းပါးပါးတော့ သိပြီးပါပြီ’

မစ္စတာရှယ်လီက စတင်ပြောလိုက်သည်။

ဤတွင် အဒမ်က စောစောတုန်းက မစ္စတာမက်ဂူးယားအား ပြောခဲ့သော အချက်များကိုပင် ပြန်လည်ပြောပြသည်။ မစ္စတာရှယ်လီနှင့် မက်ဂူးယားတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ မက်ဂူးယား ပြောသည့် အတိုင်း မှန်နေသဖြင့် မစ္စတာရှယ်လီက ခေါင်းတညိတ်ညိတ်နှင့် နားထောင် နေသည်။ အဒမ်၏ကိုယ်ရည်ကိုယ်သွေးကို နေ့လယ်စာ စားနေစဉ်ကပင် မက်ဂူး ယားက အသေးစိတ် အကဲခတ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အဒမ်သည် သူတို့၏ မန်နေဂျာသင်တန်းစီမံကိန်းအတွက် အသင့်တော်ဆုံးပုဂ္ဂိုလ်ဖြစ်သည်ဟု မစ္စတာ ရှယ်လီက ဆုံးဖြတ်ချက်ချမိသည်။ အေရီလင်ကုမ္ပဏီမှာ တစ်နေ့တခြား တိုးတက် နေသဖြင့် အတော်ဆုံး အမှုထမ်းများရရှိရန် အလွန်အရေးကြီးသည်။ အဒမ်နှင့် ပတ်သက်၍ မစ္စတာရှယ်လီ သဘောမကျသည့် အချက်တစ်ချက်မှာ နောင်အခါ ဆေးတက္ကသိုလ် ပြန်တက်ဦးမည်ဟူသော အချက်ပင်ဖြစ်သည်။ သို့သော် ဤကိစ္စ ကို နောက်မှ ကြည့်ရှင်းမည်ဟု မစ္စတာရှယ်လီက ကျိတ်ပြီး တေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဒမ် ပြောပြီးသွားသောအခါ မစ္စတာရှယ်လီက လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်ပြီးနောက်–

'ဆေးပညာ သင်ယူခြင်းနဲ့ပတ်သက်လို့ မင်းရဲ့သဘောထားဟာ တို့သဘောထားနဲ့ တစ်ထပ်တည်းပါပဲ၊ ဆရာဝန်တွေဘက်က လူမှုရေးတာဝန်ပျက်ကွက်နေတာကိုလည်း တို့အနေနဲ့ သတိပြုမိပါတယ်၊ မင်း တို့ဆီရောက်လာတာ နေရာမှန်ကို ရောက်လာတာပဲ၊ အေရိုလင်ကုမ္ပဏီဟာ မင်းအတွက် အကောင်းဆုံးဘုမိနက်သန့်ပဲ၊ ကဲ ... မေးချင်တာရှိ မေးပါ'

'ကျွန်တော့်ကို အလုပ်ခန့်ရင် နယူးယောက်မှာပဲ နေချင်ပါတယ်'

သူက ဆေးကျောင်းနှင့်ဝေးသော ဒေသကိုလည်း မသွားချင်၊ ပြီးတော့ ဂျင်နီဖာကိုလည်း ဆေးတက္ကသိုလ်ဆေးရုံတွင်ပင် ကလေးမီးဖွားစေချင်သည်။

မစ္စတာရှယ်လီက မက်ဂူးယားဘက်သို့ လှည့်ကြည့်ပြီး -

'ဖြစ်နိုင်မယ့် အခြေအနေတော့ ရှိကောင်းရှိလိမ့်မယ် ထင်တယ်'

'ဟုတ်ကဲ့၊ ရှိလာနိုင်ပါတယ်'

'နောက်ကော ဘာမေးချင်သေးသလဲ'

'အခု အထိတော့ ဘာမှမေးစရာ မရှိတော့ပါဘူး'

အဒမ်က တွေ့ဆုံပွဲပြီးပြီထင်၍ ထိုင်ရာမှ ထမည်လုပ်တော့ 'ခဏနေပါဦး'ဟု မစ္စတာရှယ်လီက ပြောလိုက်သည်။ ထို့နောက် မက်ဂူးယားဘက်သို့ လှည့်လျက် 'ကဲ ... ခင်ဗျား ပြန်ချင် ပြန်နိုင်ပြီ၊ သူ့ကို မကြာခင် ပြန်လွှတ်လိုက်မယ်'

မက်ဂူးယား ပြန်ထွက်သွားသည်။ မစ္စတာရှယ်လီသည် ထိုင်ရာမှ ထရပ်လိုက်သည်။

'ပထမအချက်အနေနဲ့ မင်းကို တို့ အများကြီး စိတ်ဝင်စားတယ်ဆိုတာ ပြောပါရစေ၊ ဒုတိယအချက်ကတော့ မင်းကို တို့ အလုပ်ခန့်တာဟာ မင်းရဲ့ အရည်အချင်းကို ကြိုက်လို့ခန့်တာ၊ မင်းအဖေရဲ့ ဩဇာတိက္ကမကြောင့် ခန့်တာ မဟုတ်ဘူး'

'ဒီလိုသိရတာ ကျွန်တော် အများကြီး ဝမ်းသာပါတယ်'

မစ္စတာရှယ်လီက မက်ဂူးယား ပေးထားသော ဖိုင်တွဲကို လှမ်းယူပြီးနောက်–

'မင်းရဲ့ကိုယ်ရေးရာဇဝင် အစီရင်ခံစာ အပြည့်အစုံကို တို့ရထားပြီးပြီလို့ ပြောရင် မင်းက အံ့သြနေမှာလား'

အေရိုလင်ကုမ္ပဏီက သူ့ကိုယ်ရေးကိုယ်တာကို ကျူးကျော်စော်ကားသည်ဟု ယူဆပြီး အဒမ်က ပြန်လည်ချေပမည်အလုပ်တွင် မစ္စတာရှယ်လီက ဆက်ပြီးပြောပြန်သည်။





'ဒီ အစီရင်ခံစာထဲက အချက်တွေကြည့်ပြီး တို့က မင်းကို သာမန် အလုပ်ခန့်ရုံသာမကဘဲ အထူးအစီအစဉ်ဖြစ်တဲ့ မန်နေဂျာသင်တန်း တက်ခွင့်ကိုပါပေးဖို့ ဆုံးဖြတ်လိုက်တာပဲ၊ ဒီတော့ မင်းအနေနဲ့ ဘာပြောစရာရှိသလဲ၊ ပြောပါ'

'မန်နေဂျာသင်တန်းက ဒီမှာပဲ ဖွင့်မှာလား'

'ဒီမှာမဟုတ်ဘူး၊ ဒီမှာက ရောင်းဝယ်ရေးသင်တန်းပဲ ရှိတယ်၊ မန်နေဂျာသင်တန်းကိုတော့ ပြူတိုရီကိုနိုင်ငံမှာရှိတဲ့ တို့ကုမ္ပဏီရဲ့ ဗဟိုသုတေသနသိပ္ပံမှာ ဖွင့်မှာ'

ပြူတိုရီကိုမှာ ဖွင့်မယ်ဆိုပါလား။ အဒမ်က နယူးယောက်မြို့မှ ထွက်သွားရမည်ကို အလွန်စိုးရိမ်နေသည်။

'ကျွန်တော့်ကို အခုလို အခွင့်အရေးပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က အောက်ခြေကစပြီး လုပ်သွားချင်ပါတယ်၊ ကျွန်တော့်မှာ ရည်ရွယ်ချက်က နယ်လှည့် အရောင်းကိုယ်စားလှယ်လုပ်ဖို့ပါ၊ ဒါမှ ကျွန်တော့်အနေနဲ့ စီးပွားရေးလောကကို အခြေခံကျကျ နားလည်နိုင်မယ်'

'မင်း ပြောတာ မှန်ပါတယ်၊ သို့သော်လည်း မန်နေဂျာသင်တန်းကတော့ တက်ကို တက်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တို့ကုမ္ပဏီက လာမယ့်နှစ်ကစပြီး အရောင်းဘက်ဆိုင်ရာ လူအင်အားကို လျှော့ချဖို့ စီစဉ်ထားတယ်၊ ဒီအချက်ကိုတော့ အလေးအနက် သတိပြုဖို့လိုတယ်'

'ဒါဆို လောလောဆယ်တော့ ကျွန်တော့်ကို အရောင်းကိုယ်စားလှယ် အလုပ်ကိုပဲ ပေးတယ်ဆိုပါတော့'

'ဟုတ်ပါတယ်၊ အရောင်းကိုယ်စားလှယ် ရာထူးမှာပဲ ခန့်ထားမယ်၊ ဒါနဲ့ မင်းကို တို့ကုမ္ပဏီက တွေ့သင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်'

ထို့နောက် သူက ရုံးတွင်း တယ်လီဖုန်းကို ကောက်ကိုင်ပြီး–

'ဒေါက်တာနက်ချမင်းကို ငါ့ဆီ ခဏလာခဲ့ပါလို့ ပြောလိုက်စမ်းပါ၊ တို့စောစောက ပြောခဲ့တဲ့ လူသစ်နဲ့ မိတ်ဆက်ပေးမလို့လို့ ပြောလိုက်'ဟု အတွင်းရေးမှူး စာရေးမထံ လှမ်းဆက်လိုက်သည်။ ပြီးတော့ အဒမ်ဘက်သို့လှည့်ပြီး–

'မင်း အခု တွေ့ရမယ့်ပုဂ္ဂိုလ်က ဒေါက်တာဟိန်းနရစ်နက်ချမင်း တဲ့၊ ပြူတိုရီကို သုတေသနသိပ္ပံက ဌာနမှူးပဲ၊ ဒီနေ့မနက်ကပဲ ကျင်းပတဲ့ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးလာတက်တာ၊ သူက နာမည်ကျော် အာရုံကြောပါရဂူ၊ သူနဲ့ တွေ့လိုက်ရင် ပြူတိုရီကိုသင်တန်းကို မင်း သိပ်ပြီး တက်ချင်လာလိမ့်မယ်'

အဒမ်က ခေါင်းညိတ်လိုက်သည်။ ပြီးတော့မှ–

'ကျွန်တော် ဘယ်တော့မှ အလုပ်စဝင်ရမှာလဲ၊ ကျွန်တော့်ဘက်ကတော့ အဆင်သင့်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း သဘောထားကို သဘောကျပါတယ်၊ မင်းကို လာမယ့် အရောင်းကိုယ်စားလှယ်သင်တန်းမှာ သွင်းပေးမယ်၊ နောက်တစ်ပတ်ထဲမှာ စဖွင့်ဖြစ်လိမ့်မယ်၊ အဲဒီသင်တန်းမတက်ခင် တို့ရဲ့ အရောင်းကိုယ်စားလှယ်တစ်ယောက်နဲ့ ဘန်နေ့လောက်လိုက်ပြီး လေ့လာရမယ်၊ လစာစာရင်းမှာတော့ ချက်ချင်းပဲ သွင်းလိမ့်မယ်၊ မင်းရဲ့ ကိုယ်ရေးရာဇဝင်အရဆိုရင်တော့ တို့ရဲ့ သားဖွားခွင့်အကျိုးခံစားမှုကိစ္စကိုလည်း မင်း သိချင်လိမ့်မယ်ထင်တာပဲ'

အဒမ်၏ မျက်နှာတွင် ရှက်သွေးဖြာသွားသည်။

ဒေါက်တာဟိန်းနရစ်နက်ချမင်း ဝင်လာသောကြောင့် သူ့အဖို့ ပြန်ပြောရသက်သာသွားသည်။

ဒေါက်တာနက်ချမင်းမှာ အရပ်အလွန်ရှည်ပြီး အလွန်ပိန်သည်။ သူ့ဆံပင်က နက်ပြီး ကပိုကရိုနိုင်လှသည်။ သူ့မျက်လုံးတွေ အလွန်စူးစိုက်ဟန် ရှိသည်။ သူက အားရပါးရပြုံးကာ အဒမ့်ကို စိုက်ကြည့်နေသည်။ အဒမ်မှာ မနေတတ်မထိုင်တတ်အောင်ပင် ဖြစ်နေမိသည်။

'ကျုပ်တို့ ပြူတိုရီကိုမှာ တွေ့ရမယ့်သူငယ်က သူလား'

ဒေါက်တာနက်ချမင်းက မေးလိုက်သည်။

'လောလောဆယ်တော့ မဟုတ်သေးပါဘူး' မစ္စတာရှယ်လီက ပြန်ပြောသည်။ 'သူက မန်နေဂျာသင်တန်းမသွားခင် ဒီမှာပဲ အတန်အသင့်နေပြီး လုပ်ငန်းသဘောကို လေ့လာချင်သေးတယ်'

'ဪ... ဟုတ်လား၊ မစ္စတာရှယ်လီပြောပြတဲ့ အတိုင်းဆိုရင်တော့ မောင်ရင်က ကျုပ်တို့ကုမ္ပဏီနဲ့ အလွန်သင့်တော်တဲ့လူပဲ၊ ကျုပ်တို့ သုတေသနလုပ်ငန်းက မျှော်လင့်တာထက် တိုးတက်နေတယ်၊ ဒါဟာ မောင်ရင့်အတွက် အခွင့်အရေးတစ်ရပ်ပဲ၊ ကဲ... မောင်ရင့်သဘောထားလည်း ပြောစမ်းပါဦး'

'သုတေသနလုပ်ငန်းက ဘာတွေကို လုပ်ပါသလဲ'

'စိတ်ပြောင်းစိတ်လွှဲ ဆေးဝါးဗေဒနဲ့ သန္ဓေသားဗေဒ'

ခေတ္တ ငြိမ်ဆိတ်သွားသည်။ အဒမ်က ဒေါက်တာနက်ချမင်းကို တစ်လှည့်၊ မစ္စတာရှယ်လီကို တစ်လှည့်ကြည့်ရင်း အကဲခတ်နေသည်။ သူတို့နှစ်ယောက်ကလည်း အဒမ့်မျက်နှာကိုပင် စိုက်ကြည့်နေကြသည်။

'တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ'

အဒမ်က စိတ်မလုံစွာဖြင့် ပြန်ပြောလိုက်သည်။

'ကိုင်း... အေရီလင်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက လှိုက်လှဲစွာ ကြိုဆိုပါတယ်'





ဒေါက်တာ နက်ချမင်းက ယင်းသို့ပြောရင်း လက်ကို ကမ်းပေးသည်။ အဒမ်က လက်ဆွဲနှုတ်ဆက်လိုက်သည်။

*

အဒမ်သည် ဘတ်စ်ကားစီး၍ ပြန်လာရင်း စိတ်ထဲတွင် တထင့်ထင့် ဖြစ်နေမိသည်။ ဒါဆို မင်းက ရန်သူနဲ့ပူးပေါင်းမလို့ပေါ့၊ ဟုတ်လားဟု ဆေးသိပ္ပံဌာနမှူး ဒေါက်တာမာကိုဝမ် ပြောလိုက်သောစကားကို သတိရမိသောကြောင့် ဖြစ်သည်။ မကျန်းမာသောဝေဒနာရှင်များအတွက် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ဆေးမျိုးစုံ ရောင်းစွံရေးအတွက် ငွေကြေးသိန်းသန်းကုဋေ အကုန်ခံကာ ကြော်ငြာနေခြင်းကို အဒမ်က ဘယ်လိုမှ သဘောမတွေ့နိုင်အောင် ဖြစ်နေသည်။ ဆရာဝန်တွေလည်း ထိုနည်းလည်းကောင်းပဲ လုပ်ကိုင်နေကြသည်။ အေရီလင်ကုမ္ပဏီနှင့်ပတ်သက်၍လည်း အဒမ့်အနေဖြင့် မရှင်းသည့်အချက်တစ်ချက် ရှိသည်။ သံသယဝင်မိသည့်အချက်တစ်ချက် ရှိနေသည်။ သို့သော် ထိုအချက်ကို ဘာရယ်လို့ သူက အတိအကျ မပြောတတ်။ တကယ်တော့ သူ့ကိုယ်ရေးရာဇဝင် အပြည့်အစုံကို ကြိုတင်လေ့လာထားသည့် အစီရင်ခံစာနှင့်လည်း ပတ်သက်လိမ့်မည်ဟု သူက တွေးမိသည်။

ဘာပဲဖြစ်ဖြစ်၊ သူ့အနေဖြင့် တစ်သက်လုံးလုပ်ရန် ရည်ရွယ်တာမှ မဟုတ်ဘဲ။ လောလောဆယ် အခြေအနေအရ ပိုက်ဆံလို၍ ဝင်လုပ်ခြင်းသာ ဖြစ်သည်။ သူတို့လင်မယားနှစ်ယောက် ချွေချွေတာတာနှင့် စုဆောင်းသွားလျှင် ၁၈လ အတွင်း သူ ဆေးကျောင်းပြန်တက်နိုင်မည်မှာ သေချာသည်။

လင်ကွန်းလိုဏ်ခေါင်းကြီးထဲသို့ ဘတ်စ်ကား ဝင်လာသောအခါ အဒမ်သည် ပိုက်ဆံအိတ်ကိုထုတ်ပြီး ဖွင့်ကြည့်လိုက်သည်။ မူလက သူ့မှာ ပါလာသော ပိုက်ဆံအစုတ်အပြတ်ကလေးများကြားတွင် အသက်စက်စက် ဒေါ်လာ ၁၀၀ တန် ဆယ်ရွက်တိတိ တွေ့ရသည်။ ညှိမှုများသော ပိုက်ဆံကို သူ့တစ်သက်တွင် သည်တစ်ခါပဲ ကိုင်ရဖူးသေးသည်။

အဝတ်အစားချုပ်ရန်ဆိုကာ မစ္စတာရှယ်လီက ကြိုတင်ငွေ ထုတ်ပေးလိုက်ခြင်းဖြစ်သည်။

စုစုပေါင်း ဒေါ်လာ ၁၀၀၀။

အဒမ်သည် သူ့အဖြစ်သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ အိပ်မက်မက်နေတာများလားဟုပင် ထင်မိလေသည်။

*

အဒမ်သည် လက်ဇင်တန်ရိပ်သာလမ်းမှသည် ၁၄ လမ်းအထိ မြေအောက်ရထားစီးသည်။ ထိုမှ သူတို့တိုက်ခန်းသို့ ခြေကျင်လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင်လည်း ဘလူမင်ဒယ် ကုန်တိုက်တံဆိပ်ပါ စက္ကူအိတ်ကြီးနှစ်အိတ်နှင့် အလှအပထုပ်ထားသော တခြားအထုပ်တစ်ထုပ် ပိုက်လို့။ သူ့အတွက် ရှပ်အင်္ကျီများနှင့် ဂျက်ကက်တစ်ထည်။ ဂျင်နီဖာအတွက် အကောင်းစားဝတ်စုံတစ်စုံ ဝယ်လာခဲ့ခြင်းဖြစ်သည်။

အဒမ် တံခါးဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း ဂျင်နီဖာ သူ့မိခင်ကြီးထံ ဖုန်းဆက်နေသံကို ကြားလိုက်ရသည်။ မီးဖိုခန်းထဲ စောင်းကြည့်လိုက်တော့ ညစာအတွက် ပြင်ဆင်ထားခြင်း လုံးဝမရှိ။ ဟင်းချက်စရာများ ဝယ်ခြမ်းထားတာလည်း မတွေ့ရ။

ဒီညတော့ စိတ်မချမ်းသာစရာ ဘာမှမဖြစ်စေရဘူးလို့ သူ့ကိုယ်သူ သတိပေးပြီး အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ထိုအချိန်တွင် ဂျင်နီဖာ ဖုန်းဆက်ပြီးသွားပြီ။ ဂျင်နီဖာက ဖုန်းကိုပြန်ချပြီး အဒမ့်ကို လှည့်ကြည့်သည်။

သူ့မျက်နှာက ပုံပျက်ပန်းပျက် ဖြစ်နေသည်။ ပါးနှစ်ဖက်တွင် မျက်ရည်စီးကြောင်းတွေ ထင်နေသည်။ မျက်လုံးတွေက နီရဲနေသည်။ ဆံပင်ကလည်း ပခုံးပေါ်တွင် ဖွာလန်ကြဲနေသည်။

'ဒါက ဘယ်လိုဖြစ်တာလဲ၊ ဘာလဲ မင်းမိဘတွေ ဘင်္ဂလားဒေ့ရှ်ကို ပြောင်းသွားလို့လား'

အဒမ်က မေးလိုက်သည်။

ဂျင်နီဖာ၏ မျက်လုံးအစုံတွင် မျက်ရည်ဥကြီးတွေ ဝဲလာကြသည်။ အဒမ်က ပါးစပ်ကို လက်နှင့်ပိတ်ပြီး ကျိတ်ရယ်လိုက်ချင်သည်။ သို့သော် သူက ဂျင်နီဖာ့ဘေးတွင် ဝင်ထိုင်ကာ ပခုံးကို သိုင်းဖက်လိုက်သည်။

'မင်းကို ငါ စောစောက ဖုန်းဆက်သေးတယ်၊ ဖုန်းက တော်တော် အလုပ်များနေတယ်'

ဂျင်နီဖာက လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်တင်ရင်း–

'ဘာလို့ဆက်တာလဲ'

'ငါ နည်းနည်းနောက်ကျမယ်လို့ ပြောချင်လို့၊ မင်းအတွက် အံ့သြစရာ သတင်း ပါလာတယ်၊ စိတ်ဝင်စားသလား'

ဂျင်နီဖာက ခေါင်းညိတ်လိုက်သည်။ အဒမ်က အပြင်ထွက်သွားပြီး ပစ္စည်းထုပ်များကို ယူလာသည်။

ဂျင်နီဖာက မဖွင့်ချင်ဖွင့်ချင် ဖွင့်သည်။ သူ့အတွက် ဝတ်စုံသစ်ကို ပေါင်ပေါ်တွင်တင်ကာ မျက်ရည်တွေ ဒလဟော စီးကျလာသည်။

အဒမ်က မျက်လုံးပြူးသွားကာ–

'ဘာလဲ မကြိုက်လို့လား'





ဂျင်နီဖာက မျက်ရည်သုတ်လိုက်သည်။ ထို့နောက် မတ်တတ်ထရပ်ပြီ ဝတ်စုံကို မှန်ရှေ့တွင် ကပ်ကြည့်သည်။

'လှလိုက်တာနော်၊ ဒီလောက်ပိုက်ဆံတွေ ဘယ်က ရလာတာလဲ ဟင်

အဒမ်က ပခုံးတွန့်လိုက်ပြီး–

'မင်း မကြိုက်ရင် ပြန်လဲလို့ ရပါတယ်'

ဂျင်နီဖာက ဝတ်စုံကို ရင်မှာပိုက်ကာ အဒမ့်အနီးသို့ လျှောက်လာပြီ မွှေးမွှေးပေးလိုက်သည်။

'ကျွန်မ ကြိုက်ပါတယ်၊ ကျွန်မ မြင်ဖူးသမျှ အလှဆုံးပဲ'

'ဒါဖြင့် ဘာဖြစ်လို့ ငိုနေရသေးတာလဲ'

'ငိုစရာ ကြုံခဲ့ရလို့၊ ချယ်ရီကို မောင် တွေ့ဖူးသလား၊ ဂျက်ဆင်ရဲ့ အတွင်း ရေးမှူး တာရေးမလေး'

'ကိုယ် မမှတ်မိသလိုပဲ'

'ဒါက အရေးမဟုတ်ပါဘူး၊ သူ့အသက်က ၁၉ နှစ် ၂၀ လောက်ပဲ ရှိသေးတယ်၊ ဒီနေ့ ကျွန်မ ဂျူလီယံဆေးရုံကို သူနဲ့ လိုက်သွားတယ်'

'အဲဒီဆေးရုံ ကိုယ်သိပါတယ်၊ ဧရာမဆေးရုံကြီးပဲ၊ မေယိုဆေးရုံတို့လိုဟာ မျိုး၊ ကိုယ်တို့ကျောင်းက တချို့ကျောင်းသားတွေ အဲဒီကို သွားလေ့လာကြတယ် အဲဒီဆေးရုံက တစ်မျိုးကြီးပဲလို့ ပြောကြတာပဲ'

'ဆေးရုံက အရေးမဟုတ်ပါဘူး၊ အဖြစ်အပျက်ကသာ အဓိကပါ၊ ချယ်ရီ က အဲဒီမှာ ကိုယ်ဝန်ဖျက်ဖို့ သွားတာ'

'ဘုရားရေ ...မင်းက ကိုယ်ဝန်ဖျက်မယ့်လူနဲ့ လိုက်သွားတယ်ဟုတ်လား၊ မင်း ရူးများ ရူးနေပြီလား ဂျင်နီဖာ'

အဒမ်က ဒေါနှင့်မာန်နှင့် ပြောသည်။

'သူ့ခမြာ တခြားအဖော်မရှိလို့ လိုက်ပို့တာပါ၊ ကျွန်မက သူ့ကို တစ် ယောက်တည်း မသွားစေချင်ဘူး'

'ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ သူ့မှာ မိဘမရှိဘူးလား၊ ဒါမှမဟုတ် သူ့လူ မရှိဘူးလား၊ မင်းက ဘာလို့ လိုက်သွားစရာလိုသလဲ'

'အဲဒါတော့ ကျွန်မ မသိဘူး၊ ကျွန်မတော့ လိုက်သွားမိတာပဲ၊ အဲဒီရောက် တော့ သူ့ခမျာ သေရှာပါလေရော'

'ဟင်... သူ သေသွားတယ်၊ သေသွားတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ နေမကောင်းဖြစ်နေလို့လား'

အဒမ်က အလန့်တကြား မေးနေသည်။

ဂျင်နီဖာက ခေါင်းကို ခါယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ ဘာမှမဖြစ်ပါဘူး၊ ကျန်းမာရေးလည်း ကောင်းပါတယ်၊ သူတို့က ကိုယ်ဝန်ဖျက်ချမလို့ လုပ်တော့ တာဝန်ကျဆရာဝန်က ချယ်ရီရဲ့ ချိန်းထားတဲ့ ဆရာဝန် မဟုတ်ဘူး၊ အဲဒီမှာ သူက သူ့ဆရာဝန်နဲ့မဟုတ်ရင် မလုပ်ဘူး ဆိုပြီး ငြင်းတယ်၊ သူက ဒေါက်တာဖော်လီနဲ့မှ လုပ်ချင်တာ၊ ဒါပေမဲ့ ဒေါက်တာဖော်လီက သေသွားပြီ၊ သူ့ကိုယ်သူ သတ်သေသွားတာ၊ ဒါကြောင့် သူ့အစား နောက်ဆရာဝန်တစ်ယောက်က တာဝန်ယူပြီးလုပ်မလို့ စီစဉ်ရတာ'

'အပွဲ့လိုက်လုပ်ကိုင်တဲ့ အချို့ဆေးရုံတွေမှာ လူနာက ကိုယ်ပြတဲ့ ဆရာဝန်နဲ့ ခွဲစိတ်ကုသခွင့် မရှိဘူး'

'အဲဒါတော့ ဟုတ်မှာပေါ့၊ ဒါပေမဲ့ လူနာကို စမ်းသပ် စစ်ဆေးထားတဲ့ ဆရာဝန်မရှိရင် ကြိုတင်ပြီးတော့ အကြောင်းကြားရမှာပေါ့'

'ဒါတော့ ကိုယ်လည်း မပြောတတ်တော့ဘူး၊ ဒါနဲ့ ချယ်ရီက ကိုယ်ဝန်မဖျက်ချဘဲနဲ့ ဘယ်လိုလုပ် သေရတာလဲ'

'သူတို့က အတွင်းသွေးခဲသွားလို့ ပြောတာပဲ၊ ကျွန်မရှေ့တွင်မှာပဲ အသက်ထွက်သွားတာ၊ အခြေအနေကောင်းနေရက်က ခုတင်ပေါ်က လိမ့်ကျ ပြီး သွေးတွေ သွန်တော့တာပဲ၊ တကယ့်ကို မမြင်ရက်စရာပါပဲ မောင်'

ဂျင်နီဖာသည် အောက်နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်သည်။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာသည်။

အဒမ်က လှမ်းဖက်ပြီး ကျောကို ပွတ်ပေးနေသည်။

တစ်ယောက်မှ စကားမပြောကြ။ အဒမ်က ကြားရသောအဖြစ်အပျက်ကို ပြန်တွေးနေသည်။ သူ ဇဝေခွဲမရ ဖြစ်နေသည်။ ကိုယ်ဝန်မဖျက်ချဘဲနှင့် အတွင်းသွေးခဲပြီး ချယ်ရီ ဘာကြောင့်သေရတာလဲ၊ သူက သူ့စိတ်ထဲ မရှင်းတာတွေကို ထပ်မေးချင်သေးသည်။ သို့သော် ဂျင်နီဖာအား စိတ်မချမ်းသာစရာတွေကို မတွေးစေချင်သောကြောင့် ဆက်မမေးတော့။

သို့သော် ဂျင်နီဖာကတော့ မမေးဘဲနှင့် ထပ်ပြောချင်နေသေးသည်။

'အတွင်းသွေးခဲတယ်ဆိုတာက ဘာလဲ၊ ဒီလိုပဲ ခဏခဏဖြစ်တတ်သလားဟင်'

'အို... မဖြစ်ပါဘူး၊ မဖြစ်ပါဘူး၊ အင်မတန် ဖြစ်ခဲပါတယ်၊ ဒီကိစ္စကိုယ်တော့ သိပ်မသိပါဘူး၊ တခြားလူတွေလည်း သိမယ်မထင်ဘူး၊ သဘောကတော့ သွေးကြောထဲက သွေးတွေခဲသွားလို့ ဖြစ်တာပဲ၊ အပြင်းအထန် ဒဏ်ရာရတာ၊ ဆိုးဆိုးရွားရွား မီးလောင်ခံရတာ၊ တစ်ခါတလေ ကိုယ်ဝန်ဖျက်ချတာကြောင့် ဖြစ်တတ်တယ်ထင်တာပဲ၊ ဒါပေမဲ့ ဖြစ်တော့ ဖြစ်ခဲ့ပါတယ်'

'ကိုယ်ဝန်ရှိနေတဲ့ လူတွေမှာရော ဖြစ်တတ်သလား'





'ဟင့်အင်း၊ မဖြစ်ပါဘူး၊ ကဲ... ကြားဖူးနားဝ ဆေးပညာ ဗဟုသုတနဲ့ ရောဂါဆန်းတွေအကြောင်း အချိန်ကုန်ခံပြီး တွေးမနေပါနဲ့တော့၊ အဲဒီတော့ ရေသွားချိုး၊ ခုနက ဝတ်စုံသစ်ဝတ်၊ ပြီးတော့ ညစာစားမယ်'

'ကျွန်မ ချက်စရာ ဘာမှမဝယ်လာခဲ့ဘူး'

'ကိုယ် သိပါတယ်လေ၊ ဘာမှမပူပါနဲ့၊ ကိုယ့်မှာ ဒီမှာ ပိုက်ဆံတွေ အပြည့်ရှိပါတယ်၊ ဒါတွေ ဘယ်လိုရလာတယ်ဆိုတာ ကိုယ် ပြောပြချင်နေတာ ပါးစပ်ကိုယားနေတာပဲ၊ ကဲ...ကဲ ရေသွားချိုးလိုက်၊ ပြီးရင် အကောင်းဆုံး စားသောက်ဆိုင်သွားပြီး အောင်ပွဲခံကြမယ်၊ ဘယ့်နှယ်လဲ၊ မကောင်းဘူးလား'

ဂျင်နီဖာက စက္ကူလက်သုတ်ပုဝါဖြင့် နှာရည်တွေ ညှစ်ပစ်လိုက်သည်။ ပြီးတော့မှ–

'ကောင်းပါတယ်၊ ကျွန်မ ကြိုးစားပြီး အဖော်လိုက်ပါ့မယ်၊ စိတ်ထဲကတော့ သိပ်မကောင်းဘူး မောင်၊ ချယ်ရီ့အဖြစ်ကိုပဲ သွား သွား သတိရနေမိတယ်'

'ကဲပါ၊ စိတ်မချမ်းသာစရာတွေ မေ့ပစ်လိုက်စမ်းပါ'

ဂျင်နီဖာ ရေချိုးနေသည်။ အဒမ်သည် ဧည့်ခန်းသို့ ဝင်လာကာ ကျောင်းသုံးဆေးစာအုပ်တွင် "အတွင်းသွေးခဲခြင်း"အကြောင်းကို ရှာဖတ်ကြည့်သည်။ သူထင်သည့်အတိုင်းပင် ကိုယ်ဝန်ဆောင်ခြင်းနှင့် ဘယ်လိုမှ မပတ်သက်။ စာအုပ်ကို စင်ပေါ်ပြန်တင်လိုက်စဉ်တွင် ဆေးကုမ္ပဏီများ လမ်းညွှန်စာအုပ်ကို သွားမြင်မိသည်။ သို့နှင့် ထိုစာအုပ်ကိုယူပြီး အေရိုလင်ကုမ္ပဏီအကြောင်း ဖတ်ကြည့်သည်။ အေရိုလင်ကုမ္ပဏီသည် မျိုးရိုးဗီဇဆိုင်ရာ ပဋိဇီဝဆေးများ အများအပြား ထုတ်လုပ်သည်မှတစ်ပါး တခြားတန်ဖိုးရှိသော ဆေးအမျိုးအစားများ ပြောရလောက်အောင် မထုတ်လုပ်နိုင်သေးကြောင်း တွေ့ရသည်။ ထုတ်လုပ်ရောင်းချနေသော ဆေးများတွင် အဒမ် မမှတ်မိသော စိတ်ငြိမ်ဆေးအမျိုးမျိုးနှင့် ကိုယ်ဝန်ဆောင်များ အော့အန်ပျောက်ဆေးများ ပါဝင်သည်။ ထို့ပြင် ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အထူးထုတ်လုပ်သော 'ဖရက်ဒိုလင်'ဟု ခေါ်သည့် ဆေးတစ်မျိုးကိုလည်း တွေ့ရသည်။

ကုမ္ပဏီ၏ ကျော်ကြားမှု၊ ကြီးကျယ်မှုနှင့်စာလျှင် ဆေးဝါးအသစ် ထုတ်လုပ်မှု အလွန်အမင်း နည်းပါးနေသေးသည်။ ကြီးကျယ်ခမ်းနားသော အဆောက်အအုံများနှင့် ထောင်ပေါင်းများစွာသော အမှုထမ်းများအား လခပေးရန် ဆေးအမျိုးအမည်ပေါင်းများစွာ ထုတ်လုပ်ရမည်ဖြစ်သည်။ သို့ပါလျက် ယခု အေရိုလင်ကုမ္ပဏီသည် ဤထူးမခြားနားသော သာမန် ဆေးဝါးများကို ထုတ်လုပ်ပြီး ဤမျှကြီးကျယ်ခမ်းနားစွာ ဘာကြောင့် အောင်မြင်ကြီးပွားနေရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



အို . . . သူတို့ ငွေရေးကြေးရေးကိစ္စက ငါနဲ့ မဆိုင်ပါဘူး။

အဒမ်က ယင်းသို့တွေးပြီး စာအုပ်ကို စင်ပေါ်တွင် ပြန်ထားလိုက်သည်။

အဓိကကတော့ ငါ့အနေနဲ့ လခကောင်းကောင်းရရင် ပြီးတာပါပဲ။

❖

[၇]

နောက်နှစ်ရက်အကြာ . . .။

အဒမ်သည် သူတို့တိုက်ခန်းရှေ့မှ လမ်းမပေါ်တွင် ရပ်နေသည်။ အေရိုလင်ကုမ္ပဏီမှ အရောင်းကိုယ်စားလှယ်က သူ့ကို လာကြိုမည်ဟုဆိုသောကြောင့် ဖြစ်သည်။ မနေ့ညနေက သူ့ထံ အရောင်းမန်နေဂျာ မက်ဂူးယားက ဖုန်းလှမ်းဆက်သည်။ ယနေ့နံနက် ရှစ်နာရီခွဲတွင် ပါစီယာမွန်ဆိုသူက လာခေါ်ပြီးနောက် နောက်သည်ဆွယ်နည်းကို အစမ်းသဘောဖြင့် မြို့ထဲသွား၍ လိုက်လံသင်ပြလိမ့်မည်ဟု မက်ဂူးယားက ပြောသည်။

အဒမ် ရပ်စောင့်နေသည်မှာ မိနစ် ၂၀ ခန့် ကြာသွားပြီ။ မိုးဖွဲဖွဲရွာနေသောကြောင့် လူတစ်ကိုယ်လုံးလည်း တော်တော်ကလေး အေးစိမ့်နေပြီ။ သို့သော် သူက အိမ်ပြင်ထွက်လာရသည်ကိုပင် ဝမ်းသာနေမိသည်။

မနေ့ညက သူတို့လင်မယားရန်ပွဲမှာ လိပ်ခဲတည်းလည်းနှင့်ပင် ပြီးဆုံးသွားသောကြောင့် ဂျင်နီဖာက သူ့အပေါ်တွင် လုံးဝမကျေနပ်နိုင်သေး။ အဒမ် ဆေးကျောင်းမှထွက်ပြီး ဆေးဝါးကုမ္ပဏီတစ်ခုတွင် ဝင်လုပ်မည် ဟူသောအချက်ကို ဂျင်နီဖာက မူအရတောင် နည်းနည်းကလေးမျှ သဘောမတူနိုင် ဖြစ်နေသည်။

အဒမ်ရှေ့တွင် အပြာရောင် ချက်ဗလက်ကားတစ်စီး ထိုးရပ်လိုက်သည်။ ဒရိုင်ဘာက မှန်ပြတင်းကို လှည့်ဖွင့်ပြီး–

'တိုက်ခန်းနံပါတ် ၅၁၄ ဘယ်နားလောက်မှာလဲဗျ'

'ခင်ဗျား ပါစီဟာမွန်လား'

အဒမ်က ပြန်မေးလိုက်သည်။

'သောက်ကျိုးနည်း၊ တည့်တည့်ကို ဝင်တိုးနေပါရောလား'

ပါစီက ခပ်ရွှင်ရွှင်ကလေး ပြောလိုက်ပြီး ကားတံခါးကို ဖွင့်ပေးသည်။

အဒမ်က ဂျက်ကက်အကျႌကို တင်းတင်းဆွဲစေ့ပြီး ကားပေါ်သို့ သွက်သွက်ကလေး တက်လိုက်သည်။

ပါစီက သူ နည်းနည်း နောက်ကျသွားခြင်းအတွက် ခွင့်လွှတ်ရန် တောင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သည်။ ၄၉ လမ်း ကားတိုက်မှုကြောင့် ရစ်ဖဲ့လမ်းမကြီးပေါ်တွင် ယဉ်ကြောပိတ်ဆို့နေ၍ နောက်ကျသွားရတာပါဟု သူက ပြောသည်။

အဒမ်က ပါစီ၏ပွင့်လင်းမှုကို ချက်ချင်း သဘောကျသွားသည်။ ပါစီသည် အဒမ်ထက် နည်းနည်းသာ ကြီးမည်။ အပြာရောင်ဝတ်စုံကို ဝတ်ထားသည်။ လည်စည်းက ပွင့်တူအနီပြောက်။ သူ့ပုံက အရောင်းကိုယ်စားလှယ်ပုံ ပေါက်သည်။ ကိုယ့်ကိုယ်ကို ကျေနပ်နေပုံလည်း ရသည်။

ပတ်ရိတ်သာလမ်းရောက်တော့ မြောက်ဘက်သို့ချိုးကာ မြို့တွင်းသို့ ဦးတင်မောင်းနှင်လာသည်။

'ကလဲရင့်မက်ဂူးယားက ခင်ဗျားကို သွားခေါ်ဖို့ ကျွန်တော့်ကိုဖုန်းနဲ့ လှမ်းပြောတယ်၊ သူ့ကြည့်ရတာ ကိုယ့်လူကို တော်တော် သဘောကျနေပုံပဲ၊ ကိုယ့်လူက တယ်ဟုတ်ပါလား၊ ဘာဆေးနည်းများ သုံးလိုက်တာလဲဗျ'

'ဘာဆေးနည်းမှ မသုံးရပါဘူးဗျာ၊ ကျွန်တော်က ဆေးသိပ္ပံက တတိယ နှစ်ကျောင်းသားဆိုတော့ သူက အဲဒါကို သဘောကျလို့ ဖြစ်မှာပါ'

'ဟာ...ဟုတ်ဘာပေါ့၊ ဒါကြောင့်မို့ သူတို့က ခင်ဗျားကို သိပ်သဘောကျ နေတာကိုး၊ ခင်ဗျားအရည်အချင်းမျိုးနဲ့ဆိုရင် မကြာခင် ကျွန်တော်တို့ကို ကျော် တက်သွားမှာ ကျိန်းသေပဲဗျ'

အဒမ်ကတော့ သူ့ကိုယ်သူ သိပ်မထင်။ သူက လူ့ခန္ဓာကိုယ်မှ အရိုးစု ဖွဲ့စည်းပုံနှင့် အင်ဇိုင်းဓာတ်များအကြောင်းလောက်သာ သိသည်။ ထိုမျှလောက် ဗဟုသုတကလေးဖြင့် အရီလင်ဆေးကုမ္ပဏီကြီးကို ဘယ်လို အကျိုးပြုနိုင်မှာလဲ။

သူက ကားထဲသို့ မျက်လုံးကစားကြည့်လိုက်သည်။ ကားနောက်ခုံပေါ် တွင် စက္ကူသေတ္တာများနှင့် ထည့်ထားသော လက်ကမ်းစာစောင်တွေတစ်ထပ်ကြီး မြင်ရသည်။ ထို့ပြင် ခေါက်ချိုးကြော်ငြာများ၊ ချုပ်ရိုးလွှတ်စာစောင်များ၊ ကွန်ပျူ တာပုံနှိပ်စာရွက်များနှင့် အမှာစာပုံစံများလည်း အများကြီး ပါလာသည်။ ကားမှာ သာမန်ကားနှင့်မတူဘဲ အလုပ်များသော ရုံးခန်းတစ်ခန်းနှင့်သာ တူနေသည်။

သူ၏ဆေးကျောင်းသားဘဝ အတွေ့အကြုံကလေးမှာ ဤလုပ်ငန်း အတွက် ဘယ်လိုမှ အသုံးဝင်နိုင်စရာ မရှိဟု အဒမ်က တွေးမိသည်။ ပါစီကို ဘစ်ချက်လှည့်ကြည့်လိုက်သည်။ ပါစီသည် နယူးယောက်မြို့၏ ပြွတ်ခဲပိတ်ဆို့ နေသော ယာဉ်ကြောထဲတွင် ပျော်ပျော်ကြီး မောင်းနေသည်။ သို့သော် သူ့ကို ကြည့်ရသည် မှာ ကိုယ့်ကိုယ်ကို ယုံကြည်ချက်အပြည့်၊ အဒမ်က ပါစီပုံကို ကြည့်ပြီး အားပင်ကျ မိသည်။

'နောင်ကြီးက အရီလင်ကုမ္ပဏီကို ဘယ်လိုများ ရောက်လာတာလဲ'





အဒမ်က မေးလိုက်သည်။

'သူတို့က ကျွန်တော့်ကို စီးပွားကုန်သွယ်ရေးကျောင်းက တိုက်ရိုက် ခေါ်ယူ တာဗျ၊ ကောလိပ်မှာ ကျွန်းမာမှု စီးပွားရေးသင်တန်းတက်နေရာ၊ ပင်ကိုကလည်း ကျန်းမာရေးပညာကို စိတ်ဝင်စားတယ်၊ အဲဒါ အရီလင်ကုမ္ပဏီက ဘယ်လို လုပ်ပြီး သိသွားတယ် မသိပါဘူးဗျာ၊ ကျွန်တော်နဲ့ တွေ့ချင်တယ်ဆိုပြီး တစ်ခါ တည်း တန်းခေါ်တော့တာပဲ၊ ဒါနဲ့ ကျွန်တော်က သူတို့ကုမ္ပဏီအကြောင်း အသေး စိတ် လေ့လာတယ်၊ တော်တော့်ကို အထင်ကြီးသွားတယ်ဗျ၊ အဲဒါနဲ့ပဲ နောက်ဆုံး ကျွန်တော့်ကို နယ်လှည့်အရောင်း ကိုယ်စားလှယ် ခန့်တယ်ဆိုပါတော့၊ နယ်လှည့် ကိုယ်စားလှယ်အလုပ်က ပျော်စရာတော့ ကောင်းသားဗျ၊ ဒါပေမဲ့ ကျွန်တော်က ဒီအလုပ်မှာ ကြာကြာမနေပါဘူး၊ နောက်တစ်ဆင့်တက်ဖို့ ကြိုးစားနေတာပဲ၊ အေးဗျာ၊ ခင်ဗျား ကျေးဇူးပါပဲ၊ ကျွန်တော်က ပြူတိုရီကို မန်နေဂျာသင်တန်း သွားရမှာလေ'

'အဲဒါကျွန်တော့်နဲ့ ဘာဆိုင်လို့လဲ၊ ကျွန်တော့်ကို ဘာကြောင့် ကျေးဇူး တင်ရမှာလဲ'

'အမယ်လေး... ဆိုင်ပါသော်ကောဗျာ၊ သိပ်ဆိုင်တာပေါ့၊ ခင်ဗျားက ကျွန်တော့်နေရာ ဝင်ရမှာလေ။ ကျွန်တော်က ပြူတိုရီကိုမှာ တစ်နှစ်လောက် သွားနေရမှာ၊ အဲဒါမက်ဂူးယားက ကျွန်တော့်ကို သေသေချာချာ ပြောပြီးပြီ'

'ကျွန်တော့်ကိုလည်း အဲဒီအခွင့်အရေး ပေးပါတယ်'

'ဘာလဲ ပြူတိုရီကို သွားဖို့လား၊ ပေးရင် ယူသာယူ ကိုယ့်လူ၊ ခင်ဗျား က သိမှာမဟုတ်သေးဘူး၊ အရီလင်ကုမ္ပဏီက သိပ်ကြီးကျယ်တာ၊ ပိုက်ဆံ လည်း မီးလျှံ ဘီလျှံ အောတိုက်ချမ်းသာတယ်၊ မချမ်းသာဘဲ နေပါ့မလားဗျာ၊ အရမ်း ပိုက်ဆံရှိတဲ့ စီးပွားရေးသမားတွေက ငွေလုံးငွေရင်းနဲ့ ပုံအောပြီး ထောက်ပံ့နေ တာကိုး၊ သမိုင်းကြောင်းက ဒီလိုဗျ၊ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က စီးပွားရေးလုပ်ငန်း ရှင် သူဌေးကြီးတချို့ စုပေါင်းပြီး အမ်တီအိုင်စီဆိုပြီး ကော်ပိုရေးရှင်းကြီးတစ်ခု တည်ထောင်ကြတယ်၊ အစိကရည်ရွယ်ချက်ကတော့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ စက်မှုလုပ်ငန်းတွေမှာ ငွေလုံးငွေရင်း အမြောက်အမြားမြှုပ်နှံပြီး လုပ်ကိုင်ဖို့ပဲ၊ ဒါနဲ့ အရီလင်ကုမ္ပဏီဟာလည်း သူတို့ရဲ့လုပ်ငန်းတွေ အများကြီးထဲက အဓိက လုပ်ငန်းကြီးတစ်ခု ဖြစ်လာ တာပေါ့၊ အရီလင်ကုမ္ပဏီဟာ အမ်တီအိုင်စီလက် အောက် မရောက်ခင်တုန်းကဆိုရင် သာမန်ဆေးတိုက်ကလေးပဲ၊ အခုဆို လိုင်း... မားခ်တို့လို ဂရိတ်ကြီးတွေကိုတောင် ပခုံးချင်းယှဉ်နိုင်ပြီ၊ ခင်ဗျား ဒီကုမ္ပဏီ... လာတာ သိပ်ကံကောင်းတယ်၊နောက်ဆိုရင် တက်လမ်းတွေ တစ်ပုံကြီး...



www.burmeseclassic.com

www.burmeseclassic.com



စားမှုနဲ့ အရည်အချင်းအပေါ်မှာတော့ တည်တာပေါ့လေ၊ ဒါနဲ့ မှက်ပွားယားအပြင် ခင်ဗျား ဘယ်သူတွေနဲ့ တွေ့ခဲ့သေးသလဲဗျ'

'မစ္စတာ ရှယ်လီနဲ့ ဒေါက်တာနက်ချမင်း'

ပါစီက လေတစ်ချက်ချွန်လိုက်သည်။ ပြီးတော့ အဒမ့်ကို သေးစောင်းလှည့်ကြည့်လိုက်ပြီး–

'ဒါကြောင့်မို့ ကျွန်တော်ပြောတာပေါ့၊ ခင်ဗျား သိပ်ကံကောင်းတယ်လို့၊ အဲဒီလူနှစ်ယောက်က အမ်တီအိုင်စီရဲ့ အိမ်တော်ပါကြီးတွေပဲဗျ၊ မကြာခင်မှာ နှစ်ယောက်စလုံး အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်တွေတောင် ဖြစ်တော့မယ်လို့ သတင်းထွက်နေတယ်၊ ဒေါက်တာနက်ချမင်းက ပြူတိုရီကို သုတေသနသိပ္ပံက အုပ်ချုပ်ရေးမှူးပဲ၊ ခင်ဗျား သူနဲ့ ဘယ်လိုသွားတွေ့တာလဲ'

'သူက အခု ဒီကိုရောက်နေတယ်လေ၊ အစည်းအဝေးလာတက်တာ'

ပါစီက ပိုပြီး စိတ်ဝင်စားသွားသည်။ အေရိုလင်ကုမ္ပဏီက အဒမ့်ကို ချက်ချင်းအလုပ်ခန့်တာ အဒမ့်အရည်အချင်း သက်သက်ကြောင့်လား၊ ဒါမှ မဟုတ် သူ့အဖေ အရှိန်အဝါကြောင့်လားဟု သူက တွေးမိသည်။

'ဒါနဲ့ ပြူတိုရီကိုအကြောင်း ခင်ဗျားကို ဖောက်သည်ချရဦးမယ်' ပါစီက စကားလွှဲလိုက်သည်။ 'အဲဒီက သုတေသနသိပ္ပံ အဆောက်အအုံ ကြီးကလည်း တကယ့် ဓိမ့်ခံဟိုတယ်ကြီးကျနေတာပဲဗျာ၊ ပင်လယ်ကမ်း ခြေမှာ ဆောက်ထားတော့ ရှုခင်းကလည်း လှသလားမမေးနဲ့၊ တကယ့်ကို အိပ်မက်ကမ္ဘာတစ်ခုပဲ၊ ကျွန်တော် အဲဒီကိုတစ်ခေါက်ပဲ ရောက်ဖူးတာ၊ တစ်သက် မမေ့နိုင်သလို ဖြစ်နေတယ်၊ အေးဗျာ၊ မြန်မြန်သွားရပါစေလို့ပဲ ဆုတောင်းနေတာပဲ၊ အဲဒီသွားရတာ အလုပ်လုပ်ဖို့ သွားရတာနဲ့ မတူဘူးဗျာ၊ သူများစရိတ်နဲ့ အပျော်ခရီးထွက်ရသလိုပဲ၊ သိပ်နိုပ်တာ'

ကားရှေ့ လေကာမှန်ပေါ်သို့ မိုးစက်များ တဖွဲဖွဲကျနေသည်။ အဒမ်က မှန်ပေါ်သို့ စီးကျနေသော မိုးရေတွေကိုကြည့်ရင်း စိတ်ကူးယဉ်နေမိသည်။

ပြူတိုရီကိုမှာ သူတို့လင်မယား သွားနေလျှင် ဂျင်နီဖာအတွက် သားဖွား ချိုင်း ဆောက်ပုံကြေး ဘယ်လိုများပေးမှာလဲမသိဟု တွေးကြည့်နေသည်။ ပြီးတော့ ... အပေါ် သံယောဇဉ်ကြီးသလောက် မိဘထံမှ အထောက်အပံ့ ယူချင်လှသော ဂျင်နီဖာအား အခိုက်အတန့်အားဖြင့် သူ့မိဘများနှင့် အဆက်ဖြတ်ထားနိုင်မည်ကို ... ပြီး ဝမ်းသာမိသည်။

အင်း၊ အခွင့်အလမ်းကတော့ မစားရ ဝခမန်းပါပဲ။

သို့သော် အဒမ်က မသိမသာ သက်မတစ်ချက် ချလိုက်သည်။ သူ့အနေ





ဖြင့် ဆေးသိပ္ပံနှင့် ဝေးဝေးမနေချင်။ နီးနီးနေမှ ကျောင်းပြန်တက်ချင်လျှင်လည်း လွယ်ကူမည်။ ဂျင်နီဖာ ကလေးမီးဖွားရေးကိစ္စလည်း ပို၍ အဆင်ပြေနိုင်သည်။

ထို့ကြောင့် ပြူတိုရီကိုကိစ္စကို သူ့ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်သည်။

'ဟော ... ရောက်ပြီဗျ'

ပါစီက ဖျတ်ခနဲ ပြောလိုက်သည်။

ထို့နောက် နယူးယောက်မြို့လယ် တိုက်တန်းလျားတစ်ခုရှေ့တွင် ကားရပ်လိုက်သည်။ ပါစီက ပြောသည်။

'ကဲ... ဒီအချိန်ကစပြီး တိုက်ပွဲဝင်ဖို့ စိမ်ကိန်းဆွဲကြစို့၊ ခင်ဗျားကို ခေါ်လာတာက အကြောင်းရှိတယ်၊ ဆေးဝါးအရောင်းကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဆရာဝန်တစ်ယောက်ကို ဘယ်လိုချဉ်းကပ်ရမယ်ဆိုတဲ့ လုပ်ရပ်ကလေးတွေ ခေါက်မိသွားအောင်လို့ပါ၊ အခုတွေ့မယ့် ဆရာဝန်က ဒေါက်တာဂျယ်ရီစမစ်တဲ့၊ သွားမွှား ပါရဂူကြီးပေါ့၊ သူက ပတ်ရိုပ်သာလမ်းတစ်ဝိုက်မှာ တော်တော် အောင်မြင်နေတဲ့ ဆရာဝန်ပဲ၊ ဒါပေမဲ့ ဒီလူက သိပ်ပြီး အတ္တကြီးတာ၊ သူ့ကိုယ်သူ အတော်ဆုံးလို့ ထင်နေတယ်၊ အဲဒါကြောင့်လည်း သူ့ကို မြှောက်ပင့်ရတာ သိပ်လွယ်တာပေါ့၊ သူက ဆေးနမူနာတွေလည်း အမြဲတမ်း တောင်းတတ်တယ်၊ ဆေးညွှန်းတွေလည်း အပြည့်အစုံပေး ရတယ်၊ ဒါဆို လုံလောက်ပါပြီ၊ တိုက်ပွဲစကြတော့မယ်၊ ဘာများ မေးချင်သေးလဲ'

'မေးစရာ ဘာမှမရှိပါဘူး'

အဒမ် ကားပေါ်မှ ဆင်းလိုက်သည်။ စိတ်ထဲကတော့ ဒေါက်တာမာကိုဝစ် ပြောလိုက်သော ရန်သူနှင့် ပူးပေါင်းခြင်းဆိုတာကို သတိရလိုက်မိသည်။

ပါစီက ကားနောက်ပိုင်းကိုဖွင့်ပြီး အဒမ်အား ထီးတစ်လက်ပေးသည်။ သူ ဆေးပစ္စည်းတွေ သယ်ချနေစဉ် အဒမ်က ထီးမိုးပေးသည်။

'ဒေါက်တာ စမစ်က စိတ်ငြိမ်ဆေးတွေ သိပ်ကြိုက်တယ်ဗျ' ပါစီကပြောသည်။ 'ဒီဆေးတွေ သူ ဘယ်လိုများသုံးနေသလဲ မသိဘူး'

ပါစီသည် ကတ်ထူသေတ္တာထဲသို့ ဆေးပုလင်းမျိုးစုံထည့်ပြီး ကားနောက်ဖုံးကို ပြန်ပိတ်လိုက်သည်။

ဒေါက်တာစမစ်၏ ဆေးခန်းထဲတွင် ထုံးစံအတိုင်းပင် အမျိုးသမီးတွေ ပြည့်ကျပ်နေသည်။ အရက်ပုံနှင့် ဆေးနံ့တွေလည်း မွှန်ထူနေသည်။

ပါစီက ညှော်ကြိုစာရေးမ စားပွဲသို့ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။ အဒမ်က နောက်မှ ကပ်လိုက်သွားသည်။ ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်လိုက်သည်။ မဂ္ဂဇင်းဖတ်နေသော မျက်လုံးအစုံပေါင်းများစွာက သူ့ကို မော့ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို...ကယ်ရီ၊ နေကောင်းတယ်နော်' ပါစီက စာရေးမကို နှုတ်ဆက်လိုက်သည်။ 'အလို...အင်္ဂါက တယ်လှပါလား၊ ဆံပင်ပုံကလည်း မဆိုးဘူး၊ တစ်မျိုးကလေးပဲ၊ ငါညီမကြည့်ရတာ ဒီနေ့ ခါတိုင်းထက် ပိုချောနေသလိုပဲ၊ တကယ်ပါ၊ ကိုယ်တကယ်ပြောတာ၊ ဒါနဲ့ သားသားလေးက တော်တော် စကားတတ်နေရောပေါ့၊ ဩော်... ဟုတ်လား၊ ဒီလောက်တောင်ပဲလား၊ ဒါဆို ဖေဖေကြီးနဲ့ မေမေကြီးတို့တော့ ငုံထားမတတ် ချစ်နေမှာပေါ့နော်၊ ဩော် ..ဒါနဲ့ ဒီက မိတ်ဆွေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ အဒမ်ရှန်းဘတ်တဲ့၊ သူက ကိုယ့်နေရာမှာ အစားဝင်မယ်လေ၊ အံမယ်... ဟိုဓာတ်ပုံလေးက တယ်လှပါလား၊ ကြည့်စမ်းပါရစေဦး၊ ညီမ သားလေး ဓာတ်ပုံမဟုတ်လား'

ပါစီက စားပွဲပေါ်မှ ပလတ်စတစ်ဓာတ်ပုံ အယ်လဘမ်ကို လှမ်းယူပြီး အပေါ်ဆုံးမှ ကလေးဓာတ်ပုံကို စိတ်ဝင်စားစွာ ကြည့်နေသည်။ မျက်နှာ သုတ်ပဝါပေါ်တွင် မှောက်လျက်ရိုက်ထားသော ကလေးဓာတ်ပုံကလေးက ပါးမို့မို့ကလေးနှင့် တကယ့် ချစ်စရာကလေး။ အဒမ်ကလည်း ရောယောင်ကာ ဓာတ်ပုံအယ်လ်ဘမ်ကို ပါစီထံမှ ယူကြည့်နေသည်။

'ဩော်... ဒါနဲ့ ညီမဖေဖေ အခြေအနေကရော ဘယ်လိုလဲ' ပါစီက အယ်လ်ဘမ်ကို အဒမ့်ဆီမှ ပြန်ယူပြီး စားပွဲပေါ် ပြန်တင်ထားလိုက်သည်။ 'ဆေးရုံကတော့ ဆင်းပြီးပါပြီနော်'

နောက်မိနစ် ၂၀ အကြာတွင်တော့ ပါစီနှင့်အဒမ်တို့သည် ဒေါက်တာစမစ် ထွက်အလာကိုစောင့်ရင်း ဧည့်ခန်းထဲတွင် ထိုင်နေကြပြီဖြစ်သည်။

'တကယ့်ကို တော်ပါတယ်ဗျာ'

အဒမ်က ပါစီအား ခပ်တိုးတိုး ချီးကျူးလိုက်သည်။

'ပျားရည်နဲ့ ဝမ်းချတဲ့သဘောပေါ့ဗျာ၊ လုပ်ငန်းသဘောအရ ဒီလိုပဲ လုပ်ရတာပဲ၊ ဆေးခန်းတစ်ခုကို ချဉ်းကပ်တော့မယ်ဆိုရင် ပထမ အရေးအကြီးဆုံးက ဧည့်ကြိုစာရေးမ ဒါမှမဟုတ် သူနာပြုဆရာမကို စည်းရုံးဖို့ပဲဗျ၊ သူ့ကို အထင်မသေးနဲ့၊ သူက ဆရာဝန်ကို ချုပ်ကိုင်ထားတာ၊ အဲ... သူ့ကို မပိုင်ရင်တော့ ကိုယ့်လူ ဘာမောကြီး ထိုင်စောင့်ရပြီသာ မှတ်တော့'

'ခုနက အမျိုးသမီးကို ခင်ဗျားချဉ်းကပ်ပုံက သိပ်ပိုင်တာပဲ၊ သူ့အကြောင်းသွေ ဒီလောက်တောင် ဘယ်လိုလုပ်ပြီး သိထားသလဲ'

'အဲဒါကြောင့် ခင်ဗျားကို ကျွန်တော် ပြောခဲ့တာပေါ့၊ အေရိုလင်ကုမ္ပဏီက သိပ်ပြီး ကြီးကျယ်တာဗျ၊ ခင်ဗျား သိချင်တာ သိသင့်တာ ကုမ္ပဏီက အားလုံး ရှာဖွေပေးတယ်လေ၊ ကျွန်တော်တို့ကုမ္ပဏီမှာ ဆရာဝန်တွေ အားလုံးနဲ့ သူတို့





အမှုထမ်းတွေအားလုံးရဲ့ ကိုယ်ရေးရာဇဝင် အပြည့်အစုံကို မှတ်တမ်းပြုစုထားတယ်၊ အဲဒါတွေကို ကွန်ပျူတာစက်ထဲမှာ မှတ်တမ်းတင်ထားတယ်၊ ခင်ဗျား သိချင်တာရှိရင် ခလုတ်နှိပ်လိုက်ရုံပဲ၊ ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ အကုန်ပေါ်လာမယ်၊ ဒါက အထူးအဆန်း မဟုတ်ပါဘူး၊ အသေးစိတ် ဂရုစိုက်တဲ့သဘောပါ'

အဒမ်က ဒေါက်တာစမစ်၏ ရုံးခန်းကို အကဲခတ်ကြည့်လိုက်သည်။ ခေတ်မီအပျံစား ရုံးခန်း။ စားပွဲ ကုလားထိုင်တွေ ပြောင်လက်နေသည်။ ဆေးမှတ်တမ်းထိန်း သံဗီရိုများ တန်းစီနေသည်။ ကြမ်းပြင်မှ မျက်နှာကြက် အထိမြင့်သော စာအုပ်စင်များတွင် စာအုပ်တွေ ပြည့်နေသည်။ ရုံးခန်းနှင့် မျက်နှာချင်းဆိုင်တွင် မဟော်ဂနီ စားပွဲကြီးတစ်လုံး ရှိသည်။ စားပွဲပေါ်တွင် ဆေးပညာဂျာနယ်မျိုးစုံ ပုံနေသည်။ အပေါ်ဆုံးမှ "အမေရိကန် သားဖွားနှင့် မီးယပ်ပညာဂျာနယ်"ကို အဒမ် တစ်ချက်စောင်းကြည့်လိုက်သည်။ ဂျာနယ်က အသစ်မဟုတ်။ တစ်နှစ်ကျော်က အဟောင်း။

အခန်းတံခါး ပွင့်လာသည်။ ဒေါက်တာစမစ် အဝတွင် လာရပ်သည်။ ခန်းမထဲသို့ လှမ်းပြောလိုက်သည်။

'နောက် လူတွေကို အခန်း ၆ နဲ့ ၇ ကို ပို့လိုက်တော့'

ပြန်ပြောသံ ကြားရသည်။ သို့သော် ဝေးနေ၍ ဘာပြောမှန်းမသိ။

'ငါ နောက်ကျနေပြီ၊ အရေးကြီးတဲ့ အစည်းအဝေး တက်စရာရှိတယ်လို့ ပြောလိုက်ဟေ့'

ဒေါက်တာစမစ်က အသံကျယ်ကျယ်နှင့် ပြန်ပြောလိုက်သည်။

ထို့နောက် ရုံးခန်းထဲ ဝင်လာသည်။ တံခါးရွက်ကို ခြေနှင့်ကန်၍ ပြန်ပိတ်လိုက်သည်။

ဒေါက်တာစမစ်သည် မေးရိုးကားကား ဗိုက်ရွှဲရွဲနှင့် လူဝကြီးတစ်ဦး ဖြစ်သည်။

'မင်္ဂလာနံနက်ခင်းပါ ဒေါက်တာ' ပါစီဟာမွန်က ပြုံးပြီးနှုတ်ဆက်လိုက်သည်။ ဒေါက်တာစမစ်က ပါစီအား လက်ကမ်းပေးပြီး နှုတ်ဆက်သည်။ ပြီးတော့ စားပွဲနောက်ဘက်သို့ ပတ်သွားပြီး ကုလားထိုင်တွင် ထိုင်သည်။ စားပွဲပေါ်မှ အစိခံပါ ကုလားအုတ်တံဆိပ် စီးကရက်ဘူးကိုယူပြီး တစ်လိပ်ညှိသည်။ အားရပါးရ ရှိုက်သောက်ပြီး မီးခိုးကို နှာခေါင်းမှ ထုတ်လိုက်သည်။

'ဒါနဲ့ ဟောဒီက အဒမ်ရှန်းဘတ်နဲ့ မိတ်ဆက်ပေးပါရစေ ဒေါက်တာ၊ သူက အေရိုလင်ကုမ္ပဏီကို အခုမှဝင်လာတဲ့လူပါ၊ ကျွန်တော်က သူ့ကို ဒေါက်တာတို့လို နာမည်ကျော်သမားတော်ကြီးတွေနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စမစ်က ပြုံးပြီး–

'ကဲ၊ ဒီတော့ မောင်ရင်တို့က ကျုပ်အတွက် ဘာတွေယူလာခဲ့တုန်း'

'ဆေးနမူနာတွေ အစုံယူလာပါတယ် ဒေါက်တာ'

ပါစီက ဆေးသေတ္တာကို စားပွဲပေါ်တင်ပြီး စတင်ဖွင့်သည်။ ဒေါက်တာ စမစ်က စိတ်ဝင်စားစွာဖြင့် ကုလားထိုင်ကို ရှေ့သို့ရွှေ့လာသည်။

'ဟောဒါက မာလီယံ ဒေါက်တာ၊ အေရိုလင်ကုမ္ပဏီရဲ့ အရောင်းရဆုံး စိတ်ငြိမ်ဆေးပဲ၊ ဒေါက်တာ စမ်းသုံးရအောင်ဆိုပြီး ကျွန်တော် တော်တော်များများ ယူလာပါတယ်၊ ပုလင်းပုံစံကိုလည်း ကြည့်ပါဦး ဒေါက်တာ၊ အရင်ဟာတွေထက် ပိုပြီး လှမလာဘူးလား၊ ပုလင်းကလေးတွေက အဝါရောင် ပြောင်ပြောင်လက်လက် ကလေးတွေမို့လို့ လူနာတွေလည်း သိပ်သဘောကျပါတယ်၊ ဒေါက်တာ့ အတွက် ဆေးညွှန်းစာအုပ်ကလေးလည်း အဆင်သင့် ယူခဲ့ပါတယ်၊ နယူးယောက် မြို့ထဲက ဂျူလီယံဆေးရုံမှာ သုတေသနလုပ်ကြည့်တော့ ဒီမာလီယံဆေးဟာ ဒီကနေ့ဈေးကွက်မှာ ရောင်းချနေကြတဲ့ တခြားစိတ်ငြိမ်ဆေးတွေထက် ဆေးထွက် အကျိုး အနည်းဆုံးဆေးဆိုတာ လက်တွေ့ လေ့လာသိရှိရပါတယ်၊ တကယ်တော့ ကျွန်တော်ပြောစရာတောင် မလိုပါဘူး၊ ဒေါက်တာက ကိုယ်တိုင်သုံးနေတဲ့ ပုဂ္ဂိုလ် ဆိုတော့ ကျွန်တော့်ထက် ပိုသိပါတယ်'

'အဲဒါ သိပ်မှန်တာပေါ့'

ဒေါက်တာက အလွန်သဘောကျသွားသည်။

ပါစီက တခြားဆေးနမူနာများကိုလည်း စားပွဲပေါ်တွင် တစ်မျိုးစီ စီပြီး တင်သည်။ ဆေးတစ်မျိုးစီ အစွမ်းထက်ပုံ၊ အန္တရာယ်ကင်းပုံကိုလည်း ပါးစပ်မှ အလျှော့မပြတ် ကရားရေလွှတ် ပြောနေသည်။ အေရိုလင်ဆေးများကို အမြဲတမ်း ယုံကြည်အားပေးနေခြင်းအတွက် ဒေါက်တာ့အား အလွန်ကျေးဇူးတင်ကြောင်းကို လည်း အလျဉ်းသင့်သလို မယုတ်မလွန် ကြားညှပ်ပြောသွားသည်။

'ဟောဒါကတော့ နောက်ဆုံးနဲ့ အကောင်းဆုံးဆေးပဲ ဒေါက်တာ၊ အေရိုလင်ကုမ္ပဏီက အသစ်စက်စက် ထုတ်လုပ်လိုက်တဲ့ ပရက်ဒိုလင်ဆေးပါ၊ ကိုယ်ဝန်ဆောင်တွေ မနက်အိပ်ရာထမှာ အော့ချင်အန်ချင်ဖြစ်တာကိုတော့ ယူပစ်သလို ပျောက်ကင်းစေတဲ့ ဆေးပါပဲ၊ ဒီဆေးအစွမ်းကို ဒေါက်တာ့အနေနဲ့ ပထမဆုံး အသုံးချနိုင်အောင်လို့ ကျွန်တော် နမူနာပုလင်း ငါးဆယ်တိတိ ယူလာခဲ့ပါတယ်၊ လိုလိုမည်မည် ဒီဆေးအကြောင်း ရေးထားတဲ့ ဆောင်းပါးကိုလည်း မိတ္တူကူးပြီး ယူခဲ့ပါတယ်၊ အချိန်ရရင် ဒေါက်တာ့ကိုတောင် ဖတ်ပြချင်ပါသေးတယ်၊ လိုရင်း အချက်ကတော့ ပရက်ဒိုလင်ကို ဈေးကွက်မှာရောင်းနေတဲ့ တခြား အလားတူ





ဆေးတွေနဲ့ နှိုင်းယှဉ်ပြပြီး အဲဒီဆေးတွေထက် ပိုပြီး အစွမ်းထက်ပုံ၊ အာနိသင် မြန်ဆန်ပုံကို ချီးကျူး ရေးထားတယ် ခင်ဗျ'

ထို့နောက် သူက ယင်းဆောင်းပါး မိတ္တူစာရွက်များကို ဒေါက်တာစမစ် ၏ စားပွဲပေါ်မှ စာရွက်ထပ်ပေါ်တွင် တင်လိုက်သည်။

'ဪ...ဒါနဲ့ စကားမစပ်၊ ဒေါက်တာ့ သားကလေး ဆေးဗစ်တစ်ယောက် ဘယ်လိုလဲ ဒေါက်တာ၊ ဘော့စတန်တက္ကသိုလ်မှာပဲနော်၊ အခုဆို ဒုတိယနှစ် ရောက်ရောပေါ့၊ အဒမ်၊ ဒီသူငယ်ကို ခင်ဗျား တွေ့စေချင်တယ်၊ ရုပ်ချောသလောက် ဉာဏ်ထက်တဲ့ သူငယ်ပဲဗျ၊ သိလား'

ဒေါက်တာစမစ်က ပြုံးပြုံးကြီးလုပ်ကာ–

'သူက တော်ပါတယ်' ဒေါက်တာက စီးကရက်ကို တစ်ဖွာရှိုက်လိုက်ပြီး ပြာခွက်ထဲတွင် ဖိခြေရင်း 'ခင်ဗျားသိတဲ့အတိုင်း ဒီကလေးက အသက်အရွယ်နဲ့ မလိုက်အောင် ဉာဏ်ထက်တာဗျ'

'ဟုတ်ပါတယ် ဒေါက်တာ၊ ဒီအတိုင်းဆိုရင်တော့ သူလည်းပဲ ဖအေတူ သား ဖြစ်လာဦးမှာ သေချာပါတယ်'

နောက် ၁၅ မိနစ်အကြာတွင်တော့ အဒမ်သည် ချက်ဗလက်ကားပေါ်သို့ ရောက်နေပြီ ဖြစ်သည်။ ပါစီက ထီးကို ကားနောက်ခန်းထိုင်ခုံရှေ့မှ ကြမ်းပြင်ပေါ် သို့ ထိုးထားလိုက်သည်။ ထို့နောက် ကားပေါ်တက်ထိုင်လိုက်သည်။

'ကဲ...နောက်တစ်ယောက် ဘယ်သူတုန်း'

သူက ယင်းသို့ပြောပြီး တစ်ရွက်ညှပ် ကတ်ထူပြားကို ကောက်ယူကာ ကွန်ပျူတာသင်္ကေတတစ်ရွက် ထပ်လှန်လိုက်သည်။

ဤသို့ဖြင့် ပါစီသည် ဆေးခန်းအသီးသီးမှ ညွှန်ကြားစာရေးမများအား ကျွမ်းကျင်စွာ ချဉ်းကပ်ပြီး အေရိုလင်ကုမ္ပဏီထုတ် ဆေးများကို ဆရာဝန်များအား လွယ်ကူစွာ ရောင်းချရင်း ထိုနေ့တစ်မနက် ကုန်မှန်းမသိ ကုန်သွားသည်။ အဒမ်က တော့ ပါစီ၏အစည်အဆွေးကိုကြည့်ပြီး အံ့သြနေမိသည်။ ပါစီသည် တစ်လျှောက် လုံး ကြီးကြီးကျယ်ကျယ် သိပ္ပံပညာရပ်စကားတွေ လုံးဝမသုံးဘဲ သူ့အလုပ်ကို အောင်မြင်စွာ လုပ်ဆောင်သွားသည်။ တကယ်တော့ သူ့အနေဖြင့် သိပ္ပံပညာ ဗဟုသုတ အများကြီးရှိသည်သာ ဖြစ်သည်ဟု အဒမ်က တွေးမိသည်။ အေရိုလင် ကုမ္ပဏီက ဆရာဝန်များ၏ ကိုယ်ရေးရာဇဝင်ကို ကွန်ပျူတာဖြင့် မှတ်တမ်းတင် ထားခြင်းကိုလည်း အပြစ်မမြင်တော့ဘဲ အထင်ကြီးချင်သလိုပင် ဖြစ်လာမိသည်။

၁၁ နာရီခွဲလောက်တွင် ဆန်တန်ပလေ့ဆောက်ရပ်ကွက်ရှိ ဆေးခန်း တစ်ခုမှ နှစ်ယောက်သား ပြန်ထွက်လာခဲ့ကြသည်။ ပါစီက ကားပေါ်တက်ပြီး ဦးခေါင်းကို ကားလက်ကိုင်ဘီးပေါ်တွင် မှီထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်မှာ သွေးဂလူးကိုနည်းတဲ့ရောဂါ ရှိနေသလား မသိဘူးဗျ၊ တစ်ခုခုတော့ စားကြမှထင်တယ်၊ သိပ်များ စောနေသေးသလား'

'မစောပါဘူး၊ ကောင်းပါတယ်၊ ကျွန်တော် ဆာနေပါပြီ'

'ကောင်းပါ့ဗျာ၊ ကိစ္စမရှိပါဘူး၊ မပူပါနဲ့၊ ကိုယ့်အိတ်ထဲက ပေးရတာမှ မဟုတ်တာ၊ အေရိုလင်ကုမ္ပဏီက ပေးတာပဲ၊ ကြိတ်လိုက်ပေါ့ ဟုတ်လား'

လေးရာသီ စားတော်ဆက်ကို အဒမ်က "လူ့မလိုင် ထမင်းစားခန်း"ဟု နာမည်ပေးခဲ့ဖူးသည်။ သို့သော် သူကိုယ်တိုင်တော့ တစ်ခါမှသွား၍ မစားခဲ့စဖူး။ ယခု ပါစီဟာမွန်က 'လေးရာသီကို သွားရအောင်'ဟု ပြောသောအခါ သူက နောက်ပြောင်ပြောသည်ဟု ထင်မိသည်။

သို့သော် တကယ်သွားကြတော့"အထူးစားခန်း"သို့ အဒမ်ကပင် ဦးဆောင်ပြီး အခန့်သား ဝင်လာခဲ့သည်။

အဒမ်သည် လက်သုတ်ပဝါကို ပေါင်ပေါ်တွင် ဖြန့်ခင်းလိုက်သည်။ လူတွေ ပြွတ်ခဲနေသော ဆေးသိပ္ပံမှ စားဆောက်ဆိုင်နှင့် နှိုင်းယှဉ်ကြည့်မိသည်။ မယှဉ် သာအောင် ကွာခြားလှဘိခြင်း။

စားပွဲထိုးရောက်လာပြီး အဒမ်အား ဘာသောက်ချင်ပါလဲဟု မေးသည်။ အဒမ်က ဘာသောက်ရမှန်း မသိ၍ ပါစီကို လှမ်းကြည့်လိုက်သည်။ ပါစီက ခပ်တည်တည်ဖြင့် မာတီနီ မှာလိုက်သည်။ သည်တော့မှ ဟယ်... သူ ပြောသလို ဘာပူစရာရှိလဲ၊ ကိုယ့်ပိုက်ဆံမှ မဟုတ်တာပဲ တွေးလိုက်ပြီး အဒမ်ကလည်း မာတီနီကိုပင် မှာလိုက်သည်။

'ကဲ... အခုဆိုရင် ခင်ဗျားကိုယ်တိုင် မိုးထဲရေထဲထွက်ပြီး တိုက်ပွဲဝင်ခဲ့ရပြီးပြီ၊ အဲဒီတော့ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး ခင်ဗျား ခံစားချက် ပြောစမ်းပါဦး' ပါစီကမေးလိုက်သည်။

'အများကြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဒါနဲ့ ခင်ဗျား ဒီမှာ နေ့တိုင်း လာစားသလား'

အဒမ်က ဆင်ဖော့ရန်ရှောင် ပြန်မေးသည်။

'အမှန်အတိုင်းပြောရရင် မစားပါဘူး၊ စားလည်း မစားနိုင်ပါဘူး၊ ဒါပေမဲ့ ဒီနေ့ကတော့ ခင်ဗျားကို အကောင်းဆုံး စားသောက်ဆိုင်မှာ ကျွေးလိုက်ပါလို့ ဓာတ်ဘူးယားက မှာလိုက်လို့ပါ'

အဒမ်က သဘောကျ၍ ရယ်လိုက်သည်။ သူက ပါစီ၏ပွင့်လင်းပုံကို ကြိုက်သည်။

'ဟုတ်ပါတယ်ဗျာ ခင်ဗျားအရည်အချင်းကိုတော့ ကျွန်တော် တကယ် ပဲ ကြိုက်သွားပြီ၊ ခင်ဗျား သိပ်တော်တဲ့လူပဲ'





ပါစီက ခေါင်းခါလိုက်သည်။

'ဒါက လွယ်ပါတယ်ဗျာ၊ မွေးမြူရေးကန်မှာ ငါးများရသလိုပါ၊ ဘာကြောင့်မှန်းတော့ ကျွန်တော် မပြောတတ်ဘူးဗျ၊ ဆရာဝန်တွေဟာ ဆေး အကြောင်း သိပ်ပြီး နားမလည်ကြတာတော့ အမှန်ပဲ၊ အဲဒါ ဘာကြောင့် ဆိုတာ ခင်ဗျား သိသလား'

အဒမ်က အဖြေမပေးသေးဘဲ စဉ်းစားနေသည်။ တကယ်တော့ ပါစီ ပြောတာ မမှား။ သူလည်း တခြားလူတွေလိုပင် ဆေးဝါးဗေဒသင်တန်းများ တက်ခဲ့ဖူးသူ ဖြစ်သည်။ သို့သော် ဆေးဝါးများအား လက်တွေ့အသုံးချနည်း ကို ဟုတ်တိပတ်တိ မသိလှ။ သူ အဓိက သင်ယူခဲ့ရသည်မှာ ဆဲလ်များအပေါ် တွင် ဆေးဝါးများ၏ အာနိသင်သက်ရောက်ပုံသာ ဖြစ်သည်။ သူ နည်းနည်း ပါးပါး နားလည်တာကတော့ ဆေးသိပ္ပံဆေးရုံတွင် သူ တာဝန်ယူရသော လူနာများအတွက် ဆေးညွှန်းရေးပေးခြင်းပင် ဖြစ်သည်။

ပါစီ၏မေးခွန်းကို သူ မဖြေရသေးခင်မှာပင် စားပွဲထိုးက ယမကာ ဖန်ခွက်များ လာချပေးသည်။

'ဒီအတိုင်းဆို ခင်ဗျားတော့ အေရိုလင်ကုမ္ပဏီမှာ တစ်သက်လုံး လုပ်သွားရတော့မှာပဲ'

ပါစီက ဖန်ခွက်ကိုင်ထားရင်းမှ ပြောသည်။

'ဒါနဲ့ ခင်ဗျား တွန်းရောင်းနေတဲ့ ပရက်ဒိုလင်က စွမ်းသလားဗျ' အဒမ်က ဂျင်နီဖာ၏ မကြာခင်က ဖြစ်ရပ်ကို သတိရ၍ မေးလိုက်သည်။ 'ကျွန်တော့်မိန်းမက အိပ်ရာထရင် အော့ချင်အန်ချင်သလို ဖြစ်ဖြစ်နေတယ်၊ ကျွန်တော်လည်း အဲဒီဆေးနမူနာ သုံးလေးပုလင်းလောက် ယူသွားရင် ကောင်းမယ်ထင်တယ်'

'ကျွန်တော်သာဆိုရင်တော့ မယူဘူးဗျ' ပါစီက လေးလေးနက် နက်ဖြင့် ပြောသည်။ 'ပရက်ဒိုလင်ဆေးက အများကြီး ရောင်းရတယ်၊ ကြော်ငြာကောင်းတော့ လူတွေကလည်း အရမ်းဝယ်ကြတာကိုး၊ ဒါပေမဲ့ ဒီဆေးက အလုပ်ဖြစ်မှာ မဟုတ်ပါဘူး၊ အဆိပ်ဖြစ်နိုင်တဲ့ အလားအလာ တောင် ရှိတယ်ဗျ'

'ကျွန်တော်တော့ ကောင်းကောင်း သဘောမပေါက်ဘူး'

'သြော် ...အဖြစ်က ဒီလိုပါ၊ ဒီဆေးအကြောင်း ဩဇာရှိတဲ့ ဆေး ပညာဂျာနယ်တွေ မျိုးစုံမှာ ဆောင်းပါးတွေ အများကြီး ရေးကြတယ်ဗျ'

မာတီနီတစ်ငုပ် ထပ်သောက်လိုက်သည်။ ပြီးတော့မှ 'ဒါပေမဲ့ ဆရာဝန်တွေဆီ ကျွန်တော် ဆေးနမူနာသွားပေးရင်း ယူသွားတဲ့ ဆောင်းပါး တွေကို ဆိုလိုတာ မဟုတ်ဘူး၊ အမှန်တော့ ဆရာဝန်တွေက အဲဒီဂျာနယ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်တာ မဟုတ်ဘူးဗျ။ သူတို့က ဆေးညွှန်းပေးရင်းနဲ့ပဲ အချိန်ကုန်နေကြတာ၊ ဆရာဝန်တွေဟာ ဆေးဝါးအသုံးပြုပုံနဲ့ အာနိသင်အကြောင်းကို ဆေးပညာ စာစောင်တွေဖတ်ပြီး သိကြရတယ်လို့ အများထင်နေတာ လုံးဝမဟုတ်ဘူး၊ သူတို့က ဆေးအကြောင်းကို နည်းနည်းပဲ သိရတာ၊ အဲဒီလိုသိရတာလည်း ဘယ်လိုသိရတာလို့ ထင်သလဲ၊ ကျွန်တော့်လို အရောင်းကိုယ်စားလှယ်တွေ ပြောပြလို့ သိရတာ၊ ဒါပေမဲ့ ကျွန်တော်ကလည်း ကိုယ်သိသမျှ အကုန်ပြောတာမှ မဟုတ်ဘဲ၊ ကိုယ်ပြောချင်တာလောက်ပဲ ပြောတာ'

အဒမ်က အံ့ဩသွားဟန်ပြသည်။ ပါစီက ပခုံး ဆတ်ခနဲတစ်ချက် တွန့်လိုက်ပြီး–

'အဲဒီဆရာဝန်တွေအများစုဟာ ဆေးအကြောင်း တကယ်သိလို့ ပေးနေကြတာ မဟုတ်ဘူး၊ အလေ့ပါပြီး ဒီလိုပဲပေးနေကြတာ၊ ဒါကို ခင်ဗျားက သူများထက် ပိုသိမှာပါ၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တာဝန်က အေရိုလင်ဆေးတွေအားလုံး အဲဒီအလေ့အကျင့်ထဲ ရောက်သွားအောင်လုပ်ဖို့ပဲ'

အဒမ်က ဖန်ခွက်ကို လက်ဖြင့် အသာအယာ လှည့်ကစားရင်း သံလွင်ရောင် လိုင်းရစ်ကလေးများကို စိုက်ကြည့်နေသည်။ သူ့ခေါင်းထဲ အတွေးတစ်ခု ဝင်လာသည်။ ဒီအလုပ်ကို ငါ မျက်စိစုံမှိတ်ပြီး လုပ်နိုင်ပါ့မလား။

အဒမ်၏ခံစားချက်ကို ပါစီ အကဲခတ်မိသည်။ သူက ဆက်ပြောသည်။

'ခင်ဗျားကို အမှန်အတိုင်း ပြောမယ်၊ အကောင်းဆုံးကတော့ ဆေးရောင်းတဲ့ဘက်မှာ ဝင်မလုပ်တာ အကောင်းဆုံးပဲဗျ'

'ဘာဖြစ်လို့လဲ'

ပါစီက သက်ပြင်းတစ်ချက်ချလိုက်ပြီး–

'ဒီအကြောင်းနဲ့ပတ်သက်ပြီး ခင်ဗျားကို ဘယ်အတိုင်းအတာအထိ ပြောသင့်တယ်ဆိုတာတော့ ကျွန်တော် မသိဘူး၊ ဆိုလိုတာက ခင်ဗျားရဲ့ စိတ်အားထက်သန်မှုကို ကျွန်တော် မဖျက်ဆီးချင်ဘူး၊ ဒါပေမဲ့ ကျွန်တော်လုပ်နေရတဲ့ အပိုင်းမှာတော့ ထူးထူးဆန်းဆန်းဖြစ်ရပ်တွေ ကြုံနေရတာ အမှန်ပဲ၊ ဥပမာဆိုပါစို့၊ ကျွန်တော် မှန်မှန်သွားတွေ့နေတဲ့ ဆရာဝန်တော်တော်များများဟာ ကျွန်တော့် ဖောက်သည်စာရင်းထဲက တစ်ယောက်ပြီးတစ်ယောက် ပျောက်ပျောက် သွားကြတယ်၊ ပထမတော့ ဒီဆရာဝန်တွေ ပြောင်းရွှေ့သွားကြတာလား၊ ဒါမှမဟုတ် သေများ သေသွားကြတာလားလို့ ကျွန်တော်က ထင်နေခဲ့တယ်၊ နောက်တော့မှ ကျွန်တော် ထင်ခဲ့တာ ဘာမှမဟုတ်တာ တွေ့ရသဗျ၊ လက်စသတ်တော့ ကိုယ့်ဆရာတွေက **"အေရိုလင် ရေကြောင်း ဆွေးနွေးပွဲ"** ထွက်သွားကြတာကိုး၊ သူတို့





အဲဒီခရီးက ပြန်ရောက်တော့ မူလ လက်ငုပ်အလုပ်ကို စွန့်လွှတ်ပြီး ဂျူလီယံဆေးရုံကို ပြောင်းသွားကြတယ်ဗျ'

"ဂျူလီယံဆေးရုံ"

ဤနာမည် ကြားလိုက်ရတော့ အဒမ့်စိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရသည်။ ဤနာမည်ကို ဂျင်နီဖာမှတစ်ဆင့် သူ ပထမဦးဆုံး ကြားဖူးခဲ့ရခြင်း ဖြစ်သည်။

ပါစီက ဆက်ပြောသည်။

'အဲဒီ ဆရာဝန်တွေ တော်တော်များများဟာ ကျွန်တော်နဲ့ ရင်းရင်း နှီးနှီး သိကြတယ်၊ ဒါနဲ့ ကျွန်တော် သူတို့နဲ့ သွားတွေ့တယ်၊ တကယ်တော့ ဂျူလီယံဆေးရုံဟာ ကျွန်တော့်လုပ်ငန်းနဲ့ မပတ်သက်ပါဘူး၊ ဒေါက်တာ လောရင့်ဖော်လီဆိုရင် ကျွန်တော် အေရိုလင်ကုမ္ပဏီမှာ စပြီးလုပ်ကတည်းက သိကျွမ်းခဲ့ရတာ၊ သူက အေရိုလင်ကုမ္ပဏီထုတ် ဆေးတွေ ကိုတော့ သိပ်ပြီး မသုံးပါဘူး၊ ဒါပေမဲ့ ကျွန်တော်က သူ့ကို ကြည်ညိုတာကြောင့် မကြာမကြာ သွားတယ်၊ ကျွန်တော်နဲ့ သူနဲ့ဟာ တစ်လမှာ နှစ်ကြိမ်လောက် တင်းနစ်ကစားကြတာ'

'ခင်ဗျားပြောတာ ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့ ဒေါက်တာဖော်လီလား'

'ဒါပေါ့၊ ကျွန်တော်ပြောမယ့်စကားထဲမှာ သူ သတ်သေသွားတဲ့အကြောင်းလည်း ပါတယ်၊ ကျွန်တော်က သူ့အကြောင်း တော်တော်သိတာဗျ၊ သူက မြို့ထဲက မီးယပ်နှင့်သားဖွားပါရဂူများဆေးခန်းမှာ အစုရှယ်ယာပါတယ်၊ ဒီဆေးခန်းက ဆော်တော် အလုပ်ဖြစ်တာ၊ ဒီလိုနဲ့ တစ်နေ့တော့ သူလည်း အေရိုလင်ရေကြောင်း ဆွေးနွေးပွဲနဲ့ လိုက်သွားတယ်၊ ပြန်ရောက်လာတော့ သူ့လက်ရှိအလုပ်က နုတ်ထွက်ပြီး ဂျူလီယံဆေးရုံကို ပြောင်းသွားတော့တာပဲဗျ၊ အဲဒီနောက်ပိုင်း သူ့ကို ကျွန်တော် သွားတွေ့တယ်၊ အရင်နဲ့ လုံးဝမတူတော့ဘူး၊ အကြီးအကျယ် ပြောင်းလဲသွားပြီ၊ အလုပ်ကိုချည်း ဖိလုပ်နေတော့တာပဲ၊ တင်းနစ်ကစားချိန် လုံးဝမပေးနိုင်တော့ဘူး၊ သူက ကိုယ့်ကိုယ်ကို သတ်သေမယ့်လူစားမျိုး မဟုတ်ပါဘူး၊ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်၊ စိတ်ဓာတ်ကျတယ်လို့ ဘယ်တော့မှ မရှိဘူး၊ အလုပ်ကို ချစ်တယ်၊ မိန်းမကို ချစ်တယ်၊ သူ သတ်သေသွားတယ်ဆိုတာ သိရတော့ ကျွန်တော် သိပ်ပြီး အံ့ဩသွားတာပေါ့၊ လုံးဝ မယုံနိုင်လောက်အောင်ကို အံ့ဩသွားမိတယ်၊ ကြားရတာ တကယ့်စိတ်မကောင်းစရာပါပဲဗျာ၊ သူ့မိန်းမကို အရင်ပစ်သတ်ပြီးတော့မှ သေနတ်ပြောင်းကို ပါးစပ်ထဲထည့်ပြီး သူကိုယ်သူ အဆုံးစီရင်လိုက်သတဲ့၊ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအကြောင်း ကျွန်တော်လည်း သိသင့်သလောက်တော့ သိပြီးပါပြီ၊ ဒါထက် အဲဟို အေရိုလင်ရေကြောင်းဆွေးနွေးပွဲဆိုတာ ဘယ်လိုဟာလဲဗျ'

'သိပ်နာမည်ကြီးတဲ့ ဆွေးနွေးပွဲပေါ့ဗျာ၊ ကရောဘီယံပင်လယ်ထဲ သင်္ဘောနဲ့ ထွက်ပြီး ဆွေးနွေးပွဲလုပ်တဲ့ပွဲဗျ၊ အဲဒီဆွေးနွေးပွဲမှာ နာမည်ကျော် ပါမောက္ခတွေ၊ သုတေသနပညာရှင်တွေက ဟောပြော ပို့ချကြတယ်၊ ဒီဆွေးနွေးပွဲကတော့ ဒီနိုင်ငံမှာ လုပ်သမျှဆွေးနွေးပွဲတွေထဲမှာ အထူးဆန်းဆုံး အထင်ပေါ်ဆုံးပဲ၊ ဒါပေမဲ့ ကျွန်တော့်က ဒါလောက်ပဲ သိတာပါ၊ ထူးထူးဆန်းဆန်းရှိတာနဲ့ ကျွန်တော်က ကလဲရင့်မက်ဂူးယားကို မေးကြည့်ဖူးတယ်၊ သူလည်း သိပ်မသိဘူးတဲ့၊ အမ်တီအိုင်စီ ကော်ပိုရေးရှင်းက ဦးစီးပြီးလုပ်တယ် ဆိုတာလောက်ပဲ သိတယ်တဲ့'

'ခင်ဗျား သိပ်သိချင်ရင် ဝိလျှံရှယ်လီကို မေးကြည့်ဖို့ ကောင်းတာပေါ့၊ သူကမှ ပိုသိမှာပေါ့၊ အေရိုလင်ကုမ္ပဏီက ဆရာဝန်တွေအကြောင်း သျှို့ဝှက် မှတ်တမ်းယူထားတယ်ဆိုတော့ ခင်ဗျားသိထားတဲ့ အချက်တွေကိုလည်း သူတို့က စိတ်ဝင်စားလိမ့်မယ် ထင်တယ်၊ ဒါနဲ့ မစ္စတာရှယ်လီက သိပ်ပြီး အရွယ်တင်တာပဲနော်၊ ပြီးတော့ လူကလည်း လူချောဗျ'

'ခင်ဗျားပြောတာ မဆိုးပါဘူး၊ ကျွန်တော် ဒီနေ့ညနေပဲ သူ့ဆီ သွားလိုက်မယ်၊ ကျွန်တော်က မစ္စတာရှယ်လီနဲ့ သိပ်တွေ့ချင်နေတာ၊ ဒါဟာ ကျွန်တော့် အတွက် အခွင့်အရေးတစ်ရပ်ပဲဗျ'

*

ထိုနေ့ညနေတွင် ပါစီသည် အဒမ်အား ဆေးသိပ္ပံအထိ ကားနှင့်ပြန်ပို့ပေးခဲ့သည်။ ပါစီ ပြန်ထွက်သွားသောအခါ အဒမ်၏ ဦးနှောက်ထဲတွင် အတွေးတွေဝင်ကျန်ရစ်ခဲ့သည်။

ယနေ့ သူ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအရဆိုလျှင် သူမြင်တွေ့ခဲ့ရသော ဆရာဝန်တွေကို တော်တော် စိတ်ကုန်မိသည်။ သူသာ ဆရာဝန်လုပ်ရလျှင်လည်း ယင်းဆရာဝန်တွေလို မဖြစ်ချင်။ ယနေ့ သူတို့နှစ်ယောက် စုစုပေါင်း ဆရာဝန် ၁၆ ဦးထံသို့ သွားရောက်ခဲ့ကြသည်။ ပါစီ၏ ပြောပြချက်အရဆိုသော် နမူနာဆေးမျိုးစုံ ပုလင်းပေါင်း ၅၀၀ တိတိ အလကား ပေးခဲ့ရသည်ဟု သိရသည်။ ဆရာဝန်တိုင်းလိုလိုပင် ဒေါက်တာစမစ်လိုချည်း ဖြစ်ကြသည်။ နမူနာဆေးတွေကို အငမ်းမရ ယူကြသည်။ ပြီးတော့ ပါစီအား အဝယ်အမှာစာ ပေးကြသည်။

အဒမ်သည် ဆေးကျောင်းတံခါးဝမှဝင်ကာ ဆေးသိပ္ပံဆေးရုံသို့ တက်လာခဲ့သည်။ စာကြည့်တိုက်ထဲသို့ဝင်ပြီး စာနယ်ဇင်းအခန်းသို့ တန်းလာခဲ့သည်။ မကြာခင်က ထုတ်ထားသော ဆေးပညာဂျာနယ်များတွင် ပရက်ဒိုလင်ဆေး





အကြောင်း ဖတ်ကြည့်ချင်သောကြောင့်ဖြစ်သည်။ ပါစီ၏ ပြောပြချက်ကို သူက အလွန်စိတ်ဝင်စားနေသည်။ ဘေးထွက်အကျိုး အန္တရာယ်ရှိသော ဆေးတစ်ခုကို ဈေးကွက်ဝင်အောင် အတင်းတွန်းရောင်းရန် အားထုတ်နေသည်ကို သူ့အနေဖြင့် နည်းနည်းကလေးမျှ သဘောမကျနိုင် ဖြစ်နေသည်။

ကံအားလျော်စွာပင် သူလိုချင်သော ဂျာနယ်တစ်စောင်ကို လွယ်လွယ်ကူကူ ရှာတွေ့သည်။ "နယူးအင်္ဂလန် ဆေးပညာဂျာနယ်"။ သို့သော် အသစ်တော့ မဟုတ်။ လွန်ခဲ့သောဆယ်လက ထုတ်ခဲ့သောအဟောင်း။ သားဖွားဆရာဝန်များ လက်လွှတ်မခံနိုင်သည့်စာစောင် ဖြစ်သည်။

ပါစီပြောသည့်အတိုင်းပင် ပရက်ဒိုလင်ဆေးသည် အန္တရာယ်ကင်းသော စမ်းသပ်ဆေးနှင့်ယှဉ်၍ စမ်းသပ်သုံးစွဲကြည့်သောအခါ လိုအပ်သော အာနိသင်ကို မပေးနိုင်ကြောင်း တွေ့ရသည်။ စုစုပေါင်း ကိုယ်ဝန်ဆောင်သုံးယောက်ကို စမ်းသပ်ကြည့်ရာတွင် အိပ်ရာထ အော့ချင် အန်ချင်ဖြစ်ခြင်းအတွက် စမ်းသပ်ဆေးက ပို၍ စွမ်းသည်ကို တွေ့ရသည်။ အဓိကအချက်ကတော့ လက်တွေ့သုတေသနလုပ်ကြည့်ရာတွင် ပရက်ဒိုလင်ဆေးသည် သန္ဓေသားအား ကြောက်စရာကောင်းလာက်အောင် အင်္ဂါချို့တဲ့စေခြင်းနှင့် ပုံပျက်ပန်းပျက် ဖြစ်စေခြင်းတို့ပင် ဖြစ်သည်။

အဒမ်သည် "နယူးအင်္ဂလန် ဆေးပညာဂျာနယ်"ကို ပြန်ချထားလိုက်ပြီး "အသုံးချ ဆေးဝါးဗေဒဂျာနယ်"ကို ကောက်လှန်ပြန်သည်။

ပရက်ဒိုလင်ဆေးသည် လွန်ခဲ့သောနှစ်များအတွင်း တဖြည်းဖြည်း အရောင်းသွက်လာကြောင်း တွေ့ရသည်။ အထူးသဖြင့် လွန်ခဲ့သောနှစ်က အများဆုံး ရောင်းချခဲ့သည်။

အဒမ်သည် ဂျာနယ်ကို ပြန်ပိတ်လိုက်သည်။

အေရိုလင်ကုမ္ပဏီ၏ ရောင်းဝယ်ရေးစွမ်းရည်ကို သူ အံ့သြမိသည်။ အလားတူပင် သားဖွားပါရဂူသမားတော်ကြီးများ၏ မသိမိုက်မဲမှုကိုလည်း သူ အထူးအံ့သြခြင်းဖြစ်မိသည်။

ဂျာနယ်ကို သူ့နေရာတွင် ပြန်ထားရင်း တွေးလိုက်မိသည်။

အင်း ...ပွဲကြီးပွဲကောင်းတော့ နွှဲရတော့မယ်ထင်တယ်။

*

ပါစီဟာမွန်သည် သူ အကြိုက်ဆုံး ဂျပန်စားတော်ဆက်မှ သူအကြိုက်ဆုံး အခဲ သားပြုတ်ကြော်ကို တဝတပြစားပြီးနောက် ကားမောင်း၍ ပြန်ထွက်လာ[illegible] သူ့ကိုယ်သူ ကမ္ဘာ့ခေါင်မိုးပေါ်သို့ ရောက်နေလေသလားဟုပင် ထင်မိ[illegible] ဂျပန်စားတော်ဆက်က နယူးဂျာစီပြည်နယ် ဖို့လီမြို့တွင် ရှိသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့မရှိ။ ယခုမှ ည ၁၀ နာရီခွဲသာ ရှိသေးသည်။ ကားကို ခပ်မြန်မြန်ကလေး မောင်းသွားလျှင် မင်ဟတ်တန်မြို့မှ သူ့တိုက်ခန်း သို့ မိနစ် ၂၀ ကျော်ကျော်ဖြင့် ရောက်နိုင်သည်။

စားတော်ဆက်တွင် စားသောက်နေစဉ်က လူတစ်ယောက်ကို ပါစီ သတိမပြုမိခဲ့။ ထိုသူသည် အပြာရောင်ဘလေဇာနှင့် နီညိုရောင် ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။ သူက ပါစီအား တချိန်လုံး မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ယခုလည်း ပါစီ ပြန်ထွက်သွားသောအခါ အပြာရောင် ချက်ဗလက်ကား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ကျန်ရစ်ခဲ့သည်။

ထို့နောက် အနီးရှိ တယ်လီဖုန်းရုံသို့ လာခဲ့ပြီး တစ်နေရာသို့ ဖုန်းလှမ်းဆက်သည်။

'သူ ခုပဲ ပြန်ထွက်သွားပြီ၊ ၁၅ မိနစ်လောက်ဆိုရင် ကားဂိုဒေါင်ကို ရောက်နိုင်တယ်၊ ကျွန်တော် လေယာဉ်ကွင်းကိုလည်း လှမ်းဆက်ထားလိုက်မယ်'

သူက တစ်ဖက်မှ စကားပြန်သည်ကို မစောင့်တော့ဘဲ ဖုန်းကို ပြန်ချလိုက်သည်။ ဖုန်းခွက်ထဲသို့ အကြွေနှစ်စေ့ ထပ်ထည့်လိုက်သည်။ ပြီးတော့ ဖုန်းခလုတ်ကို ဖြည်းဖြည်းကလေး ပြန်နှိပ်လိုက်သည်။

*

ပါစီသည် ဟာလင်မြစ်လမ်းမကြီးအတိုင်း ကားကို မောင်းလာရင်းမှ မစ္စတာ ရှယ်လီနှင့် သွားတွေ့ရန် သူ ဘယ်တုန်းကမှ စိတ်မကူးခဲ့မိသည်ကို တွေးပြီး အံ့သြနေမိသည်။ သူ၏ လေ့လာချက်များကို တင်ပြလျှင် မစ္စတာရှယ်လီ ဝမ်းပန်းတသာ ကြိုဆိုလက်ခံမည်မှာ သေချာသည်။ တကယ်တော့ ပါစီအား အေရီလင် ကုမ္ပဏီဥက္ကဋ္ဌနှင့် အဆက်အသွယ် လုပ်ပေးခဲ့သူမှာလည်း မစ္စတာရှယ်လီပင် ဖြစ်သည်။ ယင်းသို့ အထက်လူကြီးများနှင့် အဝင်အထွက်ရှိလျှင် မိမိ၏ အနာဂတ်တက်လမ်းအတွက် အများကြီး အထောက်အပံ့ ဖြစ်နိုင်သည်။

ကားဂိုဒေါင်ရှေ့တွင် ကားရပ်လိုက်သည်။ ဤကားဂိုဒေါင်မှာ သူ့အတွက် ကုမ္ပဏီက တမင်တကာ ရှာပေးခြင်းဖြစ်သည်။ သူ့တိုက်ခန်းရှိရာ ၇၄ လမ်းနှင့် ဆိုလျှင် လေးလမ်းခြားသာ ဝေးသည်။ ကားဂိုဒေါင်က ဧရာမ ကုန်စည်ဂိုဒေါင်ကြီးနှင့် တူနေသည်။ ချိုင့်ပက်လမ်းပေါ်တွင် လမ်းလုံးပြည့် ဆောက်ထားသည်။ ဂိုဒေါင်အဝင်ဝကို ဧရာမသံချောင်းကြီးနှင့် တားဆီး ထားသည်။

လက်အိတ်ထည့်ခန်းတွင် သိမ်းထားသော အဝေးထိန်းခလုတ်ကို နှိပ်လိုက်သောအခါ သံချောင်းကြီးအပေါ်သို့ မြင့်တက်သွားသည်။ ဂိုဒေါင်ဝင်ဝတွင် "တစ်ရက်တာ၊ တစ်ပတ်တာ၊ တစ်လတာ ထားနိုင်သည်"ဟု ဆိုင်းဘုတ်





ချိတ်ထားသည်။ ဆိုင်းဘုတ်အောက်တွင် တယ်လီဖုန်းနံပါတ် ရေးထားသည်။

ကားကို အထဲသို့ မောင်းဝင်လာသောအခါ သံချောင်းကြီးမှာ မူလ နေရာသို့ ပြန်လည်နိမ့်ကျလာပြီး ကြောက်စရာအသံကြီးမြည်ကာ ပြန်ပိတ်သွားသည်။ ဂိုဒေါင်ထဲတွင် ကားထားရန် သတ်သတ်မှတ်မှတ် နေရာမရှိ။ ကွက်လပ်ရှိလျှင် မည်သည့်နေရာတွင်မဆို ထားလို့ရသည်။ ပါစီသည် ကားကို ဖြည်းဖြည်းကွေ့ပြီး ကြမ်းပြင်ကုန်းလျှောအတိုင်း မောင်းသွင်းလာ သည်။ သူက မြေအောက်ခန်းတွင် ရပ်ထားချင်သည်။ မြေအောက်ခန်းမှာ မီးရောင်မှိန်၍ အမြဲတမ်းလိုလို ကျောစိမ့်မိတတ်သည်။

သူက သူများထက် နောက်ကျပြီးမှ ရောက်လာသောကြောင့် ကုန်းလျှော သုံးဆင့်အောက် ဆင်းရပြီးမှ ကားရပ်ရန် နေရာရသည်။ ကားကို သော့ခတ်လိုက်သည်။ အကြောက်ပြေ လေကလေးချွန်ကာ လှေကားပေါက်သို့ လျှောက်လာခဲ့သည်။ ဆီတွေ ပေကျံနေသော သမံတလင်းကြမ်းပြင်နှင့် ဖိနပ်ခွာထိ၍ ပဲ့တင်သံများ ပေါ်ထွက်နေသည်။ ခပ်လှမ်းလှမ်းမှ ရေကျသံများလည်း ကြားရသည်။ လှေကားပေါက်ရောက်တော့ တံခါးကို ဆွဲဖွင့်လိုက်သည်။ မမျှော်လင့်ဘဲ တွေ့လိုက်ရသော မြင်ကွင်းကြောင့် အကြောက်လွန်ပြီး မေ့မြောသွားတော့မတတ် ဖြစ်သွားသည်။

တံခါးဝတွင် လူနှစ်ယောက် ရပ်နေသည်။ နှစ်ယောက်စလုံး ခေါင်းတုံးဆံတောက် ညှပ်ထားပြီး အပြာရောင် ဘလေဇာအကျႌများ ဝတ်ထားသည်။ သူတို့က လုံးဝမလှုပ်။ စကားလည်း မပြော။ တံခါးဝမှ ပိတ်၍သာ ရပ်နေကြသည်။

ပါစီ တစ်ကိုယ်လုံး လျှပ်စစ်ဓာတ်နှင့် တို့လိုက်သလို ရှိန်းဖိန်းထူပူသွားသည်။ သူ နောက်သို့ ပြန်ဆုတ်သည်။ တစ်ယောက်သောသူက ရှေ့သို့ ဆတ်ခနဲ တိုးလှမ်းလိုက်သည်။ တံခါးရွက်နှင့် နံရံတို့ ဝုန်းခနဲတိုက်မိသည်။ ပါစီက နောက်သို့ ချာခနဲလှည့်ပြီး စွတ်ပြေးတော့သည်။ ကားဂိုဒေါင် အခြားတစ်ဖက်ရှိ တံခါးပေါက်သို့ ပြေးသည်။ သားရေဖိနပ်ခွာက အင်္ဂတေကြမ်းပြင်တွင် ချောနေသည်။ ဟန်ချက်ကို ထိန်းမရ၍ ခြေထောက်တွေ ချော်ချော်သွားသည်။

နောက်ဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သည်။ တော်ပါသေး ရဲ့၊ လူစိမ်းနှစ်ယောက်ကို မမြင်ရတော့။ ဂိုဒေါင်အစွန်ဆုံးမှ ထွက်ပေါက်တံခါးသို့ ရောက်လာသည်။ တံခါးကို တအားဆွဲဖွင့်သည်။ လက်ကိုင်ဘုကို လှည့်၍ မရ၊ အကြီးအကျယ် စိတ်ပျက်သွားသည်။ တံခါးကို သော့ခတ်ထားတာကိုး။

အသက်ရှူသံနှင့် ရေကျသံများသာ ကြားနေရသည်။ တခြားမည်သည့် အသံမျှ မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တစ်ခုတည်းသော ထွက်ပေါက်မှာ ကုန်းလျှောလမ်းပေါက်သာ ရှိသည်။ သူ ဆက်ပြေးလာခဲ့သည်။ သို့သော် ကုန်းလျှောထိပ်သို့ သူရောက်သွားသောအခါ တစ်ဖက်အစွန်းတွင် စောစောက လူစိမ်းတစ်ယောက် လက်နှစ်ဖက် ခါးထောက်ပြီး မလှုပ်မယှက် ရပ်နေသည်ကို လှမ်းမြင်လိုက်ရတော့သည်။

ပါစီသည် ကားတစ်စီးနောက်တွင် ထိုင်ချလိုက်ပြီး ဘာဆက်လုပ်ရမလဲဟု အကြံထုတ်သည်။ ကြေနွှသူတို့နှစ်ယောက် လူခွဲလိုက်ပြီး တစ်ယောက်က လှေကားပေါက်တွင် ကျန်တစ်ယောက်က ကုန်းလျှောအစွန်တွင် စောင့်နေတာ ဖြစ်ရမည်။ သွေးရူးသွေးတန်း အကြံထုတ်ရင်းမှ ကားသယ်ဓာတ်လှေကားဟောင်းကြီး ရုတ်တရက် သတိရမိသည်။ ဓာတ်လှေကားက အဆောက်အအုံ အလယ်ဗဟိုတွင် ရှိသည်။

သူ ခေါင်းငုံ့ပြီး ဖြည်းဖြည်းချင်း ဘေးတိုက်ရွှေ့လာခဲ့သည်။ ဓာတ်လှေကားသို့ ရောက်လာသည်။ သစ်သားအံဖုံးကို လက်နှင့်မပြီး အောက်သို့ ငုံ့ဝင်သည်။ ပြီးနောက် အံဖုံးကို ဖြည်းဖြည်းပြန်ချလိုက်သည်။ ဓာတ်လှေကား၏ တခြားနံရံသုံးဖက်ကို ဝါယာသံဇကာဖြင့် အလုံပိတ်ထားသည်။ အလင်းရောင်ဆို၍ အပေါ်မှ မီးလုံးတစ်လုံးသာ ရှိသည်။ တုန်ယင်နေသော လက်ချောင်းများဖြင့် နံပါတ် ၁ ခလုတ်ကို နှိပ်လိုက်သည်။

ဓာတ်လှေကားသည် ဂျိုင်းခနဲတစ်ချက်မြည်ပြီး လှုပ်ခါသွားသည်။ ထို့နောက် လျှပ်စစ်မော်တာစက်သံ တဝီဝီ ပေါ်ထွက်လာသည်။ ဓာတ်လှေကား ဖြည်းဖြည်းချင်း မြင့်တက်လာသည်။ ယခုမှ ဟင်းခနဲ သက်မကြီးချနိုင်တော့သည်။

သို့သော် ဓာတ်လှေကားတက်နှုန်းက အလွန်တရာ နှေးနေသည်။ အောက်ခြေမှ ခြောက်ပေခန့်အမြင့်သို့အရောက်တွင် ပါစီ၏ အောက်ဘက်မှ ကိုယ်ထင်ပြသလို လူနှစ်ယောက် ဘွားခနဲ ပြွန်ပေါ်လာကြသည်။

တစ်ယောက်သောလူသည် ဓာတ်လှေကားထိန်း ခလုတ်ခုံရှိရာသို့ လျှင်မြန်စွာ လျှောက်သွားသည်။ ပါစီ့ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ထိုသူသည် ခလုတ်တစ်ခုကို ဆတ်ခနဲ နှိပ်လိုက်သည်။ ဘုရား...ဘုရား၊ ဓာတ်လှေကားက အောက်သို့ ပြန်ဆင်းနေပါရောလား။

ပါစီက ဓာတ်လှေကားထဲမှ ခလုတ်ကို သွေးရူးသွေးတန်းဖြင့် ထပ်ကာထပ်ကာ အဆက်မပြတ် နှိပ်နေသည်။ သို့သော် ဓာတ်လှေကားက အောက်သို့သာ ပြန်ဆင်းနေသည်။ ဤတွင်မှ သူ တွေးမိသည်။ ဓာတ်လှေကားကို သူ သုံးအောင် ဟိုလူနှစ်ယောက် တမင်အကွက်ဆင်ထားတာ ဖြစ်ရမည်။ ဒါကြောင့်မို့ သူထွက်ပြေးတော့ သူတို့က နောက်က လိုက်မလာကြတာပေါ့။ သူတို့က သူကိုလေးဖက်လေးတန် ပိတ်ညှပ်ပြီး ဖမ်းလိုက် ကြပြီ။





'ခင်ဗျားတို့ ဘာလိုချင်လို့လဲ' ပါစီက လှမ်းအော်ပြီး မေးလိုက်သည်။
'ပိုက်ဆံလိုချင်ရင် ကျွန်တော့်မှာ ပါသလောက်တော့ ရမယ်'

ပိုက်ဆံအိတ်ကို ကမန်းကတန်း ဆွဲထုတ်ယူပြီး အံဖုံးပျဉ်ချပ်ကြားမှ အောက်သို့ ပစ်ချလိုက်သည်။ လူတစ်ယောက်က ကုန်းကောက်သည်။ အိတ်ကို ဖွင့်၍ပင် မကြည့်ဘဲ အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

အခြားတစ်ယောက်က အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူလိုက်သည်။ ပထမတွင် ပါစီက သေနတ်ဟု ထင်မိသည်။ အနီးရောက်လာတော့မှ ဆေးထိုးပိုက်မှန်း သိရတော့သည်။

ပါစီသည် နောက်သို့ဆုတ်ကာ ဓာတ်လှေကားနောက်ဘက် နံရံကို ကျောကပ်ထားလိုက်သည်။ သူ့အဖြစ်က ယောင်ချောက်မိနေသော တိရစ္ဆာန်တစ်ကောင်နှင့် တူနေသည်။

ဓာတ်လှေကား မြေကြီးပေါ်သို့ ဒိန်းခနဲ ပြန်ကျသည်။ တစ်ယောက်သောသူက ရှေ့သို့ တိုးလာပြီး သစ်သားအံဖုံးကို မလိုက်သည်။

ထို့နောက် ပါစီသည် အလန့်တကြားအော်ကာ ပုံလျက်သား လဲကျသွားတော့သည်။

*

နောက် တစ်နာရီကျော်ကျော်ခန့်အကြာတွင် အပြာရောင် ကုန်တင်ကားတစ်စီးသည် တီတာဘိုရို လေယာဉ်ကွင်းထဲသို့ မောင်းဝင်လာသည်။ ပင်လယ်ကွေ့သွားဂျက်လေယာဉ်တစ်စင်းရှေ့တွင် ထိုးရပ်လိုက်သည်။

ကားပေါ်မှ လူနှစ်ယောက် ဆင်းလာသည်။ ကားနောက်ဘက်သို့ လျှောက်လာသည်။ ကားပေါ်မှ ရှည်မျောမျော ထင်းရှူးသေတ္တာကြီးတစ်လုံးကို ဆွဲမယူလိုက်ကြသည်။

တစ်ချိန်တည်းတွင် လေယာဉ်ကုန်တင်ခန်းတံခါးလည်း ဖြည်းဖြည်းချင်း ပွင့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## [၈]

ခန်းမကြီးထဲတွင် စုစုပေါင်း လူတစ်ရာကျော်ခန့် ရှိသည်။ သူတို့အားလုံးသည် သူတို့၏ မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများ၏ အေရိုလင်ကုမ္ပဏီ ရောင်းချရေးပညာ သင်တန်းဆင်းပွဲကို လာရောက်အားပေးကြခြင်း ဖြစ်သည်။

သင်တန်းတာဝန်ခံ အာနီးဝိုက်စမင်းသည် ဝီလျံရှယ်လီနှင့် ဘေးချင်းကပ်လျက် စကားပြောခုံရှေ့တွင် ထိုင်နေသည်။ သူတို့၏ လက်ယာဘက်တွင် အောက်သို့ စိုက်ကျနေသော အမေရိကန်ပြည်ထောင်စုအလံကြီး ရှိသည်။

အဒမ်သည် ဤအခမ်းအနားကိုကြည့်ရင်း စိတ်ထဲတွင် မရိုးမရွ ဖြစ်နေမိသည်။ အေရိုလင်ကုမ္ပဏီသည် ရက်သတ္တပတ် လေးပတ်မျှသာကြာသော သင်တန်းတစ်ခုကို လိုအပ်သည်ထက် ပိုပြီး ပုံကြီးချဲ့ကားနေသည်ဟု သူက ယူဆသည်။ သို့သော် သူ့ဟာနှင့်သူတော့ အဆင့်ကိုပြေနေသည်။ အဘယ်ကြောင့် ဆိုသော် သူတို့ကုမ္ပဏီမှ ထုတ်လုပ်သော ဆေးဝါးဆယ်ပုံ ကိုးပုံမှာ လူအများအတွက် အကျိုးရှိမှုထက် ကုမ္ပဏီဂုဏ်ရှိမှုအတွက်သာ ပို၍များကြောင်း သူလေ့လာသိရှိခဲ့ရပြီး ဖြစ်သည်။

ထိုအကြောင်းကို တွေးတောရင်း တစ်လတာသော အချိန်ကာလ လျှင်မြန်စွာ ကုန်လွန်သွားပုံကိုလည်း အဒမ် တွေးမိသည်။ သူက ဆေးကျောင်းတွင် တစ်နှစ်ခွဲကြာမျှ နေခဲ့ဖူးသူဖြစ်သောကြောင့် သင်တန်းတွင် အခြားပုဂ္ဂိုလ်များထက် တစ်ပန်းသာနေသည်။ စုစုပေါင်း သင်တန်းသား ၂၀ အနက် တစ်ဝက်လောက်မှာ ဆေးဝါးဗေဒဘွဲ့ရများ ဖြစ်ကြသည်။ နောက်ငါးယောက်က စီးပွားရေးလုပ်ငန်း စီမံအုပ်ချုပ်ရေးပညာ မဟာဝိဇ္ဇာဘွဲ့ရများ ဖြစ်ကြသည်။ ကျန်လူများကတော့ အေရိုလင်ကုမ္ပဏီ လက်အောက်ရှိ ဌာနခွဲအသီးသီးမှ အမှုထမ်းများ ဖြစ်သည်။

အဒမ်သည် ပရိသတ်ထဲတွင် သူ့မိန်းမ ဂျင်နီဖာတစ်ယောက်များ ရောက်နေသလားဟု ဟိုဟိုသည်သည် လှမ်းကြည့်ပြီး ရှာဖွေနေသည်။ ဂျင်နီဖာသည် နောက်ဆုံးတွင် စိတ်တစ်မျိုးပြောင်းသွားပြီး လင်တော်မောင်၏ သင်တန်းဆင်းပွဲသို့ လာကောင်း လာရောက်နိုင်သည်ဟု အဒမ် တွေးမိသောကြောင့် ဖြစ်သည်။ သို့သော် မျက်လုံးသာ ညောင်းသည်။ ဂျင်နီဖာကိုကား အရိပ်အယောင်မျှပင် မမြင်ရ။





အဒမ် ဆေးကျောင်းမှထွက်၍ အေရိုလင်ကုမ္ပဏီတွင် ဝင်လုပ်သည်ကို ဂျင်နီဖာက အစကတည်းကပင် လုံးဝဆန့်ကျင်နေခဲ့သည်။ အကယ်၍ ဂျင်နီဖာအနေဖြင့် အဒမ်၏လုပ်ရပ်ကို ခွင့်လွှတ် နိုင်သည့်တိုင်အောင် ဤပွဲသို့ လာနိုင်ရန် အကြောင်းတော့ သိပ်မရှိလှ။ အဘယ်ကြောင့်ဆိုသော် သူ၏ မနက်ပိုင်း အော့ချင် အန်ချင်ဖြစ်သည့်ဝေဒနာမှာ ခါတိုင်းထက် ပြင်းထန်လာပြီး မွန်းမတည့်မချင်း အိမ်မှ ထွက်၍မရသောကြောင့် ဖြစ်သည်။ ဒါနှင့်တောင်မှ ဂျင်နီဖာတစ်ယောက် အမှတ်မထင် ရောက်များ ရောက်နေသလားဟု တွေးပြီး ပရိသတ်ထဲမှ ဆံပင်နက်နက်နှင့် အမျိုးသမီးမြင်တိုင်း အဒမ်က လိုက်လိုက်ကြည့်နေမိသေးသည်။

သူသည် ပရိသတ်ထဲသို့ မျက်လုံးစကြော ဖြန့်ကြဲနေရာမှ တစ်နေရာတွင် မိုးကာအင်္ကျီခြုံ၍ ဆံပင်ခွေခွေနှင့် လူသေးသေးတစ်ယောက်ကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ ထိုသူသည် လက်နှစ်ဖက်ကို အင်္ကျီအေားအိတ်တွင် နှိုက်ကာ မတ်တတ်ရပ်နေသည်။ ဝါယာကြိုးတပ် သူ့မျက်မှန်က နှာယောင်ကောက်ကောက်ပေါ်သို့ လျှောကျနေသည်။

ဩော်...ငါ မြင်ယောင်မှားတာ ဖြစ်မှာပါဟု တွေးပြီး မျက်နှာလွှဲလိုက်သည်။ ပြီးတော့ နောက်ထပ် ပြန်ကြည့်မိပြန်သည်။ တကယ်တော့ သူမြင်တာ မမှား၊ ထိုပုဂ္ဂိုလ်ကား သူ့ဖေဖေမှ သူ့ဖေဖေအစစ်။

အဒမ် ဂနာမငြိမ် ဖြစ်သွားသည်။ အခမ်းအနား ကျင်းပနေသည့် တစ်ချိန်လုံး မနေတတ် မထိုင်တတ်အောင် ဖြစ်နေသည်။ အကြီးအကျယ် စိတ်လှုပ်ရှားနေသည်။

သို့ဖြင့် အခမ်းအနားပြီးဆုံး၍ ညစ်ခံပွဲ စလျှင်စချင်း အဒမ်သည် သူ့ဖခင် ရပ်နေသော တံခါးဝသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။ တကယ်ပင် သူ့ဖခင် မှန်နေသည်။

'ဖေဖေ' သူက ခေါ်လိုက်သည်။

ဒေါက်တာ ရှွန်းဘတ်က လှည့်ကြည့်သည်။ သူ့လက်တွင် သွားကြားထိုးတံတစ်ချောင်းကို အရင်းမှ ကိုင်ထားသည်။ သူက ပြုံးလည်း မပြုံး၊ စကားလည်း မပြော။

'ကျွန်တော် အံ့တောင် အံ့ဩသွားတယ်'

အဒမ် ဘာပြောရမှန်းမသိ၍ စကားမရှိ စကားရှာပြီး ပြောလိုက်သည်။ ယခုလို သူ့ဖခင် ရောက်လာသည့်အတွက် ဝမ်းလည်း သာမိသည်။ စိတ်လည်း လှုပ်ရှားမိသည်။

'လက်စသတ်တော့ တကယ်မှန်နေပြီကိုး' ဒေါက်တာရှွန်းဘတ်က



www.burmeseclassic.com

www.burmeseclassic.com



အသံမာမာဖြင့် ပြောသည်။ 'မင်းက အေရိုလင်ကုမ္ပဏီမှာ အဟုတ်ကို ဝင်လုပ်နေပြီပေါ့ ဟုတ်လား'

အဒမ်က ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ဆေးကျောင်းက ဘယ်လိုလဲ' သူက စိတ်ဆိုးသံဖြင့် မေးသည်။ 'ငါက မင်းအမေကို ဘယ်လိုပြောရမှာလဲကွ၊ ပြီးတော့ မင်း ဆေးကျောင်းဝင်ခွင့်ရအောင် ငါအများကြီး အချိန်ကုန်ခံပြီး လိုက်ခဲ့ရတာကိုရော ဘယ်လိုလုပ်မှာလဲ ဟင်'

'ကျွန်တော်က အဆင့်ကစ်မှာ ရှိနေတော့ တစ်နည်းနည်းနဲ့တော့ ဖြစ်နိုင်မယ် ထင်ပါတယ်၊ ကျွန်တော် ကျောင်းပြန်တက်မှာပါ၊ အခြေအနေအရ ရက်ရှည်ခွင့်ယူထားတာပါ'

'ဘာဖြစ်လို့လဲ'

'ငွေလိုနေလို့ပါ၊ ကျွန်တော်တို့မှာ ကလေးရတော့မယ် ဖေဖေ'

အဘိုးကြီးမျက်နှာ ခဏတာမျှ ပျော့ပျောင်းသွားသလို မြင်ရသည်။ ထို့နောက် သူသည် မျက်နှာရှုံ့မဲ့မဲ့ဖြင့် တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။

'ဒါဆို မင်းက ရန်သူနဲ့ တကယ်မဟာမိတ်လုပ်နေပြီပေါ့ ဟုတ်လား၊ စီးပွားရေးသမားတွေက ဆေးပညာကို မောင်ပိုင်စီးနေကြပြီဆိုတာ မင်း မသိဘူးလား'

'အေရိုလင်ကုမ္ပဏီအနေနဲ့လည်း ပြည်သူ့အကျိုး အများကြီးဆောင်ရွက်နေတာပဲ'

အဒမ်က ပြန်လည် ချေပလိုက်သည်။

'ဟေ့...အဲဒီထဲမှာ ငါ မပါဘူး၊ သူတို့ ဝါဒဖြန့်ချိရေးလုပ်နေတာ ငါ လုံးဝစိတ်မဝင်စားဘူးကွ၊ ဆေးကုမ္ပဏီတွေနဲ့ သူတို့ကို လက်ဝါးကြီးအုပ်ထားတဲ့ ငွေရှင်ကြေးရှင်အုပ်စုတွေက တခြားစက်မှုလုပ်ငန်းတွေလိုပဲ လောဘဇောတိုက်ပြီး ငွေရှာနေကြတယ်၊ မှန်မြတ်တဲ့ ဆေးပညာကို ခြေကုပ်ယူပြီး အမြတ်ထုတ်နေကြတယ်၊ ပြည်သူတွေ အထင်ကြီးအောင် သူတို့လုပ်နေတာ၊ တကယ်ဟုတ်တယ်လို့ ထင်အောင် ပိုက်ဆံတွေ ရေလိုဖြုန်းပြီး နည်းမျိုးစုံနဲ့ ဝါဒဖြန့်နေကြတယ်။ အမှန်ကတော့ ဘာမှမဟုတ်ဘူး၊ ဒီလူတွေ အားလုံး ညာနေကြတာပဲ၊ ပြည်သူတွေကို လိမ်ညာပြီး ပိုက်ဆံရှာစားနေတဲ့ အလကားလူတွေ၊ နောက်ဆုံးတော့ ငါ့သား အရင်းခေါက်ခေါက်ကိုယ်တိုင်က ဒီလူတွေ ခါးပိုက်ထဲရောက်သွားပြီ၊ သူ ယူချင်တဲ့ မိန်းမတစ်ယောက်အတွက် ရန်သူ့အောက် ဒူးထောက်ရပြီ၊ အင်း... ကောင်းကြရောပေါ့ကွာ၊ ကောင်းသမ သိပ်ကောင်း၊ အလွန်ကောင်း'

'သူ့နာမည် ဂျင်နီဖာပါ'

အဒမ့် မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။





'ဟဲလို ...ဒေါက်တာရှွန်းဘတ်ပါလား' မစ္စတာရှယ်လီက အဒမ့် နောက်မှ လှမ်းပြောလိုက်သည်။ လက်ထဲတွင်လည်း ရှန်ပိန်အရက်ခွက် ကိုင်လို့။ 'အေရိုလင်ကုမ္ပဏီက လိုက်လှဲဝမ်းသာ ကြိုဆိုပါတယ် ဒေါက်တာ၊ ဒေါက်တာ့သားအတွက် ကျွန်တော်တို့လိုပဲ ဒေါက်တာလည်း ဂုဏ်ယူလိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော့်နာမည်က ဝီလျံရှယ်လီပါ ခင်ဗျား'

ရှယ်လီက လက်ကမ်းပေးသည်။ ဒေါက်တာ ရှွန်းဘတ်က နှုတ်မဆက်။

'ခင်ဗျားတို့ ဘယ်သူတွေဆိုတာ ကျုပ် သိပြီးသားပါ၊ ရိုးရိုးသားသားပြောရရင် ခင်ဗျားတို့ဆီ ကျုပ်သား ရောက်နေတာ ကျုပ်က ဂုဏ်မယူမိဘူး၊ အံ့ဩမိတယ်၊ ခင်ဗျားတို့က ကျုပ်ကို ဖိတ်ခေါ်တာကို တုံ့ပြန်ရမယ်ဆိုရင်တော့ ခင်ဗျားတို့ဆီမှာ ကျုပ်သား လုပ်နေတာကြောင့် ကျုပ်ဆီက အထူးအခွင့်အရေး တစ်စုံတစ်ရာ ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ပါနဲ့'

'ဖေဖေ'

အဒမ်က ပျာပျာသလဲ ခေါ်လိုက်သည်။

'ကျွန်တော်တို့က အခုလို ပွင့်လင်းရိုးသားမှုကို အမြဲတမ်း ကြိုဆိုပါတယ် ဒေါက်တာ' ရှယ်လီက သူ့လက်ကို ပြန်ရုပ်ပြီးပြောသည်။ 'ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ်၊ ကျွန်တော်တို့က အဒမ့်ကို အလုပ်ပေးတာ သူ့အဖေက ဖာ်ဖ်ဒီအေ ဒါရိုက်တာလူကြီးဖြစ်နေလို့ ပေးတာ မဟုတ်ပါဘူးခင်ဗျ'

'ခင်ဗျားပြောတာ ဟုတ်မှာပါ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နောင်ဆိုရင် အေရိုလင်ကုမ္ပဏီက အသစ်ထုတ်တဲ့ ဆေးတွေအတွက် ခွင့်ပြုချက် လွယ်လွယ်နဲ့ ရလိမ့်မယ်လို့တော့ လုံးဝမထင်ပါနဲ့၊ ကိုင်း... ဒါပါပဲ'

ထို့နောက် သွားကြားထိုးတံကို အနီးရှိ အမှိုက်ခြင်းထဲသို့ လက်ချောင်းနှင့် ထောက်ပစ်လိုက်ပြီး လူအုပ်ထဲမှ ကျော်ထွက်သွားသည်။

အဒမ်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

'အခုလိုဖြစ်ရတာ ကျွန်တော် အများကြီး စိတ်မကောင်းပါဘူး မစ္စတာရှယ်လီ'

'တောင်းပန်စရာ မလိုပါဘူးကွာ၊ မင်းအဖေရဲ့ ယုံကြည်ချက်အတွက် မင်းက တာဝန်ခံဖြစ်စရာ မရှိပါဘူး၊ သူပြောတာလည်း မှန်သင့်သလောက် မှန်ပါတယ်၊ သိက္ခာမရှိ၊ ရိုးသားမှုမရှိတဲ့ ကုမ္ပဏီတွေနဲ့ အများကြီး ဆက်ဆံနေရတော့လည်း ဒီလောက်တော့ ခံပြင်းမိမှာပေါ့၊ တို့ကုမ္ပဏီအပေါ် အမြင်လွဲနေတာကို ပြုပြင်လည်းအောင်ညှိဖို့ အခွင့်အရေးမရတာကိုပဲ ငါ အထူးဝမ်းနည်းမိတယ် အဒမ်'

'အဲဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ...ဒါပေမဲ့ သူ့ပြုအမူကိုတော့ ခွင့်လွှတ်နိုင်စရာ လုံးဝမရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဲလေ…တစ်နေ့တော့ အမြင်မှန်ရသွားပါလိမ့်မယ်၊ တို့ရဲ့ အေရိုလင် ရေကြောင်းဆွေးနွေးပွဲကို သူတက်လာမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ တစ်နေ့တော့ တက်ဖြစ်အောင်ကို ဖိတ်ခေါ်ရဦးမှာပဲ၊ ဒါနဲ့ အဲဒီဆွေးနွေးပွဲ အကြောင်း မင်း သိပြီးပြီလား'

အဒမ်က ပါစီဟာမွန်ကို သတိရပြီး ခေါင်းညိတ်လိုက်သည်။ သူ ပါစီ့ အကြောင်း မတွေးမိသည်မှာ တစ်လပင် ကျော်သွားပြီ။ ထပ်တွေ့ကြဦးမယ် လို့ ကတိပေးသွားပြီး ဒီလူကြီးတစ်ယောက် ဘယ်များပျောက်နေပါလိမ့်။

'တကယ်တော့ မင်းအဖေကို တို့ဖိတ်တာ မနည်းတော့ဘူး' ရှယ်လီ က ဆက်ပြောသည်။ 'ရေကြောင်းဆွေးနွေးပွဲ တက်ဖို့သာ မဟုတ်ဘူး၊ ပြူတိုရီကိုက သုတေသနသိပ္ပံလုပ်ငန်းတွေကို လိုက်ကြည့်ဖို့လည်း အကြိမ်ကြိမ် ဖိတ်ခဲ့ပြီးပြီ၊ မင်းအနေနဲ့ ကြိုးစားရင်တော့ တို့ဖိတ်ခေါ်ချက်ကို လက်ခံလိမ့်မယ် ထင်တာပဲ၊ အဲဒီလို လက်ခံရင် အေရိုလင်ကုမ္ပဏီအပေါ်မှာ သူ မြင်နေတာတွေ ပြောင်းလဲ သွားမှာ သေချာပါတယ်'

အဒမ်က မရယ်ချင့် ရယ်ချင် ရယ်လိုက်ပြီး–

'ဒီအခြေအနေမှာတော့ ရင်းဘရန့်နဲ့ ကမ္ဘာကျော်ပန်းချီကားကို အလကား လက်ခံဖို့ကိစ္စအတွက်တောင်မှ ကျွန်တော့်အနေနဲ့ ဖေဖေ့ကို စကားပြောနိုင်မှာ မဟုတ်ပါဘူး၊ သူနဲ့ ကျွန်တော်နဲ့က လုံးဝ စကားပြောကြတာ မဟုတ်ဘူး၊ ဒီနေ့မှ မမျှော်လင့်ဘဲ တွေ့ရလို့ ပြောဖြစ်ကြတာ၊ အမှန်အတိုင်းပြောရရင် သူ့ကို ဒီနေရာမှာ တွေ့ရတာ ကျွန်တော် အကြီးအကျယ် အံ့သြသွားမိတယ်'

'အဲဒီလိုလည်း မဖြစ်သင့်ပါဘူးလေ၊ တို့က မင်းအဖေကို တို့ရဲ့ ဆွေးနွေး ပွဲတွေမှာ ပင်တိုင်ဟောပြောသူ ပညာရှင်အဖြစ် ပါဝင်စေချင်တယ်၊ မင်းသိတဲ့ အတိုင်း ဒီဆွေးနွေးပွဲက ဒီနိုင်ငံမှာ သိပ်နာမည်ကြီးတယ်၊ ဂုဏ်လည်း ရှိတယ်၊ သူသာ တက်လာမယ်ဆိုရင် တို့အနေနဲ့ ပိုက်ဆံဘယ်လောက်ပဲ ကုန်ပါစေ၊ ဝမ်းပန်း တသာ ကြိုဆိုမှာပဲ'

'ဒါဆို ကျွန်တော့်မေမေနဲ့ လှည့်ပြီး စည်းရုံးကြည့်ပါလား' အဒမ်က ပြောပြီး ရယ်နေသည်။

'အမျိုးသမီးတွေကို လုံးဝမဖိတ်ဘူး'

ရှယ်လီက အဒမ်အား ပခုံးဖက်ပြီး အရက်စားပွဲသို့ လျှောက်လာခဲ့သည်။

'ဘာဖြစ်လို့လဲ'

အဒမ်က အရက်ခွက် လှမ်းယူရင်း ပြန်မေးလိုက်သည်။

'ရေကြောင်းဆွေးနွေးပွဲက ပညာရှင်တွေအတွက်သာ အထူးသီးသန့် လုပ် ထားတာ'





'သြော်… အဲဒီလိုလား'

'ဟုတ်တယ်၊ ဒီဆွေးနွေးပွဲတွေကို အေရိုလင်ကုမ္ပဏီက ကမကထလုပ် တယ်၊ ဒါပေမဲ့ အမ်တီအိုင်စီကော်ပိုရေးရှင်းက ချုပ်ကိုင်ထားတယ်၊ ဆွေးနွေးပွဲ အတွက် ရေကြောင်းခရီးကို ရွေးရတာက အကြောင်းရှိတယ်၊ ဆွေးနွေးပွဲတက်လာ တဲ့ ဆရာဝန်တွေအနေနဲ့ တခြား ဘာကိစ္စကိုမှ မလုပ်စေချင်လို့ပဲ၊ ဘယ်သူ့ဆီမှ ဖုန်းမဆက်ရဘူး၊ ဘယ်လူမှာ ဘယ်စတော့ပွဲစားနဲ့မှ မတွေ့ရဘူး၊ ဆွေးနွေးပွဲ တိုင်းမှာ အထူးဆေးဝါးကုသမှုနဲ့ အထူးသုတေသနလုပ်ငန်းဆိုင်ရာ ဘာသာရပ် ဘစ်ခုခုကို အဓိကထားတယ်၊ ပညာရပ်နယ် အသီးသီးက ထိပ်တန်းပါရဂူတွေ ကိုဖိတ်ပြီး ဟောပြောခိုင်းတယ်၊ ဒါကြောင့်လည်း ဒီဆွေးနွေးပွဲတွေ သိပ်အောင်မြင် နေတာပေါ့'

'ဒါဆို အဲဒီဆွေးနွေးပွဲသင်္ဘောက ပင်လယ်ပြင်ထွက်ပြီး ရေလယ်မှာ ကျောက်ချနေတာပေါ့'

'ဟင့်အင်း၊ အဲဒီလို မဟုတ်ဘူး၊ သင်္ဘောက မိုင်ယာမီဆိပ်ကမ်းက စထွက် တယ်၊ ဗားဂျင်အိုင်းလန်းကျွန်းကို ရောက်တယ်၊ အဲဒီကမှတစ်ဆင့် ပြူတိုရီကိုကို သွားတယ်၊ နောက်ဆုံး မိုင်ယာမီကို ပြန်လာတယ်၊ တချို့ဧည့်သည်တွေ၊ အထူး သဖြင့် ဟောပြောတဲ့ ပါရဂူတွေကတော့ တို့ရဲ့ သုတေသနသိပ္ပံကို လေ့လာချင်လို့ ပြူတိုရီကိုမှာပဲ ဆင်းကျန်ရစ်ကြတယ်'

'ဒါဖြင့် တစ်လျှောက်လုံး အလုပ်ချည်း လုပ်နေရတော့တာပေါ့၊ တခြား အပျော်အရွှင်လုပ်ငန်းရေတွ မပါဘူးလား၊ အပျော်သဘော လောင်းကစားတာတွေ ဘာတွေပေါ့'

ရှယ်လီက ပြုံးလိုက်ပြီး–

'သြော် ..အဲဒါကတော့ အပျင်းပြေသဘော နည်းနည်းပါးပါး ကစားလို့ ရပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ မင်း ဖေဖေကတော့ လိုက်ရရင် သိပ်သဘောကျမှာ ပဲ၊ အဲဒီတော့ ဒီကိစ္စကို မင်းအနေနဲ့ အစွမ်းကုန် ကြိုးစားကြည့်စေချင်တယ်၊ မအောင်မြင်ရင်လည်း အရှုံးတော့ မရှိပါဘူး၊ မဟုတ်ဘူးလား'

အဒမ်က ခေါင်းညိတ် သဘောတူလိုက်သည်။ သို့သော် သူက ပါစီဟာမွန် ကို သွား၍ သတိရမိသည်။ ဒီလူက ပြောသလို လုပ်တတ်တဲ့လူ ဖြစ်မှာပါ။ ဒါနဲ့ များ ပျောက်ချက်သား ကောင်းလိုက်တာ။ ဘာလို့များ ပေါ်မလာတာပါလိမ့်၊

အဒမ်က ရှယ်လီအား မေးကြည့်ရန် ပါးစပ်ပြင်လိုက်စဉ်မှာပင် ရှယ်လီက စကားဆက်ပြန်သည်။

'ဒါနဲ့ တို့ မန်နေဂျာသင်တန်းနဲ့ ပတ်သက်လို့ စဉ်းစားထားပြီးပြီ လား'



www.burmeseclassic.com

www.burmeseclassic.com



'အမှန်အတိုင်းပြောရရင် ကျွန်တော်က အခု အရောင်းသင်တန်းကို သိပ်ပြီး စိတ်ဝင်စားနေတယ်၊ ဒါပေမဲ့ မန်နေဂျာသင်တန်းကိစ္စလည်း ကျွန်တော် စဉ်းစားကြည့်ပါ့မယ်'

'စဉ်းစားကြည့်ပါ'

ရှယ်လီ၏ မျက်လုံးအရောင်က ရှိန်ပိန်အရက်ခွက်ပေါ်တွင် ရောင်ပြန်ဟပ်သွားသည်။

*

ထိုနေ့ညနေတွင် အဒမ်သည် သူ၏အရောင်းနယ်မြေကို လှေလာရင်း ခရိုင်အရောင်းမန်နေဂျာ ကလဲရင့်မက်ဂူးယား၏ ရုံးခန်းသို့ ရောက်သွားသည်။

'ပါစီဟာမွန်ရဲ့နယ်မြေကို မင်း ပြောင်းယူရမယ်၊ ပုံမှန်အားဖြင့်တော့ တို့က အတွေ့အကြုံရှိတဲ့ အရောင်းကိုယ်စားလှယ်ကိုသာ ဒီနယ်မြေအတွက် တာဝန်ပေးတာ၊ ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ၊ တို့က မင်းအပေါ်မှာ အများကြီး မျှော်လင့်ထားတယ်၊ ဒီတော့ ဟောဒီမှာကြည့်၊ ငါ ပြမယ်'

မက်ဂူးယားက ယင်းသို့ပြောပြီး မင်ဟတ်တန်နယ်မြေ မြေပုံကြီး တစ်ချပ်ကို စားပွဲပေါ်တွင် ဖြန့်လိုက်သည်။ အရှေ့ဘက်ခြမ်း တော်တော်များများကို အဝါရောင်ခဲတံဖြင့် ဝိုင်းခတ်ထားသည်။ ယင်းနယ်မြေထဲတွင် သူတို့ဆေးသိပ္ပံဆေးရုံ မပါသောကြောင့် အဒမ် တော်တော် စိတ်ဓာတ်ကျသွားသည်။ သို့သော် နယူးယောက်ဆေးရုံ၊ မောင့်ဆိုနိုင်းဆေးရုံနှင့် ဂျူလီယံဆေးရုံများတော့ ပါဝင်ကြသည်။

မက်ဂူးယားက အဒမ်၏အတွင်းစိတ်ကို သိသည့်အလား–

'ဒါပေမဲ့ မင်းအနေနဲ့ အစိုးရဆေးရုံတွေနဲ့ ဂျူလီယံဆေးရုံလို ပုဂ္ဂလိကဆေးရုံကြီးတွေကို တာဝန်ယူရမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့ပါပဲ'

အဒမ်က ပြန်မေးလိုက်သည်။

'ဟဲ ဟဲ၊ မင်းက တယ်ပြီး စိတ်ထက်သန်တာကိုး' မက်ဂူးယားက ရယ်ပြီး ပြောသည်။ 'ဘာဖြစ်လို့လဲဆိုတော့ မင်းက အဲဒီနယ်မြေထဲက အမ်ဒီဘွဲ့ရ ဆရာဝန်တွေဆီ သွားရတာနဲ့ပဲ လက်မလည်အောင် အလုပ်များနေမှာပါ၊ ဆေးရုံတွေအားလုံးကိုတော့ ရုံးချုပ်ကပဲ ကိုင်တယ်'

'ဂျူလီယံဆေးရုံက ဆေးရုံသက်သက် မဟုတ်ပါဘူး'

'အဲဒါ မှန်ပါတယ်၊ တကယ်တော့ အေရိုလင်ကုမ္ပဏီနဲ့ ဂျူလီယံ ဆေးရုံတွေကို အမ်တီအိုင်စီက ချုပ်ကိုင်ထားတဲ့အတွက် အဲဒီနှစ်ခုဟာ တစ်ခုနဲ့ တစ်ခု အထူးဆက်စပ်နေတယ်၊ ဒါကြောင့်လည်း အေရိုလင်ကုမ္ပဏီကို ဂျူလီယံဆေးရုံက





ဆေးပညာလောကဆိုင်ရာ သတင်းအချက်အလက်တွေ တိုက်ရိုက်ပေးနေတာ ဖြစ်တယ်၊ အလားတူပဲ အေရိုလင်ကလည်း ဂျူလီယံဆေးရုံအတွက် ဆေးပညာ တိုးတက်ရေးနဲ့ ပတ်သက်တဲ့ အထူးအခွင့်အရေးတွေ ပေးတယ်'

မက်ဂူးယားက ကွန်ပျူတာပုံနှိပ်စာတွဲ တစ်တွဲကို ကောက်ယူကာ အဒမ်၏ ပေါင်ပေါ်သို့ တင်လိုက်ပြီး–

'မင်း အချိန်ရရင် ဒါလေး ခဏကြည့်လိုက်စမ်းပါ၊ မင်းသွားတွေ့ရမယ့် ဆရာဝန်တွေ စာရင်းပဲ'

စာတွဲက အတော်ကလေး လေးသည်။ ပထမ စာမျက်နှာတွင် "အရှေ့အထက်ပိုင်း မင်ဟတ်တန်နယ်မြေရှိ အမ်ဒီဘွဲ့ရ ဆရာဝန်များစာရင်း"ဟု ရေးထားပြီး ယင်း၏အောက်တွင် "နယူးဂျာစီပြည်နယ်၊ မွန့်ကလဲယားမြို့၊ အေရိုလင်ကုမ္ပဏီပိုင်ပစ္စည်း"ဟု ရေးထားသည်။ လက်ယာဘက်အစွန် အောက်ပိုင်းတွင်မူ "လျှို့ဝှက် အတွင်းရေး"ဟူ၍ ရေးထားသည်။

အဒမ်က စာရွက်များကို လှန်ကြည့်လိုက်ရာ ဆရာဝန်များ၏အမည်၊ နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကို အက္ခရာစဉ်အတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။ နောက်ဆုံး စာမျက်နှာပေါ်မှ ပထမဆုံးအမည်မှာ (ကလပ်)ဇန်ဒါမား၊ ၆၇၊ အရှေ့ ၃၆ လမ်း ဖြစ်သည်။

ဒေါက်တာဇန်ဒါမားမှာ ဂျင်နီဖာ၏ သားဖွားဆရာဝန် ဖြစ်သည်။ ဖုန်းဆက်ကြည့်လျှင် ကောင်းမည်ဟု အဒမ်တွေးနေစဉ် မက်ဂူးယားက အဒမ်သွားတွေ့ရမည့် ဆရာဝန်တွေအကြောင်းကို အရှည်ကြီး ရှင်းပြနေသည်။

နောက်ဆုံး သူက မေးသည်။

'တခြား မေးချင်တာများ ရှိသေးသလား'

'ဟုတ်ကဲ့ ရှိပါတယ်' မနက်တုန်းက မစ္စတာရှယ်လီအား မမေးမိခဲ့သဖြင့် အဒမ်က ပြောလိုက်ခြင်းဖြစ်သည်။ 'တခြားမဟုတ်ပါဘူး၊ ပါစီဟာမွန်အကြောင်း ဘာများသိပါသလဲ၊ ကျွန်တော်နဲ့ ပထမတစ်ရက် တွေ့လိုက်ပြီးကတည်းက နောက်ထပ် မတွေ့ရတော့လို့ပါ'

မက်ဂူးယားက ခေါင်းခါပြလိုက်ပြီး–

'သူ ပြူတိုရီကိုမှာ မန်နေဂျာသင်တန်း သွားတက်မယ်လို့တော့ ပြောသံကြားတာပဲ၊ ဒါပေမဲ့ သွားဖြစ်သလား မသွားဖြစ်ဘူးလားဆိုတာတော့ ငါလည်း မသိရသေးဘူး၊ မင်းက ဘာဖြစ်လို့ မေးတာလဲ'

'ဪ... တခြားအကြောင်းထူးတော့ မရှိပါဘူး၊ သတိရလို့ မေးကြည့်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ၊ ဒီတော့ တခြား မေးစရာ ဘာမှမရှိတော့ဘူးဆိုရင်တော့ မင်း အလုပ် မင်းဆက်လုပ်ဖို့ပဲ၊ မင်းအတွက် အခြေအနေအရ လိုအပ်တဲ့အခါ ငွေကြေးကိစ္စရော၊ တခြားကိစ္စတွေအတွက်ပါ တို့ဘက်က အချိန်မရွေး အသင့်ရှိနေတယ် မှတ်ပါ၊ ဒီအချက်ကိုတော့ လုံးဝမမေ့ပါနဲ့၊ မင်းအတွက် ကားလည်း အသင့်ထုတ်ထားပြီ၊ ဟောဒီမှာ ကားသော့၊ ကားက ဘစ်(ခ်) စင်ကျူရီ' အဒမ်က သော့ကို လှမ်းယူလိုက်သည်။

'ပြီးတော့ ဟောဒါက ကားထားဖို့ ဂိုဒေါင်လိပ်စာ၊ မင်းတိုက်ခန်းနဲ့ အနီးဆုံးရအောင် ငါ့ဌာနက အတတ်နိုင်ဆုံး စီစဉ်ပေးတာပဲ၊ ဂိုဒေါင်လခကိုလည်း တို့ကပဲ ပေးမယ်'

အဒမ်က စာရွက်ကို ယူလိုက်သည်။ အေရိုလင်ကုမ္ပဏီ၏ ရက်ရောမှုကို အံ့သြမိသည်။ မြို့ထဲတွင် ကားထားရန် နေရာတစ်ခု၏တန်ဖိုးက ကားတစ်စီးတန်ဖိုးလောက် ရှိနေသည် မဟုတ်လား။

မက်ဂူးယားက ဆက်ပြောသည်။

'ပြီးတော့ ဒါက မင်း ကွန်ပျူတာကိုဖွင့်ဖို့ သင်္ကေတ၊ အရောင်းသင်တန်းတုန်းက ရှင်းပြခဲ့ပြီးတဲ့အတိုင်းပေါ့၊ မင်းကိုယ်တိုင်သုံးဖို့ ကွန်ပျူတာကို ကားနောက်ခန်းထဲမှာ ထည့်ပေးထားတယ်၊ ကဲ ...ကံကောင်းပါစေ'

အဒမ်က နောက်ဆုံးစာအိတ်ကို ကောက်ယူပြီး ခရိုင်အရောင်း မန်နေဂျာနှင့် ထပ်မံ၍ လက်ဆွဲနှုတ်ဆက်လိုက်သည်။

သူကား ယခုအချိန်မှစ၍ အေရိုလင်ကုမ္ပဏီ၏ တရားဝင် နယ်လှည့်အရောင်းကိုယ်စားလှယ် ဖြစ်သွားလေပြီ။

*

အဒမ်သည် ရေဒီယိုတွင် နိုင်ငံခြား ရော့ခ်ဂီတခန်းကို ဖမ်းယူပြီးနောက် မှန်တံခါးကိုလှည့်၍ အောက်သို့ချလိုက်သည်။ ပြီးတော့ ခပ်မြူးမြူးကလေးဖြင့် တံတောင်တစ်ဖက်ကို တံခါးပေါက်ပေါ် တင်လိုက်သည်။

သူသည် ကားကို တစ်နာရီ မိုင် ၅၀ နှုန်းဖြင့် မောင်းလာခဲ့သည်။ သူ့ရင်ထဲတွင် ပေါ့ပါးပြီး ခေါင်းထဲတွင် ကြည်လင်နေသည်။ ထို့နောက် သူ့ဖခင်ကြီး၏ သရော်တော်တော်စကားကို သွား၍ သတိရမိသောအခါ မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားလေသည်။

'ကျွန်တော့်မှာ ပိုက်ဆံလိုနေတယ်၊ ဖေဖေသာ ထုတ်ပေးရင် ကျွန်တော် ကျောင်းမထွက်ပါဘူး'

အဒမ်က အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။





သူ့အဖို့ အိမ်ပြန်ရောက်တော့လည်း အမောမပြေ။ အိမ်မှာ ဂျင်နီဖာမရှိ၊ ရေခဲသေတ္တာတွင် တိတ်နှင့်ကပ်ထားသော စာရွက်သာ တွေ့ရသည်။ 'မေမေတို့ဆီသွားသည်' တဲ့။ အဒမ်က စာရွက်ကို ဆွဲဖြဲပြီး အခန်းထဲ လွှင့်ပစ်လိုက်သည်။

ရေခဲသေတ္တာကို ဆွဲဖွင့်ပြီး အထဲသို့ ကြည့်လိုက်သည်။ ကြက်သားကင် အကြွင်းအကျန်ကလေး နည်းနည်းသာ တွေ့ရသည်။ ယင်းကြက်သားကင်၊ ကြက်ဥနှင့် စပ်ထားသော ဟင်းသီးဟင်းရွက် အဆာနှင့် ဂျုံအနည်းငယ် ယူကာ အစာသွတ်မုန့်လုပ်သည်။ ထို့နောက် ဧည့်ခန်းသို့ ဝင်လာခဲ့သည်။ ကွန်ပျူတာကိုဖွင့်ပြီး ဘယ်ဆရာဝန်အကြောင်း အရင်ကြည့်ရမလဲဟု စဉ်းစားကြည့်သည်။ ခဏ္ဍ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ ဒေါက်တာဇန်ဒါးမား နှင့် သက်ဆိုင်သော ခလုတ်ကို နှိပ်သည်။ ကွန်ပျူတာတယ်လီဖုန်းကို ပုခက်မှ ဖြုတ်ယူပြီး "မိုဒင်း"တွင် ချိတ်လိုက်သည်။ အားလုံး အဆင်သင့်ဖြစ်သောအခါ ပင်မခလုတ်ကို နှိပ်လိုက်သည်။ ထို့နောက် ကုလားထိုင်တွင် နောက်မှီပြီး အစာသွတ်မုန့်ကို တစ်ကိုက်ကိုက်လိုက်သည်။ မိုဒင်းပေါ်တွင် အနီရောင် မီးလုံးကလေးများ လင်းလာသည်။ အေရိုလင်ကုမ္ပဏီ၏ ပင်မကွန်ပျူတာစက်နှင့် ဆက်သွယ်မိပြီ။

သူ့ရှေ့မှ ကွန်ပျူတာ ပုံရိပ်မှန်ပြင်တွင် အရောင်လင်းလာပြီး စာတန်းများပေါ်လာသည်။ ကိုယ်ကို ရှေ့သို့ကိုင်းကာ စာတန်းများကို ဖတ်သည်။

ကလပ်ဇန်ဒါမား၊ အမ်ဒီ၊ အက်ဖ်အေစီအိုဂျီ

- အတ္ထုပ္ပတ္တိအချက်အလက်
- ကိုယ်ရေးကိုယ်တာ အချက်အလက်
- စီးပွားရေး အချက်အလက်
- အလုပ်အကိုင် အချက်အလက်
- ဆေးဝါးသုံးစွဲမှု အချက်အလက်

(သိလိုသော အချက်ကို ရွေးရန် ဆိုင်ရာခလုတ်နှိပ်ပါ)

သူ အလွန်စိတ်ဝင်စားသွားသည်။ "ကိုယ်ရေးကိုယ်တာ" ခလုတ်ကို နှိပ်လိုက်သည်။ ထို့နောက် ပင်မခလုတ်ကို နှိပ်သည်။ သူလိုချင်သော စာတန်းများ ပေါ်လာသည်။

### ကိုယ်ရေးကိုယ်တာ အချက်အလက်

- မိသားစု (အတိတ်) မိဘနှင့် ညီအစ်ကိုမောင်နှမများ အပါအဝင်။
- မိသားစု (လက်ရှိ) ဇနီးနှင့် သားသမီးများ အပါအဝင်။
- စိတ်ဝင်စားမှုနှင့် ဝါသနာ။
- ကြိုက်တတ်သော အရာနှင့် မကြိုက်တတ်သော အရာများ။



www.burmeseclassic.com

www.burmeseclassic.com



- လူမှုရေး (ပညာရေး အပါအဝင်)
- ကျန်းမာရေး
- ရုပ်လက္ခဏာ

(သိလိုသောအချက်ကိုရွေးရန် ဆိုင်ရာခလုတ်နှိပ်ပါ)

ဘုရားရေ… ဂျော့အော်ဝဲရဲ့ "၁၉၈၄" ဝတ္ထုထဲက အတိုင်းပါပဲလား ဟု တွေးလိုက်မိသည်။ "မိသားစု (လက်ရှိ)" ခလုတ်ကို နှိပ်လိုက်သည်။ ပြီးတော့ ပင်မလုတ်ကို ထပ်နှိပ်သည်။

မှန်ပြင်တစ်ချပ်လုံးတွင် စာတန်းတွေ အပြည့်ပေါ်လာသည်။ အဒမ်သည် ဒေါက်တာဗန်ဒါမားရဲ့ ဇနီးနှင့် သားသမီးများအကြောင်းကို ဆယ်မိနစ်တိတိ ဖတ်ရှုရသည်။ အရေးမပါလှသော အသေးစိတ် အချက်အလက်တွေ များသည်။ သို့သော် အရေးပါသော အချက်အလက်များလည်း ပါဝင်သည်။

ဒေါက်တာဗန်ဒါးမား၏ ဇနီးသည် တတိယမြောက်ကလေးကို မွေးချိန်မှစ၍ စိတ်ကျရောဂါဖြင့် သုံးကြိမ်တိတိ ဆေးရုံတက်ခဲ့ရသည်။ ဒုတိယသမီးကလေးတွင် ခံတွင်းပျက်၍ အစာမစားချင်သောကြောင့် အစာအိမ်ကျဉ်းရောဂါရှိကြောင်း စမ်းသပ်တွေ့ရှိရသည်ဟုလည်း ဖော်ပြထားသည်။

အဒမ်သည် အံ့အားကြီးသင့်ကာ မှန်ပြင်မှ မျက်နှာခွာလိုက်ပြီး အပေါ်သို့ မော့ကြည့်ကာ အတွေးနက်နေမိသည်။ အေရိုလင်ကုမ္ပဏီကဲ့သို့သော ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုက ဆရာဝန်တစ်ယောက်၏ ကိုယ်ရေးရာဇဝင် အပြည့်အစုံကို မည်သည့်အကြောင်းကြောင့် စုဆောင်းထားရသနည်း။ သည် အတိုင်းဆိုလျှင် အေရိုလင်ကုမ္ပဏီသည် 'ဆေးဝါးသုံးစွဲမှု အချက်အလက်' ဟူသော ခေါင်းစဉ်အောက်တွင် သူတို့သိလိုသမျှ မှတ်တမ်းတင်ထားမည်မှာ သေချာသည်။ သူ၏သံသယစိတ်ကို သက်သေပြရန် အဒမ်က ယင်းအချက်အလက်ဆိုင်ရာ ခလုတ်ကို နှိပ်လိုက်သည်။ ချက်ချင်းပင် သူလိုချင်သော အချက်ကို ရသည်။

ဒေါက်တာဗန်ဒါးမားက လူနာများအား အများဆုံး ပေးလေ့ရှိသော ဆေးဝါးများစာရင်း ပေါ်လာသည်။ နှစ်စဉ် သူပေးခဲ့သော ဆေးဝါးအမျိုးအမည်များနှင့် အရေအတွက်တို့ကို အတိအကျ ဖော်ပြထားသည်။

အညွှန်းကို ပြန်ကြည့်ကာ အရှိန်မြန် ကွန်ပျူတာမက်ထရစ် ပုံနှိပ်စက် ခလုတ်ကို နှိပ်လိုက်ပြန်သည်။ ကွန်ပျူတာပုံနှိပ်စက်သည် လျှင်မြန်စွာ အလုပ်လုပ်နေသည်။ အဒမ်သည် မီးဖိုခန်းသို့ ပြန်သွားပြီး ကိုကာကိုလာတစ်ဗူး ယူလာသည်။

သုံးဆယ့်နှစ်မိနစ်အကြာတွင် ကွန်ပျူတာပုံနှိပ်စက်သံ ရပ်သွားသည်။ အဒမ်က နောက်ဆုံးစာရွက်ကို ဖြုတ်ယူလိုက်သည်။ ကွန်ပျူတာနောက်တွင် စက္ကူထပ်ကြီး ပုံနေသည်။ စုစုပေါင်း စာမျက်နှာ ၅၀ တိတိ။





အင်း အေရိုလင်ကုမ္ပဏီက သူ့အကြောင်းကို တစ်ပုံတစ်ခေါင်းကြီး လျှို့ဝှက်မှတ်တမ်းတင်ထားတာ နာမည်ကျော်ဆရာဝန်ကြီး သိမှသိပါလေစ ဟု အဒမ်က တွေးမိသည်။

မှတ်တမ်းပါ အချက်အလက်များမှာ ရှည်လျားထွေပြားပြီး ငြီးငွေ့စရာ ကောင်းသည်။ ဒေါက်တာဗန်ဒါမား ရင်းနှီးမြှုပ်နှံထားသော စီးပွားရေးလုပ်ငန်းများအထိ ပါဝင်သည်။ အဒမ်က ဒေါက်တာ ဗန်ဒါမား၏ ဆေးဝါးကုသမှု အကြောင်း ပါဝင်သော စာမျက်နှာကို လှန်ကြည့်သည်။ ဒေါက်တာဗန်ဒါမားသည် ဒေါက်တာလောရင့်ဖော်လီနှင့်အတူ "မီးယပ်ပါရဂူများဆေးခန်း" ကို ဖက်စပ်တည်ထောင်သူ ဖြစ်သည်။ ဒေါက်တာဖော်လီမှာ မကြာခင်က သူ့ကိုယ်သူ ထူးဆန်းစွာ သတ်သေသွားခဲ့ပြီ။ သူ ဗိုက်အပ်ထားသော ဆရာဝန်နှင့် ဒေါက်တာ ဖော်လီတို့သည် တစ်ချိန်တုန်းက စီးပွားဖက်များ ဖြစ်ခဲ့ကြသည်ဆိုတာကို ဂျင်နီဖာ သိမှသိပါ့ရဲ့လားဟု အဒမ်က တွေးမိသည်။

အဒမ်သည် မှတ်တမ်းကို ဆက်လက်ဖတ်သည်။ ဒေါက်တာဗန်ဒါမား၏ လက်ရှိ လုပ်ဖော်ကိုင်ဖက်များမှာ ဒေါက်တာဂျွန်စတင်းနှင့် ဒေါက်တာဂျူးဘန်ဂါ တင်တို့ဖြစ်ကြောင်း သိရှိရသည်။

အဒမ်၏သိချင်စိတ်က ပိုပြီးပြင်းပြလာသည်။ ဒေါက်တာဗန်ဒါမားနှင့် ပထမဆုံး သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဤတွင် ပါစီဟာမွန်၏ သင်ကြားချက်ကို သတိရမိသည်။ ဆရာဝန်နှင့် တွေ့ချင်လျှင် သူ့စာရေးမကို ဦးစွာ ချဉ်းကပ်ရာ၏တဲ့။

သို့ဖြင့် နာမည်က ခရစ္စတင်းမော်ဂန်။ အသက် ၂၇နှစ်။ သူ့ယောကျ်ားက ဒေးဗစ်မော်ဂန်၊ ပန်းချီဆရာ။ သားကလေးတစ်ယောက်ရှိသည်။ ဒေးဗစ်ဂျူနီယာ တဲ့။ "ဒီဂျေ" ဟု ချစ်စနိုးခေါ်ကြသည်။

အဒမ်သည် ဤလုပ်ငန်းတွင် ပိုင်သော သူ့ဆရာ ပါစီဟာမွန်၏ လေကိုရော ဟန်ကိုပါ အတုယူလျက် မီးယပ်ပါရဂူများဆေးခန်းသို့ ဖုန်းကောက်ဆက်သည်။ ခရစ္စတင်းပင် ဖုန်းကို ကိုင်သည်။ အဒမ်က သူ့ကိုယ်သူ မိတ်ဆက်၍ ပါစီဟာမွန်၏နေရာတွင် သူ ပြောင်းလဲလုပ်ကိုင်ရကြောင်း ပြောပြသည်။ ထို့နောက် အာလာပသလ္လာပပြောရင်း အမှတ်မထင်သဘော ဖြင့် ခရစ္စတင်း၏ သားကလေးအကြောင်း သတင်းမေးသည်။ ကလေးက အလွန်ချစ်စရာကောင်းသည်ဟု ပါစီက ပြောဖူးကြောင်း ပြောပြသည်။ အဒမ့်မြှားချက်သည် ပစ်မှတ်ကို တည့်တည့်ကြီး စူးဝင်သွားခဲ့ပြီ။ ခရစ္စတင်းက လာခဲ့ပါ၊ ကျွန်မ ကြည့်လုပ်ပေးပါ့မယ်ဟု ကတိပေးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက် ငါးမိနစ်အကြာတွင် အဒမ်သည် ပတ်ရိပ်သာလမ်းပေါ်မှ မြောက်ဘက်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။ သားဖွားနှင့် မီးယပ်ပါရဂူများအား အေရိုလင်ကုမ္ပဏီထုတ် ဘယ်ဆေးတွေကို သွားရောင်းရပါ့မလဲဟု စဉ်းစားကြည့်သည်။ ကိုယ်ဝန်ဆောင်များအတွက် ကြော်ငြာထားသော ဗီတာမင်ဆေးများကို ရောင်းရန် ဆုံးဖြတ်လိုက်သည်။

ကားကို ပတ်ရိပ်သာလမ်းနှင့် လက်ဖင်တန်ရိပ်သာလမ်းကြားတွင် ရပ်လိုက်သည်။ စက်ကို သော့ပိတ်သည်။ ကားနောက်သို့ ပတ်လာခဲ့သည်။ ကားနောက်ပိုင်း အဖုံးကို ဖွင့်သည်။ ကားနောက်ခန်းတွင် အေရိုလင်ကုမ္ပဏီထုတ် ဆေးမျိုးစုံနမူနာများ၊ ကြော်ငြာစာအုပ်များ၊ ဆေးပညာဂျာနယ် ဆောင်းပါးမိတ္တူများနှင့် တခြားလိုအပ်သော ပစ္စည်းများပါလာသည်။ အေရိုလင်ကုမ္ပဏီ စာတန်းထိုးထားသော ခရေစ်ဘောလ်ပင်က တစ်ဒါဇင်တိတိ။ အဒမ့်သဘောအတိုင်း ပေးသင့်သည်ထင်သော ပုဂ္ဂိုလ်များအား လက်ဆောင်ပေးရန် ဖြစ်သည်။

သင့်တော်သော ဆေးနမူနာများနှင့် စာရွက်စာတမ်းများကို ရွေးယူကာ လက်ကိုင်အိတ်ထဲသို့ ထည့်သည်။ ခရေစ်ဘောလ်ပင်တစ်ချောင်းကို ဂျက်ကက်အင်္ကျီ အောအိတ်ထဲသို့ ထည့်သည်။ ထို့နောက် ကားနောက်ဖုံးကို ပြန်ပိတ်လိုက်ပြီး ဒေါက်တာဗန်ဒါမား၏ ရုံးခန်းသို့ ခြေလှမ်းသွက်သွက် ဖြင့် လျှောက်လာခဲ့သည်။

'ကျွန်မ ဘာကူညီရမှာလဲရှင်'

ခရစ္စတင်းမော်ဂန်က မျက်မှန်ကို ပြန်ချွတ်ရင်း မေးသည်။

'ကျွန်တော် အေရိုလင်ကုမ္ပဏီက အဒမ်ရှွန်းဘာတ်ပါ'

အဒမ်က ပြုံးပြီး အလုပ်လိပ်စာကတ်ကို ကမ်းပေးသည်။ ခရစ္စတင်းက ပြန်၍ ပြုံးသည်။ အဒမ်အား ဧည့်ခန်းသို့ ခေါ်လာခဲ့သည်။ အဒမ်က ခရစ္စတင်း၏သားကလေး ဒီဂျေ၏ မကြာမီက ရိုက်ထားသော ဓာတ်ပုံအယ်လ်ဘမ်ကို ကြည့်ပြီး ချီးမွမ်းစကားပြောသည်။ ထို့နောက် ခရစ္စတင်းက အဒမ်အား လူမရှိသော စမ်းသပ်ခန်းတစ်ခုထဲသို့ ခေါ်လာခဲ့သည်။ စမ်းသပ်ခန်းထဲတွင် အဒမ်ရှိကြောင်း သူနာပြုဆရာမအား သူ ပြောပြလိုက်မည်ဟု ခရစ္စတင်းက ပြောပြီး ပြန်ထွက်သွားသည်။

အဒမ်သည် အဖြူရောင် စာရေးစားပွဲကလေးရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ သံချေးမတက်သည့် သံမဏိကွင်းများ တပ်ထားသော ခွဲစိတ်စားပွဲကို ကြည့်လိုက်သည်။ ဤနေရာတွင် ဂျင်နီဖာ လာရောက်၍ အစမ်းသပ်ခံသည်ကို အံ့ဩမိသည်။

အဒမ်သည် ပျင်းပျင်းရှိသည်နှင့် အချိန်ကုန်စေရန် စားပွဲအံဆွဲဖွင့်ပြီး





ဘောလ်ပင်များ၊ ဆေးညွှန်းပေးစာအုပ်များနှင့် ဓာတ်ခွဲခန်းမှတ်ချက် တွေ့ချက်များကို ကြည့်နေသည်။

ထိုအခိုက် ရုတ်တရက် တံခါးပွင့်သွားပြီး ဒေါက်တာဗန်ဒါမား ဝင်လာသည်။ အဒမ် မျက်နှာတစ်ပြင်လုံး နီရဲသွားပြီး အံဆွဲကို ကမန်းကတမ်း ပြန်ပိတ်ကာ ထရပ်လိုက်သည်။

'ဒါနဲ့ ခင်ဗျားက ဒီမှာလာပြီး ဘာတွေများ မွှေနှောက်နေရတာလဲ' ဒေါက်တာ ဗန်ဒါမားက သရော်သံဖြင့် မေးလိုက်သည်။ သူ့လက်ထဲတွင် အဒမ်၏ အလုပ်လိပ်စာကတ်ပြား ကိုင်ထားသည်။ သူက ကတ်ပြားကို ဟိုဘက် သည်ဘက် လှန်ကြည့်သည်။ ပြီးတော့ ကြောင်အမ်းအမ်း ဖြစ်နေသော အဒမ့်ကို စိုက်ကြည့်သည်။ 'မင်းကို ဒီအခန်းထဲ ဘယ်သူဝင်ခိုင်းတာလဲ'

'ဒေါက်တာ့ အမှုထမ်းတစ်ယောက်ပါ'

အဒမ်က ဝါးပြီး ပြောလိုက်သည်။

'ဒါဆို ကျုပ် မေးကြည့်လိုက်မယ်' သူက ပြန်လှည့်သွားရန် ခြေလှမ်းပြင်ရင်း 'ခင်ဗျား ဒီမှာနေလို့ မဖြစ်ဘူး၊ ကျုပ် လူနာစမ်းသပ်စရာရှိတယ်'

'ကျွန်တော် ဒေါက်တာ့အတွက် ဆေးနမူနာတွေ ယူလာပါတယ် ဒေါက်တာ' အဒမ်က မြန်မြန်ကလေး ပြောလိုက်သည်။ 'ပြီးတော့ ခရေစ်ဘောလ်ပင်လည်း တစ်ချောင်းပါလာပါတယ်' သူက ဘောလ်ပင်ကို ခပ်မြန်မြန် ထုတ်ယူကာ သူ့အလုပ်ကတ်ပြားကို ဆုတ်ဖြဲပစ်ရန် လုပ်နေသော ဒေါက်တာဗန်ဒါမားအား ကမ်းပေးသည်။

'ဒါနဲ့ မင်းက ဂျင်နီဖာရှွန်းဘာတ်နဲ့ ပတ်သက်နေသလား'

'ဟုတ်ပါတယ် ခင်ဗျာ၊ သူက ကျွန်တော့်ဇနီးပါ၊ ဒေါက်တာ့ဆီမှာ စမ်းသပ်ခံနေပါတယ်'

'ဒါဖြင့် မင်းက ဆေးကျောင်းသား မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ဒေါက်တာဗန်ဒါမားက လိပ်စာကတ်ကို ထောင်ပြရင်း–

'ဒီတော့ ဒါနဲ့ ဘာဆိုင်လို့လဲ'

'ကျွန်တော် လောလောဆယ် ဆေးကျောင်းက ခွင့်ရက်ရှည်ယူထားပါတယ် ဒေါက်တာ၊ ဂျင်နီဖာမှာ ကိုယ်ဝန်ရှိလာတော့ ငွေလိုလာလို့ပါ'

'မင်းတို့အနေနဲ့က ဒီအချိန်မှာ ကလေးမယူသင့်သေးဘူး' ဒေါက်တာက ဩဝါဒပေးသည့် လေသံဖြင့် ပြောသည်။ 'ဒါပေမဲ့ မင်းတို့က မိုက်မိုက်ကန်းကန်းနဲ့ ကလေးယူမှကို ယူမယ်ဆိုရင်တော့ မင်းမိန်းမ အလုပ်လုပ်လို့ ရပါသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူက ကချေသည်ပါ ဒေါက်တာ'

'ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းအနေနဲ့ ဆေးကျောင်းက ထွက်ပစ်တာတော့ တကယ့်ပြစ်မှုကြီးပဲ၊ ဘယ့်နှယ် ဆရာဝန်ဖြစ်တော့မယ့် လူတစ်ယောက်က ဆေးကုမ္ပဏီမှာ အရောင်းစာရေး ဝင်လုပ်ရတယ်လို့၊ အံ့ပါရဲ့ကွာ၊ အလကား အချိန်ဖြုန်းတာပဲ'

အဒမ်က နှုတ်ခမ်းကိုက်ထားလိုက်သည်။ ဒေါက်တာဖန်ဒါမားက အဒမ့်ဖခင်အကြောင်း ပြောမလို စသည်။ အဒမ်က စကားကြောရှည်နေမည်စိုး၍ ခေါင်းစဉ်ပြောင်းပြီး မေးလိုက်သည်။

'ဒါနဲ့ ဒေါက်တာ့ စကားဖြတ်လို့ ဂျင်နီဖာ မနက်တိုင်း အော်ဂလီဆန်တာ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဒေါက်တာ'

'ကျုပ် လူနာတွေ ငါးဆယ်ရာနိုင်နှုန်းလောက် အဲဒီလိုပဲ ဖြစ်ကြတာပဲ' ဒေါက်တာ ဖန်ဒါမားက လက်ကို ဝှေ့ယမ်းပြီးပြောသည်။ 'ဒီကိစ္စမျိုးမှာ အာဟာရကြောင့်ဖြစ်တာ မဟုတ်ရင် ဖြစ်ပေါ်လာတဲ့လက္ခဏာအရ ကြည့်ပြီး ကုသသွားတာ အကောင်းဆုံးပဲ၊ ကျုပ်ကတော့ ဆေးပေးတာကို ရှောင်လို့ရရင် အတတ်နိုင်ဆုံး ရှောင်တယ်၊ အထူးသဖြင့် အေရီလင်ကုမ္ပဏီကထုတ်တဲ့ ပရက်ဒီလင်ကို ရှောင်တယ်၊ မောင်ရင်က ဆရာဝန်ကိုကျော်ပြီး အဲဒီဆေးကိုတော့ သူ့ကို သွားမပေးနဲ့ဦး၊ အဲဒီဆေးက နာမည်ကြီးပေမယ့် စိတ်မချရဘူး'

အဒမ်သည် ဒေါက်တာဖန်ဒါမားအား ယခင်ကထက် အနည်းငယ် ပို၍ အထင်ကြီးသွားမိသည်။ သူက ရှုတည်တည်နှင့် အပြောအဆိုကြမ်းပေမယ့် သူ့လုပ်ငန်းဆိုင်ရာ ပညာရပ်မှာတော့ ခေတ်မီပုံရသည်။

'မောင်ရင် မြို့ပေါ်မှာ ကြာကြာနေရလေလေ၊ ကောင်းလေလေပဲ' ဒေါက်တာဖန်ဒါမားက ဆက်ပြောသည်။ 'ဒါမှ ကျုပ် အဓေးကြီး လှမ်းဖုန်းဆက်ရ သက်သာမှာ၊ ကျုပ်က နောက်တစ်ပတ်မှာ အေရီလင်ရေကြောင်း ဆွေးနွေးပွဲတက်ပြီး ဟောပြောရမယ်၊ ဒါနဲ့ ကျုပ်က မိုင်ယာမီဆိပ်ကို နောက်ဆုံး ဘယ်အချိန်ရောက်ရမှာတဲ့လဲ'

'အဲဒါကတော့ ကျွန်တော်လည်း ဘာမှမသိရသေးဘူး ဒေါက်တာ'

'ဟာ... အံ့သြစရာပါလား' ဒေါက်တာက သရော်သံဖြင့် ပြောလိုက်ပြန်သည်။ 'ကဲ... မောင်ရင် ကျုပ်နဲ့ လိုက်ခဲ့'

အဒမ်သည် လက်ကိုင်အိတ်ဆွဲကာ စမ်းသပ်ခန်းထဲမှ ထွက်လိုက်သွားသည်။ စင်္ကြံလမ်းကျဉ်းကလေးအတိုင်း လျှောက်လာသည်။ ခြေလှမ်းနှစ်ဆယ်ခန့်အရောက်တွင် ဒေါက်တာဖန်ဒါမားက ဆေးသို့ တိမ်းပေးလိုက်သည်။ အဒမ်က





အလျှင်ဝင်သည်။ ဤတွင် ဒေါက်တာ ဖန်ဒါမားက ရပ်လိုက်သည်။ တံခါးကို ပွင့်သည်။ အဒမ် အရင်ဝင်အောင် သူက လိပ်စာကတ်ကို အဒမ့်လက်ထဲ ပြန်ထည့်ပေးသည်။ ထို့နောက် တံခါးပြန်ပိတ်သွားသည်။ အဒမ်မှာ မျက်တောင် ပုတ်ခတ်ခတ်ဖြင့် ဧည့်ခန်းထဲသို့ ပြန်ရောက်လာကြောင်း တွေ့ရသည်။ ဧည့်ခန်းထဲတွင် လူတွေ ပြွတ်သိပ်နေသည်။

'ဒေါက်တာနဲ့ တွေ့ခဲ့ရဲ့လား'

ခရစ္စတင်းက မေးသည်။

'ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ်'

အရောင်းသင်တန်းတုန်းက ရေကြောင်းဆွေးနွေးပွဲအကြောင်း ဘာဖြစ်လို့များ သူတို့က ပြောမပြခဲ့ပါလိမ့်ဟု အဒမ်က တွေးမိသည်။ ယခုတော့ ဒေါက်တာဖန်ဒါမား၏ မေးခွန်းကို မဖြေနိုင်၍ ဘာဆေးမှ မရောင်းရဘဲနှင့် ပြန်ထွက်လာခဲ့ရပြီ။ ရေကြောင်းဆွေးနွေးပွဲအကြောင်း အသေးစိတ် သိထားလျှင် သည်လိုအဖြစ်မျိုး ကြုံရမည်မဟုတ်။

'ဒါကြောင့်မို့ ရှင့်ကို ကျွန်မ ပြောတာပေါ့၊ ကျွန်မ သွင်းပေးနိုင်ပါတယ်လို့'

ခရစ္စတင်းက ဂုဏ်ယူသည့်လေသံဖြင့် ပြောသည်။

အဒမ်က စိတ်ထဲမှ အောင့်သက်သက်ဖြင့် နံရံတွင် ချိတ်ထားသော နာမည်ဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်သည်။ ဒေါက်တာဖန်ဒါမား၊ ဒေါက်တာဘန်ဂါဒင်၊ ဒေါက်တာစတင်းတို့အပြင် ဒေါက်တာဖော်လီနှင့် ဒေါက်တာစမိုက်တို့၏ နာမည်များကိုလည်း တွေ့ရသည်။ ဒေါက်တာဖန်ဒါမား၏ ကွန်ပျူတာမှတ်တမ်းကို ကြည့်ခဲ့စဉ်က ဒေါက်တာစမိုက်ဟူသော အမည်ကို အဒမ် မတွေ့ခဲ့မိ။

အဒမ်သည် အကျီအိတ်ထဲမှ ခရောစ်ဘောလ်ပင်ကို နှိုက်ယူလိုက်ပြီး ခရစ္စတင်းအား ကမ်းပေးရင်း–

'ဒီမှာ ခင်ဗျားအတွက် အထူးလက်ဆောင်ပါ'

'ကျေးဇူးပါပဲရှင်'

'ရပါတယ်၊ စေတနာ စေတနာချင်း တုံ့ပြန်တဲ့သဘောပေါ့၊ ဒါနဲ့ ဒီပုဂ္ဂိုလ် အသစ်ဝင်လာတဲ့ ပုဂ္ဂိုလ်လား'

'အို...မဟုတ်ပါဘူး၊ ဒေါက်တာစမိုက်က ဒီမှာ လုပ်နေတာ ၁၅ နှစ်တောင် ရှိပြီ၊ သူက သိပ်ပြီး မကျန်းမာဘူး၊ ကျွန်မတောင် သူ့ကို သိပ်မတွေ့ဖူးပါဘူး၊ သူက သူ့လူနာတွေ အကုန်လုံးလိုလိုကို ဂျူလီယံဆေးရုံမှာပဲ လက်ခံတယ်'

အဒမ်က နာမည်ဆိုင်းဘုတ်ကို ပြန်ကြည့်လိုက်သည်။

'ဒီ ဒေါက်တာဖော်လီကရော သတ်သေသွားတဲ့ ဒေါက်တာဖော်လီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ စိတ်မကောင်းစရာပါပဲရှင်၊ သူက ကျွန်မအကြိုက်ဆုံး ဒေါက်တာပါ၊ ဒါပေမဲ့ သူ့ကိုလည်း ကျွန်မတို့ မတွေ့ရတာ ခြောက်လလောက်တောင် ရှိပါပြီး သူကလည်း သူ့လူနာတွေကို ဂျူလီယံမှာပဲ ကုသပါတယ်'

ခရစ္စတင်း၏ ပြောပြချက်များက အဒမ်၏ မှတ်ဉာဏ်ကို ဆွပေးသည်။ ပါစီဟာမွန်၏ ပြောပြချက်ကို ပြန်လည်သတိရမိသည်။ ဒေါက်တာဖော်လီ အပါအဝင် ဆရာဝန် တော်တော်များများသည် သူတို့၏ မူလလုပ်ငန်းမှထွက်ပြီး ဂျူလီယံဆေးရုံသို့ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားကြသည်။ ဤအချက်ကို ပါစီဟာမွန်က အတော်ကလေး ဘဝင်မကျဖြစ်နေသည်။

'သူ ဒီက ထွက်သွားတုန်းက ခင်ဗျား ဒီမှာပဲရှိသလား'

'ရှိတာပေါ့၊ ကျွန်မတို့ ဒုက္ခရောက်လိုက်ရတာ မပြောပါနဲ့တော့ရှင်၊ သူ ထွက်သွားတော့ သူ လက်ခံထားတဲ့ လူနာတွေကို ပြန်ခေါ်ပြီး အားလုံး အဆင်ပြေအောင် ပြန်စီစဉ်ပေးရတယ်လေ'

'သူ ဒီက ထွက်မသွားခင် ခရီးတွေ ဘာတွေများ ထွက်ခဲ့သေးသလား'

'ထွက်ခဲ့တယ် ထင်တာပဲ၊ ကျွန်မ မှတ်မိသလောက်ဆိုရင် ဆေးပညာဆွေးနွေးပွဲ ထွက်ခဲ့တယ်ထင်တယ်၊ ရေကြောင်းဆွေးနွေးပွဲဆိုသလားပဲ'

'ဒါနဲ့ ဒေါက်တာဘန်ဂါတင်နဲ့ ဒေါက်တာစတင်းတို့ရော အခု ဒီမှာ ရှိကြသလား'

'ရှိတော့ ရှိပါတယ်၊ ဒါပေမဲ့ ခွဲစိတ်ခန်းထဲ ရောက်နေကြပါတယ်'

*

နောက်နှစ်နာရီခန့်အကြာ...။

'ကိုယ်တော့ တကယ် နားမလည်နိုင်အောင်ပဲ ဂျင်နီ' အဒမ်က တူနစ်ချောင်းကို ဂျင်နီဖာ၏ မျက်နှာရှေ့တွင် လှုပ်ယမ်းရင်း မကျေနပ်သံဖြင့် ပြောသည်။ 'မင်းက အေရိလင် အရောင်းသင်တန်းဆင်းပွဲ လာဖို့ကျတော့ နေမကောင်းဘူးလို့ ပြောတယ်၊ ဒါပေမဲ့ မင်းအမေနဲ့ တစ်နေ့ခင်းလုံး ဈေးလျှောက်ဝယ်တာကျတော့ ဘာမှမဖြစ်ဘူး'

ဂျင်နီဖာက ပန်းကန်ပြားထဲမှ ဟင်းသီးဟင်းရွက်မွှေကို ဇွန်းဖြင့် ယက်ပြီး တစ်ဖက်သို့ကပ်ရင်း မျက်လွှာချနေလိုက်သည်။ အဒမ်ကို သူစောစောက ရှင်းပြခဲ့သေးသည်။ လောလောဆယ်-အခြေအနေအရ သူ့မှာ မိခင်ကြီးနှင့် စကားပြောစရာတွေ အများကြီး ရှိနေသည်။ သို့သော် အဒမ်က သူပြောတာတွေကို တစ်ခုမှ လက်မခံ။ ဒါကြောင့်လည်း သူက နောက်ထပ် ဘာကိုမှ ပြောချင်စိတ်မရှိတော့။

အဒမ်က ဖော်မီကာစားပွဲကို လက်ချောင်းကလေးများနှင့် တို့ကာ တို့ကာ





ခေါက်နေသည်။ ဂျင်နီဖာ စိတ်မချမ်းသာအောင် သူမလုပ်ချင်တော့။ ဂျင်နီဖာ ကိုယ်ဝန်ရှိသည့်နေ့မှစ၍ သူတို့လင်မယား တကျက်ကျက် ဖြစ်ခဲ့ကြရသည်။ သည်အကြောင်းတွေကို ဆက်ပြောနေလျှင် ဂျင်နီဖာ ငိုတော့မည်။

ထို့ကြောင့် အဒမ်က စကားပြောင်းလိုက်သည်။

'ကဲ... ဒီကိစ္စတွေ မေ့ထားလိုက်ပါတော့ ဂျင်နီရယ်၊ ကိုယ်တို့ လင်မယား ဒီနေ့ ပျော်ပျော်ပျော်ရွှင်ရွှင်နဲ့ ညစာ စားကြရအောင် ဟုတ်လား၊ အံ့မယ် ဒီအင်္ကျီက တယ်လှပါလား၊ အသစ်ဝယ်လာတာလားဟင်'

ဂျင်နီဖာက ခေါင်းညိတ်လိုက်သည်။ သူ့မေမေ ဝယ်ပေးတာ ဖြစ်ရမည်ဟု အဒမ်က ထင်သည်။

'အဆင်ကလေးက တော်တော်လှတယ်'

သူက သံတမန်ပရိယာယ်သုံး၍ ပြောလိုက်သည်။ သို့သော် ဂျင်နီဖာက ကျေနပ်ပုံမရ။

'အင်္ကျီကတော့ လှပါတယ်၊ လူက မလှဘူး၊ ကိုယ်ဝန်ရှိလာတဲ့အတွက် ကျွန်မကိုယ်ကျွန်မ ပိုပြီး မိန်းမပီသလာသလိုတော့ ခံစားရပါတယ်၊ ဒါပေမဲ့ လူက ဝလာပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်လာသလိုပဲ၊ ပြီးတော့ အော်ဂလီဆန်တာကလည်း သိပ်အခံရခက်တာပဲ၊ ဒါမျိုးက မနက်ပိုင်းပဲ ဖြစ်တတ်တယ်ဆိုပြီး ခုတော့ ကျွန်မမှာ တစ်နေကုန် ဖြစ်နေပါရောလား'

အဒမ်က စားပွဲပေါ်မှလှမ်းကာ ဂျင်နီဖာ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ဂျင်နီဖာ ရွှင်ရွှင်ပျပျ ရှိလာအောင်ဆိုပြီး သူ ဒေါက်တာဗန်ဒါမားထံသွားခဲ့ပုံကို ပြောပြသည်။ ဂျင်နီဖာက မျက်နှာကြည်ကြည်သာသာနှင့် နားထောင်နေသည်။

'ကျွန်မ မောင့်ကို ပြောဖူးသားပဲ၊ ဒီလူကြီးက အပေါက်ဆိုးပါတယ်လို့' ဂျင်နီဖာက ရယ်သည်။ 'အော်ဂလီဆန်တဲ့ ကိစ္စကိုရော သူက ဘာများ ပြောလိုက်သေးသလဲ'

'အထူးတော့ မပြောပါဘူး၊ ဒါ ဖြစ်ရိုးဖြစ်စဉ်ပါတဲ့၊ နောက်တော့ တဖြည်းဖြည်း ပျောက်သွားမှာပါပဲ'

ဂျင်နီဖာ သက်မချလိုက်သည်။

စားတော်ဆက်မှ ပြန်လျှောက်လာကြတော့ ဂျင်နီဖာက စကားမပြောသလောက် ဖြစ်သည်။ အိမ်ရောက်တော့လည်း အိပ်ရာထဲ တန်းဝင်သွားပြီး 'ဒိုင်နက်စတီ' ဝတ္ထုကို လှန်ဖတ်နေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

အဒမ်သည် အရောင်းကိုယ်စားလှယ်ဘဝ ပထမနေ့ အတွေ့အကြုံကြောင့် တစ်ကြောင်း၊ ဂျင်နီဖာ၏အမူအရာ ဟက်ဟက်ပက်ပက် မရှိတာကြောင့် တစ်ကြောင်းတို့ကြောင့် စိတ်ထဲတွင် မရိုးမရွဖြစ်နေမိသည်။ သို့ဖြင့် အိပ်ရာထဲ မဝင်သေးဘဲ ဧည့်ခန်းတွင်ထိုင်ကာ ကွန်ပျူတာကို ဖွင့်သည်။ ဒေါက်တာစမိုက်နာမည်ကို ခေါ်ကြည့်သည်။ တကယ်ပေါ်လာ၍ သူ အံ့သြသွားမိသည်။ နေ့လယ်ပိုင်းက ကွန်ပျူတာဖွင့်ရာတွင် တစ်ခုခုများ မှားသွားသလားဟု သံသယဖြစ်မိသဖြင့် ဒေါက်တာဗန်ဒါမားနှင့် ပတ်သက်သော ကွန်ပျူတာစာရွက်ကို ပြန်ကြည့်သည်။ ဒေါက်တာစမိုက် နာမည်မပါ။ အပြန်အလှန် စစ်ဆေးကြည့်သည့်သဘောဖြင့် တခြား လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဒေါက်တာစတင်းနှင့် ဒေါက်တာဘန်ဂါတင်တို့၏ ကွန်ပျူတာမှတ်တမ်းကို ဖွင့်ကြည့်ပြန်သည်။ သူတို့မှတ်တမ်းထဲတွင် ဒေါက်တာစမိုက်အကြောင်းရော၊ ဒေါက်တာဖော်လီအကြောင်းပါ လုံးဝ မတွေ့ရ။

အဒမ်က မကျေမချမ်းဖြင့် အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။ ကွန်ပျူတာတွင် မထည့်ဘဲ ချန်ထားခဲ့သောအချက်များကို သိရှိနိုင်ရန် ပြန်လှန် စစ်ဆေးမှု အစီအစဉ်ပါရမည်။ အစီအစဉ် ရေးဆွဲသူများ မေ့ကျန်ခဲ့တာလည်း ဖြစ်နိုင်သည်။ ယင်းသို့ဖြစ်လျှင် အေရိုလင်ကုမ္ပဏီကို ပြန်ပြောပြမှ ဖြစ်မည်ဟု စိတ်ကူးမိသည်။

ဒေါက်တာစမိုက်၏ မှတ်တမ်းထဲတွင် မည်သူတွေများ ပါသလဲဟု တွေးမိပြီး ဒေါက်တာစမိုက်နာမည်ကို နှိပ်လိုက်သည်။ မိုနီတာဒိုင်ခွက်က မျက်တောင်ခတ်လာသည်။ ထို့နောက် စာတန်းပေါ်လာသည်။ ယင်းစာတန်း မှာ "သားဖွားနှင့် မီးယပ်ဆိုင်ရာ ရေကြောင်းဆွေးနွေးပွဲ သွားခဲ့သည်။ ၉၊ ၉၊ ၈၃၊ ပြူတိုရီကို သုတေသနသိပ္ပံသို့ လေ့လာရေးခရီးထွက်ရန် စီစဉ်ထားသည်။ ဖ၊ ၅၊ ၈၄" ဟူ၍ ဖြစ်သည်။

ဤတွင်လည်း အဒမ် မျက်စိလည်သွားရပြန်သည်။ ကွန်ပျူတာက ဒေါက်တာစမိုက်အကြောင်းကို ကောင်းကောင်းသိသည်။ သို့သော် သူ့အကြောင်း မှတ်တမ်းမရှိ။ အဒမ် ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်မိသည်။

ဤကုမ္ပဏီမှ ပေးထားသော ဖောက်သည်ဆရာဝန်များစာရင်းကို ယူပြီး ကမန်းကတန်း လှန်ကြည့်သည်။ ဒေါက်တာစမိုက် နာမည်မပါ။ ဒေါက်တာစမိုက်သည် မီးယပ်ပါရဂူများဆေးခန်းတွင် တရားဝင် လုပ်ကိုင်နေသေးသော်လည်း အေရိုလင်ကုမ္ပဏီက သူ့အား ဂျူလီယံဆေးရုံတွင်လည်း ခန့်ထားခြင်းဖြစ်ရမည်ဟု အဒမ်က ယူဆသည်။ ဤအချက်လည်း အလွန်ထူးဆန်းနေသည်။

အဒမ်သည် မဝေခွဲတတ်အောင် ဖြစ်သွားမိသည်။ သို့ဖြင့် ဒေါက်တာဖော်လီ၏ မှတ်တမ်းကို ဖွင့်ကြည့်သည်။ ကွန်ပျူတာမှန်ပြင်တွင် "ရပ်စဲလိုက်ပြီ" ဟူသော စာတန်းသာ ပေါ်လာသည်။





ဒီကွန်ပျူတာဆရာတွေ လုပ်လိုက်ပုံကဖြင့် ရယ်ရမလို ငိုရမလို အဖြစ်မျိုး ပါလားဟု အဒမ်က တွေးလိုက်မိသည်။

*

နောက် ရက်သတ္တသုံးပတ်အတွင်းတွင် အဒမ်၏ အရောင်းကိုယ်စားလှယ်ဘဝ ကိုယ်စွမ်းကိုယ်စသည် သိသိသာသာကြီး တိုးတက်လာခဲ့သည်။ သူက ဆရာဝန်များအား ဆေးနမူနာလက်ဆောင်များ ရက်ရက်ရောရော ပေးသည်။ အေရိုလင်ကုမ္ပဏီထုတ်ဆေးများ ကောင်းကြောင်းကိုလည်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် ချက်ပိုင်ပိုင် ပြောသည်။ ဆရာဝန်တွေကလည်း အဒမ် ပြောပြသည်ကို စိတ်ရှည်ရှည်ဖြင့် နားထောင်ကြသည်။ အေရိုလင်ကုမ္ပဏီထုတ် ဆေးဝါးများ၏ ဘေးထွက်အကျိုးမည်သို့မည်ပုံရှိကြောင်းကိုပင် သူတို့က တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောကြ။

ဤနည်းဖြင့် အဒမ်သည် ဆေးအမျိုးပေါင်းများစွာကို အစွံထုတ်နိုင်ခဲ့သည်။ သို့သော် သူက ပရက်ဒိုလင်ဆေးတစ်မျိုးကိုတော့ မရောင်းဘဲ ချန်ထားသည်။ ဆေးပညာဂျာနယ်များမှ ဝေဖန်ရေးသားချက်များနှင့် ဒေါက်တာဗန်ဒါမား၏ သတိပေးချက်ကို အလေးအနက်ထားသောကြောင့် ဖြစ်သည်။ သူ့အနေဖြင့် သုံးစွဲသူအတွက် အန္တရာယ်ဖြစ်နိုင်ရန် အလားအလာရှိသော ဆေးဝါးမျိုးကို အတင်းတွန်းရောင်းပြီး ကိုယ့်ကိုယ်ကို တရားခံမလုပ်ချင်။

သူသည် နေ့စဉ်လိုလို ညနေပိုင်းတွင် ကွန်ပျူတာကို ဖွင့်ကာ နောက်ထပ် သူသွားတွေ့လိုသော ဆရာဝန်နှင့်ပတ်သက်သည့် ကွန်ပျူတာမှတ်တမ်းကို ကြည့်သည်။ သို့သော် အထူးရည်ရွယ်ချက်တော့ မရှိ။ ဆေးဝါးများ ရောင်းချရာတွင် အထောက်အပံ့ဖြစ်စေရန် သက်သက်လောက်သာ ဖြစ်သည်။ မီးယပ်ပါရဂူများ ဆေးခန်းမှ ဆရာဝန်များ၏ မှတ်တမ်းများမှာ ကွန်ပျူတာအစီအစဉ်တွင် မပါဝင်ဘဲ ကျန်နေခြင်းနှင့် မှားယွင်းခြင်းများကိုလည်း သူက လုံးဝဂရုမစိုက်တော့။ သူ့တာဝန်ကိုသာ ကျေပွန်အောင် ကြိုးစားထမ်းဆောင်နေလေသည်။

ယင်းသို့ ရှိနေစဉ်အတွင်း တစ်နေ့တွင် သူ၏စိုးရိမ်မှုကို ပို၍ ကြီးထွားစေသည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။

အဒမ်သည် ကြိုတင်ချိန်းဆိုထားချက်အရ ဘွဲ့ရပြီးခါစ အောင်မြင်နေသော ဆရာဝန်အဖွဲ့တစ်ဖွဲ့နှင့် သွားတွေ့ရန် လာခဲ့သည်။ သို့သော် ဆေးခန်းသို့ ရောက်သွားသောအခါ ဆရာဝန်များက အဒမ်နှင့် မတွေ့လိုသောကြောင့် ချိန်းဆိုချက်ကို ပယ်ဖျက်လိုက်ကြောင်း ဧည့်ကြိုစာရေးမက ပြောပြသည်။ ဤသို့ဖြစ်ရသည်မှာ အေရိုလင်ရေကြောင်းဆွေးနွေးပွဲမှ ပူပူနွေးနွေးပြန်ရောက်ခါစ အနုဒင် ဆရာဝန်တစ်ယောက် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ပြီးနောက် ဂျူလီယံဆေးရုံသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့သွားသောကြောင့် ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် တခြားဆရာဝန်တွေမှာ ယင်းဆရာဝန် လက်ခံထားသော လူနာများကို မည်သို့ စီစဉ်ရမှန်း မသိအောင် ဖြစ်နေပြီး အလွန် ဒေါသထွက်နေကြသည်ဟု သိရသည်။

အဒမ်သည် စိတ်ပျက်လက်ပျက်နှင့် ပြန်ထွက်လာရင်း ပါစီဟာမွန် ပြောပြခဲ့ဖူးသော အလားတူ ဖြစ်ရပ်ကို ပြန်လည်သတိရမိသည်။ တစ်ချိန်တည်းတွင် ပါစီဟာမွန်တစ်ယောက် ဘာကြောင့်များ ကြက်ပျောက် ငှက်ပျောက် ပျောက်နေရတာပါလိမ့်ဟုလည်း တွေးမိသည်။ သူ နယူးဂျာစီပြည်နယ်ရောက်တိုင်း စုံစမ်းကြည့်တော့လည်း ပါစီတစ်ယောက် ဘယ်ရောက်နေသည်ကို ဘယ်သူမှ မသိကြ။ ပါစီသည် ပြူတိုရီကိုသို့ မသွားရသေးတာကတော့ သေချာသည်။ အဒမ်သည် တွေးရင်းတွေးရင်း အေရိုလင်ကုမ္ပဏီကို လည်းကောင်း၊ ရေကြောင်းဆွေးနွေးပွဲကိုလည်းကောင်း ပို၍သာ သံသယဝင်လာတော့သည်။

တစ်ညနေတွင် အလုပ်စောစောသိမ်းပြီးနောက် လိုအပ်သောပစ္စည်းများလည်း ထုတ်ရင်း မစ္စတာရှယ်လီနှင့် တွေ့ဆုံပြီး သူ့မေးချင်တာတွေလည်း မေးရင်း ကုမ္ပဏီရုံးချုပ်သို့ လာခဲ့သည်။ အဒမ်သည် အေရိုလင်ရေကြောင်း ဆွေးနွေးပွဲအကြောင်းကို အတွင်းကျကျ သိချင်စိတ် အလွန်ပြင်းပြနေသည်။ လောလောဆယ်တွင် သူသည် ပြူတိုရီကိုသို့ မသွားရသေးသော်လည်း ပင်လယ်ပြင် ဆွေးနွေးပွဲကိုတော့ ဗဟုသုတအဖြစ်ရော၊ အပျော်ခရီးအနေနှင့်ရော တက်ဖြစ်အောင် တက်ကြည့်ချင်သည်။ ယင်းဆွေးနွေးပွဲသို့ တက်ရလျှင် ဆေးကျောင်းပြန်တက်ရသလို ခံစားရလိမ့်မည်ဟု ထင်သည်။ ယင်းသို့ ရက်အတန်ကြာ ခရီးထွက်ရလျှင် လိပ်ခဲတည်းလည်း ဖြစ်နေသော သူတို့အိမ်ထောင်ရေးလည်း အဆင်ပြေသွားလိမ့်မည်ဟု ယူဆသည်။ ယခုအခါ ဂျင်နီဖာ၏ အော်ဂလီဆန်ရောဂါက ပိုဆိုးလာသည်။ ဂျင်နီဖာသည် ကိုယ့်အိမ်တွင် နေချိန်မရှိသလောက် ဖြစ်သည်။ မိဘများအိမ်သို့ သွားနေချိန်က ပိုများသည်။ အဒမ်က သူ့အလုပ်အတွေ့အကြုံတွေကို စိတ်ဝင်စားဖွယ် ပြောပြသော်လည်း ဂျင်နီဖာက စိတ်မဝင်စား။ မိတ်ဆွေအပေါင်းအသင်းများထံ သွားလည်ရန် ခေါ်တော့လည်း ဂျင်နီဖာက မလိုက်။

အဒမ်သည် သုံးနာရီခွဲခါနီးတွင် ရုံးချုပ်သို့ ရောက်လာသည်။ ယူနီဖောင်းဝတ် လုံခြုံရေးဝန်ထမ်းက မစ္စတာရှယ်လီ ရှိမရှိ ဦးစွာစုံစမ်းပေးသည်။ ရှိသည်ဟု သိရသည်။ အဒမ်က ရုံးတွင်းဖုန်းမှဆက်၍ သတင်းပို့လိုက်သည်။ အမှုဆောင်လူကြီးများ၏ ရုံးခန်းများရှိရာ အထပ်သို့ တက်လာခဲ့သည်။ ဧည့်ကြိုစာရေးမ အနီးတွင် မစ္စတာရှယ်လီ၏ အတွင်းရေးမှူး စာရေးမ ဂျိုက်စ် ရပ်စောင့်နေသည်။

'တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာရှွန်းဘတ်' ဂျိုက်စ်က နှုတ်ဆက်သည်။ 'မစ္စတာရှယ်လီ အပေါ်ထပ်မှာ ရှိပါတယ်၊ ကျွန်မနဲ့ လိုက်ခဲ့ပါ'





ခန်းမကြီးအဆုံးသို့ ရောက်သောအခါ ဂျိုက်စ်က အခန်းတံခါးသော့ကို ဖွင့်သည်။ အသေးစား ဓာတ်လှေကားထဲသို့ ရောက်လာသည်။ ဂျိုက်စ်က ၂၁ထပ် ခလုတ်ကို နှိပ်လိုက်သည်။

အဒမ်သည် သူ့ကိုယ်သူ အဆောက်အအုံကြီး အပြင်ဘက်မှ မှန်လုံလှောင်အိမ်ကြီးတစ်ခုထဲသို့ ရောက်လာသည်ကို တွေ့ရသည်။ မြင်ကွင်းက ကြီးကျယ်သော်လည်း စိတ်ထဲမှာတော့ မကြည်လင်။ သူသည် နယူးဂျာစီပြည်နယ် တောရှုခင်းကို မကြည့်တော့ဘဲ မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ မကြာမီတွင် ဓာတ်လှေကား ရပ်သွားသည်။

ကြွက်သားများ ဖုထစ်လုံးကြွနေပြီး တီရှပ်အကျႌနှင့် ကာကီဘောင်းဘီ ဝတ်ထားသော လူသန်ကြီးတစ်ယောက်က ဆီးကြိုသည်။

'အဒမ်ရှွန်းဘတ်ဆိုတာလား'

'ဟုတ်ပါတယ်'

'ကျွန်တော့်နောက် လိုက်ခဲ့ပါ'

သူသည် အဒမ်အား နေရောင်ရသော စင်္ကြံလမ်းအတိုင်း ခေါ်လာခဲ့သည်။ အဆောက်အအုံ၏ အတွင်းခန်းအားလုံးမှာ မှန်လုံခန်းများချည်းဖြစ်သည်။ အဒမ်က အပြင်ဘက်မကပ်ဘဲ အတွင်းဘက်မှ ကပ်လျှောက်သည်။ သူက အမြင့်ကို ကြောက်တတ်သူတော့ မဟုတ်။ သူ့စိတ်ထဲတွင် ကြည်ကြည်သာသာ မရှိသောကြောင့် ဖြစ်သည်။ လူမရှိသောဧည့်ခန်းကြီးထဲ ရောက်လာသောအခါတွင်မှ သူ့စိတ်ကြည်လင်သွားသည်။ ရုပ်မြင်သံကြား စက်တစ်လုံးတွင် သတင်းဖွင့်ထားသည်။ ဧည့်ခန်းနှင့် မျက်နှာချင်းဆိုင်တွင် ရေကူးကန်သို့ သွားသော တံခါးကျယ်ကြီး ရှိသည်။

လူသန်ကြီးက ထိုတံခါးကိုဖွင့်ပေးပြီး အဒမ်အား ဝင်ခိုင်းသည်။ ထို့နောက် တံခါးပြန်ပိတ်သွားသည်။ မီးရောင်စူးလွန်းသဖြင့် အဒမ်သည် ခေတ္တမျှ ဘာမှ မမြင်ရဘဲ ဖြစ်သွားသည်။ အခန်းတစ်ဖက်နံရံမှာ မှန်လုံနံရံ ဖြစ်သည်။ အပေါ်နှစ်ထပ်အထိ မှန်နံရံကြီးတက်သွားပြီး ခေါင်မိုးအဖြစ်ဖြင့် ကွေးဆင်းနေသည်။ အခန်းကြမ်းပြင်ကို အဖြူရောင် စကျင်ကျောက်ပြားခင်းထားသည်။ ချောမွတ်ပြောင်လက်နေသည်။ ရေကူးကန်ကိုလည်း အဖြူရောင် ကျောက်ပြားများနှင့် ခင်းထားသည်။

ရေကန်ထဲတွင် ရေကူးနေသူတစ်ယောက်သာ ရှိသည်။ သူက အဒမ်အား လှည့်ကြည့်ပြီး ကန်ပေါင်နားသို့ ကူးလာသည်။ သူသည် ရေကာမျက်မှန်နှင့် အနက်ရောင် ရာဘာကက်ဦးထုပ်နှင့်။ ထိုသူကား အေရိုလင်ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ဖောက်ကားရေးဌာန တာဝန်ခံ၊ ဒုတိယဥက္ကဋ္ဌ မစ္စတာရှယ်လီပင် ဖြစ်သည်။

'ရေကူးပါလား' သူက ပြောသည်။

အဒမ်က ခေါင်းခါလိုက်ပြီး-

'ကျွန်တော် ရေကူးဝတ်စုံ မေ့ကျန်ရစ်တယ်'

'ရပါတယ်၊ ပေါလ်ဆီ သွားယူလိုက်ပါ'

အဒမ် တွေဝေသွားသည်။ ငြင်းဖို့တော့ မကောင်း၊ ၂၁ ထပ်တိုက်ကြီးပေါ်တွင် ရေကူးရဖို့ဆိုတာ ရတောင့်ရခဲ အခွင့်အရေး။

'ကောင်းပြီလေ၊ ဒါနဲ့ ပေါလ်က ဘယ်မှာလဲ'

'လာလမ်းအတိုင်း ပြန်ထွက်သွား၊ တစ်ဖက်မှာ စတိုခန်းတွေ့လိမ့်မယ်၊ လူခေါ်ခလုတ် နှိပ်လိုက်၊ သရဲကြီးလို ပေါလ်ပေါ်လာလိမ့်မယ်'

အဒမ်က မစ္စတာရှယ်လီ ပြောသည့်အတိုင်း ဆောင်ရွက်သည်။ ပေါလ်က ဗီရိုတစ်လုံး ပြသည်။ ကိုယ်သုတ်ပဝါကြီးတစ်ထည်နှင့် အဖြူရောင် ရေချိုးဝတ်ရုံကြီးတစ်ထည် ထုတ်ပေးသည်။

အဒမ်သည် သူ့အဝတ်အစားများကို ချွတ်လိုက်သည်။ ရေချိုးဝတ်စုံကြီး ဝတ်သည်။ စတိုခန်းမှ ပြန်ထွက်လာခဲ့သည်။ သူ့အသားအရေ ဖြူရော်နေသည်ကို သတိပြုမိသည်။ မစ္စတာရှယ်လီ၏ အသားအရေကတော့ ဘာကြောင့် ရွှေသို့ရောင်တောက်နေရပါလိမ့်ဟု တွေးမိသည်။

ရေကန်နား ပြန်ရောက်တော့ ဝတ်ရုံကြီး ပြန်ချွတ်လိုက်ပြီး ရေကန်ထဲ ဝုန်းခနဲ ခုန်ချလိုက်သည်။ ရေက ရေခဲရေလို အေးစက်နေသည်။ အဒမ် မျက်နှာ တွန့်ရှုံ့သွားသည်။

'တို့က ရေကန်ရေကို တမင်အေးစက်နေအောင် လုပ်ထားတာ၊ ဒါမှ စိတ်လှုပ်ရှားမှု တစ်မျိုးခံစားရတာပေါ့' ဟု မစ္စတာရှယ်လီက ပြောသည်။

ပထမတော့ အဒမ့်စိတ်ထဲ တော်တော် ကြည်လင်သွားသည်။ သို့သော် အဆော်ကလေးကြာတော့ ချမ်းလွန်းလို့ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လာသည်။ သွားလည်း တဟပ်ဟပ် ဆိုးလာသည်။

မစ္စတာရှယ်လီက သူ့ကိုကြည့်ပြီး သနားလာသဖြင့် ရေကူးရပ်ကာ စတိုခန်းသို့ လာခဲ့ကြသည်။

စတိုခန်းရောက်တော့ ဆက်ထားသော စားပွဲနှစ်လုံးအပေါ်မှာ ထိုင်ကြသည်။

'ဒါနဲ့ ငါ့ကို ဘာကိစ္စ တွေ့ချင်တာလဲ'





မစ္စတာရှယ်လီက မေးသည်။

အဒမ်က တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ရှယ်လီသည် သူ့အပေါ်တွင် အမြဲတမ်း ကောင်းမွန်စွာ ဆက်ဆံလေ့ရှိသော်လည်း ခပ်တည်တည်ဟန်ကတော့ ဘယ်တော့မှ မပျောက်။

'ရေကြောင်းဆွေးနွေးပွဲအကြောင်း အသေးစိတ် သိချင်လို့ပါ' ပေါလ်က သူ့အား စားပွဲပေါ်တွင် ပက်လက်လှဲရန် လက်ဟန်ပြသည်။ 'ကျွန်တော့်ဖောက်သည်တွေက သိပ်သိချင်ကြတယ်၊ အမြဲတမ်း မေးကြတယ်'

'သူတို့က ဘာတွေသိချင်လို့လဲ'

'ဘယ်လိုလူတွေ လိုက်ခွင့်ရှိသလဲ၊ လိုက်နာရမယ့် စည်းကမ်းတွေက ဘာတွေလဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ အေရိုလင်ကုမ္ပဏီက ဘယ်သူ့ကို ဆက်သွယ်ရမှာလဲ ဆိုတာတွေ သိချင်ကြပါတယ်'

'အဲဒါဆိုရင် အမ်တီအိုင်စီ ကော်ပိုရေးရှင်းကို ဆက်သွယ်ပါလို့ ပြော၊ ဖုန်းဆက်ခ ပေးစရာမလိုဘူး၊ ဒါကတော့ မင်း မန်နေဂျာသင်တန်း တက်ချင်လို့ လာပြောတယ် ထင်နေတာ'

'ကျွန်တော် လောလောဆယ် မတက်ချင်သေးပါဘူး' ပေါလ်က အဒမ်၏ ကုပ်ကြောကို နှိပ်သည်။ 'ဒါပေမဲ့ ဖြစ်နိုင်မယ်ဆိုရင် ရေကြောင်းဆွေးနွေးပွဲတော့ ဧည့်သည်အဖြစ် တစ်ခေါက်လောက် လိုက်ကြည့်ချင်ပါတယ်၊ တခြားအရောင်းကိုယ်စားလှယ်ကိုရော လွှတ်တာရှိပါသလား'

'မရှိဘူး၊ ဘယ်သူ့မှ မသွင်ဘူး' မစ္စတာရှယ်လီ မတ်တတ်ထရပ်ပြီး အဝတ်လဲသည်။ 'လိုက်ချင်တဲ့ လူတွေကတော့ အများကြီးပဲ၊ ဒါပေမဲ့ သဘောက သိပ်မကြီးဘူး၊ မလိုက်ချင်ပါနဲ့၊ လိုက်ရင်လည်း ငြီးငွေ့စရာ ဖြစ်နေလိမ့်မယ်၊ ဆွေးနွေးပွဲက ဆေးဝါးကုသနေတဲ့ သမားတော်တွေအတွက် ပညာ နှီးနှောဖလှယ်မှုအဖြစ် အထူးပြုလုပ်တာဖြစ်တော့ သင်္ဘောပေါ်က အခန်းအားလုံးလိုလိုကို ဟောပြောခန်းတွေအဖြစ် ပြောင်းလဲထားတယ်၊ ပျော်စရာ ရွှင်စရာအတွက် အခန်းက မရှိသလောက်ပဲ'

'ကျွန်တော်က အပျော်ခရီးအတွက် လိုက်ချင်တာ မဟုတ်ပါဘူး၊ ဧည့်သည်အဖြစ် လိုက်ချင်တာပါ'

'မဖြစ်ပါဘူး' မစ္စတာရှယ်လီက ခပ်ပေါ့ပေါ့ပြောကာ မှန်ရှေ့သို့ သွားပြီး လည်စည်းတပ်နေသည်။ 'ကိုယ် ဆက်လုပ်ရမယ့် အလုပ်ကိုသာ အစီအစဉ်အောင် စိုက်စမ်းပါ အဒမ်၊ အဲဒါမှ မင်းအတွက် အနာဂတ်တက်လမ်း ရှိတော့မှာပေါ့'

ဆရာဝန်တွေ ရေကြောင်းဆွေးနွေးပွဲမှ ပြန်လာပြီးနောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေကို ဘာကြောင့် စွန့်လွှတ်ကုန်ကြတာလဲဟု အဒမ်က မေးကြည့်ချင်သည်။ သို့သော် မေးရန်အချိန် မဟုတ်ဟု စဉ်းစားမိ၍ မျိုသိပ်ထားလိုက်ရသည်။ ပြီးတော့လည်း ယခုလို မေးလားမြန်းလား လုပ်နေသည်ကို မစ္စတာရှယ်လီက သိပ်ပြီး သဘောကျပုံ မရဟုလည်း အကဲခတ်မိသည်။

ထို့နောက် အဒမ်သည် အ၀တ်အစားပြန်လဲပြီး မစ္စတာရှယ်လီ နောက်မှ လိုက်ကာ မာတ်လှေကားဆီသို့ လျှောက်လာကြသည်။ လမ်းတွင် အဒမ်က ဘာမှမမေးတော့။ မစ္စတာရှယ်လီ မေးသမျှကိုသာ ဖြေလာခဲ့သည်။

*

အဒမ်သည် နယူးယောက်မြို့သို့ ကားမောင်းပြန်လာရင်း အတွေးနက်လာ ခဲ့သည်။ အေရိုလင်ရေကြောင်းဆွေးနွေးပွဲနှင့် ပတ်သက်သော ထူးဆန်းသည့်ဖြစ်ရပ်များ အပေါ်တွင် သံသယစိတ်မှာ တစ်နေ့တခြား တိုးပွားလာသည်။ အထူးသဖြင့် ပါစီဟာမွန် ပျောက်နေခြင်းကြောင့် အဒမ်အဖို့ နေမထိ ထိုင်မသာ ဖြစ်နေမိသည်။ ပြူတိုရီကိုသို့ ပါစီမသွားသေးကြောင်း သိရသောအခါ အဒမ်က သူ့အိမ်သို့ ဖုန်းလှမ်းဆက်ခဲ့သည်။ သို့သော် ဖုန်းကို တစ်ယောက်မျှမကိုင်။

လင်ကွန်းလိုဏ်ခေါင်းလမ်းအတိုင်း ကားမောင်းလာသည်။ အဒမ် ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ သူ ပါစီ၏တိုက်ခန်းကို သွားကြည့်မည်။ ပါစီ ဘယ်သွားသည်ဆိုတာကို အိမ်နီးနားချင်းများက သိကောင်းသိနိုင်သည်။

ပါစီနေသော တိုက်ခန်းမှာ သဲကျောက်ညိုဖြင့် ဆောက်ထားသည့် တိုက်ခန်းဟောင်း ဖြစ်သည်။ တံခါးလေးပေါက်ရှိပြီး ဒုတိယရိပ်သာလမ်းဘက်မှ ၀င်ရသည်။ အခန်း နံပါတ် ၃ (စီ)။ လူခေါ်ခေါင်းလောင်းခလုတ် အောက်နားတွင် ပါစီ၏နာမည်ကို ရေးထားသည်။ အဒမ်က-ခလုတ်ကို နှိပ်လိုက်ပြီး ရပ်စောင့်နေသည်။

ထိုအချိန်တွင် အပြာရောင်ဝတ်စုံဟောင်းကြီးကို ၀တ်ထားသော လူတစ်ယောက်သည် လမ်းကို ထောင့်တန်းဖြတ်ကူးလာရင်း စီးကရက်ကို ပစ်ချပြီး ဖိနှောင့်နှင့် နင်းခြေလိုက်သည်။ သူသည် ဝဲယာနှစ်ဖက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး တိုက်ခန်းဆီသို့ လျှောက်လာသည်။ သူ့လက်တစ်ဖက်က အကျီအိတ်ကို နှိက်လိုက်သည်။

အဒမ်သည် တိုက်ခန်းစောင့်ခလုတ်ကို ထပ်နှိပ်လိုက်သည်။ ဆင်ဝန်ခန်းကလေးတစ်ခုလုံး လူခေါ်ခေါင်းလောင်းသံ ဆူညံသွားသည်။ မည်သူမှ တံခါးလာမဖွင့်။ ကိုယ့်ဘာသာကိုယ် ဖွင့်ပြီး ၀င်လာသည်။ တိုက်ခန်းက ဟောင်းနွမ်းပွက်စီးနေပြီ။ သို့သော် အဒမ်တို့ တိုက်ခန်းလောက်တော့ သန့်ရှင်းသည်။ အောက်





ဘက်မှ တံခါးဖွင့်သံ ကြားရသည်။ သူသည် လှေကားထိပ်သို့ လျှောက်သွားပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

ပါးမြိုင်းမွေးထူလပျစ်နှင့် ရှပ်လက်တို၀တ်ထားသော လူတစ်ယောက် လျှောက်လာသည်။

'ဘာကိစ္စလဲ' ထိုသူက မေးသည်။

'ပါစီဟာမွန်ဆီ လာတာပဲ' အဒမ်က ပြန်ပြောလိုက်သည်။

'သူ့ကို လူတိုင်းက ရှာနေကြတာပဲ' သူက စိတ်မဝင်စားသလို ပြောသည်။ 'သူမရှိဘူး၊ သူ့ကို ဒီမှာမမြင်တာ တစ်လကျော်ပြီ'

'ကောင်းပါပြီ၊ အနှောင့်အယှက် လာပေးတာ ခွင့်လွှတ်ပါခင်ဗျာ'

တိုက်ခန်းစောင့် ပြန်လှည့်ထွက်သွားသည်။ အဒမ် တုံ့ဆိုင်းဆိုင်းဖြင့် လှေကားပေါ်ရပ်နေသည်။ တိုက်ခန်းစောင့် တံခါးပြန်ပိတ်သံ ကြားရသည်။

အဒမ်သည် ရုတ်တရက် စိတ်ကူးရကာ တတိယထပ်သို့ ခြေသံမကြားအောင် တက်လာခဲ့သည်။ အခန်းနံပါတ် ၃ (စီ)ကို ခေါက်လိုက်သည်။ ဘယ်လိုမှ မတုံ့ပြန်။ တံခါးကို တွန်းကြည့်သည်။ တံခါးက သော့ခတ်ထားသည်။ စာရေးထားခဲ့ရကောင်းမလားဟု တွေးမိသည်။ မီးအန္တရာယ်ထွက်ပေါက်သို့သွားသော စင်္ကြံအဆုံးတွင် ပြတင်းတစ်ပေါက်ကို လှမ်းမြင်လိုက်သည်။

အဒမ်သည် သူ့တစ်သက်တွင် တစ်ခါမှမလုပ်ဖူးသော အလုပ်ကို လုပ်ရပြီ။ ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်သို့ ထွက်သည်။ ပါစီတော့ တစ်ခုခု ဖြစ်နေပြီဟု သူ့စိတ်ထဲတွင် ထင်နေသည်။ ထို့ကြောင့် ပါစီ၏အခန်းထဲ ကိုယ်တိုင် ၀င်ကြည့်ချင်သည်။

သူသည် တိုက်ခန်းအပြင်ဘက် နံရံကို တွယ်ချိတ်ကာ ဖြည်းဖြည်း ရွေ့လာသည်။ နောက်ဆုံး ပါစီ၏အခန်း ပြတင်းပေါက်သို့ ရောက်လာသည်။ ပြတင်းပေါက်က နှစ်လက်မလောက် ဟနေသည်။ ဘယ်သူမှ မမြင်နိုင်ပါဘူးဟု တွေးပြီး ပြတင်းပေါက်တံခါးရွက်ကို မြင့်တင်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်မှ ကျော်တက်ကာ အခန်းထဲသို့ ခုန်ဆင်းလိုက်သည်။ အခန်းထဲတွင် နံ့စော်နေသည်။

ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ အိပ်ရာခင်းနှင့် စောင်များ တွန့်လိမ်ပွေရှုပ်နေသောခုတင်ကို ပတ်လာပြီး အဝတ်ဗီရိုကို ဖွင့်သည်။ ဗီရိုထဲတွင် အဝတ်အစားတွေ ပြည့်နေသည်။ ပြန်လှည့်လာပြီး ရေချိုးခန်းထဲ ကြည့်လိုက်သည်။ ရက်တော်တော်ကြာ အသုံးမပြုဘဲထားသည့် လက္ခဏာများ တွေ့ရသည်။

ဧည့်ခန်းသို့ ပြန်လျှောက်လာခဲ့သည်။ စားပွဲပေါ်တွင် သတင်းစာအစောင် တင်ထားသည်။ ခုနစ်ပတ်လောက်က ထုတ်သော သတင်းစာအဟောင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းထဲ ဝင်လာပြန်သည်။ ရေစင်ပေါ်မှ ပန်းကန်ခွက်ယောက်များမှာ မှိုတက်နေကြပြီ။ ဇကန္တ ဒီလူကြီးတော့ တစ်ခုခုဖြစ်နေပြီ ထင်တယ်။

အဒမ်က ယင်းသို့တွေးကာ ပြန်ထွက်ပြီး ရဲကို အကြောင်းကြားရန် ဆုံးဖြတ်လိုက်သည်။

ထိုအခိုက် ခပ်သဲ့သဲ့ အသံတစ်သံ ကြားလိုက်ရသဖြင့် ထိတ်ခနဲလန့်သွားမိသည်။ အသံမှာ တံခါးပိတ်သံမျိုး ဖြစ်သည်။

အဒမ်သည် ငြိမ်ပြီး ရပ်နေသည်။ တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ ဧည့်ခန်းဘက်သို့ ချောင်းကြည့်လိုက်သည်။ အိမ်ရှေ့တံခါးမှ လုံခြုံရေးသံကြိုး ဖြည်းဖြည်းကလေး လှုပ်ခါနေသည်။

အဒမ် ကြက်သီးတွေ ဖျန်းခနဲ ထသွားမိသည်။ ပါစီများ ပြန်လာတာလား။ ဒါဆိုရင်လည်း သူက ဘာဖြစ်လို့ ကိုယ်ရောင်ဖျောက်နေရတာလဲ။

အဒမ်သည် နေရာတွင် မလှုပ်မယှက် ရပ်မြဲ ရပ်နေသည်။ အသံဆက်ကြားရမလားဟု နားစွင့်နေသည်။ ဆယ်မိနစ်လောက် ကြာသွားသည်။ ငါ့စိတ်က ထင်တာဖြစ်မှာပါလေဟု တွေးရင်း ဧည့်ခန်းထဲသို့ လျှောက်လာခဲ့သည်။ အိပ်ခန်းဘက်သို့ စောင်းကြည့်လိုက်သည်။ မီးအန္တရာယ် ထွက်ပေါက်ဘက်မှ တံခါးပွင့်နေသည်။ လိုက်ကာက ဖြည်းဖြည်းကလေး လှုပ်လွင့်နေသည်။ ဧည့်ခန်းကို ဖြတ်ပြေးပြီး ပြတင်းပေါက်မှ ကျော်ဆင်းလျှင် ခဏလေးနှင့် တိုက်ခန်းမှ ပြန်ထွက်နိုင်မည်ဟု တွေးမိသည်။

သို့သော် သူ ပြန်မထွက်နိုင်တော့ချေ။

ပြတင်းပေါက်သို့ ပြေးလာခိုက် အဝတ်ဗီရိုနောက်ကွယ်မှ လူတစ်ယောက် ရုတ်တရက် ထွက်လာသည်။ အဒမ်က ဘာမှမလုပ်လိုက်နိုင်မီတွင်ပင် သူ့ဝမ်းဗိုက်ကို လက်သီးဖြင့် ပြင်းထန်စွာ အထိုးခံလိုက်ရပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားဆဲလတော့သည်။

❖

[၉]

ဂျင်နီဖာသည် လပတ်စမ်းသပ်စစ်ဆေးရန် မီးယပ်ပါရဂူများဆေးခန်းသို့ ရောက်လာသောအခါ ခါတိုင်းထက် လူနည်းနေသည်ကို သတိပြုမိသည်။ သူ့အလှည့်ကို ထိုင်စောင့်ရင်း မဂ္ဂဇင်းတစ်စောင်ကို ကောက်ဖတ်သည်။ သို့သော် စိတ်က စာထဲတွင် မရှိဘဲ တခြားသို့သာ ရောက်နေသည်။

ဒေါက်တာဗန်ဒါမား ဆွေးနွေးပွဲသွားတတ်နေသည့် အတောအတွင်း သူနှင့် သူ့ကလေးတို့ ဘာမှမဖြစ်ပါစေနဲ့ဟု နေ့တိုင်းကျိတ်ပြီး ဆုတောင်းနေခဲ့ရသည်။ ဒေါက်တာဗန်ဒါမား၏ မာဆတ်ဆတ် အမူအရာကို ဂျင်နီဖာက မကြိုက်သည့်တိုင်အောင် နောက်ထပ် ဆရာဝန်တစ်ယောက် ပြောင်း၍ မပြချင်။ ဒေါက်တာဗန်ဒါမားနှင့်ပင် ဆုံးခန်းတိုင် ကုသချင်သည်။

နောက် ၁၅ မိနစ်အကြာတွင် ဂျင်နီဖာအား စမ်းသပ်ခန်းသို့ ခေါ်လာသည်။ သူသည် အဝတ်အစားများကိုချွတ်၍ သူနာပြုဆရာမ နန်စီပေးသော စက္ကူဝတ်ရုံကြီးကို ဝတ်သည်။

‘ဒေါက်တာ ခရီးထွက်ကာ တော်တော်ပျော်ခဲ့မှာပေါ့နော်’

ဂျင်နီဖာက ဆရာမအား မေးသလိုလို ပြောလိုက်သည်။

‘ပျော်မှာပေါ့’

ဆရာမက ခတ်ပြတ်ပြတ် ပြန်ပြောသည်။ သူက ဂျင်နီဖာအား ပုလင်းကလေးတစ်လုံးပေးကာ အိမ်သာခန်းထဲသွားပြီး ဆီးနမူနာထည့်ပေးရန် ပြောသည်။ ဆရာမလေသံကို ဂျင်နီဖာက သိပ်ပြီးမကြိုက်။ သို့သော် ဘာမှတော့ပြန်မပြော။

ဂျင်နီဖာ ပြန်ထွက်လာသောအခါ ဒေါက်တာဗန်ဒါမား ရောက်နေပြီ။

‘ခဏနေပါဦး၊ ကျွန်မ မပြီးသေးဘူး၊ သွေးတိုင်းပြီး ပေါင်ချိန်ရဦးမယ်’

နန်စီက ပြောသည်။

‘လုပ်ဗျါ၊ ငါက လာနှုတ်ဆက်တာပါ၊ ဘယ့်နှယ် နေကောင်းတယ်နော် ဂျင်နီဖာ၊ ရုပ်ကတော့ နေကောင်းတဲ့ရုပ်ပဲ’

ဒေါက်တာဗန်ဒါမား၏ အသံရော ဟန်ရော ခါတိုင်းနှင့် လုံးဝမတူဘဲ ထူးထူးခြားခြား သိမ်မွေ့နေသည်။ ဂျင်နီဖာ အံ့သြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ နေကောင်းပါတယ် ဒေါက်တာ'

'ကဲ၊ လုပ်စရာရှိတာ လုပ်၊ နန်စီ ပြီးတော့မှ ငါ ပြန်လာခဲ့မယ်'

အခန်းတံခါး ပြန်ပိတ်သွားသည်။

ဆရာမ နန်စီက ပြန်ထွက်သွားသော ဒေါက်တာဗန်ဒါမားကို လှမ်းကြည့်ရင်း ပြောသည်။

'ဘုရားရေ... သူနဲ့တော့ တစ်ဒုက္ခပဲ၊ ခုတလော သူ ဘယ်လိုဖြစ်နေမှန်း မသိဘူး၊ ခရီးထွက်တာက ပြန်လာပြီးကတည်းက တစ်မျိုးကြီးဖြစ်လာသလိုပဲ၊ လူနာတွေအပေါ်မှာတော့ အရင်ကထက် သိပ်ကောင်းတာ မှန်ပါရဲ့၊ ဒါပေမဲ့ ကျွန်မ အလုပ်ကျတော့ အမြဲတမ်း အနှောင့်အယှက်လုပ်တယ်၊ ဟိုတုန်းက ဒီလိုမဟုတ်ပါဘူး၊ အို... အဲ... လာ'သူက ဂျင်နီဖာဘက်သို့ လှည့်ပြီး 'သွေးတိုင်းပြီး ပေါင်ချိန်မယ်'

ဆရာမ နန်စီ ကိစ္စပြီးတော့ ဒေါက်တာဗန်ဒါမား ပြန်ဝင်လာသည်။

'ကိုင်း... ငါ ကြည့်စမ်းမယ်၊ ကိုယ်အလေးချိန်က ကောင်းသားပဲ၊ အထွေအထူး ဘာတွေများ ဖြစ်သေးသလဲ''

'ကျွန်မ သွေးကို သွေးပေါင်မချိန်ရသေးဘူး'

'ရပါတယ်၊ တို့ စကားပြောနေတုန်းချိန်ပါလား'

နန်စီက မကျေနပ်ဟန်ဖြင့် မကြားတကြား ညည်းလိုက်ပြီး သွေးတိုင်းကိရိယာကိုယူကာ အခန်းထဲမှ ပြန်ထွက်သွားသည်။

'စိတ်ထဲမှာရော ဘယ်လိုခံစားနေရသလဲ'

ဒေါက်တာဗန်ဒါမားက ထပ်မေးပြန်သည်။

ဂျင်နီဖာက ဒေါက်တာ့မျက်နှာကို စိုက်ကြည့်နေသည်။ မျက်နှာပေါ်ကတော့ မူလအတိုင်းပင် လှနေတုန်းဖြစ်သည်။ သို့သော် ဖြူရော်ပြီး နွမ်းနယ်နေသည်။ ဆံပင်တွေကလည်း ယခင်ထက် ရှည်နေသည်။

'ကျွန်မ ဘယ်လိုမှ မခံစားရပါဘူး ဒေါက်တာ၊ နေလို့လည်း ကောင်းပါတယ်'

'ဒါပေမဲ့ မင်းကြည့်ရတာ သိပ်ပြီး တက်တက်ကြွကြွ မရှိသလိုပဲ'

'ဟုတ်ကဲ့၊ အဲဒါကတော့ ကျွန်မ နည်းနည်းမောသလို ဖြစ်နေပါတယ်၊ မနက်တိုင်း အော်ဂလီဆန်တာကလည်း ပိုပြီးတောင် ဆိုးလာသေးတယ်၊ စာတော်တော် စားမယ့်လည်း မရဘူး ဒေါက်တာ'

'ဒီ ကိုယ်ဝန်နဲ့ပတ်သက်ပြီး ဘယ်လိုခံစားရသလဲ၊ တစ်ခါတစ်ရံ တို့ရဲ့ ကျန်းမာရေးကိစ္စမှာ စိတ်ခံစားချက်က အရေးပါတတ်တယ်'





ဂျင်နီဖာက ဒေါက်တာ့ မျက်နှာကို ကြည့်လိုက်ပြန်သည်။ သူ တကယ် အလေးအနက် ပြောနေခြင်းဖြစ်သည်။

'အမှန်အတိုင်း ပြောရရင်' ဂျင်နီဖာက ပြောသည်။ 'အခုလို ကိုယ်ဝန်ရှိလာတာ ကျွန်မ ဝမ်းသာဝမ်းနည်း ခံစားနေရတယ် ဒေါက်တာ'

ဂျင်နီဖာသည် သည်စကားကို သူ့မိခင်ကြီးကိုပင် မပြောရသေး။ ဒေါက်တာဗန်ဒါမား တစ်ဦးတည်းကိုသာ ပထမဆုံးပြောပြခြင်း ဖြစ်သည်။ သို့သော် ဒေါက်တာက ဂျင်နီဖာ၏ပြောပြချက်ကို မကျေမနပ်ဖြစ်ပုံ မပြ။

'နောက်တစ်ကြိမ် ပြန်စဉ်းစားတာဟာ အမှန်တရားနဲ့ ပိုပြီးနီးစပ် တတ်တယ်' ဒေါက်တာက လေသံအေးအေးနှင့်ပြောသည်။ 'အဲဒီတော့ မင်းစိတ်ထဲမှာ အမှန်ဖြစ်ပေါ်နေတာကို နောက်တစ်ကြိမ် ထပ်ပြီး ပြောပြပါဦးလား'

ဂျင်နီဖာက ဒေါက်တာ့အပေါ်တွင် ပို၍ ယုံကြည်လာသည်။

သို့နှင့် သူ့အကြောင်းကို အသေးစိတ် ပြောပြတော့သည်။

သူ ကိုယ်ဝန်ရှိလာ၍ အလုပ်မှ ထွက်ရသောကြောင့်လည်းကောင်း၊ အဒမ်နှင့် မကြာခဏ စကားများရသောကြောင့်လည်းကောင်း သူ စိတ်မချမ်းမသာ ဖြစ်နေရကြောင်း ပြောပြသည်။ ဒေါက်တာပြောခဲ့သလို ယခုအချိန်တွင် သူတို့ လင်မယားအနေဖြင့် ကလေးယူရန် မသင့်ကြောင်း ယခုမှ သူ ကောင်းကောင်း သဘောပေါက်မိသည်ဟုလည်း ပြောပြသည်။ သူက စကားပြောရင်း ငိုလည်း ငိုသည်။ သို့သော် ဒေါက်တာက ဘယ်လိုမှ ခံစားချက်မရှိသလို နားထောင်နေသည်။ သူ့အမူအရာကလေးကတော့ လေးနက်သည်။ သို့သော် ဘယ်လိုမှန်းမသိ တစ်မျိုးဖြစ်နေသလို ထင်ရသည်။ နီးလျက်နှင့် ဝေးကွာနေသလို ထင်ရသည်။

နောက်ဆုံး သူက အေးအေးကလေး ပြောသည်။

'အခုလို ပွင့်ပွင့်လင်းလင်း ပြောပြတာ ကောင်းပါတယ်၊ ခံစားချက်ကို ကျိတ်မှိတ်ခံနေတာဟာ ကျန်းမာရေးအတွက် မကောင်းပါဘူး၊ တကယ်တော့ ဒါဟာ မနက်တိုင်း ဆက်တိုက် အော်ဂလီဆန်နေတာနဲ့လည်း ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်၊ အော်ဂလီဆန်တာဟာ အခုလောက်ဆို ပျောက်သွားဖို့ ကောင်းပြီ၊ ဒီတော့ ဆေးတစ်မျိုးပြောင်းပြီး ပေးကြည့်မှ ကောင်းမယ်ထင်တယ်' သူက အခန်းထဲသို့ ပြန်ဝင်လာသော နန်စီဘက်သို့ လှည့်ပြီး 'စတိုခန်းသွားပြီး ပရက်ဒိုလင် လက်တစ်ဆုပ်လောက် ယူခဲ့စမ်းပါ နန်စီ'

နန်စီ ပြန်ထွက်သွားသည်။

'ကဲ... စမ်းသပ်ကြည့်ရအောင်'

စမ်းသပ်ရာတွင် အသဲလိုင်း စမ်းသပ်နည်းလည်း ပါဝင်သည်။ ကျွန်နည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အသံလွှန်လှိုင်းများက ဝမ်းတွင်းမှ ကလေးငယ်၏ တစ်ရှူးများကို သွား၍ ရိုက်ခတ်ပြီး ပုံရိပ်များ ပေါ်စေသောနည်းဖြစ်သည်ဟု ဒေါက်တာက ရှင်းပြသည်။ သို့သော် ဂျင်နီဖာကတော့ တစ်လုံးမှ နားမလည်။ ဤနည်းနှင့် စမ်းသပ်ခြင်းဖြင့် မိခင်ကိုရော၊ ကလေးကိုပါ တစ်စုံတစ်ရာ အန္တရာယ်မဖြစ်စေနိုင်ဟုလည်း ဒေါက်တာက အာမခံသည်။ စက်မှုပညာရှင်တစ်ယောက် ဝင်လာပြီး စမ်းသပ်ရန် လုပ်သည်ကို ဒေါက်တာဗန်ဒါမားက ခွင့်မပြုဘဲ သူကိုယ်တိုင် စက်ကိရိယာကို တပ်ဆင်ပြီး စမ်းသပ်သည်။ ရုပ်မြင်သံကြားပုံရိပ် မှန်ပြင်မှာကဲ့သို့ပင် ကလေးငယ်၏ ပုံရိပ်ကို ဂျင်နီဖာ မြင်နေရသည်။

'ယောက်ျားလေးလား၊ မိန်းကလေးလားဆိုတာ မသိချင်ဘူးလား'

ဒေါက်တာက မေးသည်။

'သိချင်တာပေါ့ ဒေါက်တာ'

ဂျင်နီဖာ စိတ်မပါသလို ပြောသည်။

'အတိအကျတော့ ပြောလို့မရဘူး၊ သို့သော် ငါ့အထင်ကို ပြောရရင်တော့ ယောက်ျားလေးဖြစ်မှာပဲ'

ဂျင်နီဖာက ခေါင်းညိတ်လိုက်သည်။ သူ့အဖို့တော့ ဘာကလေးပဲ မွေးမွေး၊ အတူတူပါပဲဟု ထင်သည်။ သို့သော် အဒမ်ကတော့ ဘယ်လိုခံယူမှာလဲ မသိ။

ဒေါက်တာ ဗန်ဒါမားသည် စားပွဲတွင် ဝင်ထိုင်ပြီး စမ်းသပ်တွေ့ရှိချက်များကို ရေးမှတ်သည်။ သူက နန်စီကို ပြန်လွှတ်လိုက်သည်။ နန်စီသည် မျက်နှာမသာမယာဖြင့် ပြန်ထွက်သွားသည်။

ဂျင်နီဖာသည် ဒေါက်တာရှေ့တွင် လာထိုင်သည်။ ဒေါက်တာဗန်ဒါမားက စာငုံ့ရေးနေရာမှ ခေါင်းထောင်လာပြီး–

'အော်ဂလီဆန်တာကလွဲရင် မင်း အခြေအနေအားလုံး ကောင်းပါတယ်၊ အော်ဂလီဆန်တာလည်း မကြာခင် ပျောက်သွားမှာပါ' ဒေါက်တာက ပရက်ဒီုလင်ဆေးပုလင်းကို ကမ်းပေးသည်။ 'တစ်ကြိမ် တစ်လုံး၊ တစ်နေ့ သုံးကြိမ်'

ဂျင်နီဖာ ခေါင်းညိတ်လိုက်ပြန်သည်။

'ကဲ… ဒီတော့ မင်းကို ငါ နှစ်ချက် ပြောစရာရှိတယ်၊ ပထမအချက်က နောက်တစ်ကြိမ်ဆိုရင် မင်းကို ငါ ဂျူလီယံဆေးရုံမှာပဲ စမ်းသပ်တော့မယ်'

ဂျင်နီဖာ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့ရှေ့တွင် ခုတင်ပေါ်မှ ချယ်ရီလိမ့်ကျသွားပုံကို ရုတ်တရက် မြင်ယောင်မိသည်။ ကြမ်းပြင်ပေါ်မှ သွေးကွက်များကိုပါ မြင်ယောင်လာပြီး ကျောထဲစိမ့်ခနဲ ဖြစ်သွားသလို ခံစားလိုက်ရသည်။

'ဟင်… ဘယ်လိုဖြစ်တာတုန်း၊ နေမကောင်းဘူးလားဟင်'

ဂျင်နီဖာ့ခေါင်းထဲ မူးမူးဝေဝေ ဖြစ်လာသည်။





ဒေါက်တာက ဖေးမပြီး စမ်းသပ်စားပွဲတွင် ပြန်လှဲပေးသည်။

'ကျွန်မ ဘယ်လိုဖြစ်သွားမှန်းမသိဘူး ဒေါက်တာ၊ ဒါပေမဲ့ ခုတော့ နေကောင်းသွားပါပြီ၊ ဒါနဲ့ ကျွန်မကို ဘာဖြစ်လို့ ဂျူလီယံဆေးရုံကို ပြောင်းမှာလဲ ဒေါက်တာ'

'ဘာဖြစ်လို့လဲဆိုတော့ ငါက အဲဒီကိုပြောင်းပြီး လုပ်တော့မယ်လေ' သူက သွေးခုန်နှုန်းကို စမ်းကြည့်သည်။ 'ပုဂ္ဂလိကဆေးခန်း ဖွင့်စားရတာကို ငါ ငြီးငွေ့လာပြီ၊ ဂျူလီယံဆေးရုံက သိပ်ကြီးကျယ်တယ်၊ ဆေးဝါးပစ္စည်း အပြည့်အစုံရှိတယ်၊ အဲဒီမှာ ကုသရတာ ပိုကောင်းတာပေါ့၊ ကဲ… ဘယ်လိုနေသေးလဲ၊ သက်သာသွားပြီလား'

ဂျင်နီဖာ ခေါင်းညိတ်လိုက်ပြန်သည်။

'မင်း ကိုယ်ဝန်ရှိပြီးမှ အခုလို မူးမေ့သွားတာ ဒါ ပထမဆုံးပဲလား'

'ဟုတ်ကဲ့ပါ'

ထို့နောက် ဂျင်နီဖာက ချယ်ရီဖြစ်ပုံကို အသေးစိတ် ပြန်လည်ပြောပြလိုက်သည်။

'အင်း… မင်းအတွက်တော့ တော်တော်ဆိုးတဲ့ အတွေ့အကြုံပါပဲ၊ အထူးသဖြင့် အခုလို ကိုယ်ဝန်ရှိနေတုန်း အဲဒီလိုအဖြစ်မျိုး မြင်ရတာ မကောင်းဘူး၊ ဒါပေမဲ့ အဲဒီလို အတွင်းသွေးခဲတာမျိုးက အင်မတန် ဖြစ်ခဲပါတယ်၊ ဒါက ဂျူလီယံဆေးရုံအပြစ်လည်း မဟုတ်ပါဘူး၊ အဲဒီကိစ္စ ငါလည်း ကြားပါတယ်၊ ငါသိရသလောက်ဆိုရင် အဲဒီမစ္စတက်ဒီစကိုက သူ့ရဲ့ ဆေးကုသမှုနောက်ကြောင်း ရာဇဝင်ကို အကုန်မပြောဘဲ ချန်ထားတယ်ဆိုပဲ၊ သူက မူးယစ်ဆေးဝါး အလွန်အမင်း သုံးစွဲနေသူဆိုတော့ တချို့နေရာတွေမှာ စမ်းသပ်စစ်ဆေးလို့ လုံးဝမရဘူး၊ တကယ်လို့ သူကသာ အမှန်အတိုင်း ဖွင့်ပြောခဲ့ရင် သူမသေနိုင်ဘူးဆိုတာ ငါ ကျိန်းသေပြောနိုင်ပါတယ်၊ ငါ ဒီလိုပြောရတာ မင်းက ဂျူလီယံဆေးရုံအပေါ် သံသယဖြစ်နေမှာ စိုးလို့ပါ၊ မစိုးရိမ်ပါနဲ့၊ ဘာမှမဖြစ်စေရပါဘူး'

'ကျွန်မ ချယ်ရီနဲ့ လိုက်မသွားခင်က အဲဒီဆေးရုံအကြောင်း ကောင်းသတင်းတွေ ကြားခဲ့ပါတယ်၊ ဆရာ ဆရာမတွေအားလုံး ဆက်ဆံရေး သိပ်ကောင်းတာကိုတော့ ကျွန်မ ဒီနေ့အထိ စွဲနေတုန်းပါပဲ'

'ငါ အဲဒီပြောင်းတာ အဲဒါလည်း တစ်ကြောင်းပါတယ်၊ ပုဂ္ဂလိကဆေးခန်း ဖွင့်စားနေတဲ့ ဆရာဝန်တွေ စီးပွားရေးဆန်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခွက်စောင်းခုတ်နေကြတယ်၊ ဂျူလီယံဆေးရုံက ဆရာဝန်တွေက အဲဒီလိုမဟုတ်ဘူး၊ ပညာရပ်ကို လေးစားတယ်၊ လူနာကို ကြင်နာတယ်'

ဂျင်နီဖာ ထ၍ ထိုင်သည်။ နေလို့ ထိုင်လို့ ကောင်းသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



'နေကောင်းသွားပြီလား'

'ဟုတ်ကဲ့၊ ကောင်းသွားပြီ ထင်တာပဲ'

'အဲဒီတော့ ဒုတိယအချက်အနေနဲ့ ပြောချင်တာက သန္ဓေသားဗီဇ စစ်ဆေးမှုလုပ်ဖို့ကိစ္စပဲ'

ဂျင်နီဖာက ရုတ်တရက် လန့်သွားမိသည်။ သို့သော် ကြာတော့ မကြာ။

'ဒါဆို ဒေါက်တာက စိတ်တစ်မျိုးပြောင်းသွားပြီပေါ့'

သူ့စကားက မေးခွန်းမဟုတ်၊ ရိုးရိုးပြောလိုက်ခြင်းမျှသာ။

'အဲဒါမှန်တယ်၊ မင်း မောင်ကလေးရဲ့အဖြစ်က ဝမ်းတွင်းပါ ဖြစ်ရမယ်လို့ အစကတည်းက ငါ ယူဆခဲ့တယ်၊ ဆိုလိုတာက ကိုယ်ဝန်ရှိလာပြီးတဲ့နောက်မှာ ကိုယ်အင်္ဂါအပြောင်းအလဲ ဖြစ်သွားတာကို ပြောတာ၊ မင်း မောင်ကလေး ဆုံးသွားတဲ့ ဆေးရုံက ဆလိုက်ပုံတွေကို ငါ ယူကြည့်တယ်၊ ဓာတ်ခွဲခန်းမှာ စစ်ဆေးကြည့်တဲ့အခါ မျိုးဆက်လိုက်နိုင်တဲ့ အခြေအနေရှိတာ တွေ့ရတယ်၊ အဲဒီလိုဖြစ်နိုင်ခြေရှိနေတာကို တို့က ဘာမှမလုပ်ဘဲ နေလိုက်ရင် မှားသွားနိုင်တယ်၊ ခေတ်မီပစ္စည်းကိရိယာတွေ အပြည့်အစုံရှိနေပါလျက်နဲ့ လုပ်သင့်တာ မလုပ်ရင် တို့ဘက်က ချို့ယွင်းချက်ဖြစ်သွားမယ်'

'အဲဒီလိုစစ်ဆေးကြည့်ရင် ကျွန်မကလေးလည်း အဲဒီလိုပဲ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ အတိအကျသိရမှာလား ဒေါက်တာ'

'ဒါပေါ့၊ အတိအကျသိရမှာပေါ့၊ ဒါပေမဲ့ မြန်မြန်လုပ်ဖို့တော့ လိုလိမ့်မယ်၊ အဖြေသိရဖို့က အချိန်အတော်ကလေးကြာမှာ၊ အဲဒီတော့ သိပ်အချိန်ဆွဲလို့မဖြစ်ဘူး၊ ထင်တဲ့အတိုင်း မှန်နေရင် တစ်ခုခုလုပ်ဖို့ အချိန်နှောင်းသွားနိုင်တယ်'

'တစ်ခုခုလုပ်ဖို့ဆိုတာ ကိုယ်ဝန်ဖျက်ချဖို့ကို ပြောတာလား'

'ဒါပေါ့၊ ဖြစ်နိုင်ခြေကတော့ အများကြီး နည်းပါတယ်၊ ဒါပေမဲ့ အခုလို ကိုယ်ဝန်ရှိလာတဲ့အတွက် မင်းအနေနဲ့ ဝမ်းသာဝမ်းနည်း ဖြစ်နေရတယ်ဆိုတော့ ဒီကိစ္စကို မလုပ်နိုင်စရာ မရှိပါဘူး'

'ဒါပေမဲ့ ကျွန်မယောကျ်ားနဲ့ ကျွန်မမိဘတွေကို တိုင်ပင်ကြည့်ပါရစေဦး ဒေါက်တာ'

သန္ဓေသားစစ်ဆေးမှု လုပ်ရမည်ဆို၍ စိတ်လှုပ်ရှားစွာဖြင့် ဂျင်နီဖာ ပြန်လာခဲ့သည်။ သို့သော် ဒေါက်တာဗန်ဒါမားက သူ့အပေါ် ဂရုတစိုက်ရှိသောကြောင့် ဝမ်းသာမိသည်။ မူလက ဒေါက်တာအပေါ် တစ်မျိုးထင်ခဲ့မိတာများကြောင်း အဒမ့်ကို ပြောပြရဦးမည်။

*

အဒမ်က သတိတော့မလွတ်။ သူ့ကို ဧည့်ခန်းထဲ ဆွဲယူသွားပြီး ဆိုဖာခုံရှည်ပေါ်သို့ ဆွဲတင်လိုက်ကြောင်း ခပ်ဝါးဝါး သတိရနေသည်။ ထို့နောက် သူ့ ပိုက်ဆံအိတ်ကို နှုတ်ယူပြီး ပြန်ထားသည်ကိုလည်း သိနေသည်။

သူ ကြည်ကြည်လင်လင် သတိပြန်ရလာသောအခါ ခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက် မျက်မှန်ကို လိုက်ရှာသည်။ မျက်မှန်ကို သူ့လက်ထဲသို့ ထည့်ပေးသည်။ ကမန်းကတန်း ကောက်တပ်လိုက်သည်။ တစ်ခန်းလုံးကို ပြတ်ပြတ်သားသား မြင်လာသည်။

သူ့ရှေ့တွင် လူသန်ကြီးတစ်ယောက် ထိုင်နေသည်။ အပြာရောင်ဝတ်စုံနှင့် ရှပ်အင်္ကျီအဖြူကို ကော်လာဖွင့်၍ ဝတ်ထားသည်။

'မင်္ဂလာနံနက်ခင်းပါ ကိုယ့်လူ၊ အခုလို ပြန်သတိရလာတာ ဝမ်းသာပါတယ်' လူသန်ကြီးက ပြောသည်။

အဒမ်က ကိုယ်ကို လှုပ်ရှားကြည့်သည်။ နာကျင်မှု တစ်စုံတစ်ရာ မရှိ။ သူ အံ့သြနေမိသည်။

'ကဲ… မစ္စတာဖွန်းဘတ်၊ ခင်ဗျား ရဲစခန်းမလိုက်ချင်ရင် ကျုပ်ကို အမှန်အတိုင်း ပြောစမ်းပါ၊ ခင်ဗျား ဒီတိုက်ခန်းမှာ ဘာလာလုပ်တာလဲ'

'ဘာမှမလုပ်ပါဘူး'

သူက လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

'ဒီလောက်ကလေးပြောရုံနဲ့ ဘယ်ရပါ့မလဲ'

လူသန်ကြီးက ယင်းသို့ပြောပြီး စီးကရက် ညှိသောက်သည်။ မီးခိုးကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်သည်။

'အဲဒီအတိုင်းပဲ ကျွန်တော် ထပ်ပြောရမှာပဲ'

လူစိမ်းက အဒမ်အား အင်္ကျီရင်ဘတ်မှ ကိုင်ဆွဲလိုက်ပြီး–

'ကျုပ်က မလိုအပ်ဘဲနဲ့ အကြမ်းမလုပ်ချင်ဘူး ကိုယ့်လူ၊ ကျုပ်ပြောတာ သဘောပေါက်လား'

အဒမ်က ခေါင်းညိတ်လိုက်သည်။

လူစိမ်းက သူ့လက်ကို ပြန်သိမ်းလိုက်သည်။

'ဒါဆို ကောင်းပြီ၊ အစက ပြန်စမယ်၊ ခင်ဗျား ဒီတိုက်ခန်းမှာ ဘာလာလုပ်တာလဲ'

'ပါစီဟာမွန်က ကျွန်တော့်မိတ်ဆွေပါ၊ အဲလေ… မိတ်ဆွေပဲ ဆိုပါတော့၊ ကျွန်တော်က အေရိုလင်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်၊ ပါစီက ကျွန်တော့်ကို မြို့ထဲလှည့်ပြီး လုပ်ငန်းတွေ လိုက်သင်ပေးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းက မသိမသာ ခေါင်းညိတ်သည်။ အဒမ့်စကားကို လက်ခံသည့်ပုံမှုုး။ အဒမ်က ဆက်ပြောသည်။

'သူက ကျွန်တော့်ဆီ ဖုန်းဆက်မယ်လို့ ပြောထားတယ်၊ ဒါပေမဲ့ ဘယ်တော့မှ မဆက်ဘူး၊ ကျွန်တော်က ဆက်တော့လည်း ဖုန်းကို မကိုင်ဘူး၊ ဒါနဲ့ သူ ဘယ်လိုများဖြစ်နေသလဲလို့ ကျွန်တော် လာကြည့်တာပါ'

'ဒီလောက်နဲ့မရသေးဘူး၊ ခင်ဗျားက ဘာဖြစ်လို့ တိုက်ခန်းထဲ ခိုးဝင်ရတာလဲ'

'ဒါက အမှတ်မထင် ဖြစ်သွားရတာပါ၊ ဒီလိုလာကြည့်ရင်း မထူးပါဘူးလေ၊ အခန်းထဲထိ သွားကြည့်မှပဲဆိုပြီး ရိုးရိုးတန်းတန်း ဝင်ကြည့်မိတာပါ'

လူစိမ်းက ဘာမှမပြော၊ ငြိမ်ပြီး စဉ်းစားနေသည်။ ဤတွင် အဒမ်က စိုးရိမ်လာပြီး ခပ်မြန်မြန်ကလေး ပြောလိုက်သည်။

'ကျွန်တော်က ပါစီကို သိပ်ခင်တယ်၊ ဒါကြောင့် သူ့အတွက် စိုးရိမ်မိပါတယ်၊ သူ ပြူတိုရီကိုမှာ သင်တန်းသွားတက်မယ်လို့လည်း သိရတယ်၊ ဒါပေမဲ့ သင်တန်းလည်း မတက်ဖြစ်ပါဘူး'

လူစိမ်းသည် ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

'ကျွန်တော်သိတာကတော့ ဒီလောက်ပါပဲ၊ ကျွန်တော် သူနဲ့လည်း နောက်ထပ် မတွေ့ရတော့ဘူး'

'ခင်ဗျားပြောတာ ကျုပ် ယုံပါပြီ'

အဒမ်သည် မျက်ရည်ထွက်မိသည်အထိ ဝမ်းသာသွားသည်။

သူစိမ်းက စီးကရက်တိုကို ပြာခွက်ထဲ ပစ်ထည့်လိုက်သည်။ ထို့နောက် အကျီအိတ်ထဲမှ ကတ်ပြားတစ်ခု နှိုက်ယူပြီး အဒမ့်ရှေ့ ထိုးပြသည်။ ကတ်ပြားပေါ်တွင် 'ရောဘတ်မာလို၊ အလွတ်စုံထောက်'ဟု ရေးထားသည်။ ကတ်ပြားလက်ယာဘက် အောက်နားတွင်တော့ တယ်လီဖုန်းနံပါတ်။

ရောဘတ်မာလိုက ပြောသည်။

'ပြီးခဲ့တဲ့ ခြောက်ပတ်လောက်က ပါစီဟာမွန်ဟာ နယူးနာဝီပြည်နယ်၊ ဒိုတ်လီမြို့က ဂျပန်စားတော်ဆက်တစ်ခုမှာ စားသောက်ပြီး ပြန်ထွက်သွားတယ်၊ အဲဒီကတည်းက သူ အိမ်ကို လုံးဝပြန်မရောက်တော့ဘူး၊ ကျုပ်ကို သူ့မိဘတွေက ငှားလို့ ကျုပ်လိုက်ပြီး ထောက်လှမ်းနေတာ၊ ကျုပ် ဒီတိုက်ခန်းကို စောင့်ကြည့်နေတာ တော်တော်ကြာပြီ၊ မိန်းကလေးတစ်ယောက် နှစ်ယောက်ကလွဲပြီး ယောကျ်ားဆိုလို့ ခင်ဗျားတစ်ယောက်ပဲ လာသေးတယ်'

'ဒါနဲ့ သူ ဘာဖြစ်နိုင်တယ်ဆိုတာ ခင်ဗျား တွေးမိသလား'





'အချိန်တန်တော့ သိရမှာပေါ့၊ ခင်ဗျားသိချင်ရင် ကျုပ်ဆီ ဖုန်းဆက်မေးနိုင်တယ်'

*

အဒမ် သူတို့တိုက်ခန်း ပြန်ရောက်တော့ ဂျင်နီဖာ မရှိ။ ရင်ထဲထိတ်ခနဲ ဖြစ်သွားမိပြန်သည်။ တချိန်တည်းတွင် ဒေါသလည်း ဖြစ်မိသည်။

ဒီမိန်းမ သူ့မိဘဆီ ပြန်သွားပြန်ပြီနဲ့တူတယ်၊ ပြန်သွားလည်း စာကလေးတစ်စောင်တော့ ရေးထားခဲ့သင့်တာပေါ့။

စိတ်ပျက်ပျက်ဖြင့် ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ပြီးတော့ ရုပ်မြင်သံကြားသတင်းဖွင့်ပြီး ကြည့်နေသည်။ တဖြည်းဖြည်းနှင့် မျက်တောင်တွေစင်းလာသည်။

အိမ်ရှေ့တံခါးပြန်ပိတ်သံ ရုတ်တရက် ကြားလိုက်ရသည်။ အဒမ်ကသူ ပါစီဟာမွန်၏ တိုက်ခန်းသို့ ပြန်ရောက်နေသလို ထင်လိုက်မိသည်။

'အံမယ်…တယ်ဟုတ်ပါလား၊ ဒါအလုပ်လုပ်နေတာပေါ့ ဟုတ်လား'

ဂျင်နီဖာက နောက်ပြောင်နေသည်။

အဒမ်က ဘာမှပြန်မပြော။

'ကဲပါ၊ ဘယ်လိုဖြစ်လာတာလဲ၊ ပြောစမ်းပါဦး'

'ကိုယ်က မင်း အိန်ဂျယ်ဂုကို သွားတယ် အောက်မေ့တာ'

အဒမ်က အမေးတခြား အဖြေတခြား ပြန်ပြောသည်။

ဂျင်နီဖာက အဒမ့်ကို ကြောင်ကြည့်နေသည်။ အဒမ့် ခံစားချက်ကို နားမလည်နိုင် ဖြစ်နေသည်။ သူက လက်နှစ်ဖက်ကို ခါးထောက်၍ ပြောလိုက်သည်။

'ဟုတ်တယ်၊ ကျွန်မ မေမေတို့ဆီ သွားခဲ့တယ်'

ရုပ်မြင်သံကြားဘက်သို့ ပြန်လှည့်သွားရင်း–

'ကိုယ်လည်း ထင်သားပဲ'

'အဲဒီတော့ မောင် ဆိုလိုတာက ဘာလဲ'

'ထွေထွေထူးထူး မဆိုလိုပါဘူး'

ဂျင်နီဖာက ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။

'ဒီမှာ မောင်၊ ကျွန်မ မေမေတို့ဆီသွားတာ အကြောင်းရှိလို့ သွားတာပါ၊ ဒေါက်တာဗန်ဒါမားက ကျွန်မ သန္ဓေသားစစ်ဆေးမှုလုပ်ရမယ်လို့ ပြောတယ်၊ အဲဒါ လုပ်သင့် မလုပ်သင့် တိုင်ပင်တာပါ'

'ကောင်းပါတယ်၊ ကိုယ်တို့နှစ်ယောက်ရဲ့ ကလေးကိစ္စကို မင်းမိဘနဲ့ သွားပြီး တိုင်ပင်တာ သိပ်ကောင်းတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အဒမ်က သရော်သံဖြင့် ပြောသည်။

'မောင့်ကိုက နေ့ဘက်မှာ အေးအေးဆေးဆေး မတွေ့နိုင်ဘူး မဟုတ်လား၊ မောင့်ကိုပဲ တိုင်ပင်မလို့ ကျွန်မ စိတ်ကူးထားတာပါ၊ ဒါပေမဲ့ အချိန်ရတုန်း မေမေ့လည်း သွားပြောလိုက်ဦးမှပဲဆိုပြီး သွားတာပါ၊ ပြီးတော့ မေမေက အင်္ဂါမစုံ တဲ့ ကလေးလည်း မွေးဖူးတယ် မဟုတ်လား'

'ဘာပဲပြောပြော ဒီကိစ္စ လုပ်သင့်မလုပ်သင့် ဆုံးဖြတ်ချက်ချရမှာကတော့ ကိုယ်တို့နှစ်ယောက်နဲ့ပဲဆိုင်တယ်' သူ့စကားလွန်များသွားသလား ဟု တွေးမိပြီး တစောင်းလှည့်ရင်း ခုတင်ပေါ်တွင် ထိုင်လိုက်သည်။ 'ပြီးတော့ သန္ဓေသား စစ်ဆေးစရာ မလိုပါဘူးလို့ ဒေါက်တာဗန်ဒါမားက အရင်ကပြောခဲ့ဖူးတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ပြောဖူးပါတယ်၊ ဒါပေမဲ့ ဒီနေ့ သူ ပြောတာကတော့ သူက ကျွန်မ မောင်လေးရဲ့ ဆလိုက်ဖလင်တွေကို စစ်ဆေးကြည့်တော့ ကျွန်မလည်း အဲဒီလိုဖြစ်နိုင်တဲ့ အလားအလာရှိတာ တွေ့ရသတဲ့'

အဒမ်က မတ်တတ်ရပ်ပြီး အကြောဆန့်လိုက်သည်။ မျိုးရိုးဗီဇပညာနှင့် ပတ်သက်၍ သူသိသမျှနှင့် ပြောရလျှင် ဂျင်နီဖာအနေဖြင့် သန္ဓေသား စစ်ဆေးရန် လုံးဝမလိုအပ်။

'ဘာပဲဖြစ်ဖြစ် တခြားပါရဂူတစ်ယောက်ဆီ သွားပြကြည့်သင့်တယ်၊ ကိုယ် သိရသလောက်တော့ ဒေါက်တာဟားဘတ်ဝစ်တယ်မန်းက သိပ်တော်တယ် ဆိုတာပဲ'

ဂျင်နီဖာ ခေါင်းခါလိုက်သည်။

'ကျွန်မ နောက်ထပ် ဘယ်သူနဲ့မှ မပြချင်ဘူး၊ နောက်တစ်ယောက် သွားပြရရင် တစ်မျိုးပြောလိမ့်ဦးမယ်၊ အဲဒါမှ ပြဿနာက ပိုရှုပ်ကုန်မယ်၊ အဲဒီတော့ ကျွန်မ ဒေါက်တာဗန်ဒါမားနဲ့ပဲ ဆက်ပြမယ်၊ ကျွန်မ သူ့ကို အားလည်းကိုးတယ်၊ အခုဆိုရင် သူက ဆက်ဆံရေးလည်း သိပ်ကောင်းလာပြီ၊ အရင်ကနဲ့ လုံးဝမတူ တော့ဘူး'

'အရင်ကနဲ့ မတူတော့ဘူးဆိုတာက ဘာကိုဆိုလိုတာလဲ'

'ဪ...အဲဒါလား၊ အဲဒါက သူ ဆေးပညာဆွေးနွေးပွဲက ပြန်ရောက်ကတည်းက အချိန်လည်း ပိုရလာတယ်၊ လူနာကိုလည်း ပိုပြီး စိတ်ဝင်စားလာတယ်၊ ဟိုတုန်းကလို လောလော လောလော မနေတော့ဘူး'

အခုတော့ အဒမ်က စိတ်ဆိုးဖို့ သတိမရတော့။

'သူ တခြားဘာတွေများ ပြောင်းလဲလာသေးသလဲ'

'သူက ပြောတယ်၊ ပုဂ္ဂလိက ဆေးခန်းဖွင့်စားရတာ ငြီးငွေ့နေပြီတဲ့'





အကျိုးချုပ်ပြီး ရေချိုးခန်းဘက်သွားရင်း 'ဒါကြောင့် ဂျူလီယံဆေးရုံမှာ ပြောင်း လုပ်တော့မယ်တဲ့၊ ကျွန်မလည်း နောက်ဆိုရင် အဲဒီကိုပဲ သွားရတော့မှာ'

အဒမ်သည် ခုတင်ပေါ်တွင် ဖြည်းဖြည်းကလေး ပြန်ထိုင်လိုက်သည်။

'ချယ်ရီဆုံးပြီးကတည်းက ကျွန်မ ဂျူလီယံဆေးရုံကို သွားပြဖို့ ဘယ်တော့မှ စိတ်မကူးခဲ့ဘူး' ဂျင်နီဖာက ရေချိုးခန်းထဲမှ အော်ပြောနေသည်။ 'ဒါပေမဲ့ ဂျူလီယံဆေးရုံက သိပ်ကောင်းတယ်လို့ ဒေါက်တာဗန်ဒါမားက ပြောတယ်၊ အဲဒီက ဆရာ ဆရာမတွေ ဆက်ဆံရေး သိပ်ကောင်းတာကို ကျွန်မကိုယ်တိုင်လည်း မြင်ခဲ့ရတယ်'

အဒမ် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေမိသည်။ ပါစီဟာမွန်တစ်ယောက် ထူးထူးဆန်းဆန်း ပျောက်နေကြောင်းနှင့် အေရိုလင်ကုမ္ပဏီအပေါ်တွင် သံသယဝင်စရာဖြစ်ရပ်များ ရှိနေကြောင်းတို့ကို သူက ဂျင်နီဖာအား လုံးဝ မပြောရသေး။ သို့သော် ယခုအချိန်တွင်မူ ဒေါက်တာ ဗန်ဒါမားလည်း ပါဝင်ပတ်သက်လာပြန်သဖြင့် အဆုံးထိရောက်အောင် တစ်ခုခုတော့ လုပ်ကို လုပ်ရတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

သို့နှင့် သူ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

'ဒေါက်တာဝစ်တယ်မန်းနဲ့ပဲ သွားပြစေချင်တယ် ဂျင်နီဖာ၊ ဒေါက်တာဗန်ဒါမား ဂျူလီယံဆေးရုံ ပြောင်းလုပ်တာကို ကိုယ့်အနေနဲ့ ဘယ်လိုမှ သဘောမကျနိုင်ဘူး'

ဂျင်နီဖာ အံ့ဩစွာ မော့်ကြည့်သည်။ ခုတလော အဒမ်လုပ်နေပုံတွေက ဘယ်လိုမှ နားမလည်နိုင်စရာ ဖြစ်နေပြီ။

'ငါ တကယ် အလေးအနက်ပြောတာပါ'

ရေဇလားကြီးအစွန်ပေါ်မှ ပစ္စည်းတစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် 'ဒါက ဘာလဲ' ဟုမေးရင်း ကောက်ယူလိုက်သည်။

ဂျင်နီဖာက အဒမ့်မျက်နှာကို တစ်လှည့်၊ သူ့လက်ထဲမှ ဆေးပုလင်းကို တစ်လှည့် ကြည့်နေသည်။ ပြီးတော့ တစ်ဖက်သို့ ပြန်လှည့်ကာ မျက်နှာသုတ်ပဝါကို တန်းပေါ်ပစ်တင်လိုက်သည်။

'မင်းကို ငါ မေးနေတယ်'

အဒမ်က အော်ပြောလိုက်သည်။

'ကျွန်မ ဖြေစရာ လိုသေးသလား၊ ပရက်ဒိုလင်ဆေးဆိုတာ မောင်သိသားပဲ၊ ကျွန်မ အော်ဂလီဆန်လို့ သောက်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဖာက ထွက်သွားမည်လုပ်သည်။ အဒမ်က လက်ကို ဖမ်းဆွဲလိုက်ပြီး–

'ဒါ မင်း ဘယ်က ရသလဲ'

သူက ဂျင်နီဖာ့မျက်နှာရှေ့တွင် ဆေးပုလင်းကို ကိုင်လှုပ်ပြရင်း မေးလိုက်သည်။

ဂျင်နီဖာက သူ့လက်ကို ဆွဲရုပ်လိုက်ပြီး–

'ဒေါက်တာဗန်ဒါမား ပေးလိုက်တာ'

'အဲဒါ လုံးဝမဖြစ်နိုင်ဘူး၊ ဒေါက်တာ ဗန်ဒါမားက ဒီဆေးကို ဘယ်တော့မှ မသုံးဘူး'

'မောင်က ကျွန်မ ညာပြောနေတာလို့ ဆိုလိုတာလား'

အဒမ်က ပြာဝါရောင်ဆေးတောင့်ကလေးများကို လက်ထဲသို့ သွန်ချလိုက်သည်။ အေရိုလင်ကုမ္ပဏီထုတ် ပရက်ဒိုလင် ဆေးတောင့်ကလေးတွေ။

'ကျွန်မ မေးနေတာ မကြားဘူးလား'

'ဒီဆေးကို မင်း မသောက်ရဘူး၊ နောက်ထပ် ကျန်သေးသလား'

'ကျွန်မက ဆရာဝန်ညွှန်ကြားချက်အရ သောက်နေတာပါ၊ ဒီနေ့ပဲ ကျွန်မ စသောက်ကြည့်တယ်၊ လုံးဝ အော်ဂလီဆန်တော့ဘူး၊ ကျွန်မကို မောင်ကပဲ ဒေါက်တာဗန်ဒါမားဆီ ပထမဆုံး သွားခိုင်းတာမဟုတ်ဘူးလား'

'ဒါပေမဲ့ နောက်ထပ် မသွားရတော့ဘူး'

သူက မှန်စင်ပေါ်မှ ဂျင်နီဖာ၏ပိုက်ဆံအိတ်ကို လှမ်းယူပြီး ဖွင့်ကြည့်သည်။ အိတ်ထဲတွင် နောက်ထပ်တစ်ပုလင်း ထပ်တွေ့ရသည်။

ဂျင်နီဖာက ပိုက်ဆံအိတ်ကို ပြန်လုရင်း ကြိုးစားရင်း အော်ပြောသည်။

'ပေးစမ်းပါ၊ ကျွန်မအိတ် ပြန်ပေးပါ၊ ဒေါက်တာဗန်ဒါမားကို ကျွန်မ အားကိုးတယ်၊ သူပြောတဲ့အတိုင်း လုပ်ရမယ်'

'မရဘူး၊ ဒီဆေးကို မင်း လုံးဝမသောက်ရဘူး၊ သိပ်အန္တရာယ်ကြီးတဲ့ဆေး'

'အန္တရာယ်ကြီးရင် ဒေါက်တာက ကျွန်မကို ပေးမတဲ့လား၊ ကျွန်မ သောက်ကို သောက်ရမယ်၊ ကျွန်မက ဝေဒနာရှင်ပါ၊ မောင်က ဝေဒနာရှင်မဟုတ်ပါဘူး၊ ပြီးတော့ မောင်က ဆရာဝန်လည်း မဟုတ်ပါဘူး၊ မောင်က ဆေးရောင်းတဲ့လူပါ'

အဒမ်က ဘာမှမပြောဘဲ အိမ်သာစလောင်းဖုံးကို ခြေထောက်နှင့် ကော်ဖွင့်လိုက်သည်။

'ပေးပါ၊ ကျွန်မ ဆေးတွေ ပြန်ပေးပါ'

အဒမ်က ကမန်းကတန်းဖြင့် ပထမဆေးပုလင်းကို အိမ်သာထဲ သွန်ချ





လိုက်သည်။ ဂျင်နီဖာက အဒမ့်လက်ထဲမှ နောက်တစ်ပုလင်းကို အတင်းဆွဲလုကာ အိပ်ခန်းထဲ ပြေးဝင်သွားသည်။ အဒမ်သည် ခေတ္တ အံ့အားသင့်နေပြီးတော့မှ ပြေးလိုက်လာသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်ကြည့်နေကြသည်။ ဂျင်နီဖာသည် ချိုးခန်းထဲ ဝင်ပြေးရာ အဒမ်က တံခါးရွက်ကို ခြေထောက်ဖြင့် ဆီးပြီး ကလန့်ထားလိုက်သည်။ ဂျင်နီဖာက နံရံကို ကျောကပ်ပြီး ဆေးပုလင်းကို လက်နောက်ပြန်ကာ ဖွက်ထားသည်။

'ပေးစမ်းပါ၊ အဲဒီဆေးတွေ ကိုယ့်ပေးစမ်းပါ'

အဒမ်က တောင်းသည်။

ဂျင်နီဖာ ခေါင်းခါသည်။ သူ့ အသက်ရှူမြန်လာသည်။

'ကဲ ... တကယ် မပေးဘူးလား'

အဒမ်က ဂျင်နီဖာ၏ လက်နှစ်ဖက်ကို အတင်းဆွဲပြီး ဆေးပုလင်းကို လုသည်။

'မလုပ်နဲ့၊ ရှင် ဒီလိုအရမ်းမလုပ်ပါနဲ့၊ ကျွန်မ မပေးနိုင်ဘူး'

ဂျင်နီဖာက သွေးရူးသွေးတန်း အော်ပြောသည်။

သို့သော် အဒမ်က အလျှော့မပေး။ ဂျင်နီဖာ၏ လက်နှစ်ဖက်ကို အတင်းဖြုတ်နေသည်။ နှစ်ယောက်သား ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။ ဂျင်နီဖာ၏ လက်များ ပြေလျော့သွားကြသည်။

အဒမ်က ဆေးပုလင်းကိုယူပြီး အိမ်သာထဲ ပစ်ထည့်လိုက်သည်။ ဂျင်နီဖာက အဒမ်၏ကျောပြင်ကို လက်နှင့် အဆက်မပြတ် ထုသည်။ အဒမ်က သူ့လက်နှစ်ဖက်ကို အပေါ်သို့ ရုတ်တရက် မြှောက်လိုက်ရာ ဂျင်နီဖာ၏ ခေါင်းကို မတော်မထင် တိုက်မိသွားသည်။ ဂျင်နီဖာယိုင်သွားပြီး နံရံနှင့် သွားတိုက်မိသည်။ အလွန်အံ့သြသွားသည်။

အဒမ်က သူ့အမှားကို သတိရကာ တောင်းပန်စကားဆိုသည်။ သို့သော် ဂျင်နီဖာက နားမထောင်။

'ရှင်က ဆရာဝန် မဟုတ်ဘူး၊ ကျွန်မဝေဒနာ ကျွန်မပဲ သိတယ်၊ သူပေးတဲ့ဆေး ကျွန်မ စားရမယ်'

ဂျင်နီဖာက ယင်းသို့ပြောပြီး အိပ်ခန်းထဲ ပြေးဝင်လာသည်။ အဝတ်ဗီရိုပေါ်မှ အဝတ်သေတ္တာကို ဆွဲချလိုက်သည်။

'ဒါက ဘာလုပ်မလို့လဲ ဂျင်နီဖာ'

အဒမ်က သိလျက်သားနှင့် မေးလိုက်သည်။ ဂျင်နီဖာက ဘာမှပြန်မပြော။ ဗီရိုထဲမှ အဝတ်အစားတွေ ဆွဲထုတ်ပြီး သေတ္တာထဲသို့သာ သိပ်သွင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ မင်းက အိမ်ကထွက်ပြေးမလို့ပေါ့ ဟုတ်လား၊ ဒီလိုလုပ်လို့ ပြဿနာမပြေလည်နိုင်ပါဘူး ဂျင်နီဖာ'

ဂျင်နီဖာက လှည့်ကြည့်သည်။ သူ့မျက်နှာ နီရဲနေသည်။

'ကျွန်မ အိမ်ပြန်မယ်၊ ကျွန်မ သိပ်ပင်ပန်းနေပြီ၊ နေလို့လည်း မကောင်းဘူး ပြီးတော့ အခုလို တကျက်ကျက် ဖြစ်နေရတာကိုလည်း ကျွန်မ ဘယ်လိုမှ ခံနိုင်ရည် မရှိတော့ဘူး'

'ဂျင်နီဖာ၊ မင်းကို ကိုယ် အများကြီးချစ်ပါတယ်၊ ငါဆေးတွေ သွန်ပစ်တာ အလကား မဟုတ်ပါဘူး၊ ကိုယ်တို့ရင်သွေးလေး အကျိုးအတွက်ပါ'

'ရှင် ဘာပဲလုပ်လုပ် ကျွန်မ ဂရုမစိုက်ဘူး၊ လောလောဆယ်တော့ ကျွန်မ အိမ်ပြန်ရမယ်'

သူက တယ်လီဖုန်း ကောက်ကိုင်သည်။ အဒမ်က ဘာမှဝင်မစွက်ဘဲ ရပ်နားထောင်နေသည်။ ဂျင်နီဖာက သူ့ဖခင်ထံ ဆက်သည်။ သူ အိမ်ပြန်ချင်လို့ ဖခင်ကြီးရုံးမှာ ကားတစ်စီး အဆင်သင့်ငှားထားရန် ပြောလိုက်သည်။

'ဒီလိုမလုပ်ပါနဲ့ ဂျင်နီဖာ၊ ခေါင်းအေးအေးနဲ့ လုပ်စမ်းပါ၊ စိတ်လိုက်မာန်ပါလုပ်တာ မကောင်းပါဘူးကွယ်' အဒမ်က လေအေးအေးကလေးနှင့် တောင်းပန်သည်။

သို့သော် ဂျင်နီဖာက နားမထောင်၊ လှည့်၍ပင် မကြည့်။ သေတ္တာကို ပြန်ပိတ်သည်။ ပိုက်ဆံအိတ် ကောက်ယူသည်။ ထို့နောက် တိုက်ခန်းပေါ်မှ ဆင်း သွားတော့သည်။

*

အခန်းထဲတွင် အဒမ်တစ်ယောက်တည်း ကျန်ရစ်သည်။ ဂျင်နီဖာ ဆင်းသွားတာ တကယ်မှဟုတ်ရဲ့လားဟု ခေတ္တတွေးနေမိသေးသည်။ သူသည် ယောင်တိ ယောင်တောင် ဖြစ်သွားပြီး အခန်းထဲတွင် ဂနာမငြိမ် လျှောက်နေမိသည်။

ခဏကြာတော့မှ စားပွဲတွင် ဝင်ထိုင်ကာ ကွန်ပျူတာကို ဖွင့်လိုက်သည်။ အေရိုလင်ကုမ္ပဏီ၏ ပင်မကွန်ပျူတာနှင့် ဆက်သွယ်လိုက်ပြီး ဒေါက်တာ ဗန်ဒါ မား၏ ကွန်ပျူတာမှတ်တမ်းကို ထောင်းလိုက်သည်။ ဒေါက်တာ ဗန်ဒါမား ဘယ်ဆေးတွေ ပြောင်းပေးနေသည်ကို သိချင်သောကြောင့် ဖြစ်သည်။ သို့သော် ကွန်ပျူတာမှန်ပြင်တွင် "ဂျူလီယံဆေးရုံသို့ ပြောင်းသွားပြီ" ဟူသော စာတန်းတို ကလေးသာ ပေါ်လာသည်။

အဒမ်သည် အံ့အားကြီးသင့်သွားပြီး တခြားပုဂ္ဂိုလ်များ၏ မှတ်တမ်းများ ကိုလည်း ယခုလိုပင် ကွန်ပျူတာမှ ဖျက်ထုတ်ထားလေပြီလားဟု တွေးလိုက်သည်။





သူသည် မက်ဂူးယားပေးထားသော ကွန်ပျူတာ ပုံနှိပ်စာတွဲကို ဆွဲထုတ်ပြီး သူ့နယ် ခမြေအတွင်းမှ ဆရာဝန်များအား ပြန်လည်မှတ်တမ်းတင်ရန် ကွန်ပျူတာစက်ကို ခိုင်းလိုက်သည်။ သို့သော် ကွန်ပျူတာက အလုပ်မလုပ်။ ဒေါက်တာဗန်ဒါမား၏ မှတ်တမ်းကိုသာ မဟုတ်၊ အခြားဆရာဝန် ခြောက်ဦးတို့ကိုလည်း ကွန်ပျူတာ မှတ်တမ်းထဲမှ ပယ်ဖျက်ထားပြီး ဖြစ်နေသည်။

ထို့နောက် သူသည် ဆရာဝန်တစ်ယောက်စီအလိုက် ကွန်ပျူတာတွင် ရှာကြည့်ပြန်သည်။ တစ်ယောက်မှ မှတ်တမ်းမရှိ။ သို့သော် လေးယောက်ကိုမူ ဒေါက်တာစမိုက်ကဲ့သို့ပင် 'မွှမ်းမံသင်တန်းတက်ရန် ရှိသည်' ဟူ၍ ဖော်ပြသည်။ အဓိပ္ပာယ်ကတော့ ဆရာဝန်တစ်ယောက် အေရိုလင်ရေကြောင်း ဆွေးနွေးပွဲတက် ရန် သွားနေလျှင် သူ့အကြောင်းကို ကွန်ပျူတာတွင် မှတ်တမ်းမထားတော့။ နောက် ဆရာဝန်နှစ်ယောက်အကြောင်းကိုမူ ဒေါက်တာဗန်ဒါမားကဲ့သို့ပင် 'ဂျူလီယံဆေးရုံသို့ပြောင်းသွားပြီ' ဟူ၍ ဖော်ပြသည်။ ရေကြောင်းဆွေးနွေးပွဲ များသည် အေရိုလင်ကုမ္ပဏီထုတ်ဆေးများကို အစွဲထုတ်နေသလို ဂျူလီယံဆေးရုံ ကိုလည်း ကြော်ငြာပေးနေသလားဟု အဒမ် တွေးမိသည်။

အဒမ်သည် ပိုပြီး သံသယစိတ် ကြီးထွားလာပြီး ဂျူလီယံဆေးရုံမှ ရှိသမျှ ဆရာဝန်တွေကို ဖော်ပြရန် ကွန်ပျူတာတွင် တောင်းလိုက်သည်။ ကွန်ပျူတာ ပုံနှိပ်စက်က တာဝန်ကျေစွာဖြင့် စာရင်းရှည်ကြီးတစ်စောင် ပြုစုပေးသည်။ အဒမ်က ခပ်မြန်မြန်ကလေး ဖတ်ကြည့်သည်။ တစ်ဝက်လောက် အရောက်တွင် သူ့မျက်လုံး များ ရပ်သွားသည်။ ဒေါက်တာသာယာနော်တန် ဆိုပါလား။ သူက ဆေးသိပ္ပံ ဆေးရုံက ဆရာဝန်၊ ဂျူလီယံဆေးရုံမှာ ဘာလာလုပ်ရတာလဲ။

အဒမ်သည် ဒေါက်တာ သာယာနော်တန်၏ နာမည်ကို ကွန်ပျူတာထဲ သို့ လက်နှိပ်စက်ရိုက်ထည့်ပြီး မှတ်တမ်းတောင်းလိုက်သည်။ သို့သော် ကွန်ပျူ တာက 'ဂျူလီယံဆေးရုံသို့ ပြောင်းသွားပြီ' ဟူ၍သာ ဖော်ပြသည်။

ဒေါက်တာနော်တန်အနေဖြင့် ဂုဏ်သိက္ခာရှိသော ဆေးတက္ကသိုလ်မှ ရာထူးကို စွန့်ပစ်သွားသည်မှာ အလွန်တရာမှ နမြောစရာကောင်းလှသည်။ သူ လည်း မကြာခင်က ရေကြောင်းဆွေးနွေးပွဲများ တက်ခဲ့လေသလား။

အဒမ်သည် ကွန်ပျူတာဘက်သို့ ပြန်လှည့်ကာ ဂျူလီယံဆေးရုံနှင့် ပတ်သက်သော မှတ်တမ်းကို တောင်းလိုက်သည်။

ဂျူလီယံဆေးရုံသို့ ပြောင်းရွှေ့လာသူ ဆရာဝန်ခြောက်ဦးအနက် လေးဦး မှာ မီးယပ်နှင့်သားဖွားပါရဂူများဖြစ်ကြောင်း တွေ့ရသည်။ ဤအချက်သည် စိတ်ဝင်စားစရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒမ်သည် နောက်နာရီဝက်အတွင်းတွင် ကွန်ပျူတာထဲသို့ မေးခွန်းမျာ နှိပ်သွင်းလိုက်သည်။ သို့သော် သူမေးသော သကော်တမှာ သူမေးသော အကြောင်း အရာများနှင့် မသက်ဆိုင်ကြောင်းကိုသာ ကွန်ပျူတာက ပြန်ပြောသည်။

သို့နှင့် သူက နောက်ထပ်တစ်နည်း ကြိုးစားကြည့်ပြန်သည်။

လွန်ခဲ့သောနှစ်အတွင်းက ဂျူလီယံဆေးရုံတွင် သန္ဓေသားဗီဇ စစ်ဆေး ဘယ်နှစ်ကြိမ်လုပ်ခဲ့သလဲဟု မေးလိုက်သည်။

စုစုပေါင်း ၇၁၁၂ ကြိမ်ဟု ကွန်ပျူတာက ပြန်ဖြေသည်။ ဆက်လက်၍ အင်္ဂါချွတ်ယွင်းသော သန္ဓေသား ဘယ်နှစ်ခု ရှိသလဲဟု မေးကြည့်သောအခါ အမေးသင်္ကေတ မမှန်၍ ကွန်ပျူတာက ဖြေဆိုရန် ငြင်းဆန်သည်။ နောက်ဆုံးတွင် ထိုကာလအတွင်း ကိုယ်ဝန်ဖျက်ချမှုပေါင်း ဘယ်နှစ်ကြိမ်ရှိခဲ့သလဲဟု မေးလိုက် ပြန်သည်။ စုစုပေါင်း ၁၂၁၇ ကြိမ်ဟု ကွန်ပျူတာက ပြန်ဖြေသည်။

အဒမ်သည် မှင်တက်မိသလို ဖြစ်သွားမိသည်။

ကွန်ပျူတာကို ပြန်ပိတ်လိုက်သည်။

ထို့နောက် အိပ်ရာထဲ ဝင်လာခဲ့သည်။

သူသည် ရှုးရှုးရှဲရှဲဖြင့် အရမ်းဒေါသပုန်ထနေသော ဂျင်နီဖာနှင့်သာ အိပ်မက်ထဲတွင် ရင်ဆိုင်နေရတော့သည်။

❖

[၁၀]

နောက်တစ်နေ့နံနက်တွင် အဒမ် အိပ်ရာမှနိုးလာတော့ တော်တော် စိတ်မကောင်း ဖြစ်သွားသည်။ သူ့ဘေးမှ အိပ်ရာပေါ်တွင် ဂျင်နီဖာ မရှိ။

ကော်ဖီဖျော်မသောက်တော့ဘဲ တိုက်ခန်းမှ ထွက်လာခဲ့သည်။ သူသည် ရှစ်နာရီခွဲတွင် မီးယပ်ပါရဂူများ ဆေးခန်းအပြင်ဘက်၌ လူးလာခေါက်ပြန် ဂနာမငြိမ် ဖြစ်နေသည်။ ဆေးခန်းဖွင့်ချိန်ကို စောင့်နေခြင်းဖြစ်သည်။ စာရေးမ ခရစ္စတင်းကို လှမ်းမြင်သောအခါ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

'ဟဲလို... မစ္စတာ ရှန်းဘတ်ပါလား'

ခရစ္စတင်းက သူ့နာမည်ကို မှတ်မိနေ၍ တယ်ဟုတ်ပါလားဟု အဒမ်က တွေးလိုက်သည်။ သူက အကျီလည်စည်းကို တင်းတင်းပြင်စည်းကာ ပြုံးရွှင်စွာဖြင့်–

'ကျွန်တော် ဒီဘက်လာရင်း သတိရတာနဲ့ ဝင်ပြီး နှုတ်ဆက်တာပါ၊ ဒါနဲ့ ဒီဂျေလေးက အားကစားမှာ တော်တော် တော်ရဲ့လား'

'အံမယ်လေး၊ ကျွန်မသားလေးက သိပ်တော်တာပဲရှင်၊ ကျွန်မ မျှော်လင့်တာထက် အများကြီး တော်ပါတယ်'

'ကောင်းတယ်၊ ကောင်းတယ်၊ ဒီကလေးက ထူးချွန်မယ့်ကလေးပါ၊ သြော်...ဒါနဲ့ ကြုံတုန်း အကူအညီတစ်ခုလောက် တောင်းပါရစေ၊ မစ္စက် ခရစ္စတင်း ဒေါက်တာဗန်ဒါမားနဲ့များ ခဏလေး တွေ့ခွင့်ရနိုင်ပါ့မလား'

'ဒေါက်တာ ဗန်ဒါမားက ဒီမှာမရှိတော့ဘူးရှင့်၊ ဂျူလီယံဆေးရုံကို ပြောင်းသွားပြီ'

'ဟင်... သူက တကယ်ပြောင်းသွားပြီ'

'ဟုတ်တယ်၊ တကယ်ပြောင်းသွားပြီ၊ ကျွန်မတို့တော့ ဒုက္ခပဲ၊ သူက မနေ့ကအထိ ဒီမှာရှိသေးတယ်၊ သူ့မှာက လူနာတွေ လက်ခံထားတာ ရာနဲ့ချီပြီး ရှိတာ၊ လာမယ့် ခြောက်လအထိ လက်ခံထားတာ၊ အဲဒါကျွန်မတော့ လူနာတွေကို ဖုန်းဆက်ပြီး ပြောပြနေရတာ ခရစ္စမတ်ရက်အထိတောင် အားမှာမဟုတ်ပါဘူး'

'ဒါဆို ဒေါက်တာက မမျှော်လင့်ဘဲနဲ့ ကပ်ပြီး ပြောင်းသွားတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ ကျွန်မတို့လည်း ဘယ်သူမှ မထင်ကြဘူး၊ သူ ရေကြောင်းဆွေးနွေးပွဲက ပြန်ရောက်လာတော့ သူပြောင်းတော့မယ်လို့ ဒေါက်တာစတင်းနဲ့ ဒေါက်တာဘန်ဂါတင်တို့ကို ပြောပြသတဲ့'

တယ်လီဖုန်း မြည်လာသည်။ ခရစ္စတင်း တယ်လီဖုန်းဆီသို့ လျှောက်သွားသည်။

'ကျွန်မတော့ ဒုက္ခပါပဲ၊ လူနာတိုင်း ကျွန်မဆီပဲ တစ်မေးတည်း မေးနေကြတယ်'

'ဆွေးနွေးပွဲက ပြန်ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ ဒေါက်တာ အခြေအနေတွေ ပြောင်းလဲတာများ တွေ့ရသလား'

'အံမယ်လေး၊ ပြောင်းလဲသွားလိုက်တာမှ လုံးဝမယုံနိုင်အောင်ပါပဲရှင်၊ ကျွန်မတို့က ဘယ်လောက်ပဲ ကောင်းကောင်း လုပ်ပေးလုပ်ပေး သူက အကောင်းမထင်ဘူး၊ သူ့ကြောင့် ကျွန်မတို့အားလုံး စိတ်ညစ်နေကြရတယ်၊ တစ်ခါတလေကျတော့လည်း သိပ်သဘောကောင်းတာပဲရှင်၊ သူ့မိတ်ဆွေ ဒေါက်တာဖော်လီလည်း အခု သူဖြစ်နေသလိုပဲ ဖြစ်တာပဲ၊ ဒါပေမဲ့ ဒေါက်တာဖော်လီ ထွက်သွားတုန်းက နောက်ထပ် ဆရာဝန်သုံးယောက် ကျန်နေသေးတော့ အခြေအနေက မဆိုးလှဘူး၊ အခုကျတော့ သုံးယောက်ကျန်တဲ့အထဲက နှစ်ယောက်ပဲ အလုပ်ဖြစ်တယ်၊ ဒေါက်တာစမိုက်က မကျန်းမာလို့ ဆေးရုံတက်နေရတယ်လေ'

'သူက ဘာရောဂါတဲ့လဲ'

'ကျွန်မလည်း ကောင်းကောင်း မသိပါဘူး၊ အာရုံကြောနဲ့ ပတ်သက်တဲ့ ရောဂါလိုလို ပြောတာပဲ၊ အဲဒီရောဂါစဖြစ်တာတော့ ကျွန်မ ကောင်းကောင်းမှတ်မိတယ်ရှင့်' ခရစ္စတင်းက လျှို့ဝှက်ကိစ္စတစ်ခုကို ပြောသလို အသံနှိမ့်၍ တိုးတိုးပြောသည်။ 'သူ့ရောဂါက တော်တော်ဆန်းပါတယ်၊ အခုပဲ အကောင်းပကတိ ရှိနေရာက ဖြစ်ချင်ရင် ချက်ချင်းထဖြစ်တာပဲ၊ အဲဒီလိုဖြစ်လာရင် သူ့မျက်နှာက သိပ်ပြီး ကြောက်စရာကောင်းတာပဲရှင့်'

ရုံးခန်းထဲသို့ မိန်းမတစ်ယောက် ဝင်လာသည်။ အဒမ်က သားသို့ ရှဲပေးလိုက်သည်။

ဒေါက်တာစမိုက်၏ ရောဂါမှာ ဆေးကျောင်းတုန်းက ဌာနမှူးရှေ့တွင် သူ တင်ပြခဲ့ရသော အကြောသေရောဂါမျိုး ဖြစ်ကောင်းဖြစ်နိုင်သည်ဟု အဒမ်က တွေးမိသည်။ ယင်းရောဂါမှာ စိတ်ငြိမ်ဆေး စားလွန်း၍ ဆားထွက် အကျိုးဆက်ဖြစ်သည်။

စောစောက မိန်းမညှော်ခန်းတွင် ထိုင်သောအခါ အဒမ်က ခရစ္စတင်းအား မေးပြန်သည်။





'ဒါနဲ့ ဒေါက်တာစမိုက်မှာ စိတ်ရောဂါတွေ ဘာအတွေများ ရှိသလား မစ္စက်ခရစ္စတင်း'

'ကျွန်မတော့ မထင်ဘူးရှင့်၊ သူက တော်တော် စိတ်ကောင်းရှိတဲ့ လူငယ်ဆရာဝန်တစ်ယောက်ပဲ၊ ဆံပင်နက်နက်နဲ့ ရှင်နဲ့တောင် ခပ်ဆင်ဆင် တူသေးတယ်'

'သူ တက်နေတာက ဘယ်ဆေးရုံပါလိမ့်'

'တက္ကသိုလ်ဆေးရုံ၊ ဒါပေမဲ့ ဆရာမတစ်ယောက်ပြောတော့ ဂျူလီယံဆေးရုံကို ပြောင်းမယ်ဆိုပဲ'

တယ်လီဖုန်း မြည်လာပြန်သည်။

'နောက်ထပ် တစ်ခုလောက် မေးပါရစေဦး၊ ဒေါက်တာဖော်လီနဲ့ ဒေါက်တာစမိုက်တို့လဲ ဒေါက်တာဗန်ဒါမားလိုပဲ ရေကြောင်းဆွေးနွေးပွဲ တက်ခဲ့ကြသလား'

'တက်ခဲ့တယ် ထင်တာပဲ' ခရစ္စတင်းက တယ်လီဖုန်းကို ကောက်ကိုင်ရင်း 'ဟုတ်ပါတယ်ရှင်၊ မီးယပ်ပါရဂူများ ဆေးခန်းကပါ၊ ခဏကိုင်ထားပါရှင်' ပြီးတော့ အဒမ်ဘက်သို့လှည့်ပြီး 'ဒါနဲ့ ရှင် ဒေါက်တာစတင်းနဲ့ ဒေါက်တာဘန်ဂါတင်တို့ တစ်ယောက်ယောက်နဲ့ တွေ့ချင်သေးသလား'

'နေပါစေ၊ ဒီနေ့တော့ မတွေ့တော့ပါဘူး၊ နောက်တစ်ချိန်မှ အေးအေးဆေးဆေး တွေ့ပါ့မယ်၊ ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦး၊ အများကြီး ကျေးဇူးတင်ပါတယ် မစ္စက်ခရစ္စတင်း'

*

အဒမ်သည် အပြန်တွင် ကားမောင်းရင်း အတွေးနက်လာခဲ့သည်။ ဂျူလီယံဆေးရုံနှင့် ပတ်သက်၍ ထူးဆန်းသော တိုက်ဆိုင်မှုများကို သူ့အနေဖြင့် မသိကျိုးကျွန် လုပ်နေ၍ မရတော့။

ဒီဆရာဝန်တွေ လက်ရှိအလုပ်စွန့်ပြီး ဂျူလီယံဆေးရုံသို့ တစ်ယောက်ပြီးတစ်ယောက် ဘာကြောင့် ပြောင်းသွားကြတာလဲ။ ဒေါက်တာဗန်ဒါမားက ရော အဲဒီပြောင်းသွားပြီးမှ ဂျင်နီဖာအား ပရက်ဒိုလင်ဆေးကို ဘာကြောင့် ပေးရတာလဲ။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး၊ ဒေါက်တာနဲ့ ကိုယ်တိုင် သွားတွေ့မယ်။ သူနဲ့တွေ့ရင် ဂျင်နီဖာကို ဘာဆေးမှ မကျွေးဖို့ ပြောမယ်၊ ပြောလို့မရရင် ဂျင်နီဖာကို သူ့လူနာစာရင်းက ပယ်ဖျက်ခိုင်းမယ်၊ ဂျင်နီဖာကိုတော့ ဆရာဝန်ပြောင်းပြပါလို့ ပြောလို့ လုံးဝ ရမှာမဟုတ်ဘူး။

အဒမ်သည် ဟာလင်တောင်ပိုင်းနယ်မြေသို့ ရောက်လာသည်။ ပတ်ခြင်းကျင် အိမ်ငှားတိုက်တန်းများအား စီးမိုးလျက် မိုးယံသို့ ထိုးနေသော ဂျူလီယံ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးကို လှမ်းမြင်နေရပြီ။ ဆေးရုံကြီးမှာ မှန်လုံအဆောက်အအုံကြီး ဖြစ်သည်။ အေရိုလင်ကုမ္ပဏီ ရုံးချုပ်အဆောက်အအုံကို ဆောက်လုပ်သော ဗိသုကာများကပင် ဆောက်လုပ်ခြင်း ဖြစ်ပုံရသည်။ ရုံးခန်းအဆောက်အအုံများ ဆောက်လုပ်ထားပုံမှာလည်း ပတ်ဝန်းကျင်အနေအထားနှင့် ပန်ရလှသည်။ ဤဆေးရုံကြီးကို မြင်ရသည်မှာ ၂၁ ရာစု ဗိသုကာလက်ရာတစ်ခုကို နှစ်ပေါင်း ၂၀၀ သက်တမ်းရှိသော အဆောက်အအုံပုံစံမျိုး ဆောက်လုပ်ထားသလို ထင်မှတ်ရသည်။

ပြဝက်လောက်မှ ကားရပ်ရန်နေရာတွင် ကားကို ရပ်လိုက်သည်။ သူ့ကို ဆေးဝါးအရောင်းကိုယ်စားလှယ်ဟု ထင်အောင် လက်ကိုင်အိတ်ကို ဆွဲကာ ဆေးရုံအဝင်ဝ လှေကားအတိုင်း တက်လာခဲ့သည်။

ဆေးရုံကြီးအတွင်းသို့ ရောက်သောအခါ အဒမ်၏ သံသယစိတ်များ ခဏတာအားဖြင့် ပြယ်လွင့်သွားကြသည်။ သူ့ကိုယ်သူ ဆေးရုံအမှုထမ်းပုံစံမျိုးဖြင့် သားဖွားနှင့် မီးယပ်ပါရဂူများ ရုံးခန်းသို့ တန်းသွားရန် ဆုံးဖြတ်လိုက်သည်။ သို့မှသာ သူ့အနေဖြင့် ကိုယ်သွားချင်သည့်အခန်းကို အနှောင့်အယှက်မရှိဘဲ သွားနိုင်မည် ဖြစ်သည်။ သို့သော် ဆေးရုံကြီး၏ အေးဆေးတည်ငြိမ်သော အခြေအနေကို မြင်ရသောအခါ သူ့စိတ်တစ်မျိုးပြောင်းသွားသည်။

သို့ဖြင့် စုံစမ်းရေး ရုံးခန်းကျယ်ကြီးဆီသို့ လျှောက်လာခဲ့ပြီး ဒေါက်တာ ဗန်ဒါမားနှင့် တွေ့လိုကြောင်း ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ရပါတယ်' ညှိုကြိုစာရေးမက ပြောသည်။ သူက တယ်လီဖုန်းကို ကောက်ကိုင်ပြီး လှမ်းမေးသည်။ ပြီးတော့ အဒမ်ဘက်သို့ လှည့်လျက် 'ဒေါက်တာ သူ့ရုံးခန်းမှာ ရှိပါတယ်'ဟု ပြုံး၍ ပြောသည်။

'ကျွန်တော့်မိန်းမ ကိစ္စနဲ့ပတ်သက်ပြီး သူနဲ့ တွေ့ချင်လို့ပါ'

'ဟုတ်ကဲ့၊ တွေ့ရမှာပါ၊ ဒါနဲ့လိုက်ပြဖို့ လူတစ်ယောက် ကျွန်မ ခေါ်လိုက်ပါမယ်'

သူက စားပွဲပေါ်မှ လူခေါ်ခေါင်းလောင်းကလေးကို တီးလိုက်သည်။ အကျႌအပြာ ဘောင်းဘီအဖြူ ဝတ်ထားသော လူငယ်တစ်ယောက် ရောက်လာသည်။ ညှိုသည်အား ဒေါက်တာ ဗန်ဒါမား၏ ရုံးခန်းသို့ လိုက်ပို့ပေးရန် စာရေးမက ညွှန်ကြားသည်။

လမ်းပြလူငယ်က အဒမ်အား ပန်းဆိုင်၊ စာအုပ်ဆိုင်နှင့် စားသောက်ဆိုင်များကိုဖြတ်၍ ဗဟိုစင်္ကြံလမ်းအတိုင်း ခေါ်လာခဲ့သည်။

'ဆေးရုံကြီးက တော်တော် ခမ်းနားတာပဲနော်'

အဒမ်က ပြောလိုက်သည်။





'ဟုတ်တယ်'

လမ်းပြလူငယ်က စက်ရုပ်ဆန်ဆန် ပြန်ပြောသည်။

အဒမ်က လူငယ်အား စောင့်ကြည့်လိုက်သည်။ မျက်နှာပြဲပြဲနှင့် ခံစားချက်တစ်စုံတစ်ရာ မရှိသည့်ပုံမျိုး။ သူ့ကြည့်ရတာ မူးယစ်ဆေးဝါးစွဲနေသူတစ်ယောက်နှင့် တူသည်။ စိတ်ရောဂါဝေဒနာရှင် ဖြစ်ကောင်းဖြစ်နိုင်သည်။ ဆေးရုံတွေမှာ သူတို့လို ဝေဒနာရှင်တွေ အလုပ်ဝင်လုပ်နေကြသည်။ ယင်းသို့လုပ်ခြင်းဖြင့် သူတို့ကိုယ်သူတို့ ယုံကြည်မှု ရှိလာနိုင်သည်။

အဒမ်အား အခန်းကျယ်ကြီးတစ်ခန်းသို့ ပို့ခဲ့ပြီးနောက် လမ်းပြလူငယ် ပြန်သွားသည်။ အခန်းက ဆေးရုံဧည့်ခန်းနှင့်မတူ၊ အိမ်ကြီးတစ်အိမ်မှ သီးသန့်ဧည့်ခန်းကြီးနှင့်သာ တူနေသည်။ ဆိုဖာခုံရှည်တစ်လုံး၊ ကုလားထိုင် ရှစ်လုံးနှင့် စာရေးစားပွဲကလေးတစ်လုံး ရှိသည်။

အဒမ်သည် ပြတင်းပေါက်သို့ လျှောက်လာသည်။ တော်တော်ထူးဆန်းတဲ့ ဆေးရုံပဲဟု ထင်မိသည်။ ပြတင်းမှန်တံခါးမှာ အရောင်ရင့်ဖြစ်၍ လမ်းတစ်ဖက်မှ တိုက်တာအိမ်ရာများကို မှုန်ဝါးဝါးသာ မြင်ရသည်။ မြင်ကွင်းမှာ ဓာတ်ပုံဟောင်းတစ်ခုနှင့် တူနေသည်။

ဆိုဖာခုံရှည်တွင် ထိုင်ပြီး မဂ္ဂဇင်းတစ်စောင်ကို ကောက်လှန်နေသည်။

မိနစ်အနည်းငယ်ခန့် အကြာတွင် တံခါးပွင့်သွားပြီး ဒေါက်တာဗန်ဒါမား ဝင်လာသည်။ အဒမ်က ကမန်းကတန်း ထရပ်လိုက်သည်။

ဒေါက်တာသည် အဖြူရောင်ဝတ်စုံဖြင့် တော်တော်ခန့်ညားသည်။ သူ့အမူအရာမှာလည်း ပထမအကြိမ်တုန်းကထက် ပျော့ပျောင်းသည်ဟု ထင်ရသည်။

'အဒမ်ရှန်ဘတ်ကိုး။ ဂျူလီယံဆေးရုံက ကြိုဆိုပါတယ်'

ဒေါက်တာက ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဒေါက်တာ' အဒမ့်စိတ်ထဲ အေးသွားမိသည်။ ဒေါက်တာ၏ လှိုက်လှဲမှုကိုလည်း လေးစားမိသည်။ 'ဒေါက်တာ့ကို ဒီမှာ တွေ့ရတာ ကျွန်တော် အံ့တောင် အံ့သြသွားမိတယ်၊ ကျွန်တော်က ဒေါက်တာ ကိုယ်ပိုင်အလုပ်မှာ သိပ်ပြီး စိတ်ချမ်းသာနေတယ်လို့ ထင်နေတာ'

'အဲဒါကတော့ ဟိုတုန်းက အခြေအနေပေါ့၊ ဒါပေမဲ့ ကျုပ်အတွက်တော့ ပိုက်ဆံယူပြီး ဆေးကုစားတဲ့အလုပ်က အတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ ဒီမှာက နေမကောင်းဖြစ်တော့မှ ဆေးကုတာ မဟုတ်ဘူး၊ လူတွေ ကျန်းမာပြီး နေမကောင်းမဖြစ်အောင် ကျုပ်တို့က ကူညီနေကြတာ'

ဒေါက်တာဗန်ဒါမား၏အသံက လေယူလေသိမ်း အနိမ့်အမြင့် မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်သံတည်း ဖြစ်နေသည်။ စကားပြောနေတာနှင့်မတူဘဲ စာရွက်ကြည့်ပြီး ရွတ်နေသလို ထင်ရသည်။

'ကျွန်တော် ဂျင်နီဖာကိစ္စ ဆွေးနွေးချင်တယ် ဒေါက်တာ'

'ရပါတယ်၊ ကျုပ် မျိုးရိုးဗီဇပါရဂူကို ခုပဲ ခေါ်ထားတယ်'

'ကောင်းပါတယ်၊ ဒါပေမဲ့ ပထမဆုံး ပရက်ဒိုလင်ဆေးကိစ္စ ဆွေးနွေးချင်ပါတယ်'

'အဲဒီဆေးက မင်း မိန်းမအတွက် အလုပ်ဖြစ်တယ် မဟုတ်လား'

'သူကတော့ ဖြစ်တယ် ပြောတာပဲ၊ ဒါပေမဲ့ ကျွန်တော်ကတော့ သိပ်မထင်ဘူး၊ ဒါနဲ့ဒေါက်တာက သူ့ကို အဲဒီဆေး ဘာလို့ပေးတာလဲ'

'အလားတူ ဆေးတွေကတော့ အမျိုးမျိုး ရှိတာပေါ့၊ ဒါပေမဲ့ ပရက်ဒိုလင်က အကောင်းဆုံးပဲ၊ ကျုပ်က ပုံမှန်အားဖြင့်ဆိုရင် အော်ဂလီဆန်တာကို ဘယ်ဆေးမှ မပေးချင်ဘူး၊ ဒါပေမဲ့ မင်းမိန်းမဖြစ်တာက ကြာသင့်တာထက် ကြာလာလို့ ပေးရတာ'

'ဒါဖြင့် ပရက်ဒိုလင်ကိုမှ ဘာဖြစ်လို့ ရွေးပေးရတာလဲ၊ နယူးအင်္ဂလန်ဂျာနယ်က ဝေဖန်ထားတာ ဒေါက်တာလည်း သိသားပဲ မဟုတ်လား'

'အဲဒီဂျာနယ် ဝေဖန်ချက်က တော်တော်ချော်ပါတယ်၊ လေ့လာမှု မပြည့်စုံပါဘူး၊ အလကား အပုပ်ချတဲ့ ဝေဖန်ချက်ပါ'

အဒမ်က ဒေါက်တာနှင့် ပဋိပက္ခမဖြစ်ချင်၍ တစ်မျိုးလှည့်မေးသည်။

'ဒါပေမဲ့ ကျွန်တော် ဒေါက်တာနဲ့ပထမအကြိမ် တွေ့တုန်းက ပြောတော့ ပရက်ဒိုလင်ဟာ အန္တရာယ်ရှိတယ်ဆို၊ အခုမှ ဒေါက်တာက ဘယ်လိုဖြစ်လို့ စိတ်တစ်မျိုး ပြောင်းသွားတာပါလဲ'

ဒေါက်တာ ဗန်ဒါမားက တွေဝေသွားဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

'ဒီဆေး အန္တရာယ်ရှိတယ်လို့ ကျုပ် ဘယ်တုန်းကမှ မပြောခဲ့ပါဘူး၊ ကျုပ် သုံးလာတာ ကြာပြီပဲ'

'ကျွန်တော် သေသေချာချာ မှတ်မိ...'

အခြားဆရာဝန်နှစ်ယောက် ဝင်လာသဖြင့် အဒမ် စကားပြတ်သွားသည်။ တစ်ယောက်က အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် ဆံပင်ဖြူနေပြီ။ ဒေါက်တာဗန်ဒါမားက မိတ်ဆက်ပေးသည်။ သူ့နာမည်က ဒေါက်တာ ဘင်ဂျင်မင်စတား။ ဂျူလီယံဆေးရုံမှ မျိုးရိုးဗီဇပါရဂူ။

'ဒေါက်တာစတားနဲ့ ကျုပ်တို့ ဒီမနက်ကပဲ မင့်မိန်းမကိစ္စ ဆွေးနွေးကြသေးတယ်' ဒေါက်တာ ဗန်ဒါမားက ပြောသည်။





'ဟုတ်ပါတယ်' ဒေါက်တာ စတားက ထောက်ခံလိုက်သည်။ ထို့နောက် သူက အခြေအနေကို အသေးစိတ် ရှင်းပြသည်။

သူကလည်း ဒေါက်တာ ဗန်ဒါမားကဲ့သို့ပင် အနိမ့်အမြင့်မရှိဘဲ သံမှန်ကြီးနှင့် ပြောသည်။ ဘုရားရေ... ဒီဆေးရုံက ဆရာဝန်တွေအားလုံး ဒီအတိုင်းပဲ ဖြစ်ကုန်ကြပြီ ထင်ပါရဲ့ဟု အဒမ်က တွေးလိုက်သည်။

ဒေါက်တာစတား၏ ရှင်းပြချက်ကို အဒမ်က ဂရုစိုက်ပြီး နားထောင်သည်။ သို့သော် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းတွေက များနေ၍ အဒမ်က နားမလည်။ ဂျင်နီဖာအား သန္ဓေသားစစ်ဆေးရမည့်အကြောင်းကို ဒေါက်တာက အကျိုးအကြောင်းနှင့် ရှင်းပြသော်လည်း အဒမ်က လုံးဝနားမဝင်။ သူ ရှင်းပြတော့မှ ပို၍ပင် ရှုပ်သွားသလို ထင်မိသည်။ သို့ဖြင့် အတန်ကြာသောအခါ အဒမ်က ကျေးဇူးတင်စကားပြောပြီးနောက် ပြန်ခွင့်တောင်းသည်။

ဒေါက်တာဗန်ဒါမားက ဆေးရုံစားသောက်ဆိုင်တွင် နေ့လယ်စာ စားသွားရန် ဖိတ်သည်။ သို့သော် အဒမ်က တောင်းပန်ပြီး ပြန်ထွက်လာသည်။

*

အဒမ်သည် ခန်းမကြီးကို ပတ်၍ လျှောက်လာခဲ့သည်။

ဂျင်နီဖာပြောတာ မမှားဘူး၊ ဒေါက်တာ ဗန်ဒါမားက လုံးဝပြောင်း လဲသွားပြီ။

သည်အတွက် အဒမ် တော်တော် စိတ်လှုပ်ရှားမိသည်။ ဂျူလီယံဆေးရုံ တစ်ခုလုံးက ငွေစက္ကူအတုလို ဖြစ်နေပြီ။ အခန်းခန်း အဆောင်ဆောင်ကတော့ လှပါပေရဲ့။ ပတ်ဝန်းကျင် ရှုခင်းကလည်း သာယာပါပေရဲ့။ သို့သော် အတွင်းထဲမှာတော့ စိတ်ပျက်စရာဖြစ်ရပ်တွေနဲ့ ပြည့်နေသည်။

ကားပေါ်တက်လိုက်သည်။ စက်သော့ကို မဖွင့်သေးဘဲ တုံ့ဆိုင်းဆိုင်းဖြစ်နေမိသည်။

ဟုတ်ပါတယ်၊ ငါမမှားဘူး။ ပရက်ဒိုလင်ဆေးဟာ အန္တရာယ်ရှိတယ်လို့ ဒေါက်တာ ဗန်ဒါမားက ပြောခဲ့တာ တကယ်ပါ။ အခုမှ သူက ညာပြောတာ။

တစ်ဆက်တည်းတွင် ဂျင်နီဖာအား ကြီးကြီးကျယ်ကျယ် သန္ဓေသားဗီဇ စစ်ဆေးမှုလုပ်မည့်ကိစ္စကို တွေးမိသောအခါ အဒမ်က အလွန်စိုးရိမ်မိသည်။ ဂျင်နီဖာကလည်း မိဘများကို အပိုင်စည်းရုံးထားတော့ အဒမ်အဖို့ ဘယ်လိုမှ မကြံတတ်အောင် ဖြစ်နေရသည်။ ဘာပဲဖြစ်ဖြစ်၊ သူကတော့ ဂျင်နီဖာအား ပရက်ဒိုလင်ဆေးကို လုံးဝမစားစေချင်။ ဒေါက်တာဗန်ဒါမားနှင့်လည်း ဆက်လက် မပြစေချင်တော့။ သို့သော် ဂျင်နီဖာက သည်ဒေါက်တာမှ သည်ဒေါက်တာ ဖြစ်နေတော့လည်း အခက်သား။



www.burmeseclassic.com

www.burmeseclassic.com



ကားကို လမ်းမပေါ်သို့ မောင်းထွက်လိုက်သည်။

တကယ်တွေးကြည့်ပြန်တော့လည်း ဂျင်နီဖာပြောတာ မှန်နေသည်။ ငါဟာ ဆရာဝန်လည်း မဟုတ်။ သားဖွားပညာကိုလည်း ဟုတ်တိပတ်တိ ဘာမှ မသိ။ ဂျင်နီဖာကို စည်းရုံးနိုင်ဖို့ဆိုလျှင် ကိုယ့်ဘက်က ပိုင်မှဖြစ်မည်။ ပညာရပ်ဆိုင်ရာတွင် ကျွမ်းကျွမ်းကျင်ကျင်သိထားမှ ဖြစ်မည်။

တက္ကသိုလ်ဆေးရုံပင်းထဲတွင် ကားရပ်ရန် နေရာမရှိ။ ထို့ကြောင့် အဒမ်သည် သူ့ကားကို ဆေးရုံကားဂိုဒေါင်တွင် သွားရပ်ထားလိုက်သည်။ ထို့နောက် ဆေးသိပ္ပံသို့ လာခဲ့သည်။ ပြန်ကြားရေးဌာနမှ အိုင်းရစ်လူမျိုးက အဒမ့်ကို မှတ်မိသည်။ ဂျက်ကက်အကျီအဖြူတစ်ထည် ငှားသည်။

အဒမ်သည် စာကြည့်တိုက်ထဲတွင် သွားဖွားပညာရပ်ဆိုင်ရာ နောက်ဆုံးထုတ် ကျောင်းသုံးစာအုပ်များကို ရွေးပြီး ကိုယ်ဝန်ဆောင်များ အော်ဂလီဆန်ခြင်းနှင့် သန္ဓေသားဗီဇစစ်ဆေးခြင်း အကြောင်းရပ်တို့ကို ဖတ်ရှုသည်။ ထို့နောက် သားအိမ်အတွင်းရှိ သန္ဓေသားပုံစံ အနေအထားကို ကြည့်ရှုခြင်းနှင့် ပတ်သက်သော "ဖီတိုစကော်ပီ" အကြောင်းရပ်ကို ဖတ်ရှုသည်။ သူသည် သန္ဓေသားအဆင့်ဆင့်ကြီးထွားလာပုံတို့ကို ဓာတ်ပုံများတွင် ကြည့်ရှုရင်း ဂျင်နီဖာဗိုက်ထဲမှ သူ့ရင်သွေးကလေး၏ ပုံသဏ္ဍာန်ကို မှန်းကြည့်နေမိသည်။

ပြီးလျှင် စာအုပ်များကို စားပွဲပေါ်တွင် ပြန်ထားလိုက်ပြီးနောက် ဆေးတက္ကသိုလ်ဆေးရုံသို့ လျှောက်လာခဲ့သည်။ နူးညံ့အိစက်သော ကြမ်းခင်းကော်ဇောများနှင့် ပြောင်လက်နေသော နံရံများရှိသည့် ဂျူလီယံဆေးရုံနှင့် ယှဉ်လျှင် ဆေးတက္ကသိုလ်ဆေးရုံမှာ ကားဂိုဒေါင်အဆင့်လောက်သာ ရှိသည်။ ရွှံ့ပုပ်ရောင် နံရံဆေးသားတွေက ကွာနေကြပြီ။ ကြမ်းခင်းတွေကလည်း အစွန်းအကွက်များနှင့် ပြည့်နက်နေသည်။ သူနာပြုဆရာမများနှင့် ဆေးရုံအမှုထမ်းများမှာ နောက်က ကျားလိုက်လာသလို သွေးရူးသွေးတန်းနှင့် ဟိုပြေးသည်လာ ရှုပ်ယှက်ခတ်နေကြသည်။ သူတို့၏ မျက်နှာများကလည်း လူနာများ၏အရေးသည် သူတို့နှင့် လားလားမျှ မဆိုင်သည့် ပုံစံမျိုးတွေ ဖြစ်နေကြသည်။

အဒမ်သည် ဆယ်ထပ်ရှိ အာရုံကြောဌာနသို့ ဓာတ်လှေကားဖြင့် တက်လာသည်။ သူ့ကိုယ်သူ ဆေးကျောင်းသားဟန်ဆောင်ကာ သူနာပြုဆရာမများအခန်းသို့ လာခဲ့သည်။ လူနာမှတ်တမ်း ကတ်ပြားများထားသော စင်ရှေ့တွင် ခပ်တည်တည်နှင့် ရပ်သည်။ အခန်းထဲတွင် သူနာပြုဆရာမ သုံးယောက်၊ စာရေးမ နှစ်ယောက်နှင့် ရပ်၍ စကားပြောနေသော တာဝန်ကျ ဆရာဝန်တစ်ယောက် ရှိသည်။ သူတို့က အဒမ်အား လှည့်၍ပင် မကြည့်ကြ။





ဒေါက်တာစတူးဝပ်စမိုက်၏ ဆေးမှတ်တမ်းကတ်က အခန်းနံပါတ် ၁၀၆၆ ဟု ရေးထားသော အကန့်စင်ကလေးတွင် ရှိသည်။ အဒမ်သည် သူနာပြုဆရာမများအား မသိမသာ တစ်ချက်စောင်းကြည့်လိုက်ပြီး နောက်ခံသံပြားနှင့် ညှပ်ထားသော ဆေးမှတ်တမ်းကို ဆွဲယူလိုက်သည်။ ထို့နောက် လူရှင်းသော မှတ်တမ်းရုံးခန်းသို့ ဖြတ်လျှောက်လာသည်။ အခန်းထဲတွင် ဆရာဝန်တစ်ယောက်တွေ့ရသည်။ သို့သော် သူက တင်းနစ်ကစားရန် ချိန်းပွဲအတွက် ဖုန်းဆက်ရင်း အလုပ်များနေသည်။ အဒမ်သည် စားပွဲတွင် ဝင်ထိုင်ပြီးနောက် မှတ်တမ်းကို ဖတ်ကြည့်သည်။

တွေ့ရချက်က တော်တော် ထူးဆန်းသည်။ ဒေါက်တာစမိုက်ကိုလည်း အကြောသေရောဂါရသည်ဟု ဖော်ပြထားသည်။ ဆက်လက် ဖတ်ရှုကြည့်ရာ ယခင်က စိတ်ပြောင်းစိတ်လွဲဆေးများ သုံးစွဲမှုသည်ဟု ဖော်ပြထားခြင်း မရှိ။ လက်ရှိရောဂါ၏ အကြောင်းရင်းကိုလည်း လုံးဝမသိရသေးဟုသာ ဖော်ပြထားသည်။ အများဆုံး စမ်းသပ်မှုများမှာ ဗိုင်းရပ်ပိုးရှာဖွေမှု ပြုလုပ်ခြင်းများသာ ဖြစ်သည်။

ဦးနှောက်စစ်ဆေးမှုကိုတော့ အတော်ကလေး စေ့စေ့စပ်စပ် ပြုလုပ်ထားသည်။ သို့သော် တာဝန်ကျဆရာဝန်၏ မှတ်ချက်မှာ 'မူလအတိုင်း မဟုတ်ဟု ထင်ရသည်။ သို့သော် အတိအကျ မပြောနိုင်သေး' ဟူ၍သာ ဖြစ်သည်။ အချုပ်ဆိုသော် သူတို့က ဒေါက်တာစမိုက်အား နည်းမျိုးစုံဖြင့် စမ်းသပ်စစ်ဆေးကြသည့်တိုင်အောင် ရောဂါ၏ဇာစ်မြစ်ကိုကား ရှာဖွေမသိရှိရသေး။ ဒေါက်တာစမိုက်သည် ဆေးရုံတက်လိုက်၊ ပြန်ဆင်းလိုက် လုပ်နေသည်မှာ နှစ်လခွဲရှိခဲ့ပြီ။ သို့သော် ဝမ်းသာစရာ မှတ်ချက်တစ်ခုတော့ တွေ့ရသည်။ 'အခြေအနေ တိုးတက်မှုပြုလာသည်' တဲ့။ သို့သော် ဘာကြောင့် တိုးတက်မှုပြုလာသည်ကိုကား မည်သူမျှ မသိသေး။

အဒမ်သည် ဆေးမှတ်တမ်းကို သူ့နေရာတွင် ပြန်ထားပြီးနောက် အခန်းနံပါတ် ၁၀၆၆ သို့ လျှောက်လာခဲ့သည်။ တခြားအခန်းများလို မဟုတ်ဘဲ အခန်းတံခါး ပိတ်ထားသည်။ တံခါးခေါက်လိုက်သည်။ 'ဝင်လာပါ' ဟု ပြန်ပြောသံကြားရသည်။ တံခါးရွက်တွန်းဖွင့်ပြီး ဝင်လာသည်။

ဒေါက်တာစမိုက်သည် ပြတင်းပေါက်နားတွင် ထိုင်နေသည်။ သူ့ ပတ်ပတ်လည်တွင်တော့ စာအုပ်များနှင့် စာစောင်များ စုပုံလျက်။ သူက အဒမ့်ကို လှည့်ကြည့်သည်။ မျက်မှန်ကို ညှိလိုက်သည်။

ခရစ္စတင်းပြောတာ မှန်နေသည်။ ဒေါက်တာစမိုက်က အဒမ်နှင့် သဏ္ဌာန်တူလူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တူသည်။ အဒမ် ဝမ်းသာသွားသည်။ ဒေါက်တာစမိုက်က လူချောတစ်ယောက်ပဲ။

အဒမ်က သူ့ကိုယ်သူ ကျောင်းသားတစ်ယောက်အဖြစ်ဖြင့် မိတ်ဆက်သည်။ ဒေါက်တာစမိုက်၏မျက်နှာသည် တစ်ခါတစ်ခါ ရှုံ့မဲ့ပြီး တွန့်တွန့်သွားသည်ကို အဒမ် သတိပြုမိသည်။ သူက အဒမ်အား ထိုင်ရန် ပြောသည်။ ထို့နောက် သူသည် ယခုကဲ့သို့ တစ်ယောက်တည်း အခန်းပိတ်နေရသောဘဝကို အလဟဿ မဖြစ်စေရန် သားဖွားနှင့် မီးယပ်ပညာရပ်ကို အသေးစိတ် လေ့လာနေကြောင်း ပြောပြသည်။ သို့သော် အဒမ်က သူ့စကားကို မနည်းကြီး နားယောင်ယူရသည်။ အကြောဆွဲနေသောကြောင့် စကားပြောလျှင်လည်း နှုတ်ခမ်းနှင့်လျှာများ လိမ်တွန့်သွားကြသည်။

ယင်းသို့ သူ့ဘက်က ချို့ယွင်းချက်ရှိနေသော်ငြားလည်း ဒေါက်တာစမိုက်က အဒမ်နှင့် တွေ့ဆုံရသည်ကို စိတ်အားထက်သန်နေသည်။ သူ့ရောဂါကြောင့် ရက်ရွံ့ခြင်း အရိပ်လက္ခဏာ လုံးဝမတွေ့ရ။ ဒေါက်တာက သူ့ဝေဒနာအကြောင်း ဆက်လက်ပြောပြသည်။ အများစုမှာ ဆေးမှတ်တမ်းတွင် အဒမ် ဖတ်ရှုခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း သူက စိတ်ရှည်လက်ရှည် နားထောင်သည်။ အဒမ်က အေရိုလင်ရေကြောင်းဆွေးနွေးပွဲအကြောင်း တစ်ခွန်းမျှမဟ။ သို့သော် စကားစပ်မိသောအခါ ဂျင်နီဖာအား ဒေါက်တာဗန်ဒါမားနှင့် ပြသနေကြောင်းကိုတော့ ပြောပြလိုက်သည်။

'ဗန်ဒါမား၊ တကယ့်နိုင်ငံကျော် သားဖွားပါရဂူကြီးပဲ'

ဒေါက်တာစမိုက်က မှတ်ချက်ချလိုက်သည်။

'ဟုတ်ပါတယ်၊ ဒီဆေးရုံက သားဖွားဆရာဝန်တစ်ယောက်က ညွှန်းတာနဲ့ သွားပြတာပါ၊ သူက လူနာတွေ အများကြီး လက်ခံထားတာပဲ'

ဒေါက်တာစမိုက်က ခေါင်းညိတ်သည်။

'ဒေါက်တာ့ကို စကားစပ်လို့ မေးရဦးမယ်၊ ဒေါက်တာဗန်ဒါမား ရေကြောင်းဆွေးနွေးပွဲက ပြန်လာခါစ ရှိသေးတယ်၊ အဲဒါ ဒေါက်တာ သိပြီးပြီလား'

ဒေါက်တာစမိုက်က ခေါင်းညိတ်ပြသည်။ သူ့မျက်နှာတစ်ခြမ်း ရွဲ့သွားသည်။

'ဒေါက်တာရော အဲဒီဆွေးနွေးပွဲ တက်ဖူးပါသလား'

ဒေါက်တာစမိုက်၏ ပေါင်ပေါ်မှစာအုပ် ကြမ်းပြင်ပေါ် လျှောကျသွားသည်။ သူက စာအုပ်ကို ပြန်ကောက်သည်။ ပြီးတော့ စကားပြောရန် အားယူသည်။ သို့သော် ပြော၍မရ။ လျှာက ကပ်နေသည်။ သို့ဖြင့် သူက ခေါင်းကိုသာ ညိတ်ပြလိုက်သည်။





အဒမ်က သူ့ကို မေးမြန်းရမှာကို အားနာလာမိသည်။ သို့နှင့် ပြန်ရန် ထရပ်လိုက်သောအခါ ပြန်ထိုင်ရန် ဒေါက်တာက လက်လှုပ်ပြသည်။ သူ စကားဆက်ပြောချင်သေးကြောင်း ထင်ရှားသည်။

'ဒီ ဆွေးနွေးပွဲတွေက အလွန်ကောင်းပါတယ်' သူက အားယူပြီး ပြောသည်။ 'ကျွန်တော် လွန်ခဲ့တဲ့ခြောက်လလောက်က တစ်ကြိမ် တက်ခဲ့ဖူးတယ်၊ လာမယ့် အပတ်ထဲမှာလည်း ထပ်သွားမလို့ စီစဉ်ထားတာ ရှိတယ်၊ ဒီတစ်ကြိမ်မှာတော့ ဆွေးနွေးပွဲပြီးရင် ပြူတိုရီကိုမှာ ဆက်ပြီး လေ့လာမလို့ပဲ၊ ဒါပေမဲ့ ဒီရောဂါ ဝင်လာတာနဲ့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး'

'ဒါကတော့ ဖြစ်ပါတယ် ဒေါက်တာ၊ ဆေးရုံက ဆင်းပြီးရင် သွားလို့ရပါတယ်'

'အဲဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နေရာရဖို့က မလွယ်လှဘူး၊ အထူးသဖြင့် ပြူတိုရီကိုအတွက် ပိုခက်တယ်၊ သွားချင်တဲ့ လူတွေကလည်း များတယ်၊ နေရာကလည်း အကန့်အသတ်နဲ့သာ လက်ခံတယ်'

နောက်ဆုံးတွင် အဒမ်က ဂျူလီယံဆေးရုံအကြောင်းကို မေးသည်။ ဒေါက်တာစမိုက်က ဂျူလီယံဆေးရုံကောင်းကြောင်းကို ချီးမွမ်းခန်းဖွင့်သည်။ သို့သော် ခဏသာ ဖွင့်နိုင်သည်။ လျှာက စကားပြောလို့ မရအောင် လိပ်လာသည်။ သို့ဖြင့် သူက အဒမ်အား ပြန်ရန် အရိပ်အခြည်ပြသည်။

အဒမ်က အိမ်သို့ တန်းပြန်ရကောင်းမည်လားဟု စဉ်းစားကြည့်သေးသည်။ သို့သော် အေရိုလင်ကုမ္ပဏီအလုပ်တွေ လုပ်စရာကျန်သေးသည်ကို သတိရပြီး နောက်ထပ် တွေ့သင့်သော ဆရာဝန်များထံ ဆက်သွားရန် ဆုံးဖြတ်လိုက်သည်။ သူက အေရိုလင်ကုမ္ပဏီအပေါ်တွင် အထင်သေးစိတ်တွေ ဝင်နေပြီ ဖြစ်သော်လည်း အလုပ်တော့ အပြတ်မခံနိုင်သေး။ လခလိုချင်သေးသည်။ သူ့ဆန်စားရဲမှုဆို မဟုတ်လား။

*

အဒမ်သည် ခြောက်နာရီကျော်ကျော်တွင် အိမ်သို့ ပြန်ရောက်သည်။ အိပ်ခန်းထဲတွင် သူထွက်လာခါစကအတိုင်းပင် ပြန့်ကြဲရှုပ်ပွနေသည်။ 'အိမ်ဘို့ ပြန်လာတာ ကြိုဆိုပါသည်၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ အများကြီး ချစ်ပါသည်' ဟု သူရေးထားခဲ့သော စာတိုကလေးမှာလည်း တံခါးနားမှ ကြမ်းပြင်ပေါ်တွင် သည်အတိုင်း၊ သည်အတိုင်း။

ရေခဲသေတ္တာဘက် စောင်းကြည့်လိုက်သည်။ ဘာမှရှိမည် မဟုတ်သည်ကို သေချာသည်။ ညစာကို အပြင်ထွက်စားရမည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မထွက်မီ ဂျင်နီဖာထံ ဖုန်းဆက်ကြည့်ဖို့ သတိရသည်။

တစ်ဖက်မှ ဖုန်းကိုင်သူမှာ ဂျင်နီဖာ၏ မိခင်ကြီး။

'အို ... အဒမ်လား၊ ဖုန်းဆက်တာ တော်သေးတာပေါ့'

အဘွားကြီးက အေးစက်စက်လေသံနှင့် ပြောသည်။

'ဒါနဲ့ ဂျင်နီဖာတစ်ယောက် ရှိပါတယ်နော် ဒေါ်ဒေါ်'

အဒမ်က အတတ်နိုင်ဆုံး ယဉ်ကျေးစွာ မေးလိုက်သည်။

'အေး... ရှိတယ်၊ မိုးလင်းကတည်းက သူ မင်းဆီကို ဖုန်းတစ်ဆက်တည်း ဆက်နေတာ'

'ကျွန်တော် အလုပ်သွားနေပါတယ်'

'အေး၊ ဒါနဲ့ မင်းကို သတင်းကောင်း ပြောရဦးမယ်၊ ဂျင်နီဖာက ဒီနေ့ မနက်ပဲ သန္ဓေသားစစ်ဆေးမှု လုပ်တယ်လေ၊ အားလုံး ချောချောမောမောပါပဲ'

အဒမ့်လက်ထဲမှ ဖုန်းလွတ်ကျမတတ် ဖြစ်သွားသည်။

'ဘုရားရေ၊ သူ ဘယ်လိုနေသလဲဟင်'

'ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်'

'ကျွန်တော် သူနဲ့ ခဏလောက် ပြောပါရစေလား ဒေါ်ဒေါ်'

'အဲဒါမှ ဒုက္ခပဲ၊ သူ အိပ်နေတယ်ကွယ့်၊ သူနိုးလာရင် ဒေါ်ဒေါ် ပြောလိုက်မယ်လေ'

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

အဒမ်သည် တယ်လီဖုန်း စကားပြောခွက်ကို ကြောင်ကြည့်နေသည်။ သူ့ကို စိတ်မချမ်းသာအောင်လုပ်သည့် တရားခံဟုပင် ထင်လိုက်မိသည်။ နောက်တော့မှ ကိုယ့်ကိုယ်ကို ပြန်ထိန်းပြီး တယ်လီဖုန်းကို ပုခက်ပေါ်သို့ ဖြည်းဖြည်း ပြန်ချလိုက်သည်။

သို့သော်လည်း စိတ်လှုပ်ရှားမှုနှင့် စိုးရိမ်စိတ်များက ပျောက်မသွား။ ပို၍ပင် အင်နှင့်အားနှင့် ဝင်လာကြသည်။

ဂျင်နီဖာ ဒီနေ့မနက် ဂျူလီယံဆေးရုံမှာ သန္ဓေသားစစ်ဆေးခံတာကို ဒေါက်တာဖန်ဒါမားက ငါ့ကို ဘာကြောင့် မပြောလိုက်ရတာလဲ။

❖

[၁၁]

ဂျင်နီဖာထံမှ လုံးဝ ဖုန်းပြန်မဆက်။

နောက်နေ့မနက် အဒမ်အိပ်ရာမှ နိုးလာတော့ စိုးရိမ်စိတ်က မပျောက်သေး။ မှတ်ဆိတ်ရိတ်၊ ရေမိုးချိုးပြီးနောက် အိပ်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တွေးပူနေမိသည်။

ဂျူလီယံဆေးရုံတွင် ဘာတွေဖြစ်နေသနည်း။ စက်ရုပ်နှင့်တူသော ဒေါက်တာဖန်ဒါမားက ဂျင်နီဖာအား ဆက်ကုနေလျှင်တော့ အကျိုးနည်းတော့မည်မှာ သေချာသည်။ သို့သော် သူ့မိန်းမကို သူတား၍ မရ။ ဂျင်နီဖာအား ဒေါက်တာဖန်ဒါမားထံ လုံးဝမသွားတော့ရန် တားနိုင်ဖို့အတွက် သူ့ဘက်မှ ကျိုးကြောင်းခိုင်လုံစွာ ပြောပြနိုင်ဖို့ လိုသည်။ ရေကြောင်းဆွေးနွေးပွဲခရီးမှ ပြန်လာပြီးနောက် ဒေါက်တာဖန်ဒါမား ဘာကြောင့် ပြောင်းလဲသွားသည်ဆိုတာကို ခိုင်ခိုင်လုံလုံ ပြောပြနိုင်ရမည်။ သို့မဟုတ် သူကိုယ်တိုင်ဆွေးနွေးပွဲသို့ တစ်ခေါက်လောက်သွားရောက် လေ့လာနိုင်မှ ဖြစ်မည်။ သို့မဟုတ် ဒေါက်တာဖန်ဒါမားသည် ဂျင်နီဖာအတွက် အလွန်အန္တရာယ်ရှိသော ဆရာဝန်တစ်ဦးဖြစ်ကြောင်း သူ့ဘက်မှ တစ်နည်းနည်းဖြင့် သက်သေပြနိုင်မှ ဖြစ်မည်။

ဖြစ်နိုင်မဖြစ်နိုင်သည်ကို အပထား။ စမ်းကြည့်မည်ဆိုလျှင် တစ်နည်းတော့ရှိသည်။ ယခုအပတ်တွင်ရေကြောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် စီစဉ်ထားသည်ဟု ဒေါက်တာစမိုက်က ပြောသည်။ အကယ်၍ ဒေါက်တာစမိုက်နေရာတွင် သူ လူစားဝင်ပြီး တက်ရောက်လျှင် ဘယ်လိုနေမည်နည်းဟု အဒမ်က တွေးကြည့်သည်။

'သိသွားရင်တော့ ရေထဲကန်ချခံရမှာ ကျိန်းသေပဲ'ဟု အဒမ်က သူ့ကိုယ်သူ အသံထွက်၍ ပြောလိုက်သည်။

ဧည့်ခန်းထဲသို့ ဝင်လာပြီး ကွန်ပျူတာကို ဖွင့်သည်။ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ပင်မကွန်ပျူတာနှင့် ဆက်သွယ်လိုက်သည်။

အဆက်အသွယ် ရပြီ။

ကွန်ပျူတာ လက်နှိပ်စက်ခလုတ်များကို သူ့ထုံးစံအတိုင်း လက်မြန်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နှိပ်ကာ ဒေါက်တာစတူးဝပ်စမိုက်၏ မှတ်တမ်းကို တောင်းလိုက်သည်။ ဒေါက်တာစမိုက်သည် ဒုတိယအကြိမ် ရေကြောင်းဆွေးနွေးပွဲ တက်ရန် ရှိကြောင်း၊ ယနေ့ပင် မိုင်ယာမီဆိပ်ကမ်းသို့ အရောက်သွားရမည် ဖြစ်ကြောင်း ကွန်ပျူတာက သတင်းပေးသည်။

အဒမ်သည် ကမန်းကတန်း အဝတ်အစား လဲလိုက်သည်။ သူဆုံးဖြတ်ချက်တစ်ခုကို အပြီးအပိုင် ချလိုက်ပြီ။

ခရစ္စတင်းက သူ့ကို ဒေါက်တာစမိုက်နှင့် တူသည်ဟု ပြောခဲ့သည်။ တကယ်ပင် သူနှင့် တူသည်ကို သူကိုယ်တိုင်လည်း မြင်ခဲ့ရသည်။

တယ်လီဖုန်းကို ကောက်ကိုင်ပြီး မိုင်ယာမီ ပြန်ကြားရေးဌာနသို့ ဆက်သည်။ အော်ပရေတာစာရေးမက တစ်ဖက်မှ ဖုန်းကို ကိုင်သည်။ အေရီလင်သင်္ဘောဖုန်းနံပါတ်ကို အဒမ်က တောင်းလိုက်သည်။ အော်ပရေတာမကလေးက 'ဝမ်းနည်းပါတယ်ရှင်၊ အဲဒီနာမည်နဲ့ တယ်လီဖုန်းနံပါတ် မရှိပါဘူး'ဟု နှာခေါင်းသံဖြင့် ပြန်ပြောသည်။

အဒမ်က ဖုန်းကို ပြန်ချလိုက်သည်။

နောက်ထပ် အကြံတစ်ခုရလာသည်။

ဤတစ်ကြိမ်တွင် "ရေလက်ကြား"သင်္ဘောသို့ လှမ်းဆက်သည်။ ("ရေလက်ကြား"သင်္ဘောမှာ အေရီလင်ရေကြောင်း ဆွေးနွေးပွဲအတွက် အသုံးပြုသော သင်္ဘောဖြစ်သည်။) သို့သော် မအောင်မြင်။ "ရေလက်ကြား ခရီးသွားအေဂျင်စီ"သာ ရှိသည်ဟု အကြောင်းပြန်သည်။ မျှော်လင့်ချက်တော့ သိပ်မရှိ။

သို့ဖြင့် ဂျက်ကက်အင်္ကျီကို ကောက်ယူပြီး မီးဖိုခန်းထဲသို့ ဝင်လာသည်။ ရေခဲသေတ္တာပေါ်မှ ဓာတ်မီးပူကို ယူသည်။ ရေစင်အထက်မှ နံရံတွင် ပလပ်တပ်လိုက်သည်။ ပြီးတော့ ရေချိုးကိုယ်သုတ်ပဝါကြီးကို ယူပြီး စားပွဲပေါ်တွင် ခေါက်၍ခင်းသည်။ ထို့နောက် တွန့်ကြေနေသော ဂျက်ကက်အင်္ကျီကို ဖြည်းဖြည်းချင်း မီးပူတိုက်ရင်း အကြံထုတ်နေသည်။

ရုတ်တရက် အကြံတစ်ခု ပေါ်လာပြန်သည်။ "အမ်တီအိုင်စီ ကော်ပိုရေးရှင်း"သို့ ဖုန်းဆက်ရန် ဖြစ်သည်။

သို့သော် ဖုန်းဆက်ကြည့်သောအခါ မိုင်ယာမီ အော်ပရေတာ အမျိုးသမီးလေးက 'တယ်လီဖုန်း လမ်းညွှန်စာအုပ်မှာ အမ်တီအိုင်စီဆိုတဲ့ နာမည်နဲ့ မရှိပါဘူးရှင်၊ အမ်တီအိုင်စီသင်္ဘောကုမ္ပဏီနာမည်နဲ့ပဲ ရှိပါတယ်'ဟု ပြန်ပြောသည်။

အဒမ်က အလွန်ဝမ်းသာသွားပြီး "အမ်တီအိုင်စီ" သင်္ဘောကုမ္ပဏီသို့ လှမ်းဆက်သည်။ တစ်ဖက်မှ အမျိုးသမီးတစ်ယောက်၏အသံ ပေါ်လာသည်။





'ကျွန်တော် ဒေါက်တာစတူးဝပ်စမိုက်ပါ၊ ဒီနေ့ထွက်မယ့် သင်္ဘောပေါ်တက် မီနိုင်ပါသေးသလား၊ ကျွန်တော့် အတွင်းရေးမှူးက ကြိုတင်အကြောင်း မကြားမိလို့ပါ'

အဒမ်က ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

'ဒါဆို ခဏလေးစောင့်ပါနော်'

အမျိုးသမီးက ပြန်ပြောသည်။

ကွန်ပျူတာခလုတ်နှိပ်သံများ ကြားနေရသည်။

'ဟော... ဟုတ်ပြီ၊ ဟုတ်ပြီ၊ စတူးဝပ်စမိုက်၊ နယူးယောက်မြို့ ဟုတ်ပါတယ်နော်၊ ဟုတ်ပါတယ် ဒေါက်တာ၊ ဒီနေ့ထွက်မယ့် မီးယပ်နှင့် သားဖွားပါရဂူအဖွဲ့မှာ ဒေါက်တာလည်း ပါပါတယ်၊ အဲဒါ ဒီနေ့ညနေခြောက်နာရီထက် နောက်မကျစေဘဲ သင်္ဘောပေါ် ရောက်လာရပါမယ်ရှင်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါနဲ့ ကျွန်တော် ပတ်စပို့တွေ ဘာတွေ ယူလာဖို့ လိုပါသလား ခင်ဗျာ'

'အထောက်အထားတစ်ခုခုပါရင် ရပါတယ်ရှင်၊ နိုင်ငံသားဖြစ်ကြောင်း သက်သေခံ အထောက်အထားတစ်ခုခုပေါ့'

'ဟုတ်ကဲ့၊ ကျေးဇူးပါပဲ'

တယ်လီဖုန်း ပြန်ချလိုက်သည်။

အဲဒါမှ အကြီးအကျယ် ဒုက္ခ။ ဒေါက်တာစမိုက်၏ နိုင်ငံသားမှတ်ပုံတင်လက်မှတ်ကို သူ့အနေနှင့် ဘယ်လိုလုပ်ပြီး ရနိုင်ပါမည်နည်း။

အိပ်ခန်းထဲ ပြန်ဝင်လာပြီးနောက် ခုတင်စွန်းတွင် ထိုင်ကာ သူ့အကြံကို ပြန်လည်စဉ်းစားကြည့်သည်။

နိုင်ငံသားမှတ်ပုံတင်ရဖို့ ကိစ္စကို အပထား၊ သင်္ဘောပေါ်တွင် တစ်လျှောက်လုံး သူကိုယ်သူ ဒေါက်တာစမိုက်ဟု အတုလုပ်ပြီး လိုက်ဖို့ကိစ္စက စိတ်ကူးနှင့် မြူးစရာကောင်းသလောက် တော်တော်တော့ စွန့်စားရမည့်ကိစ္စ။ သို့သော် ဒေါက်တာဇန်ဒါမားအပေါ်တွင် အယုံလွန်နေသော ဂျင်နီဖာ၏အစွဲအလမ်းကို ဖြိုဖျက်ရန်မှာ ဤနည်းမှတစ်ပါး အခြားနည်း မရှိ။ ဒေါက်တာဇန်ဒါမားသည် စိတ်မမှန်သည့်ဆရာဝန်၊ အန္တရာယ်ရှိသည့် ဆရာဝန်ဖြစ်ကြောင်းကို ဤနည်းဖြင့်သာ အခိုင်အမာ သက်သေပြနိုင်မည်။ ဆွေးနွေးပွဲသင်္ဘောနှင့် လိုက်ရမှသာလျှင် မိမိအကြံ အောင်မြင်မည်။ အောင်မြင်နိုင်ဖို့ အလားအလာလည်း အများကြီး ရှိနေသည်။

သို့သော် မိမိအနေဖြင့် သားဖွားပါရဂူ ဆရာဝန်တစ်ယောက်အသွင်ကို



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ပြင်ပြင် ဟန်ဆောင်နိုင်ပါမည်လား။ သဘော်ပေါ်တွင် ဒေါက်တာစမိုက်၏ မိတ်ဆွေများ ပါလာလျှင် ဘယ်လိုလုပ်မည်နည်း။

ဘယ်လိုပင်ဖြစ်ဖြစ်၊ စွန့်တော့ စွန့်စားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

တကယ်လို့ အလိမ်ပေါ်သွားတော့ကော မိမိအနေဖြင့် ဘာများ နစ်နာဆုံးရှုံးစရာ ရှိသနည်း။ ဒေါက်တာစမိုက်၏ အသိတစ်ယောက်ယောက်နှင့် ဝင်တိုးလျှင်လည်း မိမိအား ဒေါက်တာစမိုက်က ကိုယ်စားလှယ်ထည့်လိုက်တာလို့ ပြောလိုက်ရုံပေါ့။ ပြီးတော့ အေရီလင်ကုမ္ပဏီက သိသွားတော့လည်း အရောင်းကိုယ်စားလှယ်တစ်ယောက်အနေဖြင့် ကုမ္ပဏီ၏လုပ်ရပ်များကို အသေးစိတ်သိထားပါမှ ကုမ္ပဏီထုတ်ဆေးဝါးများကို ပိုပြီးစွံအောင် ကြော်ငြာရောင်းချနိုင်မည်ဟု ယုံကြည်ပြီး ယခုကဲ့သို့ ကြံမိကြံရာကြံမိကြောင်း ပြန်ပြောလိုက်ရုံပေါ့။ အကယ်၍ သူ့အကြောင်းပြချက်ကို ကုမ္ပဏီက မကျေနပ်လျှင်လည်း သူ့အနေဖြင့် အလုပ်ပြုတ်ရုံအပြင် ဘာမှမဖြစ်နိုင်ပါဘူး။

အဒမ်သည် ယင်းသို့ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ပြီးသည့်နောက်တွင်တော့ အချိန်ကုန်မခံဘဲ အလျင်အမြန် လှုပ်ရှားတော့သည်။

ပထမဆုံး လှုပ်ရှားမှုအနေဖြင့် ခရိုင်အရောင်းမန်နေဂျာ မက်ဂုယားထံသို့ ဖုန်းဆက်သည်။ မိမိတွင် မိသားစုပြဿနာတစ်ခု မမျှော်လင့်ဘဲ ပေါ်ပေါက်လာသဖြင့် သုံးလေးရက်ခန့် ခရီးထွက်ရဖို့ ကြုံလာကြောင်း ပြောပြကာ ခွင့်တောင်းလိုက်သည်။ မက်ဂူးယားက ကြည်ကြည်သာသာပင် ခွင့်ပြုသည်။ ယခုလို ကြားရတာ စိတ်မကောင်းဖြစ်မိကြောင်း၊ ပြေလည်ချောမောပါစေဟု ဆုတောင်းကြောင်းပင် သူက ပြောလိုက်သေးသည်။

ထို့နောက် လေယာဉ်ကုမ္ပဏီသို့ ဆက်သည်။ မိုင်ယာမီသို့ ဘယ်လေယာဉ် ဘယ်အချိန်ထွက်မည်ကို မေးကြည့်သည်။ ကမ်းရိုးတန်းဒေသနှင့် အရှေ့ပိုင်းဒေသများသို့ အချိန်မရွေး လေယာဉ်ရှိသည်ဟု ပြန်ကြားသည်။

နောက်ဆုံးတွင်တော့ ကိုယ့်ကိုယ်ကို အားတင်းပြီး ဂျင်နီဖာထံသို့ ဆက်သည်။ တစ်ဖက်သို့ လိုင်းဆက်မိချိန်တွင် အဒမ့်ပါးစပ် အာစေးကပ်နေသည်။ ဘယ်ကစပြီး ဘယ်လိုပြောရမှန်း မသိ ဖြစ်နေသည်။

'ကလင် … ကလင်' ပထမတစ်ကြိမ်။

'ကလင် … ကလင်' ဒုတိယတစ်ကြိမ်။

သည်တော့မှ တစ်ဖက်မှ ဖုန်းကိုင်သည်။

'ဟဲလို၊ ဘယ်သူပါလိမ့်'

ဂျင်နီဖာ၏မိခင် မစ္စစ်ကာဆွန်၏ အသံ။





'ကျွန်တော်ပါ ဒေါ်ဒေါ်၊ အဒမ်ပါ၊ ဒေါ်ဒေါ် နေကောင်းပါတယ်နော်၊ ဂျင်နီဖာနဲ့ ခဏပြောချင်လို့ပါ ဒေါ်ဒေါ်'

အဒမ်က အတတ်နိုင်ဆုံး ချိုသာယဉ်ကျေးသော လေသံဖြင့် ပြောလိုက်သည်။

'သူ နိုးမှ နိုးသေးရဲ့လား မသိဘူး၊ ငါသွားကြည့်လိုက်ဦးမယ်'

အဘွားကြီးအသံက အေးစက်စက်။

'ဟဲလို' ဂျင်နီဖာ၏အသံ။

အဒမ် အလွန်ဝမ်းသာသွားသည်။

'ကိုယ့်ကြောင့် အိပ်ရေးပျက်သွားတာ ခွင့်လွှတ်ပါ ဂျင်နီ'

'ကျွန်မ နိုးနေပါပြီ'

'ဂျင်နီဖာ တစ်နေ့ကအဖြစ်အတွက် ကိုယ် တောင်းပန်ပါတယ်ကွယ်၊ ကိုယ်ဘယ်လို ဖြစ်သွားမှန်း မသိဘူး၊ အေးလေ၊ ပြီးပြီးသားကိစ္စ မေ့ပစ်လိုက်ကြပါစို့၊ ကိုယ်က မင်းကို အိမ်ကိုပဲ ပြန်လာစေချင်တာ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ် ကိုယ့်ရာမှာ နေရတာ အကောင်းဆုံးပဲ မဟုတ်လား၊ ဒါပေမဲ့ လောလောဆယ် ကိုယ့်မှာ ကိစ္စတစ်ခုပေါ်လာလို့ လှမ်းဆက်ရတာ၊ ကိစ္စက တခြားမဟုတ်ပါဘူး၊ အရေးပေါ်အလုပ်ကိစ္စနဲ့ ခရီးထွက်ရမယ့်ကိစ္စပါ၊ အဲဒါ အနည်းဆုံး သုံးလေးရက်တော့ ကြာလိမ့်မယ်'

'ဪ … ဟုတ်လား'

'အဲဒါ အခုတော့ ကိုယ် အသေးစိတ် မပြောသေးဘူး၊ ပြန်ရောက်တော့မှ ပြောပြမယ်၊ အဲဒီတော့ အဲဒီမှာပဲ နေလက်စနဲ့ သုံးလေးရက်လောက် ထပ်နေလိုက်ဦးပေါ့၊ ဟုတ်လား'

'ကျွန်မက မောင် ပြူတိုရီကိုများ သွားမလားလို့'

ဂျင်နီဖာက အေးတိအေးစက်လေသံဖြင့် ပြောသည်။

'မသွားပါဘူး၊ အဲဒီ မသွားပါဘူး'

'ဒါဖြင့် ဘယ်သွားမှာလဲ'

'အခု မပြောသေးဘူး၊ ပြန်ရောက်မှ အသေးစိတ် ပြောပြမယ်လေ'

'ရပါတယ်၊ သွားသာ သွားပါ၊ ဒါနဲ့ မောင်စိတ်ဝင်စားမလား မသိဘူး၊ ကျွန်မတစ်ခု ပြောစရာရှိတယ်၊ တခြားမဟုတ်ပါဘူး၊ မနေ့က ကျွန်မ သွေးသား အစစ်ဆေးခံတဲ့အကြောင်းပါ'

'ကိုယ်သိပြီးပါပြီ'

'မောင် ဘယ်လိုသိတာလဲ၊ ကျွန်မ မောင့်ဆီ မနေ့မနက် ခုနစ်နာရီကတည်းက ဖုန်းဆက်နေတာ၊ ဖုန်းကို လုံးဝမကိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကညနေ အဒမ် ဖုန်းဆက်ကြောင်း မစ္စစ်ကာဆွန်က သူ့သမီးကို ပြန်မပြောသည်မှာ သေချာသည်။ သည်အတိုင်းဆိုလျှင် သူမိန်းမနှင့် ပြန်ပေါင်းရဖို့ အရေးတောင် တယ်မလွယ်လှပါကလား။

'အေးလေ ဘာပဲဖြစ်ဖြစ် မောင့်ခရီးအောင်မြင်ပါစေလို့ ဆုတောင်းပါတယ်၊ ကဲ ... ဒါပဲနော်'

အဒမ်က 'မင်းကို ငါဘယ်တော့မှ မမုန်းနိုင်ပါဘူး ဂျင်နီရှယ်'ဟု ပြန်ပြောမည်လုပ်တုန်းမှာပင် ဂျင်နီဖာက ဖုန်းကို ပြန်ချသွားသည်။

*

ဂျင်နီဖာက ဖုန်းကို ပြန်ချလိုက်သည်။

ငါ့အတွက် ဒီလောက် အရေးကြီးနေတဲ့အချိန်မှာ သူက ခရီးထွက်မယ်ဆိုတော့ သူအလုပ်က ဘယ်လောက်များ အရေးကြီးနေလို့လဲ။ ကေနဒီကတော့ ပြူတိုရီကိုသွားတာ ဖြစ်မှာပါ။ ဒါပေမဲ့ သူဟာ ငါ့ကို ဘယ်တော့မှ လိမ်မပြောခဲ့ပါဘူး။

'ဘာထူးလဲ သမီး'

မိခင်ကြီးက လှမ်းမေးလိုက်သောကြောင့် ဂျင်နီဖာ အတွေးပြတ်သွားသည်။

ဂျင်နီဖာက သူ့မိဘများဘက်သို့ လှည့်လိုက်ပြီး–

'အဒမ် ခရီးထွက်မလို့တဲ့'

'အဲဒါကောင်းတာပေါ့၊ ဘယ်ကို ထွက်မှာတဲ့လဲ'

'အဲဒါတော့ မသိဘူး၊ သူက နောက်မှ ပြောပြမယ်တဲ့'

'ဒါဆို အငယ်အနှောင်းများ ရှိနေလို့လား သမီးရယ်'

'ဟာ ... ဘယ့်နှယ်၊ မဟုတ်တာဘဲ၊ ဒီကောင် ဒီလိုလူစားမျိုး မဟုတ်ပါဘူး'

မစ္စတာကာဆွန်က ဝေါလ်စထရိဂျာနယ်သတင်းစာကို ဖတ်နေရာမှ လှမ်းပြောလိုက်သည်။

'ဟုတ်ပါတယ်၊ အဲဒီလိုတော့ မဟုတ်နိုင်ပါဘူး'

ဂျင်နီဖာက စိတ်တိုသံဖြင့် ပြောသည်။

'ညည်းက အတိအကျ ပြောနိုင်လို့လား၊ ဘယ်သူပြောနိုင်မှာလဲ၊ ဒီကောင်က မဟုတ်တရုတ် လုပ်ချင်လုပ်မှာ'

ဂျင်နီဖာက ဘာမှပြန်မပြောတော့ဘဲ နံနက်စာဗန်းကို စားပွဲသို့ ယူသွားပြီး ရုပ်မြင်သံကြားရှေ့တွင် ထိုင်လိုက်သည်။





တယ်လီဖုန်း မြည်လာပြန်သည်။

အဒမ် ပြန်ဆက်တာပဲဖြစ်မည်ဟုတွေးကာ ဂျင်နီဖာက ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်သည်။ သူ စိတ်ပြောင်းသွားပြီနဲ့ တူတယ်။

သို့သော် ဖုန်းကို ကောက်ကိုင်လိုက်တော့ ဒေါက်တာဗန်ဒါမား ဖြစ်နေသည်။

'အစောကြီးဆက်တာ ခွင့်လွှတ်ပါ ဂျင်နီဖာ' ဒေါက်တာက တောင်းပန်သည်။ 'ပိုပြီး သေချာအောင်လို့ ဆက်တာပါ'

'ရပါတယ်၊ ကျွန်မ နေကောင်းပါတယ်'

'ဒါပေမဲ့ ဆေးရုံကို ဒီနေ့ ထပ်လာခဲ့ပါဦး၊ မင်းကို ပြောပြစရာတွေ ရှိတယ်၊ ၁၀ နာရီလောက်ဆိုရင် ဖြစ်မလား၊ ငါ့မှာ နေ့လယ်ပိုင်း ခွဲစိတ်စရာတွေ ရှိနေလို့ပါ'

'ဖြစ်ပါတယ် ကျွန်မ ၁၀ နာရီမှာ ဆက်ဆက်လာခဲ့ပါ့မယ်'

ဂျင်နီဖာ ဖုန်းပြန်ချလိုက်သည်။ သူ ဘာတွေများ ပြောစရာရှိပါလိမ့်ဟု တွေးပြီး စိုးရိမ်သွားမိသည်။

'ဘယ်သူလဲ သမီး'

မစ္စစ်ကာဆွန်က လှမ်းမေးသည်။

'ဒေါက်တာ ဗန်ဒါမားပါ၊ ဒီမနက် သူ့ဆီလာခဲ့ပါဦးတဲ့'

'ဘာလုပ်မလို့တဲ့လဲ'

'အဲဒါတော့ မပြောဘူး'

'သန္ဓေသားစစ်ဆေးတဲ့ ကိစ္စတော့ ဖြစ်မယ်မထင်ပါဘူး၊ သွေးစစ်ထားတဲ့ကိစ္စ ဖြစ်မယ်ထင်တယ်။ သွေးစစ်ကြည့်တော့ သံဓာတ်နဲ့ ဗီတာမင်ဓာတ်နည်းနေတယ်လို့ ပြောတာပဲ'

ဘယ်လိုပဲဖြစ်ဖြစ်၊ ဂျင်နီဖာ စိတ်တော့ နည်းနည်းအေးသွားသည်။

ဂျူလီယဲဆေးရုံသို့ မစ္စစ်ကာဆွန်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့သည်။

ဆေးရုံရောက်တော့ စောင့်မနေရဘဲ ဒေါက်တာဗန်ဒါမား၏ ရုံးခန်းသို့ ချက်ချင်း ဝင်ကြရသည်။

ဒေါက်တာဗန်ဒါမားက ရပ်နေရာမှ သူ့စားပွဲရှေ့ရှိ ကုလားထိုင် နှစ်လုံးကို ညွှန်ပြသည်။

ဂျင်နီဖာက ဒေါက်တာ့မျက်နှာကို ကြည့်ပြီး တစ်ခုခုတော့ ဖြစ်နေပြီဟု တွေးလိုက်မိသည်။

'ပြောရမှာက သတင်းကောင်းတော့ မဟုတ်ဘူး'

ဒေါက်တာက ခံစားချက်မရှိသောလေသံဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီဖာရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။ တစ်ခန်းလုံး ပူလောင်လာသလို ခံစားမိသည်။

ဒေါက်တာ ဗန်ဒါမားက ဆက်လက်၍–

'ပုံမှန်အတိုင်းဆိုရင် သန္ဓေသားဗီဇစစ်ဆေးတာ နှစ်ပတ်လောက်ကြာတယ်၊ အကြောင်းကတော့ နျူကလီယပစ္စည်းတွေကို အတိအကျ မြင်နိုင်ဖို့အတွက် တစ်ရှူးမျိုးပွားတွေ ဖြစ်လာအောင် လုပ်ပေးရလို့ပဲ၊ သို့သော်လည်း တစ်ခါတလေမှာတော့ ရေမြွှာရည်ထဲက အလွတ်ဆဲလ်တွေကို ကြည့်ပြီး သန္ဓေသားပုံမမှန်တာကို သိသာနိုင်တယ်၊ ဆိုလိုတာကတော့ မင်းရဲ့ ကိုယ်ဝန်ဟာလည်း မင်းအမေလိုပဲ အင်္ဂါချို့ယွင်းတဲ့ သန္ဓေသားဖြစ်နေတယ် ဂျင်နီဖာ၊ အမျိုးအစားကလည်း ဒွိဂုဏ်ပွားအမျိုးအစားဆိုတော့ အဆိုးရွားဆုံး အမျိုးအစား ဖြစ်နေတယ်'

ဂျင်နီဖာ စကားမပြောနိုင်အောင် ဖြစ်သွားသည်။ သူတို့မှားတာ ဖြစ်ရမယ်။ သူတို့ပြောသလို ငါ့ဗိုက်ထဲမှာ လူရုပ်မပီတဲ့ သရဲကလေး ရှိနေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ငါမယုံနိုင်ဘူး။

'ဒါဆိုရင် ဒီကလေးက ရက်ပိုင်းလောက်ပဲ အသက်ရှင်နေမယ့်သဘောပေါ့၊ ဟုတ်လား ဒေါက်တာ'

'ဟုတ်ပါတယ် ကျုပ်တို့ကလည်း အဲဒီအတိုင်းပဲ ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်' ဒေါက်တာဗန်ဒါမားသည် ဂျင်နီဖာအနီးသို့ လျှောက်လာပြီး ဂျင်နီဖာ၏ ပခုံးပေါ်သို့ လက်တင်လိုက်သည်။ 'ဒီလိုစကားမျိုးကို ပြောရတာ ငါအများကြီး စိတ်မကောင်းပါဘူး ဂျင်နီဖာ၊ အမှန်ကတော့ နောက်ဆုံးအဖြေရတဲ့အထိ ငါက စောင့်နေဖို့ ကောင်းတာ၊ ဒါပေမဲ့ မင်းအနေနဲ့ စောစော သိရလေ ကောင်းလေပဲလို့ တွေးမိပြီး အခုလို ပြောပြရတာပါ၊ စောစောသိရတော့ ဘယ်လိုလုပ်မယ်ဆိုတာကို ဆုံးဖြတ်ဖို့ အချိန်ပိုရတာပေါ့၊ အဲဒီတော့ ငါတစ်ခုတော့ ပြောချင်တယ်၊ ငါပြောမယ့် စကားက မင်းအတွက် ဖြေသိမ့်နိုင်မယ့် စကားတော့ ဟုတ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ မင်းက အရွယ်ရှိသေးတဲ့ မိန်းကလေးတစ်ယောက်ပါ၊ သားသမီးလိုချင်ရင် အများကြီး ရနိုင်ပါသေးတယ်၊ တကယ်တော့ မင်းကိုယ်တိုင် ပြောခဲ့တဲ့အတိုင်းပါပဲ၊ ဒီအချိန်မှာ မင်းနဲ့ အဒမ်တို့အနေနဲ့ သားသမီးယူဖို့ လုံးဝမကောင်းပါဘူး'

ဂျင်နီဖာသည် တစ်ကိုယ်လုံး မာတောင့်ကာ ငြိမ်ပြီး နားထောင်နေသည်။ ဒေါက်တာဗန်ဒါမားက သားအမိနှစ်ယောက်ကို အကဲခတ်ကြည့်လိုက်သည်။ မစ္စစ်ကာဆွန်နှင့် အကြည့်ချင်းသွား၍ ဆုံသည်။

ဒေါက်တာ ဗန်ဒါမားက ဆက်ပြောသည်။

'အဲဒီတော့ မိသားစုနဲ့ အေးအေးဆေးဆေး ပြန်ပြီးတိုင်ပင်ပါ၊ ဒါပေမဲ့





သိပ်တော့ မကြာပါစေနဲ့၊ နောက်ကျသွားရင် လုပ်ကိုင်ရတာ ပိုပြီး ခက်ခဲသွားလိမ့်မယ်'

ဤတွင် မစ္စစ်ကာဆွန်က ဖြတ်ပြောလိုက်သည်။

'ဟုတ်ပါတယ် သမီး၊ ဒေါက်တာပြောသလို လုပ်တာ ကောင်းပါတယ်၊ အိမ်ပြန်ပြီး အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့၊ အားလုံး အဆင်ပြေသွားမှာပါ'

ဂျင်နီဖာက ခေါင်းညိတ်ပြသည်။ ပြီးတော့ ဒေါက်တာဗန်ဒါမားအား အပြုံးယဲ့ယဲ့ကလေးနှင့် ကြည့်လိုက်သည်။ ဒေါက်တာ၏မျက်နှာတွင် မသိမသာ ခံစားမှုပြသည်။

ဂျင်နီဖာတို့သားအမိ ပြန်ခါနီးတွင်ဒေါက်တာက ပြောလိုက်သည်။

'အကြောင်းရှိရင် ငါ့ဆီ အချိန်မရွေး ဖုန်းဆက်ပါ'

သားအမိနှစ်ယောက် ဆေးရုံမှ ပြန်ထွက်လာပြီးနောက် ကားရပ်ထားခဲ့သော ကားရုံမှ ကားကို ပြန်ထုတ်သည်။ တစ်ယောက်မှ စကားမပြောကြ။

လမ်းမပေါ်သို့ ထွက်ခါနီးတော့မှ ဂျင်နီဖာက ပြောသည်။

'ကျွန်မတို့ တိုက်ခန်းကို ပြန်ရင်ကောင်းမယ်ထင်တယ် မေမေ'

'အိမ်ဂျယ်ဝုဒ်ကိုပဲ ပြန်ပါ သမီးရယ်၊ သမီးဖေဖေကိုလည်း အကျိုးအကြောင်း ပြောပြရဦးမယ် မဟုတ်လား'

'ကျွန်မက အဒမ်နဲ့ တွေ့ချင်လို့ပါ၊ သူဘယ်အချိန် ခရီးထွက်မယ်ဆိုတာ မပြောဘူး၊ ခရီးမထွက်ခင် မီလို မီသွားပေါ့'

'ဒါဖြင့်လည်း ဖုန်းနဲ့အရင် ဆက်ကြည့်ပါလား'

'ဟင့်အင်း... ကျွန်မက သွားပဲ သွားကြည့်ချင်တယ်'

သည်အချိန်တွင် သမီးဖြစ်သူအား စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်သောကြောင့် မစ္စစ်ကာဆွန်သည် ကားကို မြို့တွင်းသို့ ဦးတည်မောင်းနှင်လာခဲ့သည်။

တိုက်ခန်းသို့ ရောက်တော့ ဗီရိုထဲတွင် အဒမ်၏ အဝတ်သေတ္တာနှစ်လုံးကို လက်ရာမပျက် တွေ့ရသည်။ အဝတ်အစားများလည်း တစ်ထည်မှ မလျော့။ ထို့ကြောင့် အဒမ် ခရီးမထွက်ဖြစ်သေးဟု ဂျင်နီဖာက ထွက်လိုက်သည်။

'အဲဒီတော့ သမီး ဘာလုပ်ချင်သလဲ၊ ဘယ်လိုလုပ်မှာလဲ'

မိခင်ကြီးက မေးလိုက်သည်။

'ထိုင်စောင့်မယ်၊ ပြီးတော့ သူနဲ့ စကားပြောမယ်'

ဂျင်နီဖာ၏အသံက တော်တော်မာသည်။

*

www.burmeseclassic.com

www.burmeseclassic.com

'နောက်တစ်ခါဆိုရင်တော့ အခယူရမှာပဲကွယ်'

ဆေးတက္ကသိုလ် ပြန်ကြားရေးရုံး ရုံးလုလင်ကြီးက အဒမ်အား စလိုက်သည်။

အဒမ်က အင်္ကျီဖြူကြီးကို လှမ်းယူပြီး ဝတ်သည်။

'ကျွန်တော်က ဒီနေရာက ဘယ်မှ ဝေးဝေးသွားလို့ မရဘူးဗျ၊ အမြဲတမ်း သတိရနေတာပဲ' အဒမ်က ပြန်ပြောလိုက်သည်။ အင်္ကျီလက်က နှစ်လက်မလောက် တိုနေသည်။ အိတ်ပေါ်မှာလည်း အဝါရောင် အစွန်းကွက်ကြီးနှင့်

'ခင်ဗျားမှာရှိတာ ဒါအကောင်းဆုံးပဲ ထင်တယ်'အဒမ်က ပြန်နောက်လိုက်သည်။

သူ့ရုပ်သူ ပြန်ကြည့်ပြီး ကျေနပ်သွားသည်။ မဆိုးပါဘူး၊ ဆရာဝန်နဲ့ တူပါတယ်။ ထို့နောက် ဓာတ်လှေကားဖြင့် အာရုံကြောဌာနသို့ တက်လာခဲ့သည်။ သူနာပြုဆရာမများအခန်းသို့ တန်းဝင်လာခဲ့သည်။ စာရေးမကို ပြုံးပြလိုက်သည်။ ပြီးတော့ မှတ်တမ်းစင်ပေါ်မှာ ဒေါက်တာစမိုက်၏ ဆေးမှတ်တမ်းကတ်ကို ယူလိုက်သည်။

သူလိုချင်တာအားလုံးကို ပထမစာမျက်နှာပေါ်တွင်ပင် တွေ့ရသည်။ စာရေးမအား ကျေးဇူးပြီး ဒေါက်တာစမိုက်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကူးရေးသည်။ ကျန်းမာရေးနှင့် အသက်အာမခံ အချက်အလက်များ၊ လူမှုဖူလုံရေး မှတ်ပုံတင်နံပါတ်၊ ဇနီးသည်၏အမည်နှင့် မွေးသက္ကရာဇ် သည်လောက်ဆို ပြည့်စုံပြီ။

ဆေးမှတ်တမ်းကို စင်ပေါ်တွင် ပြန်ထားပြီး စာကြည့်တိုက်ခန်းသို့ ဓာတ်လှေကားဖြင့် ပြန်ဆင်းခဲ့သည်။ စာကြည့်တိုက် လက်ထောက်အမျိုးသမီးတစ်ယောက်က အမေရိကန်သမားတော်များ လက်စွဲစာအုပ်ကို ရှာပေးသည်။

ဒေါက်တာစမိုက်အကြောင်း စာမျက်နှာကို လှန်သည်။ မူလတန်းမှ ကောလိပ်အထိ တက်ခဲ့သော ကျောင်းများကို ရေးမှတ်သည်။ ဘွဲ့ရပြီးနောက် လုပ်ခဲ့သော ဆေးရုံများကို မှတ်သားသည်။ ဟာဝိုင်ယီတွင် ဆေးပညာသင်တန်း တစ်နှစ်တက်ခဲ့ကြောင်းကိုလည်း သိရသည်။ ထို့ပြင် ဒေါက်တာစမိုက် ဝင်ထားသော ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များကိုလည်း ရေးမှတ်သည်။ ဒေါက်တာစမိုက်သည် တင်းနစ်တစားခြင်း၊ ဂန္ထဝင်ဂီတနှင့် ရုပ်ရှင်ဝါသနာအိုးတစ်ယောက် ဖြစ်ကြောင်းလည်း သိရသည်။

အဒမ်သည် ဆေးသိပ္ပံမှ ထွက်မလာမီ နောက်ဆုံးလုပ်သော လုပ်ရပ်မှာ မီးယပ်ပါရဂူများ ဆေးခန်းမှ စာရေးမ ခရစ္စတင်းထံ ဖုန်းလှမ်းဆက်ခြင်း ဖြစ်သည်။ သူက နောက်အပတ်ထဲတွင် ဒေါက်တာဘန်ဂါတန်နှင့် ဒေါက်တာစတင်းတို့နှင့် တွေ့ဆုံရန် ချိန်းထားသည်ဟု ခရစ္စတင်းအား ပြောလိုက်သည်။





ထို့နောက် ကားပေါ်သို့ ပြန်တက်ကာ မြို့တွင်းသို့ဖြတ်ပြီး အင္ဂမရိပ်သာဘက်သို့ မောင်းခဲ့သည်။ ၄၂ လမ်းနှင့် နီးလာသောအခါ မြင်ကွင်းတစ်မျိုး ပြောင်းလဲသွားသည်။ ရုံးအဆောက်အုံများနှင့် ကုန်လှောင်ရုံများ၊ ပျောက်သွားပြီး နီယွန်မီးတွေ ထိန်ထိန်လင်းနေသော ရုပ်ရှင်ရုံများနှင့် စာအုပ်ဆိုင်များ တွေ့လာရသည်။

အဒမ်သည် ကားကို တစ်နေရာတွင် ရပ်ထားခဲ့ပြီးနောက် စာနယ်ဇင်းဆိုင် တစ်ဆိုင်ရှေ့တွင် လမ်းသလားနေသည်။ မကြာမီတွင် နှုတ်ခမ်းမွေး ခပ်တိုတို ညှပ်ထားသော ပိန်ညှော်ညှော် လူကြီးတစ်ယောက် အဒမ့်အနီးသို့ ချဉ်းကပ်လာသည်။

'မင်း တကယ့်အမျိုးသမီးလှလှလေး စိတ်ဝင်စားသလား'

ပိန်ညှော်ညှော် လူကြီးက မေးသည်။

'ကျွန်တော်က မှတ်ပုံတင်ကတ် လှလှလေးပဲ စိတ်ဝင်စားတယ်'

အဒမ်က ပြန်ပြောလိုက်သည်။

'ဘယ်လို အမျိုးအစားလဲ'

လူကြီးက နေ့တိုင်းလုပ်နေကျ အသံမျိုးဖြင့် ပြန်မေးသည်။

အဒမ်က ပခုံးတွန့်လိုက်ပြီး–

'အဲဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော် လိုချင်တာက ကားမောင်းလိုင်စင်ရယ်၊ ပြီးတော့ မဲပေးမှတ်ပုံတင်ကတ်ရယ်ပဲ'

'မဲပေးမှတ်ပုံတင်ကတ် ဟုတ်လား၊ ငါတော့ တစ်ခါမှ မကြားဖူးပါဘူး'

'သြော်... ဟုတ်လား၊ ဒါဖြင့် ကျွန်တော်က အသစ်အဆန်း ဖြစ်နေတာပေါ့၊ ဒီလိုပါ ကျွန်တော်သဘောကနဲ့ ခရီးထွက်မလို့၊ အဲဒါကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူ့မှ မသိစေချင်ဘူး'

'ဒါဆို မင်းက ပတ်စ်ပို့အတု လိုချင်တယ် ဆိုပါတော့၊ ဘယ်တော့ လိုချင်တာလဲ'

'အခု လိုချင်တယ်'

'ပိုက်ဆံပါသလား'

'နည်းနည်းတော့ ပါတယ်'

အဒမ်သည် သူ့ပိုက်ဆံများနှင့် မှတ်ပုံတင်ကတ်များကို ကားထဲမှ လက်အိတ်ခန်းထဲတွင် သော့ခတ်ထားခဲ့သည်။

'ကားမောင်းလိုင်စင်က ဒေါ်လာအစိတ်၊ ပတ်စပို့က ဒေါ်လာငါးဆယ်ကျမယ်'

'ဟာ...များလှချည့်လား၊ ကျွန်တော့်မှာက ဒေါ်လာငါးဆယ်ပဲ ပါတာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလောက်နဲ့တော့ မရဘူး ကိုယ့်လူ'

လူကြီးက ပြန်လှည့်ပြီး အင်္ဂမရိပ်သာလမ်းဘက်သို့ လျှောက်ထွက်သွားသည်။

အဒမ်က ခေတ္တရပ်ကြည့်နေသေးသည်။ ပြီးတော့မှ ဘရော့ဒ်ဝေးလမ်းဘက်သို့ ဆက်လျှောက်လာခဲ့သည်။ လေးငါးဆယ်လှမ်း ရောက်သောအခါ သူ့ပခုံးကို တစ်စုံတစ်ယောက်က လက်ဖြင့် လာကိုင်သည်။ လှမ်းကြည့်လိုက်တော့ စောစောက လူကြီး။

'ဟေ့… ဒီမှာ နှစ်ခုစလုံးအတွက် ဒေါ်လာ ၆၀ ပေးမလား'

အဒမ်က ခေါင်းညိတ်လိုက်သည်။

ဤတွင် လူကြီးက ဘာစကားမှ မပြောတော့ဘဲ အဒမ်အား အင်္ဂမရိပ်သာလမ်းဘက်သို့ ပြန်ခေါ်လာခဲ့သည်။ စတိုးဆိုင်တစ်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ ယင်းဆိုင်တွင် ကင်မရာမျိုးစုံ၊ ဂဏန်းပေါင်းစက်များနှင့် တရုတ်ဆင်စွယ်များ ရောင်းသည်။ လူကြီးသည် အရောင်းစာရေးများရှေ့မှ ဖြတ်လျှောက်ပြီး အဒမ်အား ဆိုင်နောက်ဘက်သို့ ခေါ်လာသည်။ နောက်ဘက်တံခါးမှ ထွက်သောအခါ သီးခြားအဆောင်တစ်ခုသို့ ရောက်လာသည်။ လူကြီးက တံခါးခေါက်လိုက်သည်။ တံခါးပွင့်လာသည်။ အဒမ်အား မှောင်မည်းမည်း အခန်းကျဉ်းကလေးတစ်ခုထဲသို့ ဝင်ရန် ပြောသည်။

တစ်ထောင့်တွင် သုံးချောင်းထောက်ဖြင့် ဆင်ထားသော ပိုလာရွိုက် ကင်မရာတစ်လုံး ရှိသည်။ တခြားတစ်ထောင့်တွင် စားပွဲတစ်လုံး ရှိသည်။ စားပွဲအထက်မှ မီးချောင်းတစ်ချောင်း တပ်ဆင်ထားသည်။ စားပွဲတွင် နဖူးပြောင်လက်နှင့် လူတစ်ယောက် ထိုင်နေသည်။ သူသည် အစိမ်းရောင် မျက်နှာဖုံးစွပ်ထား သည်။

ပိန်ညှော်ညှော် လူကြီးက ပြောလိုက်သည်။

'ဒီသူငယ်က ကားမောင်းလိုင်စင်နဲ့ ပတ်စ်ပို့တစ်စောင် ဒေါ်လာ ၆၀ နဲ့ လိုချင်လို့တဲ့'

'နာမည်ပြောပါ'

အဒမ်က ဒေါက်တာစမိုက်၏ နာမည်၊ နေရပ်လိပ်စာ၊ မွေးနေ့နှင့် လူမှုလုံရေး မှတ်ပုံတင်နံပါတ်တို့ကို ခပ်မြန်မြန်လေး ပေးလိုက်သည်။

ဘာစကားမှမပြော။ အဒမ်အား ပိုလာရွိုက် ကင်မရာရှေ့တွင် ထိုင်ခိုင်းပြီး ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်သည်။ ထို့နောက် မျက်နှာဖုံးနှင့် လူသည် စားပွဲသို့ သွားပြီး အလုပ်လုပ်နေသည်။ ပိန်ညှော်ညှော်လူကြီးက နံရံကိုမှီရင်း စီးကရက်သောက်နေသည်။





နောက် ၁၀ မိနစ်ခန့်အကြာတွင် အဒမ်သည် မှတ်ပုံတင်အတုများကို ယူပြီး ဆိုင်ပြင်သို့ ထွက်လာခဲ့သည်။ လမ်းတွင် ဖွင့်မကြည့်။ ကားပေါ်ရောက်တော့မှ ဖွင့်ကြည့်သည်။ တကယ်ပင် မှတ်ပုံတင်အစစ်နှင့် ခွဲမရအောင် တူနေသည်။

သူ တော်တော် ကျေနပ်သွားသည်။ ကားကို ပြန်လှည့်ပြီး သူတို့တိုက်ခန်းသို့ ပြန်မောင်းလာခဲ့သည်။ အဝတ်အစားများ ထုပ်ပိုးရန် နာရီဝက်သာ အချိန်ကျန်တော့သည်။

တိုက်ခန်းသို့ ရောက်တော့ တံခါးသော့ပွင့်နေ၍ အံ့အားသင့်သွားသည်။ တံခါးတွန်းဖွင့်လိုက်သောအခါ ဧည့်ခန်းထဲတွင် ဂျင်နီဖာနှင့် သူ့အမေ။

'ဟာ… ဝမ်းသာစရာကြီးပါလား'

'မောင် ပြူတိုရီကိုကို မသွားခင် ကျွန်မ အမီလိုက်လာတာ'

'ကိုယ်သွားမှာက ပြူတိုရီကိုကို မဟုတ်ပါဘူး'

'ဘယ်နေရာပဲဖြစ်ဖြစ် မင်း မသွားသင့်ဘူး'

မစ္စစ်ကာဆွန်က ဝင်ပြောသည်။ 'သမီးက သိပ်စိုးရိမ်နေတာ၊ ဒီလိုအချိန်မျိုးမှာ သူ့အနားမှာ မင်းရှိနေသင့်တာပေါ့'

အဒမ်က လက်ထဲမှ ပစ္စည်းများကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီး ဂျင်နီဖာဘက်သို့ လှည့်လိုက်သည်။ ဂျင်နီဖာ့မျက်နှာ သွေးရောင်မဲ့နေသည်။

'ဘယ်လိုဖြစ်တာလဲ ဟင်'

သူက မေးလိုက်သည်။

မစ္စစ်ကာဆွန်က–

'ဒေါက်တာဗန်ဒါမား ပြောလိုက်တာကြောင့်ပေါ့'

အဒမ်က ဂျင်နီဖာ့မျက်နှာကိုသာ စိုက်ကြည့်နေသည်။ သူက အဘွားကြီးအား ပါးစပ်ပိတ်ထားစမ်းပါ ဟု ပြောလိုက်ချင်သည်။ သို့သော် အဘွားကြီးအား ဘာမှမပြောဘဲ ဂျင်နီဖာကိုသာ မေးလိုက်သည်။

'ဒေါက်တာဗန်ဒါမားက ဘာပြောတာလဲ ဟင်'

'သွေးသား စစ်ဆေးတော့ ပိုဇစ်တစ် တွေ့ရတယ်၊ ကျွန်မတို့ ကလေးက တော်တော်ကို အင်္ဂါချို့ယွင်းနေတယ်တဲ့၊ အဲဒါ ကျွန်မတော့ ကိုယ်ဝန်ပဲ ဖျက်ချလိုက်ချင်တယ် မောင်'

'ဟာ… မဟုတ်တာဘဲ၊ ဘာလို့ ဖျက်ရမှာလဲ၊ သူပြောတာ လုံးဝမဖြစ်နိုင်ဘူး' အဒမ်က လက်ဝါးကို လက်သီးဆုပ်နှင့် ထုလိုက်သည်။ 'သွေးသား စစ်ဆေးပြီးရင် တစ်ရှူးမျိုးပွားဖို့က တော်တော်ကြာတယ်၊ ဒါနဲ့များ ဒီလူကြီးက ဘာတွေ လျှောက်ပြောနေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



အဒမ်က တယ်လီဖုန်းနားသို့ လျှောက်သွားသည်။

ဂျင်နီဖာက မျက်ရည်စက်လက်ဖြင့်–

'အခုလိုဖြစ်တာ ဒေါက်တာဗန်ဒါမား အပြစ်မဟုတ်ပါဘူး မောင်ရယ်'

သူက တရှုတ်ရှုတ်ငိုရင်း အင်္ဂါချို့တဲ့မှု ကြီးမားလွန်းသောကြောင့် တစ်ရှူးများ မျိုးမပွားနိုင်တော့ကြောင်း ရှင်းပြသည်။

အဒမ်သည် ချီတုံချတုံ ဖြစ်နေသည်၊ သူ ဖတ်ဖူး မှတ်ဖူးသည်များကို ပြန်စဉ်းစားနေသည်၊ တစ်ရှူးများ မျိုးမပွားနိုင်တော့ကြောင်း သူ ဘယ်စာအုပ်မှာမှ မဖတ်ဖူးခဲ့။

'ကိုယ်ကတော့ အဲဒီလိုပြောရုံလောက်နဲ့ ဘယ်လိုမှ မကျေနပ်နိုင်သေးဘူး'

သူက ဂျူလီယဲဆေးရုံသို့ ဖုန်းဆက်သည်။ ဒေါက်တာ ဗန်ဒါမားကို တောင်းလိုက်သည်။ ခဏကိုင်ထားပါဟု ပြန်ပြောသည်။

မစ္စစ်ကာဆွန်က လည်ချောင်းရှင်းလိုက်ပြီး–

'အဒမ်၊ မင်းက ဒေါက်တာဗန်ဒါမားကို ဂရုစိုက်စရာ မလိုပါဘူး၊ ဂျင်နီဖာကိုပဲ ဂရုစိုက်ပါ'

အဒမ်က ဘာမှပြန်မပြော။ ဆေးရုံမှ အော်ပရေတာက ပြန်ပြောသည်။

'ဒေါက်တာ လူနာစမ်းသပ်နေပါတယ်ရှင်၊ နောက်တော့ ပြန်ဆက်ပါဦး နော်'

အဒမ်က သူ့နာမည်နှင့် ဖုန်းနံပါတ်ကို ပြောပြပြီးနောက် ဖုန်းကို ပြန်ချလိုက်သည်။

'လုံးဝ အဓိပ္ပာယ်မရှိဘူး' အဒမ်က ညည်းပြောလိုက်သည်။ 'ဒီ ဂျူလီယဲ ဆေးရုံက တစ်ခုခုတော့ ဖြစ်နေပြီ၊ ကိုယ် လုံးဝမသင်္ကာဘူး၊ ပြီးတော့ အဲဒီ ဗန်ဒါမားလဲ'

သူ ပါးစပ်ပြန်ပိတ်သွားသည်။

မစ္စစ်ကာဆွန်က–

'ငါသိသလောက်တော့ ဂျူလီယဲဆေးရုံဟာ အကောင်းဆုံးဆေးရုံပဲ၊ ငါ့ ဒေါက်တာက လွဲရင် ဒေါက်တာဗန်ဒါမားလည်း အတော်ဆုံးသမားတော်ကြီးတစ်ယောက်ပဲ'

အဒမ်က အဘွားကြီး စကားကို မသိကျိုးကျွံပြုကာ–

'ကိုယ် အဲဒီလိုက်သွားမယ်၊ သူနဲ့ ကိုယ်တိုင်တွေ့ပြီး မေးရမယ်'

သူက သော့တွဲကောက်ယူပြီး တံခါးဝသို့ ခြေလှမ်းပြင်လိုက်သည်။

'အဲဒီတော့ မင်းမိန်းမ ဘယ်လိုလုပ်မလဲ'





'ကျွန်တော် ပြန်လာမှာပေါ့'

အဒမ် တံခါးဖွင့်ပြီး ထွက်သွားသည်။

မစ္စစ်ကာဆွန် ဒေါသူပုန်ထတော့သည်။ ဒီလိုလူစားနဲ့ ငါ့သမီး ပေးစားမိတာ မှားလိုက်လေခြင်းဟု နောင်တရမိသည်။ သို့သော် ဂျင်နီဖာပိုပြီး စိတ်မချမ်းသာဖြစ်မည်စိုး၍ သူက ဆူဆူပူပူ မလုပ်ချင်။

ဂျင်နီဖာသည် ရှိုက်ပြီး ငိုနေသည်။

မစ္စစ်ကာဆွန်က သမီးအနားကပ်သွားပြီး–

'လာပါ သမီးရယ်၊ မေမေတို့ ကိုယ့်အိမ်ပဲ ကိုယ်ပြန်ကြရအောင်၊ သမီး ဘာမှစိုးရိမ်စရာ မလိုပါဘူး၊ အဖေကြီးတစ်ယောက်လုံး ရှိသားပဲကွယ်'

ဂျင်နီဖာက မငြင်း။ သို့သော် တံခါးဝရောက်တော့–

'နေဦး မေမေ၊ ကျွန်မ စာတစ်စောင် ရေးထားခဲ့ချင်လို့'

မိခင်ကြီးက ခေါင်းညိတ်လိုက်သည်။ ဂျင်နီဖာက စားပွဲတွင် ပြန်ထိုင်ပြီး စာရေးသည်။ ပြီးတော့ တံခါးနားမှာ ကြမ်းပြင်ပေါ် ချထားလိုက်သည်။ သူ့စာက ရိုးရိုးကလေးပါ။

'အိမ်ပြန်သွားပြီ၊ ဂျင်နီဖာ' တဲ့။

*

အဒမ်သည် ဒေါကန်နေသော အငှားကားဆရာတစ်ယောက်ကဲ့သို့ ကားကို အမြန်မောင်းချလာပြီး ဂျူလီယဲဆေးရုံရှေ့တွင် အရှိန်နှင့် ထိုးရပ်လိုက်သည်။

ကားပေါ်မှ ခုန်ဆင်းလျက် ဆေးရုံတံခါးဝသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ယူနီဖောင်းဝတ် လုံခြုံရေးအမှုထမ်းက တားရန် ကြိုးစားသည်။

အဒမ်က 'ကျွန်တော် ဒေါက်တာရှွန်းဘတ်ပါ၊ အရေးပေါ်ကိစ္စရှိလို့ ပါ'ဟု နောက်လှည့်ပြောပြီးနောက် ဆေးရုံထဲသို့ ဝင်လာခဲ့သည်။

မီးယပ်ရောဂါဌာနသို့ ရောက်သောအခါ ဧည့်ကြိုစာရေးမက သူမျှော်လင့်သည့် အတိုင်းပင် ဆက်ဆံသည်။

'ဪ... အဒမ်ရှွန်းဘတ်ကိုး၊ ဒေါက်တာဗန်ဒါမားက သူ့ရုံးခန်းက စောင့်နေပါတယ်' တစ်ဖက်ရှိ စင်္ကြံလမ်းသို့ ညွှန်ပြရင်း 'လက်ဝဲဘက် တတိယထပ်မှာ'

အဒမ်က ကျေးဇူးတင်စကားပြောပြီး စာရေးမညွှန်သည့်အတိုင်း လာခဲ့သည်။

ရုံးခန်းက ကြီးကျယ်လှသည်။ နံရံကပ် စာအုပ်စင်ပေါ်တွင် ဆေးပညာ စာအုပ်ကြီးများနှင့် ဆေးပညာစာစောင်များ ပြည့်နှက်နေသည်။ အဒမ်သည် စိတန်းနေသောသန္ဓေသား နမူနာပုလင်းများကို စောင်းကြည့်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေမရှိသော နေရာအဖြစ် ယူဆမိသည်။ စားပွဲကျယ်ကြီးဆီသို့ လျှောက်လာသည်။ တာဝန်ခံဆရာဝန် လက်မှတ်ထိုးရန် ခွဲစိတ်မှတ်တမ်းများ တစ်ထပ်ကြီး ပုံနေသည်။

ဒေါက်တာဗန်ဒါမား ဝင်လာသည်။ ချိုင်းကြားတွင် မနီလာစာအိတ်ကြီး တစ်အိတ် ညှပ်လာသည်။

'ထိုင်ပါ၊ ထိုင်ပါ'

သူက အဒမ့်ကို ပြောလိုက်သည်။

'နေပါစေ၊ ရပါတယ်' အဒမ်က ပြန်ပြောလိုက်သည်။ 'ကျွန်တော် သိပ်မကြာပါဘူး၊ ကျွန်တော့်မိန်းမ စစ်ဆေးချက် အတိအကျ သိချင်လို့ပါ၊ ကျွန်တော့်မိန်းမကိုယ်ဝန်က အင်္ဂါချို့ယွင်းတဲ့ကလေးလို့ ဒေါက်တာပြောတယ်လို့ သိရပါတယ်'

'အဲဒါကြောင့် ငါလည်း စိတ်မကောင်း ဖြစ်ရတာပေါ့'

'တစ်ရှူးမျိုးပွားဖို့က ရက်တော်တော်ကြာတယ်လို့ ကျွန်တော် ထင်ပါတယ်'

ဒေါက်တာဗန်ဒါမားက အဒမ်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

'ပုံမှန်အတိုင်းဆိုရင်တော့ အဲဒါမှန်ပါတယ်၊ ဒါပေမဲ့ မင်းမိန်းမကိစ္စကျတော့ ရေမြွှာရည်မှာ ဆဲလ်တွေ အများကြီးရှိလို့ တို့အနေနဲ့ တိုက်ရိုက် စစ်ဆေးလို့ရတယ်၊ မင်းလည်း ဆေးကျောင်းသားတစ်ယောက်ပဲ အဒမ်၊ ဒါမျိုးတွေ ဖြစ်တတ်တယ်ဆိုတာ မင်းနားလည်မှာပေါ့၊ မင်းမိန်းမကို ငါ ပြောသလိုပါပဲ၊ မင်းတို့နှစ်ယောက်စလုံးက အငယ်ရှိပါသေးတယ်၊ ငယ်ပါသေးတယ်၊ နောက်ထပ် ကလေးတွေ အများကြီး ရနိုင်ပါသေးတယ်'

'ဟို... ဆလိုက်ဖလင်တွေဆိုတာ ကျွန်တော် ကြည့်ချင်ပါတယ်'

ဒေါက်တာဗန်ဒါမားက ခေါင်းညိတ်လိုက်ပြီး–

'ဒါဖြင့် လာ... ငါနဲ့ လိုက်ခဲ့'

ငါသိပ်များ ဆန္ဒစောလွန်းနေပြီလားဟု အဒမ်က တွေးမိသည်။ ဂျင်နီဖာ ဤသို့ဖြစ်ရသည့်အတွက် ဒေါက်တာဗန်ဒါမားအနေဖြင့် စိတ်မချမ်းမသာ ဖြစ်နေသည်မှာတော့ သေချာသည်။ သူ့အမူအရာကိုကြည့်ပြီး အဒမ် အကဲခတ်၍ ရသည်။

ဒေါက်တာ ဗန်ဒါမားသည် အဒမ်အား လေးထပ်ရှိ သက်ရှိဆဲလ်လေ့လာရေးဓာတ်ခွဲခန်းသို့ ခေါ်လာခဲ့သည်။ အခန်းထဲဝင်လိုက်တော့ အဒမ့် မျက်လုံးများ ကျိန်းစပ်သွားသည်။ မြင်ရသမျှအားလုံး ပြောင်လက် ဖြူဖွေးနေသည်။ အခန်းနံရံများ၊ ကြမ်းပြင်များ၊ မျက်နှာကြက်နှင့် ကောင်တာထိပ်များ အားလုံး အဖြူရောင်ချည်း ဖြစ်သည်။





အခန်းနောက်ဘက်မှ ဓာတ်ခွဲခန်းကောင်တာပေါ်တွင် မှန်ဘီလူး လေးခု ရှိသည်။ တစ်ခုကိုသာ အသုံးပြုနေသည်။ ဆံပင်နက်နက်နှင့် လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်က ဒေါက်တာဗန်ဒါမားကို မော့၍ ကြည့်သည်။

'လော်ရာ၊ အနှောင့်အယှက် လာလုပ်တာလို့ မထင်ပါနဲ့' ဒေါက်တာ ဗန်ဒါမားက ပြောသည်။ 'ဂျင်နီဖာ ရှွန်းဘတ်ရဲ့ ဆလိုက်တွေ ခဏလောက် ယူပေးပါလား'

လော်ရာက ခေါင်းညိတ်လိုက်သည်။ ဒေါက်တာဗန်ဒါမားက အဒမ်အား ခေါင်းနှစ်လုံးတပ် မှန်ဘီလူးနောက်တွင် ဝင်ထိုင်ရန် အရိပ်ပြသည်။

'ဘီစကင်း အသံလှိုင်းတွန့်လွန် စစ်ဆေးချက်ကို မင်းကြည့်ချင်မလားတော့ မသိဘူး' ဒေါက်တာက ပြောလိုက်သည်။ 'ဒါပေမဲ့ ငါတော့ လိုလိုမည်မည် ယူလာခဲ့တယ်' သူက အဒမ်အား အသံလှိုင်းလွန် စစ်ဆေးချက် ဓာတ်ပုံကို ကမ်းပေးသည်။

အဒမ်မှာ ဆေးကျောင်းသားတစ်ဦး ဖြစ်သော်လည်း အသံလှိုင်းလွန် စစ်ဆေးခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံ လုံးဝမရှိ။ ပုံရိပ်များမှာ သူ့အတွက်တော့ မင်စက်များနှင့်သာ တူနေသည်။ ဒေါက်တာဗန်ဒါမားက အဒမ်ကြည့်နေသော ဓာတ်ပုံကို ပြန်ယူကာ နောက်ကျောကို လှန်လိုက်သည်။ ပြီးတော့ သန္ဓေသားကြီးထွားလာပုံကို လက်ညှိုးဖြင့် ထောက်၍ ရှင်းပြသည်။

'နည်းပညာကတော့ သိပ်ပြီး တိုးတက်လာပြီ၊ ဟောဒီမှာ အစာအိမ်ထဲက ပစ္စည်းတွေကို သိသိသာသာ မြင်နိုင်တယ်၊ ဒီအဆင့်မှာ ကလေးရဲ့လိင်ကို အသံလွန်စစ်ဆေးခြင်းနည်းနဲ့ ခွဲခြားပြောနိုင်တယ်၊ ဒီချာတိတ်က ဖအေတူကလေး ဖြစ်မှာ သေချာသလောက်ပဲ'

ဒေါက်တာဗန်ဒါမားသည် အဒမ်အား အတတ်နိုင်ဆုံး လိုက်လျောစွာ ဆက်ဆံနေကြောင်း အဒမ် သတိပြုမိသည်။

အခန်းတံခါးပွင့်လာပြီး ဆလိုက်ဗန်းကိုယူကာ သူနာပြုဆရာမ လော်ရာ ဝင်လာသည်။ ဆလိုက်တစ်ခုစီကို ဖန်ခွက်သေးသေးကလေးဖြင့် အလယ်မှာ ဖုံးအုပ်ထားသည်။ ဒေါက်တာဗန်ဒါမားက လက်သမားခဲတံဖြင့် သင်္ကေတ ရေးထားသော ဆလိုက်တစ်ခုကို ကောက်ယူသည်။ မှန်ဘီလူးထိပ်တွင် တပ်သည်။ ယင်းအပေါ်တွင် ဆီတစ်စက် ချသည်။ ဆီပေနေသောမှန်ကို နိမ့်ချလိုက်သည်။ အဒမ်က မှန်ဘီလူးမျက်လုံးပေါက်မှ ကြည့်လိုက်သည်။

မှန်ဘီလူးတွင် ပေါ်လာသော ခရိုမိုဆုမ်း အစက်အပြောက်များကို ဒေါက်တာဗန်ဒါမားက ရှင်းပြသည်။ ထို့နောက် ဆဲလ်တစ်ခုကို သီးခြား ရွေးထုတ် ကြည့်မည်ဟု ပြောကာ လော်ရာအား မှန်ဘီလူးနောက်တွင် ထိုင်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မင်းပဲ ရှာပေးစမ်းပါ'

လော်ရာသည် လိုအပ်သော ဆဲလ်ကို ရွေးထုတ်နိုင်ရန် စက္ကန့်သုံးဆယ်လောက် ရှာရသည်။ သူက မှုမှန်အတိုင်းမဟုတ်ဘဲ ပုံစံပျက်နေသော ခရိုမိုဆုမ်းများကို ဆံချည်ဖျားမျှ ချွန်သော ထောက်တံကလေးဖြင့် အဒမ်အား ထောက်ပြသည်။

အဒမ် ဖတ်ဖတ်မောသွားသည်။ သူက စစ်ဆေးချက်များကို မတိကျဟု ထင်ခဲ့သည်။ မဖြစ်နိုင်ဟု သံသယဝင်ခဲ့သည်။ ယခုမူ အဖြေမှန်ကို သာမန်မျက်စိဖြင့်ပင် ထင်ရှားစွာ မြင်နေရပြီ။

နောက်ဆုံးတွင် လော်ရာက 'ပိုပြီးသိသာတဲ့ တခြားသန္ဓေသား တစ်ခုကို ကြည့်ဦးမလား'ဟု လော်ရာက မေးသည်။

အဒမ်က ခေါင်းခါလိုက်ပြီး–

'နေပါစေ၊ မကြည့်တော့ဘူး၊ ကျေးဇူးပါပဲ'

သူသည် ဓာတ်ခွဲကောင်တာပေါ်တွင် လက်နှစ်ဖက်ထောက်ကာ ထရပ်မည်လုပ်သည်။ တစ်စုံတစ်ရာကို ရုတ်တရက် သတိရသဖြင့် ကိုယ်ကို ရှေ့သို့ကိုင်းလျက် မှန်ဘီလူးထဲသို့ ချောင်းကြည့်လိုက်သည်။

'ကျွန်တော့်ကို စောစောကပြခဲ့တဲ့ ပုံမမှန် အိက္က(စ်)ခရိုမိုဆုမ်းကို ခဏပြန်ပြပါဦး'

လော်ရာက ကိုယ်ကို ရှေ့သို့ကိုင်းလျက် မှန်ဘီလူးမျက်စိပေါက်ကို ကြည့်သည်။ ပြီးတော့ ဆင်တူသော ခရိုမိုဆုမ်းတစ်စုံကို ထောက်တံကလေးဖြင့် ထောက်ပြသည်။ ယင်းခရိုဆုမ်းနှစ်ခုသည် ပုံမမှန် ခရိုမိုဆုမ်းများ ဖြစ်နိုင်စရာ ရှိသည်ဟုလည်း ပြောသည်။

သို့သော် အဒမ်က မကျေနပ်သဖြင့်–

'ဒါတွေက အိက္က(စ်)ခရိုမိုဆုမ်းတွေလား'

'ဒါပေါ့၊ ဒါပေမဲ့'

'ဒေါက်တာရော ဒီအိက္က(စ်) ခရိုမိုဆုမ်းတွေကို မြင်သလား'ဟု အဒမ်က မေးလိုက်သည်။

'မြင်တာပေါ့ ဒါပေမဲ့ ငါလည်း မင်းလိုပဲ သဘောရတယ်၊ လော်ရာပြောတဲ့ ပုံမမှန်ဆိုတာကို သိပ်လက်မခံချင်သေးဘူး'

အဒမ်က–

'ပုံမမှန်တာကို ကျွန်တော် စိတ်မဝင်စားဘူး၊ အိက္က(စ်)ခရိုမိုဆုမ်း နှစ်ခုကိုပဲ ကျွန်တော် စိတ်ဝင်စားတယ်၊ စောစောက အသံလှိုင်းလွှန်ပုံရိပ်မှာ ကျွန်တော့်ကလေးဟာ ယောက်ျားကလေးလို့ ဒေါက်တာပြောခဲ့တယ်၊ ကျွန်တော်တို့ အခုကြည့်နေတဲ့ ဆဲလ်ထဲမှာက မိန်းကလေး ဖြစ်နေတယ်'





ဒေါက်တာဗန်ဒါမားသည် ကိုယ်ကို ဖြောင့်ဖြောင့် ပြန်ရပ်လိုက်သည်။ သူ့မျက်နှာအမူအရာ ပျက်နေသည်။

လော်ရာက မှန်ဘီလူးထဲသို့ ကပျာကယာ ကြည့်လိုက်ပြီး–

'ဟုတ်တယ် ဒေါက်တာ၊ သူပြောတာ မှန်တယ်၊ ဒီဆဲလ်က မိန်းကလေး ဖြစ်နေတယ်'

ဒေါက်တာဗန်ဒါမားက ညာဘက်လက်ကို နဖူးဆီသို့ ဖြည်းဖြည်း မြှောက်လိုက်သည်။ လော်ရာက ဆဲလိုက်ဗန်းနှင့် ဆဲလိုက်နံပါတ်များကို ပြန်လည် စစ်ဆေးကြည့်သည်။ နှစ်ခုစလုံး တူညီနေသည်။ ထို့နောက် မှတ်ပုံတင်စာအုပ်ကိုယူကာ သပ်မံ စစ်ဆေးကြည့်ပြန်သည်။ နာမည်က ဂျင်နီဖာရှုန်းဘာတ်။

ဒေါက်တာဗန်ဒါမား၏မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

'ခဏနေဦး'

ဒေါက်တာ သုတ်သီးသုတ်ပျာ ပြန်ထွက်သွားသည်။

'ဟိုတုန်းကလည်း ဒီလိုဖြစ်တာ ရှိခဲ့ဖူးသလား'

အဒမ်က လော်ရာအား မေးလိုက်သည်။

'ဟင့်အင်း၊ ဘယ်တုန်းကမှ ဒီလိုမဖြစ်ဖူးဘူး'

ဒေါက်တာဗန်ဒါမား ပြန်ဝင်လာသည်။ သူ့နောက်မှလည်း လူထွားကြီးတစ်ယောက် ပါလာသည်။ ထိုသူသည် ဒေါက်တာဗန်ဒါမားလိုပင် အဖြူရောင်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ ဒေါက်တာဗန်ဒါမားက အဒမ်နှင့် မိတ်ဆက်ပေးသည်။ ထိုပုဂ္ဂိုလ်နာမည်က ဒေါက်တာရစ်ဒလေစတန်ဖို့။ ဤနာမည်ကို အဒမ်မှတ်မိနေသည်။ အဒမ် ဒုတိယနှစ် ဆေးကျောင်းသား ဘဝက ဒေါက်တာစတန်ဖို့ရေးသော ရောဂါဗေဒကျောင်းသုံးစာအုပ်ကို သင်ကြားခဲ့ရသည်။ သူသည် ယခင်က ဆေးတက္ကသိုလ်ဆေးရုံတွင် ရောဂါဗေဒဌာန တာဝန်ခံ လုပ်ခဲ့ဖူးသည်။

'တော်တော်ဟော့ ဆိုးဝါးတဲ့ဖြစ်ရပ်ပဲ'

ဒေါက်တာဗန်ဒါမားက ပြောသည်။

'ဟုတ်ပါတယ်' ဒေါက်တာစတန်ဖို့က အသံလေးလေးကြီးနှင့် ထောက်ခံလိုက်သည်။ သူ့အသံမှာလည်း ဒေါက်တာဗန်ဒါမား အသံကဲ့သို့ပင် ခံစားချက်ကင်းမဲ့နေသည်။ 'ဒါပေမဲ့ ဒီလို ဘာကြောင့်ဖြစ်ရတယ်ဆိုတာ ကျုပ်မကွေးတတ်အောင် ဖြစ်နေတယ်၊ ကဲ…အဲဒီတော့ သက်ဆိုင်သူတွေ ခေါ်မေးကြတာပေါ့'

နောက်မိနစ်အနည်းငယ်အတွင်းမှာပင် ဓာတ်ခွဲခန်းထဲသို့ လူတွေ တစ်ပြုံကြီး ရောက်လာပြီး မှန်ဘီလူးအနီးတွင် ဝိုင်းဝိုင်းလည်နေကြသည်။

'မနေ့က သန္ဓေသားစစ်ဆေးမှု ဘယ်နှစ်ယောက်လုပ်သလဲ' ဒေါက်တာဗန်ဒါမားက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လော်ရာက မှတ်ပုံတင်စာအုပ်ကို လှန်ကြည့်ပြီး–

'၂၁ ယောက်'

'သူတို့အားလုံး ပြန်စစ်ရမယ်'

'အဲဒါအကောင်းဆုံးပဲ'

ဒေါက်တာစတန်ဖို့က ထောက်ခံလိုက်သည်။

ဒေါက်တာဗန်ဒါမားက အဒမ်ဘက်သို့ လှည့်လျက်–

'တို့က မင်းကိုပဲ ကျေးဇူးတင်ရမှာပဲ'

ကျန်လူတွေအားလုံးက သဘောတူကြောင်း ခေါင်းညိတ်လိုက်ကြသည်။

အဒမ်သည် သူ့ခေါင်းထဲ ကျပ်ခဲနေသော အလုံးကြီး ကျေပျက်သွားသည့် အလား ခံစားလိုက်ရသည်။ သူ့ရင်သွေးကလေးမှာ လူ့ရုပ်မပီသသည့် ကြောက်စရာ သတ္တဝါကလေး မဟုတ်တော့။ ဤသတင်းကို ဂျင်နီဖာအား ချက်ချင်း ပြောပြ လိုက်ချင်စိတ် ပြင်းပြစွာ ဖြစ်ပေါ်လာသည်။

'ဒီတော့ မောင့်ကို ကျုပ်တို့က ဂုဏ်ပြုတဲ့သဘောနဲ့ နေ့လယ်စာနဲ့ ဧည့်ခံ ပါရစေ' ဒေါက်တာစတန်ဖို့က ပြောသည်။ 'ပြီးတော့ ဝမ်းတွင်းမြေး အသားပို နဲ့ပတ်သက်ပြီး ဟောပြောပွဲလည်း ရှိတယ်၊ စိတ်ဝင်စားစရာ သိပ်ကောင်းတယ်၊ ကြွတုန်း နားထောင်သွားပါဦးလား'

အဒမ်က အတင်းတောင်းပန်ပြီး အခန်းထဲမှ ပြေ့ထွက်လာခဲ့သည်။ ဒီလောက် ပြဿနာကြီးပေါ်နေတဲ့အထဲက နေ့လယ်စာကျွေးပြီး ဟောပြောပွဲ တက်ခိုင်းတာ အံ့ပါရဲ့ဟု တွေးမိသည်။

အောက်ရောက်တော့ တိုက်ခန်းသို့ ပထမဆုံး ဖုန်းဆက်သည်။ တစ် ယောက်မှ ဖုန်းမကိုင်။ ဂျင်နီဖာ အိန်ဂျယ်ဝ ပြန်လိုက်သွားတာ ဖြစ်မည်။ ထို့ကြောင့် အိန်ဂျယ်ဝသို့ ဆက်ပြန်သည်။ တစ်ဖက်မှ ဖုန်းမြည်သံကိုသာ ကြားနေရသည်။ လာကိုင်မည့်သူ မရှိ။

အဒမ် ခေတ္တမျှ တုံ့ဆိုင်းဆိုင်းဖြစ်နေပြီးနောက် သူတို့တိုက်ခန်းသို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဆေးရုံထဲမှ ပြေးထွက်လာပြီး ကားပေါ်တက်သည်။ ကားကို အပြင်းမောင်းထွက်လာခဲ့သည်။

ဂျင်နီဖာအား သတင်းကောင်း ပြောပြရမည့်အတွက် သူအလွန် စိတ်လှုပ် ရှားနေရာမှ ဂျူလီယံဆေးရုံနှင့် ဒေါက်တာ ဗန်ဒါမားတို့အကြောင်းကို တွေးမိ သောအခါ စိတ်ပျက်သွားမိလေသည်။ တကယ်တော့ ဆေးရုံမှအမှားကို သူသွား တွေ့ခြင်းမှာ အကြီးအကျယ် ကံကောင်းသည်ဟု ဆိုရမည်။ အကယ်၍သာ သူ မတွေ့ရှိခဲ့ပါက ဂျင်နီဖာ သားဖျက်ချခြင်း ခံရမည်မှာ ကျိန်းသေဖြစ်သည်။





ဤအချက်ကို တွေးမိသောအခါ သူ့ဦးခေါင်းထဲသို့ စိုးရိမ်မှုတွေ စုပြုံ [illegible]လာကြပြန်သည်။ သူသည် ဖြစ်ရပ်ဆိုးကြီးတစ်ခုကို အလွန်နီးကပ်စွာ တားဆီး [illegible]က်နိုင်သည်။ သူမတားဆီးလိုက်နိုင်လျှင် အလားတူ ဖြစ်ရပ်ဆိုးများ ပို၍ ပို၍ [illegible]ပေါက်လာဦးမည်။

ခဏတာမျှ စိတ်ရှုပ်သွားသည်။ သူ အေရိုလင်ရေကြောင်း ဆွေးနွေးပွဲသို့ [illegible]က်မသွားတာက ပိုကောင်းလိမ့်မည်ဟု တွေးမိသည်။ သို့သော် တစ်ဖက်မှ [illegible]ေးကြည့်ပြန်တော့လည်း ဒေါက်တာဗန်ဒါမား၏ အန္တရာယ်များလှသော လုပ်ရပ် [illegible] တားဆီးရန်မှာ ဤနည်းမှတစ်ပါး အခြားမည်သည့် နည်းလမ်းမျှမရှိ။

လက်ပတ်နာရီကို ကြည့်လိုက်သည်။ ခြောက်နာရီထိုးတော့မည်။ "[illegible] နာ[illegible]"သဘောကို မိနိုင်သေးသည်။

တိုက်ခန်းပြန်ရောက်တော့ စိတ်ပျက်စရာ ကြုံရပြန်သည်။ အိမ်ရှေ့တံခါ[illegible] [illegible] သော့ခတ်ထားသည်။ တံခါးကို ဖွင့်ဝင်သည်။ ဂျင်နီဖာ ရေးထားခဲ့သော [illegible]တိုကလေးကို တွေ့ရသည်။

အိန်ဂျယ်ဝသို့ ချက်ချင်း ဖုန်းလှမ်းဆက်သည်။ မနွစ်ကာဆွန်မဟုတ် [illegible]ဲ ဂျင်နီဖာနှင့် တိုက်ရိုက်တွေ့ရ၍ ဝမ်းသာသွားသည်။

'ဂျင်နီ၊ သတင်းကောင်းရော၊ သတင်းဆိုးပါ ပြောစရာရှိတယ်'

'ဒီအချိန်မှာ ကျွန်မ ကပျက်ကချော် စကားပြောဖို့ စိတ်မပါဘူး မောင်'

'သတင်းကောင်းဆိုတာက သူတို့က မင်းရဲ့ စစ်ဆေးချက်နမူနာကို မှားပြီး ပြောမိတာ၊ နောက်အမျိုးသမီးတစ်ယောက်ရဲ့ မကောင်းတဲ့ခရိုမိုဆုမ်းနဲ့ မှားသွား တယ်၊ အဲဒါကြောင့် ဆလိုက်လွဲမှားသွားတာ'

ဂျင်နီဖာ တွေဝေသွားသည်။ အဒမ် တကယ်ပြောနေတာလား။ ဒါမှမဟုတ် ဒေါက်တာဗန်ဒါမားအပေါ် အယုံအကြည်မဲ့သွားအောင် တမင်လုပ်ကြံပြောနေ တာလား၊ ကြားရသည့်သတင်းက ယုံရခက်ကြီး ဖြစ်နေသည်။

'ဂျင်နီ၊ ကိုယ်ပြောတာ ကြားရဲ့လားဟင်'

'မောင် တကယ်ပြောတာလားဟင်'

'တကယ်ပြောတာပါ'

ထို့နောက် လိုင်ခွဲခြားသောဆဲလ်နှင့် ပတ်သက်၍ ဆေးရုံမှ မှားယွင်းချက် ကို သူ မည်သို့ မည်ပုံ သွားတွေ့မိကြောင်း ရှင်းပြလိုက်သည်။

'အဲဒီတော့ ဒေါက်တာဗန်ဒါမားက ဘာပြောသလဲ မောင်'

'အဲဒီနေ့က စစ်ဆေးခဲ့တဲ့ သန္ဓေသားတွေကို အကုန်ပြန်စစ်မယ်တဲ့'

'သတင်းဆိုးဆိုတာ မောင်က အဲဒါကို ပြောတာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ သတင်းဆိုးဆိုတာက မင်းက ငါ့ကို ကတိတစ်ခုပေးပေမယ့်လည်း ငါ ခရီးထွက်ကို ထွက်ရမှာကို ပြောတာ'

'ကျွန်မက ဘာကတိပေးရမှာတဲ့လဲ'

'နောက်ပိုင်းမှာ မင်းကိုယ်ဝန်ကို ဒေါက်တာ ဝစ်ကယ်မန်းကိုပဲ သွားပြဖို့၊ ပြီးတော့ ပရက်ဒိုလင်ဆေးကို လုံးဝ ဆက်မစားဖို့ပဲ'

'အို...မောင်ရယ်'

'ဂျူလီယာဆေးရုံအပေါ်မှာ သံသယဖြစ်စရာတွေ ကိုယ် ပိုပြီး တွေ့လာရတယ် ဂျင်နီဖာ၊ အဲဒီတော့ ဒေါက်တာ ဝစ်ကယ်မန်းနဲ့ပဲ ဆက်ပြပါ၊ ဒီကတိကိုတော့ ပေးစေချင်တယ်၊ အဲဒါဆိုရင် ကိုယ်လည်း ဘယ်လိုမှ ဝင်မစွက်တော့ပါဘူး'

'ဆေးရုံတွေမှာက ဒီလိုပဲ မှားယွင်းမှုတွေ အနည်းနဲ့အများ ပေါ်ပေါက်နေကြတာပဲ မောင်၊ ဂျူလီယံဆေးရုံမှာ အခုပြဿနာလေးတစ်ခု ပေါ်ပေါက်တာနဲ့ အဲဒီကို လုံးဝမသွားရတော့ဘူးဆိုတာကတော့ သဘာဝမကျပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဂျူလီယံဆေးရုံက ပုဂ္ဂိုလ်တွေကို ယုံကြည်တယ်၊ ဆေးရုံကိုလည်း သဘောကျတယ်'

'အေးလေ၊ အခုတော့ ဒီအတိုင်းပဲ ခဏနေဦးပေါ့၊ နောက်သုံးလေးရက်ကျတော့မှ မင်းကို ကိုယ်အသေးစိတ် ရှင်းပြမယ်'

'ဒါနဲ့ မောင်က ဘယ်သွားမှာလဲဟင်'

'မသိချင်ပါနဲ့ဦး၊ အချိန်တန်တော့ သိရပါလိမ့်မယ်'

'မောင့်အနေနဲ့ လောလောဆယ်အခြေအနေအရ ဘယ်မှ မသွားသင့်ဘူးဆိုတာကော စဉ်းစားမိရဲ့လား၊ ဒီအချိန်မှာ မောင့်ကို ကျွန်မအနားက ဘယ်မှ မသွားစေချင်ဘူး မောင်ရယ်'

'အခုရော ဘာထူးလို့လဲကွယ်၊ မင်းက မင်းမိဘတွေအိမ်မှာနေပြီး ကိုယ်က ဒီမှာတစ်ယောက်တည်း နေနေရတာပဲ မဟုတ်လား၊ ဟာ...အချိန် မရှိတော့ဘူး၊ ကိုယ်ပြေးလိုက်ဦးမယ်၊ ကဲ...မင်းကို ကိုယ်အများကြီး ချစ်ပါတယ် ဂျင်နီဖာ'

အဒမ် တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ထို့နောက် အရှေ့ပိုင်း လေကြောင်းကုမ္ပဏီသို့ ထပ်ဆက်သည်။ နောက် ၄၈ မိနစ်အကြာတွင် လာဂွာဒီယာလေဆိပ်မှ မိုင်ယာမီကမ်းခြေသို့ထွက်မည့် လေယာဉ်ပျံတွင် ထိုင်ခုံတစ်နေရာ ကြိုတင်စာရင်းပေးလိုက်သည်။

ပြီးလျှင် ဗီရိုထဲမှ ဆမ်ဆိုနိုက် လက်ဆွဲသေတ္တာကလေးကို ထုတ်ယူပြီး အဝတ်အစားများ ထည့်သည်။





ထိုအခိုက် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ တယ်လီဖုန်းကို ကိုင်ရန် လက်လှမ်းလိုက်ပြီးမှ 'ဟင်...မထူးတော့ပါဘူး'ဟု ဆိုကာ လက်ကို ပြန်ရုပ်လိုက်သည်။

ဤအချိန်တွင် သူ့အဖို့ တစ်မိနစ်မျှ နောက်ကျသွားလျှင်ပင် လေယာဉ်နှင့် လွဲသွားနိုင်သည် မဟုတ်ပါလား။

*

ဂျင်နီဖာသည် တယ်လီဖုန်းကို ကိုင်ထားရင်း နားစွင့်နေသည်။

တစ်ဖက်မှ တယ်လီဖုန်းက အဆက်မပြတ်မြည်နေသည်။ နောက်ဆုံး သူစိတ်မရှည်တော့ဘဲ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

အဒမ်နှင့် စကားပြောပြီးစကတော့ သူ ဒေါက်တာဝစ်ကယ်မန်းနှင့် သွားတွေ့ချင်စိတ် ဖြစ်မိသေးသည်။ အဒမ်၏ အတင်းကိုက်တွန်းချက်ကို လေးစားသည့်သဘောလည်း ဖြစ်သည်။ အကယ်၍ သူ ဒေါက်တာဝစ်ကယ်မန်းထံ သွားကြည့်၍ အဆင်မပြေလျှင်လည်း ဒေါက်တာဖန်ဒါမားထံသို့ အချိန်မရွေး ပြန်သွားနိုင်သည်ဟု တွေးမိသောကြောင့်လည်း ဖြစ်သည်။

သို့သော် ယခုတော့ သူစိတ်ပျက်သွားပြီ။ အဒမ်က သူ့အပေါ် ပေါ့ပေါ့တန်တန် နိုင်လွန်းသည်။

ကြည့်လေ၊ အခုပဲ သူထွက်သွားပြီ။ သူ့ကိစ္စပဲ သူ ရှေ့တန်းတင်လွန်းလှသည်။

ဂျင်နီဖာ အလွန်အားငယ်သွားမိသည်။ စိတ်ဓာတ်လည်း အလွန်ကျသွားသည်။

တယ်လီဖုန်း မြည်လာသည်။

အဒမ် ပြန်ဆက်တာဖြစ်မည်ဟု တွေးကာ ကမန်းကတန်းကောက်နားထောင်လိုက်သည်။

အဒမ်မဟုတ် ဒေါက်တာ ဖန်ဒါမား ဖြစ်နေသည်။

'ဒီလောက်ဆို မင်းသတင်းကောင်း ကြားပြီးရောပေါ့'

'ဟုတ်ကဲ့၊ အခုပဲ အဒမ်ပြောပြလို့ ကြားရပြီးပါပြီ'

'မင်းယောကျ်ားကို တို့သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဓာတ်ခွဲခန်းက အတိအကျ စစ်ဆေးထားချက်ပေါ်မှာ အခုလို ချို့ယွင်းချက် ရှာတွေ့ဖို့ဆိုတာ ဖြစ်လေ့ဖြစ်ထ နည်းပါးပါတယ်'

'ဒါဆို ကျွန်မဗိုက်ထဲက ကလေးဟာ အင်္ဂါချို့တဲ့တဲ့ ကလေးမဟုတ်ဘူးဆိုတာ သေချာတယ်ပေါ့နော် ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ ဒီအချိန်မှာ အပြတ်ပြောလို့ မရသေးဘူး၊မင်းရဲ့စစ်ဆေးချက် ဘယ်လိုဖြစ်သွားတယ်ဆိုတာ တို့အနေနဲ့ လုံးဝမတွေးတတ်အောင် ဖြစ်နေတယ်၊ ဒါကြောင့် ပြန်ပြီး စစ်ဆေးရမယ်၊ ဒီလိုဖြစ်ရတာ ငါအများကြီး စိတ်မကောင်းပါဘူး၊ အဲဒီနေ့က စစ်ဆေးတာ မင်းအပြင် နောက်ထပ် လူ ၂၀ ရှိသေးတယ်၊ သူတို့လည်း အားလုံးပြန်စစ်ရမယ်၊ ဆေးရုံစရိတ်နဲ့ ပြန်စစ်မှာပါ'

'ဒါဆို ဘယ်တော့ ပြန်စစ်မှာလဲ ဒေါက်တာ'

ဓာတ်ခွဲခန်းမှ တစ်ယောက်ယောက်၏ မှားယွင်းမှုဖြစ်သော်လည်း ဒေါက်တာဗန်ဒါမားက သူကိုယ်တိုင် တာဝန်ခံ၍ တောင်းပန်သည်ကို ဂျင်နီဖာ အလွန်သဘောကျမိသည်။

'အမြန်ဆုံး စစ်မှာပါ၊ တို့က ပြဿနာတစ်ခုခုပေါ်လာရင် အချိန်ဆွဲနေလို့မရဘူး ဂျင်နီဖာ'

'ဒါဖြင့် မနက်ဖြန်မနက် ကျွန်မ ဒေါက်တာဆီ လာတွေ့လို့ ဖြစ်မလားဟင်'

'အလွန်ကောင်းပေါ့၊ အလောတကြီးလုပ်စရာတော့ မလိုပါဘူး၊ ဒါပေမဲ့ မြန်နိုင်လေ ကောင်းလေပဲ'

❖

[၁၂]

မိုင်ယာမီသို့ လေယာဉ်စီးသွားရာတွင် အခက်အခဲ တစ်စုံတစ်ရာမှ မရှိ။ အဒမ်သည် လေယာဉ်ပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် သားရေအိတ်ထဲမှ သူ၏ကားမောင်းလိုင်စင်ကို ဖယ်ထုတ်ကာ စမိုက်၏ ကားမောင်းလိုင်စင်နှင့် လဲထားလိုက်သည်။ ထို့နောက် ပတ်စပို့ထဲတွင် ရေးထားသောလိပ်စာကို မှတ်မိအောင် ကျက်မှတ်သည်။ တစ်စုံတစ်ယောက်က မေးလာလျှင် လွယ်လွယ်ကူကူ ပြန်ပြောနိုင်ရန် ဖြစ်သည်။

လေယာဉ်သည် လေးနာရီငါးမိနစ်တွင် ဆိုက်သည်။ အဒမ်သည် သူ့လက်ဆွဲသေတ္တာကို ကိုယ်နှင့်မကွာ ယူလာခဲ့သောကြောင့် စစ်ဆေးမှု ကြန့်ကြာခြင်းမရှိတော့ဘဲ လေးနာရီ ၁၅ မိနစ်တွင် ပြီးစီးသွားသည်။ ထို့နောက် အငှားကားဂိတ်သို့ လျှောက်လာခဲ့သည်။

အငှားကားက ဒေါ်လာ်စတေရှင် ဝက်ဂွန်းအပျက်ကြီး။ ဒရိုင်ဘာမှာလည်း စပိန်စကားသာ ပြောတတ်သည်။ သို့သော် အဒမ်က "ကမ်းရိုးတန်း" သင်္ဘောနာမည်ကို စပိန်ဘာသာစကားဖြင့် ပြောသောအခါ အဒမ်သည် သင်္ဘောဖြင့်ခရီးသွားမည့်သူ ဖြစ်ကြောင်း သူ သဘောပေါက်သွားသည်။

အဒမ် ပတ်ဝန်းကျင်မြင်ကွင်းကို မျက်လုံးကစားကြည့်လိုက်သည်။ မိုင်ယာမီကမ်းခြေဒေသသည် သူထင်တာထက် အလွန်လှနေသည်။

ကားသည် ရှည်လျားသော တာလမ်းမကြီးပေါ်တွင် မောင်းနှင်လာခဲ့ရာမှ မကြာမီတွင် သင်္ဘောဆိပ်ကို လှမ်းမြင်ရသည်။ ဆိပ်ကမ်းတွင် အပျော်ခရီးထွက်သင်္ဘောများ တန်းစီနေကြသည်။ "ကမ်းရိုးတန်း"သင်္ဘောကို နောက်ဆုံးတွင် တွေ့ရသည်။ အခြားသင်္ဘောများနှင့်ယှဉ်လျှင် သိပ်လည်း မကြီး၊ သိပ်လည်း မငယ်။ အခြားသင်္ဘောများကဲ့သို့ပင် တစ်စီးလုံး အဖြူရောင် ဆေးသုတ်ထားသည်။ မီးခိုးခေါင်းတိုင်ကြီး၏ ဘေးတစ်ဖက်တွင် မြားနှစ်စင်း ကန့်လန့်ဖြတ်ပုံ ရေးထားသည်။ ဤသည်မှာ "အမ်တီအိုင်စီ" ကော်ပိုရေးရှင်း၏ ခံယူချက်သင်္ကေတများ ဖြစ်လေသလားဟု အဒမ်က တွေးမိသည်။

အဒမ်သည် အငှားကားဆရာအား ကားခရှင်းပေးပြီးနောက် လယ်လယ်ကောင်တွင် ဆင်းလိုက်သည်။ အနီးမှ အဆောက်အအုံသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပွန်းသံများ၊ အော်ဟစ်ဆူညံသံများနှင့် စက်သံမျိုးစုံတို့ကြောင့် နားပူလှသည်။ လေကလည်း ရေငွေ့များဖြင့် စေးထန်နေသည်။ အဆောက်အအုံထဲ ရောက်လာတော့မှ အဒမ် စိတ်ချမ်းသာသွားသည်။

ပြန်ကြားရေးဌာနသို့ လာခဲ့သည်။ ခည့်ကြိုစာရေးမလေးများ၏ တူညီဝတ်စုံများကို မြင်ရသောအခါ ဂျူလီယံဆေးရုံမှ အမှုထမ်းများ၏ဝတ်စုံကို သွား၍ သတိရမိသည်။ သူတို့လည်း ဘလောက်အင်္ကျီအဖြူနှင့် ဂါဝန်အပြာကို ဝတ်ဆင်ထားကြသည်။

ရုံးခန်းထဲတွင် ဆူညံနေသဖြင့် အဒမ်က အော်ပြီးပြောရသည်။ ဘယ်မှာ စာရင်းသွားသွင်းရမှာလဲဟု မေးသောအခါ ဒုတိယထပ်သို့ သွားပါဟု ပြန်ပြောသည်။

သူသည် လက်ဆွဲသေတ္တာကြီးတန်းလန်းနှင့်ပင် ဓာတ်လှေကားထဲ ဝင်လာသည်။ ဓာတ်လှေကားထဲတွင် လူတွေ ပြည့်ကျပ်နေသည်။ အမျိုးသမီးသုံးလေးယောက်သာပါပြီး အမျိုးသားက အများဆုံးဖြစ်သည်။ သူတို့ပုံပန်းကြည့်၍ ဆရာဝန်တွေဖြစ်မည်ဟု ထင်ရသည်။ ချမ်းသာအောင်မြင်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့် ရှိနေသည့် ရုပ်သွင်များဖြစ်သည်။ အများဆုံးမှာ ဝတ်စုံပြည့် ဝတ်ထားကြသည်။ တချို့သာ ရှပ်လက်တိုများနှင့် ဘောင်းဘီပွများ ဝတ်ထားကြသည်။

ဒုတိယထပ်အဆုံးတွင် စားပွဲရှည်ကြီးတစ်လုံး ရှိသည်။ စားပွဲပေါ်တွင် အက္ခရာစဉ်အလိုက် တစ်ခုစီ သီးခြားခွဲခြားထားသည်။ သူ့နာမည်က (အဒမ်) ရှန်းဘာတ်ဆိုတော့ 'အင်န် – ဇက်' အုပ်စုတွင် တန်းစီလိုက်သည်။

သူ အခန်းထဲသို့ လှည့်ကြည့်လိုက်သည်။ ခြေထောက်တွေ ရုတ်တရက် အေးစက်သွားကြသည်။ ပြန်ပြေးရင် ကောင်းလိမ့်မယ်ထင်တယ်။ ဘယ်သူမှ မသိနိုင်ဘူး။ အငှားကားစီးပြီး လေယာဉ်ကွင်းပြန်သွားရင် ဖြစ်တာပဲ။

မှတ်တမ်းတင်စားပွဲနှင့် သူ့ကြားရှိ လူတွေကို ရေတွက်ကြည့်လိုက်သည်။

ထိုအခိုက် ဘေးချင်းကပ်အတန်းတွင် ရပ်နေသော လူတစ်ယောက်နှင့် မျက်လုံးချင်း သွားဆုံမိသည်။ အဒမ် ရင်တွေပန်းတွေ တုန်သွားသည်။ တစ်ဖက်သို့ မျက်နှာလွှဲကာ ခြေထောက်နှစ်ဖက် စုထားလိုက်သည်။ ဒီလူ ငါ့ကို ဘာကြောင့်များ ဒီလောက် စိုက်ကြည့်နေတာပါလိမ့်။

အတန်းပြောင်းစီရန် မျက်နှာကို မသိမသာ ပြန်လှည့်လိုက်သည်။ ရော … ခက်ကပြီ။ ဒီလူ ငါ့ကို ကြည့်နေပြန်ပြီ။

ထိုသူက ပြုံးပြသည်။ အဒမ်ကလည်း စိတ်ထဲမှ မလုံမလဲဖြစ်ကာ ပြန်ပြုံး





ပြလိုက်သည်။ ထို့နောက် သူ အဒမ်နားသို့ ကပ်လာသည်။ အဒမ် အလွန်ကြောက်သွားမိသည်။

'ကျွန်တော့်နာမည် အလန်ဂျက်ကတန်ပါ' သူက လက်ကမ်းပြီး အတင်းမိတ်ဆက်သည်။ အဒမ်မှာ လက်ဆွဲသေတ္တာကြီးချပြီး ဘာမသိညာမသိဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

'ကျွန်တော့်နာမည်က စတူးဝပ်စမိုက်ပါ'

အဒမ်က သူ့ကိုယ်သူ မနည်းထိန်းပြီး ပြန်ပြောလိုက်သည်။

အလန် က ခေါင်းညိတ်ပြီး ပြုံးပြသည်။

သူက အဒမ်ထက် အနည်းဆုံး ဆယ်နှစ်လောက်ငယ်လိမ့်မည်။ ပခုံးကျယ်ပြီး ခါးသေးသည်။ သဲရောင်ဆံပင်များကို နဖူးပေါ် ဖြီးချထားသည်။ နဖူးပြောင်ပြောင်ကို ဖုံးထားခြင်း ဖြစ်သည်။

'ကျွန်တော့်စိတ်ထဲ ရင်းရင်းနှီးနှီး မြင်ဖူးနေသလိုပဲ' အလန် က ပြောသည်။ 'နယူးယောက်ကပဲနော်'

အဒမ်သည် မျက်နှာမှ သွေးဆုတ်သွားသလို ထင်လိုက်ရသည်။ သူ စာရင်းမသွင်းရသေး။ ယခု ဒုက္ခတွေ့နေရပြီ။

ထိုအခိုက် အသံချဲ့စက်မှ ကြေညာသံ ထွက်ပေါ်လာသည်။

'မင်္ဂလာရှိသော ညနေခင်းပါရှင်။ သဆော်ပေါ် တက်ခွင့်လက်မှတ်ရပြီးတဲ့ ပုဂ္ဂိုလ်များ မကြာခင် ကမ်းရိုးတန်းသဆော်ပေါ် တက်ရပါတော့မယ်ရှင်။ တက်ခွင့်လက်မှတ်မရသေးသူများ မှတ်ပုံတင်စားပွဲကို အမြန်ဆုံး လာရောက် လက်မှတ်တောင်းယူကြပါရန် မေတ္တာရပ်ခံပါတယ်ရှင်'

'ဒေါက်တာက အရိုးကုပါရဂူ မဟုတ်လား'

အလန်က မေးနေပြန်သည်။

'မဟုတ်ပါဘူး' အဒမ် နည်းနည်း စိတ်အေးသွားသည်။ ဒီမောင် ဒေါက်တာစမိုက်ကို မသိဘူးဆိုတာ သိသာနေပြီ။ 'ကျွန်တော်က သားဖွားနှင့် မီးယပ်ဆရာဝန်ပါ၊ ခင်ဗျားကရော'

'အရိုးကုပါ၊ ဆန်ဒိုင်ဂိုကာလီဖိုးနီးယားတက္ကသိုလ်ကပါ၊ ဒါ ပထမဆုံး အကြိမ်ပဲလား'

'မဟုတ်ပါဘူး၊ ခင်ဗျားကရော'

'ဒုတိယအကြိမ်ပါ' သူက နောက်သို့ လှည့်ကြည့်ရင်း 'ဘုရားရေ၊ နက်ဂျန်ဆင်ပါလား၊ အဟေး …နက်ဂျန်ဆင်ပါလား၊ အဟေး…နက်၊ ဒီကို လာခဲ့ပါဗျ'

အဒမ်က လှမ်းကြည့်လိုက်သည်။ ဆံပင်နက်နက်နှင့် ဝဘုတ်တုတ်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်။ မိန်းမတစ်ယောက်နှင့် စကားပြောနေရာမှ အဒမ်တို့ဆီသို့ လှည့်ကြည့်နေသည်။ အလန့်ကို မြင်သောအခါ သူ့မျက်နှာပြုံးလာသည်။ သူသည် အမျိုးသမီးနှင့် လက်ချင်းချိတ်ကာ အလန့်ဆီသို့ လျှောက်လာသည်။

အလန်နှင့် နက်တို့ နှစ်ယောက်သား ဖက်ယမ်းနှုတ်ဆက်ကြသည်။ အဒမ်က ဘေးမှရပ်နေသော အမျိုးသမီးနှင့် မိတ်ဆက်သည်။ အမျိုးသမီးနာမည်က ကလျာအော့စဘွန်း။ တော်တော်ချောသည်။ အသက်က သုံးဆယ်လောက် ရှိရော့မည်။ မျက်နှာဝိုင်းဝိုင်းနှင့် စိုစိုပြည်ပြည်ရှိသည်။ ခြေဆံလက်ဆံရှည်ပြီး ယောက်ျားဆန်သည်။ သူသည် အဖြူနှင့် အနက်စပ်သော ဂါဝန်တိုတို ဝတ်ထားသည်။ သူက မီးယပ်ရောဂါဆရာဝန်မဖြစ်ကြောင်း သိရသောအခါ အဒမ်က အလုပ်တူ အဖော်ရ၍ ဝမ်းသာသွားသည်။

'ဒါနဲ့၊ ရှင်ကရော ဘယ်လိုင်းလဲ၊ အရိုးကုလား၊ သားဖွားမီးယပ်လား' ကလျာက မေးသည်။

'ဒီနှစ်ခုကို ဘာလို့ တွဲပြီး မေးရတာလဲ'

အဒမ်က စကားဦးပြောင်းရန် ကြိုးစားရင်း နောက်လိုက်သည်။

'ကျွန်မစိတ်ထဲက အလိုလို သိနေလို့ပါ၊ ပြီးတော့ ဒီခရီးကလည်း အရိုးကုပါရဂူတွေနဲ့ သားဖွားပါရဂူတွေကို ပိုပြီး ဦးစားပေးတယ် မဟုတ်လား'

အဒမ်က စိတ်မလုံစွာ ရပ်လျက်–

'သြော်၊ ဟုတ်ကဲ့၊ ကျွန်တော်က သားဖွားပါရဂူပါ'

'တကယ်လားဟင်' ကလျာက ဝမ်းသာစွာဖြင့် 'ဒါဆို ဟန်ကျတာပဲ၊ ကျွန်မတို့ တစ်ဖွဲ့တည်းပဲပေါ့'

'သိပ်ကောင်းတာပေါ့၊ ဒါနဲ့ ခင်ဗျားက ပထမအကြိမ်ပဲလား'

အဒမ်က သားဖွားမီးယပ်အကြောင်းတွေ ပြောနေရသည်ကို စိတ်မလုံ၍ စကားလွှဲပြီး မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်၊ နက်လည်း ပထမအကြိမ်ပဲနော်၊ ဟုတ်ကဲ့လား နက်' သူက နက်၏လက်ကို လှမ်းတို့ရင်း မေးလိုက်သည်။ အလန်နှင့် နက်တို့မှာ ဆေးရုံတစ်ရုံတည်းတွင် အတူတူ လုပ်နေသူများဖြစ်ကြောင်း သူတို့ပြောနေသော စကားတစ်စွန်းတစကို ကြား၍ အဒမ် သိရသည်။

ထို့နောက် အလန်က နက်နှင့် အဒမ်တို့အား မိတ်ဆက်ပေးသည်။

'ဟော့… အလန်၊ ဒီညနေ တို့အတူတူ ညစာစားကြရင် ကောင်းမယ်ထင်တယ်'

အလန်က ခေါင်းခါလိုက်ပြီး–





'အေရိုလင်ကုမ္ပဏီက သူ့နေရာနဲ့သူ နေရာချပေးတာဗျ၊ စားသောက်တဲ့ အခါမှာလည်း ပညာရပ်တူ အချင်းချင်းတွဲပြီး တစ်စားပွဲတည်း ကျွေးတယ်'

'ဟာ… အဲဒါဆို အလကားပဲပေါ့ဗျာ၊ ဘယ်ပျော်စရာကောင်းတော့မှာလဲ'

အဒမ်ရှေ့မှလူ လက်မှတ်ယူ၍ ထွက်သွားသည်။ အဒမ်က စားပွဲရှေ့သို့ တိုးလာသည်။ လက်မှတ်စာရေးလူငယ်၏ အင်္ကျီရင်ဘတ်တွင်လည်း စာစောက သင်္ဘောခေါင်းတိုင်ပေါ်မှ တံဆိပ်အတိုင်းပင် ရိုက်နှိပ်ထားသည်။ "ဂျူဟာန်" ဟူသော သူ့နာမည်အောက်တွင် "အမ်တီအိုင်စီ" ဟူ၍ ရေးထား သည်။

'ကျေးဇူးပြုပြီး နာမည်ပြောပါ'

ဂျူဟာန်၏အသံက အနိမ့်အမြင့် မရှိ။ တစ်သံတည်း။

'စတူးဝပ်စမိုက်'

အဒမ်က ယင်းသို့ ပြောလိုက်ပြီးနောက် ကားမောင်းလိုင်စင်ကို သားရေအိတ်ထဲမှ တုန်တုန်ယင်ယင် ထုတ်ယူနေသည်။ ယင်းသို့ထုတ်ရင်း သူ၏ အေရိုလင်ကုမ္ပဏီ အလုပ်ကတ်ပြား ကောင်တာပေါ် ထွက်ကျသွားသည်။ တော်ပါသေးရဲ့။ ဂျူဟာန်မှာ စတူးဝပ်စမိုက်ဟူသော နာမည်ကို ကွန်ပျူတာထဲသွင်းရင်း အလုပ်များနေသည်။ အဒမ်က သူ၏မိတ်ဆွေသစ် တစ်ယောက်ယောက်များ မြင်သွားသလားဟု မသိမသာ လှည့်ကြည့်လိုက်သည်။ သူတို့လည်း မမြင်၊ စကားကောင်းနေကြသည်။ အဒမ်သည် ဂျူဟာန်ဘက်သို့ ပြန်လှည့်လိုက်သည်။ စိတ်ထဲမှလည်း ငါတော့ သွားပြီ ဆိုပြီး တုန်လှုပ်နေသည်။ အလုပ်ကတ်ကို အမြန်ကောက်ယူပြီး အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်သည်။

'ပတ်စပို့ ပေးပါ'

ဂျူဟာန်က တောင်းလိုက်သည်။

အဒမ်သည် ကမန်းကတန်းဖြင့် အင်္ကျီအတွင်းအိတ်ထဲ နှိုက်ယူပြီး ကမ်းပေးလိုက်သည်။ ဂျူဟာန်က ပတ်စပို့ကို ဖွင့်ကြည့်သည်။ အဒမ် ရင်တွေ တုန်နေသည်။ သို့သော် ဂျူဟာန်က တစ်ချက်သာကြည့်ပြီး ပြန်ပေးသည်။

ထို့နောက် သူက ပြောသည်။

'ဟောဒီမှာ သင်္ဘောတက်ခွင့် လက်မှတ်၊ ဒီလက်မှတ် သင်္ဘောစာရေးကို ပြပါ။ သူက အိပ်ခန်းလက်မှတ် ပေးလိမ့်မယ်။ ခရီးထွက်နေတုန်း သင်္ဘောပေါ်ကဆင်းရင် ဒီလက်မှတ်ကို ကိုယ်နဲ့မကွာ ဆောင်ထားပါ၊ ကဲ…နောက်တစ်ယောက် လာပါ'

အဒမ်က နောက်တစ်ယောက်အတွက် ဘေးသို့ ထွက်ပေးလိုက်သည်။ ယခုအချိန်ထိတော့ အားလုံးအိုကေမှာ ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နောက်ဆုံးတွင် အလန့်အတွက် တက်ခွင့်လက်မှတ်ကို ရပြီးသောအခါ သူရယ်၊ နက်ရယ်၊ ကလျာရယ်၊ အဒမ်ရယ် လေးယောက်သား နောက်စားပွဲတစ်ခုသို့ လာခဲ့ကြသည်။ သူတို့အား အထုပ်တစ်ထုပ်စီ လက်ဆောင်ပေးသည်။ အထုပ်ထဲတွင် အမ်တီအိုင်စီတံဆိပ်ပါသော သားရေလွယ်အိတ်တစ်လုံး ထည့်ထားသည်။ အိတ်ကို ဖွင့်ကြည့်လိုက်သောအခါ ခရေစ်ဘောလ်ပင်တစ်ချောင်း၊ ခဲတံတစ်စံ၊ သားရေဖုံး မှတ်စုစာအုပ်တစ်အုပ်နှင့် ဆွေးနွေးပွဲအစီအစဉ်စာတွဲတစ်တွဲ တွေ့ရသည်။ ထို့ပြင် အေရိုလင် ကုမ္ပဏီထုတ်ဆေးဝါးများလည်း တော်တော် များများပါသည်။

အဒမ်သည် ယင်းပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုနေစဉ်မှာပင် သင်္ဘောပေါ်သို့ စတင်တက်နိုင်ပြီဖြစ်ကြောင်း အသံချဲ့စက်မှ ကြေညာသံ ပေါ်ထွက်လာပြန်သည်။ ရုတ်တရက်အားဖြင့် လူအုပ်ကြီးအတွင်း ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။ အဒမ်နှင့် သူ၏မိတ်ဆွေသစ်များသည် လူအုပ်ထဲမှ ဖြည်းဖြည်း ပြန်ထွက်လာခဲ့ကြသည်။

ရဲသားတစ်ယောက်က ဂိတ်ဝတွင် လက်မှတ်စစ်သည်။ စစ်ဆေးပြီးသူများ ကုန်းပေါင်တံတားအတိုင်း သင်္ဘောပေါ်သို့ တက်လာခဲ့ကြသည်။

အဒမ်သည် သင်္ဘောကုန်းပတ်ပေါ်တွင်ရပ်ရင်း သင်္ဘောကို အကဲခတ်ကြည့်လိုက်သည်။ သင်္ဘောမှာ အသစ်မဟုတ်။ သို့သော် ဆေးရောင်က အသစ်စက်စက်လိုပင် ပြောင်လက်နေသည်။ အချို့နေရာများကို အသစ်ပြုပြင်မွမ်းမံထားကြောင်း သတိပြုမိသည်။ သင်္ဘောအမှုထမ်းအားလုံး မှတ်ပုံတင်စာရေးဂျူဟာန်အတိုင်းပင် ဖြစ်သည်။ ခေါက်ရိုးကျ ဘလေဇာအကျႌအဖြူနှင့် ဘောင်းဘီအပြာတို့ကို သပ်သပ်ရပ်ရပ် ဝတ်ထားကြသည်။

ဘဏ္ဍာစိုးတစ်ယောက် ရောက်လာပြီး အဒမ့်ထံတွင် တက်ခွင့်လက်မှတ်တောင်းသည်။ ထို့နောက် လက်ယာဘက်ကုန်းပတ်သို့ ခေါ်လာခဲ့သည်။ ယခင်လိုက်ဖူးသူများကို တက်ခွင့်လက်မှတ် အရောင်ခွဲခြားထားသည်။ ထို့ကြောင့် နက်နှင့်ကလျာတို့မှာ တခြားကုန်းပတ်သို့ လိုက်သွားကြရသည်။

အဒမ်က ကုန်းပတ် 'အေ'မှ အခန်းနံပါတ် ၄၀၇ ကို ရသည်။ ဗဟိုကုန်းပတ်အောက်မှအထပ် ဖြစ်သည်။ ဘဏ္ဍာစိုးက အခန်းသော့ပေးသည်။ ကုန်းပတ်စာရေးနှင့် ဤဘဏ္ဍာစိုးတို့လည်း လက်မှတ်ထုတ်ပေးသော စာရေးလိုပင် စက်ရုပ်ဆန်ဆန် ပြောဆိုဆက်ဆံကြသည်ကို သတိပြုမိသည်။

အလန်က အဒမ်နှင့် ကုန်းပတ်တူ အခန်းနံပါတ် ၄၀၉ ကို ရသည်။

အခန်းလိုက်ပြသော အမှုထမ်းထွက်သွားသောအခါ အဒမ်က အလန်အား ပြောလိုက်သည်။





'ဒီလူတွေ စကားပြောတာလည်း တစ်မျိုးကြီးပါလားဗျ'

'ဟုတ်တယ်၊ သူတို့က စကားတစ်ခွန်းတည်းကို ထပ်ကာထပ်ကာ ပြောနေတဲ့အဟိုင်းပဲ'

ထိုအခိုက် နောက်ထပ် ဘဏ္ဍာစိုးတစ်ယောက် ထပ်ရောက်လာပြီး အဒမ်ထံမှ အဝတ်သေတ္တာနှင့် အေရိုလင်သားရေအိတ်တို့ကို တောင်းသည်။ ပြီးတော့ သူ့နောက်သို့ လိုက်ခဲ့ရန် ပြောသည်။

'နောက်မှ ထပ်တွေ့ကြတာပေါ့ ဒေါက်တာစမိုက်'

အလန်က လှမ်းပြောသည်။ အဒမ်က သူ့နာမည်ကို ခေါ်လိုက်တာမှ ဟုတ်ပါရဲ့လားဟု ခေတ္တတွေးနေပြီးမှ ရုတ်တရက် သတိရပြီး . . .

'ဟုတ်ပြီ၊ ကောင်းပြီ'

ဘဏ္ဍာစိုးသည် အဒမ်အား လက်ဆွဲအိတ်မျိုးစုံနှင့် ဂျပန်ကင်မရာမျိုးစုံ ခင်းထားသော လက်ဆောင်ပစ္စည်းဆိုင်ရှေ့မှ ဖြတ်၍ ခေါ်လာသည်။ ဆိုင်အတွင်းဘက်တွင် အရက်ပုလင်းများ၊ စီးကရက်များနှင့် ဆေးဝါးပစ္စည်းမျိုးစုံ တွေ့ရသည်။ ဆေးပုလင်းတွေမြင်တော့ အဒမ်က လှိုင်းမူးမည်ကို စိုးရိမ်မိသည်။

'ခဏနေပါဦး၊ ဒီဆိုင်က ဘယ်တော့ဖွင့်မှာလဲ'

အဒမ်က မေးလိုက်သည်။

'သင်္ဘောထွက်ပြီး တစ်နာရီလောက်ကြာရင် ဖွင့်မယ်'

'ဒီဆိုင်မှာ ဒရာမာမင်တို့၊ နားဆို့တဲ့ပစ္စည်းတို့၊ ဘာတို့ ရောင်းသလား'

ဘဏ္ဍာစိုးက အဒမ့်မျက်နှာကို ကြောင်ကြောင်ကြီး ကြည့်သည်။

'အဲဒီ ဒရာမာမင်တို့ နားဆို့ပစ္စည်းဆိုင်တို့ ကျွန်တော် ဘာမှမသိဘူး'

သူ့လေသံကြောင့် အဒမ်က ထပ်မေးချင်စိတ်မရှိတော့။

အခန်းနံပါတ် ၄၀၇ နှင့် ၄၀၉တို့မှာ ဆိပ်ကမ်းဘက်သို့ ကျသည်။ အလန့်ကို မတွေ့။ ဘယ်ရောက်သွားလည်း မသိ။ ဘဏ္ဍာစိုးက အဒမ့်အခန်းကို ဖွင့်ပေးသည်။

အဒမ်သည် ယခုလို ဇိမ်ခံသင်္ဘောမျိုးနှင့် တစ်ကြိမ်မှ ခရီးမထွက်ဖူး။ သို့သော်လည်း အိပ်ခန်းမှာ ကျဉ်းလွန်းသည်ဟုတော့ ထင်သည်။ လက်ယာဘက်တွင် တစ်ယောက်အိပ် ခုတင်တစ်လုံးနှင့် စားပွဲတစ်လုံး ရှိသည်။ လက်ဝဲဘက်တွင် စာရေးစားပွဲကလေးတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ရှိသည်။ ဗီရိုနားတွင် ရေစင်တပ်ထားသည်။ ရေချိုးခန်းကလေးနှင့် အိမ်သာ တွဲထားသည်။

ဘဏ္ဍာစိုးက ဘာမပြော ညာမပြောဖြင့် ရေတစ်ခွက်ခပ်ယူပြီး အဒမ့်ကို ကမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင် ... ကျွန်တော့်အတွက်လား'

အဒမ်က ရေခွက်ကိုယူပြီး တစ်ရှုပ်သောက်ကြည့်လိုက်သည်။ ရိုးရိုးရေ အရသာမရှိ။ ဆေးနံ့ရနေသလို ထင်ရသည်။

ထို့နောက် ဘဏ္ဍာစိုးသည် အင်္ကျီအောက်အိတ်ကိုနှိုက်ကာ အဝါရောင် ဆေးတောင့်ကလေးတစ်လုံး ထုတ်ယူလိုက်သည်။ ပြီးတော့ အဒမ့်ကို ကမ်းပေးရင်း–

'အခုလို တစ်ခေါက်ပြန်လာတာ ကြိုဆိုပါတယ်'

အဒမ်က မသိမသာ ပြုံးလိုက်ပြီး–

'ဒီခရီးက သိပ်ပျော်စရာကောင်းတာပဲ'

သူက ဘဏ္ဍာစိုးလက်ထဲမှ ဆေးလုံးကလေးကို စေ့စေ့စပ်စပ် ငုံ့ကြည့်နေသည်။ ပြီးတော့ လက်ဝါးဖြန့်လိုက်သည်။ ဘဏ္ဍာစိုးက ဆေးလုံးကို အဒမ့်လက်ထဲ ထည့်ပေးသည်။ ဘာဆေးမှန်းတော့ အဒမ် လုံးဝမသိ။

'ဒါက လှိုင်းမူးပျောက်ဆေးလား'

အဒမ်က မေးလိုက်သည်။

ဘဏ္ဍာစိုးက ဘာမှပြန်မပြော။ အဒမ့်မျက်နှာကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ အဒမ် မနေတတ် မထိုင်တတ် ဖြစ်နေသည်။

'လှိုင်းမူးပျောက်ဆေးပဲ ဖြစ်မှာပါ'

သူက ယင်းသို့ပြောရင်း ဆေးလုံးကို ပါးစပ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ရေတစ်ကျိုက်သောက်ပြီး ဖန်ခွက်ကို အမှုထမ်းအား ပြန်ပေးလိုက်သည်။ ဘဏ္ဍာစိုးက ဖန်ခွက်ကို ပြန်ထားရန် ရေချိုးခန်းထဲ ဝင်သွားသည်။ အဒမ်သည် ဆေးလုံးကို ပါးစပ်ထဲမှ ပြန်ထုတ်ပြီး အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ဘဏ္ဍာစိုးက ပြန်လာပြီး ခုတင်အိပ်ရာခင်းများကို သပ်သပ်ရပ်ရပ် ပြင်ဆင်သည်။ ထို့နောက် အဝတ်သေတ္တာကိုယူကာ အဝတ်အစားများကို နေရာတကျ ထားပေးသည်။

အဒမ်က ခုတင်ပေါ်တွင် ထိုင်ကာ အံ့သြစွာဖြင့် ကြည့်နေသည်။ ဘဏ္ဍာစိုးသည် သူ့အလုပ်ပြီးသွားသောအခါ အဒမ့်ကို ကျေးဇူးတင်စကားပြောပြီး ပြန်ထွက်သွားသည်။

အဒမ်သည် ဘဏ္ဍာစိုး၏အပြုအမူကို ပြန်တွေးရင်း အံ့သြနေမိသည်။ ထို့နောက် ထိုင်ရာမှထကာ အရေလင်သားရေအိတ်ကို ခုတင်ပေါ် သွန်ချလိုက်သည်။ ဆေးမျိုးစုံ တစ်ပုံကြီး ထွက်လာသည်။

အင်္ကျီအိတ်ထဲမှ ဆေးတောင့်ကလေးကို နှိုက်ယူပြီး ခုတင်ပေါ်မှ နမူနာဆေးများနှင့် ယှဉ်ကြည့်သည်။ ဘယ်ဆေးနှင့်မှ မတူ။ သီးခြားဆေးတစ်မျိုး ဖြစ်နေသည်။





သင်္ဘောပေါ်တွင် ဆေးဝါးလမ်းညွှန်စာအုပ်များ ရနိုင်မည်လားဟု တွေးကြည့်သည်။ တစ်နေရာတွင် စာကြည့်တိုက်တော့ ရှိကို ရှိရမည်။

အဒမ်သည် ဘဏ္ဍာစိုး သောက်ခိုင်းသော အဝါရောင် ဆေးတောင့်ကလေးကို အထူးပင် စိတ်ဝင်စားနေသည်။ အထူးသံသယဝင်နေသည်။ လှိုင်းမူးပျောက်ဆေး ဖြစ်ပါလိမ့်မည်ဟုလည်း တွေးမိသည်။ သူ ဆေးတောင့်ကလေးကို စေ့စေ့စပ်စပ် ထပ်ကြည့်နေပြန်သည်။ ပြီးတော့ အက်စပရင်ဆေးပုလင်းထဲသို့ ပြန်ထည့်ထားလိုက်သည်။

ဆွေးနွေးပွဲအစီအစဉ်ကို ယူပြီး ကြည့်သည်။ စုစုပေါင်း စာမျက်နှာ ၂၅ မျက်နှာတိတိ ရှိသည်။ ပထမတစ်ဝက်က အရိုးကုပါရဂူများနှင့် ဆိုင်သည်။ ဒုတိယတစ်ဝက်က သားဖွားနှင့် မီးယပ်ပါရဂူများနှင့် ပတ်သက်သည်။ ပို့ချချက်အားလုံးလိုလိုပင် ကုသရေးနှင့် သက်ဆိုင်နေသည်ကို အဒမ် သတိပြုမိသည်။ ထို့ကြောင့်လည်း ဤဆွေးနွေးပွဲများ နာမည်ကြီးခြင်း ဖြစ်သည်။

သူတို့က ဆရာဝန်များအား စိတ်ပြောင်းစိတ်လွဲဖြစ်သွားအောင် "ဘူးသွင်းခြင်း" ပြုလုပ်လျှင်လည်း ဆွေးနွေးပွဲကာလအတွင်းမှာပင် ပြုလုပ်ခြင်း ဖြစ်လိမ့်မည်ဟု အဒမ်က တွေးမိသည်။ ဒေါက်တာဗန်ဒါမားကဲ့သို့ ဆေးပြောင်းပေးရန် စိတ်ပြောင်းသွားအောင် ဆရာဝန်တစ်ယောက်ကို သူတို့က ဘယ်လိုများ လုပ်ကြသနည်း။ စိတ်ညှို့ခြင်းတစ်မျိုးနှင့် လုပ်ကြတာများလား။

ဆွေးနွေးပွဲအစီအစဉ် စာရွက်များကို ဘေးဖယ်ထားလိုက်။

အရေးကြီးတာက သူတို့၏ လျှို့ဝှက်လုပ်ရပ်ကြီး အမြန်ဆုံးပေါ်အောင် ကြိုးစားရမည်။

ရုတ်တရက် ဥသြဆွဲသံ ပေါ်ထွက်လာသဖြင့် အဒမ် လန့်ပင်သွားသည်။ တစ်ဆက်တည်းလိုပင် သင်္ဘောစက်သံ ပေါ်ထွက်လာသည်။ ကုန်းပတ်သို့ သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဂျက်ကက်အင်္ကျီနှင့် လည်စည်းကို ချွတ်ထားခဲ့ပြီးနောက် စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။ အိပ်ခန်းနံပါတ် ၄၀၉ ရှေ့သို့ ရောက်သောအခါ ရပ်လိုက်သည်။ အလန်တစ်ယောက် ဘယ်လိုများနေသနည်း။ အခန်းချင်းကပ်နေသော်လည်း သူ့ကို အရိပ်အယောင်မျှပင် မတွေ့ရသေး။

တံခါးခေါက်ပြီး စောင့်နေလိုက်သည်။ ဘယ်လိုမှ တုံ့ပြန်ခြင်းမရှိ။ ဘဏ္ဍာစိုးတစ်ယောက် ဖြတ်လျှောက်လာသည်။ အဒမ်က အခန်းနံရံသို့ ကပ်ပေးလိုက်ရသည်။

တံခါးကို ထပ်ပြီး ခေါက်လိုက်သည်။ လှည့်ထွက်သွားတော့မည်အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွင် အခန်းထဲမှ တစ်စုံတစ်ရာပြုတ်ကျသံ ကြားလိုက်ရသည်။ အဒမ်က အခန်းတံခါးကို လက်ဖမိုးနှင့် ထုလိုက်ပြန်သည်။ အလန် ရေချိုးခန်းထဲမှာ ရှိလိမ့်မည်ထင်သည်။ သို့သော် ဘာမှမတုံ့ပြန်။ တံခါးမင်းတုပ်ကို လှည့်ကြည့်လိုက်သည်။ တံခါးပွင့်လာသည်။

အလန်သည် ခုတင်စွန်းပေါ်တွင် ထိုင်နေသည်။ ခြေထောက်နားမှ ကြမ်းပြင်တွင် ရေဖန်ခွက်လဲနေသည်။

'ခွင့်လွှတ်ပါဗျာ'

အဒမ်က အားနာစွာဖြင့် တောင်းပန်လိုက်သည်။

'ရ...ပါ...တယ်...ဗျာ'

အလန်က လျှာလေးသံကြီးဖြင့် ပြန်ပြောသည်။

သူ့ကြည့်ရတာ အိပ်ပျော်နေသူနှင့် တူနေသည်။

'ခင်ဗျားကို အနှောင့်အယှက်ပေးတာ တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်က သဘောထွက်တာ ကြည့်မလို့ ထွက်လာရင်း' အဒမ်က စကားကို ရပ်ထားလိုက်သည်။ အလန်သည် ခုတင်ပေါ်မှ တစောင်းကျလာသဖြင့် အဒမ်က ကပျာကယာပြေးကိုင်ပြီး ခုတင်ပေါ်တွင် နေရာတကျ ပြန်သိပ်ပေးလိုက်သည်။

'ဟေး... ဆရာ၊ ဘယ်လိုဖြစ်တာလဲ၊ နေလို့မှ ကောင်းရဲ့လား'

အဒမ်က မေးလိုက်သည်။

အလန်က အိပ်ချင်မူးတူးနှင့် ခေါင်းညိတ်ပြရင်း–

'ကျွန်တော် နည်းနည်း ပင်ပန်းနေလို့ပါ'

'ဒီအတိုင်းဆိုရင် ခင်ဗျား ခပ်ဆတ်ဆတ်ကလေး နှာချေပစ်လိုက်မှ ပိုကောင်းမယ်ထင်တယ်' အဒမ်က ရယ်ပြီးပြောသည်။ စားပွဲပေါ် လှမ်းကြည့်လိုက်တော့ အရက်များ၊ သောက်ထားသလားဟု သံသယဖြစ်မိသည်။ သို့သော် အရက်ပုလင်းတော့ မတွေ့ရ။ စောင်ခြုံပေးခဲ့ရလျှင် ကောင်းမည်လားဟု စဉ်းစားမိသည်။ သို့သော် သူက ဝတ်စုံအပြည့် ဝတ်ထားသည်။ အအေးပတ်မည် စိုးရိမ်စရာမလို။ သို့ဖြင့် သည်အတိုင်းပင်ထားခဲ့ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

လက်မှတ်စစ်ဆေးရေး စားပွဲတွင် လူတွေ ဝိုင်းဝိုင်းလည်နေဆဲ ရှိသေးသည်။ ကုန်းပေါင်လှေကားကိုတော့ ပြန်သိမ်းနေကြပြီ။ အဒမ်သည် ကုန်းပတ်ပေါ်သို့ ထွက်လာခဲ့သည်။

လေအေးခန်းထဲမှ လေပူပြင်သို့ ရောက်လာတော့ တစ်ကိုယ်လုံး ပူလောင်သွားသလို ထင်လိုက်ရသည်။ သင်္ဘောလက်ရန်းတန်းအနီးသို့ လျှောက်လာပြီး ဆိပ်ခံတံတားကို လှမ်းကြည့်လိုက်သည်။ သင်္ဘောများ ကျောက်နုတ်ကျောက်





တင်ရင်း မရပ်မနား အလုပ်များနေကြသည်။ အင်ဂျင်စက်သံများ ပို၍ ကျယ်လောင်လာသည်။ သင်္ဘောသည် ဆိပ်ခံတံတားမှ တဖြည်းဖြည်း ထွက်ခွာသည်။ ပဲ့ပိုင်းမှ အော်ဟာစ်မြှုတ်ူးသံများ ပေါ်ထွက်လာသည်။ ဆက်တိုက်လိုလိုပင် ဂီတသံများ ဆူဆူညံညံ ပေါ်ထွက်လာပြန် သည်။

အဒမ်သည် ရှေ့သို့ ဆက်လျှောက်လာသည်။ ဦးပိုင်းသို့သွားသော တံခါးတစ်ခု တွေ့ရသည်။ "သင်္ဘောအမှုထမ်းများသာ။ ခရီးသည်များအား ဤနေရာမှ ရှေ့သို့ သွားခွင့်မပြု"ဟူ၍ ဆိုင်းဘုတ်ဆွဲထားသည်။ အဒမ်က တံခါးကို တွန်းကြည့်သည်။ သော့ခတ်မထား။ သို့သော် မသွားရဟု တားမြစ်ထားသောနေရာသို့ မသွားတာဘဲ ကောင်းသည်ဟု ဆုံးဖြတ်လိုက်သည်။

ဥဩမှုတ်သံ ပေါ်ထွက်လာပြန်သည်။ တစ်ချိန်တည်းတွင် သင်္ဘောစက်သံများလည်း ပြောင်းသွားသည်။ သင်္ဘောသည် တဖြည်းဖြည်းနှင့် ရှေ့သို့ ရွေ့လျားစပြုနေပြီ။

တခြားခရီးသည်များလည်း အဒမ်လိုပင် သင်္ဘောပေါ် လျှောက်ကြည့်နေကြသည်။ လူတိုင်းပင် ဖော်ဖော်ရွေရွေ လိုက်လိုက်လှဲလှဲ ရှိကြသည်။ ပျော်ပွဲစားခရီးထွက်လာသည်နှင့် တူနေသည်။

အဒမ်သည် တခြားကုန်းပတ်တစ်ခုသို့ ဆင်းလာခဲ့သည်။ သူ့ပတ်ပတ်လည်တွင် ဆွေးနွေးပွဲအခန်းတွေ အစွယ်စုံ ဝိုင်းရံနေသည်ကို တွေ့ရသည်။ ကပွဲဇာတ်ခုံတစ်ခုလည်း ရှိသည်။ ဆွေးနွေးပွဲအခန်းများမှာ အများဆုံး လူတစ်ဒါဇင်ခန့်သာ ဆန့်မည်။ အခန်းတိုင်းတွင် နံရံကပ်သင်ပုန်းကြီးများနှင့် ရုပ်ရှင်ဆလိုက်ထိုးစက်များ တပ်ဆင်ထားသည်။

သင်္ဘောအလယ်ပိုင်းတွင်"စာကြည့်တိုက်"ဟု ဆိုင်းဘုတ်ချိတ်ထားသော တံခါးတစ်ပေါက်တွေ့ရသည်။ အဒမ်က "ဆေးဝါးလမ်းညွှန်"စာအုပ် လိုချင်သည်။ သို့သော် တံခါးကို သော့ခတ်ထားသည်။ မနက်ကျတော့ ဖွင့်မှာပဲဟု တွေးမိပြီး ရှေ့သို့ ဆက်လျှောက်လာသည်။ ဗဟိုစင်္ကြံဆုံးသောအခါ တံခါးတစ်ပေါက် တွေ့ရပြန်သည်။ သင်္ဘောအမှုထမ်းများ၏ သီးသန့်ခန်းသို့ သွားသောတံခါးဖြစ်မည်ဟု ထင်သည်။

နောက်တစ်ထပ်သို့ ဆင်းလိုက်သောအခါ ဗဟိုကုန်းပတ်သို့ ရောက်လာသည်။ စတိုးဆိုင်နှင့် ဧည့်ခန်းများကို ဖြတ်ကာ စားသောက်ခန်းအဝသို့ ရောက်လာသည်။ အထဲသို့ ချောင်းကြည့်လိုက်သည်။ အခန်းက တော်တော်ကျယ်သည်။ ဖန်သားမီးပဒေသာများ ဆွဲထားသည်။ ကျယ်ဝန်းသော ပြတင်းပေါက်များအပေါ်တွင် ပန်းချီကားများ ချိတ်ထားသည်။ အစွန်းတစ်ဖက်တွင် ခပ်မြင့်မြင့်စင်္ကြံပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



စကားပြောခုံတစ်ခု ရှိသည်။ အခန်းတစ်ဖက်စီတွင် ဆုံလည်တံခါးများ ရှိသည်။ မီးဖိုခန်းသို့သွားသော တံခါးများဖြစ်သည်။ စားပွဲထိုးများသည် စားသောက်ဖန်းများ မလျက် တံခါးပေါက်များမှ ဝင်လိုက် ထွက်လိုက်နှင့် အလုပ်များနေကြသည်။ "ညနေစာ ကိုးနာရီတွင် ကျွေးမည်" ဟု အခန်းဝတွင် ဆိုင်းဘုတ်ချိတ်ထားသည်။

နောက်တစ်ထပ်သို့ ဆင်းလိုက်သောအခါ အဒမ်၏အိပ်ခန်းရှိရာ ကုန်းပတ် 'အေ'သို့ ပြန်ရောက်လာသည်။ အိပ်ခန်းတော်တော်များများပင် တံခါးတွေ ဖွင့်ထားကြသည်။ ဆရာဝန်တွေ အဝတ်အစားများ သိမ်းဆည်းနေကြသည်။ တချို့လည်း ထွက်လိုက်ဝင်လိုက် လုပ်နေကြသည်။

အဒမ်သည် နောက်တစ်ထပ်သို့ ဆင်းလာခဲ့သည်။ ဤအထပ်တွင် ဆွေးနွေးခန်းတွေ ပိုများသည်။ အားကစားခန်းလည်း ရှိသည်။ ထို့ပြင် ဆရာဝန်အခန်းနှင့် ရေကူးကန်လည်း တွေ့ရသည်။

သင်္ဘောအကြောင်းကို အခွင့်သာသလောက် လေ့လာမည်ဟု စိတ်ကူးကာ အပေါ်ဆုံးကုန်းပတ်သို့ တက်လာခဲ့သည်။ ကောက်တဲပါတီ ကျင်းပနေသဖြင့် ကုန်းပတ်တစ်ခုလုံး ကျွက်ကျွက်ညံနေသည်။

နက်ဂျန်ဆင်က အဒမ်ကို လှမ်းမြင်သည်။ ရေကူးကန်အနီးမှ လူအုပ်ဆီသို့ အတင်းခေါ်လာသည်။ အဒမ်မှာ မငြင်းသာသဖြင့် ရေခဲစိမ် "ဟယ်နီကင်" ဘီယာများပင် သောက်မိလျက်သား ဖြစ်နေသည်။

'ဒါနဲ့ အလန်တစ်ယောက် မမြင်ပါလားဗျ'

နက်က ဆူညံသံတွေကြားမှ အော်၍ မေးသည်။

'သူ့အခန်းထဲမှာ အိပ်နေတယ်'

နက်က ဖြစ်ရိုးဖြစ်စဉ်လို သဘောထားသည့်အလား ခေါင်းညိတ်လိုက်သည်။ ထို့နောက် "သူတော်စင်များ ကြွလာသောအခါ" တီးလုံးကို ပေါင်ပုတ်ပြီး စည်းချက်လိုက်နေသည်။

အဒမ်က စားပွဲကိုကျော်ကာ ကလျာအား ပြုံးပြလိုက်သည်။ ကလျာသည် တော်တော် ပျော်နေပုံရသည်။ ဤပွဲက အမ်ဒီဘွဲ့ရ ဆရာဝန်များ၏ သီးသန့်ပွဲနှင့် တူနေသည်။ နောက်ကြ ပြောင်ကြ ဖက်ကြ ယမ်းကြဖြင့် တကယ်လည်း ကြမ်းသည်။ မူးလည်း တော်တော် မူးကြသည်။

အဒမ့်ဘီယာခွက် ကုန်သွားသောအခါ နက်က နောက်တစ်ခွက် ထပ်ယူပေးသည်။

သင်္ဘောသည် ဆာစာကထက် ပို၍ လှုပ်လိမ့်လာသည်။ အဒမ်က နောက်သို့ လှည့်ကြည့်လိုက်သည်။ မိုင်ယာမီကမ်းခြေမှ မီးရောင်များကို မမြင်ရတော့။





သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ ရောက်လာခဲ့ပြီ။ အဒမ့်ဗိုက်ထဲမှ တကြွတ်ကြွတ် အသံမြည်လာသည်။ ဘီယာဖန်ခွက်ကို ကပျာကယာ ပြန်ချထားလိုက်သည်။

တခြားဆရာဝန်တွေက လှိုင်းမူးတာကို သတိပင်ရကြပုံမပေါ်။ အဒမ်က တော့ ရင်ထဲအော်ဂလီပင် ဆန်ချင်လာပြီ။ ဆေးသောက်ရ သိပ်ကောင်းမှာပဲဟု တွေးမိသည်။ အဝါရောင်ဆေးတောင့်ကလေးက လှိုင်းမူးပျောက်ဆေးလား မသိ။ သူ မေးကြည့်ရန် စိတ်ကူးမိသေးသည်။ သို့သော် ဆူညံနေသော လူအုပ်ထဲတွင် ဆက်နေ၍ လုံးဝမရတော့။

သို့ဖြင့် တောင်းပန်ပြီး လူရှင်းရာ သင်္ဘောလက်တန်းတစ်နေရာသို့ လာခဲ့သည်။ ခဏနေတော့ နေသာထိုင်သာ ရှိသွားသည်။ သို့သော် အိပ်ရာထဲတွင် လှဲနေလိုက်ချင်စိတ်သာ ဖြစ်နေသည်။

သူ့အိပ်ခန်းသို့ ပြန်လာခဲ့သည်။ ခုတင်ပေါ်တွင် လှဲအိပ်ကာ မျက်လုံးများ မှိတ်ထားလိုက်သည်။ သက်သောင့်သက်သာ ရှိသွားသည်။ သို့သော် ဗိုက်ထဲမှ ဘီယာကတော့ တန်ခိုးပြနေဆဲ။

*

ဂျင်နီဖာတို့သားအဖသည် အိမ်နောက်ဖေးမှ ခြံထဲတွင် လမ်းလျှောက်နေကြသည်။

ဖခင်ကြီးက ဂျင်နီဖာ၏ကိုယ်ဝန်ကိစ္စကို ဆွေးနွေးချင်နေပုံ ရသည်။ သို့သော် ပထမတွင် ဂျင်နီဖာက တွေရာလေးပါးပြောပြီး တမင်ရှောင်နေသည်။

နောက်ဆုံး အိမ်ဘက်သို့ ပြန်လျှောက်လာကြသောအခါတွင်မှ ဂျင်နီဖာက စတင်မေးလိုက်သည်။

'ဒါနဲ့ ကျွန်မ ကိုယ်ဝန်ကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဖေဖေ'

မစ္စတာကာဆွန်က ဂျင်နီဖာ၏ ပခုံးကို လှမ်းဖက်ရင်း–

'ဒါတော့ သမီး ကောင်းမယ်ထင်တာကို လုပ်ပေါ့ကွယ်'

'ဒါပေမဲ့ ဖေဖေ့သဘောထားလည်း ပြောဦးမှပေါ့'

ဒီမေးခွန်းက တခြားပဲ၊ သမီး မေမေက ဒေါက်တာဖန်ဒါမားကို သိပ်ယုံနေတယ် မဟုတ်လား၊ ဒီကြားထဲ သန္ဓေသားစစ်ဆေးချက် မှားသွားတာတော့ စိတ်မကောင်းစရာပဲ၊ ဒါပေမဲ့ ဒီပြဿနာကို သူ ကိုင်တွယ်ပုံကိုတော့ ဖေဖေသဘောကျတယ်၊ အဲဒီတော့ သူပြောတဲ့အတိုင်းသာ ဆက်လုပ်စမ်းပါ သမီး'

'ဒေါက်တာဖန်ဒါမားက ကျွန်မကို သန္ဓေသား ချက်ချင်း ပြန်စစ်ချင်တယ် ပြောတယ် ဖေဖေ'

သူက အခြေအနေ ဒုက္ခပြဿနာ ဘာမှမထင်ရင် ကိုယ်ဝန်ဖျက်ချမယ် မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆိုရင်လည်း သူ့ဆန္ဒအတိုင်း လုပ်ရမှာပေါ့၊ လူစဉ်မမီတဲ့ကလေးကိုတော့ သမီးမေမေရော၊ ဖေဖေပါ လုံးဝမလိုချင်တာ အမှန်ပဲ'

'ကျွန်မလည်း အဲဒီအတိုင်းပဲ သဘောရပါတယ်၊ ဒါပေမဲ့ စိတ်ထဲမှာတော့ အများကြီး ခံစားရတယ်ဖေဖေ'

ဖခင်ကြီးက သမီးဖြစ်သူ၏ လက်ဝါးကို ခပ်တင်းတင်း ညှစ်လိုက်သည်။

'ဒါတော့ ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ အဆိုးထဲက အကောင်းကိုတွေးပြီး ဒီလိုပဲ ဖြေရမှာပေါ့၊ မင်း ယောကျ်ားလုပ်နေပုံကလည်း မလွယ်ပါဘူး၊ ဖေဖေ အပြစ်တင်တာ မဟုတ်ပါဘူး၊ အဖြစ်ကို ပြောတာပါ၊ သူလုပ်နေပုံတွေကို ဖေဖေ မကြိုက်တာတော့ အမှန်ပဲ၊ ဒီအချိန်မျိုးမှာ သူရှိနေသင့်တယ်၊ ဒါမှ အားလုံး စုပေါင်းပြီး ကောင်းတယ်ထင်တာ ဆုံးဖြတ်နိုင်တာပေါ့၊ ခုတော့ သူက ကိုယ်ဟာ လက်ဝန်ကြီးနဲ့ ကိုယ့်မိန်းမ ပစ်ထားပြီး ဘာမဟုတ်တဲ့ ခရီးထွက်သွားတာ အံ့ပါရဲ့၊ တော်တော် တာဝန်မဲ့တဲ့အကောင်'

နောက်ဖေးခန်းတံခါးသို့ ရောက်လာကြသည်။ မီးဖိုခန်းထဲတွင် မစ္စတာ ကာဆွန် ညစာပြင်ဆင်နေသံများ ကြားရသည်။

ဂျင်နီဖာက တံခါးဖွင့်လိုက်သည်။

'ဖေဖေပြောတာ မှန်ပါတယ်၊ ဒေါက်တာဖန်ဒါမားဆီ သမီး ဖုန်းဆက်လိုက်မယ်၊ မနက်ဖြန်ပဲ သန္ဓေသား ထပ်စစ်တော့မယ်'

*

'မင်္ဂလာရှိသော ညနေခင်းပါ ခင်ဗျာ၊ ညစာ အဆင်သင့် ပြင်ဆင်ထားပြီးပါပြီ၊ ညစာစားခန်းသို့ ကြွရောက်ကြပါ ခင်ဗျား'

အသံချဲ့စက်မှ ကြေညာသံကြောင့် အဒမ်အိပ်ရာမှ လန့်နိုးလာသည်။ ဒီအသံ ဘယ်က လာတာပါလိမ့်ဟု သူ တော်တော်ကြာကြာ စဉ်းစားနေရသည်။ နောက်တော့မှ အိပ်ခန်းနံရံတွင် ကပ်ထားသော အသံချဲ့စက်ကလေးမှ ထွက်ပေါ်လာမှန်း သိရတော့သည်။ နာရီကို ကြည့်လိုက်သည်။ ကိုးနာရီ တိတိ။

ခုတင်ပေါ်မှ ဆင်းရပ်လိုက်သည်။ သင်္ဘောသည် တော်တော့်ကို လူးလိမ့်နေသည်။ ညစာစားချင်စိတ် တစ်စက်ကလေးမျှ မရှိ။ ကပျာကယာ ရေချိုးသည်။ သင်္ဘောလူးလိမ့်နေ၍ ကိုယ်ကိုထိန်းပြီး အဝတ်အစားလဲရသည်။ ထို့နောက် အိပ်ခန်းမှ ထွက်လာခဲ့သည်။

အလန့်အိပ်ခန်းရှေ့တွင် ရပ်ကာ တံခါးခေါက်ကြည့်လိုက်သည်။ ဘာသံမှ မကြားရ။ အိပ်နေတုန်းပဲလား။ ဒါမှမဟုတ် ညစာစားခန်းသို့ ထွက်သွားပြီလား။ တံခါးဖွင့်ကြည့်မနေတော့ဘဲ ဆက်လျှောက်လာခဲ့သည်။





စတိုးဆိုင်ဖွင့်ထားသည်ကို တွေ့ရသည်။ ဒရာမာမင် ဆေးရမလား မေးကြည့်ရာ အရောင်းစာရေးက လောလောဆယ် ကုန်နေသည်ဟု ပြန်ပြောသည်။ နက်ဖြန်မှ စတိုခန်းမှ ပြန်ထုတ်ရမည်ဟု ဆိုသည်။

သို့နှင့် စိတ်ပျက်စွာဖြင့် ညစာစားခန်းသို့ ဝင်လာခဲ့သည်။ စားပွဲထိုးက ဆီးပြီး 'သားဖွားဆရာဝန်လား၊ အရိုးကုဆရာဝန်လား'ဟု မေးသည်။ အဒမ်က 'သားဖွားဆရာဝန်'ဟု ပြန်ပြောလိုက်သည်။ ထိုအခါ စားပွဲထိုးသည် အဒမ်အား ကားပြောစင်မြင့်အနီးမှ စားပွဲတစ်လုံးသို့ ခေါ်လာပြီး နေရာချပေးသည်။

စားပွဲတွင် အခြားဆရာဝန်ငါးယောက် ထိုင်နေကြပြီ။ အဒမ်က "စတူးဝပ် မိုက်"ဟူသော နာမည်ကို အသံတိတ်ရွတ်ရင်း အလုပ်များနေသည်။ အချင်းချင်း မိတ်ဆက်ကြသည်။ သို့သော် အဒမ်က နာမည်နှစ်ခုကိုသာ မှတ်မိသည်။ တက်နှင့် အာချီဘော။

စကားဝိုင်းမှာ အဓိကအားဖြင့် ဆေးပညာအကြောင်းကိုသာ ပြောကြသည်။ သို့သော် ပညာရပ်ထက် စီးပွားဖြစ်ထွန်းမှု အခြေအနေကိုသာ ထိပ်တန်းတင်၍ ပြောကြသည်။

အဒမ်က မလွဲမရှောင်သာမှ တစ်ခွန်းစ နှစ်ခွန်းစသာ ဝင်ပြောသည်။ သူ့ဗိုက်ထဲက ဆန္ဒပြနေဆဲဖြစ်၍ လူကသိပ်ပြီး ရွှင်ရွှင်လန်းလန်း မရှိ။

သို့နှင့် တစ်လုတ်နှစ်လုတ် ဟန်ဆောင်စားပြီးနောက် ထမင်းပွဲလာသိမ်းရန် စားပွဲထိုးကို အရိပ်အခြည် ပြလိုက်တော့သည်။ သည်လောက် သင်္ဘောလူးလိမ့်နေသည့်အထဲမှ တခြားပုဂ္ဂိုလ်များ ပလုတ်ပလောင်း စားသောက်နေကြသည်ကို ကြည့်ပြီး အံ့သြနေမိသည်။

အချိုပွဲတည်ခင်းပြီးသောအခါ အရပ်ရှည်ရှည် အသားညိုညိုပုဂ္ဂိုလ်တစ်ယောက် စကားပြောစင်မြင့်ပေါ်သို့ တက်လာသည်။

'ဟဲလို၊ ဟဲလို' စကားပြောခွက်ကို အသံစမ်းလိုက်ပြီးနောက် 'ကျွန်တော့်နာမည် ရေမွန်ပိုဝဲပါ ခင်ဗျာ၊ လူကြီးမင်းတို့ရဲ့ အိမ်ရှင် အမ်တီအိုင်စီကော်ပိုရေးရှင်းက တာဝန်ခံ အရာရှိတစ်ယောက်ပါ၊ အေရီလင် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီရဲ့ ရေကြောင်းဆေးပညာ ဆွေးနွေးပွဲက လိုက်လံစွာ ကြိုဆိုပါတယ်ခင်ဗျား'

ရုတ်ရုတ်သဲသဲ စကားပြောသံများ ရပ်စဲသွားပြီး စကားပြောစင်မြင့်ဆီသို့ မျက်လုံးများ ရောက်သွားကြသည်။ ပိုဝဲက ကြိုဆိုမိန့်ခွန်းကို တိုတို တုတ်တုတ် သာသာပြောပြီးနောက် စကားပြောခွက်ကို ဒေါက်တာဂေါ့ဒတ်ဆီသို့ ကမ်းပေးလိုက်သည်။ ဒေါက်တာဂေါ့ဒတ်မှာ ဆွေးနွေးပွဲတာဝန်ခံပုဂ္ဂိုလ် ဖြစ်သည်။

ဒေါက်တာဂေါ့ဒတ် ပြောပြီးသောအခါ ပိုဝဲက ထပ်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ...အခုအချိန်ကစပြီး အားလုံး အံ့သြဝမ်းသာရမယ့် အစီအစဉ်တင်ဆက်ပါမယ် ခင်ဗျား၊ ဒီအစီအစဉ်က တခြားမဟုတ်ပါဘူး၊ လူကြီးမင်းများ အားလုံး ပျော်တပြုံးပြုံး ရှုစားကြရမယ့် ကရေဘီယံ ကချေသည်ကလေးများရဲ့ ဖြေဖျော်မှု အစီအစဉ်ပဲ ဖြစ်ပါတယ်ခင်ဗျား'

စင်မြင့်တစ်ဖက်တစ်ချက်မှ တံခါးများ ပွင့်သွားပြီး မလုံ့တလုံ ဝတ်စုံများနှင့် ကချေသည်ကလေးတစ်ဒါဇင်တို့ ထွက်ပြေးလာကြသည်။ အမျိုးသားနှစ်ယောက်သာပါပြီး ကျန်လူများမှာ ရုပ်ရည်လှပသော မိန်းကလေးများချည်း ဖြစ်သည်။ ကချေသည်များနောက်တွင်တော့ လျှပ်စစ်ဂီတာများ ပိုက်ထားသော ရှေ့တီးဝိုင်း။

တီးဝိုင်းရောက်လာသောအခါ ပိုဝဲနှင့် ဒေါက်တာဂေါ့ဒတ်တို့က ထိုင်ရာမှ ထလျက် စင်မြင့်အစွန် တစ်ဖက်တစ်ချက်တွင် သွားရပ်ကြသည်။ သူတို့ကိုကြည့်ရသည်မှာ ပရိသတ်များက ကပွဲကို ဘယ်လောက် စိတ်ဝင်စားကြသလဲဆိုတာကို အကဲခတ်နေကြသလို ထင်ရသည်။

ဂီတာသံများနှင့် ကခုန်သံများ ဖြောင်းဆန်နေကြပြီ။ သို့သော် အဒမ်ကတော့ ဂီတာသံကိုလည်း စိတ်မဝင်စား၊ အကကိုလည်း စိတ်မဝင်စား။ ကချေသည်ကလေးများ အနက်မှ အသားနီညိုညို၊ ဆံပင်နက်နက်နှင့် ထူးထူးခြားခြား လှနေသော မိန်းကလေးကိုသာ တန်းတန်းစွဲ စိုက်ကြည့်နေမိသည်။ မြင်ရသူ တကယ့်ငေးလောက်သည့် ခါးသေးရင်ချီ ပဒုမ္မာနီကလေး။

ကောင်မလေးက အဒမ့်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ သူ့ကို မျက်စပစ်ပြသွားသည်ဟု အဒမ်က ထင်လိုက်မိသည်။ သို့သော် ကဲဆိုးချင်တော့ သူ့ဗိုက်က သူ့စိတ်ဆန္ဒကို မထောက်ခံ။ ဗိုက်ထဲမှ ဂလုံဂလန်နှင့် ဆန္ဒပြလာဖြစ်သည်။

သို့ဖြင့် မတတ်သာတော့သည့်အဆုံး အားနာပါးနာဖြင့် တောင်းပန်စကားပြောကာ လူတောထဲမှ တိုးဝှေ့ရင်း ပြန်ထွက်လာခဲ့သည်။ တခြားပရိသတ် တော်တော်များများလည်း သူ့လိုပင် တစ်ယောက်ပြီးတစ်ယောက် ပြန်ထွက်လာနေကြသည်။

ဗဟိုကုန်းပတ် လက်ရန်းတန်းသို့ အချိန်မီ ရောက်နိုင်လို့ တော်ပါသေးရဲ့။ သို့မဟုတ်လျှင် သင်္ဘောပေါ်မှာပင် အန်ချမိမည် ဖြစ်သည်။

လက်ရန်းတန်းကို တင်းတင်းကိုင်ကာ သင်္ဘောဘေးသို့ အားရပါးရ အန်ချလိုက်သည်။ သူများတွေများ မြင်သွားသလားဟု ဘေးဘီကို လှည့်ကြည့်လိုက်သည်။ တော်ပါသေးရဲ့။ ကုန်းပတ်တွင် လူသူကင်းပြတ်နေသည်။ အန်ဖတ်





များ ပေသွားသလားဟု အင်္ကျီကို ငုံ့ကြည့်လိုက်သည်။ တစ်စက်မှ မပေ။ နဂိုအတိုင်း သန့်ရှင်းနေသည်။ စိတ်ချမ်းသာသွားသည်။

အတော်ကလေးကြာတော့ နေသာထိုင်သာ ရှိသွားသည်။ ရှေ့သို့ ဆက်လျှောက်လာသည်။ တားမြစ်ထားသော အခန်းရှေ့သို့ ရောက်လာသည်။ တံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့သည်။ လျှပ်စစ်မီးက ကျိုးတိုးကျဲတဲ လောက်သာရှိသည်။ ကုန်းပတ်ကိုလည်း အရောင်မှိန်မှိန် သုတ်ထားသည်။ ဦးပိုင်းအထိ လျှောက်လာသည်။ ရေထဲသို့ ငုံ့ကြည့်လိုက်သည်။ ပင်လယ်ပြင်ကြီး ပွက်ပွက်ဆူကာ လှိုင်းဂယက်တွေ လူးလိမ့် ကျော်တက်နေကြသည်။ ကောင်းကင်တွင် လရောင်မရှိ။ တလက်လက် တောက်နေသော ကြယ်ပွင့်များ တစ်မိုးလုံး ပြည့်နေသည်။

တစ်စုံတစ်ယောက်က အဒမ့်ပခုံးပေါ် လက်တင်လိုက်သည်။

'ဒီနေရာ လာခွင့်မရှိဘူး'

ထိုသူက စပိန်သံဝဲဝဲဖြင့် ပြောသည်။

'တောင်းပန်ပါတယ်ဗျာ' အဒမ်က အသံတုန်စွာဖြင့် ပြန်ပြောလိုက်သည်။ 'ဒီခရီးက ကျွန်တော့်အတွက် ပထမဆုံးအတွေ့အကြုံပါ။ မသိလို့ လျှောက်ကြည့်မိတာပါ၊ ဒါနဲ့ ဟိုသင်္ဘောမျှော်စင်ကို သွားကြည့်လို့ ရပါ့မလား'

'ခင်ဗျား ဆေးများ မူးနေသလား'

'ဟင်...ကျွန်တော်လား' အဒမ် လန့်သွားသည်။ 'ကျွန်တော် ဘာဆေးမှ မမူးပါဘူး၊ တကယ်ပြောတာပါ'

'ငြင်းမနေပါနဲ့၊ ကျွန်တော်တို့က အတွေ့အကြုံအရ ပြောတာပါ၊ ဟိုတုန်းက တချို့ခရီးသည်တွေ ဆေးသုံးစွဲကြလို့ ပြောတာပါ၊ မျှော်စင်ပေါ်မှာ ကပ္ပတိန်ရှိနေတယ်၊ သူ ခွင့်ပြုမလား ကျွန်တော် မေးကြည့်လိုက်မယ်'

သူက အဒမ့်နာမည်ကို မေးပြီးနောက် အလာတုန်းကလိုပင် ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

ခဏကြာတော့ အပေါ်မှ လှမ်းအော်သည်။

'တက်လာခဲ့ပါဗျို့၊ သင်္ဘောဘေးဘက်မှာ လှေကားရှိတယ်'

အဒမ်သည် သင်္ဘောနံရံအတိုင်း လျှောက်လာခဲ့သည်။ လှေကားအတိုင်း တက်လာခဲ့သည်။ အပေါ်ရောက်တော့ စောစောက လူသည် မျှော်စင်တံခါးကို ဖွင့်ပြီး ရပ်စောင့်နေသည်။

အခန်းထဲတွင် အနီရောင်မီးလုံး ထွန်းထားသဖြင့် အရာဝတ္ထုတိုင်း နီရဲနေသည်။ စက်မောင်းနေသောလူက အဒမ့်ကို လှည့်၍ပင် မကြည့်။ သို့သော် ဘေးတွင် ရပ်နေသူက သူ့ကိုယ်သူ မိတ်ဆက်သည်။ သူက ကပ္ပတိန် အီးရစ်နေဆင်ရှန်။ သူ့ရုပ်သွင်က အဒမ်ထက် အသက်ငယ်ပုံ ပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ဒီခရီးဟာ ဒေါက်တာရဲ့ ပထမဆုံးခရီးဆိုတာ ဂျိုးဆေပြောပြလို့ သိရပါတယ် ဒေါက်တာစမိုက်’

‘မှန်ပါတယ်၊ ပထမဆုံးခရီးပါပဲ’

အဒမ်က ပြောသာ ပြောလိုက်ရသည်။ စိတ်ထဲကတော့ မလုံ။ ဒေါက်တာစမိုက်က သည်ခရီးကို သွားဖူးသည် မဟုတ်လား။

‘ဒါနဲ့ ဒီသင်္ဘောက ဘယ်သူပိုင်ပါသလဲ’

‘ကျွန်တော်လည်း အတိအကျတော့ မသိပါဘူး’

ကပ္ပတိန် နော့စထရွန်က ပြောသည်။

‘သင်္ဘောအမှုထမ်းတွေကတော့ အမ်တီအိုင်စီ ကော်ပိုရေးရှင်းက အမှုထမ်းတွေပဲခင်ဗျ၊ သူတို့က ဒီသင်္ဘောကို ပိုင်သလား၊ ငှားသလားဆိုတာတော့ မပြောတတ်ဘူး’

‘အမ်တီအိုင်စီကော်ပိုရေးရှင်းက ဘယ်လိုနေသလဲ၊ အလုပ်သမားတွေအပေါ်မှာ ကောင်းရဲ့လား’

ကပ္ပတိန် နော့စထရွန်က ပခုံးတွန့်လိုက်ပြီး–

‘ကျွန်တော်တို့က လစာတော့ မှန်မှန် ရနေတာပဲ၊ တစ်ခုတော့ ရှိတာပေါ့လေ၊ ဒီခရီးတစ်ခုတည်းကိုပဲ ထပ်ကာထပ်ကာ သွားနေရတာကတော့ ငြီးငွေ့စရာကောင်းတာပေါ့’

‘ဒါနဲ့ သင်္ဘောအမှုထမ်းတွေအနေနဲ့ ခရီးသည်တွေကို တွေ့ဆုံပြီး စကားပြောခွင့် ရှိပါသလား’

‘လုံးဝမရှိပါဘူး၊ အမှုထမ်းနဲ့ ခရီးသည် မိတ်ဆွေမဖွဲ့ရဆိုပြီး အမ်တီအိုင်စီက အထူးစည်းကမ်း ထုတ်ထားပါတယ်၊ အခု ဒီမျှော်စင်ပေါ် တက်ခွင့်ရတာ ဒေါက်တာအနေနဲ့ ပထမဆုံးပုဂ္ဂိုလ်ပါပဲ၊ ဒါပေမဲ့ တစ်ခါတလေတော့ သိပ်ပြီးအရက်မူးနေတဲ့ခရီးသည် တစ်ယောက်တလေ လမ်းမှားပြီး ရောက်လာတာမျိုးတော့ ရှိတတ်ပါတယ်’

အဒမ်က ခေါင်းညိတ်လိုက်သည်။

‘အခုလို တက်ခွင့်ပြုတာ အများကြီး ကျေးဇူးတင်ပါတယ် ကပ္ပတိန်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ လှိုင်းမူးချင်သလိုဖြစ်လို့ အခန်းထဲ သွားလှဲနေတော့မယ်’

‘ကောင်းပါပြီ ဒေါက်တာ၊ ကဲ...ဂျိုးဆေ၊ ဒေါက်တာကို ခရီးသည်အဆောင်အထိ လိုက်ပို့လိုက်ပါဗျာ’

ဂျိုးဆေက အဒမ့်ရှေ့မှ ခပ်မြန်မြန် ထွက်လာသည်။ လှေကားမှ သွက်သွက်





လက်လက် ဆင်းသည်။ အဒမ်ကတော့ သင်္ဘောလူးနေ၍ ဖြည်းဖြည်းချင်း ဆင်းရသည်။

‘မပူပါနဲ့၊ တစ်ရက်နှစ်ရက်ဆိုရင် ခြေထောက်ငြိမ်ငြိမ်နဲ့ လမ်းလျှောက်တတ်သွားမှာပါ’

ဂျိုးဆေက ရယ်ပြီး ပြောသည်။

အဒမ်ကတော့ ဘာမှပြန်မပြောဘဲ အတွေးနှင့် လိုက်လာခဲ့သည်။

သူတို့ပဲပိုင်းသို့ လျှောက်လာရင်း သင်္ဘောနှင့် ပတ်သက်သော စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို ဂျိုးဆေက ပြောပြလာသည်။ အဒမ်က နားလည်တစ်ဝက် မလည်တစ်ဝက်နှင့် ခေါင်းညိတ်၍သာ လိုက်လာသည်။ ခရီးသည်များအဆောင်အစပ်သို့ ရောက်သောအခါ ဂျိုးဆေက ရုတ်တရက် ရပ်လိုက်သည်။ သည်တော့မှ မီးရောင်လင်းလင်းတွင် သူ့မျက်နှာကို အဒမ် ထင်ထင်ရှားရှား မြင်ရသည်။ ဂျိုးဆေ၏နှုတ်ခမ်းမွေးက တကယ် သားနားလှသည်။ တကယ် ဓိမ်ခံမယ့်လူစားပဲဟု အဒမ်က တွေးလိုက်သည်။

‘ဒါနဲ့ ဒေါက်တာစမိုက်’ ဂျိုးဆေက တုံ့ဆိုင်းဆိုင်းဖြင့် ပြောသည်။ ‘ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလားခင်ဗျာ’

‘ဘာများပါလိမ့်’

အဒမ်က မသင်္ကာစိတ်ဖြင့် ပြန်မေးလိုက်သည်။ သင်္ဘောအမှုထမ်းများနှင့် ခရီးသည်များ မရောရဟု ကပ္ပတိန်က ပြောလိုက်သည်။ သို့သော် အဒမ်ကတော့ ဘာပဲဖြစ်ဖြစ် ဂရုမစိုက်။ တစ်ဖက်က ကြည့်လျှင်လည်း သင်္ဘောအမှုထမ်းတစ်ယောက်နှင့် မိတ်ဆွေဖြစ်ရတာ အရှုံးမရှိနိုင်ဟု တွေးမိသည်။

‘တခြားမဟုတ်ပါဘူး၊ သူတို့က စတိုးဆိုင်မှာ စီးကရက်တွေ ရောင်းတယ်၊ အဲဒါကျွန်တော် ပိုက်ဆံပေးပါ့မယ်၊ ဒေါက်တာ ကျေးဇူးပြုပြီး ဝယ်ပေးပါလား’

‘ခင်ဗျား ကိုယ်တိုင် သွားဝယ်လို့ မရဘူးလား’

‘မရဘူး၊ ကျွန်တော်တို့ကို ဒီတံခါးက ကျော်ပြီး ဘယ်မှ သွားခွင့်မပြုဘူး’

အဒမ်က တွေးကြည့်သည်။ ဒီလောက် ကူညီတာနှင့်တော့ အန္တရာယ်မရှိနိုင်ပါဟု ယူဆမိသည်။

‘ခင်ဗျားက ဘယ်နှစ်ဘူးတောင် လိုချင်လို့လဲ’

‘ဒီပိုက်ဆံနဲ့ ဝယ်လို့ရသလောက် ဝယ်ပေးစေချင်ပါတယ်’

ဂျိုးဆေက အိတ်ထဲမှ ဒေါ်လာ ၅၀ တန် ငွေစက္ကူတစ်ရွက် ဆွဲထုတ်လိုက်သည်။

တကယ်တော့ ဂျိုးဆေက သူသောက်ဖို့သက်သက် ဝယ်ခြင်းမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောင်းဖို့ ဝယ်တာ ဖြစ်ရမည်။ လက်စသတ်တော့ ကိုယ့်ဆရာက သင်္ဘောပေါ်မှာ မှောင်ခိုလုပ်နေတဲ့လူကိုး။

ဘယ်လိုပဲဖြစ်ဖြစ်၊ အဒမ်က ကူညီရန် ဆုံးဖြတ်လိုက်သည်။

'ဒါဆို ပထမအနေနဲ့ ဆယ်ဒေါ်လာဖိုးလောက်ပဲ စဝယ်ကြည့်တာပေါ့ ဟုတ်လား'

'ဟုတ်ကဲ့၊ ရပါတယ်၊ ကျေးဇူးပါပဲ ဒေါက်တာ'

ဂျီဆေက ဒေါ်လာ ၅၀ တန်အစား ဆယ်ဒေါ်လာတန်ကို ပြန်ထုတ်ပေးသည်။

အဒမ်က ပိုက်ဆံကိုယူပြီး နောက်နေ့ ၁၁ နာရီတွင် ဤနေရာမှာပင် ထပ်တွေ့ရန် ချိန်းလိုက်သည်။

ထိုအချိန်တွင် လက်ဖက်ရည်သောက်ရန် ဆွေးနွေးပွဲ ခေတ္တရပ်နားမည် ဖြစ်ကြောင်း ဆွေးနွေးပွဲအစီအစဉ်အရ သူသိထားပြီး ဖြစ်သည်။

ဂျီဆေက သူ့နှုတ်ခမ်းမွေးတွေအောက်မှ သွားဖြူဖြူကြီးတွေ ပေါ်အောင် အားရပါးရ ပြုံးလိုက်သည်။

အဒမ်သည် ပင်လယ်လေကို တစ်ရှိုက်ရှူသွင်းလိုက်ပြီးနောက် နောက်ပြန်လှည့်ကာ သူ့အိပ်ခန်းဘက်သို့ ဖြည်းဖြည်းလျှောက်လာခဲ့လေသည်။

❖

## [ ၁၃ ]

ဒေါက်တာစမိုက်နာမည်ကို ခေါ်သံကြားလိုက်ရသည်။ သို့သော် အဒမ်က မကြားချင်ယောင် ဆောင်နေလိုက်သည်။ သည်နာမည်က သူနှင့် ဘာမျှမဆိုင်။ ထို့ကြောင့် သူ မလှုပ်မယှက် ငြိမ်ခံနေလိုက်သည်။

ထို့နောက် တစ်စုံတစ်ယောက်က သူ့လက်ကို ဆုပ်ညှစ်လိုက်သည်။ သူက မျက်လုံးများကို အတင်းအားယူပြီး ဖွင့်လိုက်သည်။

'ဟာ ...ငါ့ ...မျက် ...မှန် ...မရှိတော့ဘူး'

သူ့စကားတွေ ဝါးနေမှန်း သတိရကာ အံ့သြသွားမိသည်။ အိပ်ရာမှ ဖြည်းဖြည်းထလျက် ခုတင်စွန်းတွင် တင်ပါးလွှဲထိုင်ရင်း စားပွဲပေါ်တွင် မျက်မှန်ကို လိုက်စမ်းနေသည်။ လက်နှင့်တိုက်မိပြီး ကြမ်းပြင်ပေါ် မျက်မှန်ကျသွားသည်။ ကုန်းကောက်မည် လုပ်လိုက်တော့မှ သူ့နာမည် ဒေါက်တာစမိုက်ဆိုတာကို သတိရမိသည်။

ဘဏ္ဍာစိုးက သူ့ကို ရေဖန်ခွက် ကမ်းပေးသည်။

'ကျေးဇူးတင်ပါတယ်'

သူက ယောင်ဝါးဝါးဖြင့်ပင် ပြောလိုက်သည်။

ထို့နောက် ဘဏ္ဍာစိုးက ဆေးဝါးတောင့်ကလေးတစ်တောင့် ပေးပြန်သည်။ အဒမ် ခေတ္တအင်တင်တင် ဖြစ်နေပြီးတော့မှ ဆေးတောင့်ကလေးကိုယူကာ ပါးစပ်ထဲထည့်လိုက်သည်။ သို့သော် သူသည် ယမန်နေ့ကလိုပင် မျိုမချဘဲ ငုံထားသည်။ ရေတော့ နည်းနည်းသောက်လိုက်သည်။

ဘဏ္ဍာစိုးက ကျေနပ်သွားပြီး ရေဖန်ခွက်ကို ရေချိုးခန်းထဲ ပြန်ယူသွားသည်။ အဒမ်က ဆေးတောင့်ကို ပါးစပ်ထဲမှ ထွေးထုတ်လိုက်သည်။ ဘဏ္ဍာစိုး ပြန်ထွက်လာသည်။

'ဒါနဲ့ ဒီဆေးတွေက ဘာဆေးတွေလဲဗျ'

အဒမ်က မေးလိုက်သည်။

'ဒေါက်တာ နေသာထိုင်သာ ရှိသွားအောင်လို့ပါ'

ဘဏ္ဍာစိုးအသံက တစ်သံတည်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ်၊ ကျွန်တော် နေသာထိုင်သာ ရှိပါတယ်၊ လှိုင်းမူးတာ နည်းနည်းကလေးပါ၊ ဒါပေမဲ့ နေကောင်းပါတယ်၊ ကျွန်တော့်ဗိုက်ထဲ ဂလုဂလု မြည်နေတာ ပျောက်သွားအောင် ဆေးတစ်ခုခုပေးပါလား'

'ဒီဆေးဝါးလေး သောက်လိုက်ရင် ပျောက်သွားမှာပေါ့၊ ပြီးတော့ လုပ်ချင်ကိုင်ချင်စိတ်လည်း ဖြစ်လာမယ်'

'ဘာကို လုပ်ချင် ကိုင်ချင်စိတ်လဲ'

'သူတို့က ညွှန်ကြားတာကိုပေါ့'

ဘဏ္ဍာစိုး ပြန်ထွက်သွားသည်။

အဒမ်မတ်တတ် ထရပ်လိုက်သည်။ ထူးထူးခြားခြား မောပန်းနေသည်။ လှိုင်းမူးရုံကလေးနှင့် သည်အထိဖြစ်နေသည်ကို မယုံနိုင်အောင် ဖြစ်မိသည်။ ရေချိုးခန်းထဲဝင်ကာ ရေချိုးပစ်လိုက်သည်။ ပြီးတော့ အဝတ်လဲသည်။ ဘဏ္ဍာစိုး ပြောသွားတာကို နားမလည်နိုင်အောင် ဖြစ်နေတုန်း ရှိသေးသည်။

နံနက်စာစားရန် ထွက်လာရင်း အလန်ကို ဝင်ကြည့်ရန် စိတ်ကူးမိသည်။ တံခါးခေါက်မနေတော့ဘဲ လက်ကိုင်ဘုကို လှည့်ဖွင့်လိုက်သည်။

အလန်က အိပ်ရာပေါ်တွင် အခန့်သား စက်တော်ခေါ်နေတုန်း။ မျက်လုံးတွေ မှိတ်ထားသည်။ အသက်ကို ပြင်းပြင်းမှန်မှန် ရှူနေသည်။

'အလန်'

အဒမ်က ခေါ်ကြည့်လိုက်သည်။ အလန့်မျက်လုံးတွေ ဖြည်းဖြည်းကလေး ပွင့်လာသည်။ ပြီးတော့ ပြန်ပိတ်သွားကြသည်။ အဒမ်က ကိုယ်ကို ကိုင်ကာ အလန့်မျက်ခွံကို လှန်ကြည့်သည်။ မျက်ဖြူကြီးလန်ကာ ကြောင်ကြောင်ကြီး ကြည့်နေသည်။

'အလန် ထတော့လေ၊ မနက်စာ သွားစားကြရအောင်' အဒမ်က ပခုံးကို ကိုင်လှုပ်ပြီး ထူမပေးလိုက်သည်။ 'ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ အလန်'

'ဘာ...မှ...မ...ဖြစ်...ပါဘူး'

သူက လျှာလေးကြီးဖြင့် ပြောသည်။ 'နည်းနည်း မောနေတာပါ၊ ကျွန်တော် အိပ်နေပါရစေ'

သူ အိပ်ရာပေါ် ပြန်လှဲချရန် လုပ်သည်။ သို့သော် အဒမ်က ဖမ်းကိုင်ထားလိုက်သည်။

'ဒါနဲ့ ပြောစမ်းပါဦး၊ ခင်ဗျားနာမည် ဘယ်သူလဲ'

'အလန်ဂျက်ဆန်'

'ခင်ဗျား ဘယ်ရောက်နေတာလဲ'





'အေရိုလင်သင်္ဘောပေါ်မှာ'

'အဲဒီတော့ ဒီလ ဘာလလဲ သိလား'

'ဇွန်လ'

'ခင်ဗျား ညာလက်ကို မြှောက်လိုက်စမ်း'

အလန်က ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လုပ်သည်။ သူ့အဖြစ်က စက်ရုပ်နှင့် တူနေသည်။ စိတ်ငြိမ်ဆေး အလွန်အကျွံသောက်ထားသည့် လူနာနှင့် တူနေသည်။ သူ့ကိုကြည့်ပြီး အဒမ်က ဆေးတက္ကသိုလ် ဆေးကျောင်းမှ အကြောသေနေသော လူနာတစ်ယောက်ကို သွား၍ သတိရမိသည်။ ထိုလူနာသည် စိတ်ငြိမ်ဆေး အလွန်အကျွံသောက်ပြီး ဆေးရုံသို့ ရောက်လာသည်။ တစ်နေကုန် အိပ်သည်။ သူ့ကို နှိုးပြီး မေးကြည့်တော့လည်း အားလုံးကို သိနေသည်။

အလန့်ကို အိပ်ရာပေါ် ပြန်သိပ်ထားလိုက်သည်။ ခေတ္တရပ်ကြည့်နေပြီးနောက် ကိုယ့်အခန်းသို့ ပြန်လာခဲ့သည်။ ခုတင်ပေါ်မှာ လှဲအိပ်ရင်း တွေးနေမိသည်။ တွေးရင်း တွေးရင်း ကြောက်စိတ်တွေ ဝင်လာသည်။

ဇကေန္တ တော့ သူတို့က အလန့်ကို မူးယစ်ဆေးဝါးကျွေးထားတာ ဖြစ်ရမယ်။ ဒီအချက်ကို လုံးဝ သံသယဖြစ်စရာမရှိ။

စောစောက ဆေးဝါးတောင့်ကလေးဟာလည်း စိတ်ငြိမ်ဆေး တစ်မျိုးပဲ ဖြစ်မှာပဲ။

ဤတွင် အိပ်ရာထတုန်းက သူ့အဖြစ်ကို သွား၍ သတိရသည်။ သူ့ကို ဘဏ္ဍာစိုး လာနှိုးတော့ သူ့ခေါင်းထဲတွင် ရီဝေဝေ မူးနောက်နောက် ဖြစ်နေသည်။ လှိုင်းမူးသော ဝေဒနာခံစားရပြီးနောက် သူ့အခြေအနေကို သူ ကောင်းကောင်း သိသည်။ သူ့ကိုလည်း သူတို့က မူးယစ်ဆေးဝါး တိုက်ထားတာ ဖြစ်ရမည်။ သို့သော် ဘယ်လိုတိုက်ကြတာလဲ။ ဖြစ်နိုင်စရာတော့ လုံးဝမရှိ။ သူတို့ပေးသော ဆေးဝါးလေးကိုလည်း သူ မသောက်ခဲ့။ တိုကနန်း ဆိပ်ကနန်းစားခဲ့သော ညစာကိုလည်း အန်ပစ်ခဲ့ပြီ။ ဟုတ်ပြီ။ သိပြီ။ ရေပဲ ဖြစ်ရမည်။ ရေထဲတွင် ဆေးခတ်ထားတာ ဖြစ်ရမည်။

ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ဖန်ခွက်ထဲ ရေထည့်သည်။ နမ်းကြည့်သည်။ ဘာအနံ့မှ မရ။ နည်းနည်း သောက်ကြည့်သည်။ ဆေးဝါးတစ်ခုခု၏ အရသာမျိုး လျှာမှာ လာစွဲသည်။ သို့သော် ဒါက ကလိုရင်းဆေးခတ်ထားလို့လည်း ဖြစ်နိုင်သည်။ ရေခွက်ကို သွန်ပစ်လိုက်သည်။ အခန်းထဲမှ ပြန်ထွက်ပြီး စားသောက်ခန်းသို့ လာခဲ့သည်။

စားသောက်ခန်းထဲတွင် တိတ်ဆိတ် ငြိမ်သက်နေသည်။ ယမန်နေ့ညက



www.burmeseclassic.com

www.burmeseclassic.com



လို ဆူဆူညံညံ မရှိတော့။ ကိုယ်ကြိုက်တာ ကိုယ်ယူစားနိုင်ရန် အခန်းအလယ်တွင် ဟင်းလျာအမည်စုံ ပြင်ဆင်ထားသည်။ လူတွေ စိတ်ရှည်စွာဖြင့် မိမိအလှည့်ကို စောင့်ရင်း တန်းစီနေကြသည်။

ယခုအချိန်တွင် အဒမ်၏ဗိုက်က အခြေအနေကောင်းသွားပြီ။ ဆာလည်း အတော်ဆာနေပြီ။ သို့သော် သူက အစာစားရမှာကို လန့်နေသည်။ ဟင်းလျာခွဲ များကို ကြည့်လိုက်သည်။ ကြက်ဥပေါင်း၊ ဝက်သားကင်၊ ဝက်အူချောင်းနှင့် ဒိန်းမတ်သစ်သီးမုန့်များ၊ ပြီးတော့ သစ်သီးပွဲကြီး တစ်ပွဲ။

အခွံမချွတ်ရသေးသည့် အသီးအနံ့က ပို၍ အန္တရာယ်ကင်းသည်ဟု တွေး ပြီး ငှက်ပျောသီးသုံးလုံး၊ လိမ္မော်သီးနှစ်လုံးနှင့် စပျစ်သီးတစ်ခိုင်ယူကာ စားပွဲ လွတ်တစ်လုံးသို့ လာခဲ့သည်။ စားပွဲတွင် ဝင်ထိုင်ရုံရှိသေး၊ နက်နှင့် ကလျာတို့ အခန်းထဲ ဝင်လာကြသည်။ အဒမ်က လှမ်းခေါ်လိုက်သည်။ သူတို့နှစ်ယောက် အဒမ့်စားပွဲသို့ လျှောက်လာကြသည်။ စားစရာ သွားယူဦးမယ်ဟု ပြောပြီး ထွက် သွားကြသည်။

သူတို့ကို ကြည့်ရသည်မှာ လန်းလန်းဆန်းဆန်း မရှိ။ ပင်ပန်းနွမ်းနယ် နေသလို ထင်ရသည်။ မကြာမီပင် စားစရာတွေနှင့် ပြန်ရောက်လာကြသည်။

သို့သော် စားတော့လည်း တို့ကနန်း ဆိတ်ကနန်းလောက်သာ စားကြ သည်။ အဒမ် မဝေခွဲတတ်အောင် ဖြစ်မိသည်။ အစားအသောက်များနှင့် ရေထဲတွင် မူးယစ်ဆေးဝါးခတ်ထားလျှင် သူတို့နှင့် တခြားဆရာဝန်တွေရော အလန့်လို ဘာကြောင့် မဖြစ်ကြတာလဲ။ ဧကန္တတော့ ဆေးဝါးတောင့်ကလေး လက်ချက်ပဲဖြစ် မည်။ ပြီးတော့ ဒီဆေးကို ပေးတော့လည်း ဒုတိယအကြိမ် လိုက်လာသူများကို သာ ရွေးပေးတာ ဖြစ်ရမည်။ ယခုလို အလန့် မူးယစ်ထုံထိုင်းဖြစ်နေတာဟာ အဲဒီ ဆေးဝါးတောင့်ကလေးနှင့် အစာထဲမှာ တစ်ခုခုထည့်ပေးတာကြောင့်ပဲ ဖြစ်ရမည်။

'မနေ့ညက ပွဲကတော့ တကယ့်ပွဲကြီးပွဲကောင်းပဲနော်'

နက်က ရုတ်တရက် ပြောလိုက်သောကြောင့် အဒမ် အတွေးပြတ်သွား သည်။

သူက ခေါင်းညိတ်ထောက်ခံလိုက်သည်။

'ကျွန်မတော့ ခြေကုန်လက်ပန်းကို ကျသွားတာပဲရှင်' ကလျာက ပြော သည်။

'အရက်ကြောင့်တော့ မဖြစ်နိုင်ဘူး ထင်တယ်။ ကျွန်မ သောက်တာက လည်း သိပ်မများပါဘူး၊ ဒါပေမဲ့ အိပ်လိုက်တာကတော့ မပြောပါနဲ့တော့၊ ကုလား သေ ကုလားမောပါပဲရှင်'





'ကျွန်တော်လည်း အိပ်ရာထဲ လှဲလိုက်တာနဲ့ တုံးခနဲပဲဗျ၊ ဆားငန်လေ ကြောင့် ဖြစ်လိမ့်မယ်ထင်တယ်'

နက်က ပြောသည်။အဒမ်က အမှတ်မထင်မေးဟန်ဖြင့်...

'ဒါနဲ့ ခင်ဗျားတို့ကို လှိုင်းမူးပျောက်အောင်ဆိုပြီး ဆေးဝါးတောင့်ကလေး များ ပေးသေးသလား'

'ကျွန်တော်တော့ မပေးပါလား' နက်က ကော်ဖီသောက်ရင်း ကလျာ ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကျွန်မကိုလည်း မပေးပါဘူး၊ ဘာလို့ မေးတာလဲ'

ကလျာက ပြန်မေးလိုက်သည်။

'ဪ ...ကျွန်တော် နည်းနည်းအော်ဂလီဆန်ချင်သလို ဖြစ်လို့ပါ၊ အဲဒါ သူတို့က ဆေးတွေ ဘာတွေများ ပေးသလားလို့' အဒမ်က သူ့အဖော်တွေ သံသယ မဝင်အောင် လေသံပျော့ကာ ခပ်ပေါ့ပေါ့ ပြောလိုက်သည်။ ဆရာဝန်တွေကို မူးယစ်ဆေးဝါးကျွေးထားကြောင်း သူက ပြောပြလျှင်လည်း နက်နှင့် ကလျာတို့က ယုံမည်မဟုတ်။ သူ့ကိုပင် အရူးဟု ထင်ကြလိမ့်မည်။

စားသောက်ပြီးသောအခါ အဒမ်က စတိုးဆိုင်သို့ ဝင်ကြည့်သည်။ ဒရာမာ မင်ဆေးနှင့် နားဆို့ပစ္စည်းများ အသစ်ရောက်နေကြပြီ။ သို့ဖြင့် နားဆို့ပစ္စည်း သုံးလေးခု ဝယ်လိုက်သည်။ ဆိုင်ထဲက ပြန်ထွက်မည်လုပ်တော့မှ ဂျုံဆေးမှာထား တာ သတိရပြီး မာလ်ဘိုရိုစီးကရက် ဆယ်ဒေါ်လာဖိုး ထပ်ဝယ်လိုက်သည်။

အိပ်ခန်းထဲရောက်တော့ ခုတင်ဘေးမှ စားပွဲပေါ်တွင် ဆေးဝါးတောင့် ကလေးတစ်လုံးနှင့် ရေဖန်ခွက် တင်ထားသည်ကို တွေ့ရသည်။ ဆေးကိုရော ရေကိုပါ အိမ်သာထဲ သွားသွန်ပစ်လိုက်သည်။

မနက်ပိုင်းဟောပြောပွဲကို အခန်းကျယ်ကြီးထဲတွင် ပြုလုပ်သည်။ ဟော ပြောသူမှာ ကိုလံဘီယာတက္ကသိုလ်မှ ရောဂါဗေဒပါရဂူတစ်ယောက် ဖြစ်သော် လည်း ဟောပြောချက်က အသက်မပါ။ ငြီးငွေ့စရာကြီး ဖြစ်နေသည်။ အဒမ်က ပရိသတ်ကို အကဲခတ်ကြည့်လိုက်သည်။ ဆရာဝန်တွေ တော်တော်များများ ကုပ်ကျုံးပြီး အိပ်ငိုက်နေကြသည်။ ဟောပြောချက်ကြောင့်လား၊ မူးယစ်ဆေးဝါး မိနေကြလို့လားဟု အဒမ်က တွေးနေသည်၊

ဒုတိယဟောပြောသူမှာ ဟောပြောပွဲတာဝန်ခံ ဒေါက်တာဂေါ့ဒတ် ဖြစ် သည်။ သူ့ဟောပြောချက်က တော်တော် စိတ်ဝင်စားစရာကောင်းသည်။ အိပ်ငိုက် နေသော ပရိသတ်များ ခေါင်းထောင်ခါးဆန့်လာကြသည်။

ဒေါက်တာ ဂေါ့ဒတ်က မကြာမီက စမ်းသပ်မှုတစ်ရပ် ပြုလုပ်ကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် သန္ဓေသားတစ်ရှူးကို လူ့ခန္ဓာကိုယ်ထဲသို့ ထိုးသွင်းပေးသောအခါ ပြန်လည်ဖယ်ထုတ်ခြင်း မရှိကြောင်း၊ ထို့ကြောင့် သန္ဓေသားတစ်ရှူးသည် ပင်္ဂပစ္စည်းတုံ့ပြန်မှုဖြစ်ပေါ်စေသော ပင်္ဂပစ္စည်းလုံ့များကို မကြီးထွားစေနိုင် ဟု ယူဆရကြောင်း၊ ဤအတိုင်းဆိုလျှင် ဆေးဝါးကုသရေးတွင် အကြီးအကျယ် အထောက်အကူ ပြုနိုင်စရာရှိကြောင်းနှင့် ဆီးချိုရောဂါဝေဒနာရှင်များ၏ ပန်ကရိယများတွင် ဆဲလ်သစ်များ တိုးပွားရေးကို ထိရောက်စွာ ကုသနိုင်မည့် အလားအလာများ ရှိကြောင်း အကျဉ်းချုပ်၍ ဟောပြောသွားသည်။

ထို့နောက် ကော်ဖီသောက်ချိန်အတွက် ရပ်နားသဖြင့် အဒမ်သည် အိပ်ခန်းသို့ ပြန်လာပြီး မာလ်ဘိုရို စီးကရက်ဘူးများကိုယူကာ သီးသန့်ကုန်းပတ်သို့ လျှောက်လာခဲ့သည်။

သူသည် လူသူလေးပါး ရှိမရှိ သေချာအောင်ကြည့်ပြီးမှ သီးသန့်ဆောင်တံခါးဝသို့ လာခဲ့သည်။ တံခါးဝတွင် ဂျိုဆေ အသင့်စောင့်နေသည်။ ဂျိုဆေသည် အဒမ့်ထံမှ စီးကရက်ဘူးများကိုယူကာ အသင့်ပါလာသော ပတ္တူအိတ်ထဲသို့ ထည့်လိုက်သည်။ ဂျိုဆေကို ကြည့်ရသည်မှာ မူးယစ်ဆေးဝါးသုံးစွဲထားပုံ လုံးဝမပေါ်။

အဒမ်က ဂျိုဆေအား ဒေါ်လာတစ်ဆယ်တန် ငွေစက္ကူကို ပြန်ပေးလိုက်သည်။ ဂျိုဆေက လက်ထဲမှ ငွေစက္ကူကို ကြည့်ရင်း ဇဝေဇဝါ ဖြစ်နေသည်။

'ခင်ဗျား ငြင်းလို့မရအောင် ကျွန်တော်က အစီအစဉ်တစ်ခု လုပ်တာပါ' အဒမ်က ပြောသည်။ 'အခု ကျွန်တော်က ကျွန်တော့်ပိုက်ဆံနဲ့ ခင်ဗျားအတွက် စီးကရက်ဝယ်ပေးတယ်၊ အဲဒီတော့ ခင်ဗျားက ကျွန်တော့်ကို အစားအသောက်နဲ့ရေတော့ ရအောင်လုပ်ပေးပါ'

'ဟာ ...ဒါဆို ကျွန်တော့်အတွက် သိပ်အဆင်ပြေတာပေါ့၊ ကျွန်တော့်ကို ဒေါက်တာ ဘယ်အချိန် ပြန်တွေ့နိုင်မှာလဲ'

'ညနေလေးနာရီတိတိမှာ တွေ့မယ်၊ ဒါပေမဲ့ ကျွန်တော့်ကို လောလောဆယ် စားစရာတစ်ခုခုတော့ ပေးစေချင်တယ်'

ဂျိုဆေက နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက်–

'ဒါဆို ...လာ လိုက်ခဲ့'

သူတို့သည် ခန်းဆီးနံရံ တံခါးပေါက်သို့ လျှောက်လာခဲ့ကြသည်။ ဂျိုဆေက တံခါးကို ဖွင့်သည်။ သူတို့နှစ်ယောက်မှတစ်ပါး မည်သူမျှမရှိကြောင်း သေချာသောအခါ ဂျိုဆေက အဒမ်အား သဘောဝမ်းခေါင်းထဲမှ သူ့အခန်းထဲသို့ ခေါ်သွင်းလာခဲ့သည်။ သူ့အခန်းက အချုပ်ခန်းနှင့် တူနေသည်။ ရေချိုးခန်းနှင့် အိမ်သာ တွဲထားသည်။ သို့သော် တံခါးမရှိ။ အခန်းထဲတွင် ချွေးနံ့နှင့် စီးကရက်နံ့များဖြင့် မွန်ထူနေသည်။





'ကဲ၊ စိတ်ချမ်းသာသလို နေပါ ဒေါက်တာ'

ဂျိုဆေက သူ့စကားနှင့်သူ ရယ်လိုက်ပြီး အပြင်သို့ ပြန်ထွက်သွားသည်။

ငါးမိနစ်လောက်ကြာတော့မှ စက္ကူအိတ်ကြီးတစ်အိတ် ပိုက်ပြီး ဂျိုဆေ ပြန်ဝင်လာသည်။ စက္ကူအိတ်ကို အဒမ်အား ကမ်းပေးသည်။ အဒမ်က ယူပြီး ဖွင့်ကြည့်လိုက်သည်။

ပေါင်မုန့်၊ ဒိန်ခဲ၊ သစ်သီးများနှင့် သစ်သီးရည်ဘူးများ။

အဒမ်က အခန်းထောင့်မှ ရေအိုးကို လက်ညှိုးထိုးပြပြီး–

'ရေအိုးမှာလည်း ရေတစ်စက်မှ မရှိဘူး၊ ရေဖြည့်ထားပါလား၊ ဒါနဲ့ ခင်ဗျားတို့ အမှုထမ်းတွေ သောက်တဲ့ရေက တခြားလူတွေသောက်တဲ့ရေနဲ့ အတူတူပဲလားဗျ'

'အဲဒါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော်က အင်ဂျင်နီယာမှ မဟုတ်တာ'

သူက တံခါးဖွင့်၍ အပြင်သို့ ချောင်းကြည့်ရင်း 'ကျွန်တော်တို့ သတိထားမှ ဖြစ်မယ်၊ တခြားလူတွေမြင်သွားရင် မကောင်းဘူး၊ ကျွန်တော်တို့ အခုလို စီးပွားရေးလုပ်နေတာ သူတို့ကျေနပ်မှာ မဟုတ်ဘူး'

အဒမ်က အခြေအနေကို သဘောပေါက်သဖြင့် ဂျိုဆေ့အခန်းထဲမှ ပြန်ထွက်ပြီး သူ့အိပ်ခန်းသို့ မှန်းလျှိုးကွယ်လျှိုး ပြန်လာခဲ့သည်။

အိပ်ခန်းထဲသို့ ရောက်သောအခါ အဝတ်သေတ္တာကိုဖွင့်ပြီး စားစရာတွေကို ထည့်သည်။ သစ်သီးရည်နှစ်ဘူးကိုတော့ အဝတ်ဗီရိုထဲတွင် ထည့်ကာ အင်္ကျီနှင့် ဖုံးထားလိုက်သည်။

ထို့နောက် နာရီကို ကြည့်လိုက်သည်။

တတိယဟောပြောချက်အတွက် နောက်ကျနေပြီဖြစ်၍ အခန်းထဲမှ ကမန်းကတန်း ထွက်လာခဲ့သည်။

*

ဂျင်နီဖာသည် ဂျူလီယံဆေးရုံမှ စမ်းသပ်စားပွဲတွင် ပက်လက်လှဲ အိပ်လျက်ရှိသည်။ စိတ်လှုပ်ရှားခြင်းမရှိဘဲ တည်ငြိမ်နေသဖြင့် သူ့ကိုယ်သူပင် အံ့သြနေမိသည်။

သူ့အနေဖြင့် သန္ဓေသားပဇ္ဇ စစ်ဆေးခြင်းကို ပြန်လုပ်သင့် မသင့် အတော်ကလေး စဉ်းစားဆုံးဖြတ်ခဲ့ရသည်။ ပြန်လည်စစ်ဆေးခံရန် ဆုံးဖြတ်ပြီးသောအခါ ဒေါက်တာဗန်ဒါမား၏ ချိန်းဆိုချက်အတိုင်း ဆေးရုံသို့ သားအမိနှစ်ယောက် အစောကြီး ထွက်လာခဲ့ကြသည်။ ကြာကြာမစောင့်ရဘဲ ဒေါက်တာနှင့် တွေ့ခွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဗန်ဒါမားမှာ ခါတိုင်းလိုမဟုတ်ဘဲ မျက်နှာညှိုးကာ နွမ်းနယ်နေပုံ ပေါက်နေသည်။ သန္ဓေသားစစ်ဆေးမှု ရောနှောမှားယွင်းခြင်းအတွက် စိတ်မချမ်းသာ ဖြစ်နေပုံရသည်ဟု ဂျင်နီဖာက တွေးမိသည်။

ဒေါက်တာဗန်ဒါမား၏မျက်နှာမှာ ရောင်နေသလို ထင်နေသည်။ စကားပြောတော့လည်း လျှာလေးလေးနှင့် ပြတ်တောင်းပြတ်တောင်း ဖြစ်နေသည်။ သို့သော် သူ့အလုပ်ကိုတော့ ပထမအကြိမ်ကထက်ပင် ညင်ညင်သာသာနှင့် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နေသည်။ အပ်စိုက်လိုက်တော့ ဂျင်နီဖာ၏ဗိုက်ထဲမှ ကလေးငယ်က ရုန်းကန်လှုပ်ရှားသည်။ ဂျင်နီဖာက ကြောက်နေသည်။ သို့သော် ဘာမှစိုးရိမ်စရာမရှိကြောင်း ဒေါက်တာက ပြောသည်။

ကိစ္စပြီးသွားသောအခါ ဂျင်နီဖာသည် စမ်းသပ်စားပွဲပေါ်တွင် ထထိုင်လိုက်သည်။

'စစ်ဆေးချက်ကို အဖြေအမည်း အတိအကျသိရရင်တော့ ကျွန်မကို အမြန်ဆုံး အသိပေးစေချင်ပါတယ် ဒေါက်တာ'

'ဒီအတွက်တော့ စိတ်ချပါ၊ ဒီကိစ္စကို ကျုပ်ကိုယ်တိုင် ဓာတ်ခွဲခန်းထဲဝင်ပြီး စေ့စေ့စပ်စပ် လုပ်မှာပါ၊ ဘာမှမစိုးရိမ်ပါနဲ့၊ စိတ်အေးအေးထားပါ'

'ဟုတ်ကဲ့၊ ဒေါက်တာပြောတဲ့အတိုင်းဖြစ်အောင် ကျွန်မ ကြိုးစားပါ့မယ် ဒေါက်တာ'

ဒေါက်တာဗန်ဒါမားက သူ့အား ဂရုတစိုက် ရှိခြင်းအတွက် ဂျင်နီဖာက အလွန်ကျေးဇူးတင်မိသည်။ သို့သော် ဤကိစ္စကို ဒေါက်တာက အလွန်အမင်း အရေးတယူ လုပ်ကိုင်နေခြင်းကိုတော့ ဂျင်နီဖာက သိပ်ပြီး သဘောမကျချင်။ ဒေါက်တာက အရေးကြီးသည့်ကိစ္စအဖြစ် ဂရုစိုက်လေလေ၊ ဂျင်နီဖာမှာ ရင်တဖိုဖို ဖြစ်ရလေလေပင်။

*

အဒမ်သည် နေ့လယ်စာစားရန် သွားရင်းမှ သတိရသဖြင့် စီးကရက် ဆယ်ဒေါ်လာဖိုး ဝင်ဝယ်သည်။ စီးကရက်ထုပ်ကို ပြန်ထားရန် အိပ်ခန်းသို့ ပြန်လာခဲ့သည်။ အလန်၏အိပ်ခန်းရှေ့ရောက်တော့ ဝင်ကြည့်ရန် စိတ်ကူးမိသည်။

အခန်းတံခါးကို သော့ခတ်မထား၊ စေ့ရုံသာ စေ့ထားသည်။ တံခါးရွက်ကို တွန်းဖွင့်ကာ အခန်းထဲဝင်လာသည်။

အခန်းထဲတွင် အလန်မရှိ။ ရေချိုးခန်းထဲများ လဲကျနေသလားဟု တွေးပြီး ရေချိုးခန်းထဲ ဝင်ကြည့်ပြန်သည်။ ရေချိုးခန်းထဲမှာလည်း မရှိ။ အဒမ် နံနက်စာသွားမစားခင်က မြင်ခဲ့ရသည့်အတိုင်းဆိုလျှင် အလန်သည် အပြင်ထွက်ပြီး လမ်း





လျှောက်သွားနိုင်မည့် အခြေအနေမှာ မရှိ။ သို့သော် နောက်ပိုင်း နေကောင်းသွားတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ နေကောင်းသွားတာပဲ ဖြစ်ပါစေဟု အဒမ်က ဆုတောင်းမိသည်။ သို့သော် သံသယစိတ်က ပျောက်မသွား။ အလန့်ကို အပြင်ခေါ်ထုတ်သွားတာလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု တွေးမိပြန်သည်။ ယင်းသို့ တွေးမိသောအခါ စိုးရိမ်စိတ်က ပို၍ကြီးထွားလာသည်။ သို့ဖြင့် အလန့်ကို တွေ့အောင်ဖြစ်တဲ့နည်းနဲ့ ရှာရမည်ဟု ဆုံးဖြတ်လိုက်သည်။

ပထမဆုံး စားသောက်ခန်းထဲ သွားရှာသည်။ အလန်မရှိ။ ထို့နောက် နေဆာလှုံကုန်းပတ်သို့ လာခဲ့သည်။ အချို့ပွဲများခင်းပြီး စားသောက်နေကြသည်။ သို့သော် အများစုမှာ ကုလားထိုင်တွင် ခြေကားလက်ကားထိုင်ရင်း ငိုက်မျဉ်းနေကြသည်။ သည်မှာလည်း အလန့်ကို မတွေ့။

လူတစ်ယောက်မှမရှိသော ဆွေးနွေးခန်းများကို ဖြတ်လျှောက်လာခဲ့သည်။ အားကစားခန်းနှင့် ဆရာဝန်ရုံးခန်းရှေ့သို့ ရောက်လာသည်။ တံခါးဝတွင် "အရေးပေါ်ကိစ္စရှိလျှင် ဘဲလ်တီးခေါ်ပါ"ဟု ဆိုင်းဘုတ်ချိတ်ထားသည်။

အဒမ်၏စိုးရိမ်မှု ပိုကြီးလာသည်။ လူလည်း ပျာယာခတ်ကာ ဂနာမငြိမ် ဖြစ်နေသည်။ စိတ်ကို ငြိမ်ငြိမ်ထိန်းထားရမည်။ သို့မဟုတ်လျှင် သူများတွေ မြင်သွားပြီး သူ့ကို သံသယဝင်လာနိုင်သည်။ စားသောက်ခန်းသို့ ပြန်လာခဲ့သည်။ သူတော့ စားချင်စိတ် လုံးဝမရှိ။ သို့သော် အခြားလူတွေ စားနေတာကို အကဲခတ်ကြည့်မည်။

စားပွဲတွင် ဝင်ထိုင်လိုက်လျှင်ပင် သူ့လက်ယာဘက်မှ မိန်းကလေးကို မြင်မိသည်။ ထိုမိန်းကလေးမှာ ယမန်နေ့ညက အဒမ်အား မျက်စပစ်ပြခဲ့သော ကချေသည်မကလေး ဖြစ်သည်။ သာမန်ဝတ်စုံကိုပင် ဝတ်ထားသောကြောင့် အခြားခရီးသည်များနှင့် ထူးမခြားနား ဖြစ်နေသည်။

တစ်ခန်းလုံး မသိမသာ ဝေ့ကြည့်လိုက်သောအခါ တခြားစားပွဲများတွင်လည်း ကချေသည်မကလေးများ ကြိုကြားကြိုကြား ထိုင်နေကြသည်ကို တွေ့ရသည်။

တစ်စုံတစ်ယောက်က အဒမ့်လက်ကို လာပုတ်သဖြင့် လှည့်ကြည့်လိုက်ရာ စောစောက ကချေသည်မလေး ဖြစ်နေသည်။

'ကျွန်မနာမည် ဟီသာလို့ ခေါ်ပါတယ်'

သူ့လေသံက သင်္ဘောတစ်စင်းလုံးပေါ်မှ တခြားလူတွေအားလုံး၏ လေသံအတိုင်းပင်။

တခြားလူတွေအားလုံး အစားအသောက်ကိုသာမဲပြီး စားသောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဒမ့်ရှေ့သို့ အစားအသောက်များ ရောက်လာသည်။ သို့သော် အဒမ်သည် တို့ကနန်း ဆိတ်ကနန်းလုပ်ကာ စားယောင်ဆောင်နေသည်။ ကချေသည်မကလေး က အဒမ့်ကိုသာ ခဏခဏ လှည့်လှည့်ကြည့်နေသည်။ အဒမ်က ပြုံးစစနှင့် ခေါင်းတညိတ်ညိတ် လုပ်ပြနေသည်။

နောက်ဆုံး ကချေသည်မကလေးက မေးသည်။

'ဒေါက်တာက ဘာမှလည်း မစားပါလား'

အဒမ်က ဟင်းဖတ်များကို ခက်ရင်းနှင့် ထိုးလိုက်၊ ဓားနှင့် လှီးလိုက် လုပ်နေရာမှ–

'ကျွန်တော် နည်းနည်း လှိုင်းမူးချင်သလို ဖြစ်နေလို့ပါ'

'အဲဒါဆို အစာစားမှ သက်သာမှာပေါ့၊ ဗိုက်ထဲမှာ အစာမရှိရင် ပိုဆိုးတယ် တော်တော်တော့ ထူးဆန်းတာပဲ'

'ဩော်၊ ဟုတ်လား' အဒမ်က ဘာပြန်ပြောရမှန်းမသိ၍ ရံရာကောက် ပြောလိုက်သည်။ ပြီးတော့မှ ရုတ်တရက်သတိရကာ 'နို့ မင်းလည်း သိပ်မစား ပါလား'

ဟီသာက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး–

'အဲဒါ ကျွန်မတို့ ကချေသည်တွေအတွက် အရေးအကြီးဆုံးပေါ့၊ ကျွန်မက ဝလာမှာကြောက်လို့ အစာလျှော့စားနေရတာ'

အဒမ်က ခေါင်းညိတ်လိုက်သည်။ ကချေသည်တွေ ဝလာမှာ အလွန် ကြောက်ကြောင်း ဂျင်နီဖာ ပြောဖူးသည်ကို သတိရမိသည်။

'ဒါနဲ့ ဒီည ဒေါက်တာ့အခန်းကို ကျွန်မ လာလည်လို့ရမလား၊ အပျင်းပြေ စကားစမြည် ပြောရတာပေါ့'

ဟီသာက အရေးမကြီးသလို ခပ်ပေါ့ပေါ့ အမူအရာဖြင့် ပြောသည်။

အဒမ်သည် ချောင်းတစ်ချက်ဆိုးကာ ဘေးဘီသို့ စောင်းငဲ့ကြည့်လိုက် သည်။ တခြားပုဂ္ဂိုလ်များသည် ငိုက်ငိုက်မျဉ်းမျဉ်းနှင့်ပင် ဆက်လက် စားသောက် နေကြသည်။

အဒမ်က ဟီသာ့ဘက်သို့ ပြန်လှည့်ကြည့်သည်။ သူ့အသံက ထူးဆန်းနေ သော်လည်း မူးယစ်ဆေးဝါး သုံးစွဲထားပုံတော့ မရ။ ဖြစ်ချင်ရာဖြစ် ကြိတ်လိုက် ပေါ့ဟု ဆုံးဖြတ်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ်၊ အရှုံးတော့မရှိနိုင်။ ဤခရီးနှင့် ပတ်သက်၍ သူသိလိုသော အချက်အလက်များကို ဟီသာ့ထံမှ နှိုက်ယူနိုင်စရာ ရှိသည်။

'ဒါဆို မင်းတာဝန်ပြီးရင် လာခဲ့ပါလား'





အဒမ်က လေသံဖြင့် ပြောလိုက်သည်။

'စိတ်ချ၊ ကျွန်မ ၁၁ နာရီမှာ လာခဲ့မယ်'

ဟီသာက စိတ်အားထက်သန်စွာ ပြန်ပြောသည်။

အဒမ့် မျက်နှာတွင် ရှက်သွေးဖြာသွားသည်။ တခြားလူတွေ မရိပ်မိ၍ တော်ပါသေးသည်။ သူက ရှက်ပြုံးပြုံးပြီး ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။ အဒမ်သည် သူ့အိပ်ခန်းသို့ ပြန်ရောက်သောအခါ ဂျိုဆေပေးထားသော ပေါင်မုန့် နှင့် ဒိန်ခဲကို ထုတ်ယူပြီး ပလုတ်ပလောင်း စားပစ်လိုက်သည်။

နေ့လယ်ပိုင်း ဟောပြောပွဲတွင် လူမရှိသော ကုလားထိုင်တွေ တော်တော် များနေသည်ကို တွေ့ရသည်။ အလန်ကို ရှာကြည့်တော့လည်း မတွေ့။ နောက်ပိုင်း ဆက်နှင့်ကလျာတို့ကို တွေ့ရပြန်တော့လည်း သူတို့လည်း စကားသိပ်မပြော။ ပြုံးရုံသာ ပြုံးနေကြသည်။ သူတို့ ဒီပုံစံဖြစ်နေတာ မူးယစ်ဆေး တော်သင့်ရုံကလေး ကျွေးထားလို့ ဖြစ်ရမယ်ဟု အဒမ်က တွေးလိုက်သည်။

သည်လိုနှင့် တတိယဟောပြောချက် စတင်သောအခါ ပရိသတ်တော် တော်များများမှာ ကုလားထိုင်ပေါ်တွင်ပင် အိပ်ပျော်နေကြလေပြီ။ ဟောပြောချက် ကို စိတ်မဝင်စားကြလို့ ဖြစ်ပါလိမ့်မည်ဟု အဒမ်က တွေးလိုက်ပြန်သည်။

လေးနာရီထိုးတော့ သူပြန်ထွက်လာပြီး ဂျိုဆေနှင့် တွေ့ရန်လာခဲ့သည်။ အလန် ဘယ်ရောက်နေသည်ကို ဂျိုဆေ သိချင် သိနိုင်သည်။

'ကျွန်တော် ခင်ဗျားနဲ့ စကားနည်းနည်း ပြောချင်တယ်'

ကန့်သတ်တံခါးဝမှ ရပ်စောင့်နေသော ဂျိုဆေအား အဒမ်က ပြောလိုက် သည်။

'ဘာကိစ္စလဲ'

'အထွေအထူး မဟုတ်ပါဘူး၊ မေးချင်တာလေး နည်းနည်းရှိလို့ပါ'

နှစ်ယောက်သား ဂျိုဆေ့အခန်းထဲသို့ ဝင်လာကြသည်။ ဂျိုဆေက တံခါး ကို ပြန်ပိတ်လိုက်သည်။ ထို့နောက် မတ်ရပ်ကြောင်အိမ်ကလေးထဲမှ ရမ်ပုလင်းနှင့် ဖန်ခွက်နှစ်လုံး ထုတ်ယူလိုက်သည်။ အဒမ်က ငြင်းသည်။ သို့သော် ဂျိုဆေက ဖန်ခွက် နှစ်ခွက်စလုံးထဲသို့ အရက်ငှဲ့ထည့်လိုက်သည်။

'ပြောပါ၊ ဘာကိစ္စ သိချင်တာလဲ'

'ခင်ဗျား ဒီသင်္ဘောမှာ နေရာအနှံ့ ရောက်ဖူးသလား'

ဂျိုဆေက အရက်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

'ဟင့်အင်း' ပါးစပ်ကို လက်ခုံနှင့် သုတ်လိုက်ပြီးတော့မှ 'နေရာတိုင်းတော့ မရောက်ဖူးဘူး၊ အဲဒီအကြိုပြုနဲ့ ငနဲတွေ အိပ်တဲ့နေရာတွေကို တစ်ခါမှ မသွားဖူး သေးဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က သင်္ဘောသားတွေနဲ့ ခရီးသည်တွေအားလုံး အတူတူ ရောနေ ကြတာလို့ ထင်နေခဲ့တာ'

'အိုး၊ ဘယ်ကလာ ရောနေရမှာလဲဗျာ၊ ကျွန်တော်တို့က အဲဒီငတိတွေ နားတောင် ကပ်ခွင့်ရတာ မဟုတ်ဘူး၊ သူတို့က ကုန်းပတ်စီမှာ သီးသန့်နေကြ ရတာ'

'ကုန်းပတ်စီက ဘယ်မှာလဲ။ ကျွန်တော်က အေနဲ့ဘီနှစ်ခုပဲ ရှိတယ် ထင်တာ'

ဂျိုဆေက ဒုတိယဖန်ခွက်ကို ကောက်ယူပြီး –

'ချလိုက်လေ တစ်ခွက်လောက်'

အဒမ်က ခေါင်းခါလိုက်သည်။

'ဘဏ္ဍာစိုးတွေရဲ့အခန်းကို သွားတဲ့လှေကားက ခရီးသည်တွေ စား သောက်ခန်းမှာ ရှိတယ်' ဂျိုဆေက ပြောသည်။ 'သင်္ဘောဆိုက်ထားတဲ့နေ့မှာ ဗိုက်ထဲဆာဆာရှိတာနဲ့ စားစရာတစ်ခုခုရှာရင်း ကျွန်တော် အဲဒီအခန်းထဲ ရောက် သွားတာ။ ကံဆိုးချင်တော့ ကျွန်တော့်ကို သူတို့ဖမ်းမိပါလေရော။ ကံကောင်းလို့ အလုပ်မပြုတ်တာ၊ ဒါနဲ့ ဒေါက်တာက ဒီလိုလူတွေအကြောင်း ဘာသိချင်လို့လဲ'

'ကျွန်တော် မေးရတာက တခြားကြောင့် မဟုတ်ဘူး။ ကျွန်တော်နဲ့ အခန်း ချင်းကပ်နေတဲ့ ခရီးသည်တစ်ယောက် ပျောက်နေလို့။ အစက သူနေမကောင်းလို့ အခန်းထဲမှာပဲ နေနေတယ်။ အဲဒါ ခုတော့ သူ့ကို အခန်းထဲမှာ မတွေ့ရတော့ဘူး'

'ဒါဆို ဆေးရုံခန်းမှာ သွားမကြည့်ဘူးလား။ ဒီသင်္ဘောမှာ ဆေးရုံခန်းပါ တယ်လို့ သင်္ဘောသားတစ်ယောက် ပြောဖူးတယ်။ တကယ့်ဆေးရုံကြီးလိုပဲ ပစ္စည်း ကိရိယာတွေ အပြည့်ရှိတယ်ဆိုပဲ'

'အဲဒါက ဘယ်မှာလဲ'

'ကုန်းပတ်ဘီမှာ။ ဆရာဝန်ရုံးခန်း နောက်ဘက်မှာ'

အဒမ်က ဂျိုဆေ စက္ကူနှင့်ထုပ်ထားသော အစားအစာထုပ်ကို ကောက်ယူ လိုက်သည်။ အလန်သည် ဂျိုဆေပြောသော ဆေးရုံခန်းတွင် အမှန်ရှိနိုင်သည်။

'ဒါနဲ့ကျွန်တော့်အတွက် စီးကရက်ကလေးလည်း ထပ်လုပ်ပေးပါဦး'

'စိတ်ချ၊ မနက်ဖြန်မနက် ရမယ်။ အချိန်မှန်အတိုင်းပေါ့'

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ခန်းမဆောင်ထဲမှာ လူတွေ ဘာတွေ ရှိသလား။ ကျွန်တော် သွားကြည့်လိုက်ဦးမယ်'

သူက အရက်ခွက်ပြန်ချပြီး တံခါးကို ဖွင့်မည်လုပ်သည်။

'ခဏနေပါဦး၊ တစ်ခုလောက် မေးပါရစေဦး၊ ဒီသင်္ဘောပေါ်မှာ ပါလာတဲ့ ကချေသည် ကောင်မလေးတွေအကြောင်း ခင်ဗျား ဘာများသိသလဲ'





ဂျိုဆေက အားရပါးရ ပြုံးလိုက်ပြီး–

'အမလေး... ကျွန်တော်က သူတို့အကြောင်းသိလည်း မသိချင်ပါဘူးဗျာ'

'ဘာလဲ၊ သူတို့က မကောင်းတဲ့မိန်းမတွေမို့လား'

ဟီသာနှင့် ရင်မဆိုင်ခင် အတိအကျသိထားမှ ဖြစ်မည်။

ဂျိုဆေက ရယ်ပြီး ခေါင်းခါလိုက်သည်။

'သူတို့က အဲဒီလိုအစားတွေ မဟုတ်ပါဘူး၊ ကောလိပ်ကျောင်းသူကလေး တွေပါ၊ ကျောင်းစရိတ်အတွက် အချိန်ပိုင်း ပိုက်ဆံရှာနေကြတာပါ'

'ခင်ဗျား သူတို့နဲ့ ဆုံဖူးသလား'

'အမယ်လေး၊ သိပ်ဆုံးဖူးချင်တာပေါ့ဗျာ၊ ဒါပေမဲ့ သူတို့က ကျွန်တော် တို့လို သင်္ဘောသားငတုံးတွေနဲ့ လုံးဝမရောဘူးဗျ၊ မရောဘူးသာဆိုတယ် တစ်ကြိမ် တော့ ကျွန်တော် ဆုံဖူးတယ်ဗျ၊ ပြူတိုရီကိုမှာပေါ့၊ တစ်နှစ်လောက်တော့ ရှိပါပြီ၊ ကောင်မလေးက ပင်လယ်ကမ်းခြေမှာ ရေချိုးနေတာ၊ ကျွန်တော်က သူ့ကို စည်းရုံး ကြည့်တယ်၊ သူက ကျွန်တော့်ကို လုံးဝ စိတ်မဝင်စားဘူး၊ ကျွန်တော်ကလည်း တော်တော် အရက်မူးနေတာကလား၊ ဒါနဲ့ ကျွန်တော်က သူ့လက် အတင်းဆွဲပါ လေရော၊ အဲဒီမှာ ကောင်မလေးက အတင်းရုန်းထွက်တော့၊ လား... လား...သူ့ ခေါင်းက ဆံပင်တုကြီး ကျွတ်ကျပါလေရော၊ သူ့ခေါင်းမှာက ဆံပင်တစ်မွေးမှမရှိ ဘူးဗျ၊ ပြီးတော့ နားသယ်နှစ်ဖက်စလုံးမှာလည်း အမာရွတ်ဝိုင်းဝိုင်းကြီးတွေနဲ့ဗျ'

'အဲဒီတော့ သူ ဘယ်လို ဖြစ်သွားသလဲ'

'အဲဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်သိတာကတော့ သူက ကျွန်တော့်ကို ဒူးခေါင်းနဲ့ ပစ်ကန်လိုက်တယ်၊ ဒါနဲ့ ကျွန်တော်လည်း သောင်ပြင် ပေါ်မှာ ပက်လက်လန် ကျန်ရစ်တော့တာပါပဲ၊ ဟား... ဟား... ဟား'

*

'ကလင် ...ကလင်'

ဒေါက်တာဗန်ဒါမား ဆက်တာဖြစ်မည်ဟု ဂျင်နီဖာ တွေးလိုက်သည်။ မိခင်ကြီး လက်ခံစကားပြောသံကြားရသည်။ ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။ လှေကားမှ ဆင်းလာခဲ့သည်။ မီးဖိုခန်းထဲရောက်တော့ မိခင်ကြီးက တယ်လီဖုန်းကို ကမ်းပေးသည်။

'ဟဲလို ...ဒေါက်တာ'

အသံကို ထိန်းပြီး ခေါ်လိုက်သည်။

'ဟဲလို ...ဂျင်နီဖာ' ဒေါက်တာ ဗန်ဒါမား ပြန်ခေါ်သည်။ တော်တော် ကြာကြာရပ်နေပြီးတော့မှ ဆက်ပြောသည်။ 'သတင်းကောင်းတော့ မဟုတ်ဘူး ဂျင်နီဖာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း မျှော်လင့်ထားပြီးသားပါ ဒေါက်တာ'

ဒေါက်တာဇန်ဒါမားသည် ပြောမည့်စကားလုံးကို ရွေးနေကြောင်း ဂျင်နီဖာ စိတ်မှန်းဖြင့် သိနေသည်။

'သန္ဓေသားစစ်ဆေးတာက ပိုးစစ်တစ် ဖြစ်နေတယ် ဂျင်နီဖာ၊ ဒီတစ်ကြိမ်မှာ ရေမြွှာရည်စစ်တာကို ကျုပ်ကိုင်တိုင် ကြီးကြပ်ပြီး လုပ်တာ၊ ဘယ်လိုမှ အမှားမရှိနိုင်ဘူး၊ ပထမတုန်းက အတိုင်းပဲ၊ အရေးကြီးတဲ့ အင်္ဂါချို့တဲ့မှုအသွင်ကို တွေ့ရတာပဲ၊ အမှန်က သန္ဓေသားနမူနာတွေဟာ ရောထွေး လွဲမှားတာမျိုး ဘယ်တော့မှ မရှိခဲ့ပါဘူး၊ အခု မင်းရဲ့သန္ဓေသား လိင်အင်္ဂါဟာ ပုံမှန်သဘာဝ အနေအထားထက် ဆိုးဆိုးရွားရွား ကြီးထွားနေတာ တွေ့ရတယ်'

'အို ...ဘုရား၊ ဘုရား၊ အဖြစ်ဆိုးလှချည်လား ဒေါက်တာရယ်'

'ဟုတ်တယ်၊ အဖြစ်ကတော့ အဲဒီအတိုင်းပဲ ဂျင်နီဖာ၊ အဲဒီတော့ ကျုပ်တို့ တစ်ခုခု အမြန်ဆုံး လုပ်ရလိမ့်မယ်၊ ကျုပ် အကြံပေးချင်တာကတော့ မြန်နိုင်လေ ကောင်းလေပဲ'

'ကောင်းပါတယ် ဒေါက်တာ၊ ကျွန်မလည်း ဆုံးဖြတ်ထားပြီးပါပြီ၊ ကျွန်မ ကိုယ်ဝန်ဖျက်ချမယ် ဒေါက်တာ၊ အမြန်ဆုံးသာ လုပ်ပါတော့ ဒေါက်တာ'

'ဒါဖြင့်ရင်လည်း မနက်ဖြန်လောက်ဖြစ်နိုင်အောင် ကျုပ် ကြည့်ပြီး စီစဉ်လိုက်မယ် ဟုတ်လား'

'ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ'

ဂျင်နီဖာ တယ်လီဖုန်း ပြန်ချလိုက်သည်။

မစ္စက်ကာဆွန်က သမီးဖြစ်သူ၏ ပခုံးကို လာဖက်ပြီး-

'သမီး ဘယ်လိုခံစားရမယ်ဆိုတာ မေမေ ကိုယ်ချင်းစာမိပါတယ်၊ သမီး ရယ်၊ ဒါပေမဲ့ သမီးလုပ်တာ မှန်တယ်ဆိုတာကိုလည်း မေမေသဘောပေါက်ပါတယ်'

'ဟုတ်တော့ ဟုတ်ပါတယ် မေမေ၊ ဒါပေမဲ့ အဒမ့်ကို ကျွန်မ တိုင်ပင်ချင်သေးတယ် မေမေ'

မစ္စက်ကာဆွန်က စိတ်ဆိုးစွာဖြင့် နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။

ဂျင်နီဖာက ဆက်ပြောသည်။

'ဟုတ်တယ် မေမေ၊ သူ့ကို အသိပေးပြီးမှ လုပ်သင့်ပါတယ်၊ သူဟာ ကျွန်မရဲ့ တရားဝင်ခင်ပွန်းဖြစ်နေတုန်းပါ၊ ဒါကြောင့် သူ့ကို အသိမပေးဘဲနဲ့ ကျွန်မ မလုပ်ချင်ဘူး'

မစ္စက်ကာဆွန်က လေသံပျော့သွားပြီး-





'ဒါဆိုရင်လည်း သမီးသဘော၊ သမီးသဘော ကောင်းတယ်ထင်တာသာ လုပ်တော့'

မစ္စက်ကာဆွန် မီးဖိုခန်းထဲမှထွက်ပြီး အပေါ်ထပ်တက်သွားသည်။ တခြား တယ်လီဖုန်းမှနေပြီး သူ့ယောကျ်ားထံ ဖုန်းဆက်ပြောရန် သွားတာ ဖြစ်မည်။

ဂျင်နီဖာက အဒမ် ရောက်လိုရောက်ငြား‌ဖြင့် တိုက်ခန်းသို့ ကောက်ပြီး ဖုန်းဆက်သည်။

တစ်ဖက်မှ တယ်လီဖုန်း အကြာကြီး မြည်နေသည်။ အကြိမ် ၂၀ခန့် မြည်၍ ဘယ်သူမှ လာမကိုင်သောအခါတွင်မှ ဂျင်နီဖာ ဖုန်းပြန်ချလိုက်သည်။

ထို့နောက် နယူးဂျာစီပြည်နယ်၊ မွန်ကလဲယားမြို့မှ အေရီလင် ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီ ပြန်ကြားရေးဌာနသို့ လှမ်းဆက်ပြန်သည်။ တစ်ဖက်မှ အဆက်အသွယ်ရသောအခါ မစ္စတာကလဲရင်မက်ဂူးယားနှင့် စကားပြောလို ကြောင်း ပြောလိုက်သည်။ မက်ဂူးယား၏အတွင်းရေးမှူး စာရေးမနှင့် ကယောက် ကဆ စကားပြောရပြီးမှ မက်ဂူးယားနှင့် အဆက်အသွယ်ရသည်။

'ဘယ့်နှယ်၊ နေကောင်းပါရဲ့လား မစ္စက်ရွှန်းဘတ်'

'သိပ်နေမကောင်းပါဘူးရှင်' ဂျင်နီဖာက စိတ်မပါသံဖြင့် ပြန်ပြောသည်။ 'ဒါနဲ့ ကျွန်မယောကျ်ား ဘယ်သွားတယ်ဆိုတာ သိနိုင်ပါသလားရှင်'

'ဘုရားရေ၊ ကျုပ်လည်း ဘာမှမသိပါဘူးဗျာ၊ သူက ကျုပ်ဆီ ဖုန်းလှမ်း ဆက်တာပဲ ရှိတာပါ၊ မိသားစုပြဿနာရှိနေလို့ ခရီးထွက်စရာရှိလို့ပါဆိုပြီး ခွင့်လှမ်းတောင်းတာလောက်ပဲ ကျုပ်သိရတာ'

'ကျွန်မကို မညာပါနဲ့ရှင်၊ သူ့ကို ပြူတိုရီကိုကို လွှတ်လိုက်တယ်ဆိုတာ ကျွန်မ သိပါတယ်'

'အလို...သူ့ကို ကျုပ်တို့က ဘယ်မှမလွှတ်ရပါဘူးဗျာ၊ ကျုပ်တို့က သွားပါဆိုတာတောင် သူက အတင်းငြင်းနေပါသေးသဗျာ၊ တကယ်ပြောတာပါ၊ ကျုပ်က ဘာလို့ လိမ်ပြောရမှာတုန်း'

ဂျင်နီဖာ ဖုန်းကို ပြန်ချလိုက်သည်။ ခေါင်းထဲတွင်လည်း တော်တော် နောက်ကျိသွားသည်။ အဒမ်သည် အေရီလင်ကုမ္ပဏီလုပ်ငန်းနှင့် ခရီးထွက် သွားတာ ဖြစ်ရမည်ဟု သူက ကျိန်းသေပေါက် တွက်ထားခဲ့သည်။ ယခုတော့ သူထင်တာနှင့် တလွဲဖြစ်နေပါရောလား။ တခြားဖြစ်နိုင်ခြေရှိတာတွေကို စဉ်းစား ကြည့်သည်။ ဖျတ်ခနဲသတိရသဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြန်သည်။

စိတ်ထင်ဖြင့် အဒမ့်ဖခင်ကြီးထံသို့ လှမ်းဆက်ခြင်းဖြစ်သည်။

'အခုလို အနှောင့်အယှက်ပေးတာ ခွင့်လွှတ်ပါ အန်ကယ်' ဂျင်နီဖာက



www.burmeseclassic.com

www.burmeseclassic.com



အရဲစွန့်ပြီး ပြောလိုက်သည်။ 'တခြားတော့ မဟုတ်ပါဘူး၊ အဒမ်တစ်ယောက် ဘယ်သွားမှန်းမသိလို့ လိုရမည်ရ လှမ်းမေးတာပါ၊ သူ ဘယ်သွားတယ်ဆိုတာ အန်ကယ်များ သိမလားလို့ပါ'

'ဟာ၊ အဲဒါမှ ဒုက္ခပဲ၊ ငါက ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ၊ မင်း ယောက်ျား ပျောက်နေတာ မင်းကလွဲပြီး ဘယ်သူသိနိုင်ပါ့မတုန်း'

စိတ်ပျက်စွာဖြင့် တယ်လီဖုန်း ပြန်ချလိုက်သည်။ မီးဖိုခန်းထဲသို့ မိခင်ကြီး ပြန်ဝင်လာသည်။ ဂျင်နီဖာ ဖုန်းနှင့်ပြောနေသောစကားများကို မိခင်ကြီး ကြား ကောင်းကြားပြီး ဖြစ်မည်။

မိခင်ကြီးက ပြောသည်။

'ဒီကိစ္စ သမီးဖေဖေကို လုံးဝမပြောပါနဲ့သမီးရယ်၊ သူက အဒမ့်ကို အငယ် အနှောင်းနဲ့ ရှုပ်နေတာလို့ ထင်နေတာ သမီး'

*

အဒမ် သွေးလန့်နေသည်။

ညနေခြောက်နာရီတွင် သူ့ကို ဆေးဝါတောင့်ကလေးတစ်တောင့် ထပ်ပေး ကြသည်။ ညနေစာ စားနေစဉ်တွင်လည်း ဘဏ္ဍာစိုးတွေက သူ့ကို သတိနှင့် အကဲခတ်နေကြသည်။ ဒီလူ ငါတို့ပြုစုတာကို တမင်ငြင်းဆန်နေတယ်ဟု သူတို့က ထင်သွားမည်ကို စိုးရိမ်နေသည်။ သို့ဖြင့် အစားအစာများကို စားဟန်ဆောင်ပြီး အလစ်တွင် လက်သုတ်ပဝါနှင့် ထုတ်ပြီး ဝှက် ဝှက်ထားသည်။

တတ်နိုင်သမျှ မြန်မြန်ထက်ထက် စားဟန်ဆောင်ပြီး စားသောက်ခန်း ထဲမှ ထွက်လာခဲ့သည်။ လမ်းတွင် သတိရပြီး ဆေးရုံခန်းသို့ ဝင်ကြည့်သည်။ ပစ္စည်းကိရိယာ အစုံအလင်ရှိသော ခွဲစိတ်ခန်းနှင့် ခေတ်မီဓာတ်ရောင် ခြည်လှုတ် စက်တွေ၊ ဘာတွေနှင့် တော်တော့်ကို ခမ်းနားသည်။ သို့သော် လူနာခန်းကလေး ထဲတွင်တော့ လူနာတစ်ယောက်မျှ မတွေ့ရ။

အပြန်တွင် အလန့်၏အခန်းကို ဝင်ကြည့်သည်။ အလန့်ကို တွေ့ရလိမ့် မည်ဟုတော့ လုံးဝမထင်။ သို့သော် သကောင့်သားကြီးက ခုတင်ပေါ်တွင် အစနဲ့သားရောက်နေပြီ။ သူ့အခြေအနေမှာ အခန်းထဲမှ ပျောက်မသွားမီက အခြေ အနေအတိုင်းပင်။

အဒမ်က လှုပ်နှိုးသည်။ သူ ဘယ်ရောက်နေတယ်ဆိုတာ သိသလားဟု မေးကြည့်တော့ သိသည်ဟု ပြောသည်။ သိလည်း အမှန်သိသည်။ သို့သော် သူ့အခန်းထဲမှ ဘယ်မှမသွားခဲ့ပါဘူးဟု အတင်းငြင်းနေသည်။ သို့ဖြင့် အဒမ်က အိပ်ရာပေါ်တွင် ပြန်သိပ်ပေးခဲ့ပြီး ပြန်ထွက်လာခဲ့သည်။





ဒေါက်တာဗန်ဒါမား ဆေးပြောင်းပေးသည်ကို သဲလွန်စလုပ်ပြီး အေရီလင် ရေကြောင်းဆွေးနွေးပွဲအကြောင်းကို တစ်ကိုယ်တော် ထောက်လှမ်းရေးလုပ်ခဲ့ သည်မှာ မျှော်လင့်သည့်အတိုင်း တော်တော်တော့ ခရီးရောက်ခဲ့ပြီ။ ယခုအချိန်တွင် အဒမ့်အနေဖြင့် နယူးယောက်မြို့သို့ ချောချောမောမော ပြန်လည်ရောက်ချင် စိတ်သာ ပြင်းပြနေတော့သည်။ နယူးယောက်သို့ ပြန်ရောက်လျှင် ဂျင်နီဖာ၏ ကိုယ်ဝန်ဖျက်ချရေးကိစ္စကိုလည်း အချိန်မီ တားဆီးနိုင်မည်။ အေရီလင်ကုမ္ပဏီ၏ ကြောက်စရာ လျှို့ဝှက်လုပ်ကြံမှုကြီးကိုလည်း သက်ဆိုင်ရာသို့ ဖွင့်ချတိုင်ကြား နိုင်မည် ဖြစ်သည်။ အေရီလင်ကုမ္ပဏီက ဆရာဝန်များအား သင်္ဘောပေါ်တင်ပြီး ခရီးထွက်စေခြင်းမှာ ဦးနှောက်ခြောက် စရာကောင်းလှသော နေ့စဉ်လုပ်ငန်းမှ ခေတ္တအပြောင်းအလဲသဘောဖြင့် စိတ်ပြေလက်ပျောက် အနားယူနိုင်စေရန် ဖြစ်သည်ဟု အဒမ့်ကို တစ်ယောက်က ပြောသည်။ သို့သော် အေရီလင်ကုမ္ပဏီက ဆရာဝန်များအား မူးယစ်ဆေးဝါးတွေ ကျွေးပြီး မကြံစည်အပ်၊ မကြံစည်ရာ ပြစ်မှုကြီးကို လျှို့ဝှက်စွာ ကျူးလွန်ခြင်းကတော့ တွေးလိုက်တိုင်း ကြောက်စရာ ကောင်းလှတော့သည်။

'ဒေါက်...ဒေါက်...ဒေါက်'

ရုတ်တရက် တံခါးခေါက်သံ ပေါ်ထွက်လာသဖြင့် အဒမ် ကြက်သီး မွေးညှင်းပင် ထသွားမိသည်။

သူက မျက်နှာသေကြီးနှင့် ဘဏ္ဍာစိုး ဆေးလာတိုက်ပြန်ပြီဟု ထင်လိုက် မိသည်။ သို့သော် တံခါးကို ဖွင့်လိုက်သော အခါတွင်တော့

'အို...အား'

ဟီသာ့ကို မြင်လိုက်ရ၍ အဒမ် ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

'သူများ တာဝန် စောစောပြီးသွားလို့ တော်သေးတာ'

ဟီသာက ယင်းသို့ပြောရင်း အခန်းထဲ မျက်လုံးကစားကြည့်လိုက်သည်။ သူသည် တိုးလျှိုးပေါက်မြင်ရသော ဘလောက်အင်္ကျီအပါးဆုံးကို ဝတ်လာသည်။ စကတ်ဂါဝန်ကလည်း အဒမ် မြင်ဖူးသမျှထဲတွင် အတိုဆုံး။ ဆင်နှာမောင်းလို သွယ်ပျောင်းပြီး ဖွေးအိနေသော သလုံးသားတွေ ဒူးဆစ်နားအထိ အတိုင်းသား ပေါ်နေသည်။ ပုံစံကတော့ မြင်ရသူ မိုက်ခနဲ ဖြစ်လောက်သည့်ပုံစံ။ အဒမ်က မျက်လုံးကျွတ်ကျမတတ် ကြည့်ရင်း ဂျင်နီဖာ့ မျက်နှာကို ကွက်ခနဲသွားမြင်သည်။ ဘုရား...ဘုရား။ ဒီအဖြစ်ကို ဂျင်နီဖာသာ သိရရင်တော့လား။

'ဟီသာ... ထိုင်ပါ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

အဒမ့်ပါးစပ်က အလိုလို ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟီသာက ကကွက်ထဲကအတိုင်း ကိုယ်ကို ဟန်ပါပါ တစ်ချက်လှည့်လိုက်ပြီး–

'ရပါတယ်'ဟု ပြောရင်း ခုတင်ဖွန်းတွင် အဒမ်နှင့်ဘေးချင်းကပ်ပြီး ထိုင်ချလိုက်သည်။ နှစ်ယောက်သား အသားချင်ထိကပ်နေသည်။ ဟီသာက ပေါင်းကိုကားပြီး ခြေထောက်နှစ်ချောင်းကို ရှေ့သို့ ဆန့်ထားလိုက်သေးသည်။

'ပြောလေ၊ ဘာပြောချင်လို့လဲ ဟင်'

အဒမ်က ဟီသာ၏အသည်းပုံ ရင်ဟိုက်တစ်ဖက်တစ်ချက်မှ မို့အိအိ စနေနှစ်ခိုင်ပေါ်မှ မျက်လုံးမခွာနိုင်ဘဲ–

'ဟို ...မင်း'

'ဟင်...သူ့စကားကလည်း ဘယ်လိုကြိုးမှန်း မသိဘူး၊ ပြောလေ၊ ဟို...မင်း ဘာဖြစ်သလဲ'

ဟီသာက အဒမ့်လည်ပင်းကို လက်ဖြင့် သိုင်းဖက်လိုက်သည်။

'သြော်၊ ဟိုဒင်း...တခြားမဟုတ်ပါဘူး' အဒမ်က ဟီသာ၏လက်ကို အသာဆွဲဖယ်ရင်း 'မင်းအကြောင်း ငါ့ကို ပြောပြဖို့ ပြောတာပါ'

'သူမျှားအကြောင်း ပြောစရာ ဘာများရှိလို့လဲ'

'ငါပြောချင်တာက ဒီအလုပ်ဟာ မင်းတို့လို မိန်းကလေးတွေ လုပ်သင့်တဲ့အလုပ်မဟုတ်ဘူး၊ မင်း ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ'

ဟီသာက ပြန်မဖြေ။ ပထမတော့ သူ စဉ်းစားနေသည်ဟု အဒမ်က ထင်သည်။ သို့သော် သူ့မျက်နှာကို သေသေချာချာ ကြည့်လိုက်တော့မှ သူ ကြောင်တောင်တောင် ဖြစ်နေကြောင်း အဒမ် သိရတော့သည်။

'ဟီသာ'

အဒမ်က ဟီသာ့မျက်နှာရှေ့တွင် လက်လှုပ်ပြရင်း ခေါ်ကြည့်လိုက်သည်။

'ရှင်'

သူက မျက်တောင် ပုတ်ခတ်ရင်း ပြန်ထူးသည်။

'မင်းကို ငါ မေးခွန်းတစ်ခု မေးထားတယ်လေ'

'သြော်...ဟုတ်ကဲ့၊ သူမျှား ဒီသဘောပေါ် ဘယ်လိုရောက်လာသလဲ ဟုတ်လား၊ အင်း ...ဒီမေးခွန်းရဲ့အဖြေက အရှည်ကြီးပဲ၊ တိုတိုပြောရရင်တော့ သူမျှားဟာ အေရိုလင်ကုမ္ပဏီက စာရေးမတစ်ယောက်ပါ၊ သူတို့က သူမျှားကို သဘောကျပြီး ပြုတိုရီကိုက အမ်တီအိုင်စီကော်ပိုရေးရှင်းကို ပြောင်းရွှေ့ခန့်ထားလိုက်တယ်။ အဲဒီမှာလည်း အစကတော့ စာရေးမပဲ လုပ်ရတယ်၊ နောက်တော့ သူမျှား အကဝါသနာပါမှန်း သိတာနဲ့ သူတို့က ဒီအလုပ်ကို ပေးတာပဲ'





ဒါက အပေါ်ယံသဘောလောက် ရှိသေးတာပဲ။ အနှစ်သာရ မဟုတ်သေးဘူး။ ဒီကလေးမ မကောင်းတဲ့အလုပ်များ လုပ်စားနေသလားဟု အဒမ်က တွေးနေသည်။

'ဒါနဲ့ ဒီခရီးလိုက်ရတာ ပျော်ရဲ့လားဟင်'

ဟီသာက စကားခေါင်းစဉ်ပြောင်းပြီး မေးလိုက်သည်။

'ပျော်ပါတယ်၊ သိပ်ပြီး ထူးခြားတဲ့ခရီးပဲ'

'အဲဒါဆိုရင် ပိုပြီးပျော်ရအောင် ကျွန်မ လုပ်ပေးမယ်လေ၊ ဒါပေမဲ့ ပထမဆုံး ရှင့်ကို လက်ဆောင်တစ်ခုတော့ ပေးပါရစေဦး'

'သြော် ...ဟုတ်လား'

'ခဏနေဦး'

ဟီသာသည် ထိုင်ရာမှ ထသွားပြီး စာရေးစားပွဲကလေးပေါ်မှ ပိုက်ဆံအိတ်ကလေးကို ဖွင့်နေသည်။ ခဏကြာ၍ သူ ပြန်လာသောအခါ သူ့လက်ထဲတွင် အဝါရောင် ဆေးတောင့်ကလေးနှစ်တောင့် ပါလာသည်ကို အဒမ် တွေ့လိုက်ရသည်။ အဒမ် ကြက်သီးတွေ ဖြန်းခနဲထသွားသည်။

သူက ကမန်းကတန်း ပြောလိုက်သည်။

'ဗီရိုထဲက သစ်သီးရည်ဘူး ခဏယူပေးပါလား၊ ငါ ဒီက ရေတွေ လုံးဝသောက်လို့ မရလို့'

'အိုကေ'

ဟီသာက ဆေးတောင့်များကို စားပွဲပေါ်တင်ထားလိုက်ပြီး သစ်သီးရည်ဘူးကို သွားယူလာသည်။ အဖုံးကို ဖွင့်ပြီး အဒမ့်ကို ကမ်းပေးသည်။ ထို့ပြင် စောစောက ဆေးတောင့်ကလေး နှစ်တောင့်ကိုလည်း အဒမ့် လက်ဝါးထဲ ထည့်ပေးသည်။ ဟီသာ ဘူးခွံပစ်ရန် ရေချိုးခန်းသွားနေတုန်း အဒမ်က ဆေးတောင့်များကို အိပ်ရာနောက်သို့ ပစ်ချလိုက်သည်။

'ကဲ ...သူ ပိုပြီး ပျော်ရအောင် သူမျှား ဖြေဖျော်ပေးတော့မယ်နော်'

ဟီသာက အဒမ့် ရင်ခွင်ပေါ်တက်ထိုင်ရင်း နှုတ်ခမ်းကို စုပ်နမ်းမည်လုပ်သည်။ အဒမ်က မျက်နှာတစ်ဖက်သို့ လွှဲလိုက်ပြီး–

'ခဏနေပါဦး၊ ခုနက ဆေးတောင့်ကလေးတွေက ဘာဆေးတွေများလဲ ဟင်'

'အဲဒါ သူ ပိုပြီး ပျော်ရအောင်လို့ ပေးထားတာလေ၊ အဲဒီဆေးသောက်လိုက်ရင် အာရုံကြောတွေ လျော့လာပြီး စိတ်ညစ်စရာတွေအားလုံး မေ့ပျောက်သွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းလည်း အဲဒီဆေးသောက်သလား'

'ဟင့်အင်း၊ သူများက ဘာလို့သောက်ရမှာလဲ'

သူက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ 'သူများမှာ စိတ်ညစ်စရာမှ မရှိတာပဲ'

'ငါကျတော့ ဘာလို့ စိတ်ညစ်နေတယ်လို့ ထင်ရတာလဲ'

'ဆရာဝန်တိုင်း စိတ်ညစ်နေကြတာပဲ မဟုတ်လား'

'မင်း တခြားဆရာဝန်တွေဆီ ရောက်ပြီးပြီလား၊ မင်းနဲ့ မင်းအဖော်တွေ အားလုံးပေါ့'

'အားလုံးဆီ မရောက်ပါဘူး၊ မစ္စတာပိုဝဲနဲ့ ဒေါက်တာဂေါ်ဒတ်တို့က သွားခိုင်းတဲ့ ဆရာဝန်တွေဆီလောက်ပဲ သွားရတာ'

'သူတို့က မင်းကို ငါ့ဆီ သွားခိုင်းသလား'

ဟီသာ ခေါင်းညိတ်ပြသည်။

'အဲဒီလို ဘာကြောင့် ခိုင်းတာလဲ၊ မင်းသိသလား'

'သူက အကြောမလျှော့သေးလို့ပေါ့' ဟီသာက စိတ်တိုသံဖြင့် ပြန်ပြောသည်။ 'ဘာလဲ၊ သူက သူများကို စိတ်မဝင်စားဘူးလား'

'အို... ဝင်စားပါတယ်၊ ဝင်စားပါတယ်'

အဒမ်က ဟီသာ့ခေါင်းကို အသာဆွဲကိုင်ကာ နှမ်းရင်း လည်ကုပ်ဆံစကို မသိမသာ စမ်းကြည့်လိုက်သည်။ ဟီသာသည် ဆံပင်တုစွပ်မထား။ သို့သော် သူ့နားထင်နှစ်ဖက်တွင်တော့ အမာရွတ်အကြောင်းကလေးတွေ တွေ့ရသည်။

'ဟီသာ ငါတစ်ခုမေးပါရစေ၊ ဒီအမာရွတ်တွေက ဘယ်လိုဖြစ်တာလဲဟင်'

'ဘာအမာရွတ်တွေလဲ၊ ဘယ်မှာရှိလို့လဲ'

ဟီသာက သဘောမကျသလို ပြန်မေးသည်။

'ဟောဒီ နားသယ်နှစ်ဖက်ကဟာတွေလေ'

အဒမ်က ဟီသာ့ခေါင်းကို အသာကလေးစောင်းလိုက်ပြီး နားသယ်မှ ဆံပင်များကို ဖယ်ကြည့်လိုက်သည်။ အမာရွတ်ကလေးများမှာ လက်မဝက် နီးပါး ရှည်သည်။

ဟီသာက လက်နှင့် စမ်းကြည့်ပြီး ပခုံးကို တွန့်လိုက်သည်။

'ဒီအမာရွတ်တွေ ဘယ်လိုရလာတယ်ဆိုတာ မင်းမသိဘူးလား'

'ဟင့်အင်း၊ သိပါဘူး၊ သိတော့ကော ဘာဖြစ်မတဲ့လဲ၊ သူဟာသူ ဘယ်လိုပဲ ရရပေါ့'

'ငါ့ကြောင့် မင်း စိတ်အနှောင့်အယှက်ဖြစ်ရင် တောင်းပန်ပါတယ်၊ ငါတော့ အကြောတွေ တော်တော့်ကို လျှော့သွားပြီ ထင်တာပဲ'





ဟီသာက စိတ်ပျက်သွားဟန်ဖြင့်–

'ဒါဆို သူ့ကို ဆေးထပ်ကျွေးဖို့ မလိုတော့ဘူးပေါ့'

'မစ္စတာပိုဝဲက ငါ့ကို စိတ်ညစ်တာတွေ ပျောက်သွားစေချင်လို့ ဆေး သောက်ခိုင်းတာလား'

ဟီသာက ခေါင်းညိတ်သည်။ ပြီးတော့ အဒမ်၏ကျောပြင်ကို လက်နှင့် ပွတ်နေသည်။

'ဒါနဲ့ သူက ငါ့ကို ဘာကြောင့် အကြောလျှော့အောင် လုပ်ရတာလဲ'

'သူ့ကို အမိန့်ခံရုံးခန်းကို ပို့မလို့'

အဒမ်က ဟီသာကို စိုက်ကြည့်လိုက်သည်။ ဟီသာက ခပ်မြန်မြန် ပြန်မေး သည်။

'သူက တကယ်ပဲ အကြောတွေ တော်တော် လျှော့သွားပြီလားဟင်'

'ဟုတ်တယ်၊ တော်တော့်ကို လျှော့သွားပြီ၊ အဲဒီအမိန့်ခံရုံးခန်းက ဘယ်မှာ လဲ၊ မင်း သိသလား'

'သိတာပေါ့၊ အမှန်ကတော့ သူများက သူ့ကို အဲဒီခေါ်သွားမလို့ပဲ၊ ဒါပေမဲ့ သူက အဆင်သင့် မဖြစ်သေးလို့ စောင့်ကြည့်နေတာ'

'ငါ တကယ်ပြောတာပါ၊ ဟောဒီမှာ ကြည့်ပါလား၊ အကြောတွေ တကယ် လျှော့သွားပြီ' အဒမ်က သူ့လက်နှစ်ဖက်ကို အရုပ်ကြိုးပြတ် လွှတ်ချလိုက်သည်။ 'အဲဒီအမိန့်ခံရုံးခန်းကို ငါ့ကို ခေါ်သွားပါလား'

ဟီသာက ပြန်မဖြေဘဲ ငိုင်တွေတွေကြီး ရပ်နေသည်။ အတော်ကလေး ကြာတော့မှ ရုတ်တရက် သတိပြန်ဝင်လာသူပမာ 'နောက်ထပ် ဆေးတစ်လုံးထပ် သောက်မှ သူ့ကို ခေါ်သွားနိုင်မယ်၊ သူ အိပ်ပျော်သွားမှ ဖြစ်မှာ'ဟု ပြန်ပြောသည်။

'ကဲ... ဒါဆိုပေး၊ ငါက အခုတောင်မှ အိပ်ချင်လွန်းလို့ မျက်တောင်တွေ လေးလာပြီ'

ကောင်မလေးကို လှည့်စားရတာ သိပ်လွယ်လွန်းနေသည်။ သူ့ကြည့် ရတာ အယုံလွယ်သော ကလေးတစ်ယောက်နှင့် တူနေသည်။

ခဏကြာတော့ အဒမ်သည် အိပ်ရာပေါ်လှဲအိပ်ကာ မျက်လုံးကို မှိတ်ထား လိုက်သည်။

နောက် ၁၀ မိနစ်ခန့် ကြာသောအခါ ဟီသာက ထမြေီး ခုတင်ပေါ်မှ ချပေးသည်။ ထို့နောက် နှစ်ယောက်သား အခန်းထဲမှ ထွက်လာကြသည်။

အလယ်လှေကားမကြီးမှတစ်ဆင့် ဗဟိုကုန်းပတ်သို့ တက်လာခဲ့ကြ သည်။ စားသောက်ခန်းကို ဝင်သည်။ တံခါးတစ်ပေါက်ကို ဖွင့်ပြီး ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားတစ်ခု ထပ်တွေ့သည်။ လှေကားအတိုင်း အောက်ဘက်သို့ ဆင်းလာခဲ့သည်။ ကုန်းပတ် "စီ" သို့ သွားသော လှေကားဖြစ်မည်ဟု အဒမ် တွေးကြည့်သည်။

လမ်းတွင် အပေါ်သို့ တက်လာသော ဘဏ္ဍာစိုးတွေနှင့် ဆုံသည်။ အဒမ်က အကြည့်မခံဘဲ မျက်နှာကို လွှဲထားလိုက်သည်။ သူ မှုးယစ်ချင်ယောင်ဆောင်နေတာကို သူတို့ရိပ်မိသွားမည်စိုးသောကြောင့် ဖြစ်သည်။

လှေကားရင်းသို့ ရောက်သောအခါ တံခါးရွက်နှစ်ချပ်တပ် ခန်းမရှည်ကြီးအဝသို့ လျှောက်လာကြသည်။ တံခါးဝတွင် ဘဏ္ဍာစိုးတစ်ယောက် ရပ်စောင့်နေသည်။

'စတူးဝပ်စမိုက်၊ ဒုတိယအကြိမ်'

ဟီသာက ဘဏ္ဍာစိုးကို ပြောလိုက်သည်။

'ထိုင်ခုံ ၄၇'

ဘဏ္ဍာစိုးက ဟီသာအား ကတ်ပြားတစ်ခုပေးသည်။

ဟီသာနှင့် အဒမ်တို့ ခန်းမကြီးထဲသို့ ဝင်လာခဲ့ကြသည်။

ခန်းမကြီးထဲတွင် အလင်းရောင် မှုန်ဝါးဝါးသာ ရှိသည်။ ပထမတွင် အဒမ်ဘာမှမမြင်ရ။ ခဏကြာတော့မှ မျက်လုံးကျင့်သားရသွားသည်။ သူ့ စိတ်ထဲတွင် ဓာတ်ရုံတစ်ခု၏ ဆင်ဝင်ဆောင်ထဲသို့ ရောက်လာသလို ထင်မိသည်။ ရင်ဘတ်ခန့်မြင့်သော နံရံပေါ်မှ ကျော်ကြည့်လိုက်သောအခါ ရုပ်ရှင်ပိတ်ကားတစ်ခုကို မြင်ရသည်။ အသံဗလ လုံးဝမကြားရ။ သို့သော် အမှောင်ထဲတွင် ထိုင်နေသော လူရိပ်များကို ဝိုးတဝါး မြင်နေသည်ဟု ထင်မိသည်။

ဘဏ္ဍာစိုးတစ်ယောက် ဟီသာထံမှ ကတ်ပြားကိုယူပြီး အဒမ့်လက်မောင်းကို တင်းတင်းဆုပ်ကာ အတွင်းပိုင်းသို့ ဆွဲခေါ်လာသည်။ မှောင်နေသော်လည်း ကုလားထိုင်တွေကို မြင်နေရသည်။ တခြားဓာတ်ရုံတွေထဲမှ ကုလားထိုင်များနှင့်မတူ။ အသေးစား လျှပ်စစ်ကုလားထိုင်ကလေးများနှင့် တူပြီး ကုလားထိုင်တိုင်းတွင် အီလက်ထရုတ်လျှပ်ခေါင်းများနှင့် သားရေကြိုးပြားများ တပ်ထားသည်။ တစ်တန်းလျှင် ကုလားထိုင် ၁၅ လုံးမှ ၂၀ အထိ ရှိသည်။ အတန်းပေါင်း ၂၀ ကျော်သည်။

ဘဏ္ဍာစိုးသည် အဒမ့်လက်ကို မြဲမြဲဆုပ်ကိုင်ကာ အလယ်လမ်းကြားအတိုင်း ဆင်းလာခဲ့သည်။ ကုလားထိုင်ပေါ်တွင်ထိုင်ကာ သားရေပြားနှင့် တုပ်နှောင်ခံနေရသော ဆရာဝန်များကို မြင်ရသောအခါ အဒမ်သည် အလွန်အမင်း ကြောက်လန့်သွားမိသည်။ သူတို့အားလုံးပင် နားကြပ်နှင့် လျှပ်ခေါင်းတပ်ထားသော ဦးထုပ်များ ဆောင်းထားကြသည်။ သူတို့ကြည့်ရသည်မှာ အလန်ကဲ့သို့ပင် မှုးယစ်ဆေးဝါး များများစားစား သုံးစွဲထားသလို အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေကြသည်။ ထို့ပြင် တစ်ကိုယ်လုံးကိုလည်း ဝါယာကြိုးများဖြင့် မြွေလိမ်မြွေကောက် ရစ်ပတ်ထားပြီး အာရုံကြော အချက်အချာနေရာများတွင်လည်း အီလက်ထရုတ်အပ်ဖျားများဖြင့် ထိုးစိုက်ထားကြသည်။





ရှေ့ဆုံးခုံတန်းမှ ထိုင်ခုံလွတ်တစ်ခုသို့ ရောက်လာသောအခါ ဘဏ္ဍာစိုးရပ်လိုက်သည်။ ထို့နောက် လက်ထဲမှ ကတ်ပြားကို ထိုင်ခုံနောက်ရှိ အပေါက်ကလေးထဲသို့ ပစ်ထည့်လိုက်ပြီး ဝါယာကြိုးများကို စတင်၍ ဖြေသည်။

ထိုအချိန်တွင် အဒမ်မှာတော့ အသက်ပင် မရှူနိုင်အောင် တစ်ကိုယ်လုံးမာတောင့်နေသည်။ သူ့ကိုယ်သူ သရဲတစ္ဆေ ရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသလို ထင်မိသည်။

ရုပ်ရှင်ပိတ်ကားကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။

ပိတ်ကားထဲတွင် ဆရာဝန်တစ်ယောက်က လူနာအား မျိုးရိုးဗီဇဆိုင်ရာဆေးတစ်မျိုးကို ပေးနေပုံ မြင်ရသည်။ ပိတ်ကားပေါ်တွင် ဖျတ်ခနဲ နာမည်ပေါ်လာသည်။ ဆရာဝန်၏မျက်နှာ ရုတ်တရက် တွန့်ရှုံ့သွားကာ လက်ထဲမှ ဆေးပုလင်း လွတ်ကျသွားသည်။

ထိုအချိန်တွင် အခန်းထဲမှ ဆရာဝန်များ၏ ကြောက်စရာ အော်သည်းသံများ တစ်ပြိုင်တည်း ပေါ်ထွက်လာသည်။

ထို့နောက် ပိတ်ကားထဲမှ ဆရာဝန်သည် အေရိုလင်ကုမ္ပဏီထုတ် ဆေးပုလင်းတစ်လုံးကို လှမ်းယူလိုက်သည်။ သူ့မျက်နှာတစ်ပြင်လုံးတွင်လည်း အပြုံးပန်းများ ဖုံးလွှမ်းသွားသည်။ အဒမ်က သူ့ဘေးနားရှိ ထိုင်ခုံပေါ်မှ ဆရာဝန်ကို လှည့်ကြည့်လိုက်ရာ သူလည်း အားရပါးရ ပြုံးနေသည်ကို မြင်ရသည်။

ဘဏ္ဍာစိုးက သားရေပတ်များကို ဖြုတ်နေချိန်တွင် အဒမ်က အခြေအနေကို သုံးသပ်နေသည်။ သူ မြင်နေရသောမြင်ကွင်းမှာ လူတစ်ယောက်အား နောက်ဆုံးပေါ် ခေတ်မီနည်းစနစ်များဖြင့် စိတ်ပြောင်းစိတ်လွှဲ ပြုလုပ်နေခြင်းဖြစ်ကြောင်း သဘောပေါက်မိသည်။ ပိတ်ကားပေါ်မှ ပြကွက်များကို လိုက်ပြီး သူ့အနီးမှဆရာဝန်များ၏ မျက်နှာများ ရှုံ့မဲ့သွားလိုက်၊ ပြုံးလာလိုက် ဖြစ်နေကြသည်ကို တွေ့ရသည်။

ဘုရား. . . ဘုရား . . .ဒီနေရာရောက်တော့မှ ဆရာဝန်က ကြောက်စရာလူနာဘဝ ရောက်နေရပါကလားဟု အဒမ်က တွေးလိုက်မိသည်။ ဒါကြောင့်လည်း ဒေါက်တာဗန်ဒါမားက ဂျင်နီဖာကို ဆေးပြောင်းပြီး ပေးတာကိုး။ အဲဒီလို ဆရာဝန်မျိုးဆိုမှာ ဂျင်နီဖာ အကုခံနေတယ်ဆိုတော့ ဘုရား . . .ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာစိုးက အင်္ကျီကြယ်သီးဆွဲဖြုတ်လိုက်သဖြင့် အဒမ် ရုတ်တရက် လန့်သွားသည်။ ဘဏ္ဍာစိုးလက် ထိလိုက်တာနှင့် အဒမ်မှာ သားကောင်ဘဝ ရောက်သွားတော့သည်။ သူသည် လေ့လာသူတစ်ယောက် မဟုတ်တော့။ အစမ်း သပ်ခံ လူနာတစ်ယောက် ဖြစ်သွားလေပြီ။

ကြယ်သီးတွေ တစ်လုံးပြီးတစ်လုံး ဖြုတ်နေသော ဘဏ္ဍာစိုးမျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ သူလည်း ဤခန်းမထဲမှ ဆရာဝန်တွေလိုပင် မူးယစ်ဆေးမိနေသူ ဖြစ်သည်။ သို့သော် ဆရာဝန်တွေလောက်တော့များပုံမရ။ တကယ်တော့ သူ တစ်ယောက်တည်းမဟုတ်၊ သဘော်ပေါ်မှ ဘဏ္ဍာစိုးဟူသမျှ မူးယစ်ဆေးမိနေသူချည်းသာ ဖြစ်ရမည်။ တချို့ကျတော့ ကချေသည်မလေး ဟီသာအတိုင်းပင် ဦးနှောက်ခွဲစိတ်ခြင်း ခံထားရမည်မှာ သေချာသည်။

အချုပ်ကတော့ အမ်တီအိုင်စီကော်ပိုရေးရှင်းက ဆရာဝန်များအား "ဦးနှောက်ဆေး"၊ "မှိုင်းတိုက်"၊ "ဘူးသွင်းခြင်း"ဖြင့် အေရိုလင်ကုမ္ပဏီထုတ် ဆေးဝါးများကို အစွဲထုတ်လိုခြင်းပင် ဖြစ်သည်။

ဘဏ္ဍာစိုးက အဒမ်၏အင်္ကျီကို ဆွဲချွတ်လိုက်သည်။ ပြီးတော့ ဘောင်းဘီ ခါးပတ်ကို ဖြုတ်ရန် လုပ်သည်။

'ဒီမှာမိတ်ဆွေ၊ အခု ခင်ဗျား ဘာတွေလုပ်နေတယ်ဆိုတာ ခင်ဗျား သိပါ ရဲ့လားဟင်'

အဒမ်က သည်းမခံနိုင်တော့၍ မေးလိုက်သည်။

'ကျွန်တော်တို့က ဆရာဝန်တွေ ပိုပြီး တော်လာအောင် လုပ်ပေးနေတာပါ'

'ဆရာဝန်တွေ ပိုပြီး တော်လာအောင် ဘယ်လိုလုပ်နေတာလဲ'

အဒမ်က ဘဏ္ဍာစိုး၏လက်ကို ဖမ်းဆုပ်လိုက်သည်။

ဘဏ္ဍာစိုးက အဒမ်၏လက်ချောင်းများကို ဖြည်းဖြည်းသာသာ၊ သို့သော် အားရှိပါးရှိဖြင့် ပြန်ဖြေလိုက်သည်။ မူးယစ်ဆေးဝါးမိနေသည့် လူတစ်ယောက် အနေဖြင့် ဤမျှအားအင်ရှိသည်ကိုတွေးပြီး အဒမ် အံ့အားသင့်နေမိသည်။

'ကျွန်တော် တောင်းပန်ပါတယ်၊ မဆန့်ကျင်ပါနဲ့၊ ကျွန်တော်တို့ကို အေး အေးဆေးဆေးနဲ့ ကူညီစေချင်ပါတယ်'

ဘဏ္ဍာစိုးက ယင်းသို့ပြောပြီး အဒမ်၏ခေါင်းပေါ်တွင် ဦးထုပ်ကို ဆောင်း ပေးရန် အပေါ်သို့ မြှောက်လိုက်သည်။

သူ့ရန်သူအား လျှပ်တစ်ပြက် တိုက်ခိုက်ခြင်းသည်သာ အကောင်းဆုံး လက်နက်ဟု ယူဆပြီး အဒမ်က ဦးထုပ်ကို ဆတ်ခနဲဆွဲယူပြီး ဘဏ္ဍာစိုးခေါင်းတွင် စွပ်ချလိုက်သည်။ ထို့နောက် ဝါယာကြိုးများကို ဆွဲယူကာ ဘဏ္ဍာစိုး၏လည်ပင်းကို ထိုင်ခုံနှင့် ပတ်ချည်လိုက်ပြီး အတင်းပြေးထွက်လာခဲ့သည်။ သူ အပြင်မထွက်





နိုင်မီအတွင်း ဘဏ္ဍာစိုးကတော့ အော်ဟစ်နိုင်စရာရှိလိမ့်မည်မဟုတ်ဟုလည်း ယုံကြည်သည်။

အလယ်လမ်းကြောင်းအတိုင်း စွတ်ပြေးလာခဲ့သည်။ ဆရာဝန်များ၏ ဒူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာသည်။ အဒမ်ကျောထဲ စိမ့်ခနဲ ခံစားလိုက် သည်။ တံခါးပေါက်မှ အစောင့်ကို တစ်ချက်ရှိန်ထိုး ဝင်တိုက်ပြီး ခန်းမကြီး စင်္ကြံလမ်း အတိုင်း ဆက်ပြေးလာခဲ့သည်။ အစောင့်၏ လှမ်းအော်သံ ကြားရသည်။

လှေကားကို အတင်းပြေးတက်သည်။ ရှေ့တိုးပြီး လဲသွားတော့မလို ဖြစ် သွားသည်။ အပေါ်မှဆင်းလာသော ဘဏ္ဍာစိုးတစ်ယောက်က လက်ကမ်းပြီး ထိန်းပေးထားလိုက်သည်။ သို့သော် သူက အဒမ်အား တားဆီးခြင်းမပြုဘဲ သူ့ဟာ သူ ဆက်ဆင်းသွားသည်။

အဒမ်သည် ဗဟိုကုန်းပတ်မှ စားသောက်ဆိုင်ထဲသို့ ရောက်လာခဲ့သည်။ အပေါ်ဆက်တက်ရမည်လား၊ အောက်ဆင်းပြေးရမည်လား၊ စဉ်းစားကြည့်သည်။ အောက်ဆင်း၍ မဖြစ်။ အခန်းတွေက ကျဉ်းလွန်းသည်။ သူ မွန်းကျပ်မခံနိုင်။ သို့ဖြင့် ဟောပြောပွဲအခန်းများကို ဖြတ်ပြေးလာခဲ့သည်။

အသံချဲ့စက်မှ တပ်လှန့်နှိုးဆော်သံ ပေါ်ထွက်လာသည်။

'အရေးကြီးတယ်၊ နားထောင်ကြပါ၊ ခရီးသည်စမိုက် စိတ်ဖောက်ပြန်ပြီး သဘော်ပေါ် တက်ပြေးနေတယ်၊ တွေ့ရာမှ လိုက်ဖမ်းကြပါ'

လှေကားထိပ်တွင် ရပ်ပြီး အားတင်းလိုက်သည်။ သို့သော် ကြောက်စိတ် က ပျောက်မသွား။ ဆက်ပြေးလို့ မဖြစ်တော့။ ပုန်းစရာ တစ်နေရာရာ ရှာရမည်။ နံရံကပ်ကြောင်အိမ်များနှင့် ဗီရိုတွေပဲ ရှိသည်။ သို့သော် ပုန်း၍ လုံမည်မဟုတ်။ သည်ပစ္စည်းတွေကို သူတို့မွှေနှောက် ရှာဖွေကြမည်သာ။

နောက်လှေကားတစ်ခုကို ပြေးတက်လာခဲ့သည်။ လမ်းလျှောက်ကုန်း ပတ်သို့ ရောက်သောအခါ အောက်ဘက်မှ အော်ဟစ်သံများ ကြားရသည်။

ကြောက်လွန်းလို့ ဒူးတွေ တဆတ်ဆတ်တုန်နေသည်။ ရပ်နေလို့ မဖြစ်၊ ဆက်ပြေးလာခဲ့သည်။ နေဆာလှုံကုန်းပတ်သို့ ရောက်လာသည်။ ဆက်ပြေးသည်။ ရေကူးကန်ဘေးမှ ပတ်ပြေးလာသည်။ သူ့ရှေ့တွင် ဖြူဖွေး နေသော မီးခိုးခေါင်းတိုင်ကြီး ဘွားခနဲပေါ်လာသည်။ သဘော်နံရံတွင် တပ် ထားသော သံလှေကားတစ်ခုကို တွေ့ရသည်။ ဘာမှစဉ်းစားမနေတော့ဘဲ လှေကားအတိုင်း ပြေးတက်လာခဲ့သည်။ ကုန်းပတ်မှ လွန်သွားသောအခါ ကြယ်သီးပွင့်နေသော ရင်ဘတ်ကို လေပြင်းက အတင်းဆောင့်တိုးသည်။

ပေ ၅၀ ခန့်အမြင့်သို့ ရောက်လာသည်။ အောက်ဘက် နေဆာလှုံကုန်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်မှ အော်ဟစ်သံများ ကြားရသည်။ အဖြူရောင်နံရံပေါ်တွင် စူးပြင်းသော မီးရောင်လာထိုးသည်။ အဒမ်သည် အသက်အောင့်ကာ မျက်လုံးစုံမှိတ်ထားလိုက်သည်။

စက္ကန့်ပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။ ဘာသံမှမကြားရတော့။ မဝံ့မရဲဖြင့် အောက်သို့ ငုံ့ကြည့်လိုက်သည်။

ဘဏ္ဍာစိုးပေါင်းများစွာတို့သည် အသက်ကယ်လှေများပေါ်တွင် အုပ်ထားသော ကင်းဗတ်များကို လှန်ကြည့်နေကြသည်။ ကြောင်အိမ်များနှင့် ဗီရိုများကို ဖွင့်ကြည့်နေကြသည်။ သူတို့က အဒမ် ဘယ်ရောက်နေမှန်း လုံးဝမသိသည်မှာ သေချာသည်။ သို့သော် အဒမ်ကတော့ ကုန်းပတ်ပေါ်မှ အမြင့်ကြီးသို့ ရောက်နေသဖြင့် ခေါင်းထဲတွင် မူးတူးဝေတေဖြစ်လာသလို ခံစားနေရသည်။ အပေါ်သို့ မော့ကြည့်လိုက်တော့လည်း ပိုပြီး ကောင်းမလာ။ မှုန်မွှားမွှား ကောင်းကင်ပြင်တွင် ကြယ်ကလေးတွေ တလက်လက်နှင့် ရွေ့လျား သွားလာနေကြသည်။

အတော်ကလေးကြာတော့ အောက်သို့ ငုံ့ကြည့်လိုက်ပြန်သည်။ မီးခိုးခေါင်းတိုင်ခြေရင်းတွင် ဘဏ္ဍာစိုးတွေ ခြေချင်းလိမ်နေကြသည်။ အဒမ်သည် အမြင့်တက်ရန် ကြောက်သော်လည်း လှေကားအပေါ်သို့ တရွေ့ရွေ့ ဆက်တက်နေမိသည်။ လှေကားထိပ်ဆုံးသို့ရောက်ရန် အများဆုံး ၂၅ ပေ လောက်သာ ရှိတော့သည်။ ထိပ်ဆုံးအောက်နားလေးမှ ခေါင်းတိုင်တစ်ဖက်တစ်ချက်တွင် မည်းမှောင်မှောင် အပေါက်နှစ်ပေါက် ရှိသည်။ နှစ်ပေါက်စလုံး လူတစ်ကိုယ်ဝင်ဆန့်သည်။ ထိုအပေါက်ထဲ ဝင်ပုန်းလို့ ရနိုင်၊မရနိုင် သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဖြည်းဖြည်းချင်း တက်လာခဲ့ရာ အပေါက်ဝသို့ ရောက်လာသည်။ နှစ်ပေါက်စလုံးတွင် သံချောင်းများ ခင်းထားသည်။

ယခုလို ဟင်းလင်းပွင့်နေသော နေရာတွင် ကြာကြာပုန်းနေ၍တော့ မရနိုင်။ လက်ဝဲဘက်အပေါက်မှ အနားစွန်းကို မြဲမြဲကိုင်ပြီး အပေါက်က ကျော်တက်ရန် ကြိုးစားသည်။ လှေကားနှင့် အပေါက်ကြားတွင် တွဲလောင်းကြီး ဖြစ်နေသည်။ စိတ်ကိုတင်းကာ လှေကားကို လက်လွှတ်ပြီး ခေါင်းတိုင်ထဲသို့ ဝင်လိုက်သည်။

ခေါင်းတိုင်ပေါက်ထဲမှ ကြွက်လျှောက်တန်းပေါ်တွင် ခြေကုပ်မိသော အခါတွင်မှ ဟန်ချက်ရသွားသည်။ ဤနေရာကို ဘာအတွက် အသုံးပြုမှန်း သူမသိ။ သို့သော်လည်း ဤနေရာသို့ ရောက်လာရသည့်အတွက် ဝမ်းသာမိသည်။ ယခုဆိုလျှင် သူ့ကို ဘယ်သူမှ မြင်နိုင်စရာမရှိတော့။ သို့သော် နောက်ထပ် ဘာလုပ်ရမည်နည်းဟု အကြံထုတ်သည်။

ဆရာဝန်များ၏ အော်ညည်းသံများက သူ့ကို ခြောက်လှန့်နေတုန်း ရှိသေး





သည်။ ဒေါက်တာဗန်ဒါမားနှင့် ဒေါက်တာဖော်လီတို့ ဘယ်အထိ ဒုက္ခခံခဲ့ကြရမည်ဆိုသည်ကို ယခုမှ သဘောပေါက်တော့သည်။

တစ်ဆက်တည်းတွင် ဒေါက်တာဂေါ်ဒတ်၏ ဟောပြောချက်ကို သတိရသည်။ အေရိုလင်ကုမ္ပဏီသည် သန္ဓေသား ဗီဇသုတေသနလုပ်ငန်းကို အလွန်အာရုံစိုက်နေသည်မှာ ထင်ရှားသည်။ ဤအတိုင်းဆိုလျှင် ကုမ္ပဏီအနေဖြင့် သန္ဓေသားတစ်ရှုးတွေ အမြောက်အမြား လိုအပ်လိမ့်မည်။ ထို့ကြောင့် ဂျူလီယံဆေးရုံက သန္ဓေသား ဗီဇစစ်ဆေးခြင်းလုပ်ငန်းကို တွင်တွင်ကြီး လုပ်နေခြင်းဖြစ်သည်။ ဝင်စစ် ဂျင်နီဖာ၏ သန္ဓေသားစစ်ဆေးချက် လွဲမှားသွားသည်ဆိုခြင်းမှာ လုံးဝမဟုတ်နိုင်။ သူတို့ တမင်လုပ်တာပင် ဖြစ်ရမည်။

အဒမ်တစ်ကိုယ်လုံး ချွေးတွေ ပြန်လာသည်။ သူနယူးယောက်သို့ ပြန်မရောက်မီ သူတို့က ဂျင်နီဖာ၏သန္ဓေသားကို နောက်ထပ် ပြန်လည် စစ်ဆေးလျှင် ဘယ်လိုလုပ်ရပါမည်နည်း။

အဒမ့် ဒူးများ ခွေကျသွားသည်။ ဤနေရာမှထွက်၍ ဆက်ပြေးလျှင်တော့ သင်္ဘောသားများ၏ သီးသန့်ခန်းသို့ ရောက်နိုင်သည်။ ထိုအခါ တစ်နည်းနည်းဖြင့် ရေဒီယိုကို အသုံးပြုကာ အပြင်သို့ ဆက်သွယ်နိုင်စရာရှိသည်။ သို့သော် ဤသည်မှာ စိတ်ကူးမျှသာ ဖြစ်သည်။

ခေါင်းတိုင်ကို တစ်စုံတစ်ရာနှင့် ထိခိုက်သံ ကြားလိုက်ရသည်။ ဤနေရာတွင် ဆက်နေ၍ မလုံခြုံနိုင်တော့။

ခေါင်းတိုင်ပေါက်အနားကို ကိုင်ကာ အပြင်သို့ ချောင်းကြည့်လိုက်သည်။ လှေကားတစ်ဝက်လောက်တွင် ဘဏ္ဍာစိုးတစ်ယောက်သာ မြင်ရသည်။ အဒမ် အကြီးအကျယ် ကြောက်သွားသည်။ သူ ဘယ်လိုမှ ပြေးမလွတ်နိုင်တော့။

ဘဏ္ဍာစိုး၏ အသက်ပြင်းပြင်း ရှူသံကြားရသည်။ မိနစ်အနည်းငယ်ခန့်ကြာတော့ လက်တစ်ဖက်က အပေါက်အစွန်းကို လာကိုင်သည်။ ထို့နောက် ခြေထောက်ရောက်လာသည်။ ပြီးတော့ တစ်ကိုယ်လုံး ဝင်လာသည်။

အပေါက်ဝတွင် ဘဏ္ဍာစိုး၏ မည်းမည်းသဏ္ဌာန်ကိုသာ မြင်နေရသည်။ သူသည် ကတုန်ကယင်ဖြင့် အပေါက်ဝကို လွယ်လွယ်ကူကူ မဝင်နိုင် ဖြစ်နေသည်။ အဒမ်က ဘဏ္ဍာစိုး၏ ဂျက်ကက်အင်္ကျီကို လှမ်းဆွဲပြီး အထဲသို့ ဆွဲသွင်းပေးလိုက်သည်။ ဘဏ္ဍာစိုးသည် ကြွက်လျှောက်တန်းပေါ်တွင် ထိုင်ကာ မောဟိုက်နေသည်။ အဒမ်က သူ့ခေါင်းကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရ။ ထို့နောက် ဘဏ္ဍာစိုး၏ အင်္ကျီကို ချွတ်ပေးလိုက်သည်။ ဘဏ္ဍာစိုးသည် သူ ဘယ်ရောက်နေမှန်း သိပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



အဒမ်သည် ဘဏ္ဍာစိုးကိုကျော်ပြီး လှေကားအောက်သို့ ငုံ့ကြည့်လိုက်သည်။ လူသူအရိပ်အယောင် လုံးဝမမြင်ရ။ ဘဏ္ဍာစိုး သတိရမလာမီ ဤနေရာမှ ထွက်ပြေးမှ ဖြစ်တော့မည်။ သင်္ဘောသားများအခန်းသို့ ရောက်လျှင် ပုန်းစရာတစ်နေရာရာ တွေ့ကောင်း တွေ့နိုင်သည်။

သို့ဖြင့် လှေကားမှ ပြန်ဆင်းလာခဲ့သည်။ လှေကားတစ်ဝက်လောက်အရောက်တွင် အောက်ထပ်ကုန်းပတ်သို့ ဘဏ္ဍာစိုးတွေ လာနေသံ ကြားရသည်။ အဒမ် မြန်မြန်ကလေး ဆင်းလာခဲ့သည်။ ကုန်းပတ်ပေါ်သို့ ရောက်လာပြီး ကော်လာလည်စည်းကို တင်းတင်း ပြန်စည်းသည်။ ဂျက်ကက်အင်္ကျီကို လက်ဖြင့်ပွတ်သပ်ပြင်ဆင်လိုက်သည်။ ထို့နောက် ဆက်ပြေးလာခဲ့သည်။

လှေကားမကြီးဘေးရှိ ဗီရိုနှင့် ကြောင်အိမ်များကို ဘဏ္ဍာစိုးတစ်ယောက် မွှေနှောက်ရှာဖွေနေသည်။ အဒမ်သည် ဘဏ္ဍာစိုး မမြင်အောင် နောက်ဘက်မှ အသာကပ်သွားပြီး လှေကားပေါ်သို့ တက်လာခဲ့သည်။ လမ်းလျှောက်ကုန်းပတ်သို့ ရောက်လာသည်။ လူသူတစ်ယောက်မျှ မရှိ။ သို့သော် ဘဏ္ဍာစိုးတွေအားလုံး သင်္ဘောပေါ်တွင် နေရာအနှံ့အပြား ဖြန့်ပြီး ရှာဖွေနေသံများ ကြားနေရသည်။

အဒမ်သည် သင်္ဘောနံရံကို ကပ်ပြီးလျှောက်လာခဲ့သည်။ လူမြင်လျှင် မှတ်မိမည်စိုး၍ ဂျက်ကက်အင်္ကျီကို ချွတ်ကာ သင်္ဘောပေါ်မှ ပစ်ချလိုက်သည်။

မြန်မြန် လျှောက်လာခဲ့သည်။ ဂျိုဆေနှင့် ချိန်းတွေ့သော တံခါးပေါက်ကို ရောက်လာသည်။ တံခါးကို ဖွင့်လိုက်သည်။ စကြံလမ်းတွင် မီးမှိန်မှိန်သာ လင်းနေသည်။ ခန်းမအဆုံးဘက်မှ လူသံများနှင့် ထုထောင်းသံများ ကြားရသည်။ သင်္ဘောသားများ၏ စားသောက်ခန်း ဖြစ်ရမည်။

ကြမ်းခင်းသံပြားကို ချွတ်နင်းကာ ဖြည်းဖြည်းလျှောက်လာသည်။ ဂျိုဆေ၏ အခန်းတံခါးဝသို့ ရောက်လာသည်။ တံခါးကို အသာခေါက်လိုက်သည်။ အထဲမှ ဘာသံမှမကြားရ။ တံခါးလက်ကိုင်ဘုကို လှည့်လိုက်သည်။ တံခါးပွင့်သွားသည်။ အခန်းထဲသို့ဝင်ကာ တံခါးကို ခပ်မြန်မြန် ပြန်ပိတ်လိုက်သည်။

အခန်းထဲတွင် မီးမရှိ။ ပိတ်ပိတ်သား မှောင်မည်းနေသည်။ နံရံကို လက်နှင့်စမ်းကာ မီးခလုတ် တွေ့လိုတွေ့ငြား လိုက်ရှာသည်။ ဘာမှမတွေ့။ နံရံကပ်အိပ်စင်အပေါ်တွင် မှန်အိမ်ချိတ်ထားသည်ကို သတိရသည်။ ကြမ်းပြင်ကို ရှပ်တိုက်ကာ ဖြည်းဖြည်း ရွေ့လာခဲ့သည်။ မှန်အိမ်ကို လှမ်း၍ စမ်းလိုက်သည်။

မမြင်ရသော လက်တစ်ချောင်းက အဒမ်၏လည်ပင်းကို ရုတ်တရက် ဖမ်းညှစ်လိုက်သည်။

'ဂျိုဆေ၊ ကျွန်တော်ပါ၊ ကျွန်တော်ပါ'

အဒမ်က ကမန်းကတန်း ပြောလိုက်သည်။ ညှစ်အား လျော့သွားပြီး





"ဖျောက်"ခနဲ အသံကြားလိုက်သည်။ အခန်းထဲတွင် မီးလင်းသွားသည်။ ဂျိုဆေသည် အဒမ်ရှေ့တွင် ရပ်ကာ မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေသည်။

'ခင်ဗျား ...သေမှာ မကြောက်ဘူးလား'

ဂျိုဆေက ယင်းသို့ပြောပြီး ခုတင်စွန်းတွင် ထိုင်ချလိုက်သည်။

'ကျွန်တော် တံခါးခေါက်သေးတယ်၊ ခင်ဗျားက မနိုးဘူး'

အဒမ်က လည်ပင်းကို လက်နှင့်ပွတ်ရင်း ပြောလိုက်သည်။

'ကျွန်တော် အိပ်ပျော်နေတာ၊ ဘယ်နိုးပါ့မလဲ'

'တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အရေးပေါ်အန္တရာယ် ကြုံလာလို့ပါ'

'ဘာလဲ၊ ဟို ကောလိပ်ကျောင်းသူလေး ခင်ဗျားနောက် လိုက်လာလို့လား'

ဂျိုဆေက သရော်တော်တော်သံဖြင့် မေးလိုက်သည်။

'အဲဒီလိုမဟုတ်ပါဘူး၊ ခင်ဗျားပြောတဲ့ အင်္ကျီအဖြူနဲ့ ငတိတွေပါ'

'သူတို့က ခင်ဗျားကို ဘာဖြစ်လို့ အန္တရာယ်ပြုရတာလဲ'

'ပြောရင် ခင်ဗျားယုံမှာ မဟုတ်ဘူး၊ ဒီအကြောင်း အသာထားလိုက်ပါဦး၊ လောလောဆယ် ခင်ဗျား ပိုက်ဆံရပေါက်ရှိတယ်။ စိတ်ဝင်စားသလား'

'ဟာ ..ဘယ့်နှယ်၊ စိတ်မဝင်စားဘဲ နေပါ့မလားဗျ၊ ပိုက်ဆံက လူတိုင်းသည်းခြေကြိုက်ပဲ၊ ခင်ဗျားက ဘာလုပ်ချင်လို့လဲ'

'ဒီသင်္ဘောက စိန်ဆိုသာမတ်ကျွန်းကို ဘယ်တော့ ရောက်မှာလဲ'

'အခု ဘယ်အချိန်ရှိပြီလဲ'

အဒမ်က လက်ပတ်နာရီကို ကြည့်လိုက်သည်။

'တစ်နာရီခွဲ'

'ဒါဆို လေးနာရီ။ ငါးနာရီလောက်မှာ ရောက်မယ်'

'အဲဒီတော့ ဒီလိုလုပ်ပါ၊ သင်္ဘောမဆိုက်မချင်း ကျွန်တော့်ကို လုံလုံခြုံခြုံ ဝှက်ထားပါ၊ သင်္ဘောဆိုက်တော့ ကျွန်တော် တိတ်တိတ်ကလေး ဆင်းပြေးချင်လို့'

ဂျိုဆေက မျက်နှာကို လက်ခုံဖြင့် ပွတ်လိုက်ပြီး–

'ဒါဆို ခင်ဗျားက ပိုက်ဆံဘယ်လောက် ပေးနိုင်မှာလဲ'

အဒမ်က ပိုက်ဆံအိတ် ထုတ်လိုက်သည်။ ပိုက်ဆံတွေကို ရေတွက်ကြည့်သည်။ စုစုပေါင်း ဒေါ်လာ ၃၀၀ နီးပါး ရှိသေးသည်။

'ကျွန်တော့်အတွက် အငှားကားခပဲ ချန်ထားမယ်၊ ၂၇၅ ဒေါ်လာ ခင်ဗျား ယူပါ'

ဂျိုဆေက မျက်ခုံးချီလိုက်ပြီး–

'ကျွန်တော်က တာဝန်တော့ မခံနိုင်ဘူး၊ ဒါပေမဲ့ အတတ်နိုင်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားကြည့်မယ်၊ ခင်ဗျားကို မိသွားရင်တော့ ကျွန်တော်နဲ့ လုံးဝ မပတ်သက်ဘူးလို့ ပြောရမှာပဲ'

'ရပါတယ်၊ ရော့၊ အခု ၁၀၀ ယူထားပါ၊ သဘော်က ဆင်းတော့ ကျန်တာ အကုန်ပေးမယ်'

ဂျိုဆေက ခေါင်းညိတ်ပြီး ပိုက်ဆံကို ယူလိုက်သည်။ ထို့နောက် ကြောင်အိမ်ကို ဖွင့်ကာ စက်ဆီပေကျံနေသော ကာတီဘောင်းဘီနှင့် ဖလန်နယ် အင်္ကျီ အစုတ်တစ်ထည် ဆွဲထုတ်လိုက်သည်။ ဘောင်းဘီနှင့်အင်္ကျီကို အဒမ့်ဆီ ပစ်ပေးရင်း–

'ဒါတွေ ဝတ်ထား၊ သူတို့က သင်္ဘောသားလို့ ထင်လိမ့်မယ်၊ ကျွန်တော့်မှာ မိတ်ဆွေသုံးလေးယောက် ရှိတယ်၊ သူတို့က ဘဏ္ဍာစိုး ငနဲတွေကို လုံးဝ ကြည့်လို့မရဘူး၊ လိုအပ်ရင် သူတို့က ခင်ဗျားကို ကူညီလိမ့်မယ်၊ ခင်ဗျား ဒီမှာပဲနေပါ၊ ဘယ်သူမှ မသိပါဘူး'

'အေးဗျာ၊ အခုလို ကူညီတာ ကျေးဇူးအများကြီးတင်ပါတယ်'

'ကျေးဇူးတင်မနေနဲ့၊ ကျွန်တော်က ပိုက်ဆံရလို့ လုပ်တာ'

ထို့နောက် ဂျိုဆေသည် ဘောင်းဘီတစ်ထည်ဆွဲယူပြီး အပြင်သို့ ထွက်သွားသည်။

အဒမ်သည် သင်္ဘောသားအဝတ်များကို လဲဝတ်သည်။ သူ့အဝတ်အစားများကို ကြောင်အိမ်ထဲ ထည့်ထားလိုက်သည်။

ပြီးတော့ ရေစင်ပေါ်မှ မှန်တွင် သူ့ကိုယ်သူ ကြည့်လိုက်သည်။ သူလန့်သွားမိသည်။ သို့သော် မုတ်ဆိတ်တွေ ဗျာ မြန်မြန်ရှည်လာတာကိုပင် ကျေးဇူးတင်မိသည်။ သူ့ရုပ်က ခရီးသည်ရုပ်နှင့် လုံးဝမတူတော့။

တံခါး ပြန်ပွင့်လာသည်၊ အဒမ် လန့်သွားသည်။ သို့သော် တခြားလူ မဟုတ်။ ဂျိုဆေ။

'နောက်ဆိုရင် တံခါးခေါက်ပြီးမှ ဝင်ပါ ဂျိုဆေ၊ ကျွန်တော် ရင်တွေတုန်လွန်းလို့ပါ'

'ဒါ ကျွန်တော့်အခန်းဗျ၊ တံခါးခေါက်နေစရာ မလိုဘူး'

ဂျိုဆေက စိတ်ဆိုးသံကြီးနှင့် ပြန်ပြောသည်။

အဒမ်က ဘာမှပြန်မပြောရဲတော့ဘဲ အသာကလေး ကုပ်နေလိုက်ရသည်။

ဂျိုဆေသည် ခုတင်ပေါ်တွင် ထိုင်ချလိုက်သည်။

'ကျွန်တော် အခုပဲ မိတ်ဆွေတစ်ယောက်နဲ့ သွားတွေ့တယ်၊ သင်္ဘောဆိုက်ရင် ခင်ဗျားဆင်းမယ်ဆိုတာ ပြောပြတယ်၊ သူက လျှို့ဝှက်ထွက်ပေါက်လည်း ကောင်းကောင်း သိတယ်၊ စိန့်သောမတ်မှာ သင်္ဘောဆိုက်တဲ့အခါ သူဟာ





သူ့ တိတ်တိတ်ကလေး ဆင်းမလို့ ကျိတ်ပြီး ရှာထားတာတဲ့၊ ပြဿနာတော့ ပိုက်ဆံကိစ္စပဲ၊ အဲဒီတော့ ခုနက ခင်ဗျားချန်ထားတဲ့ ပိုက်ဆံအကုန်ပေးပါ။ ကျွန်တော်က နောက်နှစ်ယောက်ကိုလည်း ခွဲပေးရဦးမှာ'

အဒမ်က ခေါင်းကို ခါယမ်းလိုက်သည်။

'ခင်ဗျား သဘောမတူဘူးလား' ဂျိုဆေက မေးသည်။ 'ဒါဆို ကျွန်တော့်အခန်းထဲက ချက်ချင်း ပြန်ထွက်သွားတော့'

အဒမ် ဘေးကျပ်နံကျပ် ကြုံရပြီ၊ ခုခံနိုင်စွမ်း ဘာမျှမရှိတော့။ အကယ်၍ ဂျိုဆေက အတင်းအကျပ်တောင်းခဲ့လျှင် သူ့မှာ ပါသမျှပိုက်ဆံ အကုန်ပေးရမည်သာ ဖြစ်သည်။

သို့ဖြင့် အဒမ်သည် လုံးဝလက်လျှော့လိုက်ပြီး ပိုက်ဆံအိတ်ကို အိတ်ထဲမှ ထုတ်ယူလိုက်သည်။ သူ့အတွက် ၂၅ ဒေါ်လာသာ ချန်ထားပြီး ကျန်တာအားလုံး ဂျိုဆေကို ပေးလိုက်သည်။

ဂျိုဆေက ပိုက်ဆံတွေကို အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်ပြီး–

'ကျွန်တော် တစ်ခုတော့ ပြောချင်တယ်၊ အခု ပိုက်ဆံပေးတာ ခင်ဗျားကို ကျွန်တော်က ကူညီလို့ပေးတာ၊ ဒါပေမဲ့ ကျွန်တော်တို့က ဒီလိုပိုက်ဆံယူပြီး ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းမစွပ်နိုင်ဘူး၊ အခုလို ခင်ဗျားကို ကူညီတာဟာ ကျွန်တော်တို့က အဲဒီဘဏ္ဍာစိုး ငတိတွေကို သောက်မြင်ကပ်လို့ ကူညီတာလို့ မှတ်ပါ'

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် သဘောပေါက်ပါတယ်'

'ဒီတော့ ခင်ဗျား ဒီနေရာမှာ တစ်ညလုံး ပုန်းနေပါ၊ မိုးလင်းတော့ သင်္ဘောဆိုက်တဲ့အခါ ကျွန်တော် လာခေါ်မယ်၊ ကျွန်တော်ပြောတာ ရှင်းရဲ့လား'

အဒမ်က ခေါင်းတညိတ်ညိတ်ဖြင့်–

'ဟုတ်ကဲ့ ရှင်းပါတယ်၊ ရှင်းပါတယ်၊ ဒါနဲ့ ခင်ဗျား ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ကျွန်တော့်ကို ပြောပြနိုင်မှာလား'

ဂျိုဆေက ပြုံးလိုက်ပြီး–

'ခင်ဗျား အံ့အားသင့်သွားအောင် လုပ်ပြမယ်၊ စိတ်အေးအေးသာ နေပါ၊ ဘာမှ ပူစရာမရှိဘူး'

ဂျိုဆေသည် အားရပါးရ ရယ်မောရင်း အခန်းထဲမှ ပြန်ထွက်လာသည်။

အဒမ်က လက်ပတ်နာရီကို ကြည့်လိုက်သည်။ အချိန်အကြာကြီး စောင့်ဆိုင်းရဦးမှာပါလားဟု တွေးပြီး စိတ်မောသွားမိသည်။

သူသည် စိုးရိမ်လွန်းကာ အိပ်ချင်စိတ်မရှိ ဖြစ်နေသည်။ သို့သော် မကြာမီမှာပင် မျက်ခွံလေးလံလာသည်။ သို့နှင့် အိပ်ရာပေါ် လှဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားမှန်း မသိ။ စင်္ကြံဘက်မှ အော်သံများကြောင့် လန့်နိုးလာခဲ့သည်။ စကားပြောသံကို သူ ချက်ချင်း မှတ်မိလိုက်သည်။

'ဒီဘက်ဧရိယာမှာ ကျုပ်က တာဝန်ခံပဲ၊ ကျုပ် အခွင့်မရဘဲနဲ့ ဘယ်သူမှ ဒီကိုလာပြီး ရှာလားဖွေလား မလုပ်ရဘူး'

သဘော်ကပ္ပတိန်၏အသံကို ပြတ်ပြတ်သားသား ကြားရသည်။

'ကျုပ်ကလည်း ဒီသဘော်ရဲ့တာဝန်ခံပါ၊ အဲဒီတော့ ခဏလေးသာ ဝင်ရှာပါရစေ'ဟု အသံလေးလေးကြီးဖြင့် တစ်ယောက်က ပြောသည်။

ထိုသူမှာ မစ္စတာရေမွန်ပိုဝဲဖြစ်မည်ဟု အဒမ်က တွေးလိုက်သည်။

ထို့နောက် တစ်ယောက်တစ်ပေါက် ပြောသံများ ကျယ်ကျယ်လောင်လောင် ကြားနေရသည်။ တံခါးတွန်းဖွင့်သံ၊ ပြန်ပိတ်သံများလည်း တဝုန်းဝုန်း ကြားနေရသည်။

အဒမ်သည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ကာ ပုန်းစရာနေရာ ရှာကြည့်သည်။ ဘယ်နေရာမှမတွေ့။ ကြောင်အိမ်ထဲ ဝင်နေဖို့ကလည်း သူ့ကိုယ်နှင့်မဆံ့။

ထို့နောက် အကြံတစ်ခုရသည်။

ဆံပင်များကို နဖူးအထိ ဖွာချလိုက်သည်။ ဘောင်းဘီကို ခြေမျက်စိအထိ ချွတ်ချလိုက်သည်။ တံခါးမရှိသော အိမ်သာထဲဝင်လာပြီး ထိုင်လိုက်သည်။ အနီးမှ ကြမ်းပြင်တွင် "ပင့်ဟောက်စ်" မဂ္ဂဇင်း အဟောင်းတစ်စောင် တွေ့ရသည်။ ယင်းမဂ္ဂဇင်းကို ကောက်ယူကာ ပေါင်ပေါ်တွင် တင်လိုက် သည်။

တံခါးသော့ဖွင့်သံ ကြားရသည်။ တံခါးရွက်များ ဝုန်းခနဲ ပွင့်သွားသည်။

အဒမ် ရင်တမမနှင့် လှမ်းကြည့်လိုက်သည်။ တံခါးဝတွင် ဘဏ္ဍာစိုး တစ်ယောက် ရပ်နေသည်။ သူ့နောက်တွင် မစ္စတာပိုဝဲ ရပ်နေသည်။ ကပ္ပတိန် နော့စထရွန်က အတန်တန် ငြင်းဆန်နေဆဲ ဖြစ်သည်။ မစ္စတာပိုဝဲက အဒမ့်ဘက်သို့ ရှုံ့သိုးသိုးနှင့် တစ်ချက်လှည့်ကြည့်ပြီး ပြန်လှည့်ထွက်သွားသည်။ ဘဏ္ဍာစိုးလည်း နောက်မှ လိုက်ထွက်သွားသည်။ တံခါးပြန်ပိတ်သွားပြီ။

အဒမ်သည် ခေတ္တမျှ မလှုပ်မယှက် ဖြစ်နေသည်။ စင်္ကြံဘက်သို့ သွားသော ဆူဆူညံညံ စကားပြောသံများ ကြားရသည်။

အဒမ် ပြန်ထပြီး ဘောင်းဘီကို ဆွဲတင်လိုက်သည်။

အိပ်စင်သို့ ပြန်လာကာ လှဲအိပ်လိုက်သည်။ မဂ္ဂဇင်းကို ဖွင့်ဖတ်သည်။ သို့သော် အထဲတွင် အာရုံမရောက်။ ရှာဖွေရေးအဖွဲ့ ပြန်လှည့်လာမည်ကို တွေးကြောက်နေသည်။

အတော်ကလေးကြာတော့ သူ အိပ်ပျော်သွားသည်။





ဒုံးခနဲ မြည်သံကြီးကြောင့် ရုတ်တရက် လန့်နိုးလာသည်။ သဘော်ဆိုက်ပြီဆိုတာ သိလိုက်သည်။ အချိန်က ငါးနာရီ ၁၅ မိနစ်။

နောက်တစ်နာရီ ၁၅ မိနစ် အချိန်သည် အဒမ့်အဖို့ အရှည်ကြာဆုံးအချိန် ဖြစ်သည်။ လူတွေ လှုပ်ရှားသွားလာသံများ မပြတ်ကြားနေရသည်။ သူ့ကို လာရှာကြတာများလားဟု တွေးပြီး ရင်တမမ ဖြစ်နေမိသည်။

ခြောက်နာရီခွဲတွင် ဂျိုဆေ ပြန်ရောက်လာသည်။

'အားလုံးအဆင်သင့်ပဲ'ဟု ပြောပြီး ကြောင်အိမ်ထဲမှ အရက်ပုလင်းကို သွားယူသည်။ 'အဲဒီတော့ ခင်ဗျား တစ်ပက်လောက်တော့ သောက်မှဖြစ်လိမ့်မယ်'

'လိုအပ်တယ် ထင်လို့လား'

'သိပ်လိုအပ်တာပေါ့' သူက အရက်ခွက် ကမ်းပေးသည်။ 'ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင် ဒီအချိန်မျိုးမှာ လေးပက်လောက်တော့ ဆက်သောက် ်စ်လိုက်မှာပဲ'

အဒမ်က အရက်ခွက် လှမ်းယူကာ တစ်ရှိုက်သောက်သည်။ အရက်က ပြင်းသလောက် အဝင်လည်း ဆိုးသည်။

သူက ခေါင်းကို ခါယမ်းပြီး အရက်ခွက်ကို ပြန်ပေးလိုက်သည်။

ဂျိုဆေက တစ်ခွက်လုံး အာစောက် မော့ချလိုက်သည်။

ထို့နောက် အရက်ပုလင်းကို ကြောင်အိမ်ထဲတွင် ပြန်ထားလိုက်သည်။ အဒမ့်အနီးသို့ ပြန်လာပြီး လက်နှစ်ဖက်ကို ပွတ်ရင်း–

'အရေးကြုံလို့ ခင်ဗျားနာမည်ကို မေးရင် အိန်ဂျယ်လို့ပြော၊ လိုလိုမည်မည် ပြောထားတာပါ၊ တကယ်တော့ ခင်ဗျားအနေနဲ့ စကားပြောနေဖို့ အချိန်လဲရမှာ မဟုတ်ပါဘူး'

ဂျိုဆေက တံခါးကို ဖွင့်လိုက်သည်။ အဒမ့်ကို လက်ယပ်ခေါ်သည်။ သူ့နောက်မှ အဒမ် လိုက်လာခဲ့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

ယမန်နေ့ ညက ဂျင်နီဖာ မျက်လုံးအကြောင်သားနှင့် မိုးစင်စင်လင်းသွားခဲ့သည်။

မနက် ခုနစ်နာရီ ၄၅ မိနစ်တွင် တယ်လီဖုန်းလာတော့ သူမ်ိဳးဖိုခန်းထဲ ရောက်နေပြီ။ သူ့မိဘများ အိပ်နေဆဲရှိသေးသည်အထင်ဖြင့် တယ်လီဖုန်းကို ခပ်မြန်မြန်ကလေး ကောက်ကိုင်လိုက်သည်။ သို့သော် တစ်ချိန်တည်းတွင် သူမိခင် ကြီးကလည်း ကောက်ကိုင်ပြီး ဖြစ်နေသည်။

'ပြန်ချလိုက်ပါ မေမေ၊ သမီး နားထောင်လိုက်မယ်'

ဒေါက်တာ ဗန်ဒါမား ဆက်တာမှန်းသိ၍ ဂျင်နီဖာက ပြောလိုက်သည်။

'မင်္ဂလာနံနက်ပါ ဂျင်နီဖာ၊ မင်းကို သုံးနာရီခွဲမှာစပြီး ခွဲစိတ်ဖို့ စီစဉ်ထား တယ်၊ နည်းနည်း နောက်ကျတာကိုတော့ ခွင့်လွှတ်ပါ၊ တို့မှာက အလုပ်တွေ သိပ်ပိနေတယ်၊ မင်းကို လက်ခံဖို့ ကီစ္စတောင် မနည်းညှိယူရတာ၊ ဒါပေမဲ့ မကြာ ပါဘူး၊ အရည်ထုတ်ရုံလောက်ကလေးပါ၊ ညတွင်းချင်း အားလုံးပြီးသွားမှာပါ၊ ညနေကျတော့ မင်းစားချင်တာ မှာစားနိုင်ပြီပေါ့'

'ကောင်းပါတယ် ဒေါက်တာ၊ ဒါနဲ့ ကျွန်မ ဆေးရုံမှာ ဘယ်လောက် ကြာကြာနေရမှာလဲ ဒေါက်တာ'

'တစ်ညပါပဲ၊ မင်း ဆေးရုံရောက်တော့မှ ငါ အသေးစိတ် ပြောပြပါ့မယ်'

'ကျွန်မ ဘယ်အချိန် ဆေးရုံတက်ရမှာလဲ'

'ဒီနေ့မနက်ပဲ တက်ရမှာပေါ့၊ ဒါပေမဲ့ နည်းနည်း နောက်ကျခံပြီးမှ လာခဲ့ ပါ၊ ဒီကြားထဲ တို့လုပ်စရာကလေးတွေ အပြတ်လုပ်လိုက်နိုင်တာပေါ့၊ တကယ်လို့ ဒီက အလုပ်တွေ စောစောပြီးသွားရင်လည်း စောစောလာခဲ့တာပေါ့၊ ငါ ဖုန်းဆက် လိုက်ပါ့မယ်၊ ဒီကြားထဲမှာတော့ စိတ်ကို အေးအေးထားပြီး နားနားနေနေသာ နေပါ၊ ကျန်တာတွေ ငါ့တာဝန်ထားပါ'

'ကျေးဇူးပါပဲ ဒေါက်တာ'

ဂျင်နီဖာသည် ကော်ဖီဖျော်ထားခဲ့ပြီးနောက် ပန်းခြံထဲ ထွက်လာခဲ့သည်။

ပထမတွင် သူ စိတ်တစ်မျိုးပြောင်းသွားပြီး နောက်ဆုတ်လိုက်ချင်သလို ဖြစ်မိသေးသည်။ နောက်တော့မှ အို ငါလုပ်တာ မှန်ပါတယ်လေဟု တွေးပြီး





တုံးတုံးချ ဆုံးဖြတ်လိုက်သည်။ သူ့မိဘများနှင့် ဒေါက်တာဗန်ဒါမားတို့ကလည်း ဤနည်းမှတစ်ပါး တခြားနည်းလမ်းမရှိကြောင်း တညီတညွတ်တည်း သဘော တူနေကြပြီ မဟုတ်လား။

သို့သော် သူကတော့ ဤကိစ္စအတွက် နောက်ဆုံး ဆုံးဖြတ်ချက်ချရာတွင် အဒမ်လည်း ပါဝင်စေချင်သည်မှာအမှန်ပင် ဖြစ်သည်။

အဒမ်သည် စကားတစ်ခွန်းမှ မပြောဘဲ ဂျိုဆေနောက်မှ လိုက်လာခဲ့ သည်။ သူတို့သည် လမ်းကြားရှည်ကြီးအတိုင်း လျှောက်လာကြသည်။ သင်္ဘော သားစားသောက်ခန်းကို ဖြတ်ကျော်ပြီးနောက် လှေကားစောက်တစ်ခုသို့ ရောက် လာသည်။

လမ်းတွင်တွေ့သော သင်္ဘောသားများက အဒမ်၏အခြေအနေကို သိထား ကြပြီး ဖြစ်ပုံရသည်။ သို့သော် အဒမ်ကတော့ သူတို့ကိုမြင်တိုင်း ကျောချမ်းမိသည်။ သူ့ကို တစ်ယောက်ယောက်က မှတ်မိသွားပြီး သက်ဆိုင်ရာသို့ သတင်းပို့လိုက် မည်ကို တွေးကြောက်နေသည်။

လှေကားစောက်တိုင်း ဆင်းခဲ့ကြရာ အောက်ဆုံးထပ် ရောက်လာကြ သည်။ ပိုက်လုံးများ စီထားပြီး စက်ဆီစော်နံနေသော စင်္ကြံလမ်းကျဉ်းကလေး အတိုင်း ပဲ့ပိုင်းဘက်သို့ ဆက်လျှောက်ခဲ့ကြသည်။ သူတို့သည် စက်ခန်းများကို လည်း ဖြတ်ကျော်လာကြသည်။ စက်ခန်းလုပ်သားများတွင် အပေါ်ပိုင်း အဝတ် မရှိကြ။ သူတို့၏ကျောပြင်နှင့် ရင်အုပ်ကြီးများမှ ချွေးတွေနှင့် ပြောင်လက်နေ ကြသည်။ စကားပြောသံများကလည်း နားကွဲမတတ်။

နောက်ဆုံးတွင် မှောင်မည်းနေသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်လာကြသည်။ အခန်းထဲတွင် အမှိုက်သရိုက်နှင့် အညစ်အကြေးထည့်သော ဘီးတပ်လေးထောင့်သံပုံးကြီးများနှင့် ပြည့်နေသည်။ အညစ်အကြေးနံ့ကလည်း ဟောင်နေသည်။

ဂျိုဆေသည် အဒမ်အား အခန်းထောင့်တစ်နေရာသို့ ခေါ်လာခဲ့သည်။ ကြမ်းပြင်တွင် လူနှစ်ယောက်ထိုင်ပြီး ဖဲကစားနေကြသည်။ သူတို့အနားသို့ ဂျိုဆေ ကပ်သွားသောအခါ ခပ်ကြီးကြီးလူက တစ်ချက်မော့ကြည့်ပြီး ဆက်ကစားနေ သည်။

ဂျိုဆေသည် သူတို့အနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

'ဟဲ ...ငါ့ကို နိုင်အောင် ချစမ်းကွာ'

ခပ်ကြီးကြီးလူက ခပ်ငယ်ငယ်လူကို ပြောလိုက်သည်။

ခပ်ကြီးကြီးလူ၏ နောက်ဘက်နံရံတွင် အပေါက်ကျယ်ကြီး တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အဒမ်က အပြင်သို့ လှမ်းကြည့်လိုက်ရာ လူတွေ ပျားပန်းခပ်နေသော ဆိပ်ခံတံတား တချို့တစ်ဝက်ကို မြင်ရသည်။ အခန်းထဲတွင် မြင်ကွင်းမလှသော်လည်း နံရံပေါက်မှ ဖြတ်ဝင်လာသော နေရောင်ကြောင့် လင်းထိန်တောက်ပနေသည်။

'ငါတော့ လွတ်ပြီ၊ ကျွတ်ပြီ'

အဒမ်က ဝမ်းသာစွာ စိတ်ထဲမှ ရေရွတ်လိုက်သည်။

ထို့နောက် အောက်ဘက်တံခါးဆီသို့ လျှောက်လာသည်။ နေရောင် ထိုးသဖြင့် မျက်နှာကို လက်နှင့် ကာထားရသည်။

ယခုဆိုလျှင် သူ ကုန်းမြေပေါ်သို့ ရောက်တော့မည်။ သူ အလွန်ပျော်နေသည်။ သို့သော် ကုန်းပေါ်သို့ ဘယ်လိုနည်းနှင့် ရောက်မည်ဆိုတာတော့ လုံးဝမသိရသေး။ ကွန်ကရစ်ခင်း ဆိပ်ခံတံတားဆီသို့ လှမ်းကြည့်လိုက်ပြန်သည်။ သူ အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ လက်ယာဘက်ရှိ ခရီးသည် ကုန်းပေါင်ပေါ်တွင် အင်္ကျီအဖြူဝတ် ဘဏ္ဍာစိုးများကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ ဘဏ္ဍာစိုးများသည် သင်္ဘောပေါ်မှ ဆင်းလာသူမှန်သမျှကို စေ့စေ့စပ်စပ် စစ်ဆေးနေကြသည်။

'ဂျိုဆေ၊ ဒီအတိုင်းဆိုရင်တော့ ကျွန်တော် ဘယ်လိုမှ ကမ်းပေါ်တက်နိုင်စရာ မရှိတော့ဘူး၊ ကုန်းပေါင်ပေါ်မှာ သူတို့က ပိတ်ပြီး စစ်ဆေးနေကြတယ်ဗျ'

အဒမ်က ကြောက်စိတ်ကို ထိန်းပြီး ဂျိုဆေဘက်သို့ လှမ်းပြောလိုက်သည်။

'အသာကြည့်နေစမ်းပါ'

ဂျိုဆေက ဖဲဝိုင်းကို စိတ်ဝင်စားနေသဖြင့် လှည့်မကြည့်ဘဲ ပြန်ပြောလိုက်သည်။

အဒမ်သည် ဘာလုပ်ရမှန်းမသိဘဲ အတန်ကြာသည်အထိ နေရာတွင် ရပ်နေမိသည်။ ပြီးတော့ သူက မေးလိုက်သည်။

'ဂျိုဆေ၊ ခင်ဗျားက ကျွန်တော့်ကို ဒီလမ်းကပဲ ကမ်းပေါ်တက်ခိုင်းမှာလားဟင်'

'မဟုတ်ပါဘူး၊ အကောင်းဆုံးနည်းလမ်း ပေါ်လာလိမ့်မယ်'

ဂျိုဆေက လှည့်မကြည့်ဘဲ ပြန်ပြောသည်။

'ခင်ဗျားက ဘယ်နည်းနဲ့ စီစဉ်ထားလို့လဲ'

အဒမ်က စိတ်တိုသံဖြင့် မေးလိုက်သည်။

ဂျိုဆေက ဘာမှပြန်မပြော။

အဒမ်သည် နံရံအပေါက်ဆီသို့ ပြန်လျှောက်သွားပြီး အပြင်သို့ လှမ်းကြည့်





လိုက်ပြန်သည်။ သင်္ဘောဆိပ်အလွန်တွင် စိမ်းစိုလန်းဆန်းနေသော တောင်ကုန်းများကို မြင်ရသောအခါ ကုန်းမြေကို ပို၍ တမ်းတလာမိသည်။ တောင်ကုန်းများပေါ်မှ ယာတောအိမ်ကလေးများကိုလည်း ဟိုတစ်ကွက် သည်တစ်ကွက် မြင်နေရသည်။

အဒမ် ကြည့်နေစဉ်တွင်ပင် ဆိပ်ခံတံတားပေါ်သို့ အဝါရောင် အမှိုက်သယ်ကားကြီးများ တန်းစီ၍ မောင်းဆင်းလာကြသည်။ အမှိုက်ကားများသည် သင်္ဘောနံရံနှင့် မလှမ်းမကမ်းတွင် ဘေးချင်းကပ်၍ ရပ်လိုက်ကြသည်။

ထို့နောက် ကျယ်လောင်သော အချက်ပေးဥသြဆွဲသံကြီး ပေါ်ထွက်လာသည်။

ဖဲသမားများက ကျိန်ဆဲလိုက်ကြပြီး လက်ထဲမှ ဖဲချပ်များကို လွှင့်ပစ်လိုက်ကြသည်။ ပြီးတော့ အနီးဆုံး အမှိုက်သံပုံးကြီးဆီသို့ လျှောက်လာကြသည်။ ခပ်ထွားထွားလူကြီးက ခြေဘီးတပ်သံပုံးကြီးကို နောက်မှတွန်းပေးပြီး နောက်နှစ်ယောက်က ဘေးမှဆွဲကာ ကုန်းလျှောတံတားအတိုင်း ကားဆီသို့ လှိမ့်ချလိုက်ကြသည်။

သင်္ဘောသားများ နောက်သံပုံးဆီသို့ ပြန်သွားကြစဉ်တွင် အမှိုက်သယ်ကားမှ ဟိုက်ဒရိုလစ် ဝန်ချီလက်တံကြီးများက သံပုံးကြီးကို ညှပ်ချီကာ အမှိုက်များကို ကားနောက်ခန်းသို့ သွန်ချလိုက်ကြသည်။

ဤသို့ဖြင့် ပထမကားအတွက် နောက်ဆုံးအမှိုက်ပုံးကို သွန်ရန် အလှည့်သို့ ရောက်လာသည်။

'ကဲ ...လာ၊ အချိန်ကျပြီ'

ဂျိုဆေက အဒမ်ကို နောက်ဆုံးအမှိုက်ပုံးကြီးအနီးသို့ ခေါ်လာခဲ့သည်။

'ကိုင်း... ခင်ဗျား ဒီအမှိုက်တွေနဲ့သာ အတူလိုက်သွားပေတော့'

ဘေးတွင် ရပ်နေသော သင်္ဘောသားများက ရယ်လိုက်ကြသည်။ သို့သော် အဒမ်ကတော့ မရယ်နိုင်။

'ဘာလဲ၊ ခင်ဗျားက ကျွန်တော့်ကို ဒီအထဲ ဝင်ခိုင်းတာလား'

အဒမ်က ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်မေးလိုက်သည်။

'ဘာမှရှုပ်မနေနဲ့၊ ဒါဟာ ပထမထွက်မယ့်ကားအတွက် နောက်ဆုံးအမှိုက်ပုံး'

'ဒီနည်းပဲ ရှိတော့သလားဗျာ'

'ဒီနည်းပဲ ရှိတယ်၊ တခြားဘာနည်းမှ မရှိဘူး' စောစောက ဖဲရိုက်နေသည့် ခပ်ထွားထွားသင်္ဘောသားက ပြောသည်။ 'ကျွန်တော်လည်း တစ်ခါတော့ စမ်းမှု



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဗျ၊ အမှိုက်ပုံထဲထိုင်လိုက်ပြီး မြို့ထဲလျှောက်ပတ်ရတာ ပျော်စရာတော့ ဘယ်ကောင်းပါ့မလဲ၊ ဒါပေမဲ့ ခရီးသည်ကားတွေလို လူတော့ မကျပ်ဘူးဗျို့ ဟား ...ဟား ...ဟား'

အဒမ်မှတစ်ပါး အားလုံးပင် ဝါးလုံးကွဲ ရယ်လိုက်ကြသည်။

အဒမ်ကတော့ ရယ်မဲ့မဲ့ကလေးဖြင့်–

'ဒါနဲ့ ဒီကားက ဘယ်အထိ ရောက်မှာလဲ'

'လေဆိပ်နားက အမှိုက်ပုံအထိ ရောက်မယ်'

'ဘုရားရေ၊ ဒါဆို ကျွန်တော် အမှိုက်တွေနဲ့အတူရောပြီး စွန့်ပစ်ခံရတော့မှာပေါ့၊ ဒီလိုဖြင့် စောစောက ကြိုတင်ပြောရောပေါ့ ဂျိုဆေရာ'

ထိုအခိုက် အမှိုက်ကားမှ ဟွန်းသံကြီး ကျယ်ကျယ်လောင်လောင် ဆက်တိုက်ထွက်ပေါ်လာသည်။

'ကဲ... မြန်မြန်တက်၊ မြန်မြန်တက်၊ အချိန်မရှိတော့ဘူး၊ ဟိုမှာ ကားဆရာ စောင့်နေရတာ စိတ်တိုနေပြီ၊ ကဲ ...လာ၊ ဟောဒီမှာ နင်းပြီးတက်'

ဂျိုဆေက သူ့လက်နှစ်ဖက်ကိုယှက်ပြီး လှေကားခုံလို လုပ်ပေးသည်။ အဒမ်က နိုင်းသည့်အတိုင်း တက်လိုက်သည်။ ပြီးတော့ ခပ်ထွားထွား သဘော်သားက အမှိုက်ပုံအဖုံးကို မပေးထားပြီး ဂျိုဆေက အဒမ်အား ဖင်မှ တွန်းလျှက် အမှိုက်ပုံးထဲ ပစ်သွင်းလိုက်သည်။ အဒမ်သည် စက္ကူစုတ်များ၊ စက္ကူဘူးများ၊ သံဘူးများနှင့် အခြားအမှိုက်သရိုက်မျိုးစုံကြားထဲသို့ ရောက်သွားသည်။ အဖုံး ဝွမ်းခနဲ ပြန်ပိတ်သွားသည်။ အဒမ် ဘာမှမမြင်ရတော့။ အမှိုက်ပုံးကြီး လိမ့်ဆင်းလာသည်ကို သတိပြုမိသည်။ ထို့နောက် ဂျိုင်းခနဲမြည်ပြီး ရပ်သွားသည်။ အဒမ် ဖင်ဆောင့်ပြီး မြင့်တက်သွားသည်။ အမှိုက်ပုံးကြီး မြင့်တက်လာသည်။ ပြီးတော့ ပြောင်းပြန်လန်ပြီး တုန်ခါသွားသည်။

ရုတ်တရက် မီးလင်းသွားသဖြင့် အဒမ် လန့်အော်လိုက်မိသည်။ အမှိုက်ကားနောက်ပိုင်းသို့ ရွေ့လာပြီး လေးဖက်ထောက်ကာ ဝပ်နေလိုက်သည်။ ချက်ချင်းလိုပင် ကားဘီးလှိမ့်စပြုသည်။

ကားထွက်လာပြီး အတော်ကလေးကြာတော့မှ အဒမ်သည် သူ့ကိုယ်ပေါ်မှ အမှိုက်သရိုက်များကို ရှင်းလင်းနိုင်သည်။ လေးဖက်လေးတန် အမှိုက်တွေ ပိတ်ကျပ်နေသဖြင့် လမ်းဆိုး၍ ကားဆောင့်သော်လည်း အဒမ့်အတွက် အခြေအနေ မဆိုး။

သို့သော် အတော်ကလေးကြာတော့ နေပူရှိန်ကြောင့် တစ်ကြောင်း၊ ပိတ်လှောင်မွန်းကျပ်နေသောကြောင့် တစ်ကြောင်းကြောင့် အဒမ့်တစ်ကိုယ်လုံး ချွေးတွေနှင့် ရွှဲရွှဲစိုလာသည်။





အမှိုက်ပုံသို့ ကားရောက်လာသောအခါတွင်မှ ဟင်းခနဲသက်မကြီး ချလိုက်မိတော့သည်။ အမှိုက်များသွန်ပြီးနောက် ကားပြန်ထွက်သွားသည်။ အဒမ်က အမှိုက်ပုံထဲမှ ထရပ်လိုက်သည်။

သူ လွတ်ပြီ၊ ကျွတ်ပြီ။ သူ သင်္ဘောပေါ်မှ ဆင်းလာတာကို သင်္ဘောအာဏာပိုင်တွေ ဘယ်သူမှ မသိလိုက်ကြ။ သူ အန္တရာယ်ကင်းပြီ။ ဘေးရှင်းပြီ။

လက်ယာဘက်သို့ လှမ်းကြည့်လိုက်သည်။ ကိုက် ၂၀၀ ခန့်တွင် လေယာဉ်ကွင်းကလေးကို မြင်ရသည်။ လက်ဝဲဘက်တွင်တော့ ဆုံးစမထင်သော အပြာရောင် ကရေဘီယံပင်လယ်ပြင်ကြီး။

အဝတ်အစားပေါ်တွင် ပေကျံနေသော ဖုန်မှုန့်များကို စိတ်ရှည်ရှည်ဖြင့် ပွတ်သပ်၍ ရနိုင်သလောက် သန့်ရှင်းလိုက်သည်။ ထို့နောက် လေယာဉ်ကွင်းဆီသို့ လျှောက်လာခဲ့သည်။

လေယာဉ်ကွင်းမှာ အဖြစ်လုပ်ထားသောကွင်းသာ ဖြစ်သည်။ အဝင်ဝတွင် ရောင်စုံခြယ်ထားသော အငှားကားများ ပြွတ်ခဲနေကြသည်။

ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်တစ်စုက သူ့ကို လူထူးလူဆန်းပမာ ကြည့်ကြသည်။ ညစ်ပေနေသော အဝတ်အစားများကြောင့် ကြည့်ကြခြင်းဖြစ်သည်။ သည်အဝတ်အစားနှင့်ဆိုလျှင် သူ့အနေဖြင့် လက်မှတ်ဝယ်၍လည်း ရနိုင်မည်မဟုတ်။

သို့နှင့် လေယာဉ်ရုံးခန်းထဲရှိ စတိုးဆိုင်သို့ သွားကာ 'စိန်သောမတ်ကျွန်းက ဖိတ်ခေါ်ပါတယ်' ဟု စာတန်းထိုးထားသော "တီ"ရှပ် တစ်ထည်နှင့် ဂျင်းဝတ်စုံတစ်စုံ ဝယ်လိုက်သည်။ ပြီးတော့ ရေချိုးခန်းထဲဝင်ပြီး အဝတ်အစားလဲသည်။ ဂျိုဆေ ပေးလိုက်သော အဝတ်စုတ်များကို အမှိုက်ပုံးထဲ ပစ်ထည့်လိုက်သည်။

ထို့နောက် အဖြူရောင် ပလတ်စတစ်စာလုံးများ ကပ်ထားသော လေယာဉ်ခရီးစဉ် သင်ပုန်းကြီးဆီသို့ လျှောက်လာခဲ့သည်။

အဓိက ခရီးစဉ်နှစ်ခုရှိသည်။ တစ်ခုက အမေရိကန်လိုင်း၊ ကျန်တစ်ခုက အရှေ့ပိုင်းနိုင်ငံများလိုင်း။ သူ့အတွက် ကံကောင်းသည်မှာ အမေရိကန်လိုင်းတွင် ဘယ်မှာမှ မရပ်ဘဲ နယူးယောက်မြို့သို့ တိုက်ရိုက် ပျံသန်းသော ခရီးစဉ်ရှိနေခြင်းဖြစ်သည်။ နယူးယောက်လေယာဉ်က ည ကိုးနာရီ ၂၀ တွင် ထွက်မည်။

လက်မှတ်ရောင်းကောင်တာသို့ လာခဲ့သည်။ နောက်ဆုံးတန်းတွင် ဝင်ရပ်လိုက်သည်။ လက်မှတ်ရောင်းစာရေးက ပက်ကျိလောက် နှေးသည်။ သည်အတိုင်းဆိုလျှင် လေယာဉ်မမီမှာတောင် စိုးရိမ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အဒမ့်အလှည့်သို့ ရောက်လာသည်။

'နယူးယောက်အသွား တစ်စောင်'

စာရေးမလေးက အဒမ့်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ အဝတ်အစားတွေကလည်း ဖြစ်ကတတ်ဆန်း၊ မုတ်ဆိတ်မွေးတွေကလည်း ဗရပျစ်၊ ပြီးတော့ သူများတွေလို လက်ဆွဲအိတ်ကလေးမှ တစ်လုံးမပါ။

နောက်ဆုံးတွင် စာရေးမလေးက–

'လက်မှတ်ခ ဘယ်လိုပေးမှာပါလဲ'

'အကြွေးစနစ်ပါ'

အဒမ်က ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။ ပိုက်ဆံအိတ်တွင် ရှောက်သီးဖတ် ကပ်နေသည်။ အဒမ် မျက်နှာပျက်ပျက်ဖြင့် ရှောက်သီးဖတ်ကို လက်ဖျားနှင့် တောက်ပစ်လိုက်သည်။ ပြီးတော့ ပတ်စပို့ကတ်ပြား ထုတ်ပေးလိုက်သည်။ စာရေးမလေးက ကတ်ပြားကို သေသေချာချာကြည့်ပြီး–

'တခြားမှတ်ပုံတင်ကတ် မပါဘူးလား'

အဒမ်က ပိုက်ဆံအိတ်ထဲမှ ကားမောင်းလိုင်စင်ကတ်ကို ထုတ်ပေးလိုက်သည်။ စာရေးမလေးက စစ်ဆေးပြီး တခြားကောင်တာမှ ထွားထွားကျိုင်းကျိုင်း စာရေးဆီသို့ လှမ်းပေးလိုက်သည်။

စာရေးက ကားမောင်းလိုင်စင်ကတ်ကို ကြည့်ပြီးနောက် အဒမ့်အနီးသို့ လျှောက်လာပြီး–

'ပတ်စပို့မှာက ရှန်းဘတ်၊ ကားမောင်းလိုင်စင်မှာက စမိုက်၊ ဘယ်လိုဖြစ်တာလဲ'

အဒမ်မျက်နှာ နီရဲသွားသည်။ သူ့ကားမောင်းလိုင်စင်ကတ်နှင့် အေရိုလင် ကုမ္ပဏီအလုပ်အကိုင် ကတ်ပြားများကိုပါ ကမန်းကတန်း ထပ်ပေးလိုက်သည်။ ပြီးတော့ သူက–

'ဟိုလိုင်စင်ကတ်က မှားပြီး ပေးမိတာပါ၊ ကျွန်တော့် မိတ်ဆွေတစ်ယောက်က ကျွန်တော့်ပေးထားလို့ပါ'

'ဒါဆို ခဏဘေးထွက်ပေးပါ၊ တခြားလူတွေ ဆက်ဝယ်ပါစေ'

စာရေးက အဒမ်၏ ကားမောင်းလိုင်စင်ကတ်နှင့် အလုပ်ကတ်များကို ယူပြီး နောက်ဘက်မှ အခန်းထဲသို့ ဝင်သွားသည်။ စာရေးမလေးက တခြားပုဂ္ဂိုလ်များအတွက် လက်မှတ်ရောင်းရင်း မျက်နှာပင့်ပြီး အဒမ့်ကို ခဏခဏကြည့်သည်။ အဒမ်က သူ့ကိုယ်သူ ဟန်မပျက်အောင်ထိန်းပြီး ရပ်နေသည်။

ဆယ်မိနစ်လောက် ကြာတော့မှ စောစောက စာရေးပြန်ထွက်လာသည်။





သူ့နောက်မှ တခြားလူတစ်ယောက်လည်း ပါလာသည်။ သူ့လက်ထဲတွင် အဒမ့်မှတ်ပုံတင်ကတ်များကို ကိုင်ထားသည်။ ထိုသူက ပြောသည်။

'ကျွန်တော့်နာမည် ဆော်လဒွင်ဂျက်ကော့ပါ၊ ဒီလေကြောင်းဌာန တာဝန်ခံပဲ၊ ခင်ဗျားကို လက်မှတ်တော့ ရောင်းပါ့မယ်၊ ဒါပေမဲ့ ထိုင်ခုံက ပြည့်နေပြီ၊ တခြားလူမလာမှ လိုက်ရလိမ့်မယ်'

အဒမ် ခေါင်းညိတ်လိုက်သည်။ သည်ထက်ကော သူက ဘာများတတ်နိုင်ဦးမည်နည်း။

စောစောက စာရေးသည် အဒမ့်ကို လက်မှတ်တစ်စောင် ဖြတ်ပေးသည်။

'ဘာပစ္စည်းပါသေးသလဲ'

'ဘာမှ မပါပါဘူး၊ ကျွန်တော်က အပန်းဖြေခရီးထွက်ရင် ဘာမှမယူဘဲ လူချည်းသက်သက် ထွက်တတ်လို့ပါ'

လက်မှတ်ရောင်းစာရေး ပါးစပ်ပိတ်သွားသည်။

ထို့နောက် အဒမ်သည် တစ်ခုခုစားရန် စားသောက်ဆိုင်သို့ လာခဲ့သည်။ ဒိုးနပ်မုန့်နှင့် ကော်ဖီမှာသောက်သည်။ သဆော်ပေါ်မှာလို မူးယစ်ဆေးခတ်ထားမည်ကို မစိုးရိမ်ရတော့၍ ဝမ်းသာမိသည်။

စားသောက်ပြီးတော့ သူ့ယောက္ခမများအိမ်သို့ ဖုန်းလှမ်းဆက်သည်။ သူမျှော်လင့်သည့်အတိုင်းပင် ဂျင်နီဖာက ဖုန်းမကိုင်။ ယောက္ခမအထီးကြီးနှင့် ပက်ပင်းလာတိုးသည်။

'ဟဲလို ...ဘယ်သူပါလဲ၊ ကျွန်တော် ကာဆွန်ပါ'

'ကျွန်တော် အဒမ်ပါ အန်ကယ်၊ ဂျင်နီဖာနဲ့ပြောပါရစေ၊ သူ အိပ်များအိပ်နေသလား'

'ဂျင်နီဖာ ဒီမှာမရှိဘူး'

မစ္စတာကာဆွန်က မာဆတ်ဆတ် ပြောလိုက်သည်။

'ဒါဖြင့် သူ ဘယ်မှာရှိသလဲ'

'မင်း သူ့ကို တွေ့လို့ မဖြစ်ဘူး'

'အန်ကယ်၊ အန်ကယ့်သမီးကို အန်ကယ် ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်လည်း သူ့ယောကျ်ားဆိုတာတော့ ထည့်တွက်ပါဦး၊ သူ့ကိစ္စက သိပ်အရေးကြီးလို့ပါ၊ ကျွန်တော် သူနဲ့ စကားပြောပါရစေ'

မစ္စတာ ကာဆွန် ခေတ္တစဉ်းစားနေသည်။ ပြီးတော့မှ–

'သူ ဒီမှာမရှိဘူး၊ သူတို့သားအမိ အခုပဲ ဂျူလီယံဆေးရုံကို သွားကြတယ်၊ သူ ဒီနေ့ပဲ ဆေးရုံတက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...သူ ဆေးရုံတက်တယ်' အဒမ်က လန့်သွားပြီး 'သူ ဘာဖြစ်လို့ တက်သလဲ၊ အခု ဘယ်လိုနေသလဲ'

'နေကောင်းပါတယ်၊ ဒါပေမဲ့ ဒီသုံးလေးရက်အတွင်းမှာတော့ မင်း သူနဲ့ သွားမတွေ့တာ ကောင်းမယ်လို့ ငါထင်တယ်၊ ဆေးရုံက ဆင်းတော့မှ မင်းတို့ နှစ်ယောက် မပြေလည်တာကို ညှိကြပေါ့၊ ဒီမှာ အဒမ်၊ ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ တကယ့်အရေးထဲမှာ မင်း တခြားထွက်သွားတာတော့ လုံးဝမကောင်းဘူး၊ မင်းအနေနဲ့ သိပ်ပြီး တာဝန်မဲ့ရာကျတယ်၊ တို့အနေနဲ့လည်း အများကြီး စိတ်မချမ်းသာ ဖြစ်ရတယ်'

'ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်နေလို့လဲ အန်ကယ်'

အဒမ်က စိုးရိမ်စွာဖြင့် မေးလိုက်သည်။

'ဘာဖြစ်ရမှာလဲ၊ သန္ဓေသားပြန်ပြီး စစ်ဆေးရတာပေါ့၊ ပြန်စစ်တော့လည်း ပိုးစစ်တစ်ပဲ ဖြစ်နေတယ်၊ ဒါနဲ့ ဒီနေ့ သူ့ကို ဒေါက်တာဗန်ဒါမားက သန္ဓေဖျက် ချပေးမယ်'

အဒမ် ရင်ဘတ်ဆောင့်ကန်ခံရသလို ထင်လိုက်ရသည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူ့ သားဖျက်ချစရာ လုံးဝမလိုဘူး' အဒမ် အော်ပြောလိုက်သည်။

'ဒါက မင်းထင်မြင်ချက်ကိုး' မစ္စတာကာဆွန်က လေသံအေးအေး ဖြင့်ပြောသည်။ 'တို့ကတော့ မင်းထင်သလို မထင်ဘူး၊ လိုရင်းပြောရရင် ဒီအချိန်မှာတော့ လောလောဆယ် အခြေအနေအရ မင်း ဘယ်လိုမှတားလို့ မရဘူး အဒမ်'

မစ္စတာကာဆွန် တယ်လီဖုန်းပြန်ချသွားသည်။

အဒမ်သည် သွေးရူးသွေးတန်းဖြင့် ဂျူလီယံဆေးရုံသို့ လှမ်းဆက်ဖြစ်သည်။ သို့သော် ဂျင်နီဖာအား လူနာအဖြစ် စာရင်းမသွင်းရသေးကြောင်း စာရင်းသွင်းပြီးသည့်တိုင်အောင် လူနာအား အပြင်မှ တယ်လီဖုန်းနှင့် ဆက်သွယ်ခွင့် မရှိကြောင်းသာ စကားပြန်ရသည်။

အဒမ်သည် စိတ်ပျက်လက်ပျက်ဖြင့် တယ်လီဖုန်းကို ပစ်ချလိုက်သည်။ လေယာဉ်ထွက်ရန် နာရီဝက်လောက်သာ လိုတော့သည်။ ဒေါက်တာဗန်ဒါမားထံသို့ ဆက်ကြည့်ပြန်သည်။ ဒေါက်တာ ခွဲစိတ်ခန်းထဲသို့ ရောက်နေပါတယ်ဟု ပြန်ပြောသည်။

ထို့နောက် အမေရိကန် လေကြောင်းကောင်တာသို့ ပြေးလာခဲ့သည်။ ကောင်တာတွင် လူတွေ ပွတ်သိပ်နေသည်။ လူအုပ်ထဲ တိုးဝှေ့ဝင်လာပြီး မန်နေဂျာနှင့် တွေ့ခွင့်တောင်းလိုက်သည်။





အတော်ကြီးကြာမှ မစ္စတာဂျက်ကော့ ရောက်လာသည်။ အဒမ်က သူ့ မိန်းမ ကလေးမွေးမည့်ဆဲဆဲ ဖြစ်နေ၍ နယူးယောက်သို့ အမြန်ရောက်ဖို့ လိုအပ်ကြောင်း မျက်ကလူးဆန်ပျာ ပြောပြလိုက်သည်။

မန်နေဂျာက အဒမ်ထံမှ လေယာဉ်လက်မှတ်ကိုယူပြီး ကောင်တာ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကြည့်သည်။

'ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံးတော့ ကြိုးစားကြည့်ပါမယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ထိုင်ခုံပြည့်နေပြီ'

အဒမ် ဘယ်လိုမှ မကြံတတ်တော့။ မန်နေဂျာက ပါးစပ်မှသာ ကောင်းအောင် ပြောနေသော်လည်း အဒမ့်အတွက် အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်ပေးခြင်း မရှိသည်မှာ သေချာသည်။

အဒမ်သည် ဘယ်လိုလုပ်ရကောင်းမလဲဟု အကြံထုတ်ရင်း ရပ်နေသည်။

ထို့နောက် တယ်လီဖုန်းရုံးသို့ ပြန်ပြေးလာခဲ့သည်။ ကောလိပ်တုန်းက မိတ်ဆွေရင်းဖြစ်သူ ဟာဗေးဟတ်ဖီးထံသို့ ခေါ်လိုက်သည်။ ဟာဗေးသည် ဥပဒေဘွဲ့ကို ရပြီးနောက် ဝေါစထရီလမ်းရှိ ကုမ္ပဏီကြီးတစ်ခုတွင် လုပ်ကိုင်နေသည်။

အဒမ်က လိုရင်းကိုချုပ်ပြီး ဂျူလီယံဆေးရုံတွင် သူ့မိန်းမ သားဖျက်ချခါနီးဆဲဆဲ အခြေအနေရှိနေကြောင်း၊ ထို့ကြောင့် အချိန်မီ တားဆီးပေးစေလိုကြောင်း ပြောပြသည်။

ဤတွင် ဟာဗေးက အဒမ် တမင်နောက်ပြောနေသည်ဟု ထင်သလား မသိ။

'ဒီလိုဆို ကုမ္ပဏီခွဲပေါင်း၊ လုပ်ငန်းပေါင်း ရာချီပြီး လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးကို ခင်ဗျားက ဘာလို့ ဖုန်းဆက်နေတာလဲဗျ' ဟု ပြန်၍ နောက်လိုက်သည်။

'ဘုရားရေ၊ အရေးထဲ ဒီလူနောက်နေပြန်ပြီ၊ တကယ်ပါ ဟာဗေး၊ ကျွန်တော် တကယ်ပြောနေတာပါ၊ သိပ်အရေးကြီးလို့ပါ'

'အဲဒါဆို ဥပဒေရေးရာပါရဂူတစ်ယောက်ဆီ ဆက်သွယ်ရမှာပေါ့၊ အင်းမက်ရက်ဖို့ဆီ ဆက်ကြည့်ပါလား၊ သူက ကျွန်တော့်အဖေရဲ့မိတ်ဆွေ ရင်းတစ်ယောက်ပဲ'

'ကျေးဇူးပါပဲဗျာ'

ထိုအချိန်တွင် အမေရိကန်လေကြောင်းမှ လေယာဉ်ထွက်ခွာတော့မည် ဖြစ်ကြောင်း ကြေညာသံ ထွက်ပေါ်လာသည်။

အဒမ်သည် တယ်လီဖုန်းကို ပြန်ချပြီး ကောင်တာသို့ အမြန်ပြေး လာခဲ့သည်။ စောစောက သူတွေ့ခဲ့ရသော စာရေးနှင့် စာရေးမလေးတို့နှင့်ပင် တွေ့ကြုံပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အထူးတောင်းပန်ပါတယ် မစ္စ' သူက စာရေးမလေးထံတွင် အသနားခံသည်။ 'ကျွန်တော့်ကို ဒီလေယာဉ်ပတ်နဲ့ လိုက်နိုင်အောင် ကျေးဇူးပြုပြီး ကူညီစေချင်ပါတယ်၊ ကျွန်တော့်မိန်းကလေး ကလေးမီးဖွားမယ့်ဆဲဆဲ ဖြစ်နေလို့ပါ၊ အဲဒါကျွန်တော် နယူးယောက်ကို အချိန်မီမရောက်ရင် အခြေအနေ သိပ်ပြီးဆိုးဝါးသွားနိုင်ပါတယ်'

အဒမ်က စာရေးမကလေး၏ မျက်နှာကို မျှော်လင့်တကြီးဖြင့် ကြည့်နေသည်။ စာရေးမကလေးက ပျာပျာသလဲ ဖြစ်နေသော အဒမ့်အဖြစ်ကို ကြည့်ပြီး သနားသွားဟန်တူသည်။

'အေးလေ၊ ဒီလိုဆိုလည်း ရှင့်ကို ဦးစားပေးစာရင်းမှာ ထိပ်ဆုံးက တင်ပေးလိုက်ပါမယ်'

အဒမ် တော်တော် ဝမ်းသာသွားသည်။ မျှော်လင့်ချက်တော့ ရှိကောင်းပါရဲ့ဟု တွေးလိုက်သည်။ သို့သော် နောက်ထပ် ခရီးသည်သုံးလေးယောက် မောကြီးပန်းကြီးနှင့် ပြေးလာပြီး လေယာဉ်ပေါ် တက်သွားကြသည်ကို မြင်ရသောအခါ အဒမ့် ရင်ထဲဆို့သွားမိသည်။

ထို့နောက် ခရီးဆောင် သံလွင်သံဖမ်းစက်ကို ပိုက်ပြီး လူတစ်ယောက် ရောက်လာပြန်သည်။ သူသည် လေယာဉ်ပေါ်သို့ တန်းတန်းမတ်မတ် တက်သွားသည်။ ပြီးတော့ လေယာဉ်တံခါး ပြန်ပိတ်သွားသည်။

'မစ္စတာ ရွှန်းဘတ်'

လက်မှတ်စာရေး ကယ်ရီက လှမ်းခေါ်လိုက်သည်။

အဒမ်သည် ကောင်တာသို့ အလောတကြီး ပြေးလာခဲ့သည်။ ကယ်ရီက ခေါင်းကို ခါယမ်းလိုက်ပြီး-

'ဝမ်းနည်းပါတယ်ဗျာ၊ လေယာဉ်က လူပြည့်သွားပါပြီ၊ ထိုင်ခုံအလွတ် လုံးဝမရှိတော့ဘူး'

အဒမ်သည် အလွန်စိတ်ပျက်စွာဖြင့် ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ လေယာဉ်ပျံစက်နှိုးသံ ပေါ်ထွက်လာသည်။

ထိုအခိုက် လေယာဉ်အတက်တံခါး ပြန်ပွင့်လာသည်။ လေယာဉ်မယ်က တံခါးဝတွင် ရပ်လျက် လက်ညှိုးထောင်ပြလိုက်သည်။

ဤတွင် ကယ်ရီက အဒမ့်ဘက်သို့ လှည့်ပြီး-

'မစ္စတာ ရွှန်းဘတ်၊ နောက်ပိုင်းက ဆေးလိပ်သောက်ခန်းမှာ တစ်နေရာတော့ ရှိတယ်တဲ့၊ ဘယ့်နှယ်လဲ၊ လိုက်မလား'

*

ကံဆိုးချင်တော့ ဂျင်နီဖာသည် ဂျူလီယံဆေးရုံတွင် ဧည့်ကြိုစာရေးမလေး ကရင်ကရီနစ်နှင့်ပင် လာဆုံသည်။ ကရင်သည် ဂျင်နီဖာ၏ ကွယ်လွန်လေရှာသူ သူငယ်ချင်းမလေး ချယ်ရီတက်ဒီစကိုအား ဆေးရုံတက်ခွင့် လက်မှတ်ရေးပေးခဲ့သူ ဖြစ်သည်။ ဘလောက်စ်အဖြူ၊ စကတ်အပြာနှင့်ကရင်ကို မြင်လိုက်ရတော့ ချယ်ရီ၏အဖြစ်ကို ပြန်လည် သတိရမိသည်။ သို့သော် ကရင်ကတော့ ဂျင်နီဖာနှင့် တစ်ခါမှ မတွေ့ဖူးသလို ဆက်ဆံသည်။

သူက ဂျင်နီဖာတို့ သားအမိအား ခါတိုင်းလိုပင် စက်ရုပ်ဆန်သော အပြုံးနှင့် ဆီးကြိုနှုတ်ဆက်သည်။

'ကျွန်မနာမည် ကရင်ပါရှင်၊ မမကိစ္စအတွက် ကျွန်မကို တာဝန်ပေးထားပါတယ်၊ သိချင်တာမေးချင်တာရှိရင် ကျွန်မကို ပြောနိုင်ပါတယ်၊ ကျွန်မတို့ ဆေးရုံရောက်လာတဲ့အခါ ပျော်ပျော်ရွှင်ရွှင် နေစေချင်ပါတယ်၊ ဒါကြောင့်မို့ ကိစ္စရှိရင် ကျွန်မကို ပြောပါရှင်'

'ကျေးဇူးတင်ပါတယ် တူမရယ်'

မစ္စက်ကာဆွန်က ဝမ်းသာစွာဖြင့် ပြန်ပြောလိုက်သည်။ သို့သော် ဂျင်နီဖာကတော့ သည်စကားမျိုးကို ချယ်ရီအား ဆေးရုံလာတင်တုန်းကလည်း ကြားဖူးပြီး ဖြစ်နေသည်။

ကရင်က ဆက်လက်ပြီး ဂျူလီယံဆေးရုံ၏ ရည်ရွယ်ချက်နှင့် စေတနာကို ရှင်းပြသည်။ မစ္စက် ကာဆွန်က ဝမ်းသာအားရဖြင့် ပြောပြန်သည်။

'အစကသာ ဒီလိုမှန်းသိရင် အန်တီတုန်းက အိန်ဂျယ်ဝုဆေးရုံတက်ဖြစ်မှာ မဟုတ်ပါဘူးကွယ်၊ ဒီဆေးရုံက လူနာတွေကို သိပ်ပြီးဂရုစိုက်တာပဲနော်သမီး'

ဂျင်နီဖာက ခေါင်းညိတ်လိုက်သည်။ ဆေးရုံက လူနာကို ဂရုစိုက်တာတော့ အမှန်ပါ။ သို့သော် ကရင်ပြောသော စကားများကို ကြားရတာတော့ ဂျင်နီဖာ ဘယ်လိုမှ နားမဝင်။

သူက မသိမသာ သက်မတစ်ချက် ချလိုက်သည်။ ချယ်ရီ့အဖြစ်ကို မြင်ယောင်နေ၍ စိတ်ထဲက လေးနေသလို ခံစားနေရသည်။

'သမီး နေကောင်းပါတယ်နော်'

မျက်နှာမကြည်မသာဖြစ်နေသော ဂျင်နီဖာကို ကြည့်ပြီး မိခင်ကြီးက စိုးရိမ်သံဖြင့် မေးလိုက်သည်။

'နေကောင်းပါတယ် မေမေ၊ သမီး ဘာမှမဖြစ်ပါဘူး' ခန်းမကြီးထဲ လျှောက်ထွက်သွားသော ကရင့်ကိုကြည့်ရင်း ဂျင်နီဖာက ပြန်ပြောလိုက်သည်။ 'မေမေလိုက်လာတာ သိပ်ကောင်းတယ် မေမေ၊ ကျွန်မအနေနဲ့ တအားအားလာသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ကာဆွန်က သမီးဖြစ်သူအား ဖက်ထားလိုက်သည်။ တကယ်တော့ သမီးဖြစ်သူအတွက် ရင်ထဲတွင် ဘယ်အထိ တွေးပူနေသည်ဆိုတာကို ဂျင်နီဖာ လုံးဝ မသိစေချင်ပါ။

*

အဒမ်သည် ကနေဒီလေယာဉ်ကွင်းတွင် လေယာဉ်ပေါ်မှ ဆင်းသည်နှင့် တစ်ပြိုင်နက် အနီးဆုံး တယ်လီဖုန်းရုံသို့ ပြေးလာခဲ့သည်။

ပထမဦးစွာ ဂျူလီယံဆေးရုံသို့ ဆက်ပြီး ဂျင်နီဖာ၏အခန်းသို့ လှမ်းခေါ်သည်။ ဘာမျှပြန်ကြားချက် မရ။ သို့ဖြင့် တယ်လီဖုန်းကို ပြန်ချပြီး ထပ်ခေါ်ပြန်သည်။

'ဂျင်နီဖာကို ဘယ်အချိန်စပြီး ခွဲစိတ်မှာလဲ'

'ခုပြောနေတာ ဘယ်သူပါလဲ'

အော်ပရေတာမလေးက ပြန်မေးသည်။

'ဒေါက်တာစမိုက်ပါ'

အဒမ်က ပြန်ပြောလိုက်သည်။

ခေတ္တငြိမ်သွားသည်။ တစ်ဖက်လိုင်းမှ သူနာပြုဆရာမ အသံပေါ်လာသည်။

'သူ့ကို ဒီညနေပဲ ခွဲစိတ်ပါမယ်ရှင်'

'ဒါဆို အခု မခွဲရသေးဘူးပေါ့နော်'

'မခွဲရသေးပါဘူး၊ သူ့ကို ခွဲစိတ်ခန်းထဲတော့ သွင်းထားပြီး၊ ဒေါက်တာ ဗန်ဒါမားလည်း အဆင်သင့် ဖြစ်နေပါပြီ'

အဒမ်က တယ်လီဖုန်းခွက်ထဲသို့ ပိုက်ဆံအကြွေ ထပ်ထည့်လိုက်ပြီး ဂျူလီယံဆေးရုံသို့ပင် ပြန်ဆက်သည်။ သည်တစ်ကြိမ်တော့ ဒေါက်တာ ဗန်ဒါမားထံ ဆက်ခြင်းဖြစ်သည်။

ခွဲစိတ်ခန်း သူနာပြုဆရာမတစ်ယောက်က တယ်လီဖုန်းကို ကိုင်သည်။

'ဒေါက်တာ မအားသေးပါဘူး၊ လောလောဆယ် လူနာခွဲစိတ်နေပါတယ်၊ နောက်ထပ် နာရီဝက်လောက်တော့ ကြာပါလိမ့်မယ်'

အဒမ်သည် မျက်ကလူးဆန်ပျာနှင့် ရှေ့နေကြီး အင်မက်ရက်ဖို့ထံသို့ လှမ်းဆက်ပြန်သည်။

အတွင်းရေးမှူး စာရေးမအား သေရေးရှင်ရေးဖြစ်နေလို့ပါဟု တောင်းတောင်းပန်ပန် ပြောပြတော့မှ ရှေ့နေကြီးနှင့် စကားပြောခွင့်ရသည်။ အဒမ်က





အခြေအနေကို အကျဉ်းချုပ်ပြောပြပြီး သူ့မိန်းမအား ကိုယ်ဝန်ဖျက်ချရန် လောလောဆယ် စီစဉ်နေခြင်းကို အချိန်မီ အမြန်ဆုံး တားပေးပါရန် တောင်းပန်သည်။

'တကယ်တော့ ဒီအချိန်မှာ မောင်ရင့်ဘက်က လုပ်ပိုင်ခွင့်က သိပ်မရှိလှဘူး' ရှေ့နေကြီးရက်ဖို့က ပြန်ပြောသည်။ 'ဘာဖြစ်လို့လဲဆိုရင် တရားလွှတ်တော်ချုပ် ဆုံးဖြတ်ချက်အရ လင်ယောကျ်ားအနေနဲ့ ဇနီးသည်ရဲ့ ကိုယ်ဝန်ဖျက်ချခြင်းကို တားပိုင်ခွင့် မရှိလို့ပဲ'

'ဟာ...အဲဒါမှ ဒုက္ခပါပဲ၊ ကျွန်တော့်ရင်သွေးကလေးတော့ ရေတိမ်မှာ နစ်ရတော့မှာပဲ၊ လုပ်ပါဦးခင်ဗျာ၊ ကျွန်တော့်ကို ကူညီပါဦး၊ တခြားဘယ်နည်းမှ မရှိတော့ဘူးလား၊ ကြံကြည့်ပါဦးခင်ဗျာ၊ ကျေးဇူးပြုပြီး'

'အေ...တစ်နည်းတော့ ရှိတယ်၊ အချိန်ဆွဲထားလို့တော့ ရမယ်'

'ဒါဆို လုပ်ပါခင်ဗျား၊ ဆွဲပေးပါ ခင်ဗျား၊ ဖြစ်အောင်လုပ်ပေးပါ ခင်ဗျား'

'ကဲ... သူ့နာမည်နဲ့ လိပ်စာပြော'

အဒမ်က မြန်မြန်ထက်ထက် ပြောပြလိုက်သည်။

'သူ့ကို ဘယ်တော့ ခွဲစိတ်မှာလဲ'

'နောက်နာရီဝက်လောက်မှာပါ ခင်ဗျား'

'အလို၊ နောက်နာရီဝက်လောက်မှာ ဟုတ်လား၊ ဘုရားရေ၊ မောင်ရင်က ကျုပ်ကို နာရီဝက်အတွင်းမှာ ဒီကိစ္စကို ပြီးအောင် လုပ်ခိုင်းတာပေါ့လေ၊ ဟုတ်လား'

'ကျွန်တော် အချိန်ကပ်ပြီးမှ သိရလို့ပါ ခင်ဗျား၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး ကူညီပါခင်ဗျား၊ ဂျူလီယံဆေးရုံမှာပါ၊ တာဝန်ခံ ဆရာဝန်က ဒေါက်တာဗန်ဒါမားပါ၊ အချိန်မရှိတော့ပါဘူး၊ အမြန်ဆုံး ဆောင်ရွက်ပေးပါ ခင်ဗျား'

အဒမ်သည် တယ်လီဖုန်းကို ပြန်ချပြီး အငှားကားဂိတ်သို့ ဒရောသောပါး ပြေးလာခဲ့သည်။ ပထမဆုံးတွေ့ရသော ကားပေါ်ခုန်တက်ပြီး ကားဆရာအား ဂျူလီယံဆေးရုံသို့ စက်ကုန်မောင်းရန် ပြောလိုက်သည်။

'ပိုက်ဆံတော့ ပါပါတယ်နော်'

အငှားကားဆရာက အဒမ်၏ရုပ်လက္ခဏာကို ကြည့်ပြီး မသင်္ကာသလို မေးလိုက်သည်။

အဒမ်က ပိုက်ဆံအိတ်ထုတ်ပြီး သူ့မှာရှိသမျှ ၁၅ ဒေါ်လာကို အကုန်ပေးလိုက်သည်။ ကားဆရာက ကျေနပ်သွားဟန်ဖြင့် ကားကို ဂီယာကုန်တင်ပြီး တစ်ရှိန်ထိုး မောင်းထွက်လာခဲ့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

ဂျင်နီဖာသည် ခွဲစိတ်ခန်းအပြင်ဘက်ရှိ လက်တွန်းခုတင်ပေါ်တွင် ပက်လက် လှဲနေသည်။ သူ့မိခင်ကြီးက ဘေးနားတွင် ရပ်နေသည်။ ချယ်ရီ၏အဖြစ်ကိုသာ သတိရကာ ဂျင်နီဖာ စိတ်ထင့်ထင့် ဖြစ်နေမိသည်။ မိခင်ကြီးက သမီးဖြစ်သူအား ပြုံးပြုံးကြီး ကြည့်နေသည်။ သို့သော် သူ့ရင်ထဲမှာတော့ ဂျင်နီဖာလိုပင် စိုးရိမ်စိတ်ဖြင့် လေးလံနေသည်။

'ညှော်ခန်းမှာ သွားနေပါလား မေမေ၊ ကျွန်မအတွက် မပူပါနဲ့၊ ဒေါက်တာ ကလည်း ဘာမှမဖြစ်ပါဘူး၊ မကြာခင် ပြီးသွားမှာလို့ ပြောတယ်'

မစ္စက်ကာဆွန်က သမီးဖြစ်သူ၏ မျက်နှာကို အကဲခတ်လိုက်သည်။ သူ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

'ရပါတယ်မေမေ၊ ဘာမှ တွေးပူမနေပါနဲ့၊ ညှော်ခန်းထဲ သွားထိုင်နေပါ၊ အဲဒီမှာ မဂ္ဂဇင်း ထိုင်ဖတ်နေစမ်းပါ'

မစ္စက်ကာဆွန်သည် ဂျင်နီဖာ၏နဖူးကို ကုန်းနမ်းလိုက်ပြီးနောက် ညှော်ခန်း ဘက်သို့ လျှောက်ထွက်သွားသည်။ ဂျင်နီဖာက မိခင်ကြီး၏ကျောပြင်ကို လှမ်း ကြည့်ရင်း အတွေးတွေနှင့် ဝေကျွန်ရစ်သည်။

'ကဲ…အားလုံးအဆင်သင့် ဖြစ်နေပြီ'

သူနာပြုဆရာမက ခွဲစိတ်ခန်းထဲမှ ထွက်လာပြီး ပြောသည်။ ဆရာမက လက်တွန်းခုတင်ကို အခန်းထဲသို့ တွန်းယူလာသည်။ သည်အခန်းက ယခင် ဂျင်နီဖာ သန္ဓေသားစစ်ဆေးခဲ့သော အခန်းနှင့်မတူ။ ကြမ်းပြင်တွေက ဆွတ်ဆွတ် ဖြူနေသည်။ အဖြူရောင်မှန် ကပ်ထားသော သံဗီရိုများလည်း နံရံတွင် တန်းစီနေ ကြသည်။

တခြားသူနာပြုဆရာမနှစ်ယောက်က အသင့်စောင့်နေကြသည်။ ဂျင်နီဖာ အား ခွဲစိတ်စားပွဲပေါ်သို့ ပြောင်းပေးရင်း တစ်ယောက်က ပြောသည်။

'ခဏလေးနဲ့ ပြီးသွားမှာပါ မစ္စက်ရှန်းဘတ်၊ အားလုံးပြီးရင် ဘာမှတောင် မှတ်မိတော့မှာ မဟုတ်ဘူး၊ အိပ်မက်ထဲမှာလို ဖြစ်သွားမှာပါ'

ခွဲစိတ်စားပွဲပေါ်တွင် ပက်လက်လှဲရင်း မိုက်ထဲမှ ကလေးလှုပ်ရှားလာ သလို ခံစားရသည်။ သူနာပြုဆရာမက ဝမ်းဗိုက်အောက်ပိုင်းကို စတင် စမ်းသပ် သည်။ ဂျင်နီဖာက မငိုမိအောင် အံကြိတ်ပြီး စိတ်တင်းထားသည်။

အခန်းတံခါးပွင့်လာပြီး ဒေါက်တာဖန်ဒါမား ဝင်လာသည်။ ခွဲစိတ်ခန်း ဝတ်စုံအပြည့် ဝတ်ထားသည်။ ဒေါက်တာ့မျက်နှာကို မြင်လိုက်ရသောအခါ ဂျင်နီဖာ အားတက်သွားမိသည်။

'ဘယ်လိုနေလဲ'





ဒေါက်တာက မေးလိုက်သည်။

'ကောင်းပါတယ်'

ဂျင်နီဖာက အသံယဲ့ယဲ့ကလေးဖြင့် ပြန်ပြောသည်။

ဂျင်နီဖာက ဒေါက်တာ့ကို စကားပြောချင်သေးသည်။ သို့သော် ဒေါက်တာ က သူ့အား မျက်တောင်မခတ်ဘဲ ကြောင်ကြောင်ကြီး ကြည့်နေသဖြင့် စိတ်တစ်မျိုး ပြောင်းသွားသည်။ ဂျင်နီဖာက သူနာပြုဆရာမများကို အကဲခတ်ကြည့်လိုက်သည်။ ဒေါက်တာဖန်ဒါမား၏ ငြိမ်ချက်သားကောင်းလှပုံကို သူတို့တွေထွေထူးထူး ဂရုစိုက်ပုံမရ။ ထို့နောက် ဒေါက်တာဖန်ဒါမားသည် သတိပြန်ဝင်လာဟန်ဖြင့် သူနာပြုဆရာမထံမှ မေ့ဆေးတောင်းလိုက်သည်။

'ဘာမှမနာပါဘူး၊ စစ်ခနဲ တစ်ချက်ပဲ ခံစားရမှာပါ'

ဒေါက်တာက အသံသေကြီးနှင့် ပြောသည်။ ထို့နောက် ဂျင်နီဖာ၏ အရေပြားထဲသို့ ဆေးထိုးအပ်ကို ဆတ်ခနဲ ထိုးစိုက်လိုက်သည်။

ဂျင်နီဖာက မျက်လုံးမှိတ်ထားလိုက်သည်။ ရှေ့အဖို့ ဘာတွေဖြစ်လာမယ် ဆိုတာကို လုံးဝ မစဉ်းစားမိအောင်လည်း သူ့စိတ်ကို သူ ကြိုးစားပြီး ထိန်းချုပ် နေသည်။

အငှားကားကလေးသည် ကနေဒီလေဆိပ်မှ ဂျူလီယဲဆေးရုံသို့ စက် ကုန်မောင်းနှင်လာခဲ့သည်။ အဒမ်က ပိုက်ဆံ ၁၅ ဒေါ်လာ ပေးလိုက်သောကြောင့် ကားဆရာသည် အလွန်ကျေနပ်သွားပြီး သူ့ကားကို ပြိုင်ကားမောင်းသလို မောင်း လာခဲ့ခြင်း ဖြစ်သည်။

မိနစ် ၃၀ မပြည့်မီမှာပင် ဆေးရုံရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။

အဒမ်သည် ကားဆရာကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ဆေးရုံလှေကားသို့ အတင်းပြေးလာခဲ့သည်။

ညှော်ခန်းစားပွဲတွင် စကားပြောနေကြသော စာရေးမကလေးများအား မိတ်ဆက်မနေတော့ဘဲ လိုရင်းကိုသာ အလောတကြီး ပြောလိုက်တော့သည်။

'ဒေါက်တာဖန်ဒါမား ဘယ်အခန်းမှာ ခွဲစိတ်နေသလဲ၊ ကျွန်တော့် မိန်းမကို သူ အခု ကိုယ်ဝန်ဖျက်ချဖို့ လုပ်နေလို့ပါ'

သူသည် အသက်ပင် မှန်မှန် မရှူနိုင်အောင် ဖြစ်နေသည်။

'ဆင့်မထပ်မှာ ကိုယ်ဝန်ရပ်ဆိုင်းမှု လုပ်နေပါတယ်၊ ဒါပေမဲ့'

အဒမ်က စကားဆုံးအောင် နားမထောင်ခဲ့တော့။ တံခါးပိတ်မည့်ဆဲဆဲ ဓာတ်လှေကားဆီသို့ စွတ်ပြေးလာခဲ့သည်။ စာရေးမကလေးက နောက်မှ လှမ်းခေါ် သည်ကိုလည်း လှည့်၍ပင် မကြည့်ခဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကား ရပ်သွားသောအခါ အတင်းတိုးထွက်ပြီး ခွဲစိတ်ခန်းများ ရှိရာသို့ အမြန်ပြေးလာခဲ့သည်။ သူနာပြုဆရာမများ အခန်းရှေ့မှ ဖြတ်တော့ ဆရာမတစ်ယောက်က ရှေ့ဆက်မသွားရန် လှမ်းအော်သည်။ သို့သော် အဒမ်က မရပ်ဘဲ ဆက်ပြေးလာခဲ့သည်။

နှစ်ထပ်တံခါးကို တွန်းဖွင့်ပြီး ပထမ ခွဲစိတ်ခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင် ဘယ်သူမှမရှိ။ သို့ဖြင့် ပြန်ထွက်ပြီး နောက်တစ်ခန်းသို့ ဝင်လာခဲ့သည်။ သူနာပြုဆရာမတစ်ယောက်က အဒမ်ရှေ့မှ ဆီးတားထားသည်။ အဒမ်က ခွဲစိတ်စားပွဲပေါ်သို့ လှမ်းကြည့်လိုက်သည်။ စားပွဲပေါ်တွင် ဂျင်နီဖာ။

အဒမ်က ခန်းမကို ဖြတ်သွားပြီးနောက် တံခါးတစ်ပေါက်ကို ဖွင့်သည်။

'အခု ရှင် ဘာလုပ်နေတယ်ဆိုတာ ရှင်သိရဲ့လား'

ဂျာမန်သံဝဲဝဲဖြင့် သူနာပြုဆရာမတစ်ယောက်က မေးသည်။

အဒမ်က ဘာမှပြန်မပြောဘဲ ဆရာမကို အတင်းတွန်းဖယ်ပြီး အခန်းထဲသို့ ဝင်လာခဲ့သည်။ ဒေါက်တာဗန်ဒါမားသည် ခွဲစိတ်စားပွဲရှေ့တွင် ကိုယ်ကို ကိုင်းပြီး ရပ်နေသည်။ သူ့လက်ထဲတွင် ဆေးထိုးပိုက်ကို ကိုင်ထားသည်။ အပေါ်မှ မီးရောင်ကြောင့် ဆေးထိုးအပ်က ပြောင်လက်နေသည်။

'ဂျင်နီဖာ' အဒမ်က လှမ်းခေါ်သည်။ 'မလုပ်ပါနဲ့၊ လုံးဝ မလုပ်ပါနဲ့၊ ကိုယ်ဝန်မဖျက်ပါနဲ့၊ နောက်ထပ် စမ်းသပ်ပြီးမှ လုပ်သင့်ရင် လုပ်ပါ'

ဂျင်နီဖာသည် ခွဲစိတ်စားပွဲပေါ်တွင် ဆတ်ခနဲထထိုင်လိုက်သည်။

ဆေးရုံလုပ်သားနှစ်ယောက် ပြေးဝင်လာပြီး အဒမ့် လက်နှစ်ဖက်ကို နောက်ပြန်ချုပ်ထားလိုက်ကြသည်။ နှစ်ယောက်စလုံးပင် သဆော်ပေါ်မှ ဘဏ္ဍာစိုးအတိုင်း မျက်တောင်မခတ်ဘဲ ကြောင်ကြောင်ကြီး ကြည့်နေကြသည်။

'ကျွန်တော့်ကို ချုပ်မထားပါနဲ့ လွှတ်ပါ၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ကျွန်တော်က ဂျင်နီဖာရဲ့ တရားဝင်ယောက်ျားပါ'

'သြော်...မင်းက အဒမ်ရှန်းဘတ်ကိုး' ဒေါက်တာဗန်ဒါမားက ပြောသည်။ 'မင်းက ဒီကို ဘာလို့ရောက်လာရတာလဲ၊ ဂျင်နီဖာပြောတော့ မင်း ခရီးထွက်နေတယ်ဆို'

'ဂျင်နီဖာကို ဘာမှဆက်မလုပ်ပါနဲ့ဦး ဒေါက်တာ၊ ကျွန်တော် ရှင်းပြစရာတွေ ရှိလို့ပါ'

ဒေါက်တာဗန်ဒါမားက ဆေးရုံလုပ်သားတစ်ယောက်၏ပခုံးကို ပုတ်လိုက်ပြီး–

'သူ့ကို ငါသိတယ်၊ လွှတ်ပေးလိုက်ပါ'





ဒေါက်တာက ခေါင်းစွပ်ကို ရင်ဘတ်ပေါ်သို့ ဖြုတ်ချလိုက်သည်။

အလုပ်သမားများက အဒမ့်လက်ကို ပြန်လွှတ်လိုက်ကြသည်။

အခန်းတံခါးပွင့်သွားပြီး ဆေးရုံအမှုထမ်းများက အခန်းထဲသို့ ချောင်းကြည့်နေကြသည်။

'ကဲ...ဘာမှမဖြစ်တော့ပါဘူး၊ အားလုံး အေးအေးဆေးဆေးပါပဲ၊ မင်းတို့ ပြန်နိုင်ပါပြီ'

ဒေါက်တာက ဆေးရုံလုပ်သားများအား ပြောလိုက်သည်။

ထို့နောက် ဒေါက်တာက ဂျင်နီဖာအား 'ခဏလေးပါ၊ အခုပဲ ပြန်လာခဲ့မယ်'ဟု ပြောလိုက်ပြီးနောက် အဒမ့်ကိုခေါ်ပြီး ကပ်လျက် အခန်းကလေးထဲသို့ ဝင်လာခဲ့ကြသည်။

အခန်းတံခါး ပြန်ပိတ်သွားလျှင် ပိတ်သွားချင်း အဒမ်က–

'ကျွန်တော် အေရိုလင်ဆွေးနွေးပွဲက အခုပဲ ပြန်လာခဲ့တယ်'

ဒေါက်တာက အဒမ်ကို စိုက်ကြည့်သည်။ ဂျင်းဝတ်စုံနှင့် စိန်သောမတ်တီရှပ်တို့ကို ယခုမှ သတိပြုမိဟန်တူသည်။ သို့သော် အဒမ်ပြောသောစကားကို ဒေါက်တာ နားမလည်ပါရဲ့လား၊ သူ့ပုံကြည့်ရတာက ဘာခံစားချက်မှ မရှိသလိုပဲ။

နောက်တော့ သူက ပြောသည်။

'မင်း အဲဒီရောက်သွားတာ ငါ ဝမ်းသာပါတယ်၊ နောက်တော့မှ အေးအေးဆေးဆေး ဆွေးနွေးကြသေးတာပေါ့၊ အခုတော့ မင်းမိန်းမကိုပဲ အထူးဂရုစိုက်ပြီး ပြုစုစေချင်တယ်၊ ကဲ...ဒီတော့ ဧည့်ခန်းထဲသွားပြီးသာ ထိုင်စောင့်နေပါ၊ တို့လုပ်စရာကလေးတွေ ဆက်လုပ်လိုက်ရအောင် သိပ်မကြာပါဘူး'

'ကျွန်တော် ပြောတာ ဒေါက်တာ သဘောမပေါက်သေးဘူး' အဒမ်က ပြောသည်။ 'ကျွန်တော်တွေ့ခဲ့ရသလောက် အေရိုလင်ဆွေးနွေးပွဲဟာ ဆေးပညာ တိုးတက်ရေးအတွက် လုပ်နေတာ မဟုတ်ဘူး၊ ဆွေးနွေးပွဲလုပ်တာက ဆရာဝန်တွေ စိတ်ပြောင်းစိတ်လွဲဖြစ်အောင် လျှို့ဝှက်လုပ်နေတာတွေကို ဖုံးကွယ်ဖို့ လုပ်တာပါ'

ဤတွင် ဒေါက်တာဗန်ဒါမားက–

'မောင်ရင့် ကြည့်ရတာ ရိုးရိုးမဟုတ်တော့ဘူး၊ စိတ်ရောဂါစွဲနေတာ သေချာတယ်၊ အဲဒီတော့ စိတ်ရောဂါကုဆရာဝန်နဲ့ အမြန်ဆုံး သွားတွေ့တာ အကောင်းဆုံးပဲ' သူက ရှေ့သို့ တိုးလာပြီး အဒမ်၏ပခုံးပေါ် လက်တင်ကာ 'ကဲ...လာ၊ မင်းကို ဒေါက်တာပေ့ဆီ ငါလိုက်ပို့ပေးမယ်၊ သူက နာမည်ကျော် စိတ်ရောဂါကုပါရဂူပဲ၊ တို့ခွဲစိတ်နေတုန်း ဒေါက်တာပေ့နဲ့ အေးအေးဆေး ဆေး ဆွေးနွေးနေပေါ့ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



အဒမ်က ဒေါက်တာဗန်ဒါမား၏လက်ကို ဖယ်ပစ်လိုက်ပြီး–

'မဟုတ်သေးဘူး ဒေါက်တာ၊ အဲဒီလို လုံးဝ မဟုတ်သေးဘူး၊ ကျွန်တော် ပြောနေတာကို ဒေါက်တာ လုံးဝသဘောမပေါက်သေးဘူး၊ ကျွန်တော် ပြောနေတာက ဆရာဝန်တွေကို အေရိုလင်ကုမ္ပဏီက မူးယစ်ဆေးဝါးတွေကျွေးပြီး စိတ်ပြောင်းစိတ်လွဲဖြစ်အောင် လုပ်နေတာကို ပြောနေတာ၊ ဒီမှာ ဒေါက်တာ၊ ဒေါက်တာလည်း စားစာခံတစ်ယောက်ပဲ၊ သူတို့က ဒေါက်တာ့ကိုလည်း ဆေးကျွေးပြီး စိတ်ပြောင်းစိတ်လွဲ လုပ်ထားတာ၊ အဲဒါ ဒေါက်တာကိုယ်တိုင်ကော သိပါရဲ့လား'

ဒေါက်တာက သက်မချလိုက်ပြီး-

'အဒမ်၊ မင်းကိုယ်မင်း အမှန်တွေကို ပြောနေတယ်လို့ ယုံကြည်နေတာကို ငါသိပါတယ်၊ ဒါပေမဲ့ မင်းပြောတဲ့အတိုင်း မဟုတ်ပါဘူး၊ ငါ့ကို သူတို့က ဘာဆေးမှ မကျွေးကြပါဘူး၊ ငါက ဟောပြောချက်တွေ ပို့ချတာပဲ ရှိတာပဲ၊ ပြူတိုရီကိုမှာ နေခဲ့ရတာ ငါ့အဖို့တော့ ပျော်စရာအကောင်းဆုံး အတွေ့အကြုံပါပဲ'

'ကျွန်တော် အားလုံးမြင်ခဲ့ရပြီးပြီ၊ ကမ်းရိုးတန်းသဘော်နဲ့ ကျွန်တော် လိုက်သွားတယ်၊ သူတို့က ဆရာဝန်တွေကို အစားအသောက်ထဲမှာ ဆေးခတ်ကျွေးတာကို ကျွန်တော် သေသေချာချာ မြင်ခဲ့ရတယ်၊ ဆေးဝါးတောင့်ကလေးတွေ တိုက်တာကိုလည်း မြင်ခဲ့ရတယ်။ ပြီးတော့ သူတို့ကို ရုပ်ရှင်ရိုက်ပြီး ပြတယ်၊ အဲဒါ စိတ်ပြောင်းစိတ်လွဲဖြစ်အောင် လုပ်တာပဲ၊ ကျွန်တော်ပြောတာ ယုံပါ ဒေါက်တာ၊ ဒေါက်တာ ပြန်တွေးကြည့်စမ်းပါ၊ ဒေါက်တာဟာ အရင်တုန်းက လုံးဝ အယုံအကြည်မရှိခဲ့တဲ့ ပရက်ဒိုလင်ဆေးကို ဘာဖြစ်လို့ အခုသိပ်ပြီး ကြိုက်လာရတာလဲ၊ ဒေါက်တာ ဆွေးနွေးပွဲမသွားခင်က ဒီဆေးကို အန္တရာယ်ရှိတယ်လို့ ပြောခဲ့တယ်။ လူနာတွေကို လုံးဝမပေးပါဘူးလို့ ပြောခဲ့တယ် မဟုတ်လား'

'ပရက်ဒိုလင်ဆေးနဲ့ ပတ်သက်ပြီး ငါ့ သဘောထား ဘယ်တော့မှ မပြောင်းလဲပါဘူး' ဒေါက်တာက ငြင်းသည်။ 'ဒီဆေးဟာ ကိုယ်ဝန်ဆောင်တွေ အော်ဂလီဆန်တာအတွက် အကောင်းဆုံးဆေးပဲဆိုတာ ငါ အမြဲတမ်း ယုံကြည်တယ်'

ဘယ်လိုမှပြောလို့ မရနိုင်တော့မှန်း သဘောပေါက်သွားပြီး အဒမ်က ဒေါက်တာ၏လက်ကို တင်းတင်း ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ နောက်ဆုံးစကားကို ပြောလိုက်သည်။

'ကောင်းပြီ ဒေါက်တာ၊ ကျွန်တော်ပြောတာ ဒေါက်တာ မယုံရင်လည်း နေပါ၊ ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော် အထူးတောင်းပန်ချင်တာကတော့ ကျွန်တော့်ရင်သွေးလေးကို ဖျက်မချပါနဲ့၊ ကျွန်တော် လုံးဝသဘောမတူပါဘူး၊





တကယ်တော့ ဓာတ်ခွဲခန်းက သန္ဓေသားစစ်ဆေးမှု ရောနှောပြီး မှားသွားတယ်ဆိုတာလည်း လုံးဝမဟုတ်ဘူး၊ တမင်လုပ်တာဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်၊ လောလောဆယ် အေရိုလင်ကုမ္ပဏီအနေနဲ့ သန္ဓေသားတစ်သျှူးတွေ အများကြီးလိုနေတယ်၊ အဲဒါကြောင့် ကိုယ်ဝန်တွေကို အခုလို တစ်ယောက်ပြီး တစ်ယောက် တမင်ရည်ရွယ်ချက်နဲ့ ဖျက်ချနေတယ်ဆိုတာ ထင်ရှားနေတယ်'

ထိုအခိုက် အခန်းတံခါး ရုတ်တရက် ပွင့်သွားသည်။

သူနာပြုဆရာမတစ်ယောက် တံခါးဝတွင် ပေါ်လာပြီး–

'ဒေါက်တာ၊ ကျွန်မတို့ ဘာဆက်လုပ်ရမှာလဲ'

ဒေါက်တာဗန်ဒါမားက လက်ကို ယမ်းပြလိုက်သည်။ ပြီးတော့ လေအေးအေးဖြင့် အဒမ့်ကို ပြောသည်။

'အဒမ်၊ မင်း မြင်ခဲ့ရတာတွေအတွက် မင်း ဘယ်အထိ စိတ်မချမ်းမသာ ဖြစ်လိမ့်မယ်ဆိုတာ ငါသဘောပေါက်ပါတယ်'

အဒမ်က မျက်လုံးကို လက်နှင့်ပွတ်ရင်း–

'တော်ပါတော့ ဒေါက်တာ၊ ကျွန်တော့်ကို နားချမနေပါနဲ့တော့၊ လောလောဆယ် ကျွန်တော် တောင်းပန်ချင်တာကတော့ ကိုယ်ဝန်ဖျက်ချတာကို ဆိုင်းငံ့ထားဖို့ပဲ၊ ဒါလေးကိုတော့ ဒေါက်တာ့အနေနဲ့ ကူညီနိုင်မယ် ယုံကြည်ပါတယ်'

'ဒီကိစ္စက ကာယကံရှင်ရဲ့ သဘောထားအပေါ်မှာ လုံးဝတည်နေတယ်' သူက ခွဲစိတ်ခန်းဘက်သို့ လက်ညှိုးထိုးပြပြီး 'ကာယကံရှင် ဂျင်နီဖာက မင်းသဘောထားနဲ့ ပြောင်းပြန်ဖြစ်နေတယ်၊ အခုအချိန်မှာ ဆိုင်းငံ့ထားလိုက်ရင် သူ့အနေနဲ့ အများကြီး စိတ်မချမ်းသာဖြစ်မှာ သေချာနေတယ်၊ အခုဆိုရင် လုပ်ဖို့ ကိုင်ဖို့လည်း အားလုံး အဆင်သင့် ဖြစ်နေပြီ'

ဤတိုက်ပွဲတွင် အဒမ် ရှုံးနိမ့်သွားပြီ။ သူ ဘယ်လိုမှ ခုခံကာကွယ်ခြင်း မပြုနိုင်တော့။ သူ ကြံရာမရ ဖြစ်နေပြီ။

ဒေါက်တာဗန်ဒါမားက ထပ်ပြောသည်။

'ကိုင်း၊ မင်း ညှိခန်းသွားပြီး စောင့်နေပါ၊ ငါ မကြာခင် လာခဲ့မယ်'

'ကျွန်တော် မသွားဘူး၊ ကျွန်တော်ပြောတာ ဒေါက်တာ ဘာမှ နားမလည်ဘူး'

'ဟော၊ အဒမ်' ဒေါက်တာက အော်ပြောလိုက်သည်။ 'ငါပြောတာ ကြည့်ကြည့်သာသာ နားထောင်စမ်းပါ၊ နားမထောင်ရင် မင်းကို အပြင်ဆွဲထုတ်ခိုင်းရလိမ့်မယ်'

'ကျွန်တော် ပြောတာလည်း နားထောင်စမ်းပါဦး ဒေါက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



အေရိုလင်သဘောပေါ်မှာ ဆရာဝန်တွေကို ဦးနှောက်ခွဲစိတ်ပြီး ဘုံသွင်နေတယ်၊ ကျွန်တော်ပြောတာယုံပါ၊ သူတို့ကို အီလက်ထရုတ်အုပ်ခေါင်းတွေစိုက်ပြီး စိတ်ပြောင်းစိတ်လွှဲလုပ်နေတယ်၊ သူတို့ နားထင်နှစ်ဖက်မှာ အပ်စိုက်ရာတွေ ဖြစ်နေတယ်၊ ဟောဒီနေရာမှာပဲ'

အဒမ်က ဒေါက်တာဗန်ဒါမား အနီးသို့ ကပ်သွားပြီး နားထင်ကို လက်နှင့်ထောက်ပြလိုက်ရသည်။ ဒေါက်တာ့နားထင်တွင်လည်း အပ်စိုက်ရာများကို ရုတ်တရက် မြင်ရသောအခါ အဒမ်က အလန့်တကြားဖြင့် နောက်သို့ ပြန်ဆုတ်လိုက်သည်။

ဤတွင် ဒေါက်တာက စိတ်ဆိုးသွားပြီး အခန်းတံခါးဖွင့်လျက်–

'အဒမ်၊ ဒီလောက်ဆို မင်း လွန်လွန်းနေပြီ'

သူက ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသော အလုပ်သမားနှစ်ယောက်ဘက်သို့လှည့်ကာ 'ဟေ့၊ သူ့ကို ဧည့်ခန်း ခေါ်သွားလိုက်စမ်းပါ၊ အဲဒီမှာ အေးအေးဆေးဆေးနေရင် ဒီအတိုင်းထားလိုက်၊ ဆူဆူပူပူလုပ်ရင်တော့ စိတ်ရောဂါကုဆရာဝန်ဆီသာ ပို့လိုက်တော့'

အဒမ်က လက်နှစ်ဖက်ကို ကာပြရင်း–

'အို...ဒီလိုတော့ မလုပ်ကြပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် ဆူဆူပူပူ ဘာမှမလုပ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ကို ကျွန်တော့်မိန်းမနဲ့တော့ ခဏလေး တွေ့ခွင့်ပေးပါ'

ဒေါက်တာဗန်ဒါမားက အဒမ့်ကို စိုက်ကြည့်နေသည်။ ပြီးတော့ ခေါင်းကို ခါယမ်းရင်း–

'ဂျင်နီဖာကတော့ သဘောကျမယ် မထင်ဘူး၊ ဒါပေမဲ့ သူ့ဟာသူ ဆုံးဖြတ်ပါစေလေ'

သူ ခွဲစိတ်ခန်း တံခါးဖွင့်ဝင်လာသည်။ ဂျင်နီဖာက ခွဲစိတ်စားပွဲပေါ်တွင် တံတောင်ထောက်၍ တစောင်းလှည့်လိုက်ပြီး 'ဘယ်လိုဖြစ်နေကြတာလဲ ဒေါက်တာ'ဟု စိုးရိမ်တကြီး မေးလိုက်သည်။

ဒေါက်တာက ဖြစ်ပျက်ပုံကို တိုတိုတုတ်တုတ် ရှင်းပြပြီး အဒမ်က တွေ့ခွင့်တောင်းနေကြောင်း ပြောပြသည်။

'သူကြည့်ရတာ မင်း ကိုယ်ဝန်အခြေအနေ ဒီလိုဖြစ်သွားရတာကို အကြီးအကျယ် မကျေမနပ် ဖြစ်နေပုံရတယ်'

'ဒါပေမဲ့ သူက ကျွန်မ အခြေအနေကို ပိုကောင်းလာအောင် ဘာမှမလုပ်ပေးနိုင်ပါဘူး၊ သူ့ကြောင့် အနှောင့်အယှက်ဖြစ်ရတာ ကျွန်မ တောင်းပန်ပါတယ် ဒေါက်တာ'





'အို၊ တောင်းပန်စရာ မလိုပါဘူး၊ ကဲ...ဒီတော့ တို့လုပ်ငန်း ပြန်စကြရအောင်၊ ကိစ္စပြီးသွားတော့မှ မင်းတို့ကိစ္စ မင်းတို့ ကြည့်ရှင်းကြပေါ့ ဟုတ်လား'

ဂျင်နီဖာက ခေါင်းညိတ်လိုက်ပြီး–

'ဟုတ်ပါတယ် ဒေါက်တာ၊ လုပ်စရာရှိတာသာ ဆက်လုပ်ပါ၊ အဒမ့်ပြဿနာက ကျွန်မ နောက်မှ ကြည့်ရှင်းပါ့မယ်'

ဒေါက်တာဗန်ဒါမားက အားရပါးရပြုံးလိုက်ပြီးနောက် လုပ်ငန်းပြန်စရန် သူနာပြုဆရာမကို ပြောလိုက်သည်။ ထို့နောက် သူသည် အဒမ်ထံသို့ ပြန်လာခဲ့ပြီး ဂျင်နီဖာက ကိစ္စပြီးမှတွေ့မည်ဟု ပြောလိုက်ကြောင်း ပြန်လည်ပြောပြသည်။

ဤတွင် အဒမ်သည် ဆက်လက်ဆန့်ကျင်နေ၍ အကျိုးမရှိနိုင်ကြောင်း သဘောပေါက်ကာ အလုပ်သမားနှစ်ယောက်နှင့်အတူ ဧည့်ခန်းသို့ လိုက်ပါလာခဲ့တော့သည်။

*

ဒေါက်တာဗန်ဒါမားသည် လက်နှစ်ဖက်ကို ဆပ်ပြာနှင့် ရင်စင်ဆေးပြီးနောက် ခွဲစိတ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

ထို့နောက် ဆေးထိုးပိုက်ကို ကောက်ယူကာ ဂျင်နီဖာအား ထုံဆေးထိုးပေးလိုက်သည်။

နောက်ထပ်အစီအစဉ်ကို ဆက်လုပ်ရန် စိတ်ကူးရရှိတုန်းမှာပင် အခန်းတံခါး ဝုန်းခနဲ ပွင့်သွားသည်။

'ဒေါက်တာဗန်ဒါမား၊ ဂျင်နီဖာကိစ္စကို ဘာမှဆက်မလုပ်ပါနဲ့၊ အခုချက်ချင်း ရပ်ထားလိုက်ပါတော့'

ဂျင်နီဖာ မျက်လုံးဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ တံခါးဝတွင် ဆေးရုံဝတ်စုံနှင့် ဝဝဖိုင့်ဖိုင့် အမျိုးသမီးတစ်ယောက် ရပ်နေသည်။ သူ လုံးဝမသိ။ သို့သော် ဒေါက်တာဗန်ဒါမားကတော့ ကောင်းကောင်းကြီး သိသည်။ ထိုအမျိုးသမီးကား အခြားသူမဟုတ်။ ဂျူလီယံဆေးရုံ ခွဲစိတ်ခန်း အုပ်ချုပ်ရေးဌာန၏ ညွှန်ကြားရေးမှူး မစ္စက်ဟယ်လင်ကလပ် ဖြစ်သည်။ မစ္စက်ကလပ်က ထပ်ပြောသည်။

'ဒီကိစ္စကို ချက်ချင်း ရပ်ဆိုင်းထားဖို့ သက်ဆိုင်ရာက အခုပဲ အရေးပေါ်အမိန့်ရောက်တယ်၊ အဲဒီတော့ ကျွန်မတို့က ဆက်လုပ်လို့ မဖြစ်တော့ဘူး'

'ဘာအကြောင်းပြချက်နဲ့ ဒီလိုလုပ်တာလဲ၊ ဘယ်သူ့အမိန့်နဲ့ လုပ်တာလဲ'

ဒေါက်တာဗန်ဒါမားက မယုံနိုင်စွာဖြင့် ပြန်မေးလိုက်သည်။

'အသေးစိတ်တော့ ကျွန်မလည်း မသိရသေးဘူး၊ ဒါပေမဲ့ အမိန့်စာကိုတော့ နယူးယောက် တရားလွှတ်တော်ချုပ်က တရားသူကြီး လက်မှတ်ထိုးထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဗန်ဒါမားက မျက်နှာရှုံ့မဲ့ကာ ပခုံးတစ်ချက်တွန့်ပြီး ဂျင်နီဖာဘက်သို့ လှည့်ကြည့်လိုက်သည်။

'မဟုတ်တရုတ်တွေတော့ ဆက်မလုပ်ပါနဲ့ ဒေါက်တာ၊ တရားလွှတ်တော်ချုပ်အမိန့်ကို ဖီဆန်ရင် ကျွန်မတို့အားလုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်'

'ဟင်း...တကယ့်ရယ်စရာပဲ၊ ခွဲစိတ်ခန်းကိစ္စမှာ တရားဥပဒေက ဝင်ရှုပ်တာ တော်တော်တော့ ရယ်စရာကောင်းတာပဲ၊ ဟင်း ...ဟင်း'

သူက မျက်နှာမဲ့ရှုံ့ပြီးနောက် သရော်ပြက်ချော်လေသံဖြင့် ပြောလိုက်သည်။ ပြီးတော့ ခေါင်းစွပ်နှင့် လက်အိတ်တွေကို တစ်ခုပြီးတစ်ခု ဆွဲချွတ်လိုက်သည်။

ဒေါက်တာဗန်ဒါမား လှည့်ထွက်သွားသောအခါ ဂျင်နီဖာက သူ့ ကိုယ်သူ အော်၍ မငိုမိအောင် နှုတ်ခမ်းကို တင်းတင်း ကိုက်ထားလိုက်သည်။

ဒေါက်တာဗန်ဒါမားက သူ့ကို ခွဲစိတ်ခန်းထဲမှ မောင်းထုတ်လိုက်ပြီးနောက် အဒမ်သည် ရှေ့နေကြီးရက်ဖို့ထံ ကမန်းကတန်း ဖုန်းလှမ်းဆက်သည်။

ရှေ့နေကြီးက မိတ်ဆွေရင်းတစ်ယောက်ထံမှ အကူအညီတောင်း၍ ဆိုင်းငံ့မိန့်ရရှိခဲ့ကြောင်း၊ ယင်းအမိန့်ကို ဆေးရုံသို့ ပေးပို့လိုက်ပြီဖြစ်ကြောင်း၊ ယခု စကားပြောနေသော အချိန်တွင် လမ်းတစ်ဝက်ဆီသို့ ရောက်နေလောက်ပြီဟု ထင်ကြောင်း ပြန်ပြောသည်။

ထို့နောက် အဒမ်သည် ဧည့်ခန်းသို့ ပြန်လာခဲ့သည်။ ဆိုင်းငံ့မိန့် အချိန်မီ ရောက်နိုင်ပါစေဟု ကျိတ်ပြီး ဆုတောင်းနေမိသည်။ မစ္စက်ကာဆွန်သည် ဧည့်ခန်းတွင်ထိုင်ကာ မဂ္ဂဇင်းတစ်စောင်ကို ခေါင်ငုံ့၍ လှန်လှောနေသည်။ အဒမ်က မစ္စက်ကာဆွန်နှင့် မျက်ကြောမသင့်သော တစ်နေရာသို့ ရွေးပြီး ထိုင်လိုက်သည်။

နောက်ငါးမိနစ်ခန့်မရှိမီတွင် မစ္စက်ကာဆွန်ထံသို့ သူနာပြုဆရာမတစ်ယောက် ခပ်သုတ်သုတ် လျှောက်လာသည်။ သူနာပြုဆရာမက ကိုယ်ကို ကိုင်းကာ တစ်စုံတစ်ရာကို တိုးတိုးပြောလိုက်သည်။ ဤတွင် မစ္စက်ကာဆွန်က လက်နှစ်ဖက်ကို အပေါ်သို့မြှောက်ပြီး အော်ပြောလိုက်သည်။

'ဘုရားရေ...ဂျင်နီဖာ ကိုယ်ဝန်ဖျက်တာကို ရပ်ဆိုင်းလိုက်ပြီ ဟုတ်လား'

ထိုအချိန်တွင် အဒမ်ကတော့ တပြုံးပြုံးနှင့် ဝမ်းသာလုံးဆို့နေသည်။

သို့သော် လက်တွန်းခုတင်တစ်လုံးကို စင်္ကြံလမ်းအတိုင်း တွန်းယူလာပြီး ငိုရှိုက်သံကြားလိုက်ရသောအခါ အဒမ်နှင့် မစ္စက်ကာဆွန်တို့ နှစ်ယောက်စလုံး ဖြုန်းခနဲထကာ ပြေးလာခဲ့ကြပြီး၊ ခုတင်တစ်ဖက်စီတွင် ရပ်လိုက်ကြသည်။

'ဂျင်နီ'အဒမ်က ဂျင်နီဖာ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ 'ဘာမှ မစိုးရိမ်ပါနဲ့ကွယ်၊ အားလုံး အဆင်ပြေသွားပါပြီ'





ဂျင်နီဖာက လက်ကို အတင်းအကျပ် ပြန်ရုပ်ပြီး ရှိုက်ငိုရင်း–

'သွားစမ်းပါ၊ ကျွန်မ အနားမလာနဲ့၊ ရှင်အရူးပဲ၊ သွား၊ မလာနဲ့ သွား'

လက်တွန်းခုတင်ကို ရှေ့ဆက်တွန်းယူသွားကြသည်။ အဒမ်က ဘေးသို့ ဖယ်ပေးပြီး ရပ်ကြည့်ကျန်ရစ်သည်။

'ဟင်၊ ဒီလိုဖြစ်ရတာ မင်း...မင်း လက်ချက်ပေါ့ ဟုတ်လား'

မစ္စက်ကာဆွန်က ဒေါသတကြီးနှင့် မေးလိုက်သည်။

အဒမ် ရင်ထဲတွင် ဆို့ကျပ်၍နေသလို ခံစားနေရသည်။ မစ္စက်ကာဆွန်၏အမေးကိုပင် ပြန်မဖြေနိုင်တော့။ ဖြေချင်စိတ်လည်း လုံးဝမရှိ တော့။

မလိုအပ်ဘဲ ကိုယ်ဝန်ဖျက်ချတာကို တားဆီးလိုက်တာဟာ မကောင်းမှုလား။

ဒေါသစိတ်၊ မခံချင်စိတ်နှင့် ဝမ်းနည်းစိတ်တွေ ရောနှောပြီး မျက်ရည်ပင် လည်လာမိသည်။

ချာခနဲပြန်လှည့်ကာ ဓာတ်လှေကားဆီသို့ လျှောက်လာခဲ့သည်။

လမ်းမပေါ်ရောက်တော့ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သည်။ သုံးဒေါ်လာနှင့် အကြွေအနည်းငယ်သာ ကျန်တော့သည်။

ပဉ္စမရိပ်သာလမ်းမှ ရှေ့နေကြီး ရက်ဖို့၏ ရုံးခန်းသို့ မြေအောက်မီးရထား စီးသွားရန် ဆုံးဖြတ်လိုက်သည်။

'ကျွန်တော် အဝတ်အစားအတွက်တော့ ခွင့်လွှတ်ပါခင်ဗျာ၊ အိမ်ပြန်လဲနေဖို့ အချိန်မရခဲ့လို့ပါ'

စာရေးမက ရုံးခန်းထဲ ခေါ်လာသောအခါ အဒမ်က တောင်းပန်စကားပြောလိုက်သည်။

မစ္စတာရက်ဖို့က ခေါင်းညိတ်လိုက်သည်။ သို့သော် သူက အဒမ့်ရုပ်ကို ကြည့်ပြီး စိတ်တော့ ပျက်မိသည်။

'ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် မစ္စတာရွှန်းဘတ်' ရှေ့နေကြီးက စ၍ ပြောသည်။ 'ဒီကိစ္စမှာ ဟာဆေးမျက်နှာကို ထောက်ထားပြီး ကျုပ်က အတတ်နိုင်ဆုံး ကူညီလိုက်တာပါ၊ ဒါပေမဲ့ ကျုပ် ဘယ်လိုမှ ဘဝင်မကျနိုင်တဲ့အချက်တွေ တော်တော် =များများ ရှိတယ်'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ကလည်း သွေးရူးသွေးတန်းနဲ့ လုပ်မိတာပါ၊ ဂျူလီယံဆေးရုံက မလုပ်သင့်တာတွေကို လုပ်နေတာကြောင့်ပါ၊ သူတို့က ဒီလိုပဲ မလိုအပ်ဘဲနဲ့ ကိုယ်ဝန်ဖျက်ချတာတွေ အများကြီး'

'ဟုတ်ပါတယ်၊ ကျုပ် သဘောပေါက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးက အဒမ်၏ မညှပ်မရိတ်ရသေးသော ဆံပင်စုတ်ဖွားနှင့် မုတ်ဆိတ်မွေး ဗရပျစ်တွေကို ကြည့်ပြီး ပြောလိုက်သည်။

'ဒါပေမဲ့ အဓိကပြဿနာက ဒီကိစ္စ မဟုတ်သေးဘူးခင်ဗျာ၊ အေရိုလင် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီနဲ့ မိခင်ကုမ္ပဏီကြီးဖြစ်တဲ့ အမ်တီအိုင်စီ ကော်ပိုရေးရှင်းတို့ဟာ မူးယစ်ဆေးဝါးတွေကို အကြီးအကျယ် ထုတ်လုပ်နေကြတဲ့ကိစ္စပါ။ ပြီးတော့ ဆရာဝန်တွေက သူတို့ကုမ္ပဏီထုတ်ဆေးတွေကို ပြောင်းလဲပြီး အသုံးချလာအောင်လို့ ဦးနှောက်ခွဲစိတ်တဲ့ အလုပ်ကိုလည်း လုပ်နေပါတယ်'

'ဒီမောင်တော့ ရူးတော့မှာပဲ'ဟု ရှေ့နေကြီးက စိတ်ပျက်စွာ တွေးလိုက်သည်။ အဒမ်က စိတ်အားထက်သန်စွာဖြင့် ဆက်ပြောပြန်သည်။

'ဒီအချက်တွေဟာ ကျွန်တော် တကယ်သိထားတဲ့အချက်တွေပါပဲ၊ ဒါပေမဲ့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ကျွန်တော်မသိဘူး ခင်ဗျား'

'ခင်ဗျား အခက်အခဲကို ကျုပ် သဘောပေါက်ပါတယ်' ရှေ့နေကြီး က စားပွဲအောက်မှ လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်ပြီး 'ခင်ဗျားကို ကျုပ် ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု မေးမယ်'

'မေးပါ ခင်ဗျား၊ မေးပါ'

'ခင်ဗျား ပြောသလို သူတို့မဟုတ်တာတွေ လုပ်နေတာကို သိထားတာတော့ ဟုတ်ပါပြီ၊ အဲဒီတော့ ခင်ဗျားဘက်က တရားဝင်ဖြစ်အောင် တရားဝင် အဖွဲ့အစည်းတွေရဲ့ အကူအညီများ ရပြီးပြီလား၊ ဒီကိစ္စဟာ လူတိုင်းစိတ်ဝင်စားမယ့် အရေးအခင်းကြီးပဲလို့ ကျုပ် ယူဆတယ်'

'ကျွန်တော် ပြောတာတွေဟာ အမှန်ချည်းပဲ ခင်ဗျာ၊ တမင်လုပ်ကြံပြောတာ တစ်ချက်မှ မပါပါဘူး'

တံခါးခေါက်သံသဲ့သဲ့ ကြားရသည်။ ရှေ့နေကြီးက ထိုင်ရာမှထပြီး တံခါးဖွင့်လိုက်သည်။ ပြီးတော့ စာရေးမအား မစ္စတာစတူပင်စကီးကို လွှတ်လိုက်ရန် ပြောလိုက်သည်။ ရှေ့နေကြီးက ကုလားထိုင်တွင် ပြန်ထိုင်ပြီး -

'ခင်ဗျား ဒီကိစ္စကို တရားစွဲရင် ခင်ဗျား စွပ်စွဲချက်တွေကို ဂျူရီလူကြီးတွေက တစ်လုံးမှယုံမှာ မဟုတ်ဘူး'

အဒမ်က ရှေ့နေကြီး၏ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်လိုက်သည်။ မှန်သည်။ သူ့ကို ယုံကြည်သည့် အရိပ်အယောင် အလျဉ်းမတွေ့ရ။

'ဟုတ်ပါတယ်ခင်ဗျား၊ ရှေ့နေကြီး ပြောတာ မှန်ပါတယ်၊ ကျွန်တော့်ဘက်က သက်သေပြစရာ ဘာမှမရှိပါဘူး၊ ကျွန်တော် မြင်ခဲ့တာသာ ရှိပါတယ်'

ထိုအခိုက် တံခါးပွင့်လာသည်။ ရှေ့နေကြီးကဲ့သို့ပင် ဝတ်စုံအစင်းကွက် ဝတ်ထားသော လူငယ်တစ်ယောက် ဝင်လာသည်။





'သူက ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် မစ္စတာစတူပင်စကီး'

မစ္စတာ ရက်ဖို့က မိတ်ဆက်ပေးသည်။

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျား၊ ကျွန်တော်က အဒမ် ရှွန်းဘတ်ပါ'

'ဟုတ်ကဲ့၊ ဝမ်းသာပါတယ် ခင်ဗျား'

ထို့နောက် အဒမ်က မူရင်းကိစ္စ ဆက်ပြောသည်။

'သူတို့က သဘောပေါ်ပါလာတဲ့ ဆရာဝန်တွေကို အစားအသောက်တွေထဲမှာလည်း မူးယစ်ဆေးဝါးတွေခတ်ပြီး ကျွေးတယ်၊ ပြီးတော့ ဆေးဝါးတောင့်ကလေး တစ်မျိုးကိုလည်း နေ့တိုင်း အချိန်မှန်တိုက်ပါတယ်။ အဲဒီဆေးတွေက စိတ်ငြိမ်ဆေး တစ်မျိုးမျိုးဖြစ်မှာ သေချာပါတယ်'

'ဟုတ်ပါပြီ၊ ခင်ဗျားဘက်ကတော့ မှန်နေပါပြီ' မစ္စတာရက်ဖို့က ပြောသည်။ 'ဒါပေမဲ့ ဘယ်မှာလဲ သက်သေခံ အထောက်အထား'

ရှေ့နေနှစ်ယောက်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ အဒမ်က သူတို့ကိုကြည့်ပြီး စိတ်ဓာတ်ကျသွားမိသည်။

'အဲဒီတော့ ကျုပ် တိုတိုနဲ့ လိုရင်းပဲပြောမယ်' မစ္စတာရက်ဖို့က ပြောသည်။ 'ခင်ဗျားက ကျုပ်ကို လှမ်းပြီး အကူအညီတောင်းတော့ ကျုပ်က မစ္စတာ စတူပင်စကီးနဲ့တိုင်ပင်ပြီး အချိန်မီ နည်းလမ်းရှာရတယ်၊ ဒါနဲ့ မစ္စတာ စတူပင်စကီးက ဆေးရုံသွားပြီး သွေးသားစစ်ဆေးမှု မှတ်တမ်းကို ကြည့်တယ်၊ ကျုပ်တို့က အဲဒါကလေးတစ်ခုကို အထောက်အထားပြုပြီး ခင်ဗျားဇနီးရဲ့ ကိုယ်ဝန်ဖျက်ချတာကို အချိန်မီ တားလိုက်နိုင်တယ်၊ ဒီတော့ ဒီတားဆီးမိန့်က သက်တမ်းသုံးရက်ပဲ ရှိတယ်၊ ဒါပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ ဘာစီရင်ချက်မှချလို့မရဘူး၊ အဲဒီတော့ သုံးရက်မြောက်နေ့မှာ တားဆီးမိန့်ပြန်ပြီး ပြေပျက်သွားမှာပဲ၊ ကဲ၊ ဒါပါပဲ မစ္စတာရှွန်းဘတ်'

အတော်ကလေးကြာတော့မှ ရှေ့နေကြီးက သူ့ကို ပြန်ခိုင်းနေပြီဆိုတာကို အဒမ် သတိရမိသည်။

နောက်လေးနာရီခန့်အကြာ . . .။

အဒမ်သည် ရေချိုးပြီး၊ မုတ်ဆိတ်ရိတ်ပြီး၊ ဝတ်ကောင်းစားလှဝတ်ပြီး စတိုင်ကျကျနှင့် ဖြစ်နေပြီ။

ယခုအချိန်တွင် သူသည် သူ့ဖခင်ကြီး၏ ရုံးခန်းအပြင်ဘက်တွင် ထိုင်၍ ဖခင်ကြီးနှင့်တွေ့ဆုံရန် စောင့်နေသည်။ အချိန်က ညနေခြောက် နာရီကျော်ပြီ။

နောက်ဆုံးတွင် အစားအသောက်နှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



အေ) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရွှန်းဘတ်၏ ရုံးခန်းထဲသို့ သားဖြစ်သူ အဒမ် ရွှန်းဘတ် ဝင်ခွင့်ရသည်။

အဒမ်က သူ တွေ့မြင်ခဲ့ရသမျှ ဖြစ်ကြောင်းကုန်စင်ကို ဖခင်ကြီးအား အသေးစိတ် ပြောပြသည်။ ဖခင်ကြီးက စိတ်မရှည်သော်လည်း သည်းခံပြီး နားထောင်သည်။

အဒမ်ပြောပြီးသောအခါ မစ္စတာရွှန်းဘတ်က မှတ်ချက်ချသည်။

'အမှန်အတိုင်းပြောရရင် အခု မင်းပြောတာတွေကို ငါ လုံးဝ မယုံဘူး၊ မင်း ဆန္ဒရှိရင် အမေရိကန်ဆရာဝန်များအသင်းက ပီတာဒါဗင်ပို့ဆီကို ငါ အခု ဖုန်းလှမ်းဆက်လိုက်မယ်၊ သူက ဆေးပညာဆိုင်ရာစာတမ်းတွေကို တာဝန်ယူပြီး စစ်ဆေးခွင့်ပြုရတဲ့ ပုဂ္ဂိုလ်ပဲ၊ သူ ကိုယ်တိုင်လည်း အေရိုလင်ရေကြောင်းဆွေးနွေးပွဲ တော်တော်များများ တက်ဖူးတယ်'

ဒေါက်တာရွှန်းဘတ်က ချက်ချင်းပင် ဒါဗင်ပို့၏အိမ်သို့ ဖုန်းခေါ်လိုက်သည်။ အဆက်အသွယ်ရသောအခါ အေရိုလင် ရေကြောင်းဆွေးနွေးပွဲများနှင့် ပတ်သက်၍ သူ့ထင်မြင်ချက်ကို ပြောပြရန် တောင်းပန်လိုက်သည်။ ဒေါက်တာ ရွှန်းဘတ်က လေးငါးမိနစ်ခန့် နားထောင်ပြီးနောက် ကျေးဇူးတင်စကားပြောကာ ဖုန်းကို ပြန်ချလိုက်သည်။

'ဒါဗင်ပို့က ပြောတယ်၊ ကမ်းရိုးတန်းသင်္ဘောပေါ်က ဆွေးနွေးပွဲ တွေမှာ လျှို့ဝှက်ချက် ဘာမှမရှိပါဘူးတဲ့၊ ညပိုင်း ဖြေဖျော်မှုအစီအစဉ်တွေ နည်းနည်း ကလေးကလား နိုင်တယ်လို့တော့ ပြောတယ်၊ ဒါပေမဲ့ ဆွေးနွေးပွဲတွေကတော့ သူတက်ဖူးသမျှ အကောင်းဆုံးပဲလို့ ပြောတယ်'

'ဒါဆို သူလည်း တခြားဆရာဝန်တွေလို ဆေးမိခံရပြီနဲ့ တူတယ်'

'ဒီမှာ အဒမ်၊ မင်းလုပ်နေပုံက လူရယ်စရာဖြစ်နေပြီ၊ အမ်တီအိုင်စီကော်ပိုရေးရှင်းဟာ ဒီဆွေးနွေးပွဲတွေ လုပ်လာခဲ့တာ ခုမှ မဟုတ်ဘူး၊ ဆယ်နှစ်ကျော်ကျော် ရှိခဲ့ပြီ၊ အဲဒီဆွေးနွေးပွဲတွေကို အမ်တီအိုင်စီက တိုက်ရိုက်လုပ်တာလည်း ရှိတယ်၊ ဒါမှမဟုတ် သူ့လက်အောက်ခံ အေရိုလင်ကုမ္ပဏီကတစ်ဆင့် လုပ်ခိုင်းတာလည်း ရှိတယ်'

အဖိက တာဝန်ရှိသူ သူ့ဖခင် ကိုယ်တိုင်ကပင် မယုံကြည်သောအခါ အဒမ် တော်တော် စိတ်ဓာတ်ကျသွားသည်။ သို့သော် သူက ဆက်ပြောပြန်သည်။

'ဖေဖေ ပြောတာလည်း မှန်တော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဘက် ကလည်း ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရတာကို ပြောတာ၊ ပိုပြောတာ တစ်လုံးမှ မပါပါဘူး၊ ကျွန်တော် ကျိန်ပြောရဲပါတယ်၊ သူတို့က အဲဒီဆရာဝန်တွေကို မူးယစ် ဆေးဝါးတွေ ကျွေးတယ်၊ အီလက်ထရုတ်အပ်ခေါင်းတွေ စိုက်ပြီး စိတ်ပြောင်း ခိတ်လွဲလုပ်တယ်၊ ဆရာဝန်တွေကိုသာ မဟုတ်ဘူး၊ သူတို့အမှုထမ်းတွေကိုလည်း အဲဒီလိုပဲ လုပ်ထားတာပဲ၊ ဖေဖေမယုံရင် ဒေါက်တာဗန်ဒါးမား နားထင်နှစ်ဖက်ကို သွားကြည့်ပါ၊ အပ်စိုက်ရာတွေ တွေ့ရလိမ့်မယ်၊ ကျွန်တော့်အထင်တော့ ဒီလူတွေ က သူတို့ကို အဝေးထိန်း ခလုတ်တစ်မျိုးနဲ့ ချုပ်ကိုင်ပြီး ခိုင်းနေတာလို့ ထင်တာပဲ'

ဒေါက်တာ ရွှန်းဘတ်က မျက်လုံးတစ်ချက် ကစားလိုက်ပြီး–

'အေးကွာ၊ ကိုယ့်ကိုယ်ကိုယ် သတိတော့ထားပေါ့၊ စိတ်ရောဂါဆိုတာက သိပ်ပြီး သိမ်မွေ့တာကွ၊ ငါတော့ မင်းပြောတာတွေ နားထောင်ရတာ မင်းအခြေ အနေ ရိုးရိုးမဟုတ်တော့ဘူးလို့တောင် ထင်ချင်လာပြီ'

အဒမ်က ထိုင်ရာမှ ဆတ်ခနဲ ပြန်ထပြီး ပြန်ရန်ခြေလှမ်းလိုက်သည်။

'နေပါဦးကွ၊ ခဏလောက် နေစမ်းပါဦး'

အဒမ်က တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ သူ့ဖေဖေ စိတ်တစ်မျိုးများ ပြောင်း သွားပြီလား။

ဒေါက်တာရွှန်းဘတ်က ကုလားထိုင်တွင် နောက်မှီထိုင်ချလိုက်ပြီး–

'မင်းပြောတာတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာ တစ်ချက်တော့ ရှိတယ် ကွ'

'ပြောပါဦး ဖေဖေ၊ ဘယ်လိုဟာပါလိမ့်'

'မင်းက ငါ့ကို ဘာလုပ်စေချင်သလဲ၊ ငါက အက်ဖ်ဒီအေ ညွှန်ကြားရေးမှူး ချုပ်။ အသစ်ထုတ်လုပ်တဲ့ ဆေးဝါးတွေအားလုံးအတွက် တာဝန်ယူစစ်ဆေးရတာ၊ ဒီတော့ ငါက မင်းလိုတော့ သွေးရူးသွေးတန်း ထင်ရာလျှောက်လုပ်လို့ မရဘူး၊ ဒါပေမဲ့ မင်းက သိပ်ပြီး စိတ်ထက်သန်နေတော့ ငါကိုယ်တိုင် အဲဒီသင်္ဘောနဲ့ လိုက်သွားရကောင်းမလား လို့ စိတ်ကူးမိတယ်၊ ကိုယ်တိုင်လိုက်သွားပြီး ကိုယ်တိုင် လေ့လာမယ်ဆိုပါတော့'

'ဟာ ဖေဖေ၊ အဲဒါတော့ လုံးဝမလုပ်ပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်၊ လုံးဝ မလုပ်ပါနဲ့ ဖေဖေ'

'အဲဒီတော့ ငါ ဘာလုပ်ရမှာလဲ၊ မင်းက ငါ့ကို ဘာလုပ်စေချင်သလဲ'

'ကျွန်တော့် အထင်တော့ ဖေဖေက တာဝန်အရှိဆုံး ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ စုံစမ်းစစ်ဆေးရေးလုပ်ရင် ပိုကောင်းမယ် ထင်ပါတယ်'

'အဲဒါ ခဏထားဦး၊ ပထမဆုံး မင်းနဲ့ငါနဲ့ အပေးအယူတစ်ခု လုပ်ကြ ရအောင်၊ မင်း စိတ်ရောဂါကု ဆရာဝန်တစ်ယောက်ဆီ အရင်သွား၊ သူက မင်းမှာ







www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောဂါ လုံးဝမရှိပါဘူးလို့ပြောရင် အေရိုလင်ကုမ္ပဏီကို ငါ စုံစမ်းစစ်ဆေးရေးလုပ်မယ်၊ ဘယ့်နယ်လဲ၊ သဘောကျရဲ့လား'

အဒမ်က မျက်မှန်ကိုချွတ်ပြီး မျက်လုံးကို ပွတ်နေသည်။ သူ့ကို နောက်ထပ်တစ်ယောက်ကသာ စိတ်ရောဂါကုဆရာဝန်ဆီ သွားခိုင်းလျှင် သူတော့ တကယ်ရူးရတော့မှာပဲ။

နောက်ဆုံး သူက ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဖေဖေပြောတာကို ကျွန်တော် လေးလေးနက်နက် စဉ်းစားပါ့မယ်'

အဒမ်သည် လေယာဉ်ကွင်းကို ဘတ်စ်ကားစီး၍ ပြန်လာရင်း၊ လေးလေးနက်နက် စဉ်းစားလာခဲ့သည်။

အဲဒီအမေရိကန် ဆရာဝန်များအသင်းကပုဂ္ဂိုလ် ပီတာဒါဗင်ပို့ကို အေရိုလင်ကုမ္ပဏီက ဘယ်လိုဆေးတွေများ ကျွေးလိုက်ပါလိမ့်။ ဘယ်လို စိတ်ပြောင်းနည်းတွေများ လုပ်ပေးလိုက်ပါလိမ့်။

ပြီးတော့ အမ်တီအိုင်စီ ကော်ပိုရေးရှင်း "ပရှုပ်"ထဲ ရောက်နေကြတဲ့ ဆရာဝန်တွေ၊ ဆေးပညာအသင်းအဖွဲ့တွေကရော ဘယ်လောက်များ ရှိနေပြီလဲ။

*

အဒမ်သည် လာဂွာဒီယား လေယာဉ်ကွင်းသို့ ညကိုးနာရီတိတိတွင် ဆိုက်ရောက်သည်။

မြို့ထဲသို့ အငှားကား စီးလာခဲ့သည်။ လူတစ်ယောက်မှ မရှိသော သူတို့တိုက်ခန်းသို့ ပြန်ရမည်ကို တွေးပြီး စိတ်ပျက်မိသည်။ တစ်ဖက်ကလည်း ဂျင်နီဖာအတွက် အလွန်စိတ်ပူနေမိသည်။ သို့သော် ဂျင်နီဖာနှင့် တွေ့ချင်စိတ်ကလည်း အလွန်အမင်း ပြင်းပြနေသည်။ သို့ဖြင့် သူ အလွန် မတွေ့ချင်လှသော ယောက္ခမများနှင့် ရင်ဆိုင်ရမည်ကို ရင်လေးလှသော်လည်း ကိုယ့်ကိုယ်ကိုယ် ရဲစိတ်သွင်းကာ အိမ်ဂျယ်ဝှသို့ ထွက်လာခဲ့သည်။

ခြံဝင်းကားလမ်းအတိုင်း မောင်းဝင်လာခဲ့သည်။ တစ်အိမ်လုံး မှောင်မည်းနေသည်။ မီးတွေ အကုန်မှိတ်ထားသည်။

ဆင်ဝင်လှေကားရင်းသို့ သတိနှင့် လျှောက်လာခဲ့သည်။ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်လေသည်။

တံခါးချက်ချင်း ပွင့်လာသည်။ အဒမ် အလွန်အံ့ဩသွားသည်။

'မင်း ကားမီးက တို့အိပ်ခန်းတောင် လာထိုးတယ်ကွ' မစ္စတာကာဆွန်က စိတ်ဆိုးသဖြင့် ပြောသည်။ 'ပြောစမ်းပါဦး၊ ဒီအချိန်ကြီး ဒီကိုဘာလာလုပ်တာလဲ'





'ကျွန်တော့်ကြောင့် နိုးသွားကြတာ တောင်းပန်ပါတယ် အန်ကယ်၊ ကျွန်တော် ဂျင်နီဖာနဲ့ ခဏလောက် တွေ့ချင်ပါတယ်'

မစ္စတာကာဆွန်က လက်နှစ်ဖက်ကို ရင်ဘတ်တွင် ပိုက်လိုက်ပြီး-

'အေး၊ မင်းက တော်တော်တော့ သတ္တိရှိသေးတာပဲ၊ အဲဒီအတွက်တော့ မင်းကို ငါချီးကျူးပါတယ်၊ ဒါပေမဲ့ ငါ့သမီးက မင်းနဲ့ လုံးဝ တွေ့ချင်စိတ်မရှိဘူး၊ အဲနောက်သုံးလေးရက်ဆိုရင်တော့ သူ့စိတ်သူ တစ်မျိုးတစ်မည် ပြောင်းသွားချင် ပြောင်းသွားနိုင်တယ်၊ ဒါပေမဲ့ လောလောဆယ်တော့'

'ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်၊ ကျွန်တော် လုပ်ရတာကလည်း သူ့အနေနဲ့ ကိုယ်ဝန်ဖျက်ချဖို့ လုံးဝမလိုအပ်လို့ပါ'

မစ္စတာကာဆွန်က အဒမ်၏အင်္ကျီရင်ဖုံးကို ဆွဲကိုင်ပြီး အော်ပြောလိုက်သည်။

'မင်း... မင်း ...ဘာမှ တောင်းပန်စရာ မလိုပါဘူး'

သူက အဒမ့်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ အဒမ် နောက်သို့ ယိုင်သွားသည်။

သို့သော် လဲကျမသွားအောင် သူ့ကိုယ်သူ အချိန်မီ ထိန်းလိုက်နိုင်သည်။ ထို့နောက် ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး အော်ခေါ်လိုက်သည်။

'ဂျင်နီဖာ၊ ဂျင်နီဖာ'

'ဟေ့ ...ဟေ့ အဒမ်၊ မင်း ဒီလောက်ဆို ရပ်တန်းက ရပ်ဖို့ ကောင်းပြီ၊ ကဲ၊ မင်း... ပြန် ပြန်'

မစ္စတာကာဆွန်က အဒမ့်လက်ကို အားခွင်းဖမ်းဆုပ်ပြီး ကားဆီသို့ ဆွဲခေါ်မည် လုပ်သည်။ သို့သော် အဒမ်က ဘေးသို့ အတင်းရုန်းထွက်ပြီး အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။

အိမ်တွင်းလှေကားရင်းသို့ ရောက်သောအခါ သူက ဂျင်နီဖာကို အော်ခေါ်လိုက်ပြန်သည်။

ဂျင်နီဖာသည် ညအိပ်ဝတ်စုံဖြင့် လှေကားထိပ်တွင်ရပ်ကာ သူ့ ယောကျ်ားကို လှမ်းကြည့်ပြီး စိတ်ကုန်သွားမိသည်။

'ကိုယ် ပြောပါရစေ ဂျင်နီဖာ'

အဒမ်က အောက်မှ လှမ်းအော်ပြောလိုက်လေသည်။

သို့သော် သူက ဘာမှ ရှေ့ဆက်မပြောနိုင်မီတွင်ပင် မစ္စတာကာဆွန်က သူ့ကို နောက်မှနေ၍ ဖမ်းချုပ်ပြီး ကားဆီသို့ ဆွဲခေါ်လာသည်။ သို့သော် အဒမ်က ပြန်လည် မခုခံလိုသဖြင့် ယောက္ခမကြီး၏ လက်ထဲမှ ရုန်းထွက်ပြီး ကားဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာခဲ့သည်။ ကားဆီသို့ ရောက်သောအခါ ခြေချော်ပြီး ပန်းချုပ်ပေါ်သို့ လဲကျသွားသည်။ ကမန်းကတန်း ကုန်းထသည်။ ထိုအချိန်တွင် အိမ်ရှေ့တံခါး ဖွင့်ခနဲ ပြန်ပိတ်သံ ကြားလိုက်ရသည်။ တစ်ချိန်တည်းတွင် ဒီညတော့ အဘိုးကြီးသူ့သမီးကို တယ်လီဖုန်းနား လုံးဝကပ်ခွင့်ပြုမှာ မဟုတ်တော့ဘူးဟုလည်း တွေးလိုက်မိသည်။

ကားပေါ်ပြန်တက်ထိုင်သည်။ သို့သော် စက်မနှိုးသေး။ သူအကြံထုတ်နေသည်။

ဂျင်နီဖာ ကိုယ်ဝန်ဖျက်မချဖြစ်အောင် ဘယ်လိုလုပ်ရပါမည်နည်း။ အနည်းဆုံးတော့ ဂျင်နီဖာအနေနဲ့ ပြန်လည် စဉ်းစားလိုစိတ် ဝင်လာအောင် လုပ်ဖို့လိုသည်။

အချိန်က သုံးရက်သာ ကျန်တော့သည်။

ရုတ်တရက် အကြံမပေါ်သဖြင့် ကားကို နောက်ဆုတ်ပြီး ပြန်လည်မောင်းထွက်လာခဲ့သည်။

ဂျော့ဝါရှင်တန်တံတားကို ဖြတ်ကျော်သောအချိန်တွင်မှ အကြံတစ်ခု ရုတ်တရက် လက်ခနဲ ပေါ်လာသည်။

လူတိုင်းပင် အထောက်အထား တောင်းဆိုနေကြသည်။ သက်သေခံအထောက်အထားရှိမှ မိမိအကြံ အောင်မြင်နိုင်မည်။

ဟုတ်ပြီ။ ပြူတိုရီကိုသို့ ကိုယ်တိုင်သွားပြီး သက်သေခံ အထောက်အထားရအောင် ရှာမည်။ သဘောပေါ်တွင် ကြုံခဲ့ရသမျှ အတွေ့အကြုံအရဆိုလျှင် မအောင်မြင်စရာ ဘာမျှမရှိ။ အောင်ကို အောင်မြင်ရမည်။ ကျိန်းသေပေါက် အောင်မြင်ရမည်။

❖

[၁၅]

အေရိုလင်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဝီလျံရှယ်လီသည် စားပွဲမှထကာ အဒမ်အား လက်ဆွဲနှုတ်ဆက်လိုက်သည်။

'ဝမ်းသာပါတယ် အဒမ်၊ တကယ်တော့ မင်းဘဝအတွက် အကောင်းဆုံး ဆုံးဖြတ်ချက်ကို မင်းချလိုက်တာပဲ'

'ကျွန်တော့်ကိုယ် ကျွန်တော် အတိအကျတော့ မပြောနိုင်သေးပါဘူး ခင်ဗျာ' အဒမ်က သတိနှင့် ပြောသည်။ 'ဒါပေမဲ့ ပြူတိုရီကိုကိစ္စကိုတော့ ကျွန်တော် လေးလေးနက်နက် စဉ်းစားခဲ့တာ အမှန်ပါ၊ ကျွန်တော်က အဲဒီကိုသွားပြီး ကိုယ်တိုင်ကိုယ်ကျ သေသေချာချာ လေ့လာချင်ပါတယ်၊ ဒါပေမဲ့ ဂျင်နီဖာတော့ လိုက်မှာ မဟုတ်ပါဘူး၊ သူက ပင်လယ်ကို သိပ်ကြောက်တာ ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ဆန္ဒကိုတော့ သူက မဆန့်ကျင်ပါဘူး၊ မဆန့်ကျင်တဲ့အပြင် အားတောင် ပေးပါသေးတယ်'

'ဪ၊ [illegible]း . . . ခုမှပဲ စကားစပ်မိလို့ သတိရတော့ဘယ်၊ မင်း မိန်းမဟာ မက်ဂူးယားဆီ ထူးထူးဆန်းဆန်း ဖုန်းဆက်တယ်ဆိုပါလား၊ သူက မင်း အေရိုလင်ရေကြောင်းခွေးနွေးပွဲနဲ့ ခရီးထွက်သွားတယ်လို့ ထင်နေတယ် လို့ ပြောတယ်'

'ဒီကိစ္စမှာ အမိကကတော့ ယောကျ္ာမနဲ ချွေးမပြဿနာပါခင်ဗျာ' အဒမ်က လက်ကို ဝှေ့ယမ်းပြသည်။ 'ဂျင်နီဖာနဲ့ ကျွန်တော့် ဖေဖေတို့က ဆက်ဆံရေး မပြေလည်ကြပါဘူး'

အဒမ်က ကိုယ်ပြောလိုက်သောစကားကိုပင် ကိုယ် မယုံသလို ဖြစ်မိသည်။ သို့သော် မစ္စတာ ရှယ်လီက နားလည်စွာ ခေါင်းညိတ်လိုက်သဖြင့် တော်ပါသေးသည်။

'ဒီတော့ လောလောဆယ် ကိစ္စကိုပြောရရင် အေရိုလင် သုတေသနသိပ္ပံ ရောက်သွားရင် မင်းအနေနဲ့ တအံ့တသြဖြစ်ရမှာ ကျိန်းသေပါပဲ၊ ဒါဖြင့် ဘယ်တော့ လောက် သွားချင်သလဲ'

'ဖြစ်နိုင်ရင်တော့ ခုချက်ချင်းတောင် သွားချင်ပါတယ်၊ ကျွန်တော့်ထိုင် အပိုးတွေ ကားပေါ်တောင် ရောက်နေပြီခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အံမယ်၊ တယ်ဟုတ်ပါလား' မစ္စတာ ရှယ်လီက ရယ်လိုက်သည်။ 'အေး ...ကောင်းတယ်၊ ငါက အဲဒီလို တက်ကြွတဲ့လူကိုမှ သဘောကျတာ၊ မင်း အခုလို တက်တက်ကြွကြွနဲ့ စိတ်ဝင်စားမှုရှိတာ အင်မတန် ကောင်းတယ်၊ ဒီတော့ တို့ လေယာဉ်ခရီးစဉ်က ဘယ်လိုရှိသလဲ၊ ငါကြည့်လိုက်ဦးမယ်'

မစ္စတာ ရှယ်လီသည် ချက်ချင်းပင် အတွင်းရေးမှူးစာရေးမထံ ဖုန်းလှမ်းဆက်ပြီး လေယာဉ်ခရီးစဉ် ကြည့်ပေးရန် ပြောလိုက်သည်။ ပြီးတော့ အဒမ့်မျက်နှာကို စေ့စေ့ကြည့်ပြီး မေးသည်။

'ဒါနဲ့ မင်းက အခုမှ ဆိုင်းမဆင့်ဗုံမဆင့် ဗြုန်းစားကြီး ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ၊ အစတုန်းကတော့ အုပ်ချုပ်ရေးသင်တန်း မတက်ချင်ဘူး၊ အရောင်းကိုယ်စားလှယ်လုပ်တာပဲ ကြိုက်တယ်ဆို၊ တို့က မင်းအပေါ် သိပ်ပြီးများ အယုံအကြည် လွန်နေသလားလို့ပါ'

'ကျွန်တော့်အပေါ် အယုံအကြည်လွန်စရာမရှိပါဘူး ခင်ဗျာ၊ အမှန်အတိုင်း ပြောရရင် ကျွန်တော့်အပေါ်မှာ ဒီလိုယုံကြည်တဲ့အတွက်ပဲ ကျွန်တော်က ဒီကိစ္စကို အလေးထားပြီး ဆုံးဖြတ်လိုက်တာပါ'

အဒမ်သည် မစ္စတာရှယ်လီ၏အမူအရာကို အကဲခတ်လိုက်သည်။ ဒီလူလည်း ဦးနှောက်ခွဲစိတ်ခံထားရတယ်နဲ့ တူတယ် ဟူသော အတွေးဝင်လာသည်ကို မနည်း မောင်းထုတ်လိုက်ရသည်။

ဘာပဲပြောပြော၊ နောက်ဆုံးတော့ အေရိုလင်ကုမ္ပဏီက လူတွေအားလုံး တစ်ယောက်မျှ ယုံကြည်လို့ မရဆိုသည်ကိုတော့ အဒမ် ကောင်းကောင်းကြီး သဘောပေါက်မိသည်။

*

ပင်လယ်ကွေ့သွား ဇိမ်ခံဂျက်လေယာဉ်ပေါ်တွင် အေရိုလင်ကုမ္ပဏီမှ ထိပ်တန်း အမှုဆောင်လူကြီးနှစ်ဦး ပါလာသည်။ တစ်ယောက်က အဒမ်နှင့်အတူ နယူးယောက်မှ တက်လာသည်။ နောက်တစ်ယောက်ကတော့ အတ်လန်တာမှ တက်သည်။ သူတို့နှစ်ယောက်စလုံးပင် အဒမ်အား တရင်းတနှီး နှုတ်ဆက်ကြသည်။ သို့သော် လေယာဉ်ပေါ်တွင် တစ်ချိန်လုံး အလုပ်ကိစ္စတွေကိုသာ ပြောဆိုလာကြသောကြောင့် အဒမ်မှာ မဂ္ဂဇင်းတွေ လှန်ရင်း အချိန်ဖြုန်းနေရသည်။

ဆန်ဂျူအန်တွင် လေယာဉ်ဆိုက်သောအခါ အမှုဆောင်လူကြီးနှစ်ယောက်သည် အသင့်စောင့်နေသော အေရိုလင်ကုမ္ပဏီပိုင် သီးသန့်ကားဆီသို့ လျှောက်သွားကြသည်။ အဒမ်လည်း သူတို့ကားနှင့် တစ်ပါတည်း လိုက်သွားရကောင်းမလားဟု စဉ်းစားနေတုန်း သူ့အနားသို့ လူနှစ်ယောက် ချဉ်းကပ်လာသည်။





နှစ်ယောက်စလုံးပင် အပြာရောင် ဘလေဇာအင်္ကျီနှင့် အဖြူရောင်ဘောင်းဘီ ဝတ်ထားကြသည်။ ဆံပင်ကိုလည်း နှစ်ယောက်လုံး ကရုကက် ညှပ်ထားကြသည်။ တစ်ယောက်က အသားဖြူသည်။ တစ်ယောက်က အသားမည်းသည်။ သူတို့၏နာမည်ကတ်ပြားများတွင် "ရော့ဒမန်း"နှင့် "ဒန်လီ"ဟု ရေးထားသည်။

ရော့ဒမန်က စတင်နှုတ်ဆက်သည်။

'မင်္ဂလာညနေခင်းပါ မစ္စတာရွှန်းဘတ်၊ ပြူတိုရီကိုက လှိုက်လှဲစွာ ကြိုဆိုပါတယ်'

ဒန်လီက အဒမ်၏ ပခုံးဆွဲအိတ်ကို ဖြုတ်ယူလိုက်သည်။ သမပိုင်းဇုန်ဒေသ၏ အပူရှိန်က ပူပြင်းလှသော်လည်း အဒမ်သည် ကျောထဲမှ ချမ်းစိမ့်သွားသလို ခံစားလိုက်ရသည်။

သူတို့က အဒမ်အား အသင့်ရပ်ထားသော ဇိမ်ခံကားဆီသို့ အာလာပ သလ္လာပ ပြောရင်း ခေါ်လာကြသည်။ ရော့ဒမန်း၏အသံမှာ "ကမ်းရိုးတန်း" သဘောပေါ်မှ ဘဏ္ဍာစိုးများအသံနှင့် တူနေသည်ကို အဒမ် သတိပြုမိသည်။ သူတို့နှစ်ယောက်စလုံးပင် စက်ရုပ်များလို ခြေလှမ်းလှမ်းလာကြသည်။

ဇိမ်ခံကားမှာ အသစ်မဟုတ်။ သို့သော် ဇိမ်ခံကားတော့ ဇိမ်ခံကားပါပဲ။ သူတို့နှစ်ယောက် ရှေ့ကထိုင်ပြီး အဒမ်ကိုတော့ နောက်တွင် တစ်ယောက်တည်း ထိုင်စေသည်။ အဒမ့်စိတ်ထဲတွင် မသိုးမသန့် ဖြစ်သွားမိသည်။

အဒမ်သည် ကိုယ်ကို ရှေ့သို့ကိုင်းကာ အပြင်သို့ လှမ်းကြည့်လိုက်သည်။ လမ်းပေါ်တွင် ကားသွားကားလာများ ရှုပ်ယှက်ခတ်နေသည်။ သူတို့ကားသည် မြို့ပြင်သို့ထွက်လာခဲ့သည်။ ကျွန်း၏မြောက်ဘက် ကမ်းရိုးတန်းနှင့်အပြိုင် မောင်းနှင်လာဟန်တူသည်။ သို့သော် အဒမ်သည် အတ္တလန္တိတ်သမုဒ္ဒရာကိုတော့ မမြင်ရ။

သူတို့သည် ဈေးဆိုင်တန်းများ၊ ဓာတ်ဆီဆိုင်များနှင့် ကားဝပ်ရှေ့များကို ဖြတ်သန်းလာခဲ့သည်။ ပတ်ပန်းကျင် တစ်ခွင်တစ်ပြင်ကို ကြည့်လိုက်လျှင် ပျက်စီးယိုယွင်းနေသောအရာများနှင့် အသစ်ဖြစ်ပေါ်လာသောအရာများကိုသာ မြင်နေရသည်။ အဟောင်းနှင့် အသစ်တို့ ပေါင်းစပ်နေခြင်းမှာ ထူးဆန်းသော ဖြစ်တည်ဖွဲ့စည်းမှုတစ်ရပ်ပါကလား။ သို့သော် ဘယ်နေရာကိုပင် ကြည့်လိုက် ကြည့်လိုက်၊ ဆွေးမြည့်ဟောင်းမြင်းခြင်းကိုသာ ပေါ်ပေါ်လွင်လွင် မြင်နေရသည်။ အဒမ့် စိတ်ထဲတွင်တော့ ဘယ်အရာကိုမျှ ထိထိခိုက်ခိုက် စွဲလမ်းခြင်းမရှိ။

ဟောင်းနွမ်းရှုပ်ပွေလှသော ဈေးဆိုင်အဆောက်အအုံများကို ဖြတ်သန်းလာခဲ့ပြီးနောက် အလားတူပင် ဟောင်းနွမ်းပျက်ပြိုနေသော လူနေအိမ်များ...



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့လာရသည်။ တစ်ခါတစ်ရံတွင်တော့ အိမ်အိုအိမ်ပျက်များကြားတွင် သစ်လွင်လှပသော အိမ်ကြီးများကို မြင်ရတတ်သည်။ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့သည် အကြားမရှိဘဲ တစ်စပ်တည်း ဆက်နေကြသည်။ အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြားများတွင် ကြက်၊ ဘဲ၊ဆိတ်၊ ဝက်စသော မွေးမြူရေးတိရစ္ဆာန်များ တံခါးမရှိ ဓားမရှိ လွတ်လပ်စွာ ပြေးလွှားနေကြသည်။

တဖြည်းဖြည်းဖြင့် လမ်းလေးမြှာမှ နှစ်မြှာဖြစ်လာသည်။ စိမ်းစိုစို တောင်ကုန်းများ၏ ဟိုမှာဘက်တွင် သမုဒ္ဒရာရေပြင်ကျယ်ကြီးကို လှမ်းမြင်ရပြီ။ လေပြည်ကလေးက လတ်ဆတ်ပြီး အေးမြနေသည်။

နောက်ဆုံးတွင် တစ်နာရီခွဲခန့်ကြာသောအခါ တာလမ်းမကြီးကို ချိုးလိုက်ပြီး ဟင်းရွက်သီးနှံစိုက်ခင်းများကို ဖြတ်၍ မြွေလိမ်မြွေကောက်လမ်းပေါ်သို့ ရောက်လာသည်။ တစ်နေရာသို့ရောက်တော့ စိမ်းလဲ့နေသော ကရေဘီယံပင်လယ်ပြင်ကို ခင်တန်းကြားမှ လှမ်းမြင်လိုက်ရသည်။ ကောင်းကင်တစ်ပြင်လုံး နီရဲနေရာ မကြာမီ နေဝင်တော့မည်ဟု သတိပြုလိုက်မိသည်။

ကားလမ်းသည် တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ပြီး တောအုပ်ကြားသို့ ဝင်ရောက်လာခဲ့သည်။ နောက်နှစ်ဖာလုံခန့် မောင်းလာခဲ့ပြီးသောအခါ ဗီမ်ခံကားကလေးသည် တဖြည်းဖြည်းနှင့် အရှိန်လျှော့ကာ နောက်ဆုံး၌ လုံးဝရပ်သွားသည်။ သူတို့သည် ဂိတ်တံခါးကြီးတစ်ခုသို့ ရောက်လာခဲ့ကြပြီ။ ဂိတ်တံခါးကြီး၏ တစ်ဖက်တစ်ချက်တွင် တောအုပ်ကြီးနှင့် ဆက်သွားသည်အထိ ကျယ်ဝန်းသော ခြံစည်းရိုးခတ်ထားသည်။ ခြံစည်းရိုးထိပ်တွင် သံဆူးကြိုးများ ရစ်ပတ်ထားသည့်အပြင် သံဆူးကြိုးများတွင် လျှပ်စစ်ဓာတ်များလည်း လွှတ်ထားသည်။

ကင်းရုံထဲမှ လက်နက်ကိုင်အစောင့်တစ်ယောက်ထွက်၍ ကားအနီးသို့ လျှောက်လာသည်။ ကားမောင်းသူထံမှ စာရွက်ကို လှမ်းယူပြီး အဒမ့်ကို စေ့စေ့စပ်စပ် ကြည့်သည်။ ထို့နောက် ဂိတ်တံခါးကို ဖွင့်ပေးသည်။ အမ်တီအိုင်စီ ကော်ပိုရေးရှင်း၏ ပရိဝုဏ်ထဲသို့ ကားဝင်လာစဉ် အဒမ်က ဂိတ်တံခါးကို အနီးကပ်ကြည့်လိုက်သည်။ ဂိတ်ဝတွင် လက်နက်ကိုင်လုံခြုံရေး အစောင့်ချထားခြင်းသည် လူဝင်လူထွက်ကို စစ်ဆေးရန်ဖြစ်သည်မှာ ထင်ရှားသည်။ သူ ဘယ်လိုနေရာကိုများ ရောက်လာပါလိမ့်ဟု အဒမ်က ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့်မိသည်။ သူက "ကမ်းရိုးတန်း" သဘောနှင့် လိုက်ခဲ့စဉ်က စိမ်ကိန်းလည်း တိတိကျကျ မရှိခဲ့။ သူ့ကိုယ်သူ ထောက်လှမ်းရေးသမားတစ်ယောက်၏ အရည်အချင်းရှိသူဟုလည်း မယူဆခဲ့။ သို့သော် ယခု ပြူတိုရီကိုသို့ ရောက်လာသောအခါတွင်





နာမည်လိမ်သုံးစရာ မလိုတော့ဘဲ မိမိနာမည်မှန်ကို သုံးခွင့်ရသည်အတွက်တော့ တစ်မျိုးဝမ်းသာမိသည်။

လမ်းကွေ့တစ်ခုကို ချိုးလိုက်သောအခါ အဒမ် တစ်ခါမှမမြင်ဖူးသော အခမ်းနားဆုံး အလှဆုံး ဗိသုကာလက်ရာ အဆောက်အအုံများကို မြင်တွေ့ရသည်။ ယင်းအဆောက်အအုံများ၏ နောက်ဘက်တွင်တော့ ညီညာစွာ ဖြတ်ထားသော မြက်ခင်းပြင်များနှင့် စိမ်းပြာကြည်လင်နေသော ပင်လယ်ရေပြင်ကျယ်ကြီး။

ပင်မ အဆောက်အအုံကြီးမှာ အေရိုလင်ကုမ္ပဏီရုံးချုပ် အဆောက်အအုံကဲ့သို့ပင် ကြေးရောင် မှန်လုံခြောက်မျက်နှာ အဆောက်အအုံကြီး ဖြစ်သည်။ လက်ဝဲဘက်ရှိ ကမ်းခြေနှင့် ကပ်နေသော နှစ်ထပ်အဆောက်အအုံမှာ ကလပ်ဖြစ်ပုံရသည်။ နောက်တစ်ဖက် ခပ်လှမ်းလှမ်းတွင် တင်းနစ်ကစားကွင်းနှင့် ရေကူးကန် ရှိသည်။ ထိုမှအလွန်တွင်မူ ဖြူဖွေးနေသော ကမ်းခြေသဲသောင်ပြင်။ သောင်ပြင်ပေါ်တွင် ဘော်လီဘောကစားကွင်းနှင့် အပျော်စီးရွက်လှေများ၊ ရေလွှာစီးလျှောယာဉ်များ ရှိသည်။ အချို့ရွက်လှေများမှာ ရောင်စုံရွက်များလွင့်ကာ ရေပြင်တွင် တအိအိ ရွေ့သွားနေကြသည်။ နောက်တစ်နေရာတွင် ကမ်းခြေဘက်သို့ မျက်နှာမူနေသော သီးသန့်တိုက်ခန်းများ ရှိသည်။ အားလုံးကို ခြုံကြည့်လိုက်လျှင် ခြံဝင်းကျယ်ကြီးတစ်ခုလုံးမှာ ကမ္ဘာ့စံချိန်မီ အပန်းဖြေဆိပ်ကမ်းသာနှင့် တူနေသည်။ အဒမ်က မြင်မြင်ချင်း အလွန်သဘောကျသွားသည်။

အဒမ်တို့ ကားကလေးသည် ပင်မအဆောက်အအုံကြီး၏ ဆင်ဝင်ဆောင်အောက်တွင် ထိုးရပ်လိုက်သည်။

'မင်္ဂလာညနေခင်းပါ မစ္စတာရှန်းဘတ်၊ အမ်တီအိုင်စီကော်ပိုရေးရှင်းက လှိုက်လှဲစွာ ကြိုဆိုပါတယ်၊ ဒီဘက်ကို ကြွပါခင်ဗျား'

တံခါးစောင့်က နှုတ်ဆက် ကြိုဆိုလိုက်ခြင်းဖြစ်သည်။

အဒမ်သည် ကားပေါ်မှဆင်းကာ မှတ်ပုံတင်ကောင်တာသို့ တံခါးစောင့်နောက်မှ လိုက်လာခဲ့သည်။ သူတို့လုပ်နေပုံကိုမြင်ရသည်မှာ ဟိုတယ်ကြီးတစ်ခုတွင် တည်းခိုရန် စာရင်းပေးရသည်နှင့် တူနေသည်။ အဓိကကွာခြားချက်မှာ ငွေကိုင်စာရေးမရှိခြင်းသာ ဖြစ်သည်။

အဒမ်က မှတ်ပုံတင်စာအုပ်တွင် လက်မှတ်ထိုးလိုက်သည်။ ထို့နောက် အပြာရောင် ဂျက်ကက်အင်္ကျီတွင် "ကရိတ်"ဟု နာမည်တံဆိပ် တပ်ထားသော စာရေးတစ်ယောက်က အဒမ်၏လက်ဆွဲအိတ်ကို ကောက်ယူပြီး အဒမ်အား ဓာတ်လှေကားသို့ ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင့်မထပ်တွင် ဓာတ်လှေကားမှ ထွက်၍ စင်္ကြံရှည်ကြီးအတိုင်း လျှောက်လာခဲ့ကြသည်။ စင်္ကြံလမ်းအဆုံးတွင် နောက်ထပ် ဓာတ်လှေကားတစ်ခု ရှိသည်။

'ကျွန်တော်တို့ဆီမှာ တော်တော် ကြာကြာနေမှာလား'

ကရိတ်က အဒမ် နားယဉ်နေသော အသံသေကြီးဖြင့် မေးသည်။

'သိပ်မကြာပါဘူး၊ သုံးလေးရက်လောက်ပါ'

ကရိတ်က သော့ကိုထုတ်ပြီး အခန်းတစ်ခန်းမှ တံခါးကို ဖွင့်သည်။

အခန်းက တစ်ခန်းတည်းမဟုတ်။ အခန်းတွဲကြီး ဖြစ်သည်။ ကရိတ်သည် သူ့ကိုယ်သူ ဟိုတယ်စေတစ်ယောက်ပမာ တစ်ခန်းဝင် တစ်ခန်းထွက် စစ်ဆေးနေသည်။ မီးလုံးမီးချောင်းများ၊ တယ်လီဗေးရှင်း၊ အရက်ခန်းနှင့် ပြတင်းပေါက်များ၊ တစ်ခုမကျန် စေ့စေ့စပ်စပ် လိုက်ကြည့်သည်။ အဒမ်က သူ့ကို ဘောက်ဆူးပေးတော့ ကရိတ်က ယဉ်ကျေးစွာ ငြင်းလိုက်သည်။

အဒမ်သည် ခမ်းနားလွန်းနေသော သူ့အခန်းများကို ကြည့်ပြီး အံ့သြနေမိသည်။ အမှောင်ရိပ်သန်းစပြုနေပြီဖြစ်သော ပင်လယ်ပြင်ရှုခင်းကလည်း အလွန်လှနေသည်။ အဝေးဆီမှ ကျွန်းကလေးများတွင် မီးပွင့်ကလေးတွေ တစ်လက်လက်တောက်ပနေကြသည်။

အဒမ်သည် ကမ်းသို့ ဝင်လာသော ရွက်လှေကလေးတစ်စင်းကို လှမ်းကြည့်နေသည်။ သူသည် ကရေဘီယံပင်လယ်၏ နားဝင်ပီယံဂီတသံကို ကြားရသောကြောင့် လသာဆောင်သို့ ထွက်လာခဲ့သည်။ ကလပ်ဟု ထင်ရသော အဆောက်အအုံတစ်ခုတွင် တီးဝိုင်းတစ်ခု ဖျော်ဖြေနေခြင်း ဖြစ်သည်။ ရာသီဥတုကလည်း အလွန်သာယာနေသည်။ ဂျင်နီဖာပါလာလျှင် သိပ်ကောင်းမှာပဲဟု တွေးလိုက်မိသည်။ သူတို့လင်မယား ပိုကွန်နိုစ်ကျွန်းသို့ ပျားရည်ဆမ်း ခရီးထွက်ခဲ့တုန်းကပင် ယခုလောက် ဇိမ်မရှိခဲ့။

ဂျင်နီဖာထံသို့ ဖုန်းခေါ်လိုက်သည်။ ဂျင်နီဖာကိုယ်တိုင် ဖုန်းလာကိုင်၍ ဝမ်းသာသွားသည်။ သို့သော် အဒမ်ဆီက ဆက်တာမှန်းသိတော့ ဂျင်နီဖာ့လေသံက အေးစက်စက်နိုင်သွားသည်။

'ဂျင်နီ၊ ကိုယ့်ကို ကတိတစ်ခုတော့ ပေးစေချင်တယ်၊ ကိုယ်ပြန်မရောက်မချင်း ကိုယ်ဝန်ဖျက်မချပါနဲ့ဦး'

'ကိုယ် ပြန်မရောက်မချင်းဆိုတော့ ကိုယ်က ဘယ်ရောက်နေလို့လဲ'

အဒမ်က သူရောက်နေသော နေရာကို ဂျင်နီဖာအား ပြောပြရန် မရည်ရွယ်ခဲ့။ သို့သော် ရုတ်တရက် ဘယ်လိုဆိုင်ခြင်ပေးရမှန်း စဉ်းစားမရသဖြင့် အမှန်တိုင်းပင် ပြောလိုက်မိသည်။





'ကိုယ် ပြူတိုရီကိုကို ရောက်နေတာ'

'မောင်ပြောသလို ကျွန်မလုပ်စေချင်ရင် မောင်ဘယ်မှ ထွက်ပြေး မသွားသင့်ဘူး၊ ဒီတော့ တရားရုံးက တားဆီးမိန့် ပြန်ရုပ်သိမ်းရင် ရုပ်သိမ်းချင်း ကျွန်မတော့ ဆေးရုံကို ချက်ချင်းပြန်သွားဖို့ ဆုံးဖြတ်ထားပြီးပြီ'

ဂျင်နီဖာ၏လေသံတွင် ဒေါသသံအပြည့်ပါနေသည်။

'ကိုယ်တောင်းပန်ပါတယ် ဂျင်နီရယ်၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွယ်၊ ကိုယ်လေးလေးနက်နက် တောင်းပန်ပါတယ်'

'တောင်းပန်စရာ မလိုပါဘူး၊ မောင့်ကို မောင်ပဲ အဲဒီမှာ အားရအောင် ပျော်နေစမ်းပါ'

ဂျင်နီဖာက တယ်လီဖုန်း ပြန်ချသွားသည်။

အဒမ်သည် စိတ်ပျက်စွာဖြင့် အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲအိပ်လိုက်သည်။

သူ့အတွက် အလုပ်လုပ်ရန် နှစ်ရက်သာ ကျန်တော့သည်။

တယ်လီဖုန်း မြည်လာသည်။

ဂျင်နီဖာဆီက ဖြစ်မှာပဲဟု ကမန်းကတန်း ကောက်ကိုင်လိုက်သည်။ သို့သော် တစ်ဖက်မှဆက်သူမှာ ယခု သူတည်းနေသော အဆောက်အအုံမှ ဧည့်ကြိုစာရေးမကလေး ဖြစ်နေသည်။

'နောက်နာရီဝက်ဆိုရင် ညစာအဆင်သင့်ဖြစ်ပါပြီ မစ္စတာရွှန်းဘတ်'

*

ကလပ်မှ စားသောက်ခန်းသည် သောင်ပြင်ကို စီးမိုးထားသည်။ တွန်းရွှေ့မှန်တံခါးများအလွန်မှ သောင်ပြင်ပေါ်တွင် ရွက်လှေကလေးများ စီတန်းရှိနေကြသည်။ လပြည့်ဝန်းကြီးသည် ထိန်ထိန်သာ၍ မြင့်တက်လာခဲ့ပြီ။ လရောင်တန်းကြီးသည် ရေမျက်နှာပြင်ပေါ်တွင် ဘော်ငွေရောင် တောက်နေသည်။

အခန်းနံရံများကို အစိမ်းရင့်ရောင် ဆေးသုတ်ထားသဖြင့် ပန်းရောင်ကော်ဇော၊ စားပွဲခင်းနှင့် ကုလားထိုင်စွပ်များနှင့် လိုက်ဖက်နေသည်။ စားပွဲထိုးများက အဖြူရောင် ဂျက်ကက်အင်္ကျီနှင့် အပြာရောင် ဘောင်းဘီများ ဝတ်ထားကြသည်။

အဒမ်သည် ရှစ်ယောက်ထိုင် စားပွဲဝိုင်းတွင် ထိုင်နေသည်။ သူ့လက်ယာဘက်တွင် ထိုင်နေသူက ဒေါက်တာဟိန်းနရစ်နက်ရှမင်း။ ဒေါက်တာနက်ရှမင်းသည် အေရိုလင်ကုမ္ပဏီသို့ အဒမ် ပထမဆုံးသွားရောက်၍ လူတွေ့စစ်ဆေးခံသောနေ့က တွေ့ဆုံခဲ့ရသောပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ဒေါက်တာနက်ရှမင်းသားမ



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကတော့ သန္ဓေသားသုတေသနဌာနတာဝန်ခံ ဒေါက်တာဆင်ကာလဲယား ဂလိုဗား။ အရပ်ပုပု ဝဝဖိုင့်ဖိုင့် မျက်နှာနီနီ။ ဒေါက်တာဂလိုဗားဘေးတွင် ထိုင်နေသူက ဒေါက်တာ ဝင်းဖီးလ် မစ်ချယ်။ မုတ်ဆိတ်မွေးနှင့်၊ ထိပ်ပြောင်ပြောင်နှင့် မျက်မှန်နှင့်။ သူက စိတ်ပြောင်းစိတ်လွဲ ဆေးဝါးဌာနတာဝန်ခံ။ သူသည် စကားတစ်ခွန်းမှ ပြန်မပြောဘဲ သူများတွေပြောသည်ကိုသာ ငြိမ်၍ နားထောင်နေသည်။ စိတ်ရောဂါကုဆရာဝန် ပီသပါပေသည်ဟု အဒမ်က တွေးလိုက်မိသည်။ သို့သော် တစ်ချိန်တည်းတွင် ဟိတ်ဟန်ကြီးလှသော ပညာရှင်မာနကိုလည်း မြင်ရသည်။

ဒေါက်တာမစ်ချယ်၏ဘေးတွင် တခြားအုပ်ချုပ်ရေး အရာရှိကြီးတစ်ယောက် ထိုင်နေသည်။ သူ့နာမည်ကို အဒမ်က ဝီလျံလောက်သာ မှတ်မိသည်။ နောက်ဆုံး နာမည်ကို မေ့နေသည်။ သူလည်း အထက်တန်းအရာရှိကြီးတစ်ဦးပင် ဖြစ်သည်။ စားပွဲတွင် ထိုင်နေသော အခြားပုဂ္ဂိုလ်များမှာ သင်တန်းအုပ်ချုပ်ရေးမှူး၊ ဘရီယံဟော့ပကင်၊ ပြည်သူ့ဆက်ဆံရေးအရာရှိ မစ္စစ်လင်ဒါအေရွှန်ဆင်နှင့် ပြူတိုရီကိုရုံးချုပ် အဆောက်အအုံမှူး ဟယ်ရီဘားကက်တို့ ဖြစ်ကြသည်။

အဒမ်သည် "ကမ်းရိုးတန်း" သင်္ဘောပေါ်တုန်းက အတွေ့အကြုံကြောင့် စားပွဲပေါ်မှ အစားအသောက်များကို စားသောက်ရန် အင်တင်တင် ဖြစ်နေမိသည်။ သို့သော် တခြားပုဂ္ဂိုလ်များကတော့ မြိန်ရေယှက်ရေ စားနေသည်။ သူတို့ကို ကြည့်ရသည်မှာ တစ်ယောက်မျှ မူးယစ်ဆေးဝါးမိနေပုံမပေါ်။ အကယ်၍ သူတို့က အဒမ်အား မူးယစ်ဆေးဝါးကျွေးချင်လျှင် လေယာဉ်ပေါ်ကတည်းက ကျွေးခဲ့ကြမည်သာ ဖြစ်သည်ဟု အဒမ် တွေးမိသည်။

ညစာဝိုင်းမှာ အေးအေးလူလူနှင့် သက်သောင့်သက်သာ ရှိနေသည်။ လူတိုင်းကပင် အဒမ်အား လိုလိုချင်ချင် ဆက်ဆံကြသည်။ ပြူတိုရီကိုကို အမ်တီအိုင်စီက ဆေးသိပ္ပံသုတေသနဌာနချုပ်အဖြစ် ရွေးချယ်ခြင်းမှာ အစိုးရက အမြတ်ခွန်လျှော့ယူခြင်းနှင့် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ကတိပေးခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဟယ်ရီဘားကက်က ရှင်းပြသည်။ ထို့ကြောင့်လည်း ဤကျွန်းပေါ်တွင် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ များစွာတို့၏ ရုံးခွဲများရှိနေခြင်း ဖြစ်သည်ဟု ဆိုသည်။

'ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုအနေနဲ့ လုံခြုံရေး အစောင့်အကြပ်တွေ ဒီလောက်အထိတောင် ထားဖို့ လိုအပ်ပါသလား'

အဒမ်က စကားတစ်ခွန်း နှိုက်လိုက်သည်။

ဤတွင် ဟယ်ရီဘားကက်က–

'အဲဒါဟာ ဒီနက်ကျွန်းပေါ်မှာ ကျုပ်တို့လာနေတဲ့အတွက် ပေးရတဲ့ တန်ဖိုး





ပဲပေါ့၊ ပြူတိုရီကိုအစိုးရကို အမြဲတမ်း ရန်ပြုနေတဲ့ အကြမ်းဖက်သမားတွေရဲ့ အန္တရာယ်ကို ကြောက်နေရတဲ့အတွက် အခုလို လက်နက်ကိုင်အစောင့်အကြပ်တွေ တင်းတင်းကျပ်ကျပ် ထားရခြင်းပါပဲ'

သူပြောတာ အလုံးစုံ အမှန်တရားမှ ဟုတ်ပါရဲ့လားဟု အဒမ် သံသယဝင်မိသည်။ သို့သော် ဤကိစ္စနှင့်ပတ်သက်၍ သူက ဆက်မေးရန် မကြိုးစားတော့။

အမ်တီအိုင်စီကော်ပိုရေးရှင်း အထက်တန်းအရာရှိတစ်ဦးဖြစ်သူ ဝီလျံက ပြောသည်။

'ကျုပ်တို့ ကော်ပိုရေးရှင်းမှာ ဆေးပညာရပ်နဲ့ ပတ်သက်ပြီး သီးသန့်ခံယူချက်တစ်ရပ် ရှိတယ်၊ အဲဒါက ဆေးပညာရပ်ကို စီးပွားရေးဦးတည်ချက်နဲ့ ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်ပဲ၊ တစ်နည်းပြောရရင် ဒီပညာရပ်ကို စီးပွားရေးဆန်ဆန် အသုံးချဖို့ပဲ၊ ဒီခံယူချက်ကို ခင်ဗျားလည်း ယုံကြည်တယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်'

တခြားပုဂ္ဂိုလ်တွေအားလုံး စိတ်ဝင်စားစွာ နားထောင်ကြသည်ကို အဒမ် သတိပြုမိသည်။ သူက မုန့်တစ်ကိုက်စားလိုက်ပြီးနောက် ပြောသည်။

'အဲဒါ မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော် ဆေးတက္ကသိုလ်မှာ အချိန်တိုတက်ခဲ့တုန်းက စေတနာခေါင်းပါးမှုကို မြင်ရတော့ တော်တော်စိတ်ပျက်မိခဲ့ပါတယ်၊ ဆေးပညာလောကမှာ လူနာကို ဂရုစိုက်တာထက် နည်းပညာနဲ့ သုတေသနလုပ်ငန်းတွေကိုသာ ပိုပြီး အလေးထားနေကြတာ တွေ့ရပါတယ်'

စားပွဲတွင် ဆရာဝန်တွေ တော်တော်များများ ရှိကြသည်။ အဒမ်က သူ့ဆရာဝန်တွေကို စော်ကားပြောနေသည်ဟု မထင်။ ဒေါက်တာနက်ရှမင်း ပြုံးနေသည်ကို သတိပြုမိသည်။ အဒမ် ဝမ်းသာသွားသည်။ သူတို့က သူ့ကို သဘောကျလေလေ၊ သူတို့ဘာတွေလုပ်နေကြသည်ဆိုတာကို သိနိုင်ဖို့ အခွင့်အလမ်း ပိုရှိလေလေ ဖြစ်သည်။

'ဒါနဲ့ မင်းရဲ့ခံယူချက်ဟာ ဒေါက်တာတွေအတွက် အခက်အခဲ တွေ့နိုင်စရာရှိတယ်ဆိုတာ တွေးမိရဲ့လား'

လင်ဒါအေရွှန်ဆင်က မေးလိုက်သည်။

'လုံးဝ မတွေးမိပါဘူး၊ ဆေးပညာအပေါ် ကျွန်တော် ယုံကြည်ချက်ဟာ ဆရာဝန်တွေအတွက် ပိုပြီးတော့တောင် အကျိုးရှိလာနိုင်ပါတယ်၊ ကျွန်တော်က နယ်လှည့် အရောင်းကိုယ်စားလှယ်အနေနဲ့လည်း အောင်မြင်ခဲ့တဲ့ လူတစ်ယောက်ပါ'

'မစ္စတာရှယ်လီရဲ့ အစီရင်ခံစာအရ သိရတာကတော့ မစ္စတာရှယ်လီဘတ်က



www.burmeseclassic.com

www.burmeseclassic.com



သမစိတ္တ ခံယူချက်ရှိတဲ့ လူတစ်ယောက်ပါပဲ’ဟု ဒေါက်တာနက်ရှမင်းက ဝင်ပြောလိုက်သည်။

‘ဒါနဲ့ အဒမ်၊ တို့ရဲ့ မန်နေဂျာသင်တန်းကိုတက်ဖို့ ဆုံးဖြတ်တာဟာ ကိုယ်ပိုင်ဆန္ဒနဲ့လား၊ သူတစ်ပါးတိုက်တွန်းလို့လား’

ဒေါက်တာ ဂလိုဗားက မေးသည်။

‘ကိုယ်ပိုင်ဆန္ဒနဲ့ပါ’

ဒေါက်တာ နက်ရှမင်းက လက်နှစ်ဖက်ကိုယှက်ပြီး ရှေ့သို့ကိုင်းကာ–

‘အခု တို့ အေရိုလင်ကုမ္ပဏီက သန္ဓေသားဗီဇ သုတေသနလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်နေတယ်၊ အဲဒီက ပေါ်ထွက်လာတဲ့ တွေ့ရှိချက်တွေ အပေါ်မှာတည်ပြီး အစွမ်းထက်တဲ့ ခေတ်မီဆေးဝါးတွေ တစ်မျိုးပြီးတစ်မျိုး ထုတ်သွားဖို့ပဲ၊ ဒါကြောင့် အဲဒီအသစ်ထုတ်လုပ်တဲ့ ဆေးတွေကို ဆရာဝန်တွေလက်ထဲ ပျံ့ပျံ့နှံ့နှံ့ရောက်အောင် ဆရာဝန်တွေကို ပညာပေးဖို့အတွက် လင်ဒါနဲ့ တွဲလုပ်ဖို့ လူတစ်ယောက် လိုအပ်နေတယ်၊ အဲဒီလုပ်ငန်းအတွက် လိုအပ်တဲ့ နောက်ခံသမိုင်းနဲ့ ခံယူချက်တွေ မင်းမှာ အလုံအလောက် ရှိတယ်လို့ ယုံကြည်တယ်’

‘အဲဒါ မှန်ပါတယ်’ လင်ဒါ အေရှ်ဆင်က ဝင်၍ ထောက်ခံလိုက်သည်။ ‘ဒါပေမဲ့ တို့က မင်းကို သိပ်ပြီး အလောသုံးဆယ် မတွန်းချင်ဘူး၊ ပထမဆုံး အေရိုလင်သုတေသနသိပ္ပံရဲ့လုပ်ရပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် သိစေချင်သေးတယ်’

အဒမ်တွင် အလုပ်လုပ်စရာ နှစ်ရက်သာ ရှိတော့သည်။ သူက သည်ထက် ရက်တော်တော်များများ ပိုရလျှင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်တွင် သူတို့က သူ့အပေါ်တွင် တော်တော် ယုံကြည်ချက်ရှိနေပြီ ဖြစ်သည်။ သူဆန္ဒရှိသလောက် နေထိုင်လှေလာနိုင်ပြီ ဖြစ်သည်။

‘အဲဒီလို မဟုတ်သေးဘူးဗျ၊ မစ္စတာရွှန်းဘတ်က ကျွန်တော်တို့ မန်နေဂျာသင်တန်းကို အရင်တက်မှ ဖြစ်မှာ’

ဘရိုယံဟော့ပကင်းက ကန့်ကွက်လိုက်သည်။

‘ဟုတ်ပါတယ် ဘရိုယံ၊ မစ္စတာရွှန်းဘတ်က ခင်ဗျားသင်တန်းကို အရင်တက်ရမှာဆိုတာ ကျွန်တော်တို့အားလုံး သိပါတယ်၊ ဒါပေမဲ့’

‘ခဏနေကြပါဦး၊ ကျုပ်တစ်ခုတော့ တောင်းပန်ပါရစေ’ ဒေါက်တာနက်ရှမင်းက ပြောသည်။ ‘ကျုပ်တို့က လုပ်ငန်းတူအချင်းချင်း သူ့ဌာန ကိုယ့်ဌာနဆိုပြီး ဘက်မလိုက်ကြပါနဲ့၊ အချိန်တွေက အများကြီး ရှိပါသေးတယ်’

ဟော့ပကင်းက လှဲပြီး အားလုံး ရယ်လိုက်ကြသည်။





အဒမ်က ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ပြားပေါ် ပြန်ချကာ ဒေါက်တာ နက်ရှမင်းအား ကြည့်လိုက်ပြီး–

‘ညစာကတော့ တော်တော့်ကို စားလို့သောက်လို့ မြိန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ သုတေသနသိပ္ပံကိုပဲ အမြန်ဆုံး လေ့လာချင်တဲ့ဆန္ဒ ပြင်းပြနေပါတယ်’

‘တို့ကလည်း အမြန်ဆုံး လိုက်ပြချင်တာပါပဲ၊ ဒီတော့ မနက်မှ လိုက်ကြည့်ကြတာပေါ့’

‘ဒီနေ့ ညတွင်းချင်းပဲ လိုက်ကြည့်ကြရင် မကောင်းဘူးလား ခင်ဗျာ’

အဒမ်က အားတက်သရော တောင်းဆိုလိုက်သည်။

ဒေါက်တာ နက်ရှမင်းက ဒေါက်တာဂလိုဗားနှင့် ဒေါက်တာ မစ်ချယ်တို့ကို လှည့်ကြည့်သည်။ ဒေါက်တာမစ်ချယ်က ပြုံးပြီး ပုခုံးတွန့်လိုက်သည်။

ဒေါက်တာ နက်ရှမင်းက–

‘ဒီလိုဆိုလည်း ဒီညမှာ တချို့တစ်ဝက်တော့ လိုက်ကြည့်လို့ ရပါတယ်၊ တို့က မင်းကို ခရီးပန်းနေမှာ စိုးလို့ပါ’

‘အို… မပန်းပါဘူး ခင်ဗျာ၊ ကျွန်တော် နည်းနည်းမှ မပန်းပါဘူး’

ဒေါက်တာနက်ရှမင်း ထိုင်ရာမှထရပ်လိုက်သည်။ ဒေါက်တာဂလိုဗားနှင့် ဒေါက်တာ မစ်ချယ်တို့လည်း ထရပ်လိုက်ကြသည်။ အခြား ပုဂ္ဂိုလ်များကတော့ အစာပိတ်ယမကာများ အေးအေးဆေးဆေး ထပ်သောက်လိုသေးသဖြင့် ခွင့်တောင်းပြီး စားပွဲတွင် ဆက်ထိုင်နေကြသည်။

ဒေါက်တာနက်ရှမင်း ဦးဆောင်ကာ ပင်မအဆောက်အအုံသို့ လာခဲ့ကြသည်။ ပင်မအဆောက်အအုံသို့ ရောက်လာသောအခါ ဧည့်သည်များက ဧည့်သည်မှတ်ပုံတင်တွင် လက်မှတ်ထိုးကြရသည်။ ထို့နောက် လေးယောက်သား နှစ်ထပ်တံခါးမကြီးမှ ဝင်ကာ သုတေသနသိပ္ပံ အဆောက်အအုံတွင် ကွန်ကရစ်ကြမ်းခင်းများကို အဖြူရောင်ဆေးသုတ်ထားပြီး နံရံများကို ဝါနီပြာအရောင်များ ခြယ်ထားသည်။

‘ဒါတွေကတော့ အုပ်ချုပ်ရေးရုံးခန်းတွေပဲ’

ဒေါက်တာ နက်ရှမင်းက ပြောသည်။

ခဏကြာတော့ မှန်သားနံရံ ကာထားသော ပေါင်းကူးတံတားကြီးသို့ ရောက်လာကြသည်။ ခြံဝင်းထဲ၌ ရွက်ဖားသစ်ပင်များ လေထဲတွင် လှုပ်ရှားနေကြသည်။ အလယ်ခန်းမကြီးကို ဖဟိုပြုကာ အဆောက်အအုံနှစ်ခုကို ပေါင်းကူးဆက်သွယ်ထားရာ ဝါရှင်တန်မြို့မှ “ပင်တဂွန်”စစ်ရုံး အဆောက်အအုံကြီးကဲ့သို့ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်ခန်းမကြီးကို ချိုးကာ အောက်ဘက်သို့ ဆင်းလာခဲ့ကြသည်။ လှောင်ချိုင့်သွင်း တိရစ္ဆာန်အနံ့များရသလို အဒမ် ထင်မိသည်။ ဒေါက်တာဂလိုဗားက တံခါးတစ်ရွက်ကို ဖွင့်လိုက်သည်။ ထို့နောက် တစ်ခန်းပြီးတစ်ခန်း လျှောက်ဝင်လာပြီး ထူးဆန်းရုပ်ထွေးသော စက်ကိရိယာများနှင့် လှောင်ချိုင့်များဖြင့် ထည့်ထားသော ကြွက်နှင့် မျောက် ရာပေါင်းများစွာတို့ကို တွေ့ကြရသည်။ ဒေါက်တာဂလိုဗားက အဒမ်အား တစ်ခုစီ၊ တစ်ခုစီ အသေးစိတ် ရှင်းလင်းပြောပြသည်။ ဤသည်မှာ အေရိုလင်ကုမ္ပဏီ၏ သန္ဓေသားဗီဇသုတေသန ဓာတ်ခွဲခန်း ပင်မဌာနပင် ဖြစ်သည်။

အင်္ကျီဖြူကြီးများ ဝတ်ထားသော အတတ်ပညာရှင်များ ဓာတ်ခွဲခန်းတွင် အလုပ်လုပ်နေကြသည်။ သန္ဓေသားတစ်ရှူး ပြောင်းလဲထိုးသွင်းရေးအတွက် သုတေသနလုပ်ငန်းများကို နေ့မအား ညမအား အထူးကြိုးစား လုပ်ကိုင်နေကြခြင်း ဖြစ်ကြောင်း ဒေါက်တာ ဂလိုဗားက ရှင်းပြသည်။

'အခုလို စမ်းသပ်ဖို့အတွက် သန္ဓေသားတွေက ဘယ်ကရပါသလဲ ခင်ဗျာ'

အဒမ်က လှောင်ချိုင့်ထဲက ပန်းရောင်ကြွက်ကလေးများကို ကြည့်ရင်း မေးလိုက်သည်။

'အများဆုံးကတော့ တိရစ္ဆာန်တွေဆီက ရတယ်' ဒေါက်တာဂလို ဗားက ပြောသည်။ 'ကျုပ်တို့က တိရစ္ဆာန်တွေကို ဒီမှာပဲ မွေးမြူထားတယ်'

'လူ့သန္ဓေသားတွေကိုလည်း သုတေသနလုပ်နေတယ်ဆိုတော့ အဲဒီ သန္ဓေသားတွေက ဘယ်က ရပါသလဲ'

ဒေါက်တာ ဂလိုဗားက–

'အလွန်ကောင်းတဲ့ မေးခွန်းပါပဲ၊ သန္ဓေသားကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေတွေ ဘာတွေနဲ့ တင်းတင်းကျပ်ကျပ် တားမြစ်လိုက်ပြီးတဲ့နောက်မှာ တော်တော်ကလေးတော့ အခက်အခဲ တွေ့ရပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ကလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ရအောင် ရှာရတော့တာပေါ့၊ သန္ဓေသားအများစုကတော့ ဂျူလီယံဆေးရုံက ရပါတယ်'

အဒမ်သည် စိတ်ပေါက်ပေါက်ဖြင့် သန္ဓေသားများ ထည့်ထားသော မှန်ပုံးများကို ထုခွဲပစ်လိုက်ချင်စိတ် ပေါက်လာမိသည်။

သည်အကြောင်းကို သူ ပြောပြလျှင် ဘယ်သူယုံပါမည်နည်း။ ဒေါက်တာဗန်ဒါမားလို ဆရာဝန်တွေက ကိုယ်ဝန်ဆောင်အမျိုးသမီးပေါင်း မြောက်မြားစွာကို ကိုယ်ဝန်တွေ ဖျက်ချခြင်းဖြင့် ဤသုတေသနဓာတ်ခွဲခန်းအတွက် သန္ဓေသားတွေ ပေးသွင်းနေသည်မှာ ထင်ရှားသည်။





ဒေါက်တာဂလိုဗားက အဒမ့်ကို အကဲခတ်ကြည့်ပြီး သဘောကျသွားကာ–

'မနက်ကျတော့ မစ္စတာရွှန်းဘတ်ကို ကျုပ်တို့ဆေးရုံလိုက်ပြဦးမယ်၊ အဲဒီမှာ ဆီးချိုရောဂါသည်တွေကို သန္ဓေသားတစ်ရှူးအစားသွင်းပြီး အောင်အောင်မြင်မြင် ကုသနေတာတွေကို မြင်ရပါလိမ့်မယ်'

ဤတွင် ဒေါက်တာနက်ရှမင်းက ဒေါက်တာ ဂလိုဗားအား ပြုံးကြည့်ရင်း–

'အဲဒီကိစ္စက စိတ်ဝင်စားစရာကောင်းတာကတော့ တကယ်ပါပဲ၊ သို့သော်လည်း ဒေါက်တာမစ်ချယ်ကလည်း စိတ်ဝင်စားစရာကောင်းတဲ့ သူ့လုပ်ငန်းတချို့ကို ပြောပြပါလိမ့်မယ်'

'အဲဒါ မှန်တယ်' ဒေါက်တာမစ်ချယ်က ထောက်ခံလိုက်သည်။ 'ဒီနေ့ကစပြီး နောက်တစ်နှစ်အတွင်းမှာ အရောင်းစာရင်းချုပ်လိုက်တဲ့အခါ ဘယ်သူ့ဌာနက ဝင်ငွေအများဆုံးလဲဆိုတာ အဆုံးအဖြတ်ပေးပါလိမ့်မယ်'

ထို့နောက် သူက ဆက်လက်ပြီး စိတ်ကုဆေးများ အထူးသဖြင့် အသစ်ထုတ်လုပ်ထားသော ဖိုနိုသိုင်ယာဇင်ဆေး အကြောင်းကို မိနစ်သုံးဆယ်ခန့် ကရားရေလွှတ် ရှင်းလင်းပြောပြပြီးနောက် –

'ဒီဆေးတွေက စိတ်ပြောင်းစိတ်လွှဲကုသမှုအတွက် အလွန်အစွမ်းထက်တယ်။ အဆိပ်အတောက်ဖြစ်ဖို့ကို လုံးဝ မစိုးရိမ်ရဘူး။ စိတ်မမှန်တဲ့ လူတစ်ယောက်ကို ပကတိမှုမှန်လူတစ်ယောက်အဖြစ် ပြောင်းလဲစေနိုင်တယ်။ ပေါ်ထွက်လာတဲ့ အကျိုးသက်ရောက်မှုကတော့ တကယ့်ကို အားရစရာပဲ'

အဒမ်က ဆန့်ကျင်ပြောဆိုရန် စိတ်ကူးလိုက်ပြီးမှ ဘာမှမပြောတော့ဘဲ တွေးသာ တွေးနေမိသည်။ 'အကျိုးသက်ရောက်မှုကတော့ တကယ့်ကို အားရစရာပဲ' တဲ့။ ဤစကားသည် အေရိုလင်ကုမ္ပဏီဆေးဝါးများ၏ အန္တရာယ်မကင်းသော ဘေးထွက်အကျိုးများကို တမင်မသိကျိုးကျွန်ပြုခြင်း ဖြစ်သည်။ "ကမ်းရိုးတန်း" သဘောပေါ်မှ ဘဏ္ဍာစိုးများနှင့် စားပွဲထိုးများသည် စိတ်ထားမှုမမှန်ဖြစ်နေခြင်းကို တမင်မသိယောင်ဆောင်နေခြင်း ဖြစ်သည်။

အတော်ကလေးကြာတော့မှ အဒမ်က မေးလိုက်သည်။

'စောစောကပြောတဲ့ အသစ်ထုတ်တဲ့ ဆေးနာမည်က ဘယ်လိုခေါ်ပါသလဲ'

ဒေါက်တာမစ်ချယ်က –

'သိပ္ပံနာမည်ကို မေးတာလား၊ ကုန်အမှတ်တံဆိပ်ကို မေးတာလား'

'ကုန်အမှတ်တံဆိပ်နာမည်ကို မေးတာပါ'

'ကုန်အမှတ်တံဆိပ်နာမည်က ကွန်ဖိုမင်'



www.burmeseclassic.com

www.burmeseclassic.com



'နမူနာတစ်ပုလင်းလောက် ကြည့်ခွင့်ရနိုင်ပါ့မလား'

'ဆေးကို တရားဝင်ဖြန့်ချိတဲ့အခါ ခင်ဗျားလိုသလောက် နမူနာပေးပါ့မယ်။ လောလောဆယ်တော့ အက်ဖ်ဒီအေအဖွဲ့က ခွင့်ပြုချက်ရဖို့ တင်ပြထားတယ်'

'ကျွန်တော်က နည်းနည်းကလေးလောက်ပဲ လိုချင်တာပါ။ ဘယ်လို ပုလင်းသွတ်ထားသလဲဆိုတာ ကြည့်ချင်လို့ပါ။ ကျွန်တော်က အရောင်းကိုယ်စားလှယ်ဆိုတော့ ဒီအချက်က အတော်ကလေး အရေးကြီးပါတယ်'

ဒေါက်တာမစ်ချယ်က အဒမ်မျက်နှာကို တအံ့တသြကြည့်ရင်း တိုးတိုးကလေး ပြောသည်။

'နည်းနည်းပါးပါးတော့ ရပါတယ်လေ'

'ဒီဆေးက ဖြန့်ချိဖို့ နီးကပ်နေပြီဆိုတော့ လူတွေကို စမ်းသပ်ကျွေးကြည့်ပြီးပြီ ဆိုပါတော့'

'ဒါပေါ့၊ ကျုပ်တို့က နှစ်ပေါင်းတော်တော်ကြာကတည်းက လူတွေကို စမ်းကျွေးကြည့်ပြီးပြီ။ အထူးသဖြင့် ရောဂါနာမည် မဖော်နိုင်တဲ့ စိတ်ရောဂါဝေဒနာရှင်တွေကို ကျွေးကြည့်ပြီးပြီ။ အဲဒီလို စမ်းသပ်ကျွေးကြည့်တဲ့အခါမှာ ဒီဆေးဟာ ရည်မှန်းတဲ့အတိုင်း ရာနှုန်းပြည့် အကျိုးသက်ရောက်မှုရှိတာ တွေ့ရတယ်'

'ကျွန်တော် လူနာဆောင်ကို သွားကြည့်ချင်ပါတယ်'

'မနက်ဖြန်မှ သွားကြည့်ကြတာပေါ့။ အခုတော့ ခင်ဗျားကို ပင်မဓာတုဗေဒဓာတ်ခွဲခန်းကို လိုက်ပြမယ်။ ဒီဓာတ်ခွဲခန်းဟာ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံး ဓာတ်ခွဲခန်းတစ်ခုပါပဲ'

တကယ်မြင်ရသောအခါတွင်လည်း ဒေါက်တာမစ်ချယ်ပြောတဲ့ အတိုင်း ပင် မှန်နေသည်။ အေရိုလင်သုတေသနသိပ္ပံရှိ ပစ္စည်းကိရိယာများမှာ အဒမ်မြင်ခဲ့ရသော ဆေးသိပ္ပံရှိ ပစ္စည်းကိရိယာများနှင့် ဘယ်လိုမှ မယှဉ်သာအောင် ခေတ်မီကောင်းမွန်နေသည်။ သို့သော် ဓာတ်ခွဲခန်းပေါင်းများစွာကို တစ်ခန်းဝင် တစ်ခန်းထွက် ဆက်တိုက်ကြည့်ပြီးသောအခါ ငြီးငွေ့လာတော့သည်။ သို့သော် သူက ကြိုးစားပြီး စိတ်ဝင်စားဟန်ဆောင်ကာ လိုက်ကြည့်နေသည်။

နောက်ဆုံးတော့ ဒေါက်တာနက်ရှမင်းက ပြောသည်။

'ကိုင်း... ဒီညတော့ ဒီလောက်ဆို တော်ပါပြီ၊ နို့မဟုတ်ရင် ကျုပ် တို့နဲ့ တွေ့တွေ့ချင်း မစ္စတာရှွန်းဘတ် စိတ်ပျက်သွားမှာလည်း စိုးရသေးတယ်'

'ရပါတယ်၊ သိပ်မပင်ပန်းပါဘူး၊ တစ်ဆက်တည်းပဲ ကျုပ်ဌာနကိုလည်း နာရီဝက်လောက်တော့ ကြည့်လိုက်ကြသေးတာပေါ့'





သန္ဓေသားဗီဇ သုတေသနဌာနတာဝန်ခံ ဒေါက်တာဂလိုဗားက ပြောလိုက်သည်။

ဤတွင် ဒေါက်တာနက်ရှမင်းက လက်နှစ်ဖက်ကို အပေါ်မြှောက်ရင်း–

'ကျုပ်တောင်းပန်ပါတယ် ဆရာ၊ ဒီညအဖို့တော့ ဒီလောက်နဲ့ပဲ ကျေနပ်ကြပါတော့၊ မစ္စတာရှွန်းဘတ် သိပ်ပြီး ပင်ပန်းနေပါဦးမယ်'

'အို...ကျွန်တော် မပင်ပန်းပါဘူးခင်ဗျား၊ အခုလို တိုးတက်တဲ့ နည်းစနစ်တွေနဲ့ ခေတ်မီစက်ကိရိယာတွေ မြင်ရတာ ကျွန်တော့်အဖို့ ဗဟုသုတ အများကြီး ရပါတယ်၊ စိတ်လည်း အများကြီး ဝင်စားပါတယ်'

အဒမ်က စိတ်မပါသော်လည်း ဟန်ဆောင်ပြီး ပြောလိုက်သည်။

ထို့နောက်တော့ ပင်မစင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ အပြင်ဘက် အဆောက်အအုံကို သွားသော ပေါင်းကူးတံတားကို ဖြတ်လျှောက်လာကြသည်။ အဒမ်သည် ခေတ္တရပ်၍ နောက်သို့ ပြန်ကြည့်လိုက်သည်။ စင်္ကြံအလွန်မှ တံတားမှာ နောက်ထပ် တတိယ အတွင်းအဆောက်အအုံတစ်ခုနှင့် ဆက်သွယ်ထားသည်ကို တွေ့ရသည်။ ထိုအဆောက်အအုံကို ထူထဲလှသော သံမဏိတံခါးများဖြင့် ပိတ်ထားသည်။

'ဟိုနောက်ဘက်မှာက ဘာတွေရှိသေးသလဲ'

အဒမ်က စပ်စုလိုက်သည်။

'အဲဒါတွေက လူနာဆောင်တွေ'ဟု ဒေါက်တာနက်ရှမင်းက ပြောသည်။ 'အဲဒါတွေကို မနက်ဖြန်မှ သွားကြည့်ကြတာပေါ့'

အဲဒီမှာ စိတ်ကုလူနာဆောင်တွေလည်း ရှိလိမ့်မယ်ဟု အဒမ်က တွေးလိုက်သည်။

သူခေတ္တမျှ တုံ့ဆိုင်းဆိုင်းဖြစ်နေပြီးနောက် ဒေါက်တာနက်ရှမင်း နောက်မှ လိုက်ကာ ပင်မဆင်ဝင်ဆောင်ထဲသို့ လျှောက်လာခဲ့ကြသည်။ ထို့နောက်တွင် လှချင်းခွဲပြီး ကိုယ့်အခန်းသို့ကိုယ် အသီးသီးပြန်ကြသည်။

အချိန်မှာ ၁၂ နာရီထိုးရန် ၁၅ မိနစ်သာ လိုတော့သည်။ အဒမ်သည် ခရီးပန်းနေသော်လည်း အိပ်ချင်စိတ် လုံးဝမရှိ။ မျက်ခွံတွေကိုက်ပြီး ခေါင်းထဲတွင်လည်း လေးလေးလံလံ ခံစားနေရသည်။ သူ့အနေဖြင့် တိကျခိုင်လုံသော အထောက်အထားများ ရရှိရန် နှစ်ရက်သာ လိုတော့သည်။ ကွန်ဖိုမင်ဆေးနမူနာ နည်းနည်းကလေးဖြစ်ဖြစ်ရလျှင် ဒေါက်တာဗန်ဒါမားနှင့်တကွ အခြား ပုဂ္ဂိုလ်များအား အထောက်အထား ခိုင်ခိုင်လုံလုံ ပြနိုင်လိမ့်မည်။

အိပ်ချင်စိတ် တစ်စက်ကလေးမှ မရှိသဖြင့် အလကားနေ အလကား



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အခန်းတံခါးကို ဖွင့်၍ အပြင်သို့ ထွက်လာသည်။ စင်္ကြံလမ်းအတိုင်း ဓာတ်လှေကားဆီသို့ ဆက်လျှောက်လာသည်။ ဓာတ်လှေကားတံခါးဝတွင် 'ရေချိုးခန်းသို့သွားရန်' ဟူ၍ ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားသည်။

အောက်ထပ်သို့ ရောက်သောအခါ ရွက်ဖားပင်များ၊ ဝါးပင်များနှင့် မြက်ပန်းပင်များဖြင့် ပြည့်နေသော ဥယျာဉ်တစ်ခု၏ ဘေးသို့ ရောက်လာသည်။ ကွေ့ကောက်ကောက် လမ်းမြောင်ကလေးအတိုင်း သီးနှံစိုက်ခင်းတစ်ခုဘေးမှ ဖြတ်လျှောက်လာခဲ့ရာ ပင်လယ်ကမ်းခြေသို့ ရောက်လာခဲ့သည်။

အဒမ်သည် ဖိနပ်ချွတ်ပစ်လိုက်ပြီး သဲသောင်ပြင်ပေါ်တွင် ခြေချ၍ ရပ်လိုက်သည်။ ခြေဖဝါးနှင့်သဲသောင်တို့၏ အေးစိမ့်သော အတွေ့အထိကို ခံစားရသည်။ ညသည် လပြည့်ဝန်း၏ အလင်းရောင်ကြောင့် နေ့ခင်းကဲ့သို့ ထိန်ထိန်လင်းနေသည်။ သဲမှုန့်များက ပေါင်ဒါမှုန့်များကဲ့သို့ နူးညံ့ချောမွတ်နေသည်။ လေပြည်ကလေး သုတ်ဖြူးနေသဖြင့် အပျော်စီးရွက်လှေများမှ ရွက်ထည်များ လှုပ်ခတ်သံ ညင်းညင်းကလေးပေါ်ထွက်နေသည်။

ဤနေရာကို မစ္စတာရှယ်လီလို ပုဂ္ဂိုလ်တွေ ဘာကြောင့်သဘောကျနှစ်သက်ကြောင်း ယခုမှ အဒမ် နားလည်ရတော့သည်။

ပျော်ပွဲစား ကလပ်ရှေ့သို့ ရောက်လာသည်။ စားသောက်ခန်းထဲတွင် နောက်တစ်သုတ်စားရန်အတွက် တည်ခင်းပြင်ဆင်နေဆဲ ရှိသေးသည်။

ကလပ်မှ ကိုက်တစ်ရာခန့်တွင် တိုက်တန်းလျားများ မြင်ရသည်။ ယင်းတို့ကို စပိန်ဗိသုကာပုံစံအတိုင်း ဖောင်းကြွနံရံများနှင့် အနီရောင် အုတ်ကြွပ်မိုးတို့ဖြင့် ဆောက်လုပ်ထားသည်။ လူနေတိုက်ခန်းအချို့မှ မီးရောင်တွေ မြင်နေရသည်။ ရုပ်မြင်သံကြား ကြည့်နေသူများနှင့် စာဖတ်နေသူများကိုလည်း မြင်ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ဤအဆောက်အအုံများအတွင်း၌ ကြောက်စရာကောင်းလှသော လျှို့ဝှက်လုပ်ငန်းများကို ကျိတ်ပြီး လုပ်ကိုင်နေကြသည်ကို မယုံကြည်နိုင်စရာပင် ဖြစ်သည်။ သို့သော် လျှို့ဝှက်လုပ်ကိုင်နေကြသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီအားလုံးပင် မိမိတို့၏ဆေးဝါးများ အရောင်းသွက်ရေးအတွက် ဆရာဝန်များအား နည်းအမျိုးမျိုးဖြင့် ဖြားယောင်း သွေးဆောင်နေကြသည်သာ ဖြစ်သည်။ သို့သော် အမ်တီအိုင်စီကော်ပိုရေးရှင်း၏ သွေးဆောင်ပုံ သွေးဆောင်နည်းကတော့ ကြောက်စရာကောင်းလှသည်။ သူတို့က ဆရာဝန်တွေအားလုံးကို သူတို့ခါးပိုက်ထဲ ထည့်ထားချင်ကြသည်။ ဤနည်းဖြင့် သူတို့ကုမ္ပဏီထုတ်ဆေးဝါးများကို အပိုင်ထုတ်ပြီး အရောင်း၌ အမှုထမ်းအင်အားကို လျှော့ချပစ်ရန် ရည်ရွယ်ခြင်း





ဖြစ်သည်။ ကုမ္ပဏီ အတွက် ပိုက်ဆံကုန်သက်သာသော 'အချောင်ပွဲပေါက်'ကို အမြွှနည်းလမ်း ဖြင့် မိုက်မဲစွာ လုပ်ကိုင်ခြင်းပင် ဖြစ်သည်။

အဒမ်သည် နောက်သို့ပြန်လှည့်ကာ သူ့ဖိနပ်ချွတ်ထားခဲ့သည့် နေရာသို့ ပြန်လျှောက်လာခဲ့သည်။ ထိုမှတစ်ဆင့် ပင်မအဆောက်အအုံကြီးသို့ ဆက်လျှောက်လာသည်။ ခန်းမကြီးထဲတစ်ဝက်လောက် လျှောက်လာခဲ့ပြီးသောအခါ အထွက်ဆိုင်းဘုတ်တစ်ခုကို သတိပြုမိသည်။ တံခါးကို တွန်းဖွင့်လိုက်သည်။ ခေါင်မိုးဆီသို့ ကွေ့ကောက်တက်လာသော လှေကားတစ်ခုကို တွေ့ရသည်။ အပြန်လမ်းကို သေချာအောင်မှတ်ပြီးနောက် လှေကားအတိုင်း တက်လာခဲ့သည်။ သော့ခတ်မထားသော တံခါးတစ်ခုသို့ ရောက်လာသည်။ တံခါးဘုကို လှည့်ဖွင့်လိုက်သည်။ ပင်မအဆောက်အအုံကြီး၏ အပေါ်ဆုံးသို့ ရောက်လာသည်။ ပင်လယ်ပြင်ကို ဖြတ်လာသောလေပြင်းက တဟူးဟူး တိုက်ခတ်လာနေသည်။ လေးပေခန့်မြင့်သော ခေါင်မိုးစွန်းနံရံများသို့ လျှောက်လာသည်။ ထိုနေရာမှရပ်ကာ အောက်သို့ ကြည့်လိုက်သောအခါ ခြံဝင်းကြီးတစ်ခုလုံးကို အပေါ်စီးမှ ရှင်းရှင်းလင်းလင်း မြင်ရသည်။ တိုက်တန်းလျားများသည် ကျောက်ဆောင် တောင်ကုန်းကလေးတစ်ခုအနီးတွင် ဆုံးသွားသည်။ တောင်ကုန်းတစ်ဖက်အလွန်တွင် သစ်တောကြီးရှိသည်။ အဒမ် ယခုရောက်ရှိနေသောနေရာမှာ သုတေသနသိပ္ပံအဆောက်အအုံကြီး၏ ဗဟိုချက်ချာဖြစ်ရာ တခြားကွယ်နေသော အဆောက်အအုံများလည်း ရှိကောင်း ရှိနိုင်သေးသည်ဟု တွေးမိသည်။

သူသည် နောက်ဘက်သို့လှည့်ကာ ပထမဆုံးမြင်ရသော အတွင်းပိုင်းအဆောက်အအုံကို လှမ်းကြည့်လိုက်သည်။ လရောင်ထိန်ထိန်တွင် အဆောက်အအုံ၏ ပြင်ပပုံသွင်ကို ပီပီပြင်ပြင် မြင်နေရသည်။ ခေတ်သစ် ဗိသုကာပုံစံမှာ ပြတင်းပေါက်မရှိသော ရုံးခန်းများကို မမြင်ရအောင် အတူးပြောင်မြောက်စွာ ဆောက်လုပ်ထားသည်ကို အဒမ် သတိပြုမိသည်။ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ အဆောက်အအုံ တစ်ခုနှင့်တစ်ခုကြားတွင် စနစ်တကျ ပြုပြင်ထားသော ရေကန်များ၊ မြက်ခင်းစိမ်းများနှင့် ရွက်ဖားပင်များကို မြင်ရသည်။ အဆောက်အအုံများမှာ အမြင့်ချင်း တူညီကြပြီး တစ်ခုနှင့်တစ်ခုကို အောက်ထပ်သို့ ပေါင်းကူးတံတားများဖြင့် ဆက်သွယ်ထားသည်။

ဒေါက်တာနက်ရှမင်းပြောသော ဆေးရုံအဆောက်အအုံကိုတော့ မမြင်ရ။

အဒမ်သည် တံတားကို ဖြတ်ကူးကာ ဒုတိယအဆောက်အအုံသို့ လာခဲ့သည်။ တံတားအဆုံးသို့ ရောက်သောအခါ အောက်သို့ ငုံ့ကြည့်လိုက်သည်။ အောက်ဘက်တွင် ဆေးရုံခန်းများကို မြင်ရသည်။ ဆေးရုံအဆောက်အအုံမှာ



www.burmeseclassic.com

www.burmeseclassic.com



သုံးထပ်သာရှိပြီး အခြားအဆောက်အအုံများထက် နိမ့်သောကြောင့် စောစောက အဒမ် မမြင်ခဲ့ရခြင်း ဖြစ်သည်။ သူ့အောက်ဘက်တွင် ဆောင်ကူးတံတားဖြင့် သံမဏိတံခါးများဆီသို့ ဆက်သွယ်ထားသည်။ ယင်းတံခါးများမှာ ဓာတ်ခွဲခန်းမှအထွက်တွင် အဒမ် လှမ်းမြင်ခဲ့ရသော တံခါးများပင် ဖြစ်သည်။

ဆေးရုံအဆောက်အအုံများ၏ ခေါင်မိုးပေါ်တွင် ကောင်းကင်ကြိုးများ၊ ဓာတ်ကြိုးများနှင့် ဂြိုဟ်တုဆက်သွယ်ရေးစက်ကိရိယာများဖြင့် ရှုပ်ယှက်ခတ်လျက် ရှိသည်။ ဤပစ္စည်းများကို ကြည့်ခြင်းအားဖြင့် ဤအဆောက်အအုံထဲတွင် ရှုပ်ထွေးဆန်းကြယ်သော ဆက်သွယ်ရေး လုပ်ငန်းများ ရှိနေကြောင်း ခန့်မှန်းသိသာနိုင်သည်။ ခေါင်မိုးပေါ်တွင် အလင်းရောင်ဝင်ပေါက်များရှိပြီး အကြီးဆုံးအပေါက်က အဆောက်အအုံ အလယ်တည့်တည့်တွင် ရှိသည်။ ထို့ပြင် ခေါင်မိုးတွင် လေအေးပေးစက်နှင့် အပြင်သို့ ထွက်နိုင်သော တံခါးပေါက်တစ်ပေါက်လည်း ရှိသည်။ ခေါင်မိုးအလယ်ဗဟိုရှိ မှန်ပြတင်းပေါက်အလင်းပေါက်မှ ဝင်လာသော အလင်းရောင်ကြောင့် အဆောက်အအုံတစ်ခုလုံးမှာ တွေ့နေကျမဟုတ်သော သူစိမ်းဆန်သော အသွင်ကို ဆောင်နေသည်။

အဒမ်သည် နေရှိန်ကြောင့် နွေးထွေးဆဲရှိနေသော နံရံကို လက်ဝါးနှင့် အုပ်ကာ အတော်ကြာကြာ ရပ်နေမိသည်။ လေညင်းသွဲ့သွဲ့က သူ့ဆံပင်များကို တိုးဝှေ့ချော့မြှူနေသည်။

အင်း… ငါစိတ်ရှုပ်ပေါက်ပြီး ထင်ရာစွတ်လုပ်လာလို့ ပြဿနာကိုကို ရောက်လာတာပါလားဟု တွေးမိပြီး သက်မတစ်ချက် ပင်းခနဲ ချလိုက်သည်။

တကယ်တွေးကြည့်လိုက်တော့ သူ့အနေဖြင့် ဤထောင်ချောက်မှ ဘယ်နည်းနှင့်မျှ ထွက်ပြေးလွတ်မြောက်နိုင်စရာမရှိတော့။

ဘယ်လိုမှ ထွက်ပေါက်မရှိသော သူ့အဖြစ်ကို သူတွေးမိပြီး အကြီးအကျယ် အားငယ်သွားမိသည်။ အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။

နောက်ဆုံးတွင် 'အို… ပေါက်တဲ့နဖူး မထူးတော့ပါဘူး၊ နောင့်ခါလာနောင်ခါ ချေပေါ့'ဟု တွေးပြီး အိပ်ခန်းသို့ ပြန်လှည့်လာခဲ့တော့သည်။

❖

[ ၁၆ ]

နောက်တစ်နေ့ရောက်တော့ အဒမ်သည် ဆေးရုံသို့ သွားကြည့်လိုသောဆန္ဒ အလွန်ပြင်းပြနေသည်။ သို့သော် တစ်နေ့တာ လေ့လာရေးအစီအစဉ်တွင် ဆေးရုံလေ့လာရေး ကို ညနေပိုင်းတွင်သာ ထည့်သွင်းထားကြောင်း တွေ့ရသည်။

နံနက်ပိုင်းတစ်ချိန်လုံး ရုံးချုပ်အဆောက်အအုံမှူး ဟယ်ရီဘားကက်နှင့်သာ အချိန်ကုန်သည်။ မစ္စတာဘားကက်က အမှုထမ်းရိပ်သာ တိုက်ခန်းများနှင့် အမှုထမ်းများ၏ ဇနီးသားသမီးများ သာရေးနာရေးအတွက် အမ်တီအိုင်စီ ကော်ပိုရေးရှင်းက စီစဉ်ပေးသော လုပ်ငန်းများကို လိုက်လံပြသသည်။ အဒမ်၏ ရင်သွေးကလေး လူ့လောကသို့ ရောက်မလာနိုင်အောင် အမ်တီအိုင်စီက နည်းမျိုးစုံဖြင့် အစွမ်းကုန် ကြိုးစားနေသည်ကို အဒမ် သိထားပြီးကြောင်း မစ္စတာဘားကက် သိရလျှင် ဘယ်လိုများနေလိမ့်မလဲဟု အဒမ် တွေးမိသည်။

သည်အကြောင်း တွေးမိတော့ အဒမ့်ရင်ထဲ ပူလောင်လာမိပြန်သည်။ သူသည် ကိုယ်စိတ်နှစ်ပါး ကြည်သာရွှင်လန်းခြင်း မရှိရှာဖြင့် မစ္စတာ ဘားကက်၏ နောက်မှလိုက်ကာ ခြံဝင်းကြီးထဲ လှည့်လည်လိုက်ကြည့် နေရသည်။ နောက်ဆုံးတွင် ပြန်ကြားရေးအရာရှိ လင်ဒါအေရွှန်ဆင်၏ ရုံးခန်းရှေ့ရောက်၍ မစ္စတာဘားကက်က နှုတ်ဆက်ပြီး ပြန်ထွက်သွားသောအခါတွင် ဝင့်ကျွတ်သွားတော့သည်။

မစ္စလင်ဒါအေရွှန်က အဒမ်အား ဝမ်းသာအယ်လဲကြိုဆိုပြီး ကွန်ပျူတာ ဆက်သွယ်ရေးလုပ်ငန်းများကို လိုက်ပြသည်။ ဤလုပ်ငန်းမှာ အေရိုလင်ကုမ္ပဏီ၏ သတင်းဖြန့်ချိရေးလုပ်ငန်းများကို တစ်ကမ္ဘာလုံးသို့ မိနစ်ပိုင်းအတွင်း သတင်းပို့သော ဗဟိုဆက်သွယ်ရေးလုပ်ငန်းဖြစ်သည်။ မစ္စအေရွှန်ဆင်က အဒမ်အား မစ္စတာကရောဖို့ဆိုသူနှင့်လည်း မိတ်ဆက်ပေးသည်။ မစ္စတာကရောဖို့မှာ အေရိုလင်ရေကြောင်းဆွေးနွေးပွဲများအတွက် သဘော်ခရီးစဉ် စီစဉ်ရေးတာဝန်ခံဖြစ်သည်။

ရေကြောင်းဆွေးနွေးပွဲများသို့ တက်ရောက်လာကြသော ဆရာဝန်များ၏ လုပ်ငန်းဌာနပြ ဇယားကြီးတစ်ခုကို မစ္စတာကရောဖို့က အဒမ်အားပြသည်။ ဆရာဝန်အများစုမှာ နယူးယောက်မြို့မှ ဖြစ်ကြသည်။ သို့သော် မကြာမီလများ အတွင်းတွင် ချီကာဂိုနှင့် လော့စ်အိန်ဂျယ်လိစသော မြို့ကြီးများမှ ဆရာဝန်များ

www.burmeseclassic.com



လည်း တက်ရောက်လာကြသည်ကို တွေ့ရသည်။ ထို့ပြင် ရေကြောင်းဆွေးနွေးပွဲများသို့ တစ်ကြိမ်အထက် တက်ရောက်လာကြသည်ကို တွေ့ရသည်။ ထို့ပြင် ရေကြောင်းဆွေးနွေးပွဲများသို့ တစ်ကြိမ်အထက် တက်ရောက်ဖူးသော ဆရာဝန်များအနက် ဆယ်ရာခိုင်နှုန်းမှာ ယခုအချိန်တွင် ဂျူလီယံဆေးရုံ၌ လုပ်ကိုင်နေကြသူများ ဖြစ်သည်ကိုလည်း တွေ့ရှိရသည်။

'ရေကြောင်းဆွေးနွေးပွဲက တကယ်လဲ နာမည်ကြီးပါတယ်'

အဒမ်က မကြည်စိတ်ကို မျိုသိပ်ပြီး ဟန်ဆောင်ချီးကျူးလိုက်သည်။

'နာမည်ကြီးရုံတင် ဘယ်ကမလဲ'ကရောဖို့က ဂုဏ်ယူစွာဖြင့် ပြောသည်။ 'ဆရာဝန်တွေက တက်ချင်လွန်းလို့ စာရင်းလာပေးကြတာ ကျုပ်တို့က နေရာထိုင်ခင်း အခက်အခဲကြောင့် လက်မခံနိုင်လို့ တောင်းတောင်းပန်ပန်နဲ့ ပြန်လွှတ်နေရတယ်၊ ဒါကြောင့် အမ်တီအိုင်စီက မကြာခင်ကပဲ နောက်ထပ် သင်္ဘောတစ်စင်း ထပ်ဝယ်လိုက်တယ်၊ အဲဒီသင်္ဘောကို ဒီနှစ်ထဲမှာပဲ အသုံးပြုနိုင်လိမ့်မယ်၊ နောက်ထပ်လည်း သင်္ဘောသုံးစင်းထပ်ဝယ်ဖို့ အစီအစဉ်ရှိတယ်၊ စုစုပေါင်း သင်္ဘောငါးစင်းနဲ့ဆိုရင် ဆေးသိပ္ပံလောက တစ်ခုလုံးက ဆရာဝန်တွေအားလုံးကို တစ်ယောက်မကျန် လက်ခံနိုင်မှာ သေချာတယ်'

မစ္စတာ ကရောဖို့သည် လက်ပိုက်ပြီး ဟန်ပါပါနှင့်ရပ်ကာ အဒမ့် မျက်နှာကို ကြည့်နေသည်။ သူ့ပုံက သားကလေး၏ အောင်မြင်မှုအတွက် ဂုဏ်ယူနေသော ဖခင်တစ်ယောက်၏ ပုံမျိုး။ အဒမ် တော်တော် စိတ်မချမ်းမသာ ဖြစ်သွားမိသည်။ ဆရာဝန်မျိုးဆက်ကြီးတစ်ခုလုံး ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခု၏ လူမသိသော လျှို့ဝှက်ကိုယ်စားလှယ်များ ဖြစ်နေပါရောလား။

နေ့လယ်စာ စားချိန်တွင် ဒေါက်တာနက်ရှမင်းနှင့် အဒမ်တို့အတူ စားကြသည်။ ထို့နောက် ဒေါက်တာ နက်ရှမင်းက အဒမ်အား ဒေါက်တာဂလိုဗား၏ ရုံးခန်းသို့ ခေါ်လာခဲ့သည်။ ရုံးခန်းထဲတွင် ဒေါက်တာဂလိုဗားနှင့် ဒေါက်တာ မစ်ချယ်တို့နှစ်ယောက် အဒမ်အား သူ့အလျှင် လိုက်ပြမည်၊ ငါအလျှင် လိုက်ပြမည်ဆိုပြီး အရွဲအတင် စကားများနေကြသည်။

'ဒီအတိုင်းဆိုရင်တော့ ခင်ဗျားတို့နှစ်ယောက် ရုံးခန်းတစ်ခန်းတည်း မှာ အတူထိုင်နေလို့ မဖြစ်တော့ဘူးထင်တယ်'ဟု ဒေါက်တာနက်ရှမင်းက စိတ်တိုတိုဖြင့် ပြောလိုက်သည်။

ဤသုတေသနသိပ္ပံ ဗဟိုဌာနချုပ်ကို ယခုလို ဝေးလံသောဒေသတွင် အထီးတည်း တည်ဆောက်ထားခြင်းမှာ သူတို့အချင်းချင်း၏ အတွင်းရေး ပဋိပက္ခများကို တခြားလူတွေ မသိနိုင်အောင် တမင်ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်မည်ဟု အဒမ်က ယူဆသည်။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာဂလိုဗားနှင့်





ဒေါက်တာမစ်ချယ်တို့၏ငြင်းခုံပွဲမှာ စိတ်ထားပုံမှန်ရှိသော လူနှစ်ယောက်တို့၏ ငြင်းခုံပွဲနှင့်မတူဘဲ စိတ်ရူးပေါက်နေသော လူနှစ်ယောက်တို့၏ ရန်ပွဲနှင့် တူ သောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ နောက်တစ်နာရီခန့်အကြာတွင် ဒေါက်တာမစ်ချယ်၏ အဆိုပြုချက်အရ ဆေးရုံလူနာဆောင်များကို လေ့လာရန် ထွက်လာကြသော အခါတွင်မူ အဒမ်မှာ အထူးပင် ဝမ်းသာနေမိသည်။

အတွင်းပိုင်း အဆောက်အအုံ၏အဝသို့ ရောက်လာကြသောအခါ ဒေါက်တာနက်ရှမင်းက အီလက်ထရွန်နစ်ခလုတ်ကလေးကို နှိပ်လိုက်သောအခါ တံခါးရွက်နှစ်ချပ် တံခါးကြီး ပွင့်သွားသည်။ တံခါးပေါက်မှဝင်ကာ ဘေးနှစ်ဖက် စလုံး မှန်ကာထားသော ပေါင်းကူးတံတားအတိုင်း လျှောက်လာခဲ့ကြသည်။ အဒမ်သည် မှန်ကာကိုကျော်ကာ အောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ယမန်နေ့ညက တိုက်ခေါင်မိုးပေါ်မှ မြင်ခဲ့ရသော ဝင်းခြံရှုခင်းကို ကြည်နူးစရာ မြင်ရသည်။

တံတားအဆုံးသို့ ရောက်သောအခါ တံခါးရွက်နှစ်ချပ်ထပ် တံခါးတစ်ခု ထပ်မံတွေ့ရပြန်သည်။ ဒေါက်တာ နက်ရှမင်းက ခလုတ်ကို လက်မနှင့် နှိပ်လိုက် ပြန်သည်။ တံခါးပေါက်ထဲ ဝင်လိုက်သောအခါ ဆေးရုံအနံ့အသက်များ ရလာ သည်။ ယမန်နေ့ညက အဒမ် မြင်ခဲ့ရသော ခေါင်မိုးအလင်းရောင်ပေါက်များဖြင့် ထိန်လင်းနေသည့် သုံးထပ်ခန်းမဆောင်ကြီးထဲသို့ ဝင်လာကြသည်။ ဘေးချင်းကပ် ခွဲစိတ်ခန်းကလေးများနှင့် သူနာပြုဆရာမများအခန်းသို့ ရောက်လာကြသည်။ အခန်းတိုင်းတွင် နောက်ဆုံးပေါ် ခေတ်မီအလိုအလျောက် ဆက်သွယ်ရေး ကိရိယာများ တပ်ဆင်ထားသည်။ သူနာပြုဆရာမတစ်ယောက်က ၎င်းတို့အား သော့ခတ်ထားသော အစွန်ဆုံးလူနာဆောင်တစ်ဆောင်သို့ ခေါ်လာခဲ့သည်။ ဒေါက်တာဂလိုဗားက အဒမ်အား လူနာပေါင်းများစွာနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် လူနာတစ်ယောက်စီ၏ ရောဂါဖြစ်စဉ်များကို အသေးစိတ် ရှင်းပြသည်။ အဒမ်က အသေးစိတ် မမှတ်မိ။ ကွန်ပျူတာစက်ကိုဖွင့်ပြီး ပြန်ကြည့် ရသည်။ လူနာဆောင်တိုင်းတွင် ကွန်ပျူတာစက်များ တပ်ဆင်ထားသည်။

လူနာများအနက် သန္ဓေသားဆဲလ်များ ထိုးသွင်းကုသထားသော ဆီးချို ရောဂါ ဝေဒနာရှင်အများအပြား တွေ့ရသည်။ လူနာများအား လန်းလန်းဆန်း ဆန်းနှင့် ကြည်ကြည်သာသာ တွေ့ရသဖြင့် အဒမ်သည် အထူးပင် စိတ်ဝင်စား ဖြစ်မိသည်။ သို့သော်လည်း စိတ်ထဲတွင်တော့ အကျိုးသက်ရောက်မှု ကောင်းဆ မယ့် လုပ်နည်းလုပ်ဟန် မှုမမှန်လျှင် လက်ခံနိုင်စရာမရှိ ဟူသော သဘောတရားကို စွဲနေမိသည်။ ဆီးချိုရောဂါဝေဒနာရှင်များအပြင် ဗဟိုနာဗ်ကြောစနစ်ထိုး ကုသ



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဝေဒနာရှင်များကိုလည်း တွေ့ရသည်။ အမျိုးသမီးကလေးတစ်ယောက်မှာ ကားတိုက်ခံရပြီး ကျောရိုးကျိုးသွားသည်။ ခန္ဓာကိုယ်အောက်ပိုင်းတစ်ပိုင်းလုံး လုံးဝမလှုပ်ရှားနိုင်ဘဲ တစ်နှစ်လောက် အိပ်ရာထဲတွင် လဲနေခဲ့ရာမှ သန္ဓေသားတစ်ရှူးများဖြင့် ထိုးသွင်းကုသမှုကြောင့် ယခုအခါ ခြေထောက်များ လှုပ်ရှား၍ ရလာခဲ့ပြီ။ သူ့အခြေအနေမှာ ကျေနပ်လောက်အောင် တိုးတက်မှု မရှိသေးသော်လည်း အစဦးအဆက် ကုသမှုများနှင့် ယှဉ်ကြည့်လျှင် အများကြီး တိုးတက်မှုရှိသည် ဟု ဆိုနိုင်သည်။

'အများကြီး ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ အခုတော့ ကျွန်မ ကိုယ်ကျွန်မ မျှော်လင့်ချက်ရှိလာပါပြီ'

လူနာအမျိုးသမီးကလေးက ဒေါက်တာဂလိုဗားအား ဝမ်းသာအယ်လဲ ကျေးဇူးတင်စကားပြောသည်။

'ဒီစကားမျိုးကြားရတာ အများကြီး ဝမ်းသာပါတယ်ကွယ်'

ဒေါက်တာဂလိုဗားက ပြန်ပြောလိုက်သည်။

ဒေါက်တာမစ်ချယ်က ရောဂါမှတ်တမ်းကတ်ပြားကို ယူကြည့်ပြီး ဝေဖန်ရေးလေသံဖြင့်–

'ဆီးထဲမှာ ဘက်တီးရီးယားပိုး ရှိနေသေးတယ်'

'အဲဒါကို ကျုပ်တို့လည်း သိပါတယ်'

ဒေါက်တာဂလိုဗားက ပြန်ပြောလိုက်သည်။

'ကဲ ... ကဲ ... နောက်လူနာတွေ သွားကြည့်ကြရအောင်'

ဒေါက်တာနက်ရှမင်းက ကြားဝင် ဖျန်ဖြေလိုက်သည်။

ထို့နောက်တွင် တခြားလူနာ လေးငါးဦးခန့်ကို လှည့်လည်ကြည့်ရှုပြီးနောက် ဗဟိုခန်းမဆောင်သို့ ပြန်လျှောက်လာခဲ့ကြသည်။ ထိုမှတစ်ဆင့် ဓာတ်လှေကားဖြင့် စိတ်ကုလူနာဆောင်သို့ လျှောက်လာခဲ့ကြသည်။

ဒေါက်တာမစ်ချယ်သည် စောစောကထက် တက်တက်ကြွကြွဖြစ် လာပြီး မှတ်ဆိတ်မွေးကို ဟန်ပါပါနှင့် ပွတ်သပ်ရင်း သူ့လူနာများ၏ အခြေအနေကို ရှင်းပြသည်။

'ကျုပ်တို့ဌာနရဲ့ အဓိကကုထုံးကတော့ စိတ်ကုဆေးကုနည်းပါပဲ၊ ဒီနည်းကို အသုံးပြုပြီး လူနာရဲ့ကိုယ်စိတ်အပြုအမူတွေကို ပြုပြင်ပြောင်းလဲယူတဲ့နည်းဆိုရင်လည်း မမှားပါဘူး'

ဆက်လျှောက်လာပြီးနောက် နှစ်ထပ်တံခါးကြီးကို ခလုတ်နှိပ်၍ ဖွင့်လိုက်သည်။

"ဒီအခန်းကတော့ သူနာပြုဆရာမများအခန်း" ဒေါက်တာမစ်ချယ် က





အဖြူရောင်အင်္ကျီနှင့် အပြာရောင်စကတ်ဝတ်ထားသော သူနာပြုဆရာမနှစ်ယောက်ကို ညွှန်ပြရင်း ပြောသည်။ ဆရာမများက ခေါင်းညိတ်ပြပြီး ဆေးရုံလုပ်သားနှစ်ယောက်ကတော့ ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ကြသည်။ သူတို့၏အပြုံးက အပြုံးသေကြီး၊ မျက်လုံးတွေကလည်း မျက်တောင်မခတ်၊ ကြောင်ကြောင်ကြီးနှင့် ကြည့်နေကြသည်။

သူတို့သည် အခန်းထဲ ဆက်လျှောက်လာကြသည်။ ဒေါက်တာ မစ်ချယ်က ခေတ်မီစက်မှုပစ္စည်းများကို မည်သို့မည်ပုံ တပ်ဆင်ထားကြောင်း ရှင်းပြလာသည်။

'ဒါတွေကို သူ အားလုံး နားလည်ပြီးသားပါ၊ သူက ဆေးတက္ကသိုလ်တက်လာတဲ့လူပဲ'

ဒေါက်တာဂလိုဗားက မကျေနပ်ဟန်ဖြင့် ဖြတ်ပြောလိုက်သည်။

သို့သော်လည်း ဒေါက်တာမစ်ချယ်က လုံးဝဂရုမစိုက်။ ပြောလက်စကို ဆက်ပြောလာရင်း နှစ်ထပ်တံခါးကြီးတစ်ခုကို ခလုတ်နှိပ်၍ ဖွင့်လိုက်ပြန်သည်။

သူ့နောက်မှ အားလုံး လိုက်ဝင်လာကြသည်။

လူနာဆောင်များမှာ အသစ်ဖွင့်ခါစအတိုင်း သန့်ရှင်းပြောင်လက်နေကြသည်။ လူနာများသည် သန့်ရှင်းသော ခုတင်များပေါ်တွင် ရင်ဘတ်အထိ စောင်ခြုံကာ လှဲနေကြသည်။ သူတို့သည် အိပ်ပျော်နေကြခြင်း မဟုတ်။ သို့သော် တစ်ယောက်မျှ တုတ်တုတ် မလှုပ်ကြ။ အားလုံး ငြိမ်နေကြသည်။ သို့သော် သူတို့၏ မျက်လုံးတွေကတော့ ဧည့်သည်များ၏ လှုပ်ရှားမှုတိုင်းကို ဂနာမငြိမ် လိုက်ကြည့်နေကြသည်။ ဤသို့ ငြိမ်သက်နေသော လူနာဆောင်မျိုး၊ အထူးသဖြင့် စိတ်ကုလူနာဆောင်မျိုးကို အဒမ်သည် ဤတစ်ကြိမ်သာ တွေ့ဖူးသေးသည်။

လူနာများ၏ မျက်နှာတွင် မည်သည့်ခံစားချက်မျှ မရှိသလို ထင်ရသည်။ ဒေါက်တာမစ်ချယ်က ထုံးစံအတိုင်း သူ့လူနာများအကြောင်းကို ကရားရေလွှတ် ရှင်းလင်းပြောပြနေသည်။ အချိန်ဘယ်လောက်ကြာသွားမှန်း အဒမ်မသိ။ သူတို့ လက်ယာဘက်ရှိ ဒုတိယခုတင်ပေါ်မှ လူနာကို မြင်လိုက်ရသောအခါတွင်မှ ဒေါက်တာမစ်ချယ် စကားပြော၍ မဆုံးသေးကြောင်း သတိရမိတော့သည်။

အဒမ် ရုတ်တရက် တွေ့လိုက်ရသော လူနာကား အခြားသူမဟုတ်။ ရေကြောင်းဆွေးနွေးပွဲသဘောပေါ်တွင် အဒမ် သိကျွမ်းခဲ့သော အလန်ဂျက်ဆင်ပင်တည်း။

အဒမ် ရင်တွေ ခုန်လာသည်။ တစ်ချိန်တည်းတွင် သူ့ကို အလန် မှတ်မိသွားမည်ကိုလည်း အလွန်စိုးရိမ်မိသည်။ သူ့မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။ အလန့်ကို နောက်ထပ် ပြန်ကြည့်လိုက်သည်။ အလန့် မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြောင်ကြီး ဖြစ်နေကြသည်။ သူသည် မူးယစ်ဆေး အပြင်းအထန် ထိုးခံထားရကြောင်း သိသာလှသည်။ အဒမ်က အလန့်နားသို့ သွားကာ အနီးကပ်ကြည့်လိုက်သည်။ ဦးခေါင်းတွင် ပတ်တီးစည်းထားပြီး ညာဘက်လက်မောင်းတွင်လည်း ပလတ်စတစ်ပြွန်ဖြင့် ဆက်သွယ်ထားသည်။

"ကမ်းရိုးတန်း"သင်္ဘောသည် တမြန်နေ့က ပြူတိုရီကိုသို့ ရောက်ရှိခြင်း ဖြစ်ရမည်ဟု အဒမ် တွေးမိသည်။

ဒေါက်တာမစ်ချယ် ရှင်းလင်းပြောပြီးသောအခါ အဒမ်က အလန့်ဘက်သို့ လက်ညှိုးထိုးပြရင်း မေးလိုက်သည်။

'ဟိုလူနာက ဘာရောဂါလဲ ဒေါက်တာ'

ဒေါက်တာမစ်ချယ်က ချက်ချင်း ပြန်မဖြေဘဲ ပထမဦးစွာ ဒေါက်တာနက်ရှမင်းကို ကြည့်လိုက်သည်။ ဒေါက်တာနက်ရှမင်းက ခေါင်းညိတ်ပြသည်။ သည်တော့မှ ဒေါက်တာမစ်ချယ်က ရောဂါမှတ်တမ်းကတ်ပြားကို ယူပြီး အသံကျယ်ကျယ်ဖြင့် ဖတ်ပြသည်။

'ရောဘတ် အစ္စမန်း၊ အိုဟိုင်ယိုပြည်နယ်၊ အမည်မဖော်နိုင်သော အကြမ်းဖက် စိတ်ရောဂါကြောင့် ဆေးရုံတက်ခွင့်ပြုသည်။ သမားရိုးကျကုထုံးများနှင့် ကုသော်လည်း တစ်စုံတစ်ရာ ထူးခြားမှု မရှိ၊ ဒီလူက အရူးထောင်လည်း ရောက်ဖူးတယ်၊ နောက်ဆုံးတော့ အေရိုလင်ကုထုံးနဲ့ ကုသခံဖို့ သဘောတူတာနဲ့ ဒီကိုရောက်လာတာပဲ'

ဒေါက်တာမစ်ချယ်သည် ရောဂါမှတ်တမ်းကို သူ့နေရာတွင် ပြန်ထားလိုက်သည်။

'သူ ဒီကို ရောက်လာတာ တော်တော်ကြာပြီလား'

'မကြာသေးပါဘူး၊ ရက်ပိုင်းပဲ ရှိပါသေးတယ်၊ ကဲ... ကျုပ်တို့'

'ခွင့်ပြုပါ ခင်ဗျား' အဒမ်က ဖြတ်ပြောလိုက်သည်။ 'တစ်ခါတလေ လူနာတွေ အများကြီးကို ခြုံပြီး လေ့လာတာထက် လူနာတစ်ယောက်တည်းကိုပဲ အထူးပြုလေ့လာတာက ပိုပြီး အကျိုးရှိတတ်ပါတယ်၊ ဒီပုဂ္ဂိုလ်ကို ဘယ်လိုကုထုံးတွေနဲ့ ကုသနေပါသလဲ ခင်ဗျား၊ သူ့ခေါင်းမှာ ပတ်တီးစည်းထားတာက ဦးနှောက်ခွဲစိတ်မှု လုပ်ထားလို့ပါလား'

ဒေါက်တာမစ်ချယ်က ဒေါက်တာနက်ရှမင်းအား ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်လိုက်ပြီးတော့မှ–

'ဟုတ်ပါတယ်၊ သူ့ကို ဦးနှောက်ခွဲစိတ်ကုသမှု လုပ်ထားတယ်၊ သူ့ရောဂါရာဇဝင်အရ သူဟာ အမည်မသိ စိတ်ရောဂါရှိနေသူတစ်ယောက်ဆိုတာ ကျုပ်တို့သိရတယ်၊ ဒါကြောင့် ကျုပ်တို့က ကွန်ဖိုမင်ဆေးကို ဆေးပတ်လည်အောင်





ကျွေးပြီးတော့ သူ့ဦးနှောက်ထဲကို အီလက်ထရုတ်လျှပ်ခေါင်းတွေစိုက်ပြီး ကုသနေတယ်၊ ဒါဟာ သူ့အတွက် နောက်ဆုံးနှင့် အကောင်းဆုံးဆေးချက်ပဲ၊ နှာရိုင်းကို အီလက်ထရုတ်ခေါင်းစိုက်ပြီး စမ်းသပ်ကြည့်တဲ့အခါ ယဉ်ပါးသွားပြီး ဒေါ့ချင်ခတ်ချင်စိတ် မရှိတော့ဘူး၊ ကျုပ်တို့က အဲဒီအဆင့်ထက်ပိုပြီး လုပ်နိုင်တယ်'

အဒမ်က ခေါင်းကို မသိမသာ ညိတ်လိုက်သည်။ သို့သော် စိတ်ထဲမှာတော့ စိုးရိမ်ကြောက်လန့်မှုတွေနှင့် ပြည့်နှက်လျက်။

ဒေါက်တာ နက်ရှမင်းက ပြောသည်။

'မစ္စတာအစ္စမန်းကို ကုသနေတာက ပထမဆင့်ပဲ ရှိသေးတယ်၊ အခုခွဲစိတ်ကုသထားတာက နာလန်ထလာတဲ့အခါ သူ့ကို စိတ်ကုနည်းနဲ့ ဆက်ပြီး ကုသရဦးမယ်'

'အဲဒါ မှန်ပါတယ်' ဒေါက်တာ မစ်ချယ်က ဝင်ပြောသည်။ 'စိတ်ကုနည်းကို မနက်ဖြန်စပြီး လုပ်ဖို့ စီစဉ်ထားတယ်၊ အနည်းဆုံး လေးရက်လောက်ကြာလိမ့်မယ်၊ ကဲ... လက်တွေ့မြင်ရအောင် စိတ်ကုဆောင်ကို သွားကြည့်ကြစို့'

အဒမ်သည် အလန်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီးနောက် ဆရာဝန်များနောက်မှ လိုက်ပါလာခဲ့သည်။

'မစ္စတာ အစ္စမန်းကို ကျုပ်တို့က ကွန်ပျူတာ ထိန်းချုပ်ကိရိယာတွေနဲ့ ကုသပြီး စိတ်ပြောင်းစိတ်လွှဲ ဖြစ်လာအောင် ကုသဖို့ စီစဉ်ထားတယ်'

ဒေါက်တာမစ်ချယ်က လမ်းလျှောက်ရင်း ပြောလာသည်။

စိတ်ပြောင်းစိတ်လွှဲ ဖြစ်လာအောင် ဆိုတာက ဘာကို ဆိုလိုတာလဲ။ တခြားကုမ္ပဏီက ထုတ်တဲ့ဆေးတွေကို ပစ်ပယ်ပြီး အေရိုလင်ကုမ္ပဏီက ထုတ်တဲ့ဆေးတွေကိုသာ သုံးစွဲလာအောင်လုပ်တာကို ဆိုလိုတာလားဟု အဒမ်က တွေးလိုက်မိသည်။

'ဟောဒါက စိတ်ပြောင်းစိတ်လွှဲလုပ်တဲ့ အခန်းတစ်ခန်းပဲ'

ဒေါက်တာမစ်ချယ်က တံခါးတစ်ရွက်ကို တွန်းဖွင့်ရင်း ပြောသည်။ အဒမ်က အခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

အခန်းမှာ "ကမ်းရိုးတန်း"သင်္ဘောပေါ်မှ ခွဲစိတ်ခန်းကလေးလောက်ရှိသည်။ အခန်းနံရံတွင် ရုပ်ရှင်ပိတ်ကားကြီးတစ်ခု တပ်ဆင်ထားသည်။ ပိတ်ကားရှေ့ ခုံလှမ်းလှမ်းတွင် ကုလားထိုင်နှစ်လုံး ချထားသည်။ ကုလားထိုင်များတွင် အီလက်ထရုတ်လျှပ်ခေါင်းများနှင့် လူနာကို ချည်နှောင်သော သားရေပတ်များ တပ်ထားသည်။

အဒမ်က တံခါးရွက်ကို ပြန်ပိတ်လိုက်ပြီးနောက်–

'ဒီနည်းနဲ့ကုသတော့ ကိုယ်ရည်ကိုယ်သွေးပြောင်းလဲမှု တော်တော်အောင်မြင်ပါသလား'



www.burmeseclassic.com

www.burmeseclassic.com



'အများကြီး အောင်မြင်တာပေါ့၊ ကျုပ်တို့ကလည်း ဖြစ်နိုင်မယ့် လူငယ်ကို သာရွေးပြီး လုပ်တာကိုး'

'အသိဉာဏ်နဲ့ပတ်သက်ပြီးတော့ကော ဘယ်လိုပြောင်းလဲမှုတွေ ရှိပါသလဲ'

'ထူးထူးခြားခြား ပြောင်းလဲမှုမရှိပါဘူး၊ စိတ်ကူးတီထွင်မှုဘက်မှာတော့ မသိမသာ လျော့နည်းသွားတာ တွေ့ရတယ်၊ ဒါပေမဲ့ မှတ်ဉာဏ်ကတော့ အရင်ထက်တောင် ပိုပြီး ကောင်းလာတာ တွေ့ရတယ်၊ အထူးသဖြင့် ပညာရပ်ဆိုင်ရာ အချက်အလက်တွေကို မှတ်ထားရာမှာ မှတ်ဉာဏ်ဟာ သိသိသာသာ တိုးတက်လာတာ တွေ့ရတယ်'

ပြန်လှည့်လာစဉ် အလန့်ကို တစ်ချက်စောင်းကြည့်လိုက်ပြန်သည်။ အလန့် အခြေအနေက လုံးဝမပြောင်းလဲ။ ယခင်အတိုင်းပင် ခံစားမှုမရှိသော မျက်နှာကြီးနှင့် ရေ့တည့်တည့်သို့ ကြောင်ကြောင်ကြီး ကြည့်နေဆဲ ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်ကို မပိုင်သည့် ညှို့စားခံထားရသော သတ္တဝါတစ်ကောင်နှင့်သာ တူနေသည်။

'သုတေသနလုပ်ငန်းက တော်တော့်ကို အောင်မြင်နေတယ်' ဒေါက်တာနက်ရှမင်းက သံမဏိတံခါးပေါက်မှ ဝင်လာရင်း ပြောသည်။ 'ဒါပေမဲ့ စမ်းသပ်ခံလူနာတွေကို အကန့်အသတ်နဲ့ပဲ လက်ခံတယ်'

ဒေါက်တာဂလိုဗားက ကြားဝင်ပြီး–

'နောက်ဆိုရင် သန္ဓေသားသုတေသနလုပ်ငန်းကို အခုထက် ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာနိုင်မှာ သေချာတယ်'

'ဒါကတော့ မှန်းဆချက်ပဲ ရှိသေးတာပါ' ဒေါက်တာမစ်ချယ်က ကန့်ကွက်သံဖြင့် ပြောသည်။ 'ကျုပ်တို့လုပ်နေတဲ့ စိတ်ပြောင်းစိတ်လွှဲလုပ်ငန်းက ပိုပြီး အောင်မြင်နေတယ်၊ နောက်ကျရင် ဆေးရုံတွေနဲ့ အကျဉ်းထောင်တွေမှာ ဒီလုပ်ငန်းကို တံခါးဖွင့်ပြီး လုပ်လာနိုင်မှာပဲ၊ အမျိုးသား စိတ်ကျန်းမာရေး ဆေးသိပ္ပံနဲ့ အကျဉ်းထောင် အုပ်ချုပ်ရေးအဖွဲ့တို့ကလည်း ကျုပ်တို့လုပ်ငန်းအတွက် ငွေကြေးအကူအညီတွေ ပေးနေတယ်'

ခေါင်မိုးအလင်းရောင်ပေါက်များရှိသော သုံးထပ်ဆင်ဝင်ဆောင်ထဲသို့ ရောက်လာကြသည်။ သူတို့၏ သုတေသနလုပ်ငန်းများအတွက် အစိုးရဌာနပေါင်းများစွာတို့က ငွေကြေးအထောက်အပံ့ ပေးနေကြောင်း ဒေါက်တာဂလိုဗားက ဂုဏ်ယူစွာ ပြောပြသည်။

ကြားရသော စကားများကြောင့် အဒမ်မှာ ဝမ်းမသာသည့်အပြင် စိုးရိမ်





ထိတ်လန့်ခြင်းသာ အကြီးအကျယ် ဖြစ်မိလေသည်။ အမ်တီအိုင်စီကော်ပိုရေးရှင်းသည် မြင့်မြတ်၍ လွတ်လပ်သော ဆေးပညာကို ကြောက်စရာကောင်းသော နည်းလမ်းများဖြင့် ဖျက်ဆီးနေပါကလားဟု တွေးပြီး အထူးပင်အံ့သြခြင်း၊ ထိတ်လန့်ခြင်း ဖြစ်ရသည်။ ဤအတိုင်းဆိုလျှင် ဆရာဝန်များသည် လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်နိုင်ခြင်း ရှိကြတော့မည် မဟုတ်။ သူတို့သည် အမ်တီအိုင်စီနှင့် အေရိုလင် အင်ပါယာကြီး၏ လက်အောက်ခံ အမှုထမ်းများအဖြစ်ဖြင့် စက်ရုပ်များ၏ဘဝသို့ ရောက်သွားကြတော့မည်။

'မစ္စတာရွှန်းဘတ်၊ ဘာတွေများ အတွေးနက်နေတာလဲ၊ ကျုပ်တို့ ပြောပြနေတာကို စိတ်မဝင်စားဘူးထင်တယ်'

သူ့အတွေးနှင့်သူ ငြိမ်နေသော အဒမ်အား ဒေါက်တာနက်ရှမင်းက ပြောင်ပြောင်ပင် မေးလိုက်သည်။

'အို... မဟုတ်ပါဘူး၊ ကျွန်တော် အများကြီး စိတ်ဝင်စားပါတယ် ခင်ဗျား၊ ဒေါက်တာတို့ လုပ်နေတာတွေက ကြီးကျယ်လွန်းလို့ ကျွန်တော် အံ့သြနေမိတာပါ'

'ဟုတ်ထာပေါ့၊ အံ့လည်း အံ့သြစရာပေကိုး၊ ပြီးတော့မှ အပန်းဖြေ အစီအစဉ်တွေကို လိုက်ပြဦးမယ်၊ ကမ်းခြေမှာ တစ်နာရီလောက် အပန်းဖြေလိုက်ရရင် ကမ္ဘာသစ်တစ်ခုကို ရောက်သွားသလို ထင်ရလိမ့်မယ်၊ ကဲ... ရှစ်နာရီကျတော့မှ ညစာစားရင်း ဆုံကြမယ်'

'အချိန်ရသေးရင် ဦးနှောက်ခွဲစိတ်ကုဌာနကို သွားကြည့်ချင်ပါသေးတယ်'

'အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဒီနေ့ည ခွဲစိတ်မှုတစ်ခု စလုပ်မို့ ရှိနေတယ်'

'ကျွန်တော် လေ့လာခွင့် မရနိုင်ဘူးလား'

ဒေါက်တာ နက်ရှမင်းက ခေါင်းခါလိုက်ပြီး–

'လေ့လာချင်စိတ်ရှိတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ခွဲစိတ်ခန်းမှာ အပြင်လူ လေ့လာဖို့ သီးသန့်နေရာမရှိတာ ကံဆိုးတာပဲ၊ မောင်ရင် ဒီမှာ ဆက်နေရင်တော့ အဆင်ပြေတဲ့အခါ လေ့လာနိုင်ပါလိမ့်မယ်'

ထို့နောက် သူတို့လူချင်းခွဲကြသည်။

အဒမ်သည် အဝတ်အစားလဲရန် သူ့အခန်းသို့ ပြန်လာရင်း အကြံထုတ်လာသည်။

အေရိုလင်သုတေသနသိပ္ပံမှ ကျော်မကောင်း ကြားမကောင်း လုပ်ရပ်တစ်ခုကို အခိုင်အမာ သက်သေပြနိုင်ရန် ဘယ်လိုလုပ်ပြီး ခိုးထုတ်ရပါမည်နည်း။ ဘယ်လို အထောက်အထားကို ခိုးထုတ်ရပါမည်နည်း။ ဂျင်နီဖာနှင့်တွေ့ တခြား



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်သူများအား အခိုင်အမာ သက်သေပြနိုင်ရန် ဘယ်လို အထောက်အထားကို ဘယ်ပုံခိုးထုတ်ပြီး နယူးယောက်သို့ ဘယ်လို ယူသွားရပါမည်နည်း။

သူသည် နေရောင်လွှမ်းသော သဲသောင်ပေါ်တွင် လှဲအိပ်ရင်း နာရီပေါင်းများစွာ အကြံထုတ်နေသည်။

နောက်ဆုံး အကြံတစ်ခု ရလာသည်။ အကြံက တော်တော်ကြီးကျယ်သည်။ အောင်မြင်ရန် အလွန်ခဲယဉ်းသည်။ သို့သော် အောင်မြင်လျှင်တော့ သူ့တင်ပြချက်ကို လူတိုင်းက ယုံကြည်လိမ့်မည်မှာ သေချာသည်။ ထို့ကြောင့် သူ့အကြံကို အကောင်အထည်ဖော်ကြည့်ရန် ဆုံးဖြတ်သည်။

ထို့နောက် ညစာစားခန်းသို့ လာခဲ့သည်။

သူ့အကြံကို အမြန်ဆုံး အကောင်အထည်ဖော်ချင်သည့်ဆန္ဒက အလွန်ပြင်းပြနေသောကြောင့် ညစာဝိုင်းသည် အဒမ်အဖို့ ဒုက္ခကြီးတစ်ခုလို ဖြစ်နေသည်။ ဒေါက်တာနက်ရှမင်းက သူ့အား သုတေသနသိပ္ပံ အမှုထမ်း များနှင့် တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်ပေးသည်။ အဒမ်မှာ စိတ်မပါဘဲနှင့် ဟန်ဆောင်ပြုံးပြုံးကာ လက်ဆွဲနှုတ်ဆက်နေရသည်။ နောက်ဆုံး ဘယ်လိုမှ သည်းမခံနိုင်တော့သဖြင့် အိပ်ချင်လှပြီ ဟုပြောကာ ခွင့်တောင်းပြီး သူ့အခန်းသို့ ပြန်လာခဲ့သည်။

အခန်းထဲသို့ ရောက်သောအခါ သူ အလွန်စိတ်လှုပ်ရှားနေသည်။ ဂနာမငြိမ် ဖြစ်နေသဖြင့် အိပ်ရာပေါ် လှဲအိပ်နေလို့လည်း မရ။ သို့သော် သူ့အကြံကို အကောင်အထည်ဖော်ရန် စောနေသေးသည်။ သန်းခေါင်အချိန်လောက်မှစတင် အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

ကိုယ်ပေါ်မှ အတ်အစားများကို ပြန်ချွတ်လိုက်သည်။ အပြာရင့်ရောင် ရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီကို ဝတ်သည်။ ပြီးတော့ ပုခုံးလွယ်အိတ်ကို ဖွင့်သည်။ ညနေတုန်းက သူထည့်ထားသောပစ္စည်းများ စုံစုံလင်လင် ရှိမရှိ စစ်ဆေးကြည့်သည်။

၁၁ နာရီ ၅၅ မိနစ်ရောက်တော့ သူ အောင့်မနေနိုင်တော့။ လွယ်အိတ်ကို ကောက်ယူပြီး အခန်းထဲမှ ထွက်လာခဲ့တော့သည်။ ခေါင်မိုးပေါ်သို့သွားသော လှေကားအတိုင်း တက်လာခဲ့သည်။ လရောင်က နေ့ခင်းကဲ့သို့ ထိန်ထိန်လင်းနေသည်။ ပထမအတွင်းပိုင်း အဆောက်အအုံသို့သွားသော တံတားကို အလျင်အမြန် ဖြတ်ကူးလာခဲ့သည်။ တံတားဆုံးသောအခါ ဒုတိယအတွင်းပိုင်း အဆောက်အအုံကို ငုံ့ကြည့်လိုက်သည်။ ခေါင်မိုးအလင်းပေါက်များ လင်းကြည်နေသည်။ သို့သော် အဆောက်အအုံထဲတွင် အလုပ်လုပ်နေသူများ ရှိမရှိကို ခန့်မှန်း၍ မရ။

လွယ်အိတ်ကို ခေါင်မိုးပေါ်ချပြီး ဖွင့်သည်။ ညနေပိုင်းက ရွက်လှေတစ်





စင်းမှ ခိုးယူလာသော ကြိုးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် လေသန့်ပိုက်လုံးတွင် ကြိုးကို ခိုင်ခိုင်ချည်ကာ ကြိုးစကို အောက်သို့ ပစ်ချလိုက်သည်။ ကြိုးစသည် ဒုတိယအတွင်းပိုင်း အဆောက်အအုံနှင့် ဆက်သွယ်ထားသော တံတားခေါင်မိုးအထိ ကျသွားသည်။

ယခုကဲ့သို့ အတွေ့အကြုံမျိုး လုံးဝမရှိသဖြင့် ကြိုးနှင့်တွယ်ပြီး အောက်သို့ ဆင်းရမည်ကို တွေးကြောက်နေမိသည်။ သို့သော် ကြောက်နေရန် အချိန်မရှိတော့။ ပါးစပ်မှ တိုးတိုးကလေး ဘုရားတလိုက်ပြီးနောက် ကြိုးစကို ဆွဲကာ နံရံနှင့်ထိန်းပြီး ဖြည်းဖြည်းကလေး ဆင်းသည်။ နောက်ဆုံးတွင် တံတားခေါင်မိုးပေါ်သို့ ခြေကျမိသည်။ ကြိုးစကို လက်လွှတ်လိုက်ပြီးနောက် လေးဖက်တွားကာ ဆေးရုံခေါင်မိုးဆီသို့ ဖြည်းဖြည်းချင်း ရွှေ့လာခဲ့သည်။ ခေါင်မိုးအလယ်တည့်တည့်တွင် အလင်းရောင်ပေါက်ကြီးတစ်ပေါက် ရှိသည်။ ယင်းအပေါက်ဆီသို့ အသံမမြည်အောင် အသာအယာ ဖြည်းဖြည်းချင်း တွား၍တွား၍ လာခဲ့သည်။ အောက်ဘက်မှ တစ်စုံတစ်ရာ လှုပ်ရှားသံလိုလို ကြားလိုက်ရသည်။ ထိတ်ခနဲ လန့်သွားပြီး ခေတ္တရပ်တန့်နေလိုက်သည်။

ဘာအသံမှ ဆက်မကြားရတော့မှ ခေါင်မိုးစွန်းနားသို့ ဖြည်းဖြည်းချင်း ရွှေ့သွားပြီး အောက်သို့ ငုံ့ကြည့်လိုက် သည်။ သူ့အောက်တည့်တည့်မှ မြင်ကွင်းမှာ သည်းထိတ်ဖို သိပ္ပံရုပ်ရှင်တစ်ကားကို မြင်ရသကဲ့သို့ပင် ဖြစ်သည်။ ခေါင်မိုးပြတင်းပေါက်တည့်တည့်တွင် ကျယ်ဝန်းသော ခွဲစိတ်ခန်းကြီးကို မြင်ရသည်။ သို့သော် ဆရာဝန်များ မရှိ၊ သူနာပြုဆရာမများ မရှိ။ ခွဲစိတ်ခန်းတစ်ခုလုံးတွင် အလိုအလျောက် ခွဲစိတ်ကိရိယာများ တပ်ဆင်ထားသည်။ စက်ရုပ်များက စက်ရုပ်လက်တံရှည်ကြီးများဖြင့် လူနာနှစ်ယောက်ကို တစ်ပြိုင်တည်း ခွဲစိတ်နေသည်။

အခန်းအစွန်မှ စက်ပတ်ကြိုးတပ် သယ်ပို့စင်ပေါ်တွင် လူနာများကို အစီအရီ တင်ထားသည်။ ၎င်းတို့၏ ဦးခေါင်းများကိုလည်း စတီရီယိုတက်စ်ခ်ကိရိယာများဖြင့် တပ်ဆင်ထားသည်။ လောလောဆယ်တွင် လူနာလေးယောက်ကိုသာ စမ်းသပ်ထားသည်။ သို့သော် စက်ကိရိယာအနေအထားကိုကြည့်ခြင်းဖြင့် တစ်ပြိုင်တည်းတွင် အနည်းဆုံး ဆယ့်နှစ်ယောက်ခန့် ပြုလုပ်နိုင်မည်ဟု အဒမ် တွက်ဆသည်။

အဒမ်သည် ခေါင်မိုးပြတင်းပေါက်ဘောင်တွင် ဝပ်ကာ မလှုပ်မယှက် ငေးကြည့်နေသည်။ မြင်ရသောမြင်ကွင်းကား မယုံကြည်နိုင်စရာလည်း ဖြစ်သည်။ ကြက်သီးမွေးညင်း ထလောက်အောင် ကြောက်စရာလည်း ကောင်းသည်။

သယ်ပို့စင်ပေါ်မှ လူနာတစ်ယောက်ကို ရှေ့သို့ ရွှေ့လာပြီး ဦးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မှန်စက် တပ်ဆင်လိုက်သည်။ ဦးနှောက်ဓာတ်မှန်စက်သည် လူနာ၏ ဦးခေါင်းပတ်လည်တွင် လည်လာသည်။ တစ်ပတ်စေ့သွားသောအခါ ဓာတ်မှန်စက်ရပ်သွားပြီး စက်ရုပ်လက်အရှည်ကြီးနှစ်ခု ထွက်လာကာ လူနာ၏နားထင်တစ်ဖက်တစ်ချက်ကို ညှပ်ကိုင်လိုက်သည်။ လက်တံညှပ်သောနေရာများမှ သွေးစကလေးများ ထွက်လာသည်။ တခြားစက်ရုပ်လက်များက လူနာ၏ဦးခေါင်းပတ်လည်ကို ညှပ်ကိုင်ထားကြသည်။ အဒမ်သည် ခေါင်မိုးပြတင်းပေါက်မှ ချောင်းကြည့်နေရင်းမှ တဝီဝီမြည်နေသော စက်သံကို ကြားနေရသည်။ ကြည့်နေရင်း ဓာတ်မှန်စက်ထပ်၍ လည်လာပြီးနောက်ထပ် လက်တံတစ်စုံ ပေါ်လာပြန်ကာ လူနာ၏ဦးခေါင်းကို ညှပ်ကိုင်လိုက်ပြန်သည်။ လူနာအား အီလက်ထရုတ်လျှပ်ခေါင်းများ ထိုးစိုက်နေခြင်းဖြစ်ကြောင်း အဒမ်က သိလိုက်သည်။

အခန်း၏လက်ဝဲဘက်မှ လှုပ်ရှားမှုတစ်ခုကို ရုတ်တရက် မြင်လိုက်ရသဖြင့် အဒမ်သည် ခေါင်းကို နောက်သို့ ဆတ်ခနဲ လှန်ထားလိုက်ရသည်။ မှန်ခန်းဆီးနောက်တွင် လူတစ်စုသည် စက်ခုံတစ်ခု၌ ထိုင်ကာ အလုပ်လုပ်နေကြသည်။ သူတို့ကသာ အပေါ်သို့ မော့ကြည့်လိုက်မည်ဆိုလျှင် ခေါင်မိုးပေါ်မှ အဒမ်အား ကောင်းကောင်းကြီး မြင်နိုင်သည်။ အဒမ်သည် ခေါင်မိုးပေါ်တွင် ဝပ်မြဲဝပ်နေသည်။ ခေါင်မိုးပြတင်းပေါက်အစွန်းမှနေ၍ အောက်ဘက်သို့ မသိမသာ ချောင်းကြည့်လိုက်သည်။ စက်ခုံတွင် ထိုင်နေသူများက သူ့ကို လုံးဝမမြင်သည်မှာ သေချာသည်။

ဒေါက်တာနက်ရှမင်းက ဒေါက်တာမစ်ချယ်၏ကျောကို အသာလှမ်းပုတ်လိုက်သည်ကို အဒမ် မြင်လိုက်ရသည်။ လူနာတစ်ယောက် ပြီးသွားသောအခါ နောက်တစ်ယောက်ဝင်ရန် ပထမလူနာကို ရွှေ့ယူသွားကြသည်။ အဒမ်သည် မြင်ကွင်းကို ကြည့်နေရင်း အံ့လွန်းအမင်း စိတ်မချမ်းမသာ ဖြစ်မိသည်။ အမ်တီအိုင်စီကော်ပိုရေးရှင်းနှင့် အေရီလင်ကုမ္ပဏီတို့သည် ဆရာဝန်များ စိတ်ပြောင်းစိတ်လွဲဖြစ်သွားအောင် ဦးနှောက်ခွဲစိတ်လုပ်ငန်းကို ကြီးကြီးကျယ်ကျယ် လုပ်ကိုင်နေသည်မှာလည်း သံသယဖြစ်စရာ လုံးဝ မရှိတော့။

အဒမ်သည် ခေါင်မိုးပေါက်မှ နောက်သို့ ပြန်ဆုတ်ကာ မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် ခေါင်မိုးပေါ်မှဖြတ်၍ အဝင်ဝတံခါးသို့ လာခဲ့သည်။ ကံအားလျော်စွာပင် တံခါးကို သော့ခတ်မထား။ ခေါင်မိုးပေါ်သို့ တက်စဉ်က အသုံးပြုခဲ့သည့် လှေကားပေါက်ကဲ့သို့သော လှေကားပေါက်အတိုင်း အထဲသို့ ဝင်လာသည်။ ခွဲစိတ်ခန်းမှာ စက်ကိရိယာများ တဝီဝီမြည်သံမှတစ်ပါး အခြားဘာသံမှ မကြားရ။ အရာရာတိုင်း ငြိမ်သက်တိတ် ဆိတ်နေကြသည်။

သူသည်ခြေလှမ်းသွက်သွက်ဖြင့် ဒုတိယထပ်သို့ ဆင်းလာခဲ့ပြီး တံခါးကို





သတိနှင့် ဖွင့်လိုက်သည်။ သူမျှော်လင့်သည့်အတိုင်းပင် စိတ်ပြောင်းစိတ်လွဲ လူနာဆောင်အစွန်းသို့ ရောက်လာသည်။ အဆောင်ထဲတွင် မှောင်နေသည်။ လူနာဆောင်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော သူနာပြုဆရာမများ၏ မှန်ကာအခန်းတွင်သာ မီးရောင်လင်းနေသည်။ တာဝန်ကျသူနာပြုဆရာမသည် တစ်စုံတစ်ခု စားသောက်နေသည်။ သူမနှင့် မလှမ်းမကမ်းရှိ ကုလားထိုင်များတွင် လူနာစောင့်နှစ်ယောက် မလှုပ်မယှက် ထိုင်နေကြသည်။

အဒမ်သည် အခန်းနံရံကိုကပ်ပြီး အဆောင်ထဲသို့ ဖြည်းဖြည်းကလေး ဝင်လာသည်။ ပထမဆုံးတွေ့ရသော လူနာခုတင်နောက်ကွယ်တွင် ပုန်းနေလိုက်သည်။ မလင်းတလင်း မီးရောင်အောက်တွင် လူနာ၏မျက်နှာကို ခပ်ဝါးဝါး မြင်ရသည်။ လူနာသည် နိုးနေသည်။ လူနာက အလန့်တကြား အော်လိုက်မည်လားဟု စိုးရိမ်တကြီးနှင့် စောင့်ကြည့်နေသည်။ သို့သော် လူနာသည် တုတ်တုတ်မျှ မလှုပ်။ အဒမ်၏မျက်နှာကိုသာ မျက်တောင်မခတ်ဘဲ ကြောင်ကြောင်ကြီး ကြည့်နေသည်။

အဒမ်သည် သက်ပြင်းတစ်ချက် မှုတ်လိုက်ပြီးနောက် လူနာခုတင်များအောက်မှ တွား၍ ရွှေ့လာခဲ့သည်။ အစွန်ဆုံးမှ ဒုတိယခုတင်အောက်သို့ ရောက်လာသောအခါ ခေါင်းထောင်ပြီး သူနာပြုဆရာမများအဆောင်သို့ လှမ်းကြည့်လိုက်သည်။ သူသည် သူနာပြုဆောင်နှင့် အလွန်နီးကပ်စွာ ရောက်ရှိနေကြောင်း သိရသောအခါ အံ့သြပင် အံ့သြသွားမိသည်။ စောစောက သူနာပြုဆရာမသည် အသားညှပ်မုန့်ကို စားနေတုန်းပင် ဖြစ်သည်။ လူနာစောင့်နှစ်ယောက်မှာလည်း ယခင်အတိုင်း မလှုပ်မယှက် ထိုင်နေကြဆဲပင်။

အဒမ်သည် သူ့စီမံကိန်းကို အခုချက်ချင်း အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။ ယခု မလုပ်နိုင်လျှင် ဘယ်တော့မှ လုပ်နိုင်တော့မည် မဟုတ်။

သူသည် ခုတင်အောက်မှ ခေါင်းထောင်ကာ ခုတင်ပေါ်မှ လူနာကို ကြည့်လိုက်သည်။ ထိုလူနာကား အခြားမဟုတ် အလန်ဂျက်ဆင် ဖြစ်သည်။ အလန်သည် အဒမ်အား လုံးဝမှတ်မိပုံမပေါ်။

'အလန်၊ ခင်ဗျားကိုညွှန်တော် ဒီနေရာက ခေါ်ထုတ်သွားမယ်၊ ခင်ဗျားလိုက်နိုင်ပါ့မလား' ဂြ

အဒမ်က တိုးတိုးကလေး မေးလိုက်သည်။

အလန်က ဘာမှပြန်မပြော။ မျက်တောင်မခတ်ဘဲ ကြောင်ကြောင်ကြီးသာ ကြည့်နေသည်။ အဒမ်သည် အလန်၏လက်မောင်းတွင် တပ်ထားသော အားဆေးသွင်းပြွန်ပေါ်မှ ပလာစတာကိုခွာပြီး အပ်ကို ပြန်နုတ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကို ကျွန်တော် ထူပေးမယ်၊ လမ်းလျှောက်သွားလို့ ဖြစ်မလား'

အဒမ်က ထပ်မေးလိုက်သည်။

သို့သော် အလန့်ထံမှ စကားပြန်မရ။

အဒမ်က အလန်၏ကိုယ်ပေါ်မှ စောင်ကို ဆွဲခွာရန် လုပ်လိုက်စဉ်တွင် အဆောင်မျက်နှာကြက်ပေါ်သို့ အလင်းရောင်တန်းတစ်တန်း ဖြတ်သန်းသွားသည်ကို ရုတ်တရက် မြင်လိုက်ရသည်။ နှစ်ထပ်တံခါးကြီးဘက်သို့ လှမ်းကြည့်လိုက်သောအခါ သူနာပြုဆရာမသည် ကွန်ပျူတာစက်ခလုတ်တစ်ခုကို နှိပ်နေသည်ကို တွေ့ရသည်။ အဒမ်သည် ကမန်းကတန်း ပြန်ထိုင်ချကာ ခုတင်အောက်တွင် ဝင်ပုန်းနေလိုက်သည်။

သူနာပြုဆရာမသည် လူနာဆောင်လမ်းကြားအတိုင်း လျှောက်ဝင်လာသည်။ လက်နှိပ်ဓာတ်မီးရောင်က လူနာများ၏ မျက်ပေါ်တွင် ဖျတ်ခနဲ ဖျတ်ခနဲ လင်းသွားသည်။ အလန်၏ ခုတင်အနီးသို့ သူနာပြုဆရာမ ရောက်လာသည်။ အဒမ်၏ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။ အသက်ပင် မရှူရဲအောင် ဖြစ်နေသည်။ အလန်၏လက်မောင်းမှ ဖြုတ်ထားသော ပလတ်စတစ်ပြွန်ကို ဆရာမ မြင်သွားလျှင်တော့ ကိုယ်ကျိုးနည်းပြီးဟုတွေးရင်း တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။

ဘုရား...ဘုရား...တော်ပါသေးရဲ့၊ ဆရာမ ဆက်လျှောက်သွားပြီ။ ခြေထောက်များကို မြင်နေရသည်။ ဆရာမ အခန်းအစွန်သို့ ရောက်သွားပြီ။ တံခါးဖွင့်သံ ပေါ်ထွက်လာသည်။ တံခါးပြန်ပိတ်သွားသည်။ ဆရာမ ပြန်ထွက်သွားပြီ။ အဒမ်သည် ဟင်းခနဲ သက်မကြီးချလိုက်သည်။

ခုတင်အောက်မှ တွားထွက်ပြီး အလန်၏ကိုယ်ပေါ်မှ စောင်ကို ဆွဲခွာလိုက်သည်။ ပခုံးနှစ်ဖက်ကို မကိုင်ပြီး ခုတင်ပေါ်တွင် ထူပေးလိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်တွင် မတ်တတ်ဆွဲထူလိုက်သည်။ အလန်၏ခြေထောက်နှင့် ကြမ်းပြင် ထိခိုက်သံ ပေါ်ထွက်လာသည်။ သို့သော် ဆရာမများ အဆောင်ဘက်မှ ကြားဟန်မတူ။ 'ကြမ်းပြင်ပေါ် လေးဖက်တွားသွားလို့ ဖြစ်မလား'

အဒမ်က တိုးတိုးကလေး မေးလိုက်သည်။

အလန်က ဘာစကားမှ ပြန်မပြောနိုင်။

မတတ်သာတော့သည့်အဆုံး အလန်၏လက်နှစ်ဖက်ကို ကိုင်ကာ ကြမ်းပြင်ပေါ်တွင် တရွတ်တိုက် ဆွဲယူလာခဲ့သည်။ ခဏကြာတော့ အလန် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သူ့ဘာသာ လေးဖက်တွားသွား၍ လာခဲ့သည်။ သူ့အဖြစ်က သင်ပေးမှ လုပ်တတ်သော ကလေးတစ်ယောက်လို ဖြစ်နေသည်။

သည်လိုနှင့်ပင် လူနာဆောင်အစွန်သို့ ရောက်လာကြသည်။ အဒမ်က





နောက်သို့ ပြန်ကြည့်လိုက်သည်။ ဆရာမများအဆောင်တွင် ငြိမ်သက် တိတ်ဆိတ်နေသည်။ နောက်ထပ် ပေငါးဆယ်လောက်ခရီးမှာ အန္တရာယ်အများဆုံးဖြစ်သည်။ လူနာခုတင်များကို အကာအကွယ်ယူပြီး ဆက်လက် တွားလာခဲ့ကြသည်။ လှေကားရင်းသို့ ရောက်လာကြသည်။ အဒမ်က တံခါးကို အသာကလေး လှည့်ဖွင့်လိုက်သည်။ တစ်ဖက်ခန်းမှ အလင်းရောင်တစ်တန်း ဝင်လာ၍ လန့်သွားမိသည်။ သို့သော် လူသူလေးပါး တစ်ယောက်မျှ မတွေ့ရ။

အဒမ်သည် အလန့်အား ရှေ့မှတင်ကာ တံခါးပေါက်မှ အတင်း ပြေးတွားသွား၍ ထွက်လာခဲ့သည်။ တံခါးအပြင်သို့ ရောက်ပြီ။ သူတို့အဖို့ အန္တရာယ်မရှိတော့။

အဒမ်က မတ်တတ်ထရပ်ပြီး ကိုယ်လက်များကို ဆန့်တန်းလိုက်သည်။ ထို့နောက် အလန်အား ဆွဲထူလိုက်သည်။ အလန်သည် ပထမတွင် ကယိုင်ကပါးဖြစ်နေပြီး ခဏကြာတော့မှ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်နိုင်လာသည်။

'ခင်ဗျား သတိရပြီလား အလန်'

အလန်က ခေါင်းညိတ်ပြသည်။

'ကျွန်တော်တို့ ဒီနေရာက ထွက်ပြေးကြမယ်'

အဒမ်က အလန်၏လက်ကိုဆွဲကာ လှေကားအတိုင်း တက်လာခဲ့ကြသည်။ အလန်မှာ သူ့ကိုယ်သူ ဘာလုပ်နေမှန်းမသိသော စက်ရုပ်လို လိုက်ပါလာသည်။ သို့သော် ခေါင်မိုးပေါ်သို့ ရောက်လာသောအခါ အလန်၏ လှုပ်ရှားမှုများ ပို၍ သွက်လက်လာသည်။ မျက်တောင်များလည်း လှုပ်ခတ်လာကြသည်။ မူးယစ်ထုံထိုင်းဆေးများ ပြေစပြုလာပြီဟု အဒမ်က တွက်လိုက်သည်။ သို့သော် အပြင်ဘက် အဆောက်အအုံသို့ရောက်ရန် သုံးထပ်အထိ ကြိုးဖြင့် တက်လို့မှ ဖြစ်နိုင်ပါ့မလား။ အလန့်ကို မဆိုထားနှင့် အဒမ်ကိုယ်တိုင်ပင် တက်မှ တက်နိုင်ပါ့မလား။ အစကတည်းက ကြိုတင်၍ စီစဉ်မထားမိသည့်အတွက် အဒမ်သည် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

အဒမ်သည် ဆေးရုံကြားနှင့် အပြင်ဘက် အဆောက်အအုံကြားရှိ မြင်ကွင်းကို အကဲခတ်ကြည့်လိုက်သည်။ အတက်ထက် အဆင်းက ပိုလွယ်နိုင်ကြောင်း ခန့်မှန်းမိသည်။ သို့သော် မြေကြီးပေါ်သို့ ဆင်းနိုင်သည့်တိုင်အောင် ခြံဝင်းကြီးထဲမှ ထွက်နိုင်ဖို့ကျတော့ သူမစဉ်းစားတတ်တော့။

ခုတင်ပေါ်တွင် အလန်မရှိတော့ကြောင်း သူတို့သိသွားလျှင် မလွယ်ကြောင်း သတိရမိသဖြင့် စဉ်းစားနေဖို့ အချိန်မရတော့ဘဲ ကြိုးစကိုဆွဲပြီး အလန်၏ချိုင်းအောက်တွင် ချည်လိုက်သည်။ ထို့နောက် အဒမ်သည် ကြိုးစကို ဆွဲကာ



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံ နံရံကို တက်လာခဲ့သည်။ အပေါ်ဆုံးထပ်သို့ ရောက်သောအခါ ကြိုးကို လက်လွှတ်ပြီး နံရံထိပ်စွန်းကို လှမ်းကွယ်လိုက်သည်။ ခြေထောက်နှစ်ချောင်းသည် လဟာပြင်ထဲတွင် အတန်ကြာကြာ ယက်ကန်လှုပ်ရှားနေပြီးတော့မှ အဒမ်ခေါင်မိုးပေါ်သို့ ရောက်ရှိသွားသည်။

သူသည် အသက်ကို တစ်ဝရှိုက်ရှုလိုက်ပြီးနောက် အောက်သို့ ငုံ့ကြည့်လိုက်သည်။ အလန်သည် အဆောက်အအုံနံရံကို ကျောခိုင်းကာ ရပ်နေသည်။

ခြေကုပ်တင်းတင်းယူကာ ကြိုးကို ဆွဲတင်လိုက်သည်။ သို့သော် အလန်၏ အလေးချိန်ကြောင့် တစ်ပေခန့်သာ ဆွဲတင်၍ ရသည်။

သွေးရူးသွေးတန်း အကြံထုတ်ရင်း ရုပ်ရှင်ထဲတွင် အီဂျစ်လူမျိုးများက ပိရမစ်သချိုင်းဂူကြီးများပေါ်သို့ ကျောက်တုံးကြီးများ ဆွဲတင်ကြပုံကို သွား၍ သတိရသည်။ သူတို့နည်းအတိုင်း လုပ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် သူသည် ကြိုးကို ပခုံးနှစ်ဖက်တွင် သိုင်းချည်ကာ နံရံတစ်ဖက်သို့ တအားဆွဲလာခဲ့သည်။ ပြီးလျှင် ကြိုးကို မူလချည်ထားသော သံပိုက်လုံးတွင် အလျှင်အမြန် ချည်လိုက်သည်။ ထို့နောက် တစ်ဖက်သို့ ပြန်ပြေးလာပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။ အလန်သည် နံရံ၏ သုံးပုံးတစ်ပုံအမြင့်တွင် တွဲလောင်းကြီး ဖြစ်နေသည်။

အဒမ်သည် ကြိုးကို မူလနည်းအတိုင်း သုံးကြိမ်တိတိ ဆွဲတင်းပြီး ပိုက်လုံးတွင် ချည်ထားလိုက်သည်။ လေးကြိမ်မြောက် ဆွဲတင်သောအခါ တစ်နေရာတွင် ကြိုးငြိနေသဖြင့် ဆက်ဆွဲ၍ မရဘဲနေသည်။ ပြန်လာပြီး ကြည့်သောအခါ အလန်သည် ခေါင်မိုးအစွန်တွင် တစ်နေသည်ကို တွေ့ရ သည်။ သို့ဖြင့် အဒမ်သည် ကြိုးကို တင်းတင်းဆွဲထားရင်းမှ ထိုင်ချလိုက်ပြီး အလန်အား ချိုင်းကြားမှကိုင်ကာ အားနှင့်ဆွဲတင်လိုက်သည်။ ခက်ခက်ခဲခဲ ဆွဲတင်ရပြီးတော့မှ နှစ်ယောက်စလုံး ခေါင်းမိုးပေါ်သို့ ပက်လက်လန် ကျသွားကြသည်။

အဒမ်သည် အသက်ကို ဝအောင်ရှူရှိုက်ပြီး ကြိုးကို အလျှင်အမြန်ဖြေသည်။ ပြီးတော့ လွယ်အိတ်ထဲတွင် ပြန်ထည့်လိုက်သည်။

ထို့နောက် အလန့်ကို ထူပေးသည်။ အလန်၏ပါးပြင်တွင် ပွန်းခြစ်ရာကြီး နီရဲနေသည်။

အဒမ်သည် လွယ်အိတ်ကို ပုခုံးတွင်သိုင်းလွယ်လိုက်ပြီးနောက် ခေါင်မိုးကိုဖြတ်ကာ အပြင်ဘက်အဆောက်အအုံသို့ လျှောက်လာသည်။ အလန်က သူ့နောက်က လိုက်ပါလာသည်။ လှေကားပေါက်သို့ ရောက်လာကြသည်။ အလန့်အခြေအနေမှာ လူကောင်းပကတိနီးပါး သွက်သွက်လက်လက် လျှောက်လာနိုင်





သော်လည်း အဒမ်မှာမူ ဒူးတွေ၊ ပေါင်တွေ တုန်နေသည်။ အလန့်ကို ဆွဲတင်ခဲ့ရသောကြောင့် အားတွေကုန်ပြီး မောပန်းနေခြင်း ဖြစ်သည်။ သူ့လက်ဝါးများမှာလည်း ကြိုးပွန်းပြီး သွေးခြည်ဥနေသည်။

နောက်ဆုံး သူ့အခန်းသို့ ပြန်ရောက်လာသောအခါ အလန်အား ခုတင်ပေါ်သို့ တင်ပေးလိုက်ပြီး သူလည်း အလန့်ဘေးတွင် ခြေပစ်လက်ပစ် လှဲချလိုက်တော့သည်။

အဒမ်သည် ယခုကဲ့သို့ ပင်ပင်ပန်းပန်း စွန့်စားရသော လုပ်ငန်းမျိုးကို တစ်သက်တွင် ပထမဆုံးအကြိမ် လုပ်မှုခြင်းဖြစ်သည်။ အမှန်ဆိုလျှင် သူ့ အနေဖြင့် အေးအေးဆေးဆေး နားနေချင်သေးသည်။ သို့သော် တစ်ဖက်စာလည်း အလန် မရှိတော့ကြောင်း ဆေးရုံမှ လူများသိသွားလျှင် သူတို့အတွက် လွတ်လမ်းမရှိတော့ဟု တွေးပြီး အလွန်ကြောက်နေသည်။

ထို့ကြောင့် သူသည် အချိန်ဆွဲမနေတော့ဘဲ အလန်၏ကိုယ်ပေါ်မှ ဆေးရုံ အင်္ကျီကြီးကိုချွတ်ပြီး သူ့အဝတ်အစားများကို ဝတ်ပေးသည်။ ကံအားလျော်စွာပင် သူတို့နှစ်ယောက်မှာ လုံးတူရုပ်တူနီးပါး တူညီနေကြသည်။ ထို့နောက် အလန်အား ခုတင်ပေါ် ပြန်တင်ပေးလိုက်သည်။ အလန် မကြာခင် အိပ်ပျော်သွားပါစေဟုလည်း ဆုတောင်းမိသည်။

အဒမ် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ တံခါးကို သော့ခတ်သည်။ ပြီးတော့ ကားရှာရန် ထွက်လာခဲ့သည်။

*

သူနာပြုဆရာမ ဆယ်လမာပတ်မင်းသည် တစ်ချက်သမ်းဝေလိုက်ပြီးနောက် ဆေးဗီရိုပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။

တစ်နာရီ ၁၅ မိနစ်။

သူ့တာဝန်ကျသည်မှာ ငါးနာရီပင် ကျော်သွားပြီဖြစ်၍ တော်တော် ညောင်းညာငြီးငွေ့နေပြီ။ လူနာစောင့်နှစ်ယောက်ကို ကြည့်လိုက်သည်။ မလှုပ်မယှက် ထိုင်နေကြဆဲပင် ဖြစ်သည်။ ဆယ်လမာက ငါလည်း သူတို့လို စိတ်ရှည်ရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။ သူ ဤသူတေသနသိပ္ပံသို့ ရောက်လာသည့် နေ့မှစ၍ အမှုထမ်းတွေအားလုံးပင် ငြီးငွေ့စရာကောင်းသော သူတို့၏ နေ့စဉ် ထူးမခြားနားလုပ်ငန်း တာဝန်များကို မငြီးမငြူ စိတ်ရှည်လက်ရှည် ထမ်းဆောင်နေကြသည်ကို တွေ့ရသောအခါ အလွန်အံ့သြခြင်း ဖြစ်မိခဲ့ရသည်။

'ကျွန်မ အညောင်းပြေ ခဏလမ်းလျှောက်လိုက်ဦးမယ်'

ဆယ်လမာသည် ဖတ်လက်စ ဝတ္ထုစာအုပ်ကို ပြန်ပိတ်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ ကျွန်မပြောတာ ကြားရဲ့လား'

ဆယ်လမာက စိတ်တိုစွာဖြင့် မေးလိုက်ပြန်သည်။

'ကြားပါတယ်၊ သွားပါ၊ ကျွန်တော်တို့ စောင့်နေပါ့မယ်'

အစောင့်တစ်ယောက်က ပြန်ပြောသည်။

ဆယ်လမာခြေထောက်တွင် ဖိနပ်ပြန်စွပ်သည်။ သူသွားနေတုန်း အခန်းထဲတွင် ဘာမှဖြစ်နိုင်စရာမရှိဆိုသည်ကို စိတ်ချသည်။ ယခင်ကလည်း ဘာမှမဖြစ်ဖူးခဲ့။ သူ့အလုပ်စဝင်တုန်းက ယခုလို ကွန်ပျူတာစက်များနှင့် စက်ရုပ်လို လူနာတွေကို တစ်ချိန်လုံး ထိုင်စောင့်နေရတာထက် ပို၍ စိတ်လှုပ်ရှားရသော အလုပ်ကို လုပ်ကိုင်ရလိမ့်မည်ဟု ထင်ခဲ့သည်။ ယခုတော့ အထင်နှင့်အမြင် မါစင်အောင် လွဲနေပြီ။ သူသည် ဗီလာဒဲလ်ဖီးယားပြည်နယ် ဟိုဘတ်စိတ်ရောဂါကုဆေးရုံမှ ဤဆေးရုံသို့ ပြောင်းလာခဲ့ခြင်း ဖြစ်သည်။ ယခုမှ သူ့အလုပ်ပြောင်းလာခဲ့တာ အမှားကြီးမှားပြီလားဟု သံသယဝင်နေပြီ။

ဆယ်လမာသည် သူနာပြုဆရာမများ အခန်းမှတစ်ဆင့် ခွဲစိတ်ဆောင်သို့ ဓာတ်လှေကားဖြင့် လာခဲ့သည်။

သူ့ကိုမြင်တော့ ဒေါက်တာနက်ရှမင်းက ပြုံးပြီး ပြောသည်။

'တော်တော် ပင်ပန်းနေပြီထင်တယ်၊ ခဏတော့ သည်းခံဦး၊ ပိုပြီး ကောင်းတဲ့ အလုပ်တစ်ခုကို ပြောင်းပေးပါ့မယ်'

တကယ်တော့ ဒေါက်တာနက်ရှမင်းက ဂနာမငြိမ်ဖြစ်နေသော ဆယ်လမာကိုကြည့်ပြီး တော်တော် မျက်စိရှုပ်နေသည်။ သူ့ကိုလည်း စိတ်ပြောင်းစိတ်လွှဲကုသခန်းပို့ရမည်ဟု တေးထားလိုက်သည်။

ကွန်ပျူတာစက်ကိရိယာများ အနောက်တွင် အော်ပရေတာများ ထိုင်ကာ အလုပ်ရှုပ်နေကြသည်။ ကွန်ပျူတာပုံရိပ် မှန်ပြင်ပေါ်တွင် ပုံရိပ်များ မျိုးစုံပေါ်နေသည်။ ဆယ်လမာက ယင်းတို့ကို မြင်နေကျမို့ လုံးဝ မကြည့်ချင်တော့။ သို့ဖြင့် နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။

သူ့အဆောင်သို့ ပြန်ရောက်တော့ လူနာစောင့်နှစ်ယောက်မှာ မူလအတိုင်း ပင် မလှုပ်မယှက် ထိုင်နေကြဆဲ တွေ့ရသည်။

နာရီကို ကြည့်လိုက်သည်။ လူနာဆောင် လှည့်ကြည့်ရန် အချိန်မကျသေး။ သို့သော် တခြားလုပ်စရာမရှိသဖြင့် လက်နှိပ်ဓာတ်မီးယူပြီး လူနာဆောင်ထဲ ဝင်လာခဲ့သည်။

လူနာများအနက် တစ်ဝက်ခန့်ကို အကြောဆေးသွင်းထားသည်။ ဆယ်လမာသည် သူတာဝန်ကျချိန်တွင် လူနာဆောင်ကို နှစ်ကြိမ်လှည့်လည်





ကြည့်ရှုရသည်။ သူ့အလုပ်က လူနာတွေ အသက်မှရှိသေးရဲ့လား၊ သေများ သေနေကြပြီလား ဆိုသည်ကို သိရအောင် မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရခြင်း ဖြစ်သည်။

ဆယ်လမာ၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ သူ့လက်နှိပ်ဓာတ်မီးရောင်က လူမရှိသော ခေါင်းအုံးပေါ်တွင် လှုပ်ရှားနေသည်။ သူသည် ကိုယ်ကိုငုံ့ပြီး ခုတင်အောက်သို့ ကြည့်လိုက်သည်။ ခုတင်အောက်သို့များ လူနာလိမ့်ကျနေသလား၊ သည်အဖြစ်မျိုး မကြာခဏ ဖြစ်တတ်သည်။ သို့သော် ယခုကိစ္စတွင်တော့ ယင်းသို့မဟုတ်။ လူနာသည် ခုတင်အောက်မှာလည်း မရှိ၊ လူနာမှတ်တမ်းကတ်ကို ကြည့်လိုက်သည်။ လူနာအမည်က အစ္စမန်း။

ဒီလူနာ ဒီနားတစ်ဝိုက်မှာပဲ ရှိမှာပါဟုတွေးကာ သူနာပြုအခန်းသို့ ပြန်လာပြီး မီးချောင်းဖွင့်လိုက်သည်။ တစ်ခန်းလုံး ထိန်ထိန်လင်းသွားသည်။ လူနာစောင့်နှစ်ယောက်ကို ခေါ်လိုက်ပြီး အခန်းကို စစ်ဆေးသည်။ အစ္စမန်း ပျောက်နေသည်မှာ သံသယဖြစ်စရာ မရှိတော့။

ဆယ်လမာ အလွန်စိုးရိမ်သွားသည်။ ဤအဖြစ်မျိုး တစ်ကြိမ်မျှ မဖြစ်ခဲ့စဖူး။ အစောင့်များအား ဆက်လက်ရှာဖွေကြရန် မှာထားခဲ့ပြီး ခွဲစိတ်ဆောင်သို့ အလျင်အမြန် ပြန်လာခဲ့သည်။

အဆောင်မှ ပြန်ထွက်ခါနီး ဒေါက်တာနက်ရှမင်းနှင့် ဒေါက်တာမစ်ချယ်တို့အား တွေ့တွေ့ချင်း–

'လူနာတစ်ယောက် ပျောက်နေတယ် ဆရာ၊ သူ့ခုတင်ပေါ်မှာ မရှိဘူး၊ တစ်ခန်းလုံး ရှာကြည့်တော့လည်း မတွေ့ဘူး'

'ဘယ့်နှယ်၊ မဖြစ်နိုင်တာပဲ'

ဒေါက်တာမစ်ချယ်က ပြောလိုက်သည်။

'မဖြစ်နိုင်တာကတော့ ဟုတ်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ မစ္စတာအစ္စမန်း သူ့ခုတင်ပေါ်မှာ မရှိတာကတော့ အမှန်ပဲ၊ ကျွန်မတို့ လိုက်ရှာတော့လည်း ဘယ်မှာမှ မတွေ့ဘူး၊ အဲဒါ ဒေါက်တာတို့ကိုယ်တိုင် လိုက်ကြည့်ရင် ကောင်းမယ်'

ဒေါက်တာနက်ရှမင်းက–

'အဲဒါမနေ့က ခွဲစိတ်ထားတဲ့ လူနာပဲ၊ သူ့ကို ကွန်ဖိုမင်း အဆက်မပြတ် သွင်းပေးထားတယ် မဟုတ်လား'

ဒေါက်တာနက်ရှမင်းသည် ဒေါက်တာမစ်ချယ်၏ စကားပြန်ကို စောင့်မနေတော့ဘဲ အခန်းထဲမှ ကမန်းကတန်း ပြေးထွက်လာခဲ့သည်။ လူနာဆောင်ထဲ ရောက်သောအခါ သူနာပြုဆရာ ဆယ်လမာက လူနာမရှိသောခုတင်ကို လက်ညှိုးထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမစ်ချယ်က ဆေးသွင်းပြွန်ကို ကောက်ယူပြီး စစ်ဆေးကြည့်သည်။ ဆေးစက်များ တစ်စက်ချင်း ကျနေဆဲ ဖြစ်သည်။

'သူ ဝေးဝေး မသွားနိုင်ပါဘူး၊ ဒီအနီးအနားမှာပဲ ရှိမှာပါ'

သို့ဖြင့် သူတို့အားလုံး လူနာဆောင်နှင့် ဝန်းကျင်တစ်ဝိုက် အနှံ့အပြား လိုက်ရှာကြသည်။ ထို့နောက် သန့်စင်ခန်း၊ ထို့နောက် အဆောက်အအုံ ခေါင်မိုး၊ ပြီးတော့ ခြံဝင်းဥယျာဉ်အတွင်း။ သို့သော် လူနာကို အရိပ်အယောင်မျှပင် မတွေ့ကြ။

'အစောင့်တွေအားလုံး ခေါ်လိုက်မှ ဖြစ်မယ်၊ သူ့ကို အမြန်ဆုံးတွေ့အောင် ရှာရမယ်'

ဒေါက်တာနက်ရှမင်းက ပြောသည်။

'တော်တော်တော့ အံ့သြစရာကောင်းတာပဲ၊ ဒီလူ ဘယ်လိုနည်းနဲ့မှ လမ်းလျှောက်နိုင်စရာ မရှိပါဘူး'

ဒေါက်တာမစ်ချယ်က မယုံကြည်နိုင်စွာဖြင့် ပြောသည်။

'ဒီလူကို ရှာမတွေ့ရင် ကျုပ်တို့ ဘယ်လိုဖြစ်နိုင်သလဲ၊ သူ့ကို အီလက်ထရွတ် လျှပ်ခေါင်းလည်း စိုက်ပြီးပြီ မဟုတ်လား'

ဒေါက်တာနက်ရှမင်းက မေးလိုက်သည်။

ဒေါက်တာမစ်ချယ်က ပုခုံးနှစ်ဖက် တွန့်လိုက်ပြီး–

'သူ့ကို စိတ်ပြောင်းစိတ်လွှဲတော့ မလုပ်ရသေးဘူး၊ အဲဒါအန္တရာယ်ပဲ'

'ဘယ်သူအန္တရာယ်ဖြစ်မှာလဲ၊ သူဖြစ်မှာလား၊ သူနဲ့ဆက်ဆံတဲ့ တခြားလူတွေလား"

'အဲဒါတော့ အတိအကျ မပြောနိုင်ဘူး'

'ဒါဆို သိပ်ဆိုးတဲ့ ပြဿနာပဲ၊ သူ့ကို ဆေးသွင်းတာ တစ်ခုခု မှားသွားတာ ဖြစ်ရမယ်၊ ကဲ...ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ အစောင့်တွေ အားလုံးခေါ်ပြီး လိုက်ရှာခိုင်းမှ ဖြစ်မယ်၊ သူတို့အားလုံး ကွန်ဖိုမင်ထိုးဆေးတွေပါ တစ်ပါတည်း ယူသွားဖို့ပြော၊ ဒါမှ သူ့ကိုတွေ့ရင် တစ်ချက်တည်း ငြိမ်သွားအောင် လုပ်နိုင်မယ်'

*

အဒမ် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေသည်။ ပင်မအဆောက်အအုံရှေ့မှ ကားရပ်ကွက်လပ်တွင် ကားတွေတော့ တသီတတန်းကြီး တွေ့ပါ၏။ သို့သော် စက်ဖွင့်ရန် သော့မရှိ။

နောက်ဆုံး ဘယ်လိုမှ မကြံတတ်တော့သဖြင့် သောင်စပ်သို့ ခြေဦးလှည့်ကာ ကလပ်သို့ လျှောက်လာခဲ့သည်။ ကလပ် အဆောက်အအုံနောက်တွင်





ကားတွေ တော်တော်များများ ရပ်ထားသည်ကို တွေ့ရသည်။ တစ်ကားပြီး တစ်ကား လျှောက်ကြည့်သည်။ တစ်စီးမကျန် သော့ခတ်ထားသည်။

ကြံရာမရဖြစ်နေခိုက် ကုန်တင်ကုန်ချတံခါးဝတွင် ဖို့ကုန်တင်ကား ခပ်စွယ်စွယ် တစ်စီးရပ်ထားသည်ကို တွေ့ရသည်။

ကားအနီးသို့ လျှောက်လာသည်။ တံခါးကို ဆွဲဖွင့်ပြီး ကားထဲ ဝင်ထိုင်လိုက်သည်။ ကားသော့ကို လိုက်စမ်းနေတုန်း အရေးပေါ် အချက်ပေးဥဩသံ နားကွဲမတတ် ပေါ်ထွက်လာသည်။

ကားတံခါးကို ကမန်းကတန်း တွန်းဖွင့်ပြီး ကားပေါ်မှ အတင်းဆင်းပြေးလာခဲ့သည်။

ကလပ်တံခါးပွင့်လာသည်။ သစ်ပင်တန်းနောက်ကွယ်သို့ ပြေးဝင်ပြီး ပုန်းနေလိုက်သည်။

အချက်ပေး ဥဩသံရပ်သွားပြီ။ သို့သော် လူတွေ တစ်ယောက်တစ်ပေါက် စကားပြောသံများ တစ်ချိန်ထက်တစ်ချိန် ကျယ်လောင်လာသည်။ သည်နေရာတွင် ဆက်နေ၍ မဖြစ်တော့။

: မလှမ်းမကမ်း သောင်ကမ်းစပ်တွင် ရွက်လှေများကို လှမ်းမြင်လိုက်ရသည်။ ဘာမှ စဉ်းစားမနေတော့ဘဲ သောင်စပ်သို့ စွတ်ပြေးလာခဲ့သည်။ ရွက်လှေ တစ်စင်း၏ ဘေးတွင် ပြေးဝပ်ပြီး ပုန်းနေလိုက်သည်။

လူတွေ ကလပ်သို့ ပြန်သွားကြသံများ ကြားရသည်။ သူတို့က အချက်ပေးဥဩသံကို မှားပြီး ပေးမိခြင်းဖြစ်မည်ဟု ထင်ကြပုံရသည်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ အဒမ်အဖို့ အချိန်က သိပ်မရှိတော့။ မကြာမီ ရောင်နီက လာတော့မည်။ အလန့်ကို အရဏ်မတက်ခင် ခြံဝင်းထဲက ထုတ်ယူနိုင်မှ ဖြစ်မည်။ သို့မဟုတ်လျှင်တော့ သူ့စွန့်စားမှုကြီးတစ်ခုလုံး ခဲလေသမျှ သဲရေကျ ဖြစ်သွားတော့မည်။

*

ဒေါက်တာနက်ရှမင်း၏မျက်နှာသည် ခါတိုင်းထက် ညှိုးကျသွားပြီး၊ သူ့မျက်လုံးများမှာ မျက်တွင်းထဲ နစ်ဝင်သွားသလို ထင်ရသည်။

'ဒီလူ ဘယ်မှမပြေးနိုင်ပါဘူး၊ ဒီနားတစ်ဝိုက်မှာပဲ ရှိမှာပါ'ဟု ဒေါက်တာမစ်ချယ်က ပြောသည်။

'သူ ဒီနားတင်ရှိနေရင် ရှာတွေ့မှာပေါ့ဗျာ'

ဒေါက်တာနက်ရှမင်းက မကျေနပ်သံဖြင့် ပြန်ပြောလိုက်သည်။

'သူပန်းခြံထဲမှာ ရှိနိုင်တယ်၊ သူသွားနိုင်တာ အဲဒီတစ်နေရာပဲ ရှိတာပဲ'

'အစောင့်တွေ လူ ၂၀ တိတိ လိုက်ရှာနေတာပဲ၊ သူပန်းခြံထဲမှာ ပုန်းကွယ် ရှိနေရင် ရှာတွေ့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'တွေ့မှာပါ၊ တွေ့ကို တွေ့ရမှာပါ၊ သူက မိုးလင်းတဲ့အထိ စောင့်ရင်း တစ်နေရာမှာ ပုန်းနေတာ ဖြစ်မှာပါ'

'ဒီလူ ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်၊ သူ အပြင်ရောက်သွားရင် အန္တရာယ်ပဲ၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်'

'ကျွန်တော်ကတော့ အဲဒီလို လုံးဝမထင်ဘူး' ဒေါက်တာမစ်ချယ်က ပြောသည်။ 'သူ့အနေနဲ့ လုံခြုံရေးဂိတ်ကို ဘယ်လိုလုပ်ပြီး ကျော်နိုင်ပါ့မလဲ၊ ပြီးတော့ ဆယ်လမာလည်း ရှိနေတာပဲ၊ သူပထမတစ်ကြိမ် လှည့်တုန်းက ဒီလူ ရှိနေသေးတယ်လို့ သူက အသေအချာ ပြောတာ'

'ဆယ်လမာ ကျုပ်တို့ဆီ လာပြောနေတုန်းမှာကော သူထွက်ပြေးလို့ မဖြစ်နိုင်ဘူးလား'

'ကျွန်မ ဒေါက်တာတို့ကို လာပြောတာက သိပ်မကြာပါဘူး ဒေါက်တာ၊ ပြီးတော့ ကျွန်မထွက်လာတော့လည်း အစောင့်နှစ်ယောက် အခန်းထဲမှာ ကျန်နေရစ်ပါတယ်'

ဆယ်လမာက ဝင်ပြောသည်။

'ကျုပ်တော့ ပင်မအဆောက်အအုံအထိ လိုက်ရှာချင်တယ်' ဒေါက်တာနက်ရှမင်းက ဆယ်လမာ၏စကားကို ဂရုမစိုက်ဘဲ ပြောသည်။ 'ဒီကိစ္စမှာ လူနာဆောင်အခြေအနေ အတွင်းကျကျသိတဲ့လူ တစ်ယောက်ယောက် ပါဝင်နေတာ ဖြစ်ရမယ်၊ ဒီအတိုင်းသာဆိုရင်တော့ လူနာရဲ့ အီလက်ထရုတ် လျှပ်ခေါင်းတွေကို ကွန်ပျူတာနဲ့ ဆက်သွယ်ပြီး ခြေရာခံရမှာပဲ'

'အဲဒီလိုလုပ်လို့ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာတော့ ကျွန်တော် အတပ်မပြောနိုင်ဘူး၊ အဲဒီလို အဝေးက လှမ်းပြီး ဆက်သွယ်တဲ့နည်းကို တစ်ခါမှ မသုံးဖူးသေးဘူး'ဟု ဒေါက်တာမစ်ချယ်က ပြန်ပြောသည်။

'စမ်းပြီး လုပ်ကြည့်စမ်းပါ၊ ပြီးတော့ လုံခြုံရေးအစောင့်တွေကိုလည်း တစ်ယောက်မကျန် ခေါ်လိုက်၊ ခြံဝင်းဂိတ်ဝက လူဝင်လူထွက် လုံးဝမလုပ်စေနဲ့လို့ ပြောလိုက်'ဟု ဒေါက်တာနက်ရှမင်းက ညွှန်ကြားသည်။

ဒေါက်တာမစ်ချယ်သည် တယ်လီဖုန်းစားပွဲသို့ သွားကာ လုံခြုံရေးဂိတ်ကို အကြောင်းကြားလိုက်သည်။ ထို့နောက် ကွန်ပျူတာဌာနတာဝန်ခံ အင်္ဂါဟောဖ်စထရားအား အရေးပေါ်ကိစ္စရှိ၍ ချက်ချင်းလာခဲ့ရန် ခေါ်လိုက်သည်။ ထို့နောက် ဒေါက်တာနှစ်ယောက်တို့သည် အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

ကွန်ပျူတာဌာနသည် စက်ရုပ်ဖြင့် ခွဲစိတ်ခန်းနှင့် တစ်ထပ်တည်း ဖြစ်သည်။ အခန်းအစွန်တွင် ကွန်ပျူတာခန်းကို မှန်ခန်းဆီးဖြင့် ကာထားသည်။





အခန်းထဲတွင် အင်္ကျီဖြူဝတ် စက်မှုပညာရှင် ဒါဇင်ဝက်ခန့် အလုပ်လုပ်နေကြသည်။

ဆယ်မိနစ်ခန့်အကြာတွင် ဟောဖ်စထရား ရောက်လာသည်။ အိပ်ရာမှ ထလာသောကြောင့် သူ့မျက်ခွံများ မို့နေဆဲ ဖြစ်သည်။

ဒေါက်တာမစ်ချယ်က နိဒါန်းချီမနေတော့ဘဲ အဓိကပြဿနာကို ပြောပြသည်။

'အဲဒီတော့ လူနာရဲ့ အီလက်ထရုတ်လျှပ်ခေါင်းတွေကို ကွန်ပျူတာနဲ့ ဆက်သွယ်ပြီး ခြေရာခံလို့ ရနိုင်မလား'

'အဲဒါတော့ ကျွန်တော် အတပ်မပြောနိုင်ဘူး' ဟောဖ်ထရားက ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြန်ပြောသည်။

သူက အစ္စမန်း၏နာမည်ကို ကွန်ပျူတာစက်ထဲ နှိပ်ထည့်လိုက်သည်။ တစ်ခုခု မှားနေကြောင်း၊ ပျောက်ဆုံးနေသော လူနာနှင့် တစ်စုံတစ်ရာ အဆက်အသွယ် မလုပ်ရသေးကြောင်း ကွန်ပျူတာက ပြန်ပြောသည်။

' အခန်းထဲရှိ လူတိုင်းပင် အလွန်စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။ ခဏအကြာတွင် ကွန်ပျူတာမှန်ပြင်ပေါ်၌ 'အီလက်ထရုတ်လျှပ်ခေါင်းများ အလုပ်လုပ်နေပြီ'ဟူသော စာတန်းပေါ်လာသည်။ တစ်ဆက်တည်းမှာပင် 'ဆက်လုပ်' ဟူသော စာတန်း ထပ်၍ပေါ်လာသည်။

'အခုအထိတော့ မဆိုးဘူး' ဟောဖ်စထရားက ပြောလိုက်သည်။ 'ကဲ... သူ့လျှပ်ခေါင်းထဲမှာ ဓာတ်အားရှိသေးသလား၊ မရှိတော့ဘူးလား၊ စမ်းကြည့်ရအောင်'

သူက အစ္စမန်း၏ အီလက်ထရုတ်လျှပ်ခေါင်းများကို ကွန်ပျူတာဖြင့် ဆက်သွယ်လိုက်သည်။ အဖြေက အလွန်အားနည်းနေသည်။ ကွန်ပျူတာတွင် ထင်ထင်ရှားရှား မပေါ်။

ဟောဖ်စထရားက ဆုံလည်ကုလားထိုင်ကို တစ်ပတ်လှည့်လိုက်ရင်း–

'ဟုတ်ပြီ၊ အီလက်ထရုတ်တွေကတော့ အလုပ်လုပ်နေပြီ၊ ဒါပေမဲ့ ဓာတ်အားက သိပ်ပြီး အားနည်းနေတယ်၊ လူနာ ဘယ်နေရာ ရောက်နေတယ်ဆိုတာ ခြေရာခံလို့ ရနိုင်မှာ မဟုတ်ဘူး'

*

အဒမ်သည် ပင်မအဆောက်အအုံအတွင်းသို့ ဘယ်လိုက ဘယ်လို ရောက်လာမှန်း သူကိုယ်သူ မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။ အဆောက်အအုံထဲတွင် မီးတွေ ထိန်ထိန်လင်းနေသည်။ အပြာရောင်အင်္ကျီများ ဝတ်ထားသောလူတွေ မေ့ဆေးပိုက်ကိုယ်စီဖြင့် မြေညီထပ်တွင် ခြေချင်းလိမ်နေကြသည်။ သူ့အနေဖြင့် ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



လွတ်ပေါက်မရှိတော့ဟု တွေးကာ အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ သို့သော် ဇနီးသည် ဂျင်နီဖာနှင့် မမွေးရသေးသော ရင်သွေးကလေးတို့၏ ကံကြမ္မာကို တွေးမိသောအခါ စိတ်အားကွေ ပြန်တက်လာသည်။ သတ္တိတွေ ပြန်ဝင်လာသည်။

သို့ဖြင့် အလန့်အား ဤအဆောက်အအုံထဲမှ ဖြစ်သည့်နည်းဖြင့် ခိုးထုတ်သွားရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် သူသည် သူ့ကိုယ်သူ အားတင်းလိုက်ပြီးနောက် ဆင်ဝင်အောက်ကိုဖြတ်ကာ ဓာတ်လှေကားထဲ ဝင်လိုက်သည်။ ဆဋ္ဌမထပ်ရောက်တော့ ဆင်းလိုက်သည်။ ခန်းမဆောင်ကြီးတစ်ခုလုံး တိတ်ဆိတ်နေသည်။ ဧည့်သည်ခန်းများကို သူတို့ရှာဖွေခြင်း မပြုလုပ်သေးသည်မှာ သေချာသည်။

သူ့အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းမီးကို ဖွင့်လိုက်သည်။ အလန် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရတော့ ရင်ထဲအေးသွားသည်။

'အလန်...ထ၊ ထ၊ ကျွန်တော်တို့ ဒီနေရာက အမြန်ဆုံး ထွက်ပြေးမှ ဖြစ်မယ်'

အဒမ်က အလန်အား လှုပ်နှိုးရင်း အိပ်ရာပေါ်တွင် ထူမပေးသည်။ ပြီးတော့ အလန်၏ခေါင်းတွင် စည်းထားသော ပတ်တီးများကို ပြန်ဖြေသည်။ အလန်၏ခေါင်းတွင် ဒဏ်ရာဒဏ်ချက် ဘာမှမတွေ့ရ၍ ဝမ်းသာသွားသည်။ သို့သော် နားထင်တစ်ဖက်တစ်ချက်တွင်တော့ ဆံပင်များကို အနည်းငယ်စီ ကွက်ပြီး ရိတ်ထားသည်ကို တွေ့ရသည်။ ဆံပင်များကို ဖြီးသင်ပြီး ပြောင်နေသောနေရာကို ဆံပင်နှင့် ဖုံးပေးလိုက်သည်။

ထို့နောက် အလန်အား ခုတင်ပေါ်မှထူမပြီး မတ်တတ်ရပ်ပေးလိုက်သည်။ အဒမ်၏ ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။ သို့သော် ကြောက်နေချိန်မရတော့ဘဲ အခန်းတံခါးကို အသာအယာ ဖွင့်သည်။ လူနာဆောင်စောင့် သုံးယောက်သည် စင်္ကြံလမ်းအစွန်းမှ အခန်းတစ်ခန်းထဲသို့ ဝင်သွားကြသည်။ အဒမ်သည် အလန်၏ လက်ကို တင်းတင်းဆွဲကာ ဓာတ်လှေကားဆီသို့ စွတ်ပြေးလာခဲ့သည်။ ဓာတ်လှေကားတံခါး ပြန်ပိတ်သွားသည်။ လူတွေ စကားပြောသံ ကြားရသည်။ သို့သော် သူတို့နှစ်ယောက်ကို ဘယ်သူမှ မမြင်သည်မှာ သေချာသည်။

မြေညီထပ်ခလုတ်ကို နှိပ်လိုက်သည်။ ဓာတ်လှေကား ဆင်းလာရင်းမှ ဒုတိယထပ်တွင် ရုတ်တရက် ရပ်သွားသည်။ အဒမ့်ရင်ထဲ ဒိန်းခနဲ မြည်သွားသည်။

အလန့်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့ခေါင်းတွင် ပတ်တီးမရှိတော့၍ ပိုပြီး နေသာထိုင်သာ ရှိပုံရသည်။ သို့သော် သူ မူးယစ်ဆေးမပြေသေးကြောင်းကိုတော့ သူ့မျက်နှာက ပြနေသည်။ သူ့မျက်လုံးတွေ ကြောင်နေဆဲ ဖြစ်သည်။

ဓာတ်လှေကားတံခါး ပွင့်သွားသည်။ မျက်နှာတွင် အမာရွတ်ရှိသော လူနာစောင့် လုပ်သားတစ်ယောက် ဝင်လာသည်။ သူက အဒမ်နှင့် အလန်တို့အား စက်ရုပ်မျက်နှာဖြင့် တစ်ချက်လှည့်ကြည့်ပြီးတော့ တံခါးပေါက်ကို မျက်နှာမူထားလိုက်သည်။

ဓာတ်လှေကား ဆက်ဆင်းလာသည်။ အဒမ်သည် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

ဒုတိယထပ်လွန်သောအခါ အစောင့်က အဒမ်နှင့် အလန်တို့အား မူမမှန်သူများအဖြစ် သတိပြုမိသွားဟန် တူသည်။ သူသည် အဒမ်တို့ဘက်သို့ မသိမသာ လှည့်လာပြီး ပလတ်စတစ်ခေါင်းစွပ်မပါသော ဆေးထိုးပိုက်ကို အသင့်ပြင်လိုက်သည်။

ဤတွင် အဒမ်က အစောင့်၏လက်ကို ဖျတ်ခနဲ ဖမ်းချုပ်ကာ လိမ်ချိုးပြီး ဆေးထိုးပိုက်ကို လုယူလိုက်သည်။ ပြီးတော့ အစောင့်အား အလန်ဘက်သို့ တအား တွန်းပစ်လိုက်သည်။ အစောင့်သည် အလန်နှင့်ဝင်တိုက်ပြီး နှစ်ယောက်စလုံး ထပ်လျက်ကြီး လဲကျသွားသည်။ အဒမ်က အစောင့်၏ ကျောရိုးဆီသို့ ဆေးထိုးအပ်ကို အလျင်အမြန် ထိုးသွင်းလိုက်သည်။

နောက်ဆုံး သုံးယောက်စလုံး ဓာတ်လှေကားထဲတွင် လဲကျသွားပြီး အလန်မှာ အောက်ဆုံးသို့ ရောက်နေသည်။ အစောင့်က ခါးကို တစ်ချက်ကော့ပြီး ဆီသို့ လှိမ့်ချလိုက်သည်။ သူက ပါးစပ်ဟပြီး ဟစ်အော်မည်လုပ်တော့ အဒမ်က ကမန်းကတန်းဖြင့် အစောင့်ပါးစပ်ကို လက်ဝါးနှင့် အတင်းပိတ်ထားလိုက်သည်။ ထိုအချိန်တွင် ဓာတ်လှေကား ရပ်သွားပြီး တံခါးပွင့်လာသည်။

အစောင့်သည် အဒမ်၏လက်ကို သူ့လက်နှစ်ဖက်ဖြင့် အတင်းဆုပ်ကိုင်ကာ သူ့ပါးစပ်မှ တအားဆွဲခွာရန် ကြိုးစားသည်။ အဒမ်ကလည်း အစောင့်၏ ပါးစပ်ကို လက်ဝါးဖြင့် အတင်းပိတ်ထားသည်။ ထိုအခိုက် အစောင့်သည် မျက်ဖြူလန်သွားပြီး အဒမ့်လက်ကို ဆုပ်ထားသော လက်အားလည်း လျော့သွားသည်။ ထို့နောက် သူ့တစ်ကိုယ်လုံး ပျော့ခွေကျသွားတော့သည်။

အဒမ်သည် သူ့လက်ကို အစောင့်ပါးစပ်မှ ပြန်ခွာပြီး အစောင့်မျက်နှာကို ကြည့်လိုက်သည်။ အစောင့်သည် မျက်ဖြူကြီးလန်ကာ ခွေလျက်သား လဲနေသည်။ သူ့မျက်နှာကို ပလတ်စတစ်အသားတုဖြင့် ရုပ်ဖျက်ထားသည်မှာ သိသာသည်။




ဖူးပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဒမ်က သူ့ကို ချက်ချင်း မှတ်မိသွားသည်။ သူကား အခြားသူမဟုတ်။ အဒမ်၏လုပ်ငန်းပိုင်းဆိုင်ရာ လက်ဦးဆရာ အရောင်းကိုယ်စားလှယ် ပါစီဟာမွန်။

အဒမ်သည် ကြက်သေသေကာ ကြောင်ကြောင်ကြီး ကြည့်နေမိသည်။ ခါတ်လှေကားတံခါး ပြန်ပိတ်မည်လုပ်တော့မှ သတိပြန်ဝင်လာ သည်။ သူသည် ခါတ်လှေကားတံခါး ပြန်ပိတ်မည်လုပ်တော့မှ သတိပြန်ဝင်လာ သည်။ သူသည် အလန့်အား တံခါးနှင့် ဖိတွန်းထားကာ ဟာမွန့်ကို ဓာတ်လှေကားထဲမှ ဆွဲထုတ်လိုက်သည်။ ထို့နောက် ဟာမွန်အား အပြင်သို့ ဆွဲထုတ်လာခဲ့ပြီး မြက်ပန်းတောထဲ ထားပစ်ခဲ့သည်။ ပထမတော့ သူက ဟာမွန့်ကိုပါ ဝင်းထဲမှ ထုတ်ယူသွားရန် စိတ်ကူးမိသေးသည်။ သို့သော် အလန့်တာဝန်ကလည်း ရှိနေသေးသဖြင့် သူ့စိတ်ကူးကို စွန့်လွှတ်လိုက်ရသည်။

ထို့နောက် သူသည် အလန်အား ဦးဆောင်ကာ ကမ်းခြေသို့ ခေါ်လာခဲ့သည်။ သူ့အကြံက တိုက်တန်းလျှားများဆီသို့ သွားပြီး ကားတစ်စီးစီး ရှာကြည့်ရန်ဖြစ်သည်။

လကို တိမ်ဖုံးနေသဖြင့် ကမ်းခြေတစ်ဝိုက်တွင် လင်းတစ်ခက် မှောင်တစ်ဝက် ဖြစ်နေသည်။ ရွက်ဖားပင်များနှင့် ပင်လယ်ကဗွီးပင်များအောက်တွင် မှောင်ရိပ်များ ကျနေသည်။

ကလပ်ဆီသို့ လာရင်း လမ်းတစ်ဝက်တွင် ရွက်လှေတစ်စီး တွေ့ရသည်။ စောစောပိုင်းက အဒမ် ပုန်းနေခဲ့သောရွက်လှေ ဖြစ်သည်။

အဒမ် ခေတ္တရပ်လိုက်သည်။ သူ့ခေါင်းထဲသို့ စိတ်ကူးတစ်ခု ဝင်လာသောကြောင့် ဖြစ်သည်။ သူသည် သမုဒ္ဒရာရေပြင်ကြီးကို လှမ်းကြည့်ရင်း အကြံထုတ်နေသည်။ သူက ရေကြောင်းကျွမ်းကျင်သူ တစ်ယောက်တော့ မဟုတ်။ သို့သော် လှေကလေးတွေကိုတော့ အတန်အသင့် ကျွမ်းကျင်သူ ဖြစ်သည်။ ကံကောင်းသည်မှာ စောစောက ရွက်လှေကို နောက်ဆုံးအသုံးပြုခဲ့သူသည် လှေကို ရွက်မဖြုတ်ဘဲ သည်အတိုင်း ထားခဲ့ခြင်းပင် ဖြစ်သည်။

ပင်မအဆောက်အအုံဆီမှ လူတစ်ယောက် လှမ်းအော်သံ ကြားရသည်။ သို့ဖြင့် အဒမ်သည် စိတ်ကူးကို အကောင်အထည်ဖော်ရန် ချက်ချင်း ဆုံးဖြတ်လိုက်တော့သည်။ အချိန်က သိပ်မရှိတော့။ မြန်နိုင်သမျှ မြန်လေလေ၊ ကောင်းလေလေပင် ဖြစ်သည်။

ပထမဆုံး သူသည် လှေကို ရေထဲသို့ ဆွဲချသည်။ ထို့နောက် အလန်အား လှေပေါ်သို့ တင်ပေးပြီး သူ့ကိုယ်နှင့် ရွက်တိုင်တို့ကို တိုင်ဆိုင်းကွင်းဖြင့် ခပ်လျော့လျော့ကလေး ချည်ထားလိုက်သည်။ အဒမ်သည် လှေကို ရေထဲတွင် ဆွဲယူလာခဲ့သည်။ လှိုင်းလုံးများမှာ နှစ်ပေ၊ သုံးပေလောက်သာ မြင့်သည်။ သို့သော် လှိုင်းရိုက်





ပြီး လှေလူးနေသဖြင့် အဃိန်းရ တော်တော် ခက်နေသည်။ ခါးလောက်အနက်သို့ ရောက်သောအခါ သူလည်း လှေပေါ်သို့ တွယ်တက်လိုက်သည်။

အဒမ်၏ မူလစိတ်ကူးမှာ လှေကို မြင်ကွင်းမှ ပျောက်အောင် လှော်ခတ်သွားရန် ဖြစ်သည်။ သို့သော် အခြေအနေအရ ရွက်မလွှင့်၍ မဖြစ်ကြောင်း တွေ့ရသဖြင့် ရွက်မကြီးကို ဖွင့်လိုက်သည်။ ရွက်ကြီးဖောင်းလာပြီး မလူးတော့ဘဲ လှိုင်းပေါ်တွင် ငြိမ်သွားသည်။ အဒမ်က တက်မကိုထိန်းပြီး လှေကို ပင်လယ်ပြင်ဘက်သို့ ဦးတည်လိုက်သည်။

သို့သော် ပထမတွင် လေသည် ကမ်းဘက်သို့သာ ဦးတည်သွားနေသည်။ နောက်မှ လေကြောင်းပြောင်းသွားကာ ပင်လယ်ပြင်ဘက်သို့ ဦးတည်လာခဲ့သည်။ အဒမ်မှာ ထွေထွေထူးထူး လုပ်စရာမရှိဘဲ လက်တစ်ဖက်ဖြင့် အလန့်ကို ကိုင်ထားပြီး ကျန်တစ်ဖက်ဖြင့် တက်မကို ထိန်းကာ လိုက်ပါလာခဲ့သည်။

မကြာမီတွင် လှေသည် အန္တရာယ်စက်ကွင်းမှ လွတ်မြောက်ရာသို့ ရောက်လာခဲ့သည်။

မိုးတိမ်များ ဖုံးထားသောကြောင့် လမင်းကြီးသည် မှုန်ဝါးဝါးမျှသာ အလင်းရောင်ပေးနိုင်ရှာသည်။ လရောင်မှုန်မှုန်တွင် ပြူတိုရီကိုတောင်စဉ် တောင်တန်းများကို တစ်မျှော်တစ်ခေါ် မြင်နေရသည်။ မြင်ကွင်းမှာ ရင်သပ် ရှုမောစရာကောင်းလှသည်။ လှေသည် အတ္တလန္တိတ်သမုဒ္ဒရာ အလျားလိုက်အတိုင်း ရွက်လွှင့်လာခဲ့သည်။ လေကြောင်းသင့်သဖြင့် ရေလှိုင်းများပေါ်တွင် အရှိန်ကောင်းကောင်းဖြင့် ပြေးနေသည်။

အဒမ် တော်တော် အားတက်လာသည်။ မကြာမီ နာရီပိုင်းအတွင်းတွင် အကူအညီရနိုင်မည့် ကမ်းခြေတစ်နေရာရာသို့ ရောက်ရှိနိုင်လိမ့်မည် ဟုလည်း သေချာပေါက် ယုံကြည်မိသည်။

*

သုတေသနသိပ္ပံ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာနက်ရှမင်းသည် ကွန်ပျူတာမှန်ပြင်ကို ကြည့်နေရာမှ ဒေါသတကြီးဖြင့် နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ သူ့ဆားတွင် ပြူတိုရီကိုရုံးချုပ် အုပ်ချုပ်ရေးမှူး ဟယ်ရီဘားကက် ရောက်နေသည်။ မစ္စတာဘားကက်က လူပျောက်ရှာဖွေမှု အခြေအနေကို ရှင်းပြသည်။ သို့သော် သူ့ရှင်းပြချက်ကို ဒေါက်တာနက်ရှမင်းက လုံးဝ မကျေနပ်။

'အင်း...တော်တော့်ကို တော်တဲ့ လူတွေပဲ၊ လုံခြုံရေးအစောင့် ၄၀ နဲ့ သန်းနဲ့ချီတန်တဲ့ လုံခြုံရေးပစ္စည်းတွေ ပေးထားတာတောင် ဘာတစ်ခုမှ မလုပ်နိုင်တာ အံ့ပါရဲ့၊ ဆေးရုံလုပ်သားတစ်ယောက် မေ့မြောနေပြီး ဧည့်သည် မစ္စတာဗွန်းဘတ်

www.burmeseclassic.com



သူ့အခန်းထဲက ပျောက်နေတယ်ဆိုတာလောက်ပဲ ခင်ဗျားက ကျုပ်ကို လာပြောတာတော့ ရှက်စရာတောင် ကောင်းပါတယ်ဗျာ'

'ဟုတ်...ဟုတ်ပါတယ် ခင်ဗျာ'

မစ္စတာဘားကက်က ဘာပြောရမှန်းမသိသဖြင့် ပါးစပ်ထဲ တွေ့ရာ ပြန်ပြောလိုက်သည်။

'ဒါနဲ့ ဆေးရုံအမှုထမ်းက သူ့ဆေးနဲ့သူ အထိုးခံရတာဆို'

'ဟုတ်ပါတယ် ခင်ဗျား၊ သူ့အိပ်ဆေးနဲ့သူ အထိုးခံလိုက်ရပြီး အပ်က အသားထဲ ကျိုးကျန်ရစ်တယ် ခင်ဗျ'

ဒေါက်တာနက်ရှမင်းသည် စိတ်ဆိုးဆိုးဖြင့် ဆေးတံကို ကောက်ယူပြီး ဆယ်ကြိမ်မြောက် မီးညှိသည်။ သူ တော်တော် အကျပ်ရိုက်နေသည်။ ကြံရာမရဖြစ်နေသည်။ ဤကိစ္စကို အမ်တီအိုင်စီကော်ပိုရေးရှင်း အာဏာပိုင်များအား အသိပေးသင့် မပေးသင့် မဆုံးဖြတ်တတ်အောင် ဖြစ်နေသည်။ အခြေအနေပို၍ ဆိုးလာမည်ဆိုလျှင် စောစော အသိပေးလိုက်တာက ပို၍ ကောင်းမည်။ သို့သော် သူ့ဟာနှင့်သူ ပြေလည်သွားလျှင်တော့ အသိမပေးဘဲ ငြိမ်နေလိုက်တာက ပို၍ ကောင်းသည်။

'အပြင်ခြံစည်းရိုးကို ကျော်ထွက်သွားတဲ့ အရိပ်လက္ခဏာတွေ ဘာတွေရော တွေ့သေးသလား'

ဒေါက်တာနက်ရှမင်းက မေးလိုက်သည်။

'အဲဒါတော့ လုံးဝမတွေ့ရဘူး ခင်ဗျ' မစ္စတာဘားကက်က ပြန်ပြောသည်။ 'ဒေါက်တာမစ်ချယ် ဖုန်းဆက်ပြီး ပြောတဲ့အချိန်ကစပြီး ဂိတ်မကြီးက ဘယ်သူမှ အဝင်အထွက် မလုပ်ရတော့ပါဘူး'

ဒေါက်တာနက်ရှမင်းက ခေါင်းညိတ်သည်။ ပျောက်ဆုံးနေသော လူနာသည် ခြံဝင်းထဲမှာပင် ရှိဦးမည်ဟု သူက ယုံကြည်သည်။ ထိုသူသည် လျှပ်စစ်ဓာတ်လွှတ်ထားသော ခြံစည်းရိုးကို ဘယ်နည်းနှင့်မျှ ကျော်လွှန် လွတ်မြောက်နိုင်စရာမရှိ။ သို့သော် ဘားကက်၏ လုံခြုံရေးတပ်ဖွဲ့ကိုတော့ သူက သိပ်ပြီး အားမကိုးချင်။

'လောလောဆယ် အရေးကြီးတာ လေယာဉ်ကွင်းကို လူလွှတ်ပြီး လေယာဉ်အထွက်ကို စစ်ဆေးဖို့ပဲ' ဟု ဒေါက်တာနက်ရှမင်းက ပြောသည်။

မစ္စတာ ဘားကက်က–

'အဲဒီအထိတော့ လုပ်စရာမလိုသေးဘူး ထင်ပါတယ် ဒေါက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ လူနာဟာ ဒီခြံဝင်းကြီးထဲမှာပဲ ရှိနေဦးမှာပါ၊ သူဘယ်နည်းနဲ့မှ အပြင်ထွက်နိုင်စရာ မရှိဘူးလို့ ထင်ပါတယ်'





'ခင်ဗျားထင်တာ မထင်တာ ဘေးချိတ်ထားလိုက်စမ်းပါ၊ ဒီလူနာ ဒီဆေးရုံထဲက ဘယ်မှထွက်မသွားနိုင်ဘူးဆိုပြီး ကျုပ်ကို လူတိုင်းက ပြောကြတာပဲ ဒါပေမဲ့ အခုတော့ သူထွက်သွားပြီ၊ ခင်ဗျား ဘယ်လိုပြောမလဲ၊ အဲဒီတော့ ဘာမှ ပြောမနေနဲ့၊ ကျုပ်ပြောသလိုသာ လုပ်ပါ၊ လေယာဉ်ကွင်းကို အမြန်ဆုံး လူလွှတ်ပါ'

'ကောင်းပါပြီ ဒေါက်တာ'

မစ္စတာဘားကက်က အောင့်သက်သက်နှင့် ပြန်ပြောလိုက်သည်။

ဤတွင် တစ်ချိန်လုံး ငြိမ်နေသော ဒေါက်တာမစ်ချယ်က ဝင်ပြီး–

'လူနာကို ထရန်စမစ်တာ (လှိုင်းလွှင့်ကိရိယာ)နဲ့ ဆက်သွယ်လို့ မရရင် အီလက်ထရုတ်နဲ့လုပ်ဖို့ကော မရနိုင်ဘူးလား'

'အတိအကျ ပြောလို့မရပါဘူး' ဟော့ဖ်စထရားက ပြန်ပြောသည်၊ 'သူ့ဆီက အီလက်ထရုတ်အနေအထားကို စနစ်တကျမှတ်ထားတာ မဟုတ်တော့ လူနာဘာဖြစ်သွားမယ်ဆိုတာ မသိနိုင်ဘူး၊ မတော်ရင် သေချင်လဲ သေသွားနိုင်တယ်'

'ဒါပေမဲ့ လုပ်လို့တော့ ရနိုင်တယ် မလုပ်လား'

'ရနိုင်စရာ ရှိပါတယ်၊ ဒါပေမဲ့ အချိန်တော့ ယူရမယ်'

'ခင်ဗျားက ဘယ်လောက်တောင် အချိန်ယူချင်လို့လဲ'

ဒေါက်တာမစ်ချယ်က မကျေနပ်သံဖြင့် ပြန်မေးလိုက်သည်။

'အနည်းဆုံး တစ်နာရီ၊ တစ်နာရီခွဲလောက်တော့ ကြာလိမ့်မယ်'

'ဒါဆို အဲဒီနည်းနဲ့ စမ်းကြည့်စမ်းပါ' ဒေါက်တာ နက်ရှမင်းက ပြောလိုက်သည်။ ပြီးတော့ တယ်လီဖုန်း ဆက်နေသော မစ္စတာဘားကက်ဆီသို့ လက်ညှိုးထိုးပြရင်း 'ကျုပ်က သူ့လုံခြုံရေး တပ်မဟာကို စိတ်မချဘူးဗျ၊ ဒါကြောင့် တခြား တစ်နည်းနည်းနဲ့ လုပ်စေချင်တာ' ဟု ထပ်၍ ပြော လိုက်သည်။

*

အဒမ်သည် လက်ပတ်နာရီကို ကြည့်လိုက်သည်။ သူတို့ထွက်လာခဲ့သည်မှာ နှစ်နာရီနီးပါး ရှိသွားပြီ။ လှေကလေးကလည်း ကမ်းခြေနှင့် အတော်လှမ်းလှမ်းသို့ ရောက်လာခဲ့ပြီ။ မြင့်မားသော လှိုင်းလုံးကြီးတွေက လှေကလေးကို မညှာမတာ ပင့်တင်ရိုက်ပုတ်ကြသည်။ တစ်ခါတစ်ခါတွင် လှိုင်းလုံးကြီးတွေ လွှမ်းခြုံသွားသဖြင့် ရေအောက်သို့များ တစ်ခါတည်း နစ်မြုပ်သွားတော့မလားဟု တွေးကြောက်ရင်းဘုရားတနေရသည်။ လှေကလေးမှာ လှိုင်းလုံးကြီးများပေါ်တွင် ဘယ်လူးညာပြန် ဖြစ်နေသည်။

လှေကလေးသည် မြောက်ဘက်ကမ်းရိုးတန်းအတိုင်း အနောက်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ပြေးနေသည်။ ရေနက်ပိုင်းတွင် ရေမှော်ရေမြုပ်များနှင့် သွားတိုးမည်စိုး၍ လှေကို ကမ်းခြေမှ ကိုက်နှစ်ရာသုံးရာအတွင်းသာ ထိန်း၍ လွှင့်လာသည်။ ပွက်ပွက်ဆူနေသော ရေထုအောက်မှ ငါးမန်းကြီးတွေများ ဘွားခနဲ ပေါ်လာလေမလားဟုလည်း အချိန်တိုင်း တွေးကြောက်နေရသည်။

နောက်မှ လိုက်လာမည့်အန္တရာယ် မရှိနိုင်တော့ဟု စိတ်ချရသောအခါ အဒမ်သည် ရွက်လှေကလေးကို တတ်နိုင်သမျှ ကမ်းခြေနှင့် အနီးကပ်ဆုံးထား၍ လွှင့်လာသည်။ နောက်ထပ် ၁၅ မိနစ်ခန့် ကြာသွားသောအခါ ကမ်းခြေတစ်လျှောက်တွင် မီးရောင်များ ကြိုကြား ကြိုကြား မြင်လာရသည်။ ကမ်းခြေကို တဝေါဝေါဖြင့် လှိုင်းပုတ်သံများလည်း မပြတ်ကြားနေရသည်။ အဒမ်သည် ရှေ့အဖို့ ဘာတွေ ဖြစ်လာနိုင်သည်ကို တွေးမနေတော့ဘဲ ယခု လက်ငင်း အဖြစ်အပျက်ကိုသာ သတိဖြင့် အထူးအာရုံစိုက်နေသည်။

ထိုအခိုက် အော်သည်းသံက တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။ အလန်သည် သူ့ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ငယ်သံပါအောင် အော်နေသည်။ အော်လိုက်ခြင်းကြောင့် အဆုတ်အားကောင်းလာကာ ရွက်တိုင်နှင့် ပူးချည်ထားသောကြိုးကို ရုန်းပြီးနေရာမှ ကုန်းထရန် ကြိုးစားသည်။ သူ၏ လှုပ်ရှားမှုကြောင့် လှေကလေးမှာ ဘယ်လူး ညာလိမ့် ဖြစ်နေသည်။ အဒမ်က တက်မနှင့် ရွက်ကြိုးကို လွှတ်ကာ အလန့်ကို ဖမ်းချုပ်လိုက်သည်။ ထိုအခိုက် လေက ပြန်းစား ကြီး ငြိမ်ကျသွားပြီး ရွက်လည်း ချက်ချင်း အုပ်ကျသွားသည်။

'အလန် ...အလန်၊ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ'

အဒမ်က အလန်၏ ပုခုံးနှစ်ဖက်ကို ချုပ်ကိုင်လှုပ်မေးလိုက်သည်။ အလန်က သူ့ဦးခေါင်းကို လက်နှင့်အုပ်ထားဆဲပင် ဖြစ်သည်။ သူ့မျက်နှာကလည်း တွန့်ရှုံ့မဲ့ရွဲ့နေသည်။ အသက်ကိုလည်း ပြင်းပြင်းရှူနေသည်။

'အလန်၊ ခင်ဗျား ဘာဖြစ်နေတာလဲ၊ ပြောစမ်းပါ'

အလန်၏မျက်နှာတွင် နာကျင်မှုနှင့် ဒေါသလက္ခဏာများ ပေါ်လာပြီး ရုတ်တရက် အရိုင်းစိတ်ဝင်လာကာ အဒမ်၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် အတင်းဆွဲညှစ်တော့သည်။

အလန်မှာ လူနှင့်မလိုက်အောင် အားပြင်းသည်။ အဒမ်က အံ့အားကြီးသင့်ပြီး အတင်းရုန်းထွက်သည်။ အလန်က ကြိုးတန်းလန်းနှင့် ရုန်းကန်ရင်း အဒမ့်မျက်နှာကို အတင်းထုထောင်း ထိုးနက်သည်။ အဒမ်က ကြောက်အားလန့်အားနှင့် နောက်သို့ အတင်းဆုတ်ထွက်လိုက်ရာ အားလွန်ပြီး လှေပေါ်မှ ဝုန်းခနဲ ထိုးကျသွားတော့သည်။





အဒမ်သည် ရေခဲတမျှ အေးစက်နေသော ရေထဲတွင် ယက်ကန် ယက်ကန်နှင့် ကူးခတ်နေသည်။ သူ့ညာဘက်မျက်လုံး ရောင်နေပြီး နှာခေါင်းမှလည်း သွေးထွက်နေသည်ကို သတိပြုမိသည်။ အလန်၏လက်ချက် ဖြစ်သည်။ သို့သော်သည်မျှ ဒဏ်ရာကလေးကို ဂရုစိုက်မနေနိုင်။ အချိန်မရွေး ရောက်လာနိုင်သော ငါးမန်းအန္တရာယ်က ပို၍ ကြောက်စရာကောင်းသည်။ ခြေလက်များကို အတင်းယက်ကာ လှေဘက်သို့ ကူးခတ်လာသည်။ အလန်သည် ရွက်ခုံပေါ်တွင် လဲနေရင်းမှ နာနာကြည်းကြည်း အော်ညည်းနေဆဲ။ အဒမ်မှာ ကံအားလျော်စွာပင် ပျဉ်ပြားတစ်ချက်ကို ဖမ်းဆုပ်မိပြီ ရေပေါ်တွင် သက်သောင့်သက်သာ ကူးခတ်နိုင်လာသည်။

လှေဘက်သို့ လှမ်းကြည့်လိုက်သောအခါ လှေကလေးမှာ လှိုင်းလုံးတွေကြားတွင် ချာလည်ချာလည် ဖြစ်နေသည်။ အလန်သည် အသက်ပြင်းပြင်းရှူကာ မှောက်လျက်သား သတိလစ်နေသည်။ အဒမ်သည် လူးလိမ့်နေသော လှေပေါ်သို့ သတိကြီးစွာ၊ ခက်ခဲစွာ ချိတ်တက်သည်။ အလန်အား ပက်လက်အနေအထားသို့ ပြန်လှန်လိုက်သည်။ အလန်၏ဦးခေါင်းတွင် ကြက်ဥခန့် ဒဏ်ရာဖုကြီးတစ်ခု တွေ့ရသည်။

ထို့နောက် ပဲ့ပိုင်းသို့ လေးဖက်တွားလာခဲ့ပြီး တက်မလက်တံကို ဆွဲကိုင်ကာ တိန်းထားလိုက်သည်။ ရွက်ကြိုးများကို ပြန်ဆွဲပြီး ညှိလိုက်သောအခါ ရွက်ပြန်ပွင့်လာသည်။ လှေကလေးသည် လှိုင်းလုံးများပေါ်တွင် အလိုက်သင့် ရွက်လွှင့်ပြေးလွှားနေသည်။ အဒမ်သည် တက်မကိုထိန်းပြီး ကမ်းဘက်သို့ ဦးတည်ပေးလိုက်သည်။

*

အင်္ဂါယောဖ်စထေရားက ဒေါက်တာနက်ရှမင်း၏ မျက်နှာကို မော့ကြည့်လိုက်သည်။ ဒေါက်တာ့မျက်လုံးများ နီရဲနေသည်။ သူက ယောဖ်စထေရား၏ ပခုံးပေါ်မှ ကျော်ကာ ကွန်ပျူတာမှန်ပြင်ကို ကြည့်လိုက်သည်။

'အီလက်ထရုတ်ခေါင်းတွေက လုံးဝ တုံ့ပြန်ချက်မရှိဘူး ဒေါက်တာ' ဟု ယောဖ်စထေရားက ပြောသည်။ 'ဒါ... ကျွန်တော် အစွမ်းကုန် အဖျက်ပြလိုက်တာပဲ၊ ဒါပေမဲ့ နောက်တစ်နာရီ၊ နှစ်နာရီလောက်ဆိုရင်တော့ အလုပ်ဖြစ်နိုင်မယ်ထင်တာပဲ'

'ထပ်ပြီး ကြိုးစားကြည့်စမ်းပါဦး' ဒေါက်တာနက်ရှမင်းက ပြောသည်။ 'ကျုပ်တို့ အစရင်တုန်းက မျောက်တွေနဲ့ စမ်းသပ်တုန်းကတော့ အလုပ်ဖြစ်တာပဲ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက ဖြစ်တော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ မျှော်လင့်သလို ဖြစ်မလာဘူး၊ မျောက်တွေ သူတို့အချင်းချင်း ကိုက်သတ်ကုန်ကြတယ်'

'ဒီအချိန်မှာတော့ ဘယ်လိုပဲဖြစ်ဖြစ် ဘာမှနှောက်ဆဲတင်းစရာ မလိုတော့ဘူး'

'ဒါပေမဲ့ အခု လူနှာအခြေအနေက အဲဒီလို မဟုတ်ဘူး၊ သူ့ကိုယ်သူ အန္တရာယ်ပြုနိုင်လောက်တဲ့ အခြေအနေမရှိဘူး'

'အဲဒါ အဆိုးဆုံးပဲ၊ အဲဒါမှ ဒုက္ခပဲ'

ဒေါက်တာ နက်ရှမင်းက စိတ်ပျက်လက်ပျက်နှင့် ပြန်ပြောလိုက်သည်။

*

လှေကလေးသည် ကမ်းခြေနှင့် ပေတစ်ရာခန့် အကွာအဝေးသို့ ရောက်လာခဲ့ပြီ။ ပတ်ဝန်းကျင်တစ်ခွင်လုံး မည်းမှောင်နေသည်။

အဒမ်သည် လှေကို အနောက်ဘက်သို့ ဦးတည်လိုက်သည်။ ကမ်းခြေကို လှိုင်းပုတ်သံများ ကြားနေရသည်။ လှိုင်းပုတ်သံကို ဂရုတစိုက် နားထောင်ရင်းလိုက်ပါလာသည်။ လှိုင်းပုတ်သံ အမျိုးအစားကို ခွဲခြားသိနိုင်လျှင် ကမ်းခြေအနေအထားနှင့် အမျိုးအစားကိုလည်း ခွဲခြားသိနိုင်လိမ့်မည်ဟု သူက ယူဆသည်။ လှိုင်းပုတ်သံပြင်းလျှင် ကမ်းခြေဓာက်နိုင်သည်။ သန္တာကျောက်တန်းများနှင့် ဝင်တိုးမည်ကို သူက အထူးတွေးကြောက်နေမိသည်။

အလန်မှာ လှေပေါ်တွင် စန့်စန့်ကြီး ပါလာပြီး၊ တစ်ချီတစ်ချီတွင် အော်ညည်းတတ်သည်။ သို့သော် တစ်စုံတစ်ရာ ရုန်းကန်လှုပ်ရှားခြင်း မရှိ၍ အဒမ်က ဝမ်းသာမိသည်။

လှိုင်းသံတွေကြားမှ ခွေးဟောင်သံလိုလို ကြားလိုက်ရသည်။ အဒမ်က မျှော်လင့်တကြီးဖြင့် ကမ်းဘက်သို့ အားစိုက်၍ ကြည့်နေသည်။ မကြာမီတွင်ပင် အုန်းပင်တန်းများနှင့် အိမ်တန်းများကို ရေးရေးမြင်လာရသည်။ သည်အတိုင်းဆိုလျှင် လှေသည် သောင်ကမ်းပြန့်သို့ ဆိုက်ရောက်နိုင်မည်မှာ သေချာသည်။

အဒမ်သည် တက်မကို ခြေနှင့်ထိန်းကာ မတ်တတ်ရပ်လိုက်သည်။ ရွက်ကြိုးကိုလည်း လက်မှ လွှတ်လိုက်သည်။ ရွက်ကြိုးကိုလည်း လက်မှ လွှတ်လိုက်သည်။ သို့သော် လှေကလေးက ပြေးမြဲ ပြေးနေသည်။ ကျွန်း၏ အမှောင်ရိပ်နောက်ခံတွင် ကမ်းစပ်တစ်လျှောက် ဖြူဖွေးနေသော ရေမြှုပ်ရေပွက်တန်းများကို မြင်နေရသည်။

ကမ်းခြေနှင့် နီးကပ်သည်ထက် နီးကပ်လာသည်။ လှိုင်းသံများကလည်း ကျယ်သည်ထက် ကျယ်လာသည်။





ထိုအခိုက် အိမ်လောက်ရှိသော လှိုင်းလုံးကြီးတစ်လုံး ပေါ်လာပြီး လှေကလေးကို တအားဆောင့်တင်လိုက်ရာ အဒမ်မှာ သတိလွှတ်သွားကာ ရေထဲသို့ ကျွမ်းပြန်ကျသွားတော့သည်။

အဒမ်သည် ရေပေါ်သို့ ဝူးဝူးဝါးဝါးနှင့် ပြန်ပေါ်လာသည်။ ရေက ခါးအထိသာနက်သဖြင့် အလွန်ဝမ်းသာသွားသည်။ အလန်ကတော့ လှေပေါ်တွင်ပင် စန့်စန့်ကြီး လဲနေဆဲ။

အဒမ်သည် လှေကို ဖမ်းကိုင်ကာ ကမ်းသို့ ဆွဲတင်လာသည်။ နောက်ထပ်လှိုင်းတစ်လုံး လိမ့်တက်လာသည်။ အဒမ်က ခေတ္တရပ်စောင့်နေလိုက်သည်။ လှိုင်းလုံးကြီးက ဝေါခနဲ့ အသံပေးကာ လှေရောလူပါ ပင့်တင်လိုက်သည်။

အဒမ်သည် သောင်ပြင်ပေါ်တွင် အရုပ်ကြိုးပြတ် ခွေလဲနေသည်။ ကျွတ်ထွက်သွားသော မျက်မှန်ကို ကမန်းကတန်း လိုက်စမ်းပြီး ပြန်တပ်လိုက်သည်။

ဆားဘီကို လှည့်ကြည့်လိုက်သည်။ သူတို့သည် ဒိုက်သရောများ စုပုံနေသော ကမ်းမြောင်ကလေးတစ်ခုပေါ် ရောက်ရှိနေကြောင်း တွေ့ရသည်။ ကုန်းပေါ်တွင် အုန်းပင်များနှင့် အိမ်များကို ခပ်ဝါးဝါး မြင်ရသည်။ သောင်စပ်တွင် လှေကလေးများ တန်းစီနေကြသည်။

ရေစပ်သို့ ခွေးနှစ်ကောင် ဆင်းလာပြီး တဝေါင်းဝေါင်းနှင့် ဟောင်နေသည်။ အနီးဆုံး အိမ်တစ်အိမ်တွင် မီးရောင်လင်းနေသည်ကို မြင်ရသည်။

အဒမ်သည် သောင်ပြင်ပေါ်တွင် ဒယီးဒယိုင်နှင့် ထရပ်လိုက်သည်။ ခွေးနှစ်ကောင် နောက်ဆုတ်ပြန်ပြေးသည်။ ပြီးတော့ ပြန်တိုးလာပြီး ကျယ်လောင်စွာ ဟောင်ကြပြန်သည်။

အဒမ်က ခွေးနှစ်ကောင်ကို ဂရုမစိုက်တော့ဘဲ အလန်အား ကြိုးဖြေပေးသည်။ ပြီးတော့ လှေပေါ်မှချကာ မတ်တတ်ထူပေးသည်။

အလန်က အဒမ့်ပုခုံးပေါ်တွင် ခေါင်းတင်ပြီး ကမ်းပေါ်သို့ တက်လာခဲ့ကြသည်။ အုန်းပင်တန်းအလွန်တွင် တဲအိမ်ကလေးတစ်လုံး တွေ့ရသည်။ တဲရှေ့တွင် အမိုးဖွင့် ကားစုတ်ကလေးတစ်စီး ရပ်ထားသည်။ အဒမ်က ကားဦးခန်းထဲသို့ အလောတကြီး ချောင်းကြည့်လိုက်သည်၊ ကားကို သော့ခတ်ထားသည်။ မတတ်သာတော့သည့်အဆုံး တဲအိမ်ကလေးဆီသို့ လျှောက်လာခဲ့သည်။ တံခါးဝတွင် ရပ်လိုက်သည်။ အိမ်ထဲမှ မီးလင်းလာပြီး ပြတင်းဝတွင် လူတစ်ယောက်ပေါ်လာသည်။ အဒမ်က ဘောင်းဘီအိတ်ကို စမ်းကြည့်လိုက်သည်။ တော်ပါသေးရဲ့။ ပိုက်ဆံအိတ် ရှိနေသေးသည်။

ခဏကြာတော့ အိမ်တံခါးဖွင့်လာသည်။ တံခါးဝတွင် ပြူတိုရီကန်ကြီး

www.burmeseclassic.com



တစ်ယောက် လာရပ်သည်။ သူ့လက်ထဲတွင် ခြောက်လုံးပြူ သေနတ် ကိုင်ထားသည်။

'ရန်သူမဟုတ်ပါဘူး၊ မိတ်ဆွေတွေပါ'

အဒမ်က မတတ်တတတ် စပိန်စကားဖြင့် ပြောလိုက်သည်။

ပြူတိုရီကန်ကြီးက ဘာမှ ပြန်မပြော။

'ကားငှားချင်လို့ပါ၊ ဟိုကားနဲ့ လေယာဉ်ကွင်းကို ပို့ပေးနိုင်မလား'

အဒမ်က ကားကို လက်ညှိုးထိုးပြရင်း ထပ်ပြောလိုက်သည်။

ပြူတိုရီကန်ကြီးသည် ဘာမှမပြောဘဲ အဒမ့်မျက်နှာကိုသာ စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ ထို့နောက် သေနတ်ကို လှုပ်ယမ်းပြပြီး တံခါးပြန်ပိတ်မည် လုပ်သည်။

ဤတွင် အဒမ်က စပိန်လိုတစ်ဝက် အင်္ဂလိပ်လိုတစ်ဝက်ဖြင့် ကမန်းကတန်း ပြောလိုက်သည်။

'ကျွန်တော်တို့ကို ကူညီပါခင်ဗျား၊ ကျွန်တော်တို့က ဒုက္ခသည်တွေပါ၊ အပျော်လှေစီးထွက်ရင်း လမ်းပျောက်ပြီး ရောက်လာကြတာပါ၊ ဒီက ကျွန်တော့် မိတ်ဆွေတစ်ယောက်လည်း တော်တော် အခြေအနေဆိုးနေလို့ပါ၊ ကျွန်တော်တို့ကို လေယာဉ်ကွင်းလောက်ပဲ လိုက်ပို့ပေးပါ'

အဒမ်က ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်ပြီး ရေစိုနေသော ငွေစက္ကူတွေကို တစ်ရွက်ချင်း ရေနေသည်။ ပြူတိုရီကန်ကြီး စိတ်ဝင်စားလာသည်။ သေနတ်ကို ခါးကြားတွင် ပြန်ထိုးကာ ကမ်းခြေသို့ အဒမ့်နောက်မှ လိုက်ပါလာခဲ့သည်။

အဒမ်သည် သူတို့အား ပြူတိုရီကန်ကြီး ကူညီချင်စိတ်ပေါက်လာအောင် ဘယ်လိုလုပ်ရကောင်းမှာလဲဟု စဉ်းစားရင်း အကြံတစ်ခုရလာသည်။

သို့ဖြင့် ကမ်းခြေသို့ ရောက်သောအခါ ရွက်လှေတိုင်ဆိုင်းကွင်းကို ကောက်ယူပြီး ပြူတိုရီကန်ကြီး၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

'ဒီလှေကို ယူပါ၊ ကျွန်တော်တို့ကို လေယာဉ်ကွင်းကို လိုက်ပို့ပေးပါ'

သည်တော့မှ ပြူတိုရီကန်ကြီး သဘောပေါက်သွားသည်။ သူက ကျေနပ်စွာ ပြုံးလိုက်သည်။ ပြီးတော့ ဝမ်းသာအားရဖြင့် လှေကို ကမ်းပေါ်သို့ တအားဆွဲပေးသည်။ ထို့နောက် အိမ်ဆီသို့ ပြန်လျှောက်သွားသည်။ အဝတ်အစားလဲရန် သွားတာဖြစ်မည်။

အဒမ်က အချိန်ကုန်မခံဘဲ အလန်အား ကားပေါ်သို့ တင်ပေးလိုက်သည်။

ချက်ချင်းလိုပင် ကားသော့ကို လှုပ်ယမ်းကစားရင်း ပြူတိုရီကန်ကြီး ကမ်းခြေသို့ ပြန်ဆင်းလာသည်။ သူ ကားပေါ်သို့ တက်ထိုင်လိုက်သည်။ အလန့်ကို





စောင်းကြည့်သည်။ အလန်မှာ အဒမ်နှင့် ကားဆရာကြားတွင် ပျော့ခွေပြီး အိပ်ပျော်နေလေပြီ။ အဒမ်က သူ့မိတ်ဆွေ တော်တော်ကလေး နေထိုင်မကောင်းဖြစ်နေကြောင်း ပြောပြသည်။

ကားကို စက်နှိုးပြီး ထွက်လာခဲ့သည်။

အဒမ်သည် မျက်လုံးမှိတ်ပြီး လိုက်ပါလာသည်။ လေဆိပ်တွင် ကားထိုးရပ်လိုက်သောအခါတွင်မှ မျက်လုံးပြန်ဖွင့်လိုက်သည်။

အလန့်အခြေအနေကို လက်မှတ်စာရေးအား ဘယ်လိုပြောပြရမှာလဲ။ တို့အဝတ်အစားတွေ ရေစိုနေတာ ဘယ်လိုလုပ် ရှင်းပြရမှာလဲ။

အဒမ်က ယင်းသို့တွေးရင်း စိုးရိမ်စိတ်ဝင်လာမိပြန်သည်။ သို့သော် စိုးရိမ်နေရန် အချိန်မရှိတော့။ အို... ဖြစ်ချင်ရာဖြစ်ပါစေတော့။ မီးစင်ကြည့်ကရတော့မှာပေါ့။

အလန့်ကို လှုပ်နှိုးလိုက်သည်။ အလန်သည် ချက်ချင်းပင် လန့်နိုးလာသည်။

သူတို့ကားပေါ်မှ ဆင်းလိုက်ကြသည်။

'အများကြီး ကျေးဇူးတင်ပါတယ်'

အဒမ်က ပြူတိုရီကန်ကြီးအား ပြောပြလိုက်သည်။

'ကိစ္စမရှိပါဘူး'

ပြူတိုရီကန်ကြီးသည် ကားကို ဂူးခနဲ ပြန်လှည့်မောင်းထွက်သွားသည်။

'ကဲ... ဒါနောက်ဆုံး အခွင့်အရေးပဲ၊ အားတင်းလိုက်စမ်းပါ'

အဒမ်က ယင်းသို့ပြောပြီး အလန်အား ချိုင်းမှတွဲကာ လေယာဉ်ရုံး အဆောက်အအုံဆီသို့ လျှောက်လာခဲ့ကြသည်။ အဆောက်အအုံရှေ့တွင် အငှားကားတချို့နှင့် လူနာတင်ယာဉ်တစ်စင်း တွေ့ရသည်။ လေယာဉ်ထွက်ရန် စောနေသေးသဖြင့် ခရီးသည် တစ်ယောက်စ၊ နှစ်ယောက်စသာ ရောက်ကြသေးသည်။

အဒမ်သည် ရှေးပုံစံ လေယာဉ်ရုံးခန်းသို့ အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် အလန်အား ဧည့်ခန်းဆောင် ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းထားခဲ့ပြီးနောက် လက်မှတ်ကောင်တာသို့ လျှောက်လာခဲ့သည်။

လေယာဉ်ခရီးသည် ကြော်ငြာသင်ပုန်းကြီးကို ကြည့်လိုက်သည်။ အရှေ့ပိုင်းခရီးစဉ် လေယာဉ်သည် မိုင်ယာမီသို့ နောက်နှစ်နာရီအကြာတွင် ထွက်မည်။

'ညနက်ခရီးသည်များ တယ်လီဖုန်းဖြင့် စုံစမ်းပါ'ဟူသော ဆိုင်းဘုတ် စာတန်းကို တွေ့ရသည်။ ဆိုင်းဘုတ်အောက်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ တစ်ဖက်မှ လေယာဉ်ကိုယ်စားလှယ်က ဖုန်းကို ကိုင်သည်။ သူထွက်လာခဲ့ပါမည်ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒမ်က ဖုန်းကို ပြန်ချလိုက်သည်။

ကောင်တာအနောက်ဘက်ခန်းမှ တံခါးဖွင့်ပြီး လေယာဉ်ကိုယ်စားလှယ် ထွက်လာသည်။ သူသည် ခေါက်ရိုးကျ အညိုရောင်ဝတ်စုံကို အချိုးကျကျ ဝတ်ထားသည်။

အဒမ့်ကို မြင်လိုက်တော့ သူ့မျက်နှာပေါ်မှ အပြုံးချက်ချင်း ပျောက်ကွယ်သွားသည်။

သည်တော့မှ အဒမ်သည် ပုံပျက်ပန်းပျက်ဖြစ်နေသော သူ့ရုပ်ကိုသူ ပြန်လည်သတိရမိသည်။ ကားစီးလာစဉ်အတွင်း အဝတ်တွေ ခြောက်သလောက် ဖြစ်သွားပြီ။ သို့သော် အင်္ကျီနှင့် ဘောင်းဘီများမှာ တွန့်ကြေညစ်ပေနေသည်။

အဒမ်က သူတို့အပျော်ခရီးထွက်ရင်း လေပြင်းမိပြီး လမ်းပျောက်သွားကြောင်း၊ သူနှင့် သူ့မိတ်ဆွေတစ်ယောက်မှာ လှေတစ်စင်းနှင့် မျောပါသွားပြီး ဟိုတယ်နှင့် များစွာကွာဝေးသော ကမ်းခြေတွင် လာတင်ကြောင်း၊ ကြုံရာကားငှား၍ လေဆိပ်သို့ လာခဲ့ရကြောင်း၊ မနက်ဖြန် အလုပ်ပြန်ဝင်ကြရမည် ဖြစ်ကြောင်း၊ သူတို့၏ အထုပ်အပိုးများကိုတော့ နောက်လေယာဉ်ပတ်နှင့် လာမည့် မိတ်ဆွေများက ယူလာမည်ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

'အဖြစ်ကတော့ အဲဒီအတိုင်းပါပဲ ခင်ဗျာ၊ အပျော်ခရီးထွက်တာ အငိုခရီး ဖြစ်သွားတော့တာပါပဲ'

လေယာဉ်ကိုယ်စားလှယ်က ခေါင်းညိတ်သည်။

'ကိစ္စမရှိပါဘူး၊ လေယာဉ်ခရီးစဉ်က အများကြီး ရှိပါတယ်'

'အမေရိကန်ပြည်ထောင်စုကို အစောဆုံးထွက်မယ့် လေယာဉ်ရှိပါသလား'

'နောက်တစ်နာရီမှာ အတ်လန်တာကိုထွက်မယ့် မြစ်ဝကျွန်းပေါ် လေယာဉ်ခရီးစဉ် ရှိတယ်'

သူတို့ ဤကျွန်းပေါ်မှ အမြန်ဆုံးထွက်ခွာနိုင်လေ ကောင်းလေဟု အဒမ်က တွေးမိသည်။

သို့ဖြင့် မြစ်ဝကျွန်းပေါ်ခရီးစဉ်ကောင်တာကို မေးပြီး လက်မှတ်ဝယ်ရန် လာခဲ့သည်။ ကောင်တာတွင် ခရီးသည်တွေ တန်းစီနေကြသည်။ အဒမ်က နောက်ဆုံးမှ ဝင်စီလိုက်သည်။ သူ့အလှည့်ရောက်တော့ လက်မှတ်စာရေးက သူ့ရုပ်ပုံကိုကြည့်ပြီး ရှုံ့မဲ့သွားသည်။ အဒမ်က စောစောကအတိုင်းပင် ဖြစ်ကြောင်း ကုန်စင်ကို ကမန်းကတန်း ပြောပြလိုက်သည်။ စာရေးက ယုံသွားပုံရသည်။

'ပထမတန်းလား၊ ရိုးရိုးတန်းလား'

စာရေးက မေးသည်။





ဒီလူ တမင်နောက်နေတာလားဟု အဒမ်က တွေးလိုက်မိသည်။ နောက်တော့မှ သူ့အတွက် အေရိုလင်ကုမ္ပဏီက ခရီးစရိတ်ခံကြောင်း သတိရမိသဖြင့်–

'အထက်တန်းကပဲ ပေးပါ'

စာရေးက လက်မှတ်များကို ရေးသွင်းနေစဉ် အဒမ်သည် လေယာဉ်ကွင်း အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ သံသယဖြစ်စရာ အခြေအနေ အရိပ်အယောင်မျှ မတွေ့ရ။

စာရေးက လက်မှတ်ကမ်းပေးသည်။

'ဒါနဲ့ လက်တွန်းကုလားထိုင် တစ်လုံးလောက်များ ရနိုင်မှာလား ခင်ဗျာ၊ ကျွန်တော့်အဖော်က လှိုင်းဒဏ်ကြောင့် တော်တော်ကလေး အခြေအနေ ဆိုးနေလို့ပါ'

'အဲဒါမှ ဒုက္ခပဲ၊ ခဏနေဦး၊ ရနိုင်မလား မေးကြည့်လိုက်ဦးမယ်'

နောက်ငါးမိနစ်အကြာတွင် လက်မှတ်စာရေးသည် လက်တွန်းကုလားထိုင်တစ်လုံးကို တွန်းယူလာသည်။

အဒမ်က ကျေးဇူးတင်စကား ပြောပြီးနောက် အလန်ရှိရာသို့ လက်တွန်းကုလားထိုင်ကို တွန်းယူသွားသည်။

*

မြစ်ဝကျွန်းပေါ် ခရီးစဉ်လက်မှတ်ကောင်တာ အပေါ်ထပ်တစ်နေရာတွင် အဖြူရောင် တူညီဝတ်စုံဝတ်ထားသော လူနာတင်ယာဉ် လုပ်သားနှစ်ယောက်ရပ်လျက် ကောင်တာမှ ထွက်သွားသော အဒမ်ကို လိုက်ကြည့်နေကြသည်။ အဒမ်က လက်တွန်းကုလားထိုင် တွန်းယူသွားပုံကို ထောက်လျှင် မစ္စတာအစ္စမန်းသည် ဝေးဝေးတွင် မရှိနိုင်ဟု သူတို့က တွက်လိုက်ကြသည်။

အဆိုပါ လူနှစ်ယောက်သည် အောက်ထပ်သို့ အလျင်အမြန် ဆင်းလာကြပြီး အပြင်တွင် ရပ်ထားသော လူနာတင်ကားဆီသို့ ခပ်မြန်မြန် လျှောက်လာကြသည်။

ထို့နောက် ထွက်ပြေးသူများအား တွေ့ထားပြီးဖြစ်ကြောင်း၊ မစ္စတာဘားကက်ထံသို့ ရေဒီယိုဖြင့် သတင်းပို့ရန် ကားဒရိုင်ဘာအား ပြောလိုက်သည်။ လူနှစ်ယောက်အနက် အရပ်ရှည်ရှည်လူသည် လူနာတင်ယာဉ်နောက်ပိုင်းမှ ထမ်းစင်နှစ်ခုကို ထုတ်ယူလိုက်သည်။ ကျန်တစ်ယောက်မှ ဆေးထိုးပြွန်များကို ဆေးလွယ်အိတ်ထဲသို့ ထည့်သည်။ ထို့နောက် နှစ်ယောက်သား ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။

*

www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခန်းဆောင်သို့ အဒမ်ရောက်သွားသောအခါ ကုလားထိုင်တွင် အလန့်ကို မတွေ့ရ။ အဒမ်သည် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး လက်တွန်းကုလား ထိုင်ကို အရှေ့ပိုင်းခရီးစဉ်ကောင်တာသို့ အလျင်အမြန် တွန်းလာခဲ့သည်။

တော်ပါသေးရဲ့၊ အလန်ကို ကောင်တာတွင် လှမ်းမြင်လိုက်ရသည်။ သူသည် လက်မှတ်စာရေးနှင့် စကားပြောနေသည်။

'အခု ခင်ဗျားရောက်နေတာ မိုင်ယာမီ မဟုတ်ဘူး၊ ပြူတိုရီကိုပါ၊ မိုင်ယာမီကို လိုက်ချင်ရင် စာရင်းသွင်းထားပါ့မယ်'

လက်မှတ်စာရေးက အလန့်ကို ပြောနေသည်။

ဤတွင် အဒမ်က အနားကပ်သွားပြီး ကမန်းကတန်း ဝင်ပြောလိုက်သည်။

'သူက ကျွန်တော့်အဖော်ပါ၊ ကျွန်တော် လက်မှတ်ဝယ်ထားပြီးပါပြီ'

အဒမ်က အလန့်အား လက်တွန်းကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းသည်။

'သူက မိုင်ယာမီရောက်နေတယ် ထင်နေတာဗျ' ဟု လက်မှတ်စာရေးက ပြောသည်။

'ဟုတ်ပါတယ် သူနေမကောင်းလို့ပါ၊ သတိမေ့ပျောက်လို့'

အဒမ်က ယင်းသို့ပြောလိုက်ပြီး မြစ်ဝကျွန်းပေါ်ခရီးစဉ် ကောင်တာသို့ လက်တွန်းလှည်းကို ခပ်မြန်မြန် တွန်းယူလာခဲ့သည်။

'ကျွန်တော် ပြူတိုရီကိုကို ဘယ်လိုရောက်သွားရတာလဲ'

အလန်က ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက်သည်။ သူ့စကားပြောသံက ဗလုံးဗထွေး ရှိသေးသည်။ သို့သော် သူ့အခြေအနေမှာ "ကမ်းရိုးတန်း" သင်္ဘော စတင်ထွက်ခွာလာသည့်အချိန်က အခြေအနေနှင့်စာလျှင် အလွန် ကောင်းမွန်လာသည်ဟု ဆိုနိုင်သည်။

လေယာဉ်ထွက်ခွာရန် မိနစ် ၂၀ သာ လိုတော့သည်။ အဒမ်သည် လက်တွန်းကုလားထိုင်ကို အမြန်တွန်းယူလာသည်။ မြစ်ဝကျွန်းပေါ်ခရီးစဉ် ကောင်တာရှေ့တွင် ပြောင်ပြောင်လက်လက် ရုပ်အင်္ကျီဝတ်ထားသော ခရီးသည်တစ်စု ဆူညံဆူညံ စကားပြောနေကြသည်။ ပတ်ဝန်းကျင်တွင် လူတွေ မြင်နေရသောကြောင့် အဒမ်က လုံခြုံစိတ်ချနေမိသည်။ လေယာဉ်လုံခြုံရေးဌာနသို့ ရောက်သောအခါ ခရီးသည်များ၏ကိုယ်ပေါ်တွင် သံထည်ပစ္စည်းများ ပါမပါ စစ်ဆေးရန် အဒမ်က အလန့်ကို လက်တွန်းကုလားထိုင်ပေါ်မှ တွဲ၍ ချပေးသည်။ လုံခြုံရေးအစောင့်က ၎င်းတို့အား မသင်္ကာသလို အမူအရာဖြင့် ကြည့်သည်။ သို့သော် ဘာမှတော့မပြော။





စစ်ဆေးပြီးသောအခါ လေယာဉ်ပေါ်တက်ရန် ဂိတ်ဝသို့ လာခဲ့ကြသည်။ အဒမ်သည် ဝမ်းသာမှုကြောင့် အလွန်စိတ်လှုပ်ရှားနေသည်။ သူ၏ စွန့်စားမှုကြီး အောင်မြင်ခဲ့ပြီ။ မကြာမီ နာရီပိုင်းအတွင်း အမေရိကန် ပြည်ထောင်စုသို့ ပြန်လည် ဆိုက်ရောက်နိုင်တော့မည်။

ကြမ်းပြင်လမ်းကြောင်းသည် ရှေ့သို့ ဆင်ခြေလျှော စောင်းဆင်းသွားသည်။ အဒမ်သည် ရှေ့သို့ အားလွန်မသွားအောင် လက်တွန်းလှည်းကို ထိန်းပြီး ဆွဲထားလိုက်သည်။ ရှေ့နားတွင် ရေပန်းတစ်ခုနှင့် နားနေခန်းများ ရှိသည်။ အဒမ်က ရပ်ပြီး စဉ်းစားနေသည်။ သူတို့အဖို့ အချိန်မိနစ် ၂၀ ကျန်နေသေးသည်။ နောက်တစ်ထပ်တွင် ယောကျ်ားများ နားနေခန်းသို့ ညွှန်ပြသော ဆိုင်းဘုတ်ကလေး တစ်ခု ဆွဲထားသည်။ သို့သော် အဒမ်က ရေသောက်ခြင်းနှင့် အပေါ့သွားခြင်းတို့ကို လေယာဉ်ပေါ်ကျမှပဲ လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် သူသည် လက်တွန်းကုလားထိုင်ကို ဖြည်းဖြည်းမှန်မှန် တွန်းလာခဲ့သည်။ ထောင့်ချိုးကို ကွေ့ထွက်လိုက်သောအခါ ရုတ်တရက် လှုပ်ရှားမှုတစ်ခုကို မြင်လိုက်ရသည်။ အဒမ်က ဘေးသို့ လှည့်အကြည့်လိုက်တွင် နောက်ဘက်မှ လူတစ်ယောက်က သူ့လက်များကို အတင်းဖမ်းချုပ်ထားလိုက်သည်။ အဒမ်သည် ဘယ်လိုမှ ခုခံခြင်းမပြုနိုင်တော့ဘဲ သူ့တစ်ကိုယ်လုံး ကြမ်းပြင်မှ မြောက်တက်သွားသည်။

အဒမ်က ကိုယ်ကို တွန့်လိမ်ရုန်းကန်ရင်း အော်လိုက်သည်။ သို့သော် တိုက်ခိုက်သူသည် သူ့အား အတင်းချုပ်ကိုင်ပြီး မျက်နှာကို အခန်းတံခါးနှင့် တအားဖိဆောင့်လိုက်သည်။ အခန်းတံခါး ဝုန်းခနဲပွင့်ထွက်သွားပြီး တိုက်ခိုက်သူရော အဒမ်ပါ အခန်းထဲသို့ ပုံရက်သား လဲကျသွားသည်။

နှစ်ယောက်စလုံး လဲကျသွား၍ တိုက်ခိုက်သူသည် ဖမ်းချုပ်အား လျော့သွားသည်။ အဒမ်က သူ့လက်များကို အတင်းဆွဲဖြုတ်ကာ အလျင်အမြန် လူးလဲထသည်။ သို့သော် တိုက်ခိုက်သူက သူ့ခြေထောက်ကို လှမ်းဆွဲလိုက်သဖြင့် အဒမ်မှာ ရှေ့သို့ ဟပ်ထိုးပြီး လဲကျသွားပြန်သည်။ ကံကောင်းထောက်မ၍သာ ဦးခေါင်းနှင့် ရေစင်နှင့် မတိုက်မိခြင်းဖြစ်သည်။ လက်ထောက်ပြီး ကျသောကြောင့်လည်း မနာခြင်း ဖြစ်သည်။

အဒမ်၏နောက်ဘက်တွင် အဝတ်ဖြူဝတ်ထားသော အခြားတစ်ယောက်က အလန်၏လက်တွန်းကုလားထိုင်ကို တွန်းယူသွားသည်ကို အဒမ် သတိပြုမိသည်။ ထို့နောက် ဝုန်းခနဲအသံမြည်သွားပြီး အခန်းတံခါး ပွင့်သွားသည်။ အလန်သည် အားလွန်ပြီး လက်တွန်းကုလားထိုင်ပေါ်မှ လွင့်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒုတိယလူသည် အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး သူ့အဖော်အား ကူညီရန် လာသည်။ နှစ်ယောက်သား အဒမ့်ကို ဖမ်းချုပ်ကြသည်။ အဒမ့်ကိုယ်ပေါ်မှ တက်စီးပြီး ကြမ်းပြင်တွင် ဖိထားကြသည်။

အဒမ်သည် အတွင်းအားကို အစွမ်းကုန်သုံးပြီး တအားကန်ကျောက်လိုက်သည်။ လက်တစ်ဖက် လွတ်သွားသည်။ ပြီးတော့ တိုက်ခိုက်သူတစ်ယောက်၏ မေးရိုးကို လက်သီးဖြင့် တအားကျုံးထိုးလိုက်သည်။ ထိုသူသည် ငယ်သံပါအောင်အော်ပြီး ဘေးသို့ လဲကျသွားသည်။ ဤတွင် ဒုတိယလူက ဒေါသထွက်လာပြီး အဒမ်၏ဝမ်းဗိုက်ကို လက်သီးနှင့် ပစ်ထိုးလိုက်သည်။

အဒမ်မှာ နာကျင်လွန်းသဖြင့် မအော်နိုင်အောင်ပင် ဖြစ်သွားသည်။ ထို့နောက်တွင် အဒမ့်အား အပေါ်မှ သူ့ကိုယ်နှင့် ထပ်ဖိထားပြီး အင်္ကျီအိတ်ထဲမှ ဆေးထိုးအပ်ကို ဆွဲထုတ်လိုက်သည်။ အပ်ထိပ်မှ ပလတ်စတစ်အဖုံးကို သွားနှင့်ကိုက်ဖွင့်သည်။ ပြီးတော့ အဒမ်၏ဘောင်းဘီကို အောက်သို့ အတင်းဆွဲချပြီး ဆေးထိုးအပ်ကို အဒမ်၏ ပေါင်သားထဲသို့ တအားထိုးသွင်းလိုက်သည်။

အဒမ်က ရုန်းထွက်ရန် ကြိုးစားသည်။ သို့သော် အချည်းနှီးပင်။ ဆေးထိုးသူက အပ်ကို ပြန်နုတ်လိုက်သည်။ ဆေးထိုးအပ်က သွေးကြောကို တည့်တည့်မကျ။ နောက်တစ်ကြိမ်ထပ်ထိုးရန် ဆေးထိုးအပ်ကို ပြင်ဆင်ပြန်သည်။

ထိုအခိုက် အခန်းထဲတွင် ကြောက်စရာအော်သံကြီး ပေါ်ထွက်လာသည်။ သုံးယောက်သား အံ့အားကြီးသင့်ကာ ကြက်သေသေနေကြသည်။

အလန်သည် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ထခုန်လိုက်သည်။ မျက်လုံးကြီးတွေ ပြူးကျယ်နေပြီး သွားကိုလည်း တအားဖြဲထားသည်။ သူသည် လက်နှစ်ဖက်ဖြင့် ဆံပင်ကို ဆွဲဆုပ်ပြီး တအားအော်လိုက်ပြန်သည်။ ပြီးတော့ အဒမ်နှင့် တိုက်ခိုက်နေသူနှစ်ယောက်တို့အပေါ်သို့ ဒေါသထွက်နေသော ကျားတစ်ကောင်ကဲ့သို့ လွှားခနဲ ခုန်အုပ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက်ကို ဆုပ်ပြီး အဒမ်အား ဆေးထိုးရန် ပြင်နေသောလူအား တအားလွှဲရိုက်လိုက်သည်။

ထိုသူမှာ ကြောက်စရာကောင်းသော သားရဲတိရစ္ဆာန်တစ်ကောင်နှင့် ရင်ဆိုင်လိုက်ရသလို အံ့အားသင့်ကာ မှင်တက်မိနေသည်။ ပြီးတော့မှ သူက နောက်သို့ နှစ်လှမ်းသုံးလှမ်း ပြန်ဆုတ်ကာ အလန်အား တိုက်ခိုက်ရန် လက်နှစ်ဖက်ကို ရွယ်လိုက်သည်။ သို့သော် အလန်မှာ ဘီလူးစီးနေသည့်အလား ရန်သူအား အတင်းဝင်လုံးကာ နားရွက်များကို အတင်းကုတ်ဖဲ့နေပြန်သည်။ ပြီးတော့ ရန်သူ၏ ဦးခေါင်းကို ချုပ်ကိုင်ပြီး နံရံပေါ်မှ မှန်နှင့် တအားပစ်ဆောင့်နေသည်။ မှန်ကွဲများ ကြမ်းပြင်ပေါ်တွင် ဖြန့်ကြဲနေသည်။ သွေးတွေလည်း မှန်ပေါ်မှာရော၊ ကြမ်းပြင်ပေါ်မှာရော ပေကျံနေတော့သည်။





ဤတွင် အဒမ်မှာ အံ့အားကြီးသင့်ကာ မှင်တက်မိနေရာမှ သတိပြန်ဝင်လာပြီး သူ့ပေါင်တွင် တန်းလန်းစူးနေသော ဆေးထိုးပိုက်ကို ဆွဲနုတ်လျက် ရန်သူ၏ပေါင်ထဲသို့ ထိုးထည့်လိုက်သည်။ ဆေးထိုးအပ်သည် နေရာမှန်ကို တည့်တည့်ဝင်သွားပြီး ရန်သူခမျာ တစ်ကိုယ်လုံး ပျော့ခွေလာကာ ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားတော့သည်။

ထို့နောက်တွင် အလန်သည် အော်ဟစ်လိုက်ပြီး အဒမ်အား တိုက်ခိုက်ရန် လုပ်ပြန်သဖြင့် အဒမ်မှာ အိမ်သာခန်းထဲသို့ အလျင်အမြန် ဝင်ပြေးလိုက်ရသည်။ ပြီးတော့ တံခါးကို အတွင်းမှ ချက်ထိုးပြီး ပိတ်ထားလိုက်သည်။

အလန်က တံခါးကို သူ့ကိုယ်နှင့် တအားပစ်ဆောင့်ပြီး ဖွင့်နေသည်။ ဝုန်းခနဲ တံခါးပွင့်သွားသည်။

အဒမ်က အလန်၏အမည်ကို အော်၍ ခေါ်သည်။ သို့သော် အလန်က ဂရုမစိုက် သူ့မျက်လုံးတွေက ပြူးကျယ်ပြီး ကြောက်စရာကောင်းလှသည်။ အဒမ်သည် လက်ထဲမှ ဆေးထိုးပိုက်ကို ရှေ့သို့ ထိုးထားလိုက်သည်။ အလန်က အဒမ့်အား ဝင်လုံးသည်။ သူ့ဗိုက်ကို ဆေးထိုးအပ်စူးဝင်သွားသည်။

သို့သော် သူက လုံးဝဂရုမစိုက်ဘဲ အဒမ်အား အတင်းဖမ်းချုပ်ပြီး အပေါ်သို့ ကိုင်မြှောက်လိုက်သည်။ ထိုအခိုက် အလန်သည် မျက်တောင်များ ပုတ်ခတ်ပုတ်ခတ် ဖြစ်လာပြီး လက်အားများ ပျော့လာကာ နောက်ဆုံးတွင် ကြမ်းပြင်ပေါ်သို့ ဒူးညွှတ်လဲကျသွားတော့သည်။

အဒမ်သည် အခိုက်အတန့်အားဖြင့် ကြက်သေသေပြီး မတုန်မလှုပ် ရပ်နေသည်။ သေမင်းလက်က ပြန်လွတ်လာသော သူ့အဖြစ်ကို တွေးမိပြီး တုန်လှုပ်သွားမိသည်။ သူသည် လက်ထဲမှ ဆေးထိုးပိုက်ကို ဖြည်းဖြည်းချင်း ငုံ့ကြည့်လိုက်သည်။ အပ်ဖျားမှ ဆေးတစ်စက်ကြမ် ပြင်ပေါ်သို့ ကျသွားသည်။ ဆေးထိုးပိုက်ကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်သည်။

အလန်၏ဘေးတွင် ဒူးထောက်ထိုင်ချကာ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်သည်။ သွေးခုန်နှုန်းပြင်းပြီး ပုံမှန်အနေအထားတွင် ရှိသည်။ ထိုအခိုက် အလန်၏မျက်လုံးများ ပွင့်လာကြသည်။ အဒမ် အံ့အားသင့်သွားမိသည်။

'လက် . . . တွေ . . . နာ . . . နာ . . . လိုက် . . . တာ'

အလန်က မပီမသနှင့် အော်ညည်းလိုက်သည်။

*

'ဒီအဆင့်မှာတော့ လူနာရဲ့ အိလက်ထရုတ်လျှပ်ခေါင်းတွေက အစွမ်းကုန် တုံ့ပြန်တော့မှာ သေချာတယ်၊ တုံ့ပြန်ရင်လည်း ကြောက်စရာကောင်းလောက်အောင် တုံ့ပြန်လိုက်မယ်'ဟု ဟောဖ်စထရား ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒေါက်တာနက်ရှမင်းက–

'ဒါပေမဲ့ ခင်ဗျားအနေနဲ့ ပြဿနာသစ်နဲ့ ကြုံနိုင်တယ်၊ တကယ်လို့ လူနာ သေသွားရင် သူ့အလောင်းကို စစ်ဆေးခွင့်ရနိုင်မှာ မဟုတ်ဘူး၊ သူ့ခေါင်းက အီလက်ထရုတ်လျှပ်ခေါင်းစိုက်ရာတွေကို တခြားလူတွေ တွေ့သွားလို့ လုံးဝမဖြစ် ဘူး၊ ဒါကြောင့် သူ့ကို မတွေ့တွေ့အောင် ရှာကို ရှာရမယ်'

တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ ဒေါက်တာမစ်ချယ်က တယ်လီ ဖုန်းကို သွား၍ ကိုင်သည်။ 'အင်း... ကောင်းတယ်၊ ဟုတ်ပြီ၊ ဆက်လုပ်၊ ဆက်လုပ်'ဟု ပြန်ပြောလိုက်ပြီးနောက် ဒေါက်တာနက်ရှမင်းဘက်သို့ လှည့်ကာ လက်မထောင်ရင်း–

'ဒေါက်တာက လေယာဉ်ကွင်းကို လိုက်ခိုင်းလိုက်တာ သိပ်မှန်သွားတယ် ဒေါက်တာ၊ အခု ဘားကက်ဆီက လှမ်းဆက်တာ၊ လူနာနဲ့ မစ္စတာရှန်းဘတ်ကို သူ့လူတွေ တွေ့ထားပြီးတဲ့၊ မကြာခင် လူနာတင်ယာဉ်နဲ့ ပြန်ခေါ်လာခဲ့မယ်တဲ့'

*

အလန်သည် ယခုလို စိတ်ရှုပေါက်ပြီး အကြမ်းဖက်ခြင်းမှာ အဝေးထိန်း ကိရိယာဖြင့် 'ဆွ'ပေးသောကြောင့် ဖြစ်ကြောင်း၊ အဒမ်က ကောင်းစွာ ခန့်မှန်းမိသည်။

သို့သော် လေယာဉ်ပေါ်ရောက်လျှင်တော့ အဝေးထိန်းကိရိယာနှင့် အလှမ်း ဝေးသွားမည်ဖြစ်၍ ကြောက်စရာမရှိတော့။ သူတို့၏ အဓိကရည်မှန်းချက်မှာ လေယာဉ်ပေါ်သို့ အမြန်ဆုံးရောက်ရှိရန် ဖြစ်သည်။ သို့သော် သူတို့အခြေအနေမှာ မြင်မကောင်း ရှုမကောင်းအောင် ပေကျံညစ်ပတ်နေသဖြင့် လေယာဉ်ပေါ်မှ တက် ခွင့်ပြုပါ့မလားဟု အဒမ်က စိုးရိမ်မိသည်။ လေယာဉ်ထွက်ရန်လည်း ငါးမိနစ် သာလိုတော့သည်။

သို့ဖြင့် အဒမ်သည် ရေစင်နားသို့သွားကာ ကမန်းကတန်း မျက်နှာသစ် သည်။ သွေးတွေပေနေသော အလန့်လက်များကိုလည်း ဆေးကြောပေးသည်။ သို့သော် သူတို့ပုံပန်းများက ကြည့်မကောင်းအောင် ဆိုးဝါးနေတုန်းပင်။ ဘယ်လိုမှ မတတ်နိုင်တော့။ အလန့်ကို လက်တွန်းလှည်းပေါ်သို့ ပြန်တင်သည်။ တံခါး ပေါက်မှ တွန်းထွက်မည်အလုပ်တွင် ကြမ်းပြင်ပေါ်ကျနေသော ဆေးထိုးပိုက်ကို သွား၍ မြင်သည်။ ကောက်ယူပြီး ကြည့်လိုက်သည်။ ဆေးအပြည့်ရှိသေးသည်။ အလန်ပြန်ဖောက်လာလျှင် အသုံးပြုရန် လိုရမည်ရ ယူလာခဲ့သည်။

ဂိတ်ဝသို့ ရောက်လာကြသည်။ နောက်ဆုံးအသုတ် ခရီးသည်များ တက် ပြီး၍ လေယာဉ်တံခါး ပြန်ပိတ်လိုက်သည်။

'ဟိုး... ဟိုး... နေပါဦးဗျို့၊ နေပါဦး'





အဒမ်က သွေးရူးသွေးတန်း လှမ်းအော်လိုက်သည်။

လေယာဉ်အမှုထမ်းနှစ်ယောက်က သူတို့ကို အထူးအဆန်းသဖွယ် လှည့် ကြည့်သည်။ တစ်ယောက်က ပြောသည်။

'ဒါနဲ့သင်္ဘောပျက်ပြီး ရောက်လာတယ်ဆိုတာ ခင်ဗျားတို့နှစ်ယောက် လား'

'ဟုတ်... ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ် ကျွန်တော်တို့ပါပဲ'

အဒမ်က လက်မှတ်များကို ကမ်းပေးလိုက်သည်။

'ကျွန်တော်တို့က ခင်ဗျားတို့ မလိုက်တော့ဘူးမှတ်လို့'

'အို... ဘယ့်နှယ် မလိုက်ဘဲ နေပါ့မလဲဗျာ၊ ဒီမှာ ကျွန်တော့်မိတ်ဆွေက စိတ်ငြိမ်ဆေးလွန်ပြီး ဒုက္ခပေးနေလို့ နောက်ကျသွားတာပါ'

လေယာဉ်အမှုထမ်းက အလန့်ကို ကြည့်လိုက်သည်။ အလန်က ဦးခေါင်း ကြီး ဘယ်ညာယမ်းနေသည်။

'သူ့အရက်မူးနေတာတော့ မဟုတ်ပါဘူးနော်'

'အို... မမူးပါဘူးဗျာ၊ လုံးဝ မမူးပါဘူး၊ သင်္ဘောမှောက်တုန်းက ဒဏ်ရာ တွေရလာလို့ နာကျင်ပျောက်ဆေး ထိုးထားတာပါ'

'ဪ... ဒီလိုလား၊ ရော့... ဒီမှာ တက်ခွင့်လက်မှတ်' အမှုထမ်းက လက် မှတ်နှစ်စောင် ကမ်းပေးရင်း 'ထိုင်ခုံနံပါတ်က ၂ အေနဲ့ ၂ ဘီ၊ အတ်လန်တာ ရောက်တော့ လက်တွန်းကုလားထိုင် လိုဦးမလား'

'ဟုတ်ပါရဲ့ လိုဦးမှာ သေချာပါတယ်၊ ကျွန်တော်တို့က ဝါရှင်တန်ကို ဆက်ပြီး လေယာဉ်စီးမလို့ပါ၊ ကျေးဇူးပြုပြီး လက်တွန်းကုလားထိုင် ရအောင် စီစဉ်ပေးပါဦး ခင်ဗျာ'

'ရပါလိမ့်မယ် စိတ်ချပါ'

'ကျေးဇူးပါပဲဗျာ'

ထို့နောက် အဒမ်သည် လေယာဉ်လှေကားရင်းသို့ အလန်အား အလျင် အမြန် တွန်းယူလာခဲ့သည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး လေယာဉ်မယ်များက မျက်နှာရှုံ့မဲ့နေကြသည်။

သို့သော် အလန့်ကို လက်တွန်းကုလားထိုင်ပေါ်မှ ကူချပြီး လေယာဉ်ပေါ် တင်ပေးကြသည်။ အဒမ်က ထုံးစံအတိုင်း သင်္ဘောပျက်ဇာတ်လမ်းကို လေယာဉ် မယ်အား ပြောပြရပြန်သည်။ လေယာဉ်မယ်များက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ကြသည်။

လေယာဉ်ပေါ်တွင် လူမပြည့်။ ခရီးသည်တစ်ဝက်သာ ရှိသည်။ ခရီးသည် တိုင်းလိုလို ထိုင်ခုံတွင် နောက်လှန်ပြီး အိပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒမ်လည်း သူများတကာလိုပင် အတ်လန်တာသို့ လေယာဉ်ဆိုက်သည်အထိ အိပ်၍လိုက်ရန် ဆုံးဖြတ်ကာ မျက်လုံးများကို မှိတ်လိုက်သည်။ နံနက်စာစားရန် သုံးလေးမိနစ်ခန့် ပြန်ထသည်။ စားသောက်ပြီးတော့ ပြန်အိပ်ပြန်သည်။

အတ်လန်တာ လေယာဉ်ကွင်းသို့ လေယာဉ်ဆိုက်ပြီ။

ဝါရှင်တန်သို့ လေယာဉ်ပြောင်းပြီးစီးရန်အရေးကို တွေးပြီး အဒမ်က စိတ်ပူမိသည်။ သို့သော် လေယာဉ်ကိုယ်စားလှယ်များက လက်တွန်းကုလားထိုင် အသင့်စီစဉ်ထား၍ စိတ်အေးသွားရသည်။

လက်မှတ်ယူခြင်းနှင့် လေယာဉ်အပြောင်းအလဲလုပ်ခြင်းမှာ မိနစ် ၄၀ သာကြာသည်။ သို့သော် ယင်းအချိန်ပိုင်းအတွင်း အဒမ်သည် ဂျင်နီဖာထံ ဖုန်းလှမ်းဆက်နိုင်ခဲ့သည်။

ဂျင်နီဖာကိုယ်တိုင် တယ်လီဖုန်းလာကိုင်သောကြောင့် အဒမ် အလွန်ဝမ်းသာသွားသည်။

'ဂျင်နီ ကိုယ်ပြန်လာပြီ၊ အားလုံး အဆင်ပြေသွားပြီ၊ အဖြစ်စုံကို ကိုယ်ရှင်းပြနိုင်ပြီ'

အဒမ်က အားတက်သရော ပြောလိုက်သည်၊

'ဩော်... ဟုတ်လား'

ဂျင်နီဖာက စိတ်မပါသံဖြင့် ပြန်ပြောသည်။

'ဒါနဲ့ ဂျင်နီ ကိုယ်မရောက်မချင်း ကိုယ်ဝန်ဖျက်မချပါနဲ့ဦး၊ ဒါတော့ ကိုယ့်ကို ကတိပေးပါ၊ သိပ်အရေးကြီးလို့ပါ၊ ကိုယ်ရောက်တော့မှ အကြောင်းစုံရှင်းပြမယ်၊ အဲဒီတော့မှ မင်းသဘောအတိုင်း လုပ်ချင်တာ လုပ်ပါ'

'ဒီနေ့ တရားရုံးမှာ ကြားနာပြီးပြီ၊ ဒီနေ့တော့ ကျွန်မ ဘာမှမလုပ်နိုင်တော့ဘူး၊ အချိန်မရှိတော့ဘူး၊ ဒါပေမဲ့ မနက်ဖြန် မောင် ရောက်မလာရင်တော့' ဂျင်နီဖာ၏အသံ တိမ်ဝင်သွားသည်။

'ဂျင်နီ၊ မင်းကို ကိုယ်အများကြီး ချစ်ပါတယ်ကွယ်၊ ကိုယ်ပြန်ရောက်တဲ့အထိတော့ ဆက်ဆက်စောင့်ပါ၊ အခုပဲ ကိုယ့်လေယာဉ်ပေါ် တက်ရတော့မှာ၊ ကိုယ်တို့ အတ်တလန်တာက ထွက်လာခဲ့တာ'

'ဟင်... အတ်တလန်တာက ဟုတ်လား' ဂျင်နီဖာက မဝေခွဲတတ်သလိုဖြစ်သွားပြီး ပြန်မေးလိုက်သည်။ 'ဒါနဲ့ ကိုယ်တို့ဆိုတာက ဘာအဓိပ္ပာယ်လဲ၊ တခြား ဘယ်သူများပါသေးလို့လဲ'

သို့သော် အဒမ်က ဖုန်းကို ပြန်ချသွားပြီ။

*

'ဟင်... အဒမ်ပါလား၊ ဘယ်လိုဖြစ်လာရတာလဲကွယ်'

ဒေါက်တာရွှန်းဘတ်၏ အတွင်းရေးမှူး စာရေးမကြီး မာဂရက်ဝိန်းထရော့က လက်နှိပ်စက်ရိုက်နေရာမှ အဒမ်နှင့် အလန်တို့၏ပုံပန်းကို ကြည့်ပြီး တအံ့တသြ လှမ်းမေးသည်။

အဒမ်က ဘာမှပြန်မပြောဘဲ အလန်အား လက်ဆွဲကာ အရက်မူးသမားနှစ်ယောက်ပုံစံမျိုးဖြင့် ဒယီးဒယိုင်နှင့် မစ္စစ်ဝိန်းထရော့၏ စားပွဲရှေ့မှ ဖြတ်လျှောက်လာသည်။

'ဟော့... အဒမ်၊ မင်းအဖေ ရုံးခန်းထဲမှာ ဧည့်သည်တွေ ရှိနေသေးတယ်၊ ဝင်မသွားနဲ့ဦး'

မစ္စစ်ဝိန်းထရော့က ထိုင်ရာမှထ၍ လှမ်းတားသည်။

သို့သော် ထိုအချိန်တွင် အဒမ်က ရုံးခန်းတံခါးကိုဖွင့်ပြီး ဖြစ်နေသည်။

ဝတ်ကောင်းစားလှ ဝတ်ထားသော ဧည့်သည်နှစ်ယောက်နှင့် ဒေါက်တာရွှန်းဘတ်တို့သည် အဒမ်နှင့် အလန်တို့အား ကြည့်ပြီး အံ့အားကြီး သင့်နေကြသည်။

အဒမ်က စားပွဲနားသို့ ကပ်သွားပြီး ဧည့်သည်နှစ်ယောက်အား အပြင်ထွက်၍ ခေတ္တစောင့်နေရန် ပြောလိုက်သည်။ ဒေါက်တာရွှန်းဘတ်မှာ ဘာစကားမှ မပြောနိုင်ဘဲ ကုလားထိုင်တွင် ထိုင်လျက်သား ကြက်သေသေနေမိသည်။

အတန်ကြာတော့မှာ ဒေါက်တာရွှန်းဘတ်က စိတ်ဆိုးမာန်ဆိုးဖြင့်–

'ဟေ့... အဒမ်၊ ဒါက ဘာလုပ်တာလဲ၊ မင်းတော်တော် အသုံးမကျတဲ့ကောင်ပါလား'

'ကျွန်တော် အသုံးကျတဲ့အကောင်ပါ ဖေဖေ၊ ဖေဖေခိုင်းတဲ့အတိုင်း ကျွန်တော် လုပ်လာတာပါ၊ ကျွန်တော် ဖေဖေနဲ့ နောက်ဆုံးအကြိမ် တွေ့ခဲ့တုန်းက ကိစ္စကို ဖေဖေ စွဲချက်တင်ပြီးပါပြီလား'

'ဟင့်အင်း၊ မတင်ရသေးဘူး'

'ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ အခု ကျွန်တော် ဖေဖေခိုင်းတဲ့အတိုင်း အထောက်အထား ခိုင်ခိုင်လုံလုံ ရလာခဲ့ပြီ ဖေဖေ၊ ဖေဖေလိုချင်တဲ့ အထောက်အထားတွေ အားလုံး ပြည့်ပြည့်စုံစုံ ရလာခဲ့ပါပြီ၊ ဒီမှာ... ဟောဒီပုဂ္ဂိုလ်ကြီးကို ကြည့်စမ်းပါ၊ သူ့နာမည်က ဒေါက်တာအလန်ဂျက်ဆင်တဲ့၊ ကာလီဖိုးနီးယားတက္ကသိုလ်ကပါ၊ သူက အေရီလင်ရေကြောင်းဆွေးနွေးပွဲတက်ပြီး ပြူတိုရီကို သုတေသနသင်္ဘောကို ကိုယ်တိုင်ကိုယ်ကျ ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ'

'သူ... အရက်မူးနေတာလား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရွှန်းဘတ်က မေးလိုက်သည်။

'လုံးဝမမှုးပါဘူး၊ သူတို့က မူးယစ်ဆေးဝါးတွေ ထိုးထားလို့ပါ၊ ပြီးတော့ ဦးနှောက်ခွဲစိတ်မှုလည်း လုပ်ထားပါတယ်၊ ဒီမှာ ဖေဖေ လာကြည့်စမ်းပါ၊ ကျွန်တော် ပြမယ်'

ဒေါက်တာရွှန်းဘတ်က ထိုင်ရာမှထကာ အလန့်ဘေးသို့ မဝံ့မရဲ ကပ်လာသည်။ အလန်က သူ့အား ရုတ်တရက်များ ခုန်အုပ်လိုက်လေမည်လားဟု တွေးကြောက်နေသည်။

အဒမ်က အလန်၏ခေါင်းပေါ်မှ ဆံပင်များကို အသာဖြဲကာ အီလက်ထရုတ်လျှပ်ခေါင်းစိုက်သော ဒဏ်ရာများကို သူ့အား ပြသည်။

'သူတို့က အဝေးထိန်းကိရိယာတစ်မျိုးနဲ့ လှမ်းပြီး ဆက်သွယ်ကြတယ်' အဒမ်က စိတ်လှုပ်ရှားစွာဖြင့် ပြောပြသည်။

'ဒါပေမဲ့ ကျွန်တော်က သူတို့ စိတ်ပြောင်းစိတ်လွှဲမလုပ်ခင် ဆေးရုံထဲက ခိုးထုတ်လာခဲ့တယ်၊ သူ ဆေးရှိန်ပြေသွားတဲ့အခါ အဖြစ်စုံကို သူကိုယ်တိုင် ပြောပြပါလိမ့်မယ်၊ အဲဒီတော့မှ သူ့ခေါင်းက အီလက်ထရုတ်လျှပ်ခေါင်းတွေကို ပြန်နုတ်ပြီး သေသေချာချာ စစ်ဆေးကြည့်ပါ'

ဒေါက်တာရွှန်းဘတ်သည် အလန်၏ ဦးခေါင်းတစ်ဖက်တစ်ချက်မှ အပ်စိုက်ရာများကို စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးတော့ အဒမ်၏မျက်နှာကို ကြည့်လိုက်သည်။

သူသည် ဘာစကားမှ ပြန်မပြောဘဲ အတန်ကြာ စဉ်းစားနေသည်။ ပြီးတော့မှ အတွင်းတယ်လီဖုန်းကို ခလုတ်နှိပ်လိုက်ပြီး ပြောလိုက်သည်။

'မာဂရက်၊ တရားရေးဌာနက ဘားနတ်နီးပိုးလ်ကို ဖုန်းဆက်ပြီး ခေါ်ပေးစမ်းပါ၊ ကိစ္စအရေးကြီးတယ်၊ အခုချက်ချင်း လာခဲ့စေချင်တယ်လို့ ပြောလိုက်၊ ပြီးတော့ ဘီသတ်စဒါရေတပ်စခန်းဆေးရုံကို ထပ်ဆက်၊ လှိုင်ဝှက် လူနာတစ်ယောက် ငါ့လက်မှတ်နဲ့ ရောက်လာလိမ့်မယ်လို့ ပြောပြ၊ နောက်ပြီး လူနာကို ၂၄ နာရီ လုံခြုံရေးအစောင့်ချထားဖို့ လိုအပ်တယ်ဆိုတာလည်း ပြောပြလိုက်ပါ'

❖

## ဇာတ်လမ်းအဆုံး

ဂျင်နီဖာသည် ခြေကုန်လက်ပန်းကျကာ ကိုယ်ရောစိတ်ပါ နွမ်းနယ်နေသည်။ သူကိုယ်တိုင် သားဖွားသင်တန်း တက်ခဲ့ဖူးသော်လည်း လက်တွေ့ကျတော့ ကိုယ့်ကိုယ်ကို ဘယ်လိုမှ ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရန် မစွမ်းနိုင်ဘဲ ဖြစ်နေသည်။ သားဖွားရခြင်းသည် သူထင်ခဲ့တာထက် အကောင်းရော အဆိုးပါ ပိုနေသည်ကို ကိုယ်တိုင်ခံစားရသည်။ သူသည် သားဖွားခြင်း ပညာရပ်ဆိုင်ရာစာအုပ်တွေ အများကြီး ဖတ်ခဲ့သည်။ တခြား ကိုယ်ဝန်ဆောင်မိခင်များ၏ ပြောပြချက်များကို အများကြီး နားထောင်ခဲ့ဖူးသည်။ သို့သော် လက်တွေ့ကျတော့ အရေးကြီးလှသော ထိုခဏ၊ ထိုအချိန်အတွက် သူ့အနေဖြင့် တောင့်ခံထားနိုင်စွမ်း လုံးဝမရှိ။

အာဝေဏိက ဒုက္ခသည် မခံမရပ်နိုင်အောင် ကြီးမားလှသည်။ သို့သော် တစ်ချိန်တည်းတွင် အလွန်ထူးဆန်းသော ပီတိသောမနဿ ဝေဒနာကိုလည်း ခံစားရပြန်သည်။ အချိန်ကြာလာလေလေ၊ နာကျင်မှုက ပြင်းထန်လာလေလေ ဖြစ်သည်။ သည့်အတိုင်းဆိုလျှင် အသက်ပါ ပါသွားတော့မည်လားဟုပင် ထင်မိသည်။ နောက်ပိုင်းတွင် နာကျင်မှုသည် တုံ့ဆိုင်းတုံ့ဆိုင်းကြသွားသည်။ ဘယ်နေရာမှန်းမသိသော သူ့အဖျှော်တွာသဏ္ဌာန်မှ အင်အားသစ်တစ်ခုက သူ၏ ခံနိုင်ရည်စွမ်းအားကို ဖြည့်ပေးနေသလို ထင်မိသည်။

ရုတ်တရက် နာကျင်မှုတစ်ခု ဆောင့်တက်လာပြီး မေ့မြောလုနီးပါး ခံစားလိုက်ရသည်။

မျက်လုံးများကို အသာဖွင့်ကြည့်ပြီး အဒမ်၏လက်ကို တအား ဖျစ်ညှစ်ထားလိုက်သည်။ ပြီးတော့ အဒမ့်မျက်နှာကို စောင်းကြည့်လိုက်သည်။ ဂျင်နီဖာသည် လင်တော်မောင်၏ မျက်နှာကို ရင်တထိတ်ထိတ်ဖြင့် မျက်တောင်မခတ်ကြည့်နေသည်။ သူ့ရင်သွေးကလေးသည် ကျန်းမာသန်စွမ်းပြီး အင်္ဂါစုံလင်သော ရင်သွေးကလေး ဖြစ်သည်ဟု ဆေးတက္ကသိုလ်ဆေးရုံ ဆရာဝန်များက အတန်တန် ပြောခဲ့ကြသော်လည်း ဂျင်နီဖာက မယုံနိုင်အောင် ဖြစ်နေသည်။

သူက သူ့ရင်သွေးကလေးကို သူ့မျက်လုံးဖြင့် သူကိုယ်တိုင် မကြည့်ချင်၊

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲ။ လင်တော်မောင်၏ မျက်နှာအမူအရာမှတစ်ဆင့်သာ သိချင်သည်။ သို့သော် အဒမ်၏မျက်နှာတွင် အပြုံးရိပ်မမြင်ရ။ သူက မျက်တောင်မခတ် စိုက်၍သာ ကြည့်မြဲ ကြည့်နေသည်။

သည်လိုနှင့် အချိန်တွေ အများကြီး ကုန်လွန်သွားသည်ဟု ထင်မိသည်။ နောက်ဆုံးတွင် အဒမ်သည် မျက်လွှာကို ဖြည်းဖြည်းချကာ ဂျင်နီဖာနှင့် မျက်လုံးချင်း ဆိုင်လိုက်သည်။ ပြီးတော့ ဂျင်နီဖာ၏ပါးနှစ်ဖက်ကို လက်ဝါးဖြင့် တယုတယ အုပ်ကိုင်ကာ လေသံကလေးဖြင့် စကားပြောသည်။

'ဂျင်နီ၊ မင်းကို ကိုယ် အများကြီး ချစ်ပါတယ်'

ဂျင်နီဖာ အသက်ရှူရပ်သွားသည်။ ပြီးတော့ ဟင်းခနဲ သက်မကြီးချလိုက်သည်။ တစ်ကိုယ်လုံး ပေါ့ပါးပြီး နေသာထိုင်သာ ရှိသွားသည်။

ကလေးငိုသံ ဝါးခနဲ ပေါ်ထွက်လာသည်။

အဒမ်သည် ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာနှင့် လျက်လိုက်ပြီး ဝမ်းသာအားရ ပြောလိုက်သည်။

'ဂျင်နီ၊ ဂျင်နီ၊ ကိုယ်တို့မှာ သားလေးရပြီ ဂျင်နီ၊ သားလေးက သိပ်ချောတာပဲ သိလား၊ မင်းနဲ့ တစ်ရုပ်တည်းပဲ၊ ချစ်စရာကလေးပဲ ဂျင်နီ'

ဂျင်နီဖာက ဘာမှ ပြန်မပြောနိုင်။ သူ့မျက်လုံးအစုံမှ မျက်ရည်တွေသာ ဒလဟော စီးကျလာသည်။ ပီတိမျက်ရည်များ။

သူက စကားပြောချင်သည်။ နှုတ်ခမ်းများ မွှရွလှုပ်လာသည်။ သို့သော် ဘာစကားမှ ထွက်မလာ။ ဝမ်းသာလွန်း၍ ဘာစကားမှ မပြောနိုင်အောင် ဖြစ်နေသည်။

ထို့နောက် လည်ချောင်းထဲမှ တံတွေးများကို မျိုချလိုက်သည်။ လက်ကို လှမ်းကာ အဒမ့်ခေါင်းကို ဆွဲကိုင်လိုက်သည်။ ပြီးတော့ အဒမ့်မျက်နှာကို သူ့ရင်ဘတ်ပေါ်တွင် ဖိထားရင်း ဆံပင်များကို အသာအယာ ပွတ်သပ်ကစားနေသည်။

အဒမ်က တခစ်ခစ်နှင့် ရယ်သည်။ ဂျင်နီဖာ ဝမ်းသာလုံးဆို့သွားသည်။ မျက်ရည်တွေ စီးကျလာပြန်သည်။

ဘုရားသခင်ကို ကျေးဇူးတင်၍ မဆုံးနိုင်တော့။

*

အဒမ်သည် သားဖွားကိရိယာပစ္စည်းများကို အသာအယာ ပြန်သိမ်းပြီး တက္ကသိုလ်ဆေးရုံ သားဖွားခန်းမှ ပြန်ထွက်ကာ ဧည့်ခန်းဆောင်ထဲသို့ ဝင်ကြွားစွာ ဝင်လာခဲ့သည်။

မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်ရုံဖြင့် အားလုံးရောက်နေပြီ။ ဧည့်ခန်းထဲမှ





ဖခင်လောင်းများအကြားတွင် ဖင်တကြွကြွဖြင့် ထိုင်နေသူမှာ အဒမ်၏ဖခင်ကြီး ဒေါက်တာရှုန်းဘတ်ပင် ဖြစ်သည်။

ဒေါက်တာရှုန်းဘတ်သည် ထိုင်ရာမှ ကမန်းကတန်းထကာ သားဖြစ်သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ဟော့ . . . သား၊ ဘာလေးလဲ ဟင်၊ ဘာလေးလဲ'

'ယောက်ျားကလေး ဖေဖေ၊ ယောက်ျားကလေး၊ သိပ်ချစ်စရာကောင်းတာပဲ ဖေဖေ'

သားအဖနှစ်ယောက် တအားပွေ့ဖက်ထားလိုက်ကြသည်။

အတန်ကြာတော့မှ ဒေါက်တာရှုန်းဘတ်က သူ့လက်ကို ပြန်ရုပ်ပြီး နှာခေါင်းပေါ် လျှောကျနေသော မျက်မှန်ကို နေသားတကျ ပြန်တပ်လိုက်သည်။

'ဒါနဲ့ သား၊ မင်း အခုလို ဆေးကျောင်းပြန်တက်ခွင့်ရတာ ဘယ်လိုခံစားရလဲဟင်'

'ဘယ့်နှယ့်ပြောပါလိမ့် ဖေဖေ၊ သိပ်ပြီး ဝမ်းသာတာပေါ့၊ တစ်ချိန်တည်းမှာ သားဦးလေးရလို့လည်း ဝမ်းသာလုံးဆို့ရပါတယ် ဖေဖေ'

'အေး . . . ကောင်းတယ်၊ ကောင်းတယ်၊ ဒါနဲ့ ဂျင်နီဖာ နေကောင်းပါတယ်နော်'

အဒမ်က ဖခင်ကြီး၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ဤအကြိမ်သည် သူ့ဖခင်ကြီးက ဂျင်နီဖာအား ပထမဆုံးအကြိမ် နာမည်ထုတ်၍ ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

'သူ နေကောင်းပါတယ် ဖေဖေ၊ သိပ်ပြီး လန်းဆန်းနေပါတယ်'

ထို့နောက်တော့ အဒမ်သည် သူ့ဘဝတစ်လျှောက်လုံးတွင် ... မတွေ့ဖူးသော အရာကို မြင်လိုက်ရ၍ အလွန်အံ့အားသင့်သွားသည်။

တခြားမဟုတ်။ သူ့ဖခင်ကြီး၏မျက်လုံးအစုံမှ မျက်ရည်တွေ ယိုစီးမ့်ထွက်လာခြင်းပင် ဖြစ်သည်။

ဖခင်ကြီးက သားဖြစ်သူအား အားရပါးရ ဖက်ထားလိုက်ပြန်သည်။ အဒမ်၏ မျက်လုံးများမှ မျက်ရည်တွေ စီးကျလာကြသည်။

သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ရင်း အကြာကြီး ရပ်နေကြသည်။ အနီးတွင် ထိုင်နေကြသော ဖခင်လောင်းများနှင့် အခြားဧည့်သည်များက အဒမ်တို့သားအဖအဖြစ်ကို အံ့သြဝမ်းသာ စိုက်ကြည့် နေကြသည်။

နောက်ဆုံးတွင် ဒေါက်တာရှုန်းဘတ်က သူ့ကိုယ်သူ ပြန်ခွာလိုက်သည်။ သို့သော် သားဖြစ်သူ၏လက်ကိုတော့ ဆုပ်ကိုင်ထားဆဲ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး မျက်ရည်အဝိုင်းသားဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။

'ငါ … မငိုပါဘူးကွ'

အဘိုးကြီးက ရယ်လက်စဖြင့် အရှက်ပြေ ပြောလိုက်သည်။

'ကျွန်တော်လည်း မငိုပါဘူး ဖေဖေရ'

အဒမ်ကလည်း အားကျမခံ ရယ်မောရင်း ပြန်ပြောလိုက်သည်။

'ငါ ဘာတွေ တွေးနေတယ်ဆိုတာ မင်းသိသလား'

'ဖေဖေက ဘာတွေ တွေးနေလို့လဲ'

'တို့နှစ်ယောက်စလုံး လူညာတွေပဲလို့ တွေးနေတာ'

'ဟုတ်တယ်၊ ကျွန်တော်လည်း ဖေဖေ့လိုပဲ တွေးနေမိတယ် ဖေဖေ'

မောင်ပေါ်ထွန်း

၁၉၊ ဩဂုတ်၊ ၁၉၈၇။
ည ၉ း ၃၀ နာရီ။

BURMESE CLASSIC .com
www.burmeseclassic.com